# City MAGAZINE

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## (၁၄၈)နှစ်ပြည့် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်း



မင်္ဂလာကန်တော်ကြီးနှင့် မင်္ဂလာကန်တော်ပန်းခြံ(မင်္ဂလာဒုံမြို့နယ်)

# City MAGAZINE 2022


**အယ်ဒီတာချုပ်**
အောင်စွမ်း

**အမှုဆောင်အရာရှိ**
စောလှဦး

**အယ်ဒီတာ**
ဆန်းလွင်

**စာပြင်**
သင်မိုးနီ၊ အောင်ကျော်

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
MOE-Z

**စာစီစာရိုက်**
မြတ်မြတ်၊ သျှင်မင်း

**ဓာတ်ပုံ**
စောသိန်းဝင်း(မြို့တော်သတင်း)

**ပန်းချီသရုပ်ဖော်**
သက်မှူ၊ အောင်အောင်၊ မင်းပြည့်

ဖက်(စ်) ၀၁-၅၀၃၆၉၇၀
Email: yangoncitynews@gmail.com

**ပုံနှိပ်ထုတ်ဝေသူ**
ဒေါက်တာ တိုးအောင်
ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၃၇)

**ပုံနှိပ်တိုက်**
မြို့တော်ပုံနှိပ်တိုက်ခွဲ(၀၀၅၀၃)
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်

**ဖြန့်ချိရေး**
ဥမ္မာထွန်း
ဖုန်း - ၀၉၄၂၀၁၀၀၅၀၁

**မြို့တော်မဂ္ဂဇင်း**
ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်
ကြည့်မြင်တိုင်မြို့နယ်
ဖုန်း ၀၁-၅၀၃၆၂၆

**တန်ဖိုး**
၈၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀

**ထုတ်ဝေသည့်ရက်စွဲ**
၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁) ရက်



# မြို့တော်ဝန်ဥယျာဉ်

လူဦးရေ ခုနစ်ဘီလီယံရှိနေသော ကမ္ဘာကြီးထဲတွင် လူဦးရေ သန်း ၅၀ ကျော် မြန်မာနိုင်ငံလည်း ပါသည်။ အစီအစဉ် ခုနစ်ဘီလီယံဖြင့် သူ့နေရာ၊ သူ့လမ်းကြောင်း၊ သူ၏အစီအစဉ်များဆီ ကမ္ဘာကြီးက ရွေ့လျားရာမှလှုပ်ရှားသည်။ ကမ္ဘာနှင့် မြန်မာ၊ မြန်မာနှင့် ကမ္ဘာ ဘယ်လိုပင်ရွေ့နောက်စဉ်သော်လည်း ပြည်တွင်းပြည်ပချိတ်ဆက်ထားသော လမ်းကြောင်းသည် တစ်နေ့တခြား ပါးလျားလိုက်လာသည်ကမူ အမှန်ပင်။ အဘယ်ကြောင့်ဆိုမူ သတင်းနှင့် ဖြန့်ကြားရေးလမ်းကြောင်းဟု ခေါ်ဆိုနိုင်သော ဆက်သွယ်မှု မီဒီယာ လမ်းကြောင်းကြီး ပွင့်လင်းကျယ်ပြန့်လာနေသော အကြောင်းရင်းကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ ဆက်သွယ်ရေးလမ်းကြောင်းများအနက် သတင်းစာ၊ ဂျာနယ်သည် မူလလမ်းကြောင်းဟောင်းဆိုသော်လည်း မှတ်တမ်းမှတ်ရာအဖြစ် အရေးကြီးသောနေရာ၌ ယူနေဆဲပင်။ ထို့ကြောင့် နိုင်ကတ်စက်ပိုင်ကြီးနှင့်ဆိုင်းမနေဘဲ ပွင့်လင်းလာသည်နှင့်အမျှ ကျွန်ုပ်တို့ကြိုးစားမှုများကိုလည်း တိုးမြှင့်လုပ်ဆောင်ကြရန်သာရှိပါသည်။

ဖွံ့ဖြိုးဆဲ တတိယနိုင်ငံတွေထဲတွင်ရှိနေသော မြန်မာနိုင်ငံအချို့ စီးပွားရေးမြို့တော်အဖြစ် ဖြစ်တည်နေသော ရန်ကုန်အတွက်မှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများဖြင့် မြန်မာနိုင်ငံတော်၏ အချင်းအရာများအား အကောင်းအဆွေးနှစ်ရွာ "အက်ဆေး" ရေးကြရမည်သာ ဖြစ်ပါသည်။ သို့မှသာ ( Study Processing results) များကို နောင်လာနောက်တို့ သိရှိနိုင်ကြမည်ဖြစ်ပါသည်။

အက်ဆေးဆိုသည်မှာ "ကြိုးစားအားထုတ်ခြင်း" ဟူ၍ အနက်ထွက်ပါသည်။ လူတစ်ဦးတစ်ယောက် မွေးသည်မှ သေဆုံးသည့်တိုင် သက်ဆိုင်နေရသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးလုပ်ငန်းအတွက်မှ ကော်မတီက ရေးစဉ်ရေးနေရသော ဆောင်းပါးများလာသည့် "အက်ဆေး" များသာ ဖြစ်ပါ၏။ ကော်မတီ၏ လုပ်ဆောင်ချက်များမှာ အက်ဆေးရေးနေသော စာမျက်နှာဖြစ်ပြီး ရန်ကုန်မြို့တော်နေ လုပ်သားပြည်သူများမှာ ထိုစာမျက်နှာများကို ဖတ်ရှုနေကြရသော ပရိသတ်ဖြစ်ပါသည်။ ဖတ်ရှုသူထံ သဘောကျသည်ဖြစ်စေ၊ ကွဲလွဲသည်ဖြစ်စေ ရန်ကုန်၏ ပြောင်းလဲခြင်းဖြစ်စဉ်များကို အဆိုပါအချက်များအား ဆွေးနွေးကြရင်း ပိုမိုပြည့်စုံသော အနာဂတ်ကိုဦးတည်ကာ ဆက်လက်လုပ်ဆောင်ကြခြင်းသည် အက်ဆေး၏အရေ့ပင် ဖြစ်ပါသည်။ မဂ္ဂဇင်းများသည် ဤသည်တို့ကို မှတ်တမ်းတင်ကာ မျိုးဆက်သစ်များ ဆက်လက်ကြိုးဆ

ဆောင်ရွက်နိုင်အောင် ပို့ဆောင်ပေးသော ယာဉ်လည်းဖြစ်ပါသည်။

တဖန် ဝိသေသလက္ခဏာတခုအဖြစ်တော့ပြောရသော် ယခုနှစ် ဩဂုတ်လ(၁) ရက်နေ့အား ရည်ညွှန်းရပါမည်။ ၁၈၇၄ ခုနှစ်တွင် အက်ဥပဒေအမှတ်(၇) အဖြစ် မြူနီစီပါယ်အက်ဥပဒေ(၁၈၇၄) ကို ပထမဆုံးအကြိမ် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ အက်ဥပဒေအရ ပထမဆုံးဖွဲ့စည်းခဲ့သော ရန်ကုန်မြူနီစီပါယ်ကော်မတီ ယခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဩဂုတ်လ (၁) ရက်နေ့၌ စတင်လွှဲပြောင်းယူဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် (၁၄၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ထို့အတူ အိန္ဒိယဘုရင်ခံချုပ်၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတော်အက်ဥပဒေ အမှတ်(၆) အဖြစ် ၁၉၂၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော The City of Rangoon Municipal Act, 1922 ဥပဒေကို ယင်း အခန်း(၁)၊ ပုဒ်မ(၁)၊ ပုဒ်မခွဲ (၃) အရ ၁၉၂၂ ခုနှစ် ဩဂုတ်လ(၁) ရက်နေ့မှစပြီး အတည်ပြုပြဋ္ဌာန်းခဲ့ရာ ယခုနှစ်တွင် နှစ်(၁၀၀) ပြည့်ခဲ့ပြီဖြစ်ပါသည်။ ဤဝိသေသနှစ်ပတ်လည်အခါသမယအထိ ကျင့်သုံးနိုင်သည့် အက်ဥပဒေအဖြစ် ဖြစ်တည်နိုင်ခဲ့ခြင်းမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမရမီ (၁၉၄၂ မှ ၁၉၄၅) ဂျပန်လက်အောက် ကျရောက်စဉ် အိန္ဒိယနိုင်ငံ ဆင်းမလာသို့ အင်္ဂလိပ်အစိုးရနှင့်အတူပါသွားသော မြူနီစီပါယ်ကော်မတီအား ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း (ရပ်ဆိုင်းရေး)ဥပဒေကို ဆင်းမလာ၌ ပြဋ္ဌာန်းကာ (Trustees) မြူနီစီပါယ်နာယကအဖွဲ့ဖွဲ့လျက် ၁၉၄၅ ခု မဟာမိတ်အင်္ဂလိပ်အစိုးရကာလတွင် "ကြားဖြတ် မြူနီစီပါယ်"အဖွဲ့ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြင့် ၁၉၂၂ ခုနှစ် အက်ဥပဒေသည် ဤကာလတိုင် သက်တမ်းရှည်လာခြင်းလည်းဖြစ်ပါသည်။ နောက်အဆက်ဆက် ထပ်မံပြဋ္ဌာန်းခဲ့သော ရန်ကုန်စည်ပင်သာယာရေး ဥပဒေများ၌လည်း ပြဋ္ဌာန်းဥပဒေနှင့် ငြိစွန်းခြင်းမရှိပါက ဤအက်ဥပဒေကို ဆက်လက်ကျင့်သုံးနိုင်သည်ဟူ၍ ပြဋ္ဌာန်းကာ ပြင်ဆင်ချက်ဥပဒေများထပ်မံထုတ်ပြန်ကာ အချိန်ကာလနှင့် လိုက်လျောညီထွေသည့် လုပ်ထုံးလုပ်နည်းများဖြင့် ကျားကန်ထိန်းမတ်နိုင်ခဲ့ခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ၁၉၂၂ ခုနှစ် အက်ဥပဒေ နှစ် (၁၀၀) ရှိပြီဟုလည်း ဆိုနိုင်ပါသည်။

ယခုမဂ္ဂဇင်းတွင်လည်း မြို့တော်သတင်းစာများတွင် ကျွန်ုပ်ကိုယ်တိုင်ရေးသားခဲ့သော "ရန်ကုန်နှင့် ကျွန်တော်–အမှတ်– ၁၊ ၂၊ ၃၊ ၄၊ ၅"တို့ကို တစ်စုတစ်စည်းတည်း တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ ရေးသားဖော်ပြနိုင်ခြင်းမှာ မြို့တော်သူမြို့တော်သားများ၊ ကော်မတီဝန်ထမ်းများက "စိတ်ဓာတ်၊ ခွန်အား၊ လုပ်အား" ဟူသော သုံးတန်အားများဖြင့် လုပ်ဆောင်ခြင်း၊ မြို့တော်နေလူထု၏ မြို့ကြီးသားစိတ်ဓာတ်များဖြင့် (Collective Expenditure) အစွမ်းအစ စုပေါင်းသုံးစွဲဆောင်ရွက်မှု (ဝါ) စုပေါင်းရင်းနှီးမြှုပ်နှံသော ရန်ပုံငွေစွမ်းအား ကြောင့်လည်း စီးဆက်နိုင်ခြင်း ဖြစ်ပါသည်။

ဆောင်ရွက်ချက်များမှာ ရန်ကုန်မြို့တော်ဝန်းအတွင်း ဆူးလေဘုရားအဖြစ်မှ ငါးလမ်းဆုံ ရေလှောင်ကန်ကြီးကို မူလရေလှောင်ကန်၊ ရေကူးကန်၊ ရေသိုလှောင်ကန်များအပြင် ထပ်မံတည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

အခြားသောအကာများမှာ ဘုရင့်နောင်လမ်းမကြီး၊ သီရိမင်္ဂလာဈေး ပိတောက်ချောင်းတံတားနှင့် အုတ်ကျင်း ဘူတာရုံလမ်းကြား လမ်းမကြီး ၏ ယာဉ်သုံးပြုနိုင်သော (Pedestrian with Bike Lane)အရှည် ၂၆၇၅ ပေ ရှိသော စကြိုန်နှင့်ဘီးလမ်း၏ ယာဉ် စီမံလမ်းဖြတ်ကျော်များ ဖန်တီးနိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့အတူ မင်းဓမ္မတောင်ကုန်း၏ ပတ်လည်အရှေ့၊ အနောက်၊ တောင်၊ မြောက် ပသာဒဖြစ်ဖွယ်ရောင်စုံ သစ်ပင်ပန်းမန်ရှုခင်းများနှင့် ကြည်နူးဖွယ်ဝန်းကျင်အဖြစ် "ဇင်ဒီယာလမ်း" သစ်တစ်ခု ဖြစ်တည်ခဲ့ပြီဖြစ်ပါသည်။

မင်္ဂလာဒုံမြို့နယ် စစ်ရေးလမ်းမကြီးပေါ်တွင်ရှိသော ရေကန်ကို အချိန် (၃) လအတွင်း Team Work ဖြင့် သာယာသန့်ရှင်းစွာပြုပြင်ကြည်နူးစရာ ပတ်ဝန်းကျင်ကောင်းကို "မင်္ဂလာကန်တော်ကြီး" အဖြစ် ဖန်တီးတည်ဆောက်ပြီးခဲ့ပြီဖြစ်ပါသည်။

ဤသည်တို့ကို နိုင်ငံတကာစံနှုန်းများနှင့်လုပ်ဆောင်လျက်ရှိသော EIA (Environmental Impact Assessment) ၏ စည်းမျဉ်းကိုအတိုင်းချပြီး ကော်မတီ၏ဌာနများကို လုပ်ငန်းစဉ်များအလိုက် Team Work အဖွဲ့ဖွဲ့ကာ စုပေါင်းအင်အားများဖြင့် စီမံဆောင်ရွက်ချက်ဆောင်ရွက်နိုင်ခဲ့ခြင်း၏ ရလဒ်များဟု ဆိုနိုင်ပါသည်။ ဤ အစီအမံများသည် EIA ကို အလွယ်တကူကျော်ဖြတ်နိုင်စွမ်းသော အစီအမံလည်းဖြစ်ပါသည်။ ဖြစ်လာမှ ကုစားပြန် ခြင်းထက်ဖြစ်အောင် အခြေအနေဖန်တီးယူသော (Proactive) အကောင်အထည်များကို (Processing Results) မှန်ကန်ရန် အကောင်အထည်များ ကြိုတင်စီမံကာကွယ်ခြင်း (Preventive) အတွက် ဤစုပေါင်းအင်အား ဖြင့် ဆောင်ရွက်ခြင်းကြောင့် မှန်ကန်သောအခြေကိုလည်း ရတိုနိုင်ခြင်းဖြစ်ပါသည်။


ဤဥပမာ၊ သာဓကများသည် ရန်ကုန်မြို့တော်နေ မြို့တော်သူမြို့တော်သားတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြိုးစားအားထုတ်မှုလည်းဖြစ်သည်။ စာသံပေသံဖြင့်ဆိုရလျှင်မူ သူတို့ဖတ်ရှုနိုင်စေရန် ပေါ်ပြူလာဆောင်းပါးမည့် အက်ဆေးစာမျက်နှာများလည်းဖြစ်ပါသည်။

ဤသို့ဖြင့် ရန်ကုန်သည် မုချမသွေ "Clean City, Green City, Fair City, Smart City" အဖြစ် စာမျက်နှာသစ်များ ဆက်လက်ဖွင့်လှစ်နိုင်လိမ့်မည်ဖြစ်ပါသည်။


ထို့အတူ ဤနှစ်လည်မှုစဉ်း City Magazine ၏ ပုံနှိပ်စာမျက်နှာများမှတစ်ဆင့်လည်း တစ်နှစ်လျှင် တစ်ကြိမ် ရှုချင့်စဖွယ် စာမျက်နှာများ၊ အရောင်အသွေးများကို တွေ့မြင်ကြစေရန်အတွက် ကျွန်ုပ်တို့အားလုံး ကြိုးပမ်းကြရဦးမည်လည်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်သူမြို့တော်သားများအားလုံး ကျန်းမာချမ်းသာကြပါစေ။

ဦးဗိုလ်ဌေး
(ရန်ကုန်မြို့တော်ဝန်)



# City MAGAZINE CONTENTS






2 မြို့တော်ဝန်ရှုထောင့်

## POEM

7 အလှမ်းဝေးသောတောင် ပန်းတစ်ခင်း — မြင့်မောင်နိုင်ဖြိုး
8 လက်ခုပ်သံ — မောင်စိမ်းနောင်(လယ်ဝေး)
9 အမြဲတောစိတ်ကြွ — သူ့ဂုဏ်
10 ဂန္ဓဝင်စာဆို — တာကံ
11 နားလည်ခွင့်မရှိသော တရားတော် — မောင်ထွန်း မောင်သင်းကျော်
76 မြို့ဖိသည့်ဝန် — ကိုထွန်းနိုင်(ဘားအံ)
77 တာဆိုဦးပုညသို့ ကန်တော့ပန်း — မောင်မြင့်ထွေး(ကြို့ပင်ကောက်)
78 ချစ်သူများသို့မှာတမ်း — ဟင်းအောင်သက်(ရန်ကုန်တက္ကသိုလ်)
112 အဖေ(သို့မဟုတ်) "မိခြုံတိုက်လိုလူ" — ဥက္ကာမြင့်ဆောင်
134 ကြာလည်မှာ တာညွှန်နေတော့ပါ — ဦးမြင့်တောင်(မွန်းတောင်ဦး)
146 ပန်းဥယျာဉ်၏ ဗိသုကာ(သို့) တောဝင်စွဲစိတ်ထားအစ်ဆောင်ပုံရိပ် — မင်းမိုး မိုးတင်(ပန်းဥယျာဉ်)
164 ရောက်ရှိ အောင်ပွဲ — ခင်မောင်ဝင်

## CARTOON

30/31 အောင်ကျော် | 32/33 လှမ်းမောင်
34 ဖြူလေး | 48 မောင်တင်ယု
103/110 ကိုရိုး | 104 စိုးစံ | 111 ဦးကြွယ်
120/185 ကြောမျိုး

## COVER STORY


12 ရန်ကုန်နှင့် ကျွန်တော် — မောင်ဦး ခိုင်ဝါမြ

## RELIGION

43 မဟာမုနိ နံရံပန်းချီများထိန်းသိမ်းရေး — တိုးလှ
91 ဓာတ်သဘောသဘာ — သံတော်မှူ

## ARTICLE

35 နှစ်ပေါင်း(၁၀၀)ကြံ့ခိုင်ခဲ့သော ရန်ကုန်မြို့တော်ခန်းမအကြောင်းပဒေ — မြို့ဟင်း
39 ကျောက်တံတားမြို့နယ်ရှိ ဥပစာတွင် တည်ရှိနေတဲ့ ဗိသုကာလက်ရာ ရှေးဟောင်းလက်ရာ ရန်ကုန်မြို့တော်ခန်းမကြီး — မောင်မြတ်မှူး(သုတေသ)
49 တို့မြန်မာ သာကီလမ်းလေး — ဦးတင်အောင်ကြီး(တံတားဖြူ)
65 မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေတော်စဉ်နွေးမောင်နှံ (ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe နှင့် Madame Akie Abe) — သံအမတ်ကြီး ဦးကျော်မြင့်(ငြိမ်း)




85 ရန်ကုန်မြို့တော်ခန်းမနှင့် ရေစက်ဆိုင်ရာများ

တက္ကသိုလ်မြတ်သူ

105 မြို့ပြစီမံကိန်းနှင့် မြို့ပြရေရှည်ဖွံ့ဖြိုး

ဒေါ်တင်ကြည်(မြို့ပြစီမံကိန်းဌာန)

141 မြေအောက်ရေကြောင့်မြို့ နည်းစနစ်များပြောင်းကြစို့

ဒေါ်သိန်းဝင်း(မြို့တော်သတင်း)

157 မြို့တော်စည်ပင်ရေးကားအစီအစဉ် ကိုမင်းဇော်(အမာမှတ်)

161 မြန်မာ့ပထမဆုံး စည်ပင်သာယာဥက္ကဋ္ဌ နေလာအုန်းသစ်ထွန်း

165 ဆရာရွှေဥာဏ်မောင် နှင့် ဒေါက်ဆန်းချိန်သီချင်း

မော်ဆန်းကြည်မြတ်


## SHORT STORY


57 ထောင်နှင့် စည်း လယ်တွင်းသားစောချစ်

71 မန်ကျည်းကိုင်း မနှာ

79 တောင်ဇာအနားသတ် သန့်ဇင်ထွန်း(ညာ)

97 ပွင့်ခက်မြေ လေရိုင်း

တက္ကသိုလ်အေးမြင့်ရှာ

125 လှပ်ရှင်အုံဟဲ့ အောင်သွယ်တော်

နီသင်အောင်ကျော်စိုး

135 သွယ်တော်မှစ၍ ရွှယ်တော်မှန်း

မောင်ခင်သာ(မြစ်)

147 အမေ (သို့မဟုတ်)
အမေမဲ့နှလုံးသားတစ်ခု

ကိုချစ်(ထီလာမြေ)

169 ဝမယ်တစ်ပွင့်မှတ်တမ်း မြဲမြဲခင်

175 ရှင်သန်ဆဲအချစ် မဗွေဦး


## EXPERIENCE ESSAY


117 မြို့တော်တစ်ခု၏ သန့်ရှင်းဝေလို မြတ်စိုး(လှိုင်)


## TRANSLATION


121 အတွေ့အကြုံရှိလျှင် တာမရှည်သော ပန်းချီဆရာဖြစ်သွားသူ
တွမ်ဂေါ်ဂင်း ဘနှင်း(မြန်မာပြန်)


## HEALTH


113 ဆီးချို သွေးချိုရောဂါအကြောင်းသိရှိစေချင်

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

151 ကင်ဆာရောဂါဆိုင်ရာ သိသင့်သောအချက်များ

ဒေါက်တာကောင်းစံ

179 သင်္ကြန်ရေပွဲ ဇီဝအဆိပ်အန္တရာယ်

ဒေါက်တာမင်းသူရိန်


## LONG STORY


186 တမ်းတမိသည့်မြို့ပါလေ

သောင်းဝေဦး





ဆရာရွှေဥာဏ်မောင်
နှင့်
ဒေါက်ဆန်းချိန်သီချင်း





# အလွမ်းသတင်း ပန်းတစ်ခင်း

ဧပြီ...ပန်းဆိုသည်မှာ၊ ဓမ္မတာပင်
ပွင့်လာပြီးလျှင်၊ ကြွေပြမြင်တည်
မြေတွင်ညှိုးခြောက်၊ ကြွေချိန်ရောက်လည်း
ဖူးညွှာကိုဝတ်ဆံ၊ မျိုးဆက်ကျန်လျှက်
တစ်ဖန် မြေမှ၊ လူးနိုးထကာ
ပန်းလှများစွာ၊ ပွင့်ကြပါလိမ့်။
ထိုခါခူးယူ၊ ပန်ဆင်သူတို့
ကြည်ညိုမြေ့ချမ်း၊ အားသစ်လွမ်းလျှက်
ပန်းဆီဂုဏ်ကို၊ ချီးကျူးဆိုလည်း
ပန်းကိုမြတ်နိုး၊ ဘယ်သူမျိုးက
ကြောင်းကျိုးမသိ၊ ဖြစ်ပါဘိသော်
မသိသည့်အတွက်၊ စိတ်မကွက်ဘဲ
နှစ်သက်ပမ်းသာ၊ အရောက်လာ၍
ကဗျာမြို့နန်း ဘဝလမ်းမှ
လွမ်းသတင်းတို့ ပြန်ပြောချင်၊
ပန်းတစ်ခင်းသို့ သဲယောစဉ်။ ။

မြင့်မှူးအောင်နိုင်ဖိုး



# လက်ခုပ်သံ

နှိန်းခါရှည်ညောင်း၊ သူတော်ကောင်းနှင့်
အကြောင်းသင့်ဆုံ၊ ပေါင်းခွင့်ကြုံလည်း
တွေ့ရုံတွေ့လတ်၊ မပွတတ်လျှင်
ကျိုးမြတ်မရ နှစ်နာလေ။

ကာလရှည်ကြာ၊ သူယုတ်မာနှင့်
ကြောင်းရာသင့်မှု နေခဲ့ရလည်း
တွေ့ရုံပင်၊ နှစ်မဝင်လျှင်
မြူစင်ဘဝ ဖိုးတန်လေ။

မရခြင်းတွေ၊ မယူခြင်းမှု
ကြိုရကောင်းဆို၊
ပြစ်ကျိုးနှစ်တန်၊ လူတို့ဌာနဝယ်
ကောန်အရို၊ ပကာသိလျှင်
သတိမကျွ၊ ဉာဏ်ပညာနှင့်
နှိန်းခါကာလ၊ ပယောဂတို့
တွေးဆနှိုင်းချိန်၊ သင့်မသင့်တွင်
မြင့်အောင်ရယူ၊ လူထက်လူဟု
လွှင်ထူအောင်လဲ တချွပ်ချွပ်
လက်ခုပ်သံတို့ တောမသတ်။

အောင်မိုးနောင်(ကမ်းဝေး)



- သည်တောင်စိမ်းဖို့
  သည်ချိုင့်ကိုဖြတ်။
  သည်တောထုပ်ဝင်
  သည်လွင်ပြင်ပတ်။

- သည်မြစ်ကိုဆန်
  သည်ကမ်းယံတက်
  သည်လမ်းကိုနင်း
  သည်ရွာစဉ်ဆက်။

- သည်လယ်ကိုဖို့
  သည်ကျိုက်ကိုဆောက်။
  သည်မြေမှာ အတူနေကာပ
  သည်ရေကို အတူသုံးပါလို့
  သည်ထုံး၊ သည်မှုနှင့်
  သည်အယူ သည်စနစ်မှာဖြင့်
  ညီချစ်ရယ် နောင်တော်တို့
  ညီစေနော် စိတ်မကွဲအောင်
  တွဲလို့သာပျော်။ ။



- ရှေးစာဆိုများ၊ မတွေ့ကြ၍
စကားမဆို၊ မိန့်မလိုဘူး
သံချိုကျေး၊ ရသရှာလည်း
ခမျာသူတို့ စီးမျှောချိုလျက်
ငြိဘမက်၊ ရောင်တစ်ရှိသည်
အစွဲတင်းလင်း+ချွဲသက်ပျင်း–
မစွဲဟင်းလင်း+လျှသက်နှင်း–
မြခက်ငြိမ်းငြိမ်း+ညှသက်လင်း၊–။

- ဂန္ထဝင်ကဗျာ၊ စံတင်ကာလျှင်
ဂုဏ်ရှာပါတ်ဖို၊ ဂုဏ်တစ်လုံးနှင့်
ကျင့်သုံးမှတ်ခက်၊ ရသမျက်ဆောင်
ကမျှက်ယမျက်၊ စီးမျှောမျက်၍
နက်နဲအသုံး၊ အချိန်ဖြိုးလျက်
လုံးဝမရေး၊ ပေါ်ပင်ရေးသည်
ငွေကြေးမျှော်မြင် မသုံးဘဲ–
နေရေးပေါ်ထင် လှစွမ်းခြဲ–
အသုံးဘိုလျှင် အဖြိုးချဲ–။

- စာဆိုကဗျာ၊ သံချိုရာ၍
အလှျာမချို၊ ရသက်လျှက်
နက်နဲအကြြ၊ ခက်ခဲပြန်လည်း
ဉာဏ်ထွင်စီကုံး၊ ဘယ်မရွံ့အောင်
ကျင့်သုံးလှဖို၊ ဖွင့်ဖြိုးဖို့လျှင်
ပညာခရီး၊ ကာကွယ်နိုးအောင်
ချစ်တီးစိတ်ထား၊ စုပေါ်းစွဲဖို
နက်နဲအသိ၊ အခြေညှိသည်
သတိကပ်သုံး–ရင်ထဲပြိုး–
အသိစုပ်ဆုံး–မြင်စွဲပုံး–
လျှင်မြန်လုံး–ထင်ကာသုံး–
ရင်ထဲအပြိုး–ရင်စွဲပြိုး–။

# သိမ်းယူခဲ့ပြီးသော ဘုရားတော်

တောင်ကြွင်း၊ မြသန်းကျော်



မင်းညီမင်းသွေး
ငယ်ချွေးသားဟူ၊ အဝေတွေးထင်ခဲ့၊
မထိမှဲမြင်၊ ပြခဲ့လျှင်က
ပလ္လင်ထီးဖွင့်၊ တနိုင်းမြင့်လာ
မင်းအာဏာဖြင့်၊ မင်းဇာတ်သဉ္ဇာကာ
ထောင်တန်းကျူတာ ခံရပါမို့၊
မြွေကောင်ငယ်လေး၊ အထင်သေးပေ
မြက်လျှောနေရမြွေ၊ ထင်မှတ်နေချိမ်
အဆိပ်ရှိမြွေ၊ ကောက်ထိနေချက
ဘဝချုပ်ငြိမ်း၊ တမိတ်တော်သိမ်းလိမ့်၊
ငယ်ငယ်ကြီးကြီး၊ မီး-ဆိုကာမျှ
ဖရောင်းတိုင်မီး၊ ဆီမီးခွက်ငယ်
မီးရှူးမီးမြှေး၊ အထင်သေးကာ
အလေးမပြု၊ ဂရုမထားက
ပြာကျဆုံးရှုံး၊ မျက်သုဉ်းပြင်းသို့ ဆိုက်ပေပါမို့၊

ကိုယ်ကျင့်သီလ၊ ပြည့်စုံလှသည့်
သံဃာ့နွယ်ဝင်၊ သူတော်စင်ကို
ရှင်သာမဏေ၊ ငယ်သေးချေဟု
မထိမှဲမြင်၊ ပြခဲ့လျှင်လည်း၊
မှုပင်သောက၊ ငရဲကျကာ
ဒုက္ခခံစားရပေပါမို့၊

တရားတော်ကို...
ကြည်ညိုယုံကြည်၊ မထိမှဲမြင်
ပြုကာမြင်၍၊ ဆင်ခြင်တိုင်းဆ
ဖြစ်နိုင်စွာသား၊ တရားအသိ
သတိရှိသင့်၊ တွေးချင့်ပမာ ညီပညာရည်ရှင်၊
မင်းညီမင်းသွေး မြွေကောင်သေးနှင့်
မီးသေးမီးမွှယ်၊ သာမဏေငယ်တို့
ဘယ်သို့အမြဲ ဘယ်သို့နေပုံ
ကြုံတွေ့ရသည်၊ ဤလောကဝယ်
မထိမှဲမြင်၊ ပြခဲ့လျှင်မူ...
ထန်းပင်ငုတ်သို
အစိုအညှောက်၊ မပေါက်သည့်နယ်
ပစ်ပယ်ညွှန်တုံး၊ လူဖြစ်ရှုံးလျက်
ဘဝနိဂုံး မချုပ်နေချင်တာကား....။



# ရန်ကုန်နှင့် ကျွန်တော်

ချောင်ဦး ဗိုလ်ဌေး

ဓာတ်ပုံ–ဇော်ဒိန်းဝင်း(မြို့တော်သတင်း)

**(၁) ရေစီးရေလာ စီမံရန်ခဲ့မှုစနစ်**

ရန်ကုန်မြို့တော်ခန်းမ၊ စိတ်ဝင်စားစရာ အလွန်ကောင်းသည်။ ရန်ကုန် ကျောက်တံတားမြို့နယ် ၁ ရပ်ကွက်နှင့် ၂ ရပ်ကွက်အတွင်းတည်ရှိပြီး တောင်ဘက်တွင် မဟာဗန္ဓုလလမ်း၊ အနောက်ဘက်တွင် ဆူးလေဘုရားလမ်း၊ မြောက်ဘက်တွင် စည်ပင်လမ်း၊ အရှေ့ဘက်တွင် မဟာဗန္ဓုလပန်းခြံလမ်းတို့ဖြင့် ဝန်းရံထားသည်။ အနီးပတ်ဝန်းကျင်တွင် မဟာဗန္ဓုလပန်းခြံ၊ မြန်မာအဆောက်ကျွမ်းတော် မြန်မာကုန်တိုက်ကြီး အဆောက်အဦ၊ ဆံတော်ရှင် ဆူးလေစေတီတော်၊ ဧမ္မာနွေလဗတ္တိတ်ကျောင်းတော်၊ ရန်ကုန်ဗဟိုမီးသတ်(ယခု–ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့) မြို့တော်တာဝါ Rowe & Company အဆောက်အဦ (ယခု–စရာဝတီဘဏ်)၊ မဟာဗန္ဓုလဘုရားကျောင်း၊ ဗဟိုတရားရုံးချုပ်(ယခု–ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ဥပဒေချုပ်ရုံး)စသည်တို့ရှိသည်။ ဒီထက်ပို၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်တိုးချဲ့ကြည့်လျှင် ကျိုက်ပါမဟာဝိဇ္ဇဆံတော်ရှင်စေတီနှင့် ဟိန္ဒူဘုရားကျောင်း၊ ကြေးနန်းရုံ၊ မြန်မာနိုင်ငံ ဗဟိုဘဏ်၊ ပို တယ် အဆောက်အအုံများ၊ စီးပွားရေး အဆောက်အအုံများ၊ စားသောက်ဆိုင်များ၊ ဆေးပစ္စည်းအရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင် စသည်တို့ စုံလင်စွာ တွေ့ကြရမည်ဖြစ်ပါသည်။

မဟာဗန္ဓုလပန်းခြံအလယ်တွင် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကြီး တည်ရှိပြီး ပန်းခြံအတွင်း စိမ်းလန်းကျယ်ပြန့်သော မြက်ခင်းပြင်ကြီးလည်း ရှိပါသည်။ ပန်းခြံ၏ တောင်ဘက်တွင် ကုန်သည်လည်း၊ ကမ်းနားလမ်း၊ ရန်ကုန်မြစ်တို့ တစ်ဆက်တစ်စပ်တည်း ရှိနေပါသည်။ အလားတူ ရန်ကုန်မြို့တော်ခန်းမ၏ မြောက်ဘက်တွင်လည်း အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့ ရှိပါသည်။ ထိုကဲ့သို့ မြို့တော်ခန်းမ၏ မြောက်ဘက်မြစ်မှလည်းကောင်း၊ အနီးတစ်ဝိုက်မှ လည်းကောင်း လှတို့အသုံးပြုပြီးသည့် ရှုမျှော်ရေ



များ မိုးရွာသွန်းလျှင် စီးဆင်းလာသည့် မိုးရေများ စသည်တို့သည် မြို့တော်ခန်းမ၏ ဘေး၀ဲ/ယာမှ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းတို့အတိုင်း လမ်းဘေးရေမြောင်းများ၊ မြေအောက်ရေမြောင်းများမှတစ်ဆင့် ရန်ကုန်မြစ်အတွင်းသို့ စီးဝင်စေပါသည်။ မြို့တော်ခန်းမဝန်းကျင် ရေစီးရေလာစနစ် Drainage System ကို အကြမ်းဖျင်းဖော်ပြခြင်း ဖြစ်ပါသည်။ ရန်ကုန်မြစ်အတွင်းသို့ စီးဝင်စေသည့်နေရာများကို ဆူးလေဘုရားလမ်း မြစ်ထွက်ပေါက်၊ မဟာဗန္ဓုလပန်းခြံလမ်း မြစ်ထွက်ပေါက်တို့၌ ခေါ်ဝေါ်သုံးစွဲကြပါသည်။ ရန်ကုန်မြစ်သည် ပင်လယ်သမုဒ္ဒရာနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်နေရာ ပင်လယ်ဒီရေတက်သည့်အခြေအနေကို ရန်ကုန်မြို့တော်အတွင်းရှိ လမ်းများ၊ ရပ်ကွက်များအနေဖြင့် ခံစားတွေ့ကြုံကြရပါသည်။ အထူးသဖြင့် ထူးကဲဒီရေတက်သည့်အချိန်နှင့် မိုးရွာသွန်းမှု များပြားသည့်အချိန်တို့ တိုက်ဆိုင်ပါက လမ်းများပေါ်တွင် ရေများ ပြည့်လျှံလေ့ရှိပါသည်။




ဤနေရာတွင် အကျဉ်းသင့်သဖြင့် ရန်ကုန်မြို့တော်၏ ရေစီးရေလာစနစ် Urban Drainage System အကြောင်း အနည်းငယ် အသိပေးဖော်ပြလိုပါသည်။ ရန်ကုန်မြို့တော် မြေပုံကိုကြည့်လျှင် အနောက်ဘက်ခြမ်းတွင် လှိုင်မြစ်၊ အလယ်တွင် ငမိုးရိပ်ချောင်း၊ အရှေ့ဘက်ခြမ်းတွင် ပုဇွန်မြစ်တို့ရှိကြပြီး ၎င်းတို့သည် ရန်ကုန်မြို့၏ မြောက်ဘက်မှ တောင်ဘက် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းလာကြခြင်းဖြစ်ရာ ရန်ကုန်မြစ်ဝမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာ




အတွင်းသို့ စီးဝင်ကြပါသည်။ မြို့တော်အတွင်း မြေအနိမ့်အမြင့် ကွန်တိုကွာခြားမှု အနေအထားအတိုင်း မြို့၏အနောက်ဘက်ခြမ်းသည် လှိုင်မြစ်အတွင်းသို့လည်းကောင်း၊ အလယ်တွင်မူ ငမိုးရိပ်ချောင်း (ပုဇွန်တောင်ချောင်း-အောက်ဘက်ရောက်လာလျှင် ခေါ်ဝေါ်ခြင်းဖြစ်)အတွင်းသို့လည်းကောင်း၊ အရှေ့ဘက်ခြမ်းတွင် ပဲခူးမြစ်အတွင်းသို့လည်းကောင်း၊ ရေမြောင်းများ၊ မြေအောက်မြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များ အသီးသီးမှ စီးဆင်းစေသည့်စနစ်တစ်ရပ် ဖြစ်ပါသည်။ မြို့တော်အတွင်း အဆင်ကရှိသော အင်းလျားကန်နှင့် ကန်တော်ကြီးတို့သည်လည်း Retention Basin ရေထိန်းကန်ရေလှောင်ကန် အဖြစ် ရေစီးရေလာစနစ်တွင် အကျုံးဝင်ပါသည်။ (ယင်းအကြောင်းအရာနှင့်ပတ်သက်၍ နောင်တွင် သီးသန့်ရေးသားတင်ပြသွားပါမည်)

ပင်လယ်ထူးကဲဒီရေသည် တစ်လလျှင် နှစ်ကြိမ်တက်လေ့ရှိပါသည်။ လစဉ်လပြည့်၊ လကွယ် ဝန်းကျင်ဖြစ်ပါသည်။ လပြည့်ဝန်းကျင်တွင် လပြည့်နေ့မှ လပြည့်ကျော် သုံးရက်အထိလည်းကောင်း၊ လကွယ်ဝန်းကျင်တွင် လကွယ်နေ့မှ လဆန်း သုံးရက်အထိလည်းကောင်း ဒီရေတက်လေ့ရှိရာ၊ ၎င်းနေ့ရက်များတွင် တစ်ရက်လျှင် နှစ်ကြိမ်တိုင်တိုင်ရှိကြောင်း အတွေ့အကြုံများအရ သိရှိရပါသည်။ ထူးကဲဒီရေ ပင်လယ်ရေမျက်နှာပြင်အထက် ၂၀ ပေ (နှစ်ဆယ်ပေ)အထက် ဆိုသည်နှင့် ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် အနိမ့်ပိုင်းနေရာများ၊ လသာမြို့နယ် ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ နှင့် ၂၂ လမ်းတို့တွင် ရန်ကုန်မြစ်ရေများ ဒီရေနှင့်အတူ ရောက်လာကြပါသည်။ အချိန်အားဖြင့် နှစ်နာရီခန့်ကြာမြင့်လေ့ရှိပြီး ဒီရေပြန်ကျသည်နှင့် လမ်းများပေါ်မှ ရေများလည်း ရှင်းလင်းသွားခြင်းဖြစ်ပါသည်။ အဆိုပါ ဒီရေတက်ချိန်များနှင့် မိုးရွာသွန်းမှုများပြားသည့်အချိန် တိုက်ဆိုင်မှုရှိပါက ပိုမို၍ခံစားကြရပါသည်။ ရန်ကုန်မြို့တော်အတွင်း မြစ်ထွက်ပေါက်များနှင့် ဆက်စပ်လျက်ရှိကြသော မြေနိမ့်ပိုင်းအားလုံးသည်လည်း အလားတူဖြစ်ပါသည်။

ဤကဲ့သို့ဖြစ်စဉ်များအားဖြေရှင်းရန် ကျွန်တော်တို့ အထူးကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ ဆက်လက်၍လည်း ဆောင်ရွက်နေကြရာ အနားမယူပါ။ လမ်းဘေးရေမြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ မြို့နယ်များအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းကြီး၊ မြောင်းကြီးများကို လိုအပ်သည့်အကျယ်၊ အနက်ရရှိရေး တူးဖော်ရှင်းလင်းခြင်း၊ မြေအောက်မြောင်းများ လမ်းမကြီးများအောက်ရှိ Box Culvert များ အမြဲရှင်းလင်းခြင်း စသည်တို့ အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုမျှနှင့် မလုံလောက်သေးပါ။ ရနိုင်သည့်နေရာများတွင် Retention Basin ရေလှောင်ကန်၊ ရေထိန်းကန်များ တည်ဆောက်ပေးခြင်းတို့အပြင် မြစ်ထွက်ပေါက်အားလုံးတွင် လုံလောက်သောအတိုင်းအတာရှိ Design ထုတ်ပြီး ရေတံခါးများတပ်ဆင်ပေးရပါမည်။ ရေတံခါးတပ်ဆင်ပေးသည်နှင့် တစ်







ပြင်နှက် ဒီရေတက်ရှိနှင့် မိုးရွာသွန်းမှု များပြားသည့်အချိန် တိုက်ဆိုင်ပါက မြစ်များအတွင်းသို့ ရေများစုပ်ထုတ်နိုင်ရန် ရေစုပ်စက် Pump များ၊ အားကောင်းသော ရေစုပ်စက်များလည်း ထားရှိပေးကြရပါမည်။ ထပ်တိုးဖြည့်စွက်၍ အချက်အလက်ရယူသည့်စနစ် SCADA (Supervisory Control and Data Acquisition) System ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ပါမည်။

ယခုဆောင်းပါးတွင် ကျွန်တော့်အနေဖြင့် အဓိကဖော်ပြလိုခြင်းမှာ ရန်ကုန်မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံတစ်ဝိုက်အကြောင်းဖြစ်ပါသည်။

မဟာဗန္ဓုလပန်းခြံသည် အလျား ၇၃၅ ပေ၊ အနံ ၄၃၅ ပေ၊ ဧရိယာ ၇ ဒသမ ၄၂၈ ဧက ကျယ်ဝန်းသော စိမ်းလန်းဧရိယာ၊ မြက်ခင်းဧရိယာရှိပြီး ရေစိမ့်ဝင်နိုင်သည့် ပမာဏကြီးမားကျယ်ပြန့်ပါသည်။ မြို့လယ်တွင် ယခုကဲ့သို့ နေရာမျိုးရရှိရန် မလွယ်ကူပါ။

ရန်ကုန်မြို့သည် နှစ်စဉ် မိုးရာသီတွင် မိုးရေချိန်လက်မ ၁၀၀ ကျော်ခန့် ရရှိပါသည်။ ရရှိသည့် မိုးရေအားလုံးနီးပါး ချောင်းများ၊ မြောင်းများ၊ မြစ်ထွက်ပေါက်များ၊ မြစ်များအတွင်းမှ ပင်လယ်သို့ ရောက်ရှိသွားကြရာ ရေရှိများ အလဟဿဖြစ်ရပါသည်။ မြေအောက်ရေများ ဖြည့်သွင်းပေး

**ရေဖြန့်ဖြူးရေးအတွက် မြေအောက်ရေလှောင်ကန်များ တူးဖော်ထားရှိရာ မဟာဗန္ဓုလပန်းခြံအတွင်း ရေဂါလန် ၅၀,၀၀၀ ဆံ့ နှစ်ကန်နှင့် ရေဂါလန် ၂၅,၀၀၀ ဆံ့တစ်ကန် စုစုပေါင်း ကန်သုံးကန်မှ**

ရန် နည်းမျိုးစုံဖြင့် ကြိုးစားကြရပါမည်။ ကျွန်တော့်အနေဖြင့် တိုင်းပြည်ပေါင်းစုံ အစည်းအဝေးတစ်ရပ်တွင် ဌာနအသီးသီးရှိ မြေကွက်လပ်များ၊ ပန်းခြံနေရာများ စသည်တို့တွင် သဘာဝမိုးရေလှောင်ကန်များ ထားရှိပေးကြရေး တင်ပြခဲ့ပါသည်။ မိုးရေလှောင်ကန်များ ထားရှိခြင်းအားဖြင့် မြေအောက်ရေကို ဖြည့်သွင်းခြင်း၊ သစ်ပင်၊ ပန်းပင်၊ မြက်ခင်းများ ရေလောင်းရေဖျန်း GARDENING ပြုလုပ်နိုင်ခြင်း၊ နွေရာသီ အရေးပေါ်မီးသတ်ရေလှောင်ကန် အဖြစ်ရေရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း ပြောခဲ့ပါသည်။

စိမ်းလန်းဧရိယာ၊ မြက်ခင်းဧရိယာ ကျယ်ဝန်းမှုရှိသောကြောင့် မဟာဗန္ဓုလပန်းခြံသည် မိုးရွာသွန်းချိန်တွင် မိုးရေများ ခံယူနိုင်စွမ်းရှိပြီး မြေအောက်ရေကို ဖြည့်သွင်းခြင်းအလုပ်ကို ကောင်းစွာလုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။ သာမန်အချိန်များတွင်လည်း ပန်းခြံစိမ်းလန်းရေးအတွက် ရေဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျှင်ရှိရာ တစ်နည်းအားဖြင့် မြေအောက်အတွင်းသို့ ရေများစိမ့်ဝင်စေခြင်းဖြစ်သည်ဟု ခေါ်ဆိုနိုင်ပါသည်။

မဟာဗန္ဓုလပန်းခြံအတွင်း ဖြ လက်မ အချင်း အဝီစိတွင်းတစ်တွင်း၊ ၈ လက်မအချင်း အဝီစိတွင်း ၅ တွင်း၊ ၁၀ လက်မအချင်း အဝီစိတွင်း ၃ တွင်း စုစုပေါင်း ၉ တွင်း တူးဖော်ထားရှိရာ ကျောက်တံတားမြို့နယ် လူထုသောက်သုံးရေ ပေးဝေရေး အထောက်အကူအဖြစ် ရေပေးဝေရန်၊ မြို့တော်ခန်းမ ရေပေးဝေရန်နှင့် ပန်းခြံရေလောင်းရန် အသုံးပြုလျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) တာဝန်ရှိသူများ၏ ပြောကြားချက်အရ ရေအရည်အသွေးကောင်းမွန်ကြောင်း၊ ရေထွက်နှုန်းလည်း ကောင်းမွန်ကြောင်း သိရပါသည်။

ရေဖြန့်ဖြူးရေးအတွက် မြေအောက်ရေလှောင်ကန်များ တူးဖော်ထားရှိရာ မဟာဗန္ဓုလပန်းခြံအတွင်း ရေဂါလန် ၅၀,၀၀၀ ဆံ့ နှစ်ကန်နှင့် ရေဂါလန် ၂၅,၀၀၀ ဆံ့ တစ်ကန် စုစုပေါင်း ကန်သုံးကန်မှ ရပ်ကွက်များသို့ ရေပေးဝေလျက်ရှိပြီး မြို့တော်ခန်းမအတွင်းရှိ ရေဂါလန် ၃၀,၀၀၀ ဆံ့ တစ်ကန်မှ သကြၤန်ရေဖျန်းရန် သီးခြား အသုံးပြုလျက် ရှိပါသည်။ ထို့ပြင် ရန်ကုန်မြို့တော်ခန်းမအတွင်း ဆူးလေဘုရားလမ်းဘက်ခြမ်းတွင် အလျား ၇၀ ပေ၊ အနံ ၃၃ ပေ၊ အနက် ၇ ပေရှိ ဂါလန် တစ်သိန်းဆံ့ ရေလှောင်ကန်တည်ဆောက်ခဲ့ရာ မိုးရွာသွန်းချိန်တွင် မဟာဗန္ဓုလလမ်း၊ ဆူးလေဘုရားလမ်း၊ မြို့တော်ခန်းမတစ်ဝိုက်ရှိ လမ်း

များပေါ်တွင် စီးဆင်းသည့် မိုးရေများကို စုဆောင်းထားနိုင်တော့မည် ဖြစ်ပါသည်။

ယခု ရေလှောင်ကန်ကို မိုးရာသီတစ်လျှောက်လုံးတွင် မြို့တော်ခန်းမ တစ်ဝိုက် ရေစီးရေလာကောင်းမွန်ရေး အတွက် ထိန်းညှိဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ မိုးရွာသွန်းချိန်တွင် ရေများ စုဆောင်းသိုလှောင်ထားရှိပြီး မိုးရွာသွန်းမှု ရပ်နားသွားပါက ရေလှောင်ကန်အတွင်းမှ မိုးရေများကို မဟာဗန္ဓုလလမ်း၊ ဆူးလေဘုရားလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း စသည်တို့အတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးကြောခြင်းဆိုင်ရာတို့တွင် ထုတ်ယူသုံးစွဲသွားမည် ဖြစ်ပါသည်။ ထို့ပြင် မဟာဗန္ဓုလပန်းခြံအတွင်းထားရှိသော မြေအောက်ရေမြောင်းမှတစ်ဆင့် ပန်းခြံမြက်ခင်း ရေလောင်းပေးခြင်းအမှုကိုလည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ဆူးလေဘုရားလမ်း မြစ်ထွက်ပေါက်တွင်လည်း ရေတံခါးတပ်ဆင်ခြင်း၊ ရေစုပ်စက် Pump တပ်ဆင်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (ရေစီးရေလာ စီမံခန့်ခွဲမှု)က ဆောင်ရွက်ထားရှိပြီး ဖြစ်ရာ ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်သည့်အချိန်နှင့် မိုးရွာသွန်းမှု များပြားသည့်အချိန် တိုက်ဆိုင်မှုရှိလာပါက ရေတံခါးပိတ်ခြင်း၊ ရေစုပ်စက် မောင်းနှင်ခြင်းတို့ကို ထိန်းညှိဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ထို့ပြင် မိုးရေလှောင်ကန်၊ ရေစုကန်လည်း တည်ဆောက်ထားပြီးဖြစ်ရာ ရေစီးရေလာ ကောင်းမွန်ရေး၊ မိုးရေချိုများ အလဟဿ မဖြစ်စေဘဲ လမ်းများ ရေဆေးကြောသန့်စင်ခြင်း၊ မြက်ခင်း၊ သစ်ပင်များကို ရေလောင်းခြင်း၊ မြေအောက်ရေဖြည့်ပေးခြင်းတို့ကိုလည်း အချိန်ကိုက် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## (၂) စွန့်ပစ်အမှိုက်ပုံ စီမံခန့်ခွဲမှု

ကျွန်တော် ၁၉၇၂ ခုနှစ်တွင် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ ရန်ကုန်စက်မှုတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခွင့် ရခဲ့သည်။ ထိုခေတ် ထိုအခါက ချောင်းဦးမှ မန္တလေး၊ မန္တလေးမှ ရန်ကုန်သို့ မီးရထားဖြင့် လာကြရသည်။ လူကြီးမိဘများ လိုက်မပို့နိုင်ပါ။ ခရီးစဉ်တစ်လျှောက်လုံး ချောင်းဦးသား နောင်တော် တက္ကသိုလ်ကျောင်းသားကြီးများက ဦးဆောင်ကြသည်။ စည်းစည်းလုံးလုံး နွေးနွေးထွေးထွေး ရှိကြသည်ကို အမှတ်ရမိသည်။

ရန်ကုန်စက်မှုတက္ကသိုလ် ပထမနှစ် တက်ရန် ချောင်းဦးမြို့မှ ကျွန်တော်နှင့်အတူ ကိုကြီးမြင့်လည်း ပါသည်။ နောက်ဆုံးနှစ် ဆဋ္ဌမနှစ်ကျောင်းသားကြီး ကိုအောင်မွှေး၊ ပဥ္စမနှစ်မှ ကိုကိုလေး၊ ကိုမျိုးမြင့်၊ စတုတ္ထနှစ် ရောက်နေပြီဖြစ်သော ကိုသန်းထိုက် (ကိုပြုံးစာ)၊ ကိုအောင်မြင့် စသည့် နောင်တော် ကျောင်းသားကြီးများကို အလွမ်းသတိရမိသည်။

တက္ကသိုလ်ကျောင်းပိတ်၍ ချောင်းဦးကိုပြန်တိုင်း ကျောင်းဖွင့်၍ ရန်ကုန်ကို လာတိုင်း မီးရထားကြီးဖြင့်ပင် သွားခဲ့ကြ လာခဲ့ကြရသည်။

ရန်ကုန်ဘူတာကြီး ရောက်ခါနီးပြီဆိုလျှင် တောင်ကုန်းတောင်တန်းကြီး သဖွယ် ဟီးထနေသော တောမှုမှော်ကုန်း အမှိုက်ပုံကြီးကို အရင်ဆုံးတွေ့မြင်ကြရသည်။ ယင်းမှာ ရန်ကုန် Down Town ဇရိယာ၏ ရန်ကုန်အရှေ့ပိုင်း နောက်ဆုံး စွန့်ပစ်အမှိုက်ပုံနေရာကြီးပါ။

ထိုအချိန်အခါက အလားတူ ရန်ကုန်အနောက်ပိုင်း နောက်ဆုံးစွန့်ပစ် အမှိုက်ပုံနေရာကြီးအဖြစ် ကမ်းနားလမ်း အလုံမြို့နယ်တွင် ရှိခဲ့ပါသည်။

ယနေ့ အဆိုပါ နောက်ဆုံးစွန့်ပစ် အမှိုက်ပုံနေရာကြီးများ မရှိတော့ပါ။ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးလာသည်နှင့်အမျှ လူနေတိုက်တာအဆောက်အအုံများ၊ စီးပွားရေး အဆောက်အအုံများ၊ အားကစားကွင်းများ စသည်တို့ အစားထိုးပေါ်ရောက်လာကြပါသည်။



**Final Disposal Site** ဟုခေါ်သည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများကို မြို့ပြနှင့် အတန်အသင့်ဝေးရာသို့ ရွှေ့ပြောင်း စီမံခန့်ခွဲမှု ပြုလုပ်ကြရသည်။ ရန်ကုန်မြို့

တော် စည်ပင်သာယာရေးကော်မတီ၏ အယောင်များဆုံး(ယနေ့အချိန်အခါတွင်) နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာများမှာ လှိုင်သာယာထိန်ပင်နှင့် ဒဂုံမြောက် ထားဝယ်ချောင်နေရာတို့ဖြစ်ကြပါသည်။

လူတို့အသုံးပြုခြင်းမရှိတော့ဘဲ စွန့်ပစ်လိုက်သည့် အရာဝတ္ထုများကို အမှိုက်ဟုခေါ်ဆိုလေ့ရှိသည်။ အမှိုက်အမျိုးအစားများစွာရှိပါသည်။ မြို့၏ နေရာအနှံ့အပြားမှ ထွက်ရှိလာကြသော အမှိုက်မျိုးစုံကို စည်ပင်သာယာ အမှိုက်သယ်ယာဉ်များဖြင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ တည်ရှိရာနေရာများသို့ ပို့ဆောင်ကြရသည်။

ယနေ့ဆိုလျှင် ရန်ကုန်မြို့တော်အတွင်းမှ နေ့စဉ်ထွက်ရှိလာသော အမှိုက်မျိုးစုံကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများသို့ ပို့ဆောင်ပေးနေရသော အမှိုက်တန်ချိန်မှာ နေ့စဉ် တန်နှစ်ထောင်ကျော်ခန့်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရသိရှိရပါသည်။ အင်မတန်များပြားလှသော အမှိုက်မျိုးစုံရောက်ရှိရာ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးကို စီမံခန့်ခွဲရသည့်အလုပ်တာဝန်မှာ လွန်စွာအရေးကြီးလှပါသည်။ အနည်းဆုံးတော့ အမှိုက်သယ်ယာဉ် ဝင်ထွက်သွားလာရာ လမ်းများ အထူးကောင်းမွန်ဖို့ လိုပါသည်။ အမှိုက်များ စုပုံထားရှိခြင်းအနှစ်၊ ရေရရှိရေးအနှစ်၊ မိုးရေရေလှောင်ကန်များ ထည့်သွင်းတည်ဆောက်ထားခြင်း၊ မီးသတ်ရေပိုက် Fire Hydrant များ တပ်ဆင်ထားခြင်း၊ ရေစုန်းစနစ်များ ထားရှိခြင်း၊ အရန်မြေတွက်လမ်းများ ဖော်ဆောင်ထားခြင်း၊ လုပ်ကိုင်ဆောင်ရွက်နေကြရသည့် သန့်ရှင်းရေးလုပ်သားများ၏ ကျန်းမာရေး သက်သာချောင်ချိရေး စသည် စသည်တို့ ဘက်ပေါင်းစုံထည့်သွင်း





တွက်ချက် စီမံခန့်ခွဲလုပ်ဆောင်ဖို့ အထူးလိုအပ်ပါသည်။

များပြားလှစွာသော အမှိုက်မျိုးစုံကို နေ့စဉ်စုပုံထားရှိမှုကြောင့် ရက်၊ လ၊ နှစ်များကြာလာသည်နှင့်အမျှ အမှိုက်ပုံကြီးများမှာလည်း ကြီးမားသည်ထက် ကြီးမားလာခဲ့ပါသည်။ ဆိုးဝါးလှသည့် အနံ့အသက်များ၊ Gas ဓာတ်ငွေ့များ၊ အမည်းရောင် ညစ်ညမ်းအရည်များ စသည်တို့ နေ့စဉ်ဖြစ်ပေါ်နေရပါသည်။ သိပ်သည်းခြောက်သွေ့သွားသည့် အမှိုက်များရှိသလို အသစ်ထပ်မံရောက်ရှိလာသည့် အမှိုက်စို လတ်လတ်ဆတ်ဆတ်များလည်း တွေ့ကြရသည်။

ထုံးစံအတိုင်း ယင်တလောင်းလောင်း၊ မကောင်းသည့် အနံ့ဆိုးများ တွေ့ကြရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ထိန်ပင်(လှိုင်သာယာ) နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီး မီးလောင်ကျွမ်းမှုဖြစ်စဉ်ကို ရန်ကုန်သားအားလုံးနီးပါး သိရှိကြပြီးဖြစ်ပါသည်။ ရန်ကုန်မြို့တော်သူ မြို့တော်သားများ၊ မြန်မာ့တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီလူမှုကယ်ဆယ်ရေးအဖွဲ့များ၊ စည်ပင်ဝန်ထမ်းများ အားလုံးစုစည်း၍ အမှိုက်ပုံကြီးတွင် အကြီးအကျယ်လောင်ကျွမ်းလျက်ရှိသော မီးကို ငြိမ်းသတ်ခဲ့ကြရသည်။

ရန်ကုန်မြို့နယ်အချို့၏ ကောင်းကင်ယံတွင် မီးခိုးငွေ့များဖြစ်ပေါ်ခဲ့သလို မီးခိုးငွေ့များလည်း ရှူရှိုက်ခံစားခဲ့ကြရသည်။ လေထုညစ်ညမ်းမှုကိန်း Air Quality Index အတိုင်းအတာပမာဏလည်း မြင့်မားမှုဖြစ်ပေါ်ခဲ့သည်။ ရက်အတော်ကြာ အချိန်ယူမြေဖို့ရှင်းဆောင်ရွက်ခဲ့ကြရပါသည်။ Final Disposal Site

နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာ စီမံခန့်ခွဲမှု အခရာပါမှုကို ပြသနိုင်ခြင်းပါ။

နှစ်လရှည်ကြာ စုပုံထားသည့် အမှိုက်ပုံကြီးများမှ ကျွန်တော်တို့ ရယူနိုင်တာတွေ အများကြီးရှိပါသည်။ အချို့ကိစ္စရပ်များတွင် ဆောင်ရွက်နေကြသည်များကို ဆောင်ရွက်နေကြဖို့ ဖြစ်ပါသည်။ အမှိုက်ကနေ မြေဆွေး၊ မြေဩဇာထုတ်လုပ်ခြင်း ကျွန်တော် ၁၉၈၇-၈၈ ခုနှစ် ဝန်းကျင်ခန့်က တာမွေအရှေ့ကုန်း အမှိုက်ပုံကြီးဆီ ရောက်ခဲ့ဖူးသည်ကို အမှတ်ရမိပါသည်။ အမှိုက်ပုံကြီးဆီသွားရာလမ်းတွင် တာမွေမြို့ပတ်ချောင်းသို့ စီးဆင်းသွားသော သဲတံတားချောင်းငယ်တစ်ခု တွေ့ရသည်။

အမှိုက်ပုံကြီးတစ်ဝိုက်တွင် သံတို သံစကောက်သူများ ပြန်လည်အသုံးပြုရနိုင်မှုရှိသော ပလတ်စတစ်ဘူးခွံများ၊ စက္ကူကတ်ထူများကို ရှာဖွေနေကြသူများ စသည့် လူအုပ်စုများကို တွေ့ရပါသည်။ ထိုသူများထဲမှ ကျွန်တော်စိတ်ဝင်စားသည့် အရာကို တွေ့မြင်ခဲ့ရပါသည်။ မိသားစုနှစ်စုခန့်ဖြစ်ပါသည်။ ၎င်းတို့အသုံးပြုသည့် အရာမှာ ၆' x ၄' ခန့်ရှိသည့် သံဆန်ခါ နှစ်ချပ်၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ဂေါ်ပြား စသည့် လက်သုံးကိရိယာအချို့၊ ဒယ်အိုး သုံးလေးချပ်ခန့်လည်း ပါပါလိမ့်မည်။ သိပ်သည်းခြောက်သွေ့ ဆွေးမြေ့နေပြီဖြစ်သော အမှိုက်များကို ပေါက်ပြား၊ ပေါက်ချွန်းများဖြင့် အမှိုက်ပုံကြီးမှ တူးဖော်ယူပြီး ဒယ်အိုးများဖြင့်သယ်ယူကာ သံဆန်ခါအနီးတွင် စုပုံစေပါသည်။ အဆိုပါ အမှိုက်မှုန့်များများကို ဂေါ်ပြားဖြင့် သံဆန်ခါသို့ ပက်ပြီး အမှိုက်မှ မြေဩဇာမြေဆွေး ထုတ်လုပ်ခြင်းကို သံဆန်ခါချ လုပ်ကိုင်နေကြသည့် မြင်ကွင်းပဲဖြစ်ပါသည်။

ညနေစောင်းရောက်ချိန်တွင် ယင်းတို့ သံဆန်ခါချထားသည့် မြေဆွေး၊ မြေဩဇာအိတ်များကို ကားငယ်များဖြင့် လာရောက်ဝယ်ယူ သယ်ဆောင်သွားကြသည်ကို တွေ့ရပါသည်။ ထိုအချိန်ကတည်းက အမှိုက်ကနေ မြေဆွေးမြေဩဇာ ထုတ်လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ယနေ့ ၂၀၂၂ ခုနှစ် ရောက်ရှိချိန်မှာတော့ ခေတ်နှင့်အညီ ယာဉ်စက်ယန္တရားများအသုံးပြုပြီး အမှိုက်ကနေ မြေဆွေးမြေဩဇာ ထုတ်လုပ်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေချင်ပါသည်။

ငွေကုန်ကြေးကျများစွာ ရင်းနှီးမြှုပ်နှံကြမည်ဆိုပါက Waste to Energy (WTE) လို့ခေါ်သည့် အမှိုက်ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ Gasification လို့ခေါ်သည့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း စသည်တို့ကိုလည်း အမှိုက်ပုံကြီးများမှ ရယူနိုင်ပါသည်။ လေ့လာဆန်းစစ်မှု အချိန်ကာလအတိုင်းအတာတစ်ခုတော့ လိုပါလိမ့်မည်။ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ (Final Disposal Site) နှင့် ပတ်သက်၍ အကြမ်းဖျဉ်းတင်ပြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဌာနတွင်း ညှိနှိုင်းအစည်းအဝေးများတွင် အမှိုက်စီမံခန့်ခွဲရေး (Solid Waste Management) နှင့် ပတ်သက်၍ အခါအားလျော်စွာ ဆွေးနွေးခဲ့ကြပါသည်။ ပြောနေဆိုနေကြသည့် 4R ပါဝင်Reduce အမှိုက်လျှော့ချရေး၊ Reuse ပြန်လည်အသုံးပြုရေး၊ Refuse အမှိုက်မဖြစ်စေရေး၊ Recycle ပုံစံသွင်ပြင်ပြောင်းလဲအသုံးပြုရေး စသည်တို့ ဖြစ်ပါသည်။

"ကဲ…ကျွန်တော်တို့လုပ်နိုင်တာတွေကို ယနေ့အစည်းအဝေးခန်းထဲကပဲ စလုပ်ကြရအောင်" အစည်းအဝေး တက်ရောက်လာကြသူအားလုံး၏ ရှေ့တည့်တည့်စားပွဲပေါ်တွင် ချထားသည့် ရေသန့်ဘူးများ၊ သောက်သုံးပြီးလျှင် ရေသန့်ဘူးခွံများကို အမှိုက်ပုံထဲသို့မပစ်ဘဲ သီးသန့်စုဆောင်းမှု လုပ်ကြမည်။ ဈေးတွေမှာလည်း ဒီလိုပဲ ရေသန့်ဘူးခွံတွေကို သီးသန့်စုပေးကြရန် မှာကြားပါသည်။ အစည်းအဝေးခန်းများမှ ထွက်ရှိသည့် ရေသန့်ဘူးခွံများကို ကော်မတီရုံး ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးဉာဏ်လင်းနိုင်ကလည်းကောင်း၊ ဈေးအသီးသီးက ထွက်ရှိသည့် ရေသန့်ဘူးခွံများကို ဈေးများဌာန ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသန်းထိုက်ကလည်းကောင်း ဦးစီးကြပ်မတ်စုဆောင်းစေခဲ့ရာ ခြောက်လခန့်အကြာတွင် မြို့တော်ခန်းမ အစည်းအဝေးခန်းမထဲက ရေသန့်ဘူးခွံ အရေအတွက်၊ ဈေးများဌာနမှ ရေသန့်ဘူးခွံ







အရေးအတွက်များမှာ ရှေ့ဆောင်နိုင်ခဲ့ပါသည်။

ယင်းတို့ကို လမ်းများပေါ်နှင့် ရေမြောင်းများအတွင်း၊ အမှိုက်ပုံးများသို့ မရောက်ရှိစေဘဲ ထိန်းသိမ်းနိုင်သည့် အနေအထားများ ဖြစ်ပါသည်။ ရေသန့်ဘူးခွံများကိုမှအစပြု ရန်ကုန်မြို့ လမ်းဘေးသစ်ပင်များမှ ထွက်ရှိလာသည့် သစ်ကိုင်း၊ သစ်ရွက်များ၊ မြက်ပင်၊ ပေါင်းပင်များ၊ ပန်းဥယျာဉ်အသီးသီးမှထွက်ရှိသည့် သစ်ရွက်၊ ပေါင်းမြက်စသည်များ သီရိမင်္ဂလာ ကုန်စိမ်းဈေးကြီးမှထွက်ရှိသည့် ငှက်ပျောရွက်စိမ်းများ စသည်တို့ကိုလည်း "အမှိုက်အဖြစ် မရောက်ရှိစေဘဲ ဘိုကာရှိမြေဩဇာထုတ်လုပ်မှု လုပ်ကြရအောင်ပါ" ဟု ညှိနှိုင်းပြောကြားခဲ့ပါသည်။ ပန်းဥယျာဉ်နှင့် အပန်းဖြေကွင်းများဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကိုကိုလင်း ဦးစီးကြပ်မတ်ကာ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်ထဲတွင် သစ်ရွက်၊ သစ်စိမ်း၊ ပေါင်းမြက်တို့မှ ဘိုကာရှိ မြေဩဇာထုတ်လုပ်ခြင်း ဆောင်ရွက်နေသကဲ့သို့ ဈေးများဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသန်းထိုက် ဦးစီးကြပ်မတ်ကာ သီရိမင်္ဂလာဈေးနှင့်ကပ်လျက် ရှေ့ ပိတောက် ငါးဈေးဝင်းအတွင်းတွင် ဂေါ်ဖီရွက်၊ မုန်ညင်း၊ မုန်လာရွက် စသည့် စွန့်ပစ်ရွက်စိမ်းများဖြင့် ဘိုကာရှိမြေဩဇာ ထုတ်လုပ်ခြင်း ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ အားရစရာ ကောင်းလှပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဌာနများမှာ စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှု (Team Work) အလွန်အားကောင်းပါသည်။ ယခုဆိုလျှင် ဘိုကာရှိမြေဩဇာများကို ဌာနတွင်း အသုံးပြုသလို ပြင်ပကိုလည်း ရောင်းပေးနိုင်ပြီဖြစ်ပါသည်။ သစ်ပင်၊ ပန်းပင် စိုက်ပျိုးရေး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးဝါသနာပါသူများ လာရောက်ဝယ်ယူကြပါသည်။

ကျွန်တော် ၂၀၁၈ ခုနှစ် ဝန်းကျင် ခနဲ့က ကျွန်တော့်သူငယ်ချင်း (စက်မှုတက္ကသိုလ် ကျောင်းနေဘက်)ကိုသန်းညွှန့် နေထိုင်ရာ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းထဲကခြံကို ရောက်ခဲ့ပါသည်။ သူငယ်ချင်းနှစ်ယောက်ကြုံတုန်း တွေ့ရာလေးပါး ရောက်တတ်ရာရာ ပေါ်ပေါ်ပါပါး စကားများ ပြောဆိုကြပြီး ကိုသန်းညွှန့်က ၎င်းခြံဝင်းအတွင်းရှိ ထောင့်တစ်နေရာသို့ ကျွန်တော့်အား ခေါ်သွားပါသည်။ သံဇင်ခိုတပ် ဆလင်ဒါဒါလိမ့်တုံးအလုံပိတ်ကိရိယာကို ပြသပါသည်။ အတွင်းတွင် ၎င်း၏ ခြံဝင်းမှထွက်ရှိသည့် သစ်ရွက်၊ မြက်ခြောက် စသည်များကို အခြောက်ခံ Compost ပြုလုပ်ပြီး မြေဩဇာပြုလုပ်နေခြင်းကို ပြသခြင်းဖြစ်ပါသည်။ ခြံဝင်းအတွင်း အမှိုက်သရိုက်များ ရှင်းလင်းသွားပြီး စည်ပင်သာယာ အမှိုက်ကားများသို့လည်း အမှိုက်သွားရောက်ပစ်စရာမလိုအောင် တစ်နိုင်တစ်ပိုင် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ကျွန်တော် ရန်ကုန်သူ၊ ရန်ကုန်သားများကို အလွန်ချစ်ပါသည်။ စာလည်း စာနာပါသည်။ ရန်ကုန်ဇာတိမှာ နံနက်စောစောဆိုလျှင် အင်းလျားကန်စောင်း၊ ကန်တော်ကြီး၊ မဟာဗန္ဓုလပန်းခြံ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ လှိုင်သာယာ၊ အင်းစိန် စသည့် မြို့နယ်အသီးသီးရှိ ပန်းခြံများနေရာများသို့ ရောက်ရှိကာ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းအမှု ဆောင်ရွက်ကြပါသည်။ ပြီးလျှင် တစ်နေကုန် ပူပန်သောကမှု လှုပ်ရှားရုန်းကန်ကြရပြီး စားဝတ်နေရေး တာဝန်တွေ ဖြစ်ကြရပါသည်။

ရန်ကုန်သူ၊ ရန်ကုန်သားအတွက် မြို့နယ်များအလိုက် အပန်းဖြေစရာ ပန်းဥယျာဉ်များ၊ မြက်ခင်းစိမ်းစိမ်းများ၊ မင်္ဂလာ ရေကန်ကြီးများ၊ Bike Lane စက်ဘီးလမ်းများ၊ ယာဉ်ရပ်နားရာများ၊ Taxi Stand များ စသည် အများပြည်သူအသုံးပြုနိုင်မည့် အရာများ ဆောင်ရွက်ပေးချင်ပါသည်။ ဆောင်လည်းဆောင်ရွက်နေပြီဖြစ်ပါသည်။

ရန်ကုန်သူ၊ ရန်ကုန်သားများအနေဖြင့်လည်း အမှိုက်ကို ဘယ်လိုလျှော့ချနိုင်မလဲ Reduce ပြန်လည်အသုံးပြုရေး Reuse အမှိုက်မဖြစ်စေရေး Refuse ၊ ပုံပန်းသဏ္ဌာန် ပြောင်းလဲအသုံးပြုရေး Recycle တို့တွင် အတတ်နိုင်ဆုံး ကိုယ်စီ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါသည်။ ကျွန်တော့်သူငယ်ချင်း ကို

သန့်ရှင်းရေးနဲ့လို၊ မြို့တော်စည်ပင်မှ ဌာနမှူး ကြီးများဖြစ်ကြတဲ့ ဦးညွှန့်လင်းစိုး၊ ဦးကို ကိုလင်း၊ ဦးသန်းထိုက်တို့ကို ဆောင်ရွက် ပေးကြစေချင်ပါသည်။ တော်တော်များများ မှာလည်း ကျွန်တော့်ဆန္ဒအတိုင်း ရှိနေကြ မည်ဟု ယုံကြည်မိပါသည်။ Final Disposal Site ဟုခေါ်သည့် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံနေရာကြီးဆီသို့ အမှိုက်များ များပြားစွာရောက်ရှိမှုအပေါ် လျှော့ချရေး အတွက် ဝိုင်းဝန်းပူးပေါင်းကူညီကြပါရန် တောင်းဆိုမေတ္တာရပ်ခံအပ်ပါသည်။



### (၃) မင်္ဂလာကန်တော်နှင့် မင်္ဂလာကန်တော် ပန်းခြံ

ကျွန်တော် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က မင်္ဂလာဒုံမြို့နယ်၊ ခရေပင် လမ်းပေါ်တွင်ရှိသော ရေကန်ကြီးနေရာသို့ တစ်ဦးတည်းရောက်ရှိခဲ့ပါသည်။ ညနေ စောင်းအချိန်၌ ခရေပင်လမ်းဘက်ခြမ်းရှိ ရေကန်ကြီး၏ မြေသားတာပေါင် (ကန် ပေါင်)အတိုင်း လမ်းလျှောက်ရင်း၊ ကန်ကြီး အတွင်းသို့လည်းကောင်း၊ ကန်ပေါင်တစ် လျှောက်လည်းကောင်း ခရေပင်လမ်းဘက် ဆီသို့လည်းကောင်း အပြန်ပြန်အလှန်လှန် ကြည့်ရှုနေမိသည်။

ကန်ပေါင်၏ အလယ်တစ်နေရာ တွင် အုတ်နံကပ်တစ်ထပ် အဆောက်အဦ ဟောင်း (၁၂ ပေ x ၂၄ ပေ)တစ်လုံး တည် ရှိနေသည်ကိုတွေ့ရသည်။ အနီးကပ်ကြည့် တော့ Pump House ရေစုပ်အိမ်ဟောင်း ဖြစ်ပြီး အသုံးမပြုသည်မှာ တော်တော်ကြာ နေမည်ဟု သုံးသပ်မိသည်။ ၎င်း Pump House ရေစုပ်အိမ်လွန်သော် ရေကန်ကြီး ၏ ရေပိုလွှဲ Spill Way နေရာကိုတွေ့ရ သည်။ Spill Way အကျယ်မှာ ၂၀ ပေနှင့် အနက်မှာ ၁၂ ပေ ရှိရာ ရှေ့ဆက်သွားရန် မဖြစ်တော့ပါ။ ရောက်ရှိနေရာမှ ကန်ကြီး ဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့... ကန် ကြီးအတွင်း ချုံနွယ်ပိတ်ပေါင်းများ၊ ကိုင်း တောကြီးများ၊ ကုန်းတန်းပေါ်နေသည့်နေ ရာများ၊ ကန်ပတ်ပတ်လည်တွင် အုပ်ဆိုင်း ပိတ်ဆို့လျက်ရှိသောချုံနွယ်ပင်များ၊ သစ်ပင် ကြီးများတို့ကို တွေ့မြင်ရသည်။ ကန်ရေပြင် တစ်စိတ်တစ်ပိုင်းကိုသာ တွေ့မြင်ရသည်။ မိမိရှိရာ ကန်ပေါင်ပေါ်တွင်လည်း ချုံနွယ် ပင်ငယ်များ ပေါက်ရောက်နေတာကို တွေ့ ရသည်။ ပြီးလျှင် သစ်ပင်ကြီးအချို့ရှိပါ သည်။ ခရေပင်လမ်းဘက်ကို လှမ်းကြည့် တော့ ရေကန်ကြီး၏ ရေပိုလွှဲ Spill Way မှ ရေများစီးဆင်းရာလမ်းကြောင်း ခရေပင် လမ်းအောက်ဖြတ်၍ Box Culvert မြေ အောက်ရေမြောင်းမှတစ်ဆင့် လမ်းမြောက် ဘက်ခြမ်းရှိ တပ်မတော် မေးတာကျွန်းသို့ဝ ဝင်းအတွင်း မြေနိမ့်ပိုင်းပေါ်နိုက်ခင်းများ ဆီသို့ တစ်ဖျော်တစ်ခေါ် တွေ့မြင်ရသည်။



ကန်ပေါင်အောက်ခြမ်းနှင့် ခရေပင် လမ်းကြားတွင်လည်း ဆေးပင်ပင် ချုံနွယ်ပိတ်ပေါင်း ပင်များ၊ မြက်ပိုင်းများ၊ ရွှံ့နွံများရှိနေကြတာ ကို အမှတ်ထားမိသည်။ နှောင်းပြလာပြီ ဖြစ်သဖြင့် ကန်ပေါင်ပေါ်မှဆင်းကာ နေ အိမ်သို့ပြန်ခဲ့ပါသည်။ ဒီလောက်ဆိုရင်ပြီ ဘာလုပ်ရမလဲဘာဖြစ်လို့လဲဆိုတာတွေ ခေါင်းထဲမှာ အစီအစဉ်ချမှတ်ပြီးဖြစ်ပါ သည်။ ရေကန်ကြီး သန့်ရှင်းသာယာရေး စီမံချက်အကြမ်းဟု ခေါ်ဆိုနိုင်ပါသည်။ နောက်တစ်နေ့ နံနက်စောစောပိုင်း ၀၈:၃၀ နာရီအချိန် ရန်ကုန်မြို့တော်စည်ပင်သာ



ယာဉ်ရေးတော်မတော်၏ ခုပေါင်းအားများ ဆုံရာနေရာကို မင်္ဂလာဒုံ ခရေပင်လမ်းပေါ်က ရေကန်ကြီးနေရာဟူ၍ သတ်မှတ်လိုက်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်တွင် စီမံရေးရာဌာန၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးဌာန၊ ပန်းဥယျာဉ်နှင့် အပန်းဖြေစခန်းများဌာန၊ မြို့ပြပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ အင်ဂျင်နီယာဌာန(ရေဆိုးရေလွှဲစီမံခန့်ခွဲမှု) စသည့် ဌာနကြီးများရှိပါသည်။ အဆိုပါဌာနများသည် ဌာနတစ်ခုတည်းအတွင်းသော်လည်းကောင်း၊ ဌာနအချင်းချင်းသော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်ကြပါသည်။ စုပေါင်းလုပ်ဆောင်မှု Team Work အလွန်ကောင်းသည်။ ဌာနအသီးသီးရှိ ယာဉ်ယန္တရားများ၊ အရာရှိများ၊ ဦးစီးလုပ်သားအင်အားများ စသည်တို့ စုစည်းရောက်ရှိကြပြီး ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ နံနက် ၀၆း၃၀ နာရီ အချိန်ကစတင်ကာ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းပေါ်ရှိ ရေကန်ကြီး သန့်ရှင်းသာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြပါသည်။ အသုံးပြုကြသည့် စက်ယန္တရားအမျိုးအစားပါဝင်သည်။ မြက်ရိတ်စက်ငယ်များ၊ မြေတူးစက်အမျိုးမျိုး အသေးစား၊ အလတ်စား၊ Long Arm ပါ အကြီးစား၊ ရေထဲတွင်ပါ သွားလာတူးဖော် အသုံးပြုနိုင်သည့် Amphibious မြေတူးစက်၊ ဒိုက်ဇာများ၊ ကိုင်းခုတ်စက်များ ဖြတ်တောက်ရှင်းလင်းရေး ယန္တရားများ၊ လမ်းကြိတ်စက်၊ Grader လမ်းညှိစက်၊ ရေစုပ်စက်၊ သစ်ပင် သစ်ကိုင်းဖြတ်စက် စသည့် အမျိုးစုံလှသည်။ ရေကန်ကြီးအတွင်း၊ ရေကန်ပတ်ပတ်လည် ကန်ပေါင်ပေါ်၊ ခရေပင်လမ်းဘက် ကန်ပေါင်အား၊ ကန်စောင်း၊ ခရေပင်လမ်းတစ်လျှောက် ပြည်လမ်းမှ တပ်မတော် ဂေါက်ကွင်းအဝင်လမ်းအထိ ဆောင်ရွက်ရန်ရှိသည်များကို တစ်ပြိုင်တည်း တစ်ပြိုင်တည်း လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းကို ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် လမ်းကြောင်းဟု သတ်မှတ်ထားပါသည်။ ခရေပင်လမ်းအား ၆/ယာ ကွန်ကရစ်လမ်းသားတိုးချဲ့ခြင်း၊ ယာဉ်ရပ်နေရာ၊ စက်ဘီးသွားလမ်း Bike Lane လုပ်ငန်း၊ ခရေပင်လမ်းဖြတ် Box Culvert မြေအောက်ရေရမြောင်းရှိသည့်နေရာတွင် ယာဉ်ကြီးများ ဖြတ်သန်းသွားလာသည့်အခါ ချောချွတ်မှု မရှိခြင်းအား လမ်းသားချက်နှင့်ပြင် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)အား ဦးစွာ တာဝန်ပေး ဆောင်ရွက်စေပါသည်။ ကန်ပေါင်တစ်လျှောက် ၉ ပေ အကျယ်၊ ဖြ လက်မထု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကန်ပေါင်ပေါ်ရှိအသုံးမပြုတော့သော Pump House ရေစုပ်အိမ်အား သက်ဆိုင်ရာနှင့် ညှိနှိုင်းဖျက်သိမ်းခြင်း၊ ရေပိုလွှဲ Spill Way နေရာအား ဖြတ်သန်းသွားလာနိုင်ရန် တံတားကြမ်းခင်း ဆောင်ရွက်ပေးခြင်း၊ ရေတံခါးမွမ်းမံပြင်ဆင်ခြင်း၊ ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် မွမ်းမံပြင်ဆင်ခြင်း၊ ကန်ပေါင်ပေါ် လမ်းမီးတွန်းညှိပေးခြင်း၊ ကန်စောင်းနှင့် ခရေပင်လမ်းကြားတွင် ရေကန်ငယ်တူးဖော်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ လမ်းဘေးရေမြောင်းများ တည်ဆောက်ခြင်း၊ တပ်ပိုင်စည်းရိုးနံရံအား ဆေးသုတ်ခြင်း စသည့်လုပ်ငန်းများကိုလည်း လမ်းတံတား အင်ဂျင်နီယာအဖွဲ့အား တာဝန်ပေး ဆောင်ရွက်စေခဲ့ပါသည်။ ရေကန်ကြီး ပတ်ပတ်လည်တစ်လျှောက် အုပ်ဆိုင်းလျက်ရှိသော သစ်ပင်ကြီးများအား အလင်းဖွင့်ပေးခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ၊ ကိုင်းတောများ ရှင်းလင်းခြင်း၊ ကန်ပေါင်ပေါ်ရှိ သစ်ပင်ကြီးများအားလည်း အလင်းဖွင့်၊ သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ကန်ပေါင်အတွင်းဘိုင်း အပေါ်ဘက်ခြမ်းတွင် အလှပန်းပင်ငယ်များ စိုက်ပျိုးပေးခြင်း၊ ကန်ပေါင်အပြင်ဘက် ခရေပင်လမ်းတစ်လျှောက်လုံး မြေသားပြုပြင်ပြီး မြက်ခင်းများစိုက်ပျိုးခြင်း၊ ပန်းအလှများ ထည့်သွင်းပြီး ဥယျာဉ်သဖွယ် ဖန်ဆင်းပေးခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းပစ္စည်းများ တပ်ဆင်ပေးခြင်း စသည့် အဓိကကျသည့်



လုပ်ငန်းများအားလုံးကို ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ယူ ပုံဖော်လုပ်ဆောင်ပေးပါသည်။

ဧက ၅၀ ကျော်ခန့်ရှိသည့် ရေကန်ကြီးအတွင်း တူးဖော်ရှင်းလင်းရေး လုပ်ငန်းများကိုတော့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ အင်ဂျင်နီယာဌာန (ရေဆိုးရေလာစီမံခန့်ခွဲမှု)တို့မှ ယာဉ်စက်ယန္တရားများ လုပ်သားအင်အားများ ပေါင်းစပ်အသုံးပြုဆောင်ရွက်ပေးကြပါသည်။ သန့်ရှင်းသာယာရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လုပ်သားအင်အားများစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့ဌာနပေါင်းစုံ ပူးပေါင်းပါဝင် တက်ညီ လက်ညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းချိန် (၃) လ နီးပါးခန့်ပြီး မတ်လနောက်ဆုံးပတ်ရောက်ရှိချိန်မှာတော့ ကန်ကြီးလည်း သာသာယာယာဖြစ်လာပါပြီ။ စေရာင်လမ်းဘက် ကန်ပေါင်ကြီးလည်း မြက်ခင်းစိမ်းစိမ်းနှင့် ၃ ဧက ခန့်ရှိသည့် ပန်းခြံငယ်ပန်းဥယျာဉ်ငယ်တစ်ခု ဖြစ်လာပါပြီ။

အနီးအနား ဖြတ်သန်းသွားလာကြသူများသိမှာရော၊ ကျွန်တော့်အသိမိတ်ဆွေများသိမှာရော၊ အင်းလျားကန်ဘောင် Inya Bank ကို မင်္ဂလာဒုံစေရာင်လမ်းဘက် ရွှေ့လိုက်တာလားဟု ချီးကျူးထားသမျှ ပြောကြပါသည်။ ဝိတ်ဖြစ်ရပါသည်။ အမှန်အတိုင်းပြောရလျှင် ရန်ကုန်မြို့၏ နေရာကောင်းကောင်းများများမှာ ယခုလိုမျိုးတွေ အကောင်အထည်ဖော် ဆောင်ရွက်ပေးချင်ပါသည်။ ယခုအချိန်အထိ ရေကန်ကြီးမှာရှိသော ရေသားခဲ့ရာ၊ ရေကန်ကြီး၏ အမည်နာမမှာ "စျေးဦးပါ လက်ျာတော်ကွန်း၊ ပြဿနာ နိမိတ်ထွန်း၊ မင်္ဂလာရှိသော စကားပြောကြားရာ၏" ဆိုသည်နှင့်အညီ "မင်္ဂလာကန်တော်"ဟု ခေါ်ဝေါ်ပါကြောင်း၊ မင်္ဂလာကန်တော်ကြီးရှေ့က ပန်းခြံကိုလည်း "မင်္ဂလာကန်တော်ပန်းခြံ"ဟု ခေါ်ကြပါစို့။

ယခုဆိုလျှင် မင်္ဂလာကန်တော် ကန်ပေါင်ပေါ်တွင်လည်းကောင်း၊ မင်္ဂလာကန်တော် ပန်းခြံတွင်လည်းကောင်း၊ နံနက်စောစော ညနေစောင်းချိန်တို့တွင် အပန်းဖြေ အနားယူခြင်း၊ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်း ဆောင်ရွက်ကြခြင်း စသည်ကို မြင်တွေ့နိုင်ကြပြီ ဖြစ်ပါသည်။ မင်္ဂလာကန်တော်ကို အမှီပြုပြီး စေရာင်လမ်းတစ်လျှောက်လုံး သန့်ရှင်းသာယာရေး ဆက်လက်ဆောင်ရွက်သွားလိုပါသည်။ ဆောင်ရွက်သွားပါမည်။ ပြည်လမ်းမကြီးနှင့် စေရာင်လမ်းဆုံရာ ကြိုက်ကွန်းတွင်လည်း ပန်းဥယျာဉ်အဖွဲ့မှ မြက်ခင်းစိမ်းစိမ်း စိုက်ပျိုးထားပြီး ဖြစ်ပါသည်။ ပူးပေါင်းထိန်းသိမ်း ပိုင်းဝန်းဆောင်ရွက်ကြစေချင်ပါသည်။ စေရာင်လမ်းကြီး၏ ပြည်လမ်းနှင့် ထောက်မင်္ဂလာ လမ်းကြားအပိုင်းတစ်လျှောက်လုံးသည် စိတ်ဝင်စားစရာ အကွက်ကောင်းပါသည်။ လမ်းဘေးဝဲ/ယာတစ်လျှောက် ပုဂ္ဂလိက တစ်ဦးချင်းပိုင် မြေ မြက်ကွက်များ မတွေ့ရဘဲ တပ်မတော်၊ ဌာနဆိုင်ရာ၊ ဂေါက်ကွင်း စသည်တို့ တည်ရှိနေကြတာကို တွေ့မြင်ရပါသည်။ မင်္ဂလာကန်တော်ကြီး၏ ရေထုအားထိန်းညှိပြီး ရေပိုလျှံမှု ထုတ်လွှတ်သော ရေများအားအသုံးပြု၍ စေရာင်လမ်းတစ်ဘက်ခြမ်းရှိ တပ်မတော် ဆေးတက္ကသိုလ်



ဝင်းအတွင်း အနိမ့်ပိုင်းဧရိယာ၌ စိုက်ပျိုးလျက်ရှိသော စပါးစိုက်ခင်းအား ပို၍အဆင့်မြှင့်လာအောင် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးနိုင်အောင် ဖော်ဆောင်ပေးလိုရမည်ထင်ပါသည်။ စေရပင်လမ်းအား အောက်မင်္ဂလာဒုံလမ်းဆုံအထိ ဝဲ/ယာ ကွန်ကရစ်လမ်းသားတိုးချဲ့ခြင်း ဆောင်ရွက်ခြင်းအားဖြင့် Bike Lane စက်ဘီးသွားလမ်းပေါ်ထွက်လာပြီး နေ့ဘွဲ့ယာဉ်ရပ်နေရာများအဖြစ် တစ်ပြိုင်တည်းအသုံးပြုသွားနိုင်မှုဖြစ်ပါသည်။ တိုးချဲ့လမ်းသားအပိုင်းအား သီးသန့်ရှုဦးဝါလိုင်းများ မေးနဲ့ပေးသွားမည်ဖြစ်ပါသည်။ စေရပင်လမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများကို မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စုပေါင်းအားများဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



**(၄)မင်းဓမ္မလမ်းမှသည် ဆင်စီးယားလမ်းသို့**

**မင်းဓမ္မလမ်း**

မင်းဓမ္မလမ်းသည် အင်းစိန်စော်ဘွားကြီးကုန်း ပြည်လမ်းနှင့် လမ်းသစ်လမ်းဆုံရာ၊ မြောက်ဘက်မှအစပြုပြီး တောင်ဘက် လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ ပါရမီလမ်းအထိ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ မြောက်လမ်းသွား ကွန်ကရစ်လမ်းကြီးဖြစ်ပြီး လမ်းအရှည်စုစုပေါင်းမှာ သုံးမိုင်ကျော်ခန့် ဖြစ်သည်။

လမ်းတစ်လျှောက် အရှေ့ကြို့ကုန်းလမ်း၊ တော်ဝင်လမ်း၊ အောင်သိဒ္ဓိလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်းတို့ကို ဖြတ်သန်းသွားရသည်။ အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့၏ နယ်မြေအစိတ်အပိုင်းအချို့ကို ဖြတ်သန်းသွားရသည်။ မင်းဓမ္မလမ်းအောက်တွင် အောင်သိဒ္ဓိချောင်း၊ ဆည်မြောင်းများ၊ သမိုင်းချောင်းတို့ ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။

ဤမင်းဓမ္မလမ်းကြီးကို ကျွန်တော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) တာဝန်ယူခဲ့စဉ်က ဦးစီးဦးဆောင်ပြုလုပ်ပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်လမ်းနှင့် အင်းစိန်လမ်းတို့အကြား ယင်းလမ်းတို့နှင့်အပြိုင် တောင်မြောက်ထွက်ပေါ်လာသည့် လမ်းသစ်တစ်ခုဖြစ်ပါသည်။



မင်းဓမ္မလမ်း အကြောင်းပြပြီး နိုင်ငံတော် အကြီးအကဲနှင့် သုံးကြိမ်တိုင်တိုင် တွေ့ဆုံလမ်းညွှန် မှာကြားမှုခံယူခဲ့ရသည်ကို သတိရမိသည်။ ပထမဆုံးအကြိမ်တွင် ယခုလမ်းသစ်ဖောက်လုပ်ရေးနှင့်ပတ်သက်ပြီး ပြည်လမ်းမကြီးနှင့် ပါရမီလမ်း ဆက်သွယ်မိဖြစ်ကြောင်း၊ လုပ်ငန်းအမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားခြင်းဖြစ်ပါသည်။

ထိုစဉ်အခါက ရန်ကုန်မြို့တော်ဝန် ဦးကိုလေးနှင့်အတူ လမ်းညွှန်မှုခံယူခြင်းဖြစ်ပါသည်။ ညွှန်ကြားချက်ရယူပြီးသည်နှင့် တစ်ပြိုင်နက် နောက်တစ်နေ့မှစတင်ကာ ကျွန်တော်လည်း လမ်းသစ်ဖောက်လုပ်ရေးကို အကောင်အထည်ဖော်ပါတော့သည်။ ပါရမီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းကြား အပိုင်းကို အင်ဂျင်နီယာအရာရှိတစ်ဦး၊ ဦးစီးတစ်ဖွဲ့၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် တော်ဝင်လမ်းကြားအပိုင်းကို အင်ဂျင်နီယာအဖွဲ့ရှိ





တစ်ဦး၊ ဦးစီးတစ်ဖွဲ့၊ တော်ဝင်လမ်းနှင့် ပြည်လမ်းကြားအပိုင်းကို အင်ဂျင်နီယာအရာရှိတစ်ဦး၊ ဦးစီးတစ်ဖွဲ့ဟူ၍ အပိုင်းလိုက်ခွဲခြားပြီး စက်ယန္တရားများ၊ လုပ်သားအင်အား ပြည့်ပြည့်စုံစုံဖွဲ့စည်းပြီး အင်တိုက်အားတိုက် လမ်းသစ်ကြီးဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြပါသည်။


လမ်းသစ်ဖောက်လုပ်ခြင်းမှာ ပြည်လမ်းထိပ်တွင် ဆယ်မိုင်ကုန်းနှင့် ဖော်တွားကြီးကုန်းကြား၊ တပ်ထိမ်းစောင့်သည့်လိုင်းအရှေ့ဘက်၊ မင်းဓမ္မတောင်ကုန်းကြီး၏ အရှေ့ဘက်ခြမ်းကို ကနဦးဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ မြေသားလမ်းကျဉ်းလေး မညီမညာအနေအထား၊ ချိုင့်ခွက်များ၊ လူသွားလမ်း အုတ်ခဲကျိုးခင်းထားသည့် အနေအထားဖြစ်ပါသည်။

လုပ်ငန်းစတင်၍ တစ်ပတ်ခန့်အကြာ ပြည်လမ်းထိပ်တွင် ကျွန်တော်တို့အဖွဲ့ စုစည်းရောက်ရှိနေချိန် နိုင်ငံတော်အကြီးအကဲယာဉ်တန်း ပြည်လမ်းအတိုင်း ဖြတ်သန်းမောင်းနှင်သွားပါသည်။ မော်တော်ဘက်သို့သွားကြောင်း သိရပါသည်။ မကြာပါ၊ မြို့တော်ဝန်နှင့် လမ်းတော်တာဝန်ခံ[illegible]တို့ ပြည်လမ်း၊ ဖော်တွားကြီးကုန်းနှင့် လမ်းသစ်လမ်း ဆုံရာနေရာမှ စောင့်ဆိုင်းနေကြဖို့ မော်တော်အပြန်တွေ့မည်ဖြစ်ကြောင်း သတင်းရောက်လာပါသည်။

ကျွန်တော်နှင့် ရန်ကုန်မြို့တော်ဝန် ဦးကိုလေးတို့နှစ်ဦးသား စောင့်ဆိုင်းနေရာ နိုင်ငံတော်အကြီးအကဲ မော်တော်ကားအပြန် ရောက်ရှိလာပြီး "မင်းတို့လမ်းဖောက်တာ များနေပြီ၊ ငါနိုင်တာက အဲဒီအတိုင်း ဖောက်နိုင်တာ" ဟုပြောတော ပြည်လမ်း၊ ဖော်တွားကြီးကုန်းနှင့် လမ်းသစ်လမ်းဆုံရာမှတည့်တည့် မင်းဓမ္မကုန်းရှိရာဘက်ကို လက်ညှိုးထိုးပြသည်။ နားလည်ကျွတ်သိမ်းဝင် မင်းဓမ္မတောင်ကုန်း အနောက်ဘက်တောင်ကြောကြီးကို ဖြတ်သန်းဖောက်လုပ်နိုင်ခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့်လည်း တစ်ဆက်တစ်စပ်တည်းဖြစ်နေရာ ဘုန်းကြီးကျောင်းတည်ရာနှင့် မင်းဓမ္မတောင်ကုန်းကြား တောင်ကြားလမ်းသွယ် ဖြတ်ဖောက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်နေသည့် နေရာအနီးဝန်းကျင်တွင် ကုန်းတွေများစွာရှိပါသည်။ နို့သာကုန်း၊ ဖော်တွားကြီးကုန်း၊ ဦးစည်ညွှန့်ကုန်း၊ မင်းဓမ္မကုန်း၊ မြို့ကုန်း စသည်တို့ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန်အတွက် မင်းဓမ္မတောင်ကုန်းပေါ်သို့ တက်ရောက်ပြီး အကြိုလေ့လာတိုင်းတာမှုတွေ၊ တွေ့ဆုံမှုတွေ ပြုလုပ်ရပါသည်။ ဆရာဦးရှိန်ဆောင်နိုလ်တို့အဖွဲ့ကို တွေ့ဆုံစကားပြောခွင့် ရခဲ့ပါသည်။ ဆရာဦးရှိန်ဆောင်နိုလ်၏ အကူအညီဖြင့် မင်းဓမ္မတောင်ကုန်းအနောက်ဘက် တစ်ဆက်တစ်စပ်တည်းရှိသော ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးအား ကောင်းမွန်စွာလျှောက်ထားပြီး လမ်းဖောက်လုပ်ခြင်း၊ ဘူမိဗေဒ မြေတိုင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မင်းဓမ္မဘုရားကုန်းတော်ကိုလည်း ကန်တော့ပွဲဖိုး ပူဇော်ပသပြီး လမ်းလုပ်ငန်းကြီး အောင်မြင်ချောမွေ့စွာ ပြီးမြောက်နိုင်ရေးအတွက် ဆိုင်ရာဆိုင်ရာများမှကူညီကာ ချောမွေ့စွာပြီးမြောက်နိုင်ရေးအတွက် ကူညီစောင့်ရှောက်ကြပါရန်လည်း ဆရာတောင်းမေတ္တာရပ်ခံခြင်းအမှု လုပ်ခဲ့ကြပါ





သည်။

လမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းခွင်နေရာကို တော်ဝင်လမ်းထိပ်တည့်တည့်၊ လမ်းကြီး၏ အနောက်ဘက်ခြမ်းတွင်ထား ရှိပြီး လမ်းလုပ်ငန်းပြီးစီးရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်နေပါသည်။ တာဝန်ရှိသူ အင်ဂျင်နီယာများ အားလုံး၊ လမ်းလုပ်သားများ၊ ယာဉ်စက်ယန္တရားမောင်းသူများအပါအဝင် အားလုံး အထူးကြိုးစား ဆောင်ရွက်နေကြရာ တဖြည်းဖြည်းနှင့် လမ်းမကြီးမှာ ပုံပေါ်လာပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန် အနေအထားသာ ကျန်ရှိတော့သည့် အခြေအနေသို့ ရောက်ရှိလာပါသည်။ တစ်ရက်တွင် လုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိလာပါတော့သည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအထားကို နိုင်ငံတော်အကြီးအကဲအား ရှင်းလင်းတင်ပြခဲ့ရာ ကျေနပ်နှစ်သက်အားရသည့် အမူအရာ တွေ့မြင်ရပါသည်။

ကျွန်တော်က လမ်းသစ်ကြီးမကြာမီ အလုံးစုံပြီးစီးတော့မည်ဖြစ်သဖြင့် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်ခွင့်ပြုရန် တင်ပြခဲ့ပါသည်။ ထို့ပြင် လမ်းသစ်ကြီးအား အမည်မှည့်ပေးပါရန် တင်ပြရာ နိုင်ငံတော်အကြီးအကဲက စဉ်းစားသုံးသပ်ကာရှိသလားဟု ပြန်လည်မေးမြန်းရာ ကျွန်တော်က ရှိပါကြောင်း၊ မင်းဓမ္မတောင်ကုန်းအနီး ဖြတ်သန်းဖောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် "မင်းဓမ္မလမ်း"ဟု ခေါ်ဝေါ်သတ်မှတ်စေချင်ပါကြောင်း တင်ပြခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲက "မင်းတရားကြီးနဲ့ဆိုတော့"ဟူ၍ ခပ်ပြုံးပြုံးဖြင့် ထောက်ပြပြောဆိုလာရာ ကျွန်တော်က "မဟုတ်ပါခင်ဗျာ၊ တရားရှိသော မင်း၊ တရားအကျင့်နဲ့ ကျင့်ကြံလုပ်ကိုင်ဆောင်ရွက်သော မင်း၊ မင်းဓမ္မပါခင်ဗျာ"ဟု ပြန်လည်ရှင်းလင်းတင်ပြခဲ့ရာ ကျွန်တော်တို့ ဖောက်လုပ်ခဲ့သော လမ်းသစ်ကြီးအား နိုင်ငံတော် အကြီးအကဲက ချက်ချင်း "မင်းဓမ္မလမ်း"ဟု ဆုံးဖြတ်ချက်ချ ခွင့်ပြုပေးလိုက်ပါသည်။ ဤသည်မှာ တတိယအကြိမ်တွေ့ဆုံလမ်းညွှန်မှုကြားရ ခံယူခဲ့ရမှု ဖြစ်ပါသည်။ သည်နောက်မှာတော့ ကျွန်တော်တို့ ဖောက်လုပ်ခဲ့သည့် အရှည်သုံးမိုင်ကျော်၊ ၁၆၅၀ ပေရှိသော မင်းဓမ္မလမ်းသစ်ကြီးကို ၅၂ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၁၉၉၇ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။

**ခင်စီယသာလမ်း**

နောက်နှစ်အတော်ကြာမှာတော့ မင်းဓမ္မလမ်းတစ်လျှောက် ၆/ယာ လူနေအဆောက်အအုံအသစ်တွေ၊ စီးပွားရေးအဆောက်အအုံတွေ၊ ရုံးခန်း၊ ဆိုင်ခန်းတွေ အလျှိုလျှို ပေါ်ထွက်လာသည်ကို တွေ့မြင်ရပါသည်။ ပို၍ ကြည်နူးဖွယ်ရာ ရှိသည်မှာ ယခု မင်းဓမ္မတောင်ကုန်းပေါ်တွင် တည်ထား ကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)အား တောင်ကုန်းအနောက်ဘက် မင်းဓမ္မလမ်းပေါ်မှနေ၍ တောင်ပေါ်သို့ ပင့်ဆောင်ပူဇော်ခွင့် ရခဲ့ခြင်းပေါ့၊ မင်းဓမ္မလမ်းသာမရှိလျှင် ကျောင်ကျောက်သား ရုပ်ပွားတော်ကြီးအား တောင်ပေါ်သို့ ပင့်ဆောင်ရန် အခက်အခဲရှိပါလိမ့်မည်။ ယခုတော့ အနောက်ကြို့ကုန်းလမ်း၊ အရှေ့ကြို့ကုန်းလမ်းတို့မှတစ်ဆင့် မင်းဓမ္မလမ်းအထိ သယ်ယူပင့်ဆောင်ကာ မင်းဓမ္မလမ်းပေါ်အရောက် ရပ်နားပြီး တောင်ပေါ်သို့ ဆက်လက်ပင့်ဆောင် ပူဇော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော် ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားယူပြီးမှ ယခုတစ်ကျော့ ပြန်လည်တာဝန်ထမ်းဆောင်ရခြင်း ဖြစ်ပါသည်။ မင်းဓမ္မလမ်းမကြီးအတိုင်း ပါရမီလမ်းမှ၍ ယာဉ်မောင်းလာခဲ့ရာ တော်ဝင်လမ်းဆုံရောက်သည်နှင့် မင်းဓမ္မဘုရားတောင်ကုန်းကြီး၏ အရှေ့ဘက်၊ ကျွန်တော်တို့ပြီးစီးအောင် မဆောင်ရွက်လိုက်ရသော လမ်းကျဉ်းလေးပေါ်တွင် စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းကို တွေ့ရပါသည်။

ဘာသာ၊ သာသနာနယ်မြေနှင့် မသပ်မရပ် ကျူးကျော်နေထိုင်ကြသည့် လူနေအိမ်နှင့် တဲငယ်ပေါင်း သုံးရာကျော် နီးပါးခန့် ပြွတ်သိပ်နေကြသည့် မြင်ကွင်းပါ။ လမ်းနယ်ပေါ်မှာ တရားမဝင် ကျူးကျော်နေထိုင်ကြသည့်အတွက် အားလုံးဖျက်သိမ်းပြောင်းရွှေ့ရန် တရားဥပဒေနှင့် အညီ ကြေငြာသတိပေး စာပေးပို့ခြင်း၊ ထပ်မံ၍ ရှင်းလင်းဖယ်ရှားပေးကြပါရန် အသိပေး အကြောင်းကြားခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ကျူးကျော်တဲများအားလုံး ဖျက်သိမ်း ရွှေ့ပြောင်းကြပြီးသည့် နောက်မှာတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စုပေါင်းအားများဖြင့် မင်းဓမ္မဘုရား တောင်ကုန်းကြီး၏ အရှေ့ဘက်အခြမ်း၊ လမ်းအပိုင်းကိုသန့်ရှင်းသာယာသပ်ရပ်စေရန်လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ပန်းဥယျာဉ်နှင့် အပန်းဖြေနေရာများဌာန၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့က အင်အားများစွာ၊ ယာဉ်ယန္တရားများပါ အသုံးပြုခဲ့ရပါသည်။ ဆောင်ရွက်ခဲ့ရသည့် လမ်းကျဉ်းလေးကို နှစ်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် အရှည် ၂၈၀၀ ပေ၊ အကျယ် ၂၄ ပေ၊ ထု ၉ လက်မ။ ကွန်ကရစ်ခင်းကျင်းပြီးစီးအောင် အကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

မင်းဓမ္မဘုရားတောင်ကုန်းပတ်လည် အရှေ့၊ အနောက်၊ တောင်၊ မြောက် စိတ်ချမ်းမြေ့ ကြည်နူးဖွယ်ရာ ဖြစ်လာပါပြီ။ မြင်တွေ့နေရတာတစ်ခု ဆက်လိုက်နိုင်တာပဲ ဖြစ်ပါသည်။ မင်းဓမ္မဘုရားတောင်ကုန်း အရှေ့ဘက် ကွန်ကရစ်လမ်းသစ်ဖြစ်သွားသော လမ်းအမည်က **"ခင်စိမ်းသာလမ်း"**။

## (၅)ဘုရင့်နောင်လမ်းမကြီးပေါ်မှာ

လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်း သီရိမင်္ဂလာကုန်စိမ်းဈေးကြီးရှေ့မှ ကြိမ်ဖန်များစွာ ဖြတ်သန်းဖြတ်သွားခဲ့ဖူးသည်။ မော်တော်ယာဉ်ငယ် အသုံးပြု၍လည်းကောင်း၊ ခရီးသည်ယာဉ်ဖြင့်လိုက်ပါ၍လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း အမျိုးမျိုးအဖုံဖုံပါ။ ဈေးကြီး၏ တောင်ဘက်တွင် ရွှေပိတောက် ငါးဈေးကြီး၊ မြောက်ဘက်တွင် ပိတောက်ချောင်းဆိပ်ခန်း၊ ပိတောက်ချောင်း၊ အတွင်းပိုင်းတွင် ဧရာဝတီဘဏ်၊ Max ရေနံထွက်ပစ္စည်းအရောင်းဆိုင်တို့ ရှိကြသည်။ ထို့ပြင် ဈေးကြီးအနောက်ဘက်တွင် လှိုင်မြစ်ကြီးတည်ရှိနေပြီး ဆိပ်ခံတံတားများလည်း တည်ဆောက်ထားရာ ရေကြောင်းမှ ကုန်စည်များစွာ ဈေးကြီးအတွင်းသို့ လည်းကောင်း၊ ငါးဈေးအတွင်းသို့လည်းကောင်း ရောက်ရှိကြသည်။ ဈေးကြီးနှင့် မျက်နှာချင်းဆိုင် ဘုရင့်နောင်လမ်း အရှေ့ဘက်ခြမ်းမှာတော့ ကမ္ဘောဇဘဏ်၊ အင်တာနေရှင်နယ်စကူးလ်တို့ ရှိကြသည်။

ဘုရင့်နောင်လမ်းမကြီးသည် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးဖြစ်ပြီး ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ ကမ်းနားလမ်း၊ နှာနတ်တောလမ်းတို့ဆုံရာမှ စတင်ပြီး အင်းစိန်မြို့နယ် အနောက်မဂ်လာ ၃ လမ်းဆုံရာအထိဖြစ်သည်။ အရှည်အားဖြင့် ခြောက်မိုင်ခွဲခန့်နီးပါးရှိသည်။ လမ်းတစ်လျှောက် ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ အင်းစိန်မြို့နယ်တို့၏ အစိတ်အပိုင်းတို့ကို ဖြတ်သန်းသွားရသည်။ ဘုရင့်နောင်လမ်းမကြီးအောက်က ဖြတ်၍ ကမာရွတ်ချောင်း၊ ချောင်းငယ်ချောင်း၊ ပိတောက်ချောင်း၊ သမိန်ချောင်း၊ ရှိကြီးချောင်း၊ ကသွယ်ချောင်း၊ ဝေါက်တောချောင်း၊ ရွာမချောင်း စသည်တို့ ဖြတ်သန်းစီးဆင်းနေကြပြီး အဆိုပါချောင်းအသီးသီးမှ ရေများသည် ဘုရင့်နောင်လမ်းမကြီး၏ အနောက်ဘက် ပေမှိန်းကမ်းတွင်ရှိသော လှိုင်မြစ်ကြီးအတွင်းသို့ စီးဝင်ခြင်းဖြစ်ပါသည်။





ခေါ်ပြခဲ့သည့်အတိုင်း ဘုရင့်နောင်လမ်းမကြီးသည် ရန်ကုန်မြို့၏ အနောက်ဘက်ခြမ်းတွင် မြို့တော်ပတ်လမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တည်ရှိနေပြီး တောင်ဘက်တွင် ဆက်စပ်လျက် ကမ်းနားလမ်း၊ မြောက်ဘက်တွင် ရန်ကုန်မြို့အဝင် အမှတ် ၄ လမ်း၊ ပြည်လမ်းမကြီး၊ အမှတ် ၃ လမ်း (ဧရာဝတီလမ်းမှတစ်ဆင့်)တို့နှင့် ချိတ်ဆက်ထားသကဲ့သို့ ဧရာဝတီတိုင်းဘက်မှ ဝင်ရောက်လာသည့် မော်တော်ယာဉ်များသည်လည်း လှိုင်သာယာ ဘုရင့်နောင်တံတား၊ မအောင်မြေတံတား၊ ရွှေပြည်သာတံတားတို့နှင့် ချိတ်ဆက်ထားပါသည်။ သို့ဖြစ်ရာ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ယာဉ်ကြီး၊ ယာဉ်ငယ်များစွာ နေ့စဉ်အသုံးပြု သွားလာနေကြသည်ကို တွေ့ကြရသည်။ ဘုရင့်နောင်လမ်းမကြီးကို ကုန်တင်ယာဉ်များ ဖြတ်သန်းအသုံးပြုနိုင်ရန် လမ်းကြောင်းအဖြစ် ခွင့်ပြုသတ်မှတ်ထားရှိပါသည်။

သီရိမင်္ဂလာဈေးကြီးအတွင်းသို့ မြန်မာပြည်အနှံ့အပြားမှ လာရောက်ကြသော ရာသီအလိုက် ကုန်စိမ်းကားကြီးများ နေ့စဉ်ဝင်/ထွက်လျက်ရှိသည်။ များသောအားဖြင့် ညဉ့်ပိုင်းအချိန်များနှင့် နံနက်စောစောပိုင်းအချိန်တို့တွင် အသွားအလာများပြားပါသည်။ ရန်ကုန်မြို့နယ် အသီးသီးမှ လာရောက်ကြသော တစ်ဆင့်ခောက်သည်သူ လက်လီရောင်းချကြမည့် ဈေးလာဝယ်သူများ၊ ၎င်းတို့နှင့်အတူ ကုန်စိမ်းများတင်ဆောင်ရန် လိုက်ပါလာသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်၊ ဆိုက်ကားများ၊ လက်တွန်းလှည်းများ၊ ကုန်စိမ်းထမ်းအလုပ်သမားများ၊ ဈေးရောင်းသူ၊ ဈေးလာဝယ်သူ စသည်တို့ဖြင့် သီရိမင်္ဂလာဈေးကြီးရှေ့ ဘုရင့်နောင်လမ်းမကြီးသည် နံနက်အစောပိုင်းများတွင် အလွန်စည်ကားပါသည်။ စည်ကားရုံမျှ ရပ်မနေပါ။ ရှုပ်ထွေးပြည့်ကျပ်ပြီး လမ်းမကြီးပေါ်တွင် ကားများသွားလာ၍မရအောင် ပိတ်ဆို့နေခြင်းမျိုးလည်း နေ့စဉ်လိုလိုဖြစ်နေပါသည်။ ဒီကြားထဲ နိုး၊ ဆိုး၊ နိုက်၊ လုယက် ခုစနိုက်မှု ကျူးလွန်လိုသူတို့ မျက်စေ့ကျစရာလည်းဖြစ်၊ တကယ်လည်း မှုခင်းပေါင်းစုံဖြစ်ပေါ်ခဲ့သည်။ ဈေးကြီးထဲကနေ တစ်မျက်နှာစာ ဝယ်ယူပြီး ဈေးအပြင် ဘုရင့်နောင်လမ်းဘေးမှာပဲ လက်လီရောင်းချနေသည့် ညဉ့်ပျက် ပွဲရုံဈေးတန်းကလည်း ဖြစ်ပေါ်နေသည်။ ဒီလိုဖြစ်ပေါ်နေတာတွေကို ဖြေရှင်းပေးဖို့ ကျွန်တော်တို့ တာဝန်ရှိပါသည်။

ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်းမွန်စေရေး၊ လမ်းအသုံးပြုသူများ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာစေရေးတို့ ဆောင်ရွက်ပေးရပါမည်။ သီရိမင်္ဂလာဈေး အဝင်/အထွက်လမ်းနှင့် ဘုရင့်နောင်လမ်းမကြီး အရှေ့ဘက် လှိုင်မြို့နယ်ရပ်ကွက်အတွင်းမှ လာသည့်လမ်း၊ ဘုရင့်နောင်လမ်းမကြီးတို့ ဆုံရာနေရာတွင် ရန်ကုန်မြို့တော်စည်ပင်လမ်းတံတား အင်ဂျင်နီယာဌာနမှ အချက်ပြ မီးပွိုင့် Traffic Signal လည်း တပ်ဆင်ထားပါသည်။ အမှန်တော့ အချက်ပြမီးပွိုင့် Intersection ခေါ်ယာများအတွင်းတွင်



အချက်ပြမီးပွိုင့် မီးအနီပြ၍ ရပ်တန့်နေရသော ယာဉ်များမှအပ မည်သည့်ယာဉ်မျှ မရပ်ရပါ။ ဒါက အခြေခံဥပဒေသတစ်ခုပါ။ ယာဉ်မောင်းသူများ လိုက်နာကြဖို့ လိုပါသည်။ အရှိန်ပြင်း မမောင်းရ၊ သတ်မှတ်ယာဉ်ကြောများ အတွင်းမှသာ မောင်းနှင်ကြရန်၊ ယာဉ်ကြောပြောင်းပြန် မမောင်းရ၊ ယာဉ်မောင်းသူရော၊ ယာဉ်ပေါ်လိုက်ပါသူတွေရော ခါးပတ်ပတ်ထားကြရန်၊ ညာအစွန်းဘက်မှ မောင်းရန်၊ ကျော်တက်လိုက ရှေ့မှသွားနေသည့်ယာဉ်၏ ဘယ်ဘက်မှသာ အရှိန်မြှင့်၍ ဂရုတစိုက်ကျော်တက်ရန် စသည်တို့ရှိပါသေးသည်။



သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိကြဖို့ လိုပါသည်။ သိပြီးလျှင်လည်း လိုက်နာကြဖို့လိုပါသည်။ အသိပညာပေးမှုတွေ အလေးယူ ကြပ်မတ်တာတွေကတော့ စဉ်ဆက်မပြတ် လုပ်နေကြသည်သာဖြစ်ပါသည်။

ဘုရင့်နောင်လမ်းဘေး ပွဲရုံဈေးတန်းကိုလည်း မရှိအောင် ဆောင်ရွက်ပေးရပါမည်။ သီရိမင်္ဂလာဈေးကြီးကို ၂၀၁၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ရာ နှစ်ပေါင်း ၁၂ နှစ်ရှိနေပြီ ဖြစ်ပါသည်။ ဈေးကြီးကတည်းက တစ်နှစ်ပတ်လုံးနီးပါး ၂၄ နာရီ နေ့စဉ် အချိန်ပြည့် ဈေးရောင်း၊ ဈေးဝယ် ဆောင်ရွက်နေခဲ့တာ ဖြစ်ပါသည်။ ဖွင့်ခါစက ဈေးအတွင်း တစ်နေရာတွင် ပွဲရုံဈေးတန်း ထားရှိပေးခဲ့သည်ကို အမှတ်ရမိသည်။ ပွဲရုံဈေးတန်း၊ ဈေးဝယ်လာသည့် ယာဉ်ငယ်များနှင့် Taxi ယာဉ်အချို့ကို သီရိမင်္ဂလာဈေးကြီးအတွင်း သင့်လျော်သည့် နေရာသတ်မှတ်ပြီး ပြောင်းရွှေ့ခြင်းများ လုပ်တန်လုပ်ရပါမည်။ အကုန်လုံး အပြည့်အဝတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးတော့ သေချာပါသည်။

သီရိမင်္ဂလာဈေးကြီးရှေ့ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်ကိုဖြေရှင်းရန် ဆောင်ရွက်ရပါမည်။ ဈေးကြီးနှင့် မလှမ်းမကမ်း ပိတောက်ချောင်းကျော် ဘုရင့်နောင်လမ်းအနေအထားကို သေချာစွာလေ့လာသုံးသပ်ပြီး ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ပိတောက်ချောင်းတံတားမှ အုတ်ကျင်း ဘူတာရုံလမ်းအထိအပိုင်း၊ အရှေ့ဘက်တွင် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ အနောက်ဘက်တွင် စိုက်ပျိုးရေးဌာနမှ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (Driving Range) တွေ့ရှိသည်။ ဌာနဆိုင်ရာဝင်းများဖြစ်ကြသည်။ လမ်းနယ်မှာလည်း အကျယ်ကြီးရှိသည်။ ဘုရင့်နောင်လမ်းမကြီးမှာ ယခင်က ကျောက်ခင်းကတ္တရာလမ်းပေါ် ကတ္တရာ ကွန်ကရစ်လမ်းသားခင်းထားသည့်လမ်း အခြေအနေပါ။ ယခုအခါ လမ်းမျက်နှာပြင် ပျက်စီးမှုများကြောင့် ကွန်ကရစ်ထပ်ပိုးလွှာခင်းထားသည့် ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီး ဖြစ်နေပါပြီ။



သို့ရာတွင် လမ်းအရှေ့ဘက်ခြမ်းမှာရော၊ လမ်းအနောက်ဘက်ခြမ်းမှာပါ ရှုနယ်ပိတ်ပေါင်းတွေ၊ စွန့်ပစ်မြေကြီးများ ပုံထား၍ ဆောင်တန်းငယ်လို ဖြစ်နေတာတွေ၊ အမှိုက်သရိုက်တွေရှိနေကြပြီး၊ မြို့ပြလမ်းအင်္ဂါရပ်နှင့် လုံးဝမညီညွတ်တာ တွေ့ရပါသည်။ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ပိတောက်ချောင်းတံတားနှင့် အုတ်ကျင်း ဘူတာရုံ လမ်းကြားအပိုင်း သန့်ရှင်းသာယာသပ်ရပ်ရေးကို ဦးစွာအကောင်




အထည်ဖော် ဆောင်ရွက်စေပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စုပေါင်းအားများဖြစ်ကြသည့် သန့်ရှင်းရေး၊ ပန်းဥယျာဉ်၊ လမ်းတံတား၊ ရေစီးရေလာဌာနတို့ အားလုံးကို ဆောင်ရွက်စေခဲ့ပါသည်။ ဈေးဌာနတို့ စီမံရေးရာဌာနတို့လည်း အပါအဝင်ပါ၏။ ပြီးလျှင် ရေစီးရေလာ အင်ဂျင်နီယာဌာနတို့ လမ်းဘေး ဝဲ/ယာ ရေမြောင်းများ တူးဖော်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပီတောက်ချောင်း ရှင်းလင်းရေး၊ ကျောက်စီနံရံများ တည်ဆောက်ရေးတို့ကို တာဝန်ပေး။ လမ်းတံတား အင်ဂျင်နီယာဌာနကို ဘုရင့်နောင်လမ်းမကြီးအား ကွန်ကရစ်လမ်းသား တိုးချဲ့ခြင်းတို့ကို လမ်းအရှေ့ဘက်ခြမ်း ပီတောက်ချောင်းတံတားအလွန် ကွန်ကရစ်လမ်းသား တိုးချဲ့ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေခြင်း၊ ဝဲ/ယာအတွင်းဘက်တွင် လူသွားလမ်းများအဖြစ် နှစ်မျိုးအသုံးပြုရသည့် စက်ဘီးသွားလမ်း (Bike Lane) ကွန်ကရစ်ခင်း ဆောင်ရွက်စေခြင်းတို့ကို တာဝန်ပေး၊ ပန်းဥယျာဉ်ဌာနကို လမ်းဘေး ဝဲ/ယာ အရိပ်ရပင် ပန်းပင်များ စိုက်ပျိုးစေခြင်းတို့ကို တာဝန်ပေး။ ထိုသို့ အသီးသီး အသက ဆောင်ရွက်စေခဲ့ပါသည်။ ဤကဲ့သို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လိုက်ခြင်းအားဖြင့် ဘုရင့်နောင်လမ်းမကြီး၊ သီရိမင်္ဂလာဈေး၊ ပီတောက်ချောင်းတံတားနှင့် အုတ်ကျင်းဘူတာရုံလမ်းကြားတွင် လမ်းမကြီး ဝဲ/ယာ အသုံးပြုနိုင်သော ၂၆၇၅ ပေ အရှည်ရှိ လူသွားကြော စက်ဘီးလမ်း (Pedestrian with Bike Lane) ပေါ်လာပါတော့သည်။

သီရိမင်္ဂလာဈေးနှင့် ဆက်သွယ်ပတ်သက်သော ယာဉ်ကြီး၊ ယာဉ်ငယ်များ City Taxi ယာဉ်များ ခေတ္တယာယီ ရပ်နားနိုင်သည့်နေရာ၊ ဝဲ/ယာ သစ်ပင်၊ ပန်းမန်တို့ဖြင့် မြင်ကွင်းသာယာဖြစ်ပေါ်နေသည့် နေရာအဖြစ် ရုပ်လုံးပေါ်လာပြီဖြစ်ပါသည်။ ပီတောက်ချောင်းရဲ့အနီး မြောက်ဘက် ပီတောက်ချောင်းကိုလည်း ကျောက်စီနံရံဖြင့် တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သီရိမင်္ဂလာဈေးကြီးရှေ့ ဘုရင့်နောင်လမ်းပေါ်မှာ ယာဉ်များပိတ်ဆို့ရပ်နားခြင်း မပြုလုပ်ကြစေဘဲ အသစ်ပြုလုပ်ပေးလိုက်သည့် ယာဉ်ရပ်နားနေရာများတွင် သွားရောက်ပြီး မိမိတို့ဆောင်ရွက်ဖွယ် အမှုကိစ္စများကို ဆောင်ရွက်စေချင်ပါသည်။ ပီတောက်ချောင်းတံတားအလွန်၊ ဘုရင့်နောင်လမ်းမကြီးအား ယာဉ်ရပ်နေရာတွင် နောင်အခါ အမှိုက်ပုံးများလည်း ထားပေးပါမည်။ အများသုံးအိမ်သာ Public Toilet လည်း တည်ဆောက်ပေးသွားဦးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ရန်ကုန်မြို့တော်သူ၊ မြို့တော်သား အားလုံး ကျန်းမာချမ်းသာကြပါစေ။ ။

**ချောင်းဦး ဗိုလ်ခွေး**









City MAGAZINE

# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON



# CITY CARTOON



ရန်ကုန်စည်ပင်သာယာဟူသောဝေါဟာရ (၁၉၀၀ ပြည့်လွန်ကာလများ)

"ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ" ဟူ၍ ဖြစ်လာရသော အဖွဲ့အစည်းတွင် အမည်များ၏ ပြောင်းလဲခြင်းများကို သီးသန့်ထုတ်ဖော်နိုင်လောက်အောင် ပြောင်းလဲမှုများရှိခဲ့ပါသည်။

ကနဦးမှာ ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း (ထိုစဉ်က သုံးစွဲခဲ့သော ဝေါဟာရမှာ "ရန်ကုန်မြူနီစီပါယ်ကော်ပေါ်ရေးရှင်း"[၁]) ဟူ၍ဖြစ်သည်။ မြူနီစီပါယ်ဟူသော ဝေါဟာရမှာ လက်တင်ဘာသာ Munus = တာဝန်ဟူသောစကားမှ ဆင်းသက်သည်ဟုဆိုသည်။ အင်္ဂလိပ်ဘာသာအရဆိုလျှင် မြို့တော်၊ မြို့ သို့မဟုတ် ဒေသတစ်ခုတွင် ကိုယ်ပိုင်အုပ်ချုပ် စီမံခန့်ခွဲနိုင်သော တရားဝင်ဖွဲ့စည်းထားသော

# နှစ်ပေါင်း (၁၀၀) ပြည့်ခဲ့သော ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ

မြို့ယင်း



အုပ်စု/ အဖွဲ့အစည်းဟူ၍ဖြစ်သည်။[၂] ဤသို့ဖွဲ့စည်းရန်အတွက် ဗြိတိသျှအစိုးရမင်းများက ဥပဒေကို ဦးစွာပြဋ္ဌာန်းပြီးမှ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ယခု ၂၀၂၂ ခုနှစ် ဖြစ်လာသောကြောင့် ရန်ကုန်မြို့ကို မြို့တော်အဖြစ် သတ်မှတ်ပြီးနောက် ယနေ့တိုင် နှစ် ၁၀၀ ပြည့်သည်အထိ ကိုင်စွဲကျင့်သုံးနေရသော The City of Rangoon Municipal Act,1922 (၁၉၂၂ ခုနှစ် ရန်ကုန်မြို့ပြမြူနီစီပါယ်ဥပဒေ) သို့ မရောက်မီ ၁၉၀၀ ပြည့်လွန်နှစ်ကာလများ၏ မြူနီစီပါယ်လုပ်ငန်း အဆင့်ဆင့်ဖြစ်ထွန်းမှုများမှာ မှတ်သားဖွယ်ကောင်းသည်ဟု ဆိုရပါမည်။

## ဥပဒေပြဋ္ဌာန်းမှုများ

ဗြိတိသျှကိုလိုနီကာလ ရောက်သောအခါ ကနဦး ကော်မရှင်နာမင်းကြီး (Chief Commissioner) တာဝန်ယူသော မြူနီစီပါယ်ကော်မတီ/ မြို့တော်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန် (၁၈၇၄ ခုနှစ်၊ မြူနီစီပါယ်အက်ဥပဒေ) ကို ပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့သည်။

၁။ The City of Rangoon Municipal Act, 1922 စာ(၂)၊ အပိုဒ်(၂၃)
၂။ Oxford Advanced Learner's Dictionary Current English, 8th Edition

ထို့နောက် ရန်ကုန်မြူနီစီပါယ်ကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ ကော်မတီဥက္ကဋ္ဌကို ကော်မရှင်နာမင်းကြီးကခန့်အပ်၍ လုပ်ပိုင်ခွင့်များ ကျဉ်းသို့ရာတွင် မင်းကြီး၏ ခွင့်ပြုချက်အရသာ ဖြစ်ခဲ့သည်။

ထို့နောက် ၁၈၇၆ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ၁၈၈၂ ခုနှစ်တွင် ရန်ကုန်ရဲအဖွဲ့ တို့ကို ရန်ကုန်မြူနီစီပါယ်လက်အောက်မှ ခွဲထုတ်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များ ကျယ်ပြန့်စွာဆောင်ရွက်ရန်၊ ခွင့်ပြုနိုင်ရန် ဥပဒေအမှတ်(၁၇)အဖြစ် ၁၈၈၄ ခုနှစ် မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေကို ပြဋ္ဌာန်းကာ၊ ရန်ကုန်မြူနီစီပါယ် ကော်မတီ၏ ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ခွင့်ပြုသော စနစ်သို့ ပြဋ္ဌာန်းခဲ့ပါသည်။ ကော်မတီအဖွဲ့အစည်းအနေဖြင့်လည်း ကိုယ်ပိုင်ရုံးတံဆိပ် သုံးစွဲခွင့်၊ ကော်မတီလုပ်ပိုင်ခွင့်များကိုလည်း စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်သွားနိုင်မည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိခဲ့ပါသည်။ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ခွင့်ရှိလာပါသည်။ ဗြိတိသျှအစိုးရထံ ခွင့်ပြုချက်ရယူရသည့် ကိစ္စရပ် အခွန်အစည်းကြပ်ကောက်ခံခြင်းအတွက် ခွင့်ပြုချက်ရယူခြင်း၊ အစိုးရက အခွန်အခ စည်းကြပ်မှုကို ရပ်ဆိုင်းမှုကို ဆက်လက်ဆောင်ရွက်ခြင်း၊ အစိုးရ၏ အတည်ပြုချက်ဖြင့် နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခြင်း လုပ်ငန်းများ ကျယ်ပြန့်လာခဲ့ပါသည်။ ယင်း ၁၈၈၄ ခုနှစ်၊ မြန်မာနိုင်ငံ မြူနီစီပါယ် အက်ဥပဒေသည် ၁၈၈၅ ခု၊ ဇန်နဝါရီလ (၁)ရက်နေ့၌ အာဏာတည်ခဲ့ပါသည်။

ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ချက်များအနက် ပြောင်းလဲမှုများမှာ ၁၈၆၅ ခုနှစ် Town Planning ကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ အမှိုက်နှင့် မိလ္လာသိမ်းခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ယခင် ရေဖြန့်ဝေမှုကို ရေတွင်းများအားသာအားကိုးရာမှ အဝီစိတွင်းများ အစားထိုးပြောင်းလဲခြင်းတို့နှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် မြို့နေလူထုက ပြန်လည်အကျိုးပြုရသော အခွန်အခပေးဆောင်မှုများအပေါ်၊ ပစ္စည်းခွန်၊ မြေယာခွန်၊ လှေခွန်၊ လှည်းခွန်၊ တံမြှောက်ခွန်၊ ဘီးခွန်၊ ရေခွန်၊ မိလ္လာခွန်များ ခွဲခြားကောက်ခံမှုရှိလာခဲ့ပါသည်။ လိုင်စင်ခွန်များအနေဖြင့် ဈေး၊ သား၊ သတ်ရုံ၊ ဆိပ်ကမ်းများကို သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းများ၊ ဆေးရုံများ တည်ဆောက်နိုင်ခဲ့ပါသည်။ ၁၈၇၅ ခုနှစ်မှစတင်၍ လျှပ်စစ်မီးများ မပေါ်သေးသောအချိန်ဖြစ်သောကြောင့် ညနေခင်းမှစတင်၍ မီးတိုင်ထိပ်များတွင် ရေနံဆီမီးအိမ်များတင်ကာ လူအင်အားဖြင့် လမ်းမီးများထွန်းပေးခဲ့ပါသည်။ လမ်းမီးတိုင်အရေအတွက်မှာ (၄၅၈)ခုဟု မှတ်တမ်းများ တွေ့ရှိရပါသည်။

ရေဖြန့်ဝေမှုကို ၁၈၇၆-၇၇ နှစ်များတွင် စမ်းချောင်းမှရေကို ရေကောင်းရေသန့်စွာရယူလျက် လှည်းများဖြင့် သယ်ယူဖြန့်ဝေမှု စတင်ခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် အင်းလျားကန်(ထိုစဉ်က ဗစ်တိုးရီးယားကန်)ရေကို သန့်စင်ပြီး ဖြန့်ဝေခဲ့ပါသည်။ မီးဘေး ကာကွယ်မှုများကို နောက်ဆုံးပေါ် မီးသတ်အင်ဂျင်ကား (၄)လုံး ဝယ်ယူကာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၈၇၇-၁၈၉၀-၉၁ ခုနှစ်များတွင် ရေဆေး/ လေအားဆေးပါင်းစပ်သောစနစ်ဖြင့် မိလ္လာရေဆိုးရေညစ်များ စွန့်ထုတ်သောစနစ်ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြူနီစီပါယ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်လာခြင်း၊ မြို့နယ်များတွင်လည်း မြူနီစီပါယ်ကော်မတီများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရခြင်းတို့ကြောင့် ၁၈၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေကို ထပ်မံ၍ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် မြို့နယ်၊ တိုက်နယ်၊ ကျေးရွာများအထိ သက်ဆိုင်ရာနယ်မြေအလိုက် လုပ်ငန်းများကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့ပါသည်။

ထိုအချိန်ထိ ရန်ကုန်မြူနီစီပါယ်ကော်မတီသည် ၁၈၉၈ မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေကို ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်မြူနီစီပါယ်၏ လုပ်ငန်းများမှာ လူဦးရေတိုးတက်လာခြင်း၊ ဆိပ်ကမ်းကုန်သွယ်မှုများ ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာခြင်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ နိုင်ငံခြားသားများ အခြေစိုက်လုပ်ငန်းများ၊ သာသနာပြုလုပ်ငန်းများ ပြောင်းလဲဖြစ်ထွန်းလာခြင်းမှာ ရန်ကုန်မြူနီစီပါယ်၏ လုပ်ငန်းများကို ခွင့်ပြုနိုင်သော အာဏာမှ မကာမိနိုင်သည်အထိ တိုးတက်ပြောင်းလဲမှုများက ရှေ့ရောက်နေခဲ့သည့် အခြေအနေဟု ဆိုရမည်ဖြစ်ပါသည်။

ထို့ကြောင့် အစိုးရသည် ရန်ကုန်မြူနီစီပါယ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးမှုများကို အရှိန်နှင့်တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် "ရန်ကုန်စည်ပင်သာယာရေးအဖွဲ့" ဟူ၍ သီးခြားဖွဲ့စည်းဆောင်ရွက်ရန် (Rangoon Development Trust Act, 1920) ကို ပြဋ္ဌာန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ထိုအဖွဲ့အစည်းသည် ရန်ကုန်မြူနီစီပါယ်နယ်မြေအတွင်းရှိ မြို့ပြစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ရန်ကုန်ဆိပ်ကမ်းမြို့တော်ဟူ၍ပင် ခေါ်ဆိုနိုင်ရန်အထိ ပြောင်းလဲလာသော ဆိပ်ကမ်းကုန်သွယ်ရေး လုပ်ငန်းများ အစရှိသော ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ရန်ကုန်မြူနီစီပါယ်၏ ဘဏ္ဍာငွေလျာထားချက်(ဘတ်ဂျက်)နှင့် မသက်ဆိုင်စေဘဲ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းအက်ဥပဒေသည် ၁၉၂၀ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့၌ စတင်အာဏာသက်ရောက်ခဲ့ပါသည်။ (ဤသည်မှာ ရန်ကုန်

စည်ပင်သာယာဟူသော ဝေါဟာရသည် မြူနီစီပါယ်လုပ်ငန်းများနှင့် ဆက်စပ်ကာ တရားဝင်ဖြစ်တည်လာခြင်း၏အစဟုလည်း ဆိုနိုင်ပါသည်။)

ရန်ကုန်စည်ပင်သာယာရေးအဖွဲ့သည် ယင်းအက်ဥပဒေ ပုဒ်မ(၃၈)အရ၊ ရန်ကုန်မြူနီစီပါယ် လုပ်ငန်းများမှ အောက်ပါ ဆောင်ရွက်ချက်များကို လွှဲပြောင်းဆောင်ရွက်တာဝန်ယူခွင့်ရခဲ့ပါသည်–

- ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်သော အစိုးရပိုင်ပစ္စည်းများကို လက်ဝယ်ပိုင်ဆိုင်ခွင့်၊ စီမံဆောင်ရွက်ခွင့်ရရှိခြင်း။
- မြို့ပြစီမံကိန်းများကို ရေးဆွဲဆောင်ရွက်နိုင်ခြင်း၊
- မြို့ပြစီမံကိန်းများထဲတွင် လမ်းများ၊ ရေမြောင်းများ၊ အဆောက်အအုံများ၊ တံတားများ၊ ပြည်သူ့အပန်းဖြေရန်နေရာ(ဥယျာဉ်၊ ကျောင်း၊ ဈေး)ဆောက်လုပ်နိုင်ခြင်း၊ ထိန်းသိမ်းစီမံနိုင်ခြင်း၊
- အများပြည်သူနှင့်ဆိုင်သော ကိစ္စများအတွက် မြေနေရာများ ရယူအသေးနိုင်ခြင်း၊
- လမ်းမီးများထွန်းခြင်း၊
- သမိုင်းဝင်ပစ္စည်းများ ထိန်းသိမ်း၊ စောင့်ရှောက်၊ စီမံနိုင်ခြင်း၊
- မြို့မြေကွက်များကို ထိန်းသိမ်း စီမံဆောင်ရွက်ခြင်း၊

အစရှိသော မြို့ပြစီမံကိန်းလုပ်ငန်းများအား ရန်ကုန်မြူနီစီပါယ်ကော်မတီသည် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အား ထို အက်ဥပဒေအတည်ပြုသည့်အချိန်မှစတင်ကာ လွှဲပြောင်းပေးအပ်လုပ်ကိုင်စေခဲ့ရပါသည်။

အဆိုပါလုပ်ငန်းများ ခွဲဝေဆောင်ရွက်ရခြင်း၏ ပဓာန အချက်မှာ အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့ကို ခေတ်မီဖွံ့ဖြိုးစေနိုင်ရေးအတွက် ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူနိုင်ပါသည်။ အဘယ်ကြောင့်မှု အစိုးရသည် ရန်ကုန်မြူနီစီပါယ်ကော်မတီ၏ ဘဏ္ဍာငွေအရ အသုံးနှင့် လုပ်ငန်းလိုအပ်ချက်များသည် ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေ၏ ခွင့်ပြုနိုင်သော အနေအထားထက် ကျော်လွန်လာခြင်းကို သိရှိကာ၊ ၁၉၁၅ ခုနှစ်အချိန်မှစတင်၍ သီးခြား "ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ"တစ်ရပ် ပေါ်ပေါက်စေရေးအတွက် ပြင်ဆင်ပေးခဲ့ပါသည်။

– ရှေးဦးစွာ မြူနီစီပါယ်အရာရှိတစ်ဦးကို အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့စေလွှတ်ကာ မြူနီစီပါယ်အုပ်ချုပ်ရေးများအား အထူးပြု လေ့လာစေခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ အစိုးရထံသို့ ဒေသန္တရအုပ်ချုပ်ရေးဥပဒေကြမ်းတစ်ခုကို ရေးဆွဲတင်ပြခဲ့သည့်တိုင် အကောင်အထည်ဖော်နိုင်မှု မပြုနိုင်ခဲ့ချေ။

– မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံက ဆောင်ရွက်နိုင်သော ၁၉၂၂ ခုနှစ် ရောက်ရှိသော အချိန်ကျရောက်လာမှသာ မြန်မာနိုင်ငံ ဥပဒေပြုကောင်စီက ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ (The City of Rangoon Municipal Act,1922) ကို ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်ပါသည်။

**၁၉၂၂ ခု ရန်ကုန်မြူနီစီပါယ်အက်ဥပဒေမပြဋ္ဌာန်းမီရန်ကုန်**

- အမှိုက်စွန့်/ သိမ်းစနစ်ကို ၁၈၆၅ ခုနှစ်က အစပြုကာ ၁၈၇၃ ခုနှစ်တွင် အမှိုက်စွန့်ကောက်ပြီး၊ အိန္ဒိယနိုင်ငံမှ လုပ်သားများ ခေါ်ယူ၍ဆောင်ရွက်ခြင်း၊ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊
- မိလ္လာများကို မြေအောက်ပိုက်များကို လေဖြင့်မှုတ်ထုတ်ကာ သံလျက်စွန်းအရပ်မှ မြစ်ထဲသို့ စွန့်ထုတ်သောစနစ် ၁၈၈၉ ခု ဒီဇင်ဘာ(၂၃)ရက်နေ့မှစတင်ကာ တရားဝင်မှုလုပ်ဆောင်ရွက်ခဲ့သည်။
- ၁၈၇၈ ခုနှစ်တွင် မူလ ကန်တော်ကြီးကန်၏ ဘောင်များမြှင့်တင်ကာ ရေပေးဝေရေး ဆောင်ရွက်ခဲ့ပြီး၊ ၁၈၈၄ ခုနှစ်တွင် ရေလှောင်ကန်စနစ် ပြောင်းလဲကာ ဖြန့်ဝေခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် လှော်ကားရေလှောင်ကန်မှ ရေကိုစတင်ဖြန့်ပေပြီး ရေဖြန့်ဝေမှုကို ရေကူးအရည်ဖြင့် ရေကူးတွင်းအစေးကို(ရေစုနေရာ ဘိုင်လာစနစ်)ဖြင့် တိုးမြှင့်ဖြန့်ဝေခဲ့သည်။
- ၁၉၀၇ ခုနှစ်တွင် (RET) ကုမ္ပဏီနှင့်စာချုပ်ကာ လမ်းဆောင်လျှပ်စစ်မီးတိုင်များဖြင့် မြို့ပြကို မီးလင်းစေခဲ့သည်။
- ၁၉၀၅ ခုနှစ်တွင် မြို့တွင်း၊ မြို့နယ်လမ်းများကို အက်စဖော ကတ္တရာလမ်းများ၊ ကျောက်ခင်းလမ်းများ ဆောင်မြင့်စွာခင်းကာ မော်တော်ကားများ စတင်မပြေးဆွဲစေခဲ့ပါသည်။ ၁၉၁၃ ခုနှစ်တွင် ဘတ်စ်ကားလိုင်းများ စတင်ခွင့်ပြုခဲ့ပါသည်။ ထို့အတွက်ကြောင့် ရန်ကုန်မြူနီစီပါယ်ကော်မတီသည် မြူနီစီပါယ်ပိုင် လမ်းများပေါ်တွင် မော်တော်ယာဉ်များ၊ ၁၉၀၆ ခုနှစ်က ခွင့်ပြုခဲ့သော ဓာတ်ရထားများ၊ မြင်းလှည်း၊ လှည်းများနှင့် လက်တွန်းလှည်းများကို အခွန်/ လိုင်စင်များ ကောက်ခံဆောင်ရွက်စေခဲ့ပါသည်။
- ၁၈၉၆ ခုနှစ်တွင် ရန်ကုန်ဆေးရုံဟောင်းကြီးကိုဖျက်၍ ရန်ကုန်ဆေးရုံသစ်ကြီး(Rangoon (yangon) General Hospital)-(RGH – ယခု(YGH) ကို ၁၉၁၁ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။
- ၁၉၁၂ ခုနှစ်တွင် မြို့တွင်း မြို့နယ် ဓနိုးသာအားလုံးပါဝင်ပြီး အလံပြဘုရားလမ်း နယ်နိမိတ်အတွင်းတိုင် အဆင့်မီမိလ္လာစနစ်ကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

- လော်ကားရေလှောင်ကန် တစ်ခုတည်းရှိရာမှ အရေးပေါ်အခြေအနေအသုံးပြုရန် ထိုစဉ်က ရန်ကုန်လူဦးရေ (၃)သိန်းခန့်အတွက် ကျုံ့ကြီးရေလှောင်ကန်ကို အရံထားရှိနိုင်ခဲ့ပါသည်။
- ၁၉၀၆ ခုနှစ်တွင် ဝိတိုရိယဘုရင်မ အထိမ်းအမှတ်ပန်းခြံ(ယခု မဟာဗန္ဓုလပန်းခြံ)ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပါသည်။
- Asphalt အက်စဖော့(ခေါ်)ကတ္တရာလမ်းများ စမ်းသပ်ပြုပြင်မှုကို မိုင်အရှည်(၁၈၃)မိုင်ထိ ဆောင်ရွက်ခဲ့သည့်တိုင်၊ ထိုစဉ်က လမ်းများမှာ မော်တော်ယာဉ်များအားလုံးအတွက် မသင့်တော်နိုင်သေးသော်လည်း မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (Burma Vehicle Act) ကိုမူ ထုတ်ပြန်ခဲ့ပါသည်။
- ကျိုက္ကဆံ မြင်းပြိုင်ကွင်းအနီးတွင်လည်းကောင်း၊ သိမ်ဖြူအား ကစားကွင်းအနီး၌သော်လည်းကောင်း ကော်မတီက ရပ်ကွက်အသစ်များ တိုးချဲ့နိုင်ခဲ့ပါသည်။

## ၁၉၂၂ ခုနှစ် ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ
## (The City of Rangoon (yangon) Municiple Act,1922)

ရန်ကုန်မြူနီစီပါယ်ကော်မတီသည် ကော်မတီ၏ ပြင်ပနယ်နိမိတ်များဖြစ်ကြသော(တစ်နည်းအားဖြင့် ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံ မြူနီစီပါယ်အက်ဥပဒေ၏ အာဏာသက်ရောက်မှုမရှိသော) နယ်မြေနှင့် ကျေးလက်ဒေသများတွင်လည်း အခွန်အတုတ်များရရှိရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးတို့အတွက် (၁၉၂၀ ခုနှစ် ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေ-The Rural Self Act) ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ ထိုဧရိယာများမှာ- ရန်ကုန်မြို့ မဇရိယာတွင် မပါဝင်သေးသည့် အင်းစိန် ဒီစတြိတ်ကောင်စီ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသော(ယခု ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်ဧရိယာများ ဖြစ်ကြသော) သင်္ဃန်းကျွန်း၊ ကံဘဲ့၊ တာမွေရွာ၊ သမိုင်း စသော မြို့ကောင်စီများပင်ဖြစ်ခဲ့သည်။ ထို့ကြောင့် မြူနီစီပါယ်ကော်မတီအနေဖြင့် ယင်းရပ်ကွက်များနှင့်ဆိုင်သော မြူနီစီပါယ်ဆိုင်ရာလုပ်ငန်းများ အပြီးမြှင့် ဆောင်ရွက်ရန်မှာမူ ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံ မြူနီစီပါယ် အက်ဥပဒေအရ ကန့်သတ်ချက်များကို ကျော်လွှားပြီး ရှိနိုင်ခြင်းမရှိသော အနေအထားဟု ဆိုနိုင်ပါသည်။

ဖော်ပြခဲ့သော မြူနီစီပါယ်ဆိုင်ရာ ဆောင်ရွက်ချက်လမ်းကြောင်းများအရ ရန်ကုန်မြူနီစီပါယ်ကော်မတီအတွက် သီးခြား မြူနီစီပါယ်အက်ဥပဒေတစ်ရပ် မုချလိုအပ်နေကြောင်း ရည်ညွှန်းခဲ့ကြခြင်းဖြစ်ပါသည်။

ဗြိတိသျှအစိုးရ မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံသည် မြန်မာနိုင်ငံ၏ ဥပဒေပြုကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့် ၁၉၂၂ ခုနှစ်တွင်မှ မူလက ဥပဒေကြမ်းမှာ အသက်ဝင်လာပြီး မြန်မာနိုင်ငံကိုဥပဒေအမှတ်(၆)အဖြစ် ၁၉၂၂ ခု၊ ဇူလိုင်လ (၁၄)ရက်နေ့တွင် အရေးအသင်ပြင်ဆင်ပြီးခဲ့သော (ရန်ကုန်မြူနီစီပါယ်အက်ဥပဒေ၊ ၁၉၂၂) (The City of Rangoon Municipal Act,1922) အား အိန္ဒိယဘုရင်ခံချုပ်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။


အက်ဥပဒေ၏ အခန်း(၁)၊ ပုဒ်မ(၃) စကားရပ်များ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ယခင် "ရန်ကုန်မြူနီစီပါယ်ကော်မတီ" ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့ရာမှ အက်ဥပဒေအတည်ပြုဖြစ်သည့်နေ့မှ စတင်က "ကော်ပိုရေးရှင်းအသင်း" တစ်နည်းအားဖြင့် "ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း (ထိုစဉ်က ကော်ပိုရေးရှင်းဟု ရေးသားခဲ့သည်) အသင်း"အဖြစ် ပြောင်းလဲသုံးနှုန်းဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရပါသည်။


တဖန် (Rangoon Development Trust Act, 1920) နှင့် ဆန့်ကျင်ကွဲလွဲချက် မဖြစ်စေရန် ဤအက်ဥပဒေ၏ ပုဒ်မ(၅၈)၏ နောက်ဆက်တွဲတွင် (ရန်ကုန်မြို့ကို စည်ပင်သာယာဖြစ်ထွန်းအောင် စီမံရန် ယုံမှတ်အပ်နှံသည့် လူကြီးစုအသင်း- ရန်ကုန်စည်ပင်သာယာရေးအဖွဲ့နှင့် အကျိုးသက်ဆိုင်သော ရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာသည် ၁၉၂၂ ခုနှစ် ဤအက်ဥပဒေပုဒ်မ(၃၇)အရ ပစ္စည်းသိမ်းယူခြင်း အခွင့်အာဏာအရ သိမ်းယူသည့် ရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာနှင့် မသက်ဆိုင်စေရေးဟူ၍) ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေခဲ့ပါသည်။

ထိုသို့သော အက်ဥပဒေ၏ ယနေ့အချိန်တိုင် နှစ်(၁၀၀) ပြည့်သည်ထိ ကျင့်သုံးနိုင်ခြင်းမှာ ၁၉၄၃ ခုနှစ်တွင် ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို အခြေခံလျက် လုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်စီမံနိုင်စေရန်(ရန်ကုန်မြို့မ မြူနီစီပါယ်အက်ဥပဒေများ- The Rangoon Municipal Manual) ကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်းမှာလည်း ပိုမိုပြည့်စုံသော အကြောင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်ပေါင်း(၁၀၀) ပြည့်သည့်တိုင် အစိုးရ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မိမိတို့သည် ဥပဒေ၊ အက်ဥပဒေတစ်ရပ်ကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းလျက်၊ ခေတ်နှင့်မျော် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းအပေါ် ဂုဏ်ယူဖွယ်ရာအဖြစ် မှတ်တမ်းပြုကာ ဖော်ပြအပ်ခြင်းဖြစ်ပါသည်။

မြလေး





မောင်မြတ်မှုန်(ဆူးလေ)

## ကျောက်တံတားမြို့နယ်ရဲ့ ဥပစာတွင် တည်ရှိနေတဲ့
# ခုနှစ်ဆယ်ညီ ရှေးဟောင်းလက်ရာ ရန်ကုန်မြို့တော်ခန်းမကြီး

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ဆောက်ခဲ့တဲ့ ရန်ကုန်မြို့ "ဂျင်ဂလယ်" လေးဟာ အဝန်းအဝေးဖြင့် ၁/၈ စတုရန်း မိုင်မျှသာ ရှိခဲ့ပါတယ်။ အဲဒီမြို့ကွက် အဝန်းအဝိုင်းမှာ ကျောက်တံတားမြို့နယ်ဟာ အဓိကပါဝင်ခဲ့တာကြောင့် အလောင်းမင်းတရားရဲ့ ရန်ကုန်ဟာ ကျောက်တံတားမြို့နယ်ရဲ့ နိမိတ်ပုံလို့ပင် ဆိုရမလိုဖြစ်ခဲ့ကြတယ်လေ။ ကျောက်တံတားမြို့နယ် အမည်တွင်ခဲ့တာကလည်း ဆူးလေစေတီတော်မြောက် တောင်ဘက်ခြေတော်ရင်းကနေ မြစ်ဆိပ် ကမ်းထိကပ်လို့ ခွယ်တန်းပေးခဲ့ရသော ကျောက်တံတားလေးကို အကြောင်းပြု ခေါ်ဆိုခြင်းကြောင့်ပဲ ဖြစ်ပါတယ်။



မြန်မာ့ဗိသုကာပညာရှင် ဦးတင်

### မြို့တော်ခန်းမရဲ့ မူလဘူတ

ရန်ကုန်မြို့တော်ရဲ့ ပထမဦးဆုံး Town Hall ကို Rippon Hall လို့ခေါ်ခဲ့ကြတယ်။



ခရစ်နှစ် ၁၈၈၄ ခုနှစ်က ကျောက်တံတားမြို့နယ် ဘဏ်လမ်း (ယခင် Shafraz လမ်း)မှာရှိခဲ့တဲ့ ရန်ကုန်မြူနီစီပါယ် အဆောက်အအုံဟောင်းကိုရောင်းပြီး ပထမဦးဆုံး Town Hall အဖြစ်အသုံးပြုမယ့် Rippon Hall ကို Rupee တစ်သိန်းနဲ့ ဝယ်ယူခဲ့တယ်။ လက်ရှိ မြို့တော်ခန်းမတည်နေရာမှာရှိခဲ့တဲ့ Rippon Hall ကို ရန်ကုန်မြူနီစီပါယ်ရုံးသစ်အဆောက်အအုံအဖြစ် ခရစ် ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှာ စတင်အသုံးပြုခဲ့တယ်။ Rippon Hall ကာလမှာ ထူးခြားတာက ဂျူးလူမျိုး မစ္စတာရှီဓာ တီထွင်ပြုလုပ်ရောင်းချခဲ့တဲ့ စက္ကူပတ်နဲ့တည့်ထားတဲ့ ကိတ်မုန့်အပိုင်း(ရှီဓာကိတ်) ကို ရန်ကုန်မြို့မှာ ဦးစွာရောင်းချခဲ့ခြင်းပဲ ဖြစ်ပါတယ်။ Rippon Hall မှာ ရောင်းချခဲ့တဲ့ ရှီဓာကိတ်ဟာ ကျောက်တံတားမြို့နယ်အတွင်း စတင်ထင်ရှားကျော်ကြားလာတဲ့အတွက် ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲမှာ ထင်ရှားခဲ့တဲ့ မုန့်တိုက်ကြီးတွေဖြစ်ကြတဲ့ Shmie Cofectionary (ရှားမီးမုန့်တိုက်)နဲ့ Continental Confectionary (ကွန်တီနယ်တယ် မုန့်တိုက်ကြီး)တွေ ပေါ်ထွန်းလာတာ ဖြစ်တယ်။

## Town Hall မှသည် City Hall ဖြစ်တည်လာ

Rippon Hall ကို ရန်ကုန်မြူနီစီပါယ်ရုံး အဆောက်အအုံအဖြစ် အသုံးပြုခဲ့စဉ်က ဆူးလေရင်ပြင်နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ခဲ့ပေမဲ့ အဆောက်အအုံတည်ရာ မြေကွက်ကတော့ ဆူးလေစေတီတော် ပရိဝုဏ်နဲ့ ဆက်စပ်နေပြီး အဲဒီတုန်းက ဆူးလေစေတီတော် အပိုင်းပတ်လမ်း မရှိသေးဘူး။ ဒါကြောင့် ရန်ကုန်မြူနီစီပါယ်ရုံး တည်ဆောက်ဖို့ ဆူးလေရင်ပြင် (Square) ဖြစ်တည်လာစေ



ဖို့အတွက် ခရစ် ၁၈၅၂-၅၃ ခုနှစ်တွင် ပထမအကြိမ် မြေတိုင်းတာခြင်း First Survey ကို စတင်ဆောင်ရွက်ခဲ့တယ်။ ခရစ် ၁၈၇၇-၁၈၇၈ ခုနှစ်မှာ ထပ်မံမြေတိုင်းတာခြင်း Revised Survey နဲ့ Block Map ရေးဆွဲပြီးတဲ့အခါ ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံသစ်ကြီး ဆောက်လုပ်ဖို့အတွက် မြေကွက်သတ်မှတ် ခွင့်ပြုပေးခဲ့တယ်။ မြေကွက်အကျယ်အဝန်းက (၄.၂၈)ဧကအထိ ကျယ်ဝန်းပြီး သမိုင်းကြောင်းအရ ထူးခြားတဲ့မြေ (မြေပသာဒ)မှာ ပါဝင်တဲ့ မြေထူးမြေမွန် ဖြစ်နေတယ်။ ရန်ကုန်မြို့တော်ခန်းမသစ်ကြီးအတွက် သတ်မှတ်ပေးခဲ့တဲ့မြေဟာ ရန်ကုန်မြို့ရဲ့ သမိုင်းဝင် ရေကျွှသိမ်ကြီး (၉)သိမ်မှာ ပါဝင်ခဲ့တဲ့ "ခရေပင်ကုန်းသိမ်တော်ကြီး" တည်ရှိရာမြေနဲ့ ဖြတ်ဆူးလေရဲ့ အရှေ့မြောက်ဘက်တွင် တည်ရှိခဲ့တဲ့ "ကမ္ဘာမုစေတီတော်" (ကင်ပွန်းကန်စေတီတော်)နဲ့ ရိုက်ချိုး ဆရာမြို့ကျယ်ကြီး တည်ရှိရာဖြစ်ခဲ့တယ်။ အဲဒီတုန်းက "မဟာဝဏ္ဏလ ပန်းခြံ"တည်နေရာဟာ ရေပြင်ကျယ် Tank ဖြစ်နေပြီး ဘုန်းကြီးကျောင်း (၅၀)ခန့်ဟာ မြန်မာမှုဖြစ်တဲ့ "ဘုရားကျောင်းကန်"



"အညာမညာ"နဲ့အညီ တည်ရှိနေဆဲဖြစ်ခဲ့တယ်။

## မြို့တော်ခန်းမသစ်ကြီးဆောက်ရန် "ပုံစံ"များ ဖိတ်ခေါ်

ခရစ် ၁၉၁၃ ခုနှစ်ကာလ စတင်ကာ ရန်ကုန်မြို့တော်ခန်းမသစ်ကြီး တည်ဆောက်နိုင်ဖို့အတွက် အဆောက်အအုံပုံစံသစ် Proposed Plan ရေးဆွဲတင်ပြပေးနိုင်ရန် ပြည်ပနိုင်ငံများဖြစ်တဲ့ အင်္ဂလန်နဲ့ အိန္ဒိယအပါအဝင် ပြည်တွင်းပညာရှင်များထံသို့ ကြော်ငြာ အသိပေးကြေညာချက်ကို ရန်ကုန်မြူနီစီပါယ်အဖွဲ့က ထုတ်ပြန်ခဲ့တယ်။ သတ်မှတ်ကာလအတွင်းမှာ ရန်ကုန်မြို့တော်ခန်းမသစ် အဆောက်အအုံပုံစံကားချပ်(၃၆)ချပ်အထိ ရရှိခဲ့တယ်။ အဲဒီ အဆောက်အအုံပုံစံသစ် (၃၆)ချပ်ကို ဂျူဗလီခန်းမ Jubilee Hall မှာ ခရစ် ၁၉၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့ကနေ ရက်သတ္တပတ်ကြာ ခင်းကျင်းပြသခဲ့တယ်။ တင်သွင်းလာတဲ့ မြို့တော်ခန်းမသစ်ပုံစံတွေထဲမှာ "ပထမ"၊ "ဒုတိယ"နဲ့ "တတိယ"ဆုရပုံ (၃)ပုံကို ရွေးချယ်ပြီး ပထမဆုရပုံကို Rupee ၄၅၀၀၊ ဒုတိယဆုရပုံကို Rupee ၃၀၀၀၊ တတိယဆုရပုံကို Rupee ၁၅၀၀ အသီးသီးဆုချီးမြှင့်ခဲ့တယ်။

ခရစ် ၁၉၂၈ ခုနှစ်တွင် ပထမဆုရ အင်္ဂလိပ်လူမျိုး အင်ဂျင်နီယာ မစ္စတာဘဲရေးရဲ့ပုံစံနဲ့ အဆောက်အအုံသစ် ဆောက်လုပ်ဖို့ 'အစပျိုး'ခဲ့တယ်။ အဲဒီကာလက နယ်ချဲ့တို့က မြန်မာနိုင်ငံအား Dy-Archy ဒိုင်အာခီလို့ခေါ်တဲ့ ဝေါင်းနှစ်လုံးအုပ်ချုပ်ရေးစနစ်အရ မြန်မာတိုင်းရင်းသား(အချို့)ကို အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားချိန် ဖြစ်တယ်။ မြန်မာတိုင်းရင်းသား "ဦးဆောက်"ဟာ ခရစ် ၁၉၂၅ မှ စတင်ကာ "မြူနီစီပါယ်ကော်မရှင်နာ(မင်းကြီး) အဖြစ် တာဝန်ယူနေချိန်လည်း ဖြစ်ခဲ့တယ်။ အင်္ဂလိပ်နယ်ချဲ့ အင်ဂျင်နီယာ "မစ္စတာဘဲရေး"ရဲ့ အဆောက်အအုံပုံစံသစ်မှာ ခေတ်ဆန်ပြီး ကောင်းမွန်ပါသော်လည်း "မြန်မာ မဆန်ကြောင်း" ထို့ကြောင့် ယခုဆောက်လုပ်မယ့် မြို့တော်ခန်းမသစ်ရဲ့ အတွင်းအပြင်တို့တွင် မြန်မာ့လက်ရာမွန်တွေနဲ့ "ဗိသုကာ" ပြုပြင်ရေးဆွဲပေးရေးအတွက် အင်ဂျင်နီယာ မစ္စတာဘဲရေးအား ယခုအစည်းအဝေးမှ ညွှန်ကြားပေးဖို့ ဦးဘဘော(ဘကြီးဘဘော)က အဆိုတင်သွင်းခဲ့တယ်။ (ဘကြီးဘဘောဟာ "ဒိုင်အာခီ" ကာလအတွင်း 'သစ်တောရေးရာဝန်ကြီး'အဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။) ဦးမောင်မောင်ချန်းနိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူတဲ့ ကော်မတီက ဘကြီးဘဘောရဲ့ အဆိုကို ထောက်ခံပြီး အင်ဂျင်နီယာဘဲရေးအား မြန်မာအင်ဂျင်နီယာ(ဗိသုကာ)နဲ့တွဲဖက်ပြီးလုပ်ကိုင်ဆောင်ရွက်ဖို့ တိုက်တွန်းခဲ့တယ်။ နယ်ချဲ့ အင်္ဂလိပ် အင်ဂျင်နီယာဘဲရေးကတော့ သူ့ရဲ့ ပထမဆုရ အဆောက်အအုံ(ဒီဇိုင်း)မှာ မြန်မာ့လက်ရာဒီဇိုင်းများ ထည့်သွင်းရေးဆွဲပေးရန် (လုံးဝ)မဖြစ်နိုင်ကြောင်း ငြင်းဆိုလိုက်တဲ့အတွက် "မြို့တော်ခန်းမသစ်တည်ဆောက်ရေး"ဟာ ၁၉၂၈ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့မှစတင်ပြီး ဆွေးနွေးရပ်ဆိုင်းသွားခဲ့တယ်။ ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့မှာ ထပ်မံကျင်းပခဲ့တဲ့ "မြို့တော်ခန်းမဆောက်လုပ်ရေး"အစည်းအဝေးတွင် ဦးဘဘော(ဘကြီးဘဘော)က ထပ်မံအဆိုတင်ခဲ့ပြန်တယ်။ မြန်မာလူမျိုးများရဲ့ စိတ်တိုင်းကျပုံစံအတိုင်း ဆောက်လုပ်နိုင်ရန်အတွက် မြန်မာအင်ဂျင်နီယာ(ဗိသုကာ) တစ်ဦးအား မြို့တော်ခန်းမသစ် တည်ဆောက်ရေးဆွဲ တာဝန်ပေးရန် အဆိုကို မြူနီစီပါယ်လူကြီးတွေ အကြိတ်အနယ်ဆွေးနွေးကြ





ပြီးနောက် "မြန်မာအင်ဂျင်နီယာ(ဗိသုကာ)ဦးတင်အား တာဝန်အပ်နှင်းရန် သဘောတူခဲ့ကြတယ်။ အဆောက်အအုံသစ်ဆောက်ရန် မှုတာဘာရေး တင်ပြခဲ့တဲ့ ခန့်မှန်းကုန်ကျစရိတ်က Rupee သိန်း (၂၀) ဖြစ်ပြီး ဦးတင်က Rupee (၁၈)သိန်းနဲ့ ရေးဆွဲတင်ပြခဲ့တယ်။

မြန်မာဗိသုကာ ဦးတင်ဟာ မြို့တော်ခန်းမပုံစံသစ်မှာ "မြန်မာ့လက်ရာ အမွန်အမြတ်"နိုင်ငံပါဝင်နိုင်စေဖို့အတွက် ပုဂံရှေးဟောင်းသည် ဘုရားလက်ရာတွေကို (၁၀)ကြိမ်တိုင်တိုင် အနီးကပ် သွားရောက်လေ့လာပြီးမှ ရေးဆွဲတင်ပြခဲ့တာ ဖြစ်တယ်။ အခြေခံအဆောက်အအုံ Infrastructure ကို အနောက်တိုင်းဟန် အတိုင်း အဆောက်အအုံအနေနဲ့မှာ "သဘာဝအလင်းရောင်နဲ့ လေဝင် လေထွက် ကောင်းမွန်စေဖို့အတွက် စီမံရေးဆွဲထားတယ်။ အဆောက်အအုံရဲ့ အထွတ်မှာ ပြာသာဒ်ကြီး လေးဆောင်၊ တုရင်၊ ကော်ရေဖျောင်တွေနဲ့ အမွှမ်းအပြောက်ပြုကာ ဆင်ယင်ဖြည့်သွေးထားတယ်။ ခန်းမကြီးရဲ့ ဥပစာကို "မြတ်ဆူးလေ"အား ဂါရဝထားပြီး တောင်ဘက်သို့ မျက်နှာပြုထားတယ်။ အဓိကဝင်ပေါက် Main Entrance မှဝင်ဦးတွင် ကျယ်ဝန်းတဲ့ဆင်ဝင် ထည့်သွင်းတည်ဆောက်ပေးထားတယ်။ ဆင်ဝင်အမိုးကို ခန်းမပုံစံ Hall Type လုပ်ပေးထားတဲ့အတွက် စကားပြောစင်မြင့် (Stage)နဲ့ စည်းဝေးပွဲများအတွက်ပါ အသုံးဝင်စေတယ်။ ဆင်ဝင်အလယ်တည့်တည့်(အထွတ်)မှာ ကျော့မော့လှပတဲ့ 'ကဲ'ပေါင်းရုပ်ကြီး 'အင်္ဂတော' ရုပ်ကြွအဖြစ် ထုဆစ်ပေးထားတယ်။ အဆောက်အအုံရဲ့ ပတ်လည်ကိုတော့ တင့်တယ်မှုအပေါင်း ကျက်သရေရောင်လဲ့တဲ့ ကြာမျှ၊ ကြာဖတ်၊ ကြာပွင့်တွေနဲ့ အလှဆင်ပေးထားတယ်။ ဓာတ်လှေကား Elevator ခေတ်စားချိန်ဖြစ်လို့ ကျယ်ဝန်းတဲ့ အဆောက်အအုံကြီးအတွင်းမှာ ဓာတ်လှေကား (၄)စီး တပ်ဆင်ပေးထားတယ်။ အဓိကလှေကား (Stair) တွေကိုတော့ 'တက်'သွားရမှန်းမသိရလောက်အောင် ပြေပြစ်စွာ တပ်ဆင်ပေးထားတယ်။ Main Entrance ကနေ လှေကားအထိ ကျယ်ဝန်းတဲ့ခန်းမကို အညိုရောင်ကျောက်ပြားကြီးတွေ ခင်းပေးထားပြီး လှေကားအတက် တစ်ထက်တစ်ချက်မှာ အဝါရောင်ကျောက်ပြား(Slab)တွေကို ကြာပွင့်တွေနဲ့ အလှဆင်ပေးထားတယ်။ မြို့တော်ခန်းမကြီး ပတ်လည်က ဝင်ပေါက်ငယ်တွေသို့ ဝင်ဖို့အတွက် မြန်မာ့ဟန်အပြည့်ပါတဲ့ သရက်ကင်းလှေကားတွေနဲ့ အလှဆင်ပေးထားတယ်။

ကော်ပိုရေးရှင်းလမ်းအညွှန်ရုံးတဲ့ (ယခု စည်ပင်သာယာ)တက်က သံတံခါးကြီးထက်က ကော်ပိုရေးရှင်းတံဆိပ် Logo အတွင်းမှာ "ဒဂုံမြို့ မနေ့ရုံ ပေတတ်" စာသားကိုပါ သံထက်အက္ခရာတင်ပေးထားတယ်။ အခုတော့ "ရန်ကုန်မြို့ မနေ့ရုံ ပေတတ်"သို့ ပြောင်းလဲရေးသားနေပေမဲ့ သံထက်အက္ခရာမှာတော့ "ဒဂုံမြို့" ပါပဲ။

အဆောက်အအုံကြီးရဲ့ပတ်လည်မှာ ၁၉၂၅ ခုနှစ်ထုတ် သံကျွတ်ရေဆင်းပိုက်ပြွန်ကြီးတွေ တပ်ဆင်ထားတာကြောင့် အဆောက်အအုံရဲ့သက်တမ်းလို့ ထင်မှတ်မှားနေကြတယ်။ တကယ်တော့ မြန်မာဗိသုကာဦးတင်ဟာ အဆောက်အအုံသစ်ကြီး စတင်တည်ဆောက်ချိန်မှာ (၄)နှစ်ကြာမှုအထိ ပန္နက်ချရန်ဆောင်းရွှဲ၊ ရန်ပုံငွေရှာချိန်တွေအတွက် စောင့်ဆိုင်းခဲ့ရတယ်။ ခရစ် ၁၉၃၃ ခုနှစ်၊ ဧပြီလတွင် စတင်တည်ဆောက်တဲ့အခါ မြန်မာ့လက်ရာတွေနဲ့ ဝင်တည်စေရန်အတွက် မြန်မာ့ရှေးလက်ရာပညာရှင် ဆရာဆိုင်ရဲ့ အကူအညီကို ရယူတည်ဆောက်ပေးခဲ့တယ်။ ၁၉၃၆ ခုနှစ်၊ နှင်လ (၁၅)ရက်နေ့တွင် မြို့တော်ခန်းမ အဆောက်အအုံသစ်ကြီးကို ဗြိတိသျှဘုရင်ခံ ဆာအာချီဘောလ်ကော့ကရိန်းက အခမ်းအနားနဲ့ ဖွင့်လှစ်ပေးခဲ့တယ်။ စစ်ကြိုခေတ်သတင်းစာ The Nation မှာ "မြို့တော်ခန်းမသစ်ကြီး"ကို ခေါင်းပေါင်းပေါင်းပြီး ကောင်းချီးပေးထားတဲ့ မြင်ကွင်းမင်းသားကြီးနဲ့တူတယ်လို့ သရော်ရေးသားခဲ့တယ်။ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်မှာ "ဝိန်ရတု"သို့ ရောက်ရှိပြီဖြစ်တဲ့ ဆူးလေရင်ပြင်ရဲ့ ရွှေရောင်အနောက်ဘက် ကျောက်တတ်ထား မြို့နယ်ရဲ့ ဥပစာအလှဖြစ်တဲ့၊ မြန်မာ့လက်ရာတွေနဲ့ ထုံမွှမ်းထားတဲ့၊ ကိုလိုနီခေတ်ကာလ လွတ်လပ်ရေးရဲ့ ပြယုဂ်ဖြစ်ခဲ့တဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သမိုင်းဝင် ရှေးဟောင်းလက်ရာ ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံကြီးပင် ဖြစ်ပါပေတယ်ခင်ဗျာ။

မေတ္တာမှုဖြင့်
**မောင်မြတ်မှန်(ဆူးလေ)**

ရည်ညွှန်းကိုးကား
(၁) ရှေးဟောင်းလက်ရာအဆောက်အအုံများစာရင်း
(၂) ရန်ကုန်မြို့တော်ခန်းမကြီး(သမိုင်းစဉ်)
(၃) A History of Rangoon, B.R Pearn



ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်စံမီကာတည်းက တစ်ချိန်သောအခါ ဗုဒ္ဓမရှိတော့မူလျှင် ဗုဒ္ဓကို မည်သို့ဖူးမြင် ကြည်ညိုကြပါမည်နည်းဟု ရဟန်းတပည့်သားများနှင့် လှူဒါယကာ ဥပါသိကာတို့ပါ ပူပန်ခဲ့ကြသည်။ ဘုရားသခင် တာဝတိံသာကြွတော်မူပြီး အဘိဓမ္မာတရားတော်ကို ဟောပြောနေစဉ်ကလည်း ကျောင်းတော်သို့ လာရောက်ကြသော ဥပါသကာ ဥပါသိကာများ ဘုရားရှင်ကို မတွေ့ရ

# မဟာမုနိ နံရံပန်းချီများထိန်းသိမ်းရေး

တိုးသူ



ရတနာပုံခေတ် ပန်းချီဆရာကြီးများရေးဆွဲခဲ့သော နံရံပန်းချီ ဓာတ်ပုံ-

မဖူးမြင်ရသဖြင့် ဝမ်းနည်းအားငယ်ကြရကြောင်း သိရသည်။ ထို့ကြောင့် ဘုရားမရှိသောအခါ တစ်စုံတစ်ခုကို ဘုရားကိုယ်စား လှူတို့ပူဇော်နေချင်ကြသည်။ သို့ဖြင့် သဗ္ဗညုတဉာဏ်တော်ရရှိရာ မဟာဗောဓိကို ဘုရားအဖြစ် အာရုံပြုကိုးကွယ်ရန် အာနန္ဒာမှတစ်ဆင့် လျှောက်ထားခဲ့ကြဖူးသည်။

ရန်ကုန်တွင် ရွှေတိဂုံသည် သိင်္ဂုတ္တရကုန်းတော်ပေါ်တွင်တည်ထားသဖြင့် ဝေးကွာသော အရပ်လေးမျက်နှာမှ လှမ်းမျှော်ဖူးမြော်နိုင်သဖြင့် ထင်ရှား၏။ ထို့ထက် ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရပြီးစ သတ္တ-သတ္တာဟ စံနေတော်မူစဉ် ဥက္ကလာပမှ တဖုဿ ဘလ္လိက ညီနောင်တို့ ရောက်ရှိဖူးမျှော်ခွင့်ရကာ ဓမ္မပါဒီကာ သရုပ်တော်ကို တည်နိုင်ချိန် ဆံတော်ရှစ်ဆူရရှိသဖြင့် ထိုဆံတော်အမျိုး ဌာပနာတည်ထားသော ဘုရားဖြစ်သောကြောင့် ထင်ရှားဘုန်းတန်ခိုးကြီးခဲ့သည်။

မန္တလေးမှ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသည်လည်း ရခိုင်တွင် စန္ဒသူရိယမင်း လက်ထက် ဘုရားရှင်ကြွတော်မူလာစဉ် သွန်း



မဟာမုနိဘုရားအရှေ့တောင်ထောင့်ရှိ နံရံပန်းချီလက်ရာတစ်ခု

လုပ်ပြီး ဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့တော်ပေးလျက် အသက်သွင်းခဲ့သော ရုပ်ပွားတော်ကြီး ဖြစ်သောကြောင့် ရုပ်ရှင်တော်မြတ်ဟု ခေါ်ကြရသော ကြေးဆင်းတုတော်ကြီးဖြစ်သည်။ တန်ခိုးကြီးမားလှ၏။ ဗဒုံမင်းခေါ် ဘိုးတော်ဘုရားလက်ထက်တွင် ရခိုင်မှ ရိုးမတောင်တန်းကြီးကို ကျော်ဖြတ်ကာ သယ်ဆောင်ပင့်ယူလာခဲ့ပြီး ယခု မန္တလေးမြို့တွင် ကိန်းဝပ်စံပယ်တော်မူနေခြင်းဖြစ်သည်။



[illegible]

ဝက္ကလိရဟန်းသည် မြတ်စွာဘုရားကို အထူးကြည်ညိုလွန်းသဖြင့် မမြင်မတွေ့ရလျှင် မနေနိုင်အောင်ရှိခဲ့သည်။ ထိုရဟန်းသည် အလွန်ဆိုးဝါးပြင်းထန်သော ဝေဒနာကို ခံစားနေရသဖြင့် ပရိနိဗ္ဗာန်ပြုခါနီးမှာပင် ဘုရားရှင်ကိုဖူးမြော်ချင်သဖြင့် သူ့ဆန္ဒအတိုင်း တပည့်များက ဝါးကပ်တွင် တင်ကာ ထမ်းယူလာကြပြီး ဘုရားရှင်ထံပို့ကြရသည်။ ထိုအခါ ဘုရားရှင်က မိန့်တော်မူသည်။ ဝက္ကလိ ဒီဝစ္စာ အပုပ်ကောင်ကြီးကို ဘာဖြစ်လို့ စွဲလမ်းနေရပါသနည်း။ ငါ့တရားကိုမြင်သောသူသည်၊ ငါ့ကို မြင်တွေ့နေရသူဖြစ်သည်ဟု တရားချခဲ့သည်။ ထိုတရားနာပြီး သူနေရာ တောင်ပေါ်ပြန်လာ၊ ဝေဒနာများကို ကောင်းစွာရှုမှတ်ရင်း အရဟတ္တမဂ်ကိုရရှိ ပရိနိဗ္ဗာန်ပြုသွားခဲ့ရသည်။

ထို့ကြောင့် မိမိတို့ယဉ်ကျေးမှုတွင် ဗုဒ္ဓဝင်ယဉ်ကျေးမှုဖြစ်သည်။ ပုဂံကတည်းက မန္တလေးခေတ်မှသည့်တိုင် ဗုဒ္ဓဝင်ပန်းချီတို့ အားကောင်းနေဆဲဖြစ်သည်။ နူးညံ့သိမ်မွေ့သော ပန်းချီပညာကလည်း သာသနာတော်ပြုခြင်းတွင် ထိရောက်သော လက်နက်ကောင်းတစ်ခု ဖြစ်သည်။ ပုဂံ အရိမဒ္ဒနမင်း ရဟန်း မှူးမတ်ပြည်သူ တစ်ရပ်လုံးလည်း ကောင်းစွာ သဘောပေါက်ခဲ့ကြသည်။ သို့ဖြင့် အနုပညာအား ကိုးကာ သာသနာတော်ကို ပုဂံသားတို့ ထိန်းသိမ်းလာနိုင်ခဲ့ကြသည်။ ထို့ကြောင့် မကျန်တော့သလောက်ဖြစ်သော မန္တလေးခေတ်မှ နောက်ဆုံးလက်ရာပန်းချီများကို မိတ်ဆက်ပြောကြားတင်ပြလိုပါသည်။

မဟာမုနိဘုရားကြီးသည် ပါတော်မူပြီး တစ်နှစ်အလိုတွင် မီးလောင်ခဲ့ရသည်။ ရုပ်ပွားတော်ကြီးပင် မီးခဲခဲ့ရသည်။ ထို့ကြောင့် သီပေါမင်းသည် ရန်သူကို သတိမပြုနိုင်ဘဲ မီးလောင်သွားခဲ့သော မဟာမုနိဘုရားကြီး ပြန်လည်ပုံတော်ဖွင့်နေရသည်။ မင်းဝတ်မင်းစားများဖြစ်သော မကိုဋ် ဒူ ဒါသာများ၊ စလွယ်များ၊ ရွှေ ငွေ၊ ကျောက်တို့ဖြင့် ပြုလုပ်မှုတော်ခဲ့သည်။ တည်ဆောက်နိုင်ရေး လုံးပန်းခဲ့ရသည်။ ယခင်က သစ်သား ပြာသာဒ်ကြီးနေရာတွင် အုတ်ပြာသာဒ်ဖြင့် အစားထိုးဆောက်လုပ်လာခဲ့သည်။ ဆောင်းတန်းမုခ်ဦးလေးဘက်တို့တွင် ပန်းချီများဖြင့် တန်ဆာဆင်ခဲ့ကြသည်။ ကိုလိုနီခေတ်သို့ရောက်မှ လက်စသတ်နိုင်ခဲ့သည်။ ထိုပန်းချီများသည် မန္တလေး (ဝါ) ကုန်းဘောင်ခေတ်၏ နောက်ဆုံးထွက်သက်ဖြစ်ခဲ့သည်။ ထိုထွက်သက်ငွေ့ငွေ့လေးကို ကျွန်တော်တို့ ရင်ဘတ်လှိုက်လှိုက်ဖြင့် ကြည့်ရှုနေကြရသည်။ အကြောင်းမှာ ရေးဟောင်း အမွေအနှစ်ကို မခံစားတတ် နားမလည်သူများက အရှေ့ဘက်နှင့် မြောက်ဘက်မုခ်တို့မှ ပန်းချီများကို မထိန်းသိမ်းဘဲ ဆေးဖြူ သုတ်ပစ်ခဲ့ကြသည်။ တောင်ဘက်နှင့် အနောက်ဘက်မုခ်များတွင် ကျန်ကောင်းသာ ကျန်ပါသေးသည်။ သို့သော် ထို အခန်းများ အငှားချထားသဖြင့် ပျက်သွားလည်း ပျက်ကုန်ကြရပြီ။ ဘုရားလူကြီးများကို ပန်ကြားလိုသည်မှာ ထိုနေရာများတွင် ဆိုင်ငှားရနိုင်သည့်ငွေထက် များစွာကြီးမားသော လူမျိုးဂုဏ်၊ အနုပညာဂုဏ်

**ဒီဝစ္စာ အပုပ်ကောင်ကြီးကို ဘာဖြစ်လို့ စွဲလမ်းနေရပါသနည်း။ ငါ့တရားကိုမြင်သောသူသည်၊ ငါ့ကို မြင်တွေ့နေရသူဖြစ်သည်ဟု တရားချခဲ့သည်။**

**အင်္ဂလိပ်တို့၏ အမျိုးသားစိတ်ဓာတ်ချိုးနှိမ်လိုက်ခြင်းသည် မန္တလေးရွှေနန်းတော်ရွှေမြို့တော်ကြီးကို စစ်စခန်း လုပ်လိုက်ခြင်းဖြင့် ပြည်သူကို မြန်မာ့အချုပ်အခြာ အာဏာ၏ တည်ရာဟု မသိမြင်နိုင်ကြတော့ဘဲ...**

တို့က တန်ဖိုးအကြီးဆုံးဆိုသည်ကို သိကြပေးပါရန် ထပ်မံတောင်းပန်ကြားပါသည်။

မန္တလေးတက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒေါက်တာကိုကိုနိုင်က ထိုပန်းချီများ ပြန်လည်ဖော်ထုတ်ရေး သုတေသနစီမံကိန်း ရေးဆွဲတင်ပြထားသည်ကိုသတိရမိသည်။ ပြီးဆုံးအောင်မြင်သွားလျှင် မဟာမုနိသမိုင်းတွင် ထူးခြားချက်တစ်ခုဖြစ်လာမည်။ သည့်ပန်းချီများကိုလေ့လာပြီးလည်း ကိုလိုနီခေတ်ဦး ပြောင်းလဲလာခဲ့သော လူမှုစီးပွားရေးသမိုင်းကို သိရမည်ဖြစ်သလို မန္တလေး၏ အခြေအနေများကိုလည်း သိရှိခွင့်ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းအတွက် ဘုရားကြီးက သုတေသနအဖွဲ့ဖွဲ့ကာ ပြန်လည်ထိန်းသိမ်းဖော်ထုတ်၊ စာအုပ်စာတမ်းများ ရေးသားစေခြင်းကာ ပညာဝလွယ်ကြသင့်ပါသည်။ သုတေသနပညာရှင်များစိတ်ဝင်ပြီး အမြင့်အမြတ်ဆုံးဖြင့် ပြန်လည်ဖော်ထုတ်သင့်လှပါသည်။ ခေတ်ကို အကောင်းဆုံးပြောနိုင်သော အထောက်အထားများဖြစ်ပေသည်။

ကိုလိုနီခေတ်ရောက်ရောက်ချင်း အလျှင်အမြန်တိုးတက်လာခဲ့သည့် မြင်ကွင်းတစ်ရပ် အထောက်အထားဆောက်လုပ်ရာတွင် တာဝန်ချက်များမရှိတော့ဘဲ လူမေ့အိမ်တိုက်များ အလျင်အမြန်ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ လူအတော်များများက ပဒေသရာဇ် အဆင်းအတားအချို့ကို ဖယ်ရှားနိုင်သဖြင့် လွတ်မြောက်ခြင်းတစ်ရပ်ဟု ထင်လာခဲ့ကြသည်။ သို့သော် အမျိုးသားရေး အချုပ်အခြာအာဏာမဲ့သွားခဲ့ကြသည်ကိုကား သတိမထားမိလိုက်ကြချေ။ သာမန် မင်းပြောင်း မင်းလွှဲသာဟု ထင်ကြသူများလည်းရှိသည်။

ပန်းချီဆရာသည် နန်းတွင်းအခင်းအကျင်းကိုရေးဆွဲသောအခါ မြေနန်းတော်ကို ပဓာနပြုခဲ့သော မန္တလေးရွှေနန်းတော်ဟု မြင်နိုင်ပေသည်။ ထိုရွှေနန်းတော်ပုံကို ဘူအောင်မဆွဲနိုင်တော့သလို ဖြစ်နေသည်ကိုတွေ့ရသည်။ အင်္ဂလိပ်တို့က သိမ်းပြီးကြောင်းမီ နန်းတွင်းမှ မှူးမတ်များကို အသေလုံးနှင်ထုတ်ပြီး ခံစစ်ရှင်းခြင်း အဖြစ် ပြောင်းလဲလိုက်သဖြင့် သာမန်ပြည်သူများ ဝင်ခွင့်မရတော့ဟန်ရှိသည်။ အင်္ဂလိပ်တို့၏ အမျိုးသားစိတ်ဓာတ် ချိုးနှိမ်လိုက်ခြင်းသည် မန္တလေးရွှေနန်းတော်ရွှေမြို့တော်ကြီးကို စစ်စခန်း လုပ်လိုက်ခြင်းဖြင့် ပြည်သူကို မြန်မာအချုပ်အခြာအာဏာ၏ တည်ရာဟု မသိမြင်နိုင်ကြတော့ဘဲ စစ်တပ်နေရာဟုသာ မြင်လာနေခဲ့ကြတော့သည်။ သို့သော် မြေနန်းပုံစံကိုကား ပေါ်အောင်ဆွဲနိုင်ပါသည်။ နောက်က အုတ်တိုက်များ ပါလာသည်။ နန်းတော်ကြီးတစ်ရပ်လုံးတွင် အုတ်ဖြင့် ဆောက်သော အဆောက်အအုံမှာ လက်ဖက်ရည်တော်ဆောင် တစ်ဆောင်တိုက်တစ်လုံးသာ ရှိခဲ့သည်။ ယင်းသည်လည်း သီပေါမင်းလက်ထက်တော်တွင်မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

နန်းတွင်း၌ တိုက်အဆောက်အအုံများ များစွာပေါ်ထွက်လာခဲ့သည်ကို ပုံတွင်တွေ့လာရသည်။ လှုပ်ရှားနေကြသော မှူးမတ် မင်းညီမင်းသားတို့ကို ရေးဆွဲထားသော်လည်း ပုံတွင်မူ ကိုလိုနီခေတ်ဝသို့ ကူးရောက်နေသည့်အဖြစ်ကိုကား ပန်းချီက ပေါ်အောင်မဖော်ပြသေးချေ။ မှူးမတ်များက မြေပြင်တွင်ပြာပြာသဝင်ကာ စေတနေကြရပုံက အတွန့်ဂုဏ်ပယ်စရာပုံဖြစ်သည်။

ခေတ်သစ်မြို့ပြပုံကား ပေါ်လွင်ပါသည်။ နိုင်ငံရေး၊ လူမှုစီးပွားရေးကအစ ပြောင်းလဲသွားသောအခြေအနေအရပ်ရပ်ကို ပန်းချီဆရာသည် စိတ်ချက်တစ်ရပ်ဖြင့် ရေးဆွဲပုံဖော်နေသည်ရှိသလို လက်ရှိဘဝသည့် ပိုမိုပျောက်လပ်သွားသည့် သဘောရှိ



သော်လည်း နှလုံးသားတွင် မျက်မျက်ကလေး မိစေသနေရုပ်ရှင်ကြောင်းလည်း ပုံများကို စေ့စေ့စပ်စပ်လေ့လာလျှင် တွေ့မြင်နိုင်မည်။ ကိုလိုနီဘဝအခြေအနေအကြောင်း တစ်နည်းတစ်ဖုံဖြင့် သတင်းစကား ပါးနေပုံပေါက်ပါသည်။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ဆိုရိုးရှိခဲ့ဟုတ်လော။ မည်သို့ပင်ဖြစ်စေ ထိုပန်းချီများပြန်လည်ရှင်သန်သင့်လှသည်။ မန္တလေးမြို့ပေါ်ရှိ သမိုင်းပညာရှင်များ၊ စာပေပညာရှင်များ၊ ပန်းချီပညာရှင်များ၊ ရှေးဟောင်းပညာရှင်များဖြင့် ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းကာ စာတမ်းများဖတ်ကြားဖတ်ကြားခြင်း၊ ပြန်လည်စနစ်တကျ ထိန်းသိမ်းခြင်း၊ ထိုကျန်နေသောမှန်များကို ပြတိုက်ပုံဖော်ခြင်းဖြင့် စနစ်တကျ ပြုလုပ်ကာ ပြန်လည်အသက်သွင်းသင့်ပါသည်။

အခြားအရှေ့ဘက်နှင့်မြောက်ဘက်မှန်များရှိခဲ့သော ပန်းချီကားများကို ဆုံးရှုံးအဆက်ပျောက်သွားသည်များကိုလည်း ရနိုင်သေးပါလျှင် ပုဂံအာနန္ဒာမှာ ပြန်လည်ဖော်ထုတ်သလို ဖော်ထုတ်သင့်ပါသည်။ ဗေဒါကလူကြီးများသည် ယင်းကို ပုံပေါ်အောင် ပြန်လည်လုပ်နိုင်ပါလျှင် အမျိုးသားယဉ်ကျေးမှုအမွေကို ထိန်းစိမ်းစောင့်ရှောက်နိုင်ခြင်းဂုဏ်ရရှိကြမည်ဖြစ်ပြီး သမိုင်းသုတေကောင်းများလည်း ဖြစ်လာနိုင်ကြပါမည်။

မြန်မာပန်းချီဆရာတို့၏ ရှေးရှေးသောအမြင်၊ သရုပ်ဖော်မှုပညာ၊ ဘဝကိုအမှီပြုသိကောက်ယူမှု အတတ်ပညာတို့ကို မိမိတို့ထိုပန်းချီများမှ လေ့လာရရှိကြမည်ဖြစ်သည်။ ပုဂံရှေးဟောင်းပန်းချီတို့ဖြင့် လမ်းခွဲလာသည်ကိုလည်း တွေ့ရှိရသလို အစဉ်အလာကိုလည်း ထိန်းသိမ်းပါကြောင်း မြင်တွေ့ရသည်။ ထိုအခြေအနေတို့ကို ပညာရှင်တို့ကဖော်ထုတ်ပြီး ပြည်သူတို့ကို အသိပေးသင့်ပါသည်။ ပြတိုက်ပြုလုပ်သောအခါ



နံရံပန်းချီများကို ဓာတ်ပုံမှတ်တမ်းတင်နေစဉ်

အလှရောင်များသော မီးလုံးကြီးများ နံရံကိုသိမ်ကိုက် မီးသွယ်သည့်မျိုးများလည်း မပြုလုပ်ရန် လိုပါသည်။ ဒေါက်တာကိုကိုနိုင်ဦးဆောင်ပုံဖော်နေမှုသည် အကြောင်းကြောင်းသော အကြောင်းများကြောင့် ရပ်သွားသည်ဟု ထင်ပါသည်။ ပြန်လည်ဖော်ဆောင်လျက် တိုးတက်ရှင်သန်နေအောင် လူကြီးမင်းများကလည်း ကြိုးပမ်းကူညီအားပေးသင့်ကြပါသည်။ ထိန်းသိမ်းခြင်းဆိုသည်မှာ ဘက်ပေါင်းစုံမှ ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ မြို့တိုင်းလောက်တွင် ကြီးကျယ်ထင်ရှားခမ်းနားလှသော စေတီပုထိုး ဘုရားကြီးများ ရှိတတ်ကြပါသည်။ တစ်ဆူထက်ပိုပြီးလည်း ရှိတတ်ကြပါသည်။ ထိုဘုရားများကို ဗုဒ္ဓဘာသာဝင်များအထို ကြည်ညိုခြင်းအပြည့်ဖြင့် ဘုရား လာရောက်ဖူးမျှော်တတ်ကြပါသည်။ ဘုရားဖူးခြင်းသက်သက်သာ ဖြစ်ပါသည်။ သို့သော် အချို့က ဘုရားဖူးဆိုသော်လည်း ပျော်ပွဲစားအလုပ်များလည်းပါလာတတ်သည်။ ဘုရားဖူးရင်း လိပ်ဥတူးရင်း ဆိုသည့်မျိုးဖြစ်ပါသည်။ ထိုဘုရားဖူးများ ဘုရားရှေ့ဝတ်ချ၊ ရွှေဆိုင်းလေးလယ် ရွှေချ၊ ဘုရားကိုတစ်ပတ်ပတ်ပြီး ပြန်သွားကြသည်။ ရပ်ကွက်က ဘုရားကိုပင် အလေ့အထ ကောင်းလှအောင် ပြောရမည့်သူများဖြစ်သည်။ အပြန်သူတို့ ဘာမျှပြန်ရမသွားကြချေ။ အပြန်တွင် အသိများများ အနည်းဆုံးရရှိသွားအောင် ဘုရားလူကြီးများက လုပ်ပေးသင့်ကြပါသည်။ နိုးကြားမှု အသိများများအနည်းဆုံးရရှိသွားအောင် ဘုရားလူကြီးများက လုပ်ပေးသင့်ကြပါသည်။

ဘုရားကြီးများတွင် ပြတိုက်များရှိတတ်ကြပါသည်။ များသောအားဖြင့်လာရောက်လှူသူများ၏ ပစ္စည်းတို့ကိုမှန်ကောင်တာထဲ ထည့်သွင်းပြသည်မှလွဲပြီးရှေးဟောင်းပစ္စည်းအရောင်ဆိုင်ပြခန်းမျိုးအနေအထားသော ရှိသည်ကိုလည်း မြင်ရန်ခြရန်လိုပါသည်။ ရှိသမျှကို အားလုံးထုတ်ပြရန်မလိုဘဲ အနှစ်သာရရှိသော်စာတမ်း ပေးနိုင်သော တစ်နှစ်တစ်ကြိမ် ပြောင်းလဲပြခြင်းမျိုးသော ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ နံသည်ဟုထင်ရအောင် ရှိသမျှထည့်ထားလျှင် ရှင်းပြသူလည်း ပြည့်စုံအောင် မရှင်းပြနိုင်သလို ဘာကြည့်ရမည်

မသိသဖြင့် ဝင်ရောက်လာပြီး ပြန်ထွက်သွားကြသူများလည်း အများပင်တွေ့ရသည်။

ဘုရားဖူးခြင်းသည် အတတ်ပညာတစ်မျိုးဆိုနိုင်သည်။ ဗုဒ္ဓဘာသာဝင်များအတွက် ဘုရားဖူးကြသောအခါ "သစ္စာ သဒ္ဓါရာ အနိစ္စာ ၊၊ ဒုက္ခာ၊ သစ္စေမှု အနတ္တာ"ကိုသိခြင်းမှသည် လွတ်မြောက်ခြင်းတိုင် လျှောက်လှမ်းရန်ဖြစ်သည်။ ထိုထိုအောင် မရောက်နိုင်ကြချေ။

လူမှုကိစ္စရပ်ကများပေသောကြောင့်၊ ထို့ကြောင့် ပညာသဘောရှိရှိ ဘုရားဖူးကြသူများလည်းရှိသည်၊ ဘုရားဖူးခြင်းသည် ခရီးသွားခြင်းဖြင့် ချိတ်ဆက်ကာ ဆေးသန့်ပြီးရေးတစ်မျိုးလည်း ဖြစ်လာနေသည်။ ထို့ကြောင့် တန်ခိုးကြီးဘုရားများသည် ဘုရားဖူးများများလာနိုင်စေရန် အကျိုးရှိသည်များ ဖော်ဆောင်ထားရပါသည်။ မဟာမုနိအတွင်း မှန်ပေါက်ပန်းချီများသည် ရှေးဟောင်း မြန်မာ့ရိုးရာအတတ်ပညာတစ်ခုဖြစ်သည်။ ယင်းတို့ကို ခေတ်မီအကောင်းဆုံး ထိန်းသိမ်းနိုင်ခြင်းဖြင့် ဒေသဘုရားဖူးများသာမက နိုင်ငံတကာ ဘုရားဖူးများပါ လာနိုင်မည်ဖြစ်သောကြောင့် ပို၍အကျိုးဖြစ်ထွန်းလာနိုင်ပါသည်။ ထိုထိန်းသိမ်းရေးနှင့် ပြတိုက်သဖွယ်ဖြစ်နိုင်ဖို့ ကျန်နေသေးသော မှန်ပေါက်များကို ထိန်းသိမ်းခြင်းလုပ်ငန်း၊ ပြတိုက်ဖွင့်နိုင်ရေးလုပ်ငန်းများ လုပ်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ဒေါက်တာကိုကိုနိုင်ကလည်း သုတေသနလုပ်ငန်းကို ပြီးမြောက်အောင် လုပ်ဆောင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စင်စစ်မဟာမုနိသည် စာတမ်းများ ရေးသားရန်၊ သုတေသနများပြုလုပ်ရန် မှုကိုရှိ အလွန်ကောင်းသော နေရာတစ်ခုဖြစ်သည်။ ကျောက်စာရုံကြီးရှိသည်။ ထိုကျောက်စာတွေ မည်သို့လေ့လာကာ ပြည်သူကို တင်ပြကြပါမည်နည်း၊ ပန်းချီတွေရှိသည်၊ မည်သို့လေ့လာ ပညာပေးကြမည်နည်း။ ခေါင်းလောင်းစာတွေရှိသည်၊ ထိုခေါင်းလောင်းများက မည်သို့ ပညာပေးနိုင်ပါမည်နည်း။ ဝန်းကျင်အဆောက်အအုံများရှိသည်၊ မဟာမုနိ ဂေါပကအဆက်ဆက် မည်သို့တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြပါသနည်း။ ဈေးတန်းများရှိသည်၊ ဒေသတွင်း လူမှုစီးပွားရေးတွင် မည်သည့်အနေအထား လောက်က ပါနေပါသနည်း။ လုပ်စရာတို့ကား ပညာရှင်တို့အတွက် စောင့်ကြိုနေပါသည်။ သို့သော် ဘုရားလူကြီးများက မကူညီနိုင်ပါလျှင် ဘာမျှဖြစ်လာနိုင်မည် မဟုတ်သလို ဘိုးဘွားတို့ အမျိုးသားယဉ်ကျေးမှု အမွေများသည်လည်း ဘုရားတောင်ရှည်ပတ်လမ်းတစ်ညည်းလောက်မှ တန်ဖိုးမရှိ ဖြစ်သွားနိုင်မည်သာတည်း။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံ စေတီပုထိုးတို့၏ အဦးသမိုင်း၊ အထင်ရှားဆုံးသမိုင်း၊ သာသနာတော်၏ အမှန်ဖြတ်ဆုံးသမိုင်း ဖြစ်သောကြောင့် ကမ္ဘာတည်သရွေ့ တည်တံ့နိုင်အောင် ထိန်းသိမ်းနိုင်မှသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ ဖြူသန့်သော စေတနာနှင့် လေးနက်သော ယုံကြည်မှုအပေါ် တည်သည်ဖြစ်သောကြောင့် ထိုစေတနာအရှိန်ဖြင့် ညီညွတ်စွာ ထိန်းသိမ်းနိုင်ကြပါစေသတည်း။ ဆန္ဒလည်း ဖြစ်မိပါသတည်း။

ဘိုးလေ့



# CITY CARTOON






# တို့မြန်မာ့ သာကီလပ်းတွေနဲ့

ဦးအောင်ကြိုး(ဝါးလားမြို့)

အမည်ပေးခြင်းစနစ် ဘယ်တုန်းက ပေါ်ပေါက်ခဲ့သည်ကို ကျွန်တော်မသိပါ။ ကျွန်တော်သိသည်ကား အမည်ပေးစနစ်သာ မပေါ်ပေါက်ခဲ့လျှင် လူတွေ အခက်အခဲတွေ အများကြီးနှင့် ရင်ဆိုင်ရမည်ဖြစ်ပေသည်။

သည်ကမ္ဘာလောကတွင် နေထိုင်သောလူများသည်–

– လူများကိုလည်း အမည်ပေးကြသည်။
– တိရစ္ဆာန်များကိုလည်း အမည်ပေးကြသည်။
– အဆောက်အဦးများကိုလည်း အမည်ပေးကြသည်။
– အသုံးအဆောင်များကိုလည်း အမည်ပေးကြသည်။
– ရာသီ၊ ရာသီများကိုလည်း အမည်ပေးကြသည်။
– သစ်ပင်ပန်းမန်များကိုလည်း အမည်ပေးကြသည်။
– သဘာဝတောတောင်ရေမြေများကိုလည်း အမည်ပေးကြသည်။
– နိုင်ငံများ၊ မြို့များ၊ ရွာများကိုလည်း အမည်ပေးကြသည်။
– မြစ်များ၊ ချောင်းများ၊ ဝင်္ကလေများကိုလည်းအမည်ပေးကြသည်။
– အိမ်များ၊ လမ်းများ၊ ရုံးများကိုလည်း အမည်ပေးကြသည်။

ကမ္ဘာတွင် အမည်ပေးစနစ် (Naming System) ပေါ်လာခြင်းသည် ဘာသာစကားတိုးတက်မှု လူ့ယဉ်ကျေးမှု တိုးတက်မှုများနှင့် ဆက်နွယ်ဖြစ်ပေါ်ခြင်းဖြစ်သည်။

လူများကို အမည်ပေးမထားလျှင် ဟိုလူ၊ သည်လူ၊ လူပု၊ လူရှည်၊ လူမည်း၊ လူဖြူ၊ လူဝ၊ လူပိန် စသည်ဖြင့် မသေမချာ ညွှန်းဆိုခေါ်နေရသည်မို့ အခက်အခဲများပေါ်နေမည်သာဖြစ်သည်။



တိရစ္ဆာန်များကို အမည်ပေးထားလျှင်လည်း ဟို ကိုက်တဲ့အကောင်၊ ရှည်ရှည်မျော့မျော့အကောင်၊ ပုတုတုအကောင်၊ အစွယ်နဲ့အကောင်၊ မြီးနဲ့အကောင်၊ ရှာနဲ့အကောင်၊ ဆူးနဲ့အကောင် စသည်ဖြင့် ခွဲခြားနေရ၍ လိုရင်းမရောက်ဘဲ ဒုက္ခရောက်နိုင်ပါသည်။

မြို့အမည်၊ လမ်းအမည်ပေးမထားလျှင်လည်း အခက်အခဲအများကြီးရှိပါမည်။ ဟိုတောင်အကြီးကြီးရှိတဲ့ မြို့၊ ဟိုမြစ်အကြီးကြီး ရှိတဲ့မြို့၊ ဟို ထင်းရှူးပင်တွေပေါတဲ့မြို့၊ ဟိုတံတားကြီးရှိတဲ့မြို့ စသည်ဖြင့် မသေမရေ၊ မရေမရာ ပြောနေရမည်ဖြစ်သည်။

လမ်းအမည် မပေးထားလျှင်လည်း အခက်အခဲများရှိနိုင်ပါသည်။ ဟို နွဲ့လှတဲ့လမ်း၊ ဖွက်လှတဲ့လမ်း၊ ရှည်တွေနဲ့လမ်း၊ ကဗ္ဗာလမ်း စသည်ဖြင့် ညွှန်းဆိုနေရသဖြင့် လိပ်စာရောက်၊ ရှေးပြန်ကာ အမေးဆိုနိုင်ပါသည်။

သို့အတွက် "အမည်ပေးခြင်း"သည် တိကျမှု၊ ရေရာမှု၊ နိုင်မာမှုတို့အတွက် ကြီးမားသောအထောက်အကူကို ဖြစ်စေပါသည်။

အမည်ပေးစနစ် ပေါ်ပေါက်လာ၍ အမည်ကိုကြည့်၍ ဘယ်နေ့သား၊ ဘယ်နေ့သမီး ပြောနိုင်သည်။ ဘယ်မျိုးနွယ်စုဆိုတာ ပြောနိုင်သည်။

တနင်္လာဆိုလျှင် က,ခ,ဂ,ဃ,င

အင်္ဂါဆိုလျှင် စ,ဆ,ဇ,ဈ,ည

ဗုဒ္ဓဟူးဆိုလျှင် ရ,သ,လ,ဝ

ကြာသပတေးဆိုလျှင် ပ,ဖ,ဗ,ဘ,မ

သောကြာဆိုလျှင် သ,ဟ

စနေဆိုလျှင် တ,ထ,ဒ,ဓ,န,ဏ

တနင်္ဂနွေဆိုလျှင် အ,ဥ,ဣ

စသည်ဖြင့် နာမည်ပေး၍ နာမည်ပြောလိုက်သည်နှင့် ဘယ်နေ့သားဆိုတာ တန်းပြောနိုင်သည်။ ဘယ်မျိုးနွယ်စုကို ဖော်သည်ကိုလည်း နာမည်ကိုကြည့်၍ သိပါသည်။ 'စိုင်း'နှင့်စလျှင် ရှမ်းမျိုးနွယ်စု၊ 'ခေတ'နှင့်စလျှင် ကရင်မျိုးနွယ်စု၊ 'ဆလိုင်း'နှင့်စလျှင် ချင်းမျိုးနွယ်စု၊ 'နိုင်'နှင့်စလျှင် မွန်မျိုးနွယ်စု၊ 'ဦး'နှင့်စလျှင် ရခိုင်မျိုးနွယ်စု စသည်ဖြင့် ခွဲခြားနိုင်ပါသည်။ (ခြွင်းချက်။ ။ အခြားပေါ်ပတာရများလည်း ရှိနိုင်ပါသည်။)


နိုင်ငံတော်အဆင့် အမည်ပေးနည်းကတော့ အုပ်ချုပ်သည့် လူမျိုးအစိုးရ မူဝါဒ ပေါ်လစီများအတိုင်းဖြစ်ပါသည်။ အင်္ဂလိပ်အုပ်ချုပ်လျှင် အင်္ဂလိပ်အမည်၊ ပြင်သစ် အုပ်ချုပ်လျှင် ပြင်သစ်အမည်၊ မြန်မာအုပ်ချုပ်လျှင် မြန်မာအမည် ဖြစ်ပါမည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်စဉ်အခါက မြန်မာမြို့အချို့ကို အင်္ဂလိပ်အမည်၊ အင်္ဂလိပ်အသံထွက်တို့ဖြင့် (အချို့ တိတိကျကျ၊ အချို့ ပရမ်းပတာ)ခေါ်ဆိုခဲ့ကြသည်။

မြို့တော်ရန်ကုန်ကို အလောင်းမင်းတရားကြီးက ရန်အပေါင်း ကုန်ဆုံးသည့်နိမိတ်ဖြင့် "ရန်ကုန်"ဟု မှည့်ခေါ်ခဲ့သော်လည်း အင်္ဂလိပ်တို့က ရန်ဂွမ်း (Rangoon) ဟု သူတို့ခေါ်ချင်သည့်အတိုင်း ခေါ်ခဲ့သည်။ မြန်မာကို ဘားမား(Burma) ဟု ခေါ်သည်။ ပုသိမ်ကို ဘက်ဆိန်း(Bassein) ဟုခေါ်သည်။ စစ်တွေကို အက္ကျရက်(ဗ်)(Alcyab) ဟု ခေါ်သည်။ ထားဝယ်ကို တာဗွိုင်း (Tavoy)၊ ပြင်ဦးလွင်ကို မေမြို့ (May Myo)၊ ပြည်ကို ပရုမ်း (Prome) ဟု ခေါ်သည်။

အင်္ဂလိပ်တို့သည် သူတို့၏ ဘုရင်များ၊ အစိုးရဝန်ထမ်း






ကြီးများ၊ စေတီလိပ်ချောင်းကြီးများ၏ အမည်များကိုလည်း လမ်းအမည်များပေးကာ မှည့်ခေါ်ခဲ့သည်။ ကင်းဂျောလမ်း၊ ဗိတိုရိယလမ်း၊ ဖယ်ယာလမ်း၊ မာဂွန်လမ်း၊ အီဒင်လမ်း၊ ဒါလဟိုဇီလမ်း၊ ဒက်ဖရင်လမ်း၊ ကင်းဘဲလ်လမ်း စသည်ဖြင့် မှည့်ခေါ်ခဲ့သည်။ အင်္ဂလိပ်တို့သည် နိုင်ငံကောင်းမှည့်မြန်မာတို့ကိုလည်း သူကောင်းပြုကာ "လမ်း" အမည်များပေးကာ ဂုဏ်ပြုခဲ့ကြသည်။

ရန်ကုန်မြို့လယ် ပန်းဘဲတန်းမြို့နယ်ရှိ စစ်ကဲမောင်ခေါ်လေးလမ်းနှင့် လသာမြို့နယ်ရှိ စစ်ကဲမောင်ခိုင်လမ်းတို့သည် အင်္ဂလိပ်အစိုးရတော်ရှိ မောင်ခေါ်လေးနှင့် မောင်ခိုင်တို့ကို ဂုဏ်ပြုကာ အမည်ပေးခဲ့ခြင်းဖြစ်သည်။ စစ်ကဲမောင်ခေါ်လေးဆိုလျှင် ရွှေတိဂုံစေတီတော်တွင် အင်္ဂလိပ်အစိုးရ၏ ပထမဆုံး ရွှေတိဂုံစေတီတော် ဂေါပကဖြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်သော နှစ် ၁၀၀ ကျော်ကာလအတွင်း ရန်ကုန်တွင် မြန်မာအမည် "လမ်းများ" ရှားပါးခဲ့သည်။

အင်္ဂလိပ်အစိုးရပေးခဲ့သော နိုင်ငံခြားအမည်လမ်းများ ရာနှင့်ချီ၍ ရှိခဲ့သည်။ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရလက်ထက်တွင် ထိုလမ်းများအနက် လမ်းပေါင်း ၂၀ နှင့် ဖြို့နယ်မြို့ကို ပြန် တစ်အနက် ၉၂ ခြင်း ပြောင်းခဲ့သော်လည်း နိုင်ငံခြားအမည်လမ်း ၁၆၀ ကျော် ကျန်ရှိနေသေးသည်။

ထိုလမ်း ၁၆၀ ကျော်ကို ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်သော နဝတအစိုးရလက်ထက် ၁၉၈၉၊ မတ်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ နိုင်ငံခြားအမည်ရှိ လမ်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ ထုတ်ကာ မြန်မာအမည်များသို့ ပြောင်းလဲခဲ့သည်။

ပြောင်းလဲခါစတွင် နိုင်ငံခြားအမည် လမ်းများနှင့် နှစ်ပေါင်းများစွာ ရင်းနှီးနေခဲ့ကြသဖြင့် မြန်မာအမည်များ၊ ခေါ်ဝေါ်ရခက်ခဲဖြစ်နေခဲ့သော်လည်း ယခုအခါတွင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များအားလုံး မြန်မာအမည်လမ်းများကို ရင်းနှီးပြည့် လက်ခံနေပြီဖြစ်သည်။ ယခုဆောင်းပါးတွင် ပြောင်းလဲလိုက်သော လမ်းများကို အောက်ပါအတိုင်း စာရင်းအတိအကျ ဖော်ပြပေးလိုက်ပါသည်။

စာဖတ်သူများ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ကျေနပ်နှစ်သိမ့်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ဦးတင်အောင်ကြီး(တံတားမြို့)

# နိုင်ငံခြားအမည်ရှိသော လမ်းများ၏အမည်ကို မြန်မာအမည်သို့ ပြောင်းလဲသတ်မှတ်ခြင်း

| အမှတ်စဉ် | လက်ရှိအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် | မြို့နယ် |
|---|---|---|---|
| ၁။ | ကာရီလမ်း | ဗိုလ်မြတ်ထွန်းလမ်း | ပုဇွန်တောင် |
| ၂။ | ကာနေ့ဒီလမ်း | ဦးအောင်မြတ်လမ်း | မင်္ဂလာတောင်ညွန့် |
| ၃။ | ကင်းချော့အဝိုင်းနယ်ပယ် | ကွမ်းခြံလမ်း | ဗဟန်း |
| ၄။ | ကင်းအက်ဒွပ်အဝိုင်းနယ်ပယ် | ဗိုလ်မင်းခေါင်လမ်း | မင်္ဂလာတောင်ညွန့် |
| ၅။ | လစ်ကင်းလံစစ်စတားလမ်း | ဒေါ်သိန်းတင်လမ်း | မင်္ဂလာတောင်ညွန့် |
| ၆။ | အီစင်ဆင်လမ်း | မြယာကုန်းလမ်း | မင်္ဂလာတောင်ညွန့် |
| ၇။ | ဂီလီလမ်း | ဝါးတန်းလမ်း | လမ်းမတော် |
| ၈။ | ဂွတ္တလစ်လမ်း | ဆားရေစီလမ်း | ဗဟန်း |
| ၉။ | ဂေါ်ဒွင်လမ်း | မြို့မကျောင်းလမ်း | ဒဂုံ |
| ၁၀။ | စင်ဂနယ်ပိုက်ဒါးလမ်း | အလံပြဘုရားလမ်း | ဒဂုံ |
| ၁၁။ | ဘိုးလိန်းလမ်း | စညာဒေလလမ်း | မင်္ဂလာတောင်ညွန့် |
| ၁၂။ | ဆောင်းဒရီလမ်း | ဓမ္မစေတီလမ်း | ဒဂုံ |
| ၁၃။ | ချေစ်လမ်း | သမိန်ဗရမ်းလမ်း | တာမွေ |
| ၁၄။ | လင်းစဒေါင်းလမ်း | ရာဇာဓိရာဇ်လမ်း | ဗိုလ်တထောင် |
| ၁၅။ | သမိုင်းလင့်စ်လမ်း | ကျိုက်ဝိုင်းဘုရားလမ်း | မရမ်းကုန်း |
| ၁၆။ | ရွှေ့လမ်း | ဆိပ်ကမ်းသာလမ်း | ကျောက်တံတား |
| ၁၇။ | ဗိတိုရိယအဝိုင်းနယ်ပယ် | ကိုးမြိုလမ်း | ဗဟန်း/ ဒဂုံ |
| ၁၈။ | ဝင်ဆာလမ်း | ရှင်စောပုလမ်း | စမ်းချောင်း |
| ၁၉။ | အီကင်ဒတ်လမ်း | အနော်ရထာလမ်း | ပုဇွန်တောင် |
| ၂၀။ | ဖရေဇာလမ်း | အနော်ရထာလမ်း | ကျောက်တံတား |
| ၂၁။ | ဂါနယ်လ်လမ်း | အနော်ရထာလမ်း | ပန်းဘဲတန်း/ လမ်းမတော် |
| ၂၂။ | စတော့ကိတ်လမ်း | သိမ်ဖြူလမ်း | ပုဇွန်တောင်/ ဗိုလ်တထောင်/ မင်္ဂလာတောင်ညွန့် |
| ၂၃။ | ဂျူဗလီစကေလ်လမ်း | သိမ်ဖြူလမ်း | မင်္ဂလာတောင်ညွန့် |
| ၂၄။ | ထင်းဘဲလမ်း | ငါးထပ်ကြီးဘုရားလမ်း | ဗဟန်း |
| ၂၅။ | ကောလိပ်လမ်း | သခင်မြပန်းခြံလမ်း | အလုံ |
| ၂၆။ | ထွန်ဘိုစကေးရှင်းလမ်း | ဘုံ့နှင်းသသာဝ်လမ်း၊ အဓိပတိလမ်း | ကမာရွတ် |
| ၂၇။ | ကော်ဗိုရေးရှင်းလမ်း | စည်ပင်လမ်း | ကျောက်တံတား |
| ၂၈။ | ထွေးရှင်လမ်းနှင့် အနောက်လမ်း | ဆောင်ရတနာလမ်း | အလုံ |
| ၂၉။ | ချင်းချောင်းအဝိုင်းနယ်ပယ် | ကမ္ဘာအေးလမ်း | ဗဟန်း |
| ၃၀။ | ချန်စလာလမ်း | အဓိပတိလမ်း | ကမာရွတ် |
| ၃၁။ | စတီးဝပ်လမ်း | ဆော်ကွန်းတိုက်လမ်း | ဒဂုံ |
| ၃၂။ | ဆူပါပင်လမ်း | ဂုဏ်ဝေလမ်း | အလုံ |

| အမှတ်စဉ် | လက်ရှိအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် | မြို့နယ် |
|---|---|---|---|
| ၃၃။ | ဖူးကားလမ်း | စကားစိမ်းလမ်း | အလုံ |
| ၃၄။ | ဝီနီယွန်လမ်း | မင်းရဲကျော်စွာလမ်း | လမ်းမတော် |
| ၃၅။ | မစ်ရှင်လမ်း | မင်းရဲကျော်စွာလမ်း | လမ်းမတော် |
| ၃၆။ | ဆင်းဒစ်လမ်း | နတ်သျှင်နောင်လမ်း | ဒဂုံ |
| ၃၇။ | ဆင်မဆင်လမ်း | ပန်းတျာလမ်း | ဒဂုံ |
| ၃၈။ | လင်္ဂလမ်း | သံတမန်လမ်း | ဒဂုံ |
| ၃၉။ | ထရန်စပို့လမ်း | အာဇာနည်လမ်း | ဒဂုံ |
| ၄၀။ | ခုဘန်းလမ်း | ဓမ္မလီဗလမ်း | မရမ်းကုန်း |
| ၄၁။ | နယူးလင့်လမ်း | စကားဝါလမ်း | ဒဂုံ |
| ၄၂။ | ဖိုက်(ချ်)လမ်း | ရှမ်းလမ်း | အလုံ |
| ၄၃။ | မေယာက်လမ်း | ယောမင်းကြီးလမ်း | ဒဂုံ |
| ၄၄။ | လင်တက်စတာလမ်း | နဝဒေးလမ်း | ဒဂုံ |
| ၄၅။ | ရှပ်မရှင်(စ်)လမ်း | ဘဏ်လမ်း | ကျောက်တံတား |
| ၄၆။ | လီဒီစလမ်း | ဗရုပင်လမ်း | ဒဂုံ |
| ၄၇။ | လပ်(စ်)လမ်း | ရွှေတိုင်လမ်း | ဗဟန်း |
| ၄၈။ | လောင်းဝစ်လမ်း | အင်းယားမြိုင်လမ်း | ဗဟန်း |
| ၄၉။ | ဝင်ဒါမီယာလမ်း | သံလွင်လမ်း | ကမာရွတ်၊ ဒဂုံ |
| ၅၀။ | ဝင်ဒါမီယာအနောက်လမ်း | ရှင်းတွင်းလမ်း | ဒဂုံ |
| ၅၁။ | ဝင်ဒါမီယာကုတ် | ရွှေလီလမ်း | ဒဂုံ |
| ၅၂။ | ဝင်ဒါမီယာဂါးဒင်း | ဥယျာဉ်လမ်း | ဒဂုံ |
| ၅၃။ | ဝင်ဒါမီယာပတ်(စ်) | မော်ကျိုလမ်း | ဒဂုံ |
| ၅၄။ | ဝင်ဒါမီယာကားရုံဆင့်လမ်း | ပန်းဝါလမ်း | ဒဂုံ |
| ၅၅။ | ဟာမစ်တစ်လမ်း | သာသနာ့ရိပ်သာလမ်း | ဗဟန်း |
| ၅၆။ | ဟူမ်လမ်း | ပန်းလှိုင်လမ်း | စမ်းချောင်း/ကြည့်မြင်တိုင် |
| ၅၇။ | အင်းနစ်လမ်း | ပန်းလှိုင်လမ်း | စမ်းချောင်း/ကြည့်မြင်တိုင် |
| ၅၈။ | တလပ်လမ်း | ၅၅ လမ်း | ဗိုလ်တထောင် |
| ၅၉။ | ကဲဗ်လမ်း | စမုံလမ်း | ဒဂုံ |
| ၆၀။ | ကာလီမာလမ်း | မဟာဗောဓိလမ်း | စမ်းချောင်း |
| ၆၁။ | ကန်နီ(ဒ်)လမ်း | သီဟိုဠ်လမ်း | သင်္ဃန်းကျွန်း |
| ၆၂။ | ချမ်းမာဒီလမ်း | နှင်းဆီလမ်း | အလုံ |
| ၆၃။ | ချယ်(ရီ)လမ်း | ထိမ်းတော်ရာလမ်း | ဒဂုံ |
| ၆၄။ | ဇရက်ရှူလမ်း | ရန်ကင်းလမ်း | စမ်းချောင်း |
| ၆၅။ | ချန်စရိုလမ်း | အောင်သီရိလမ်း | သင်္ဃန်းကျွန်း |
| ၆၆။ | ပွှတ်လစ်ရိပ်သာလမ်း | သာယာဝတီလမ်း | ဗဟန်း |

| အမှတ်စဉ် | လက်ရှိအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် | မြို့နယ် |
|---|---|---|---|
| ၆၇။ | ဂုရုလမ်း | သုခမိန်လမ်း | စမ်းချောင်း |
| ၆၈။ | စတားရောက်လမ်း | နွယ်သာကီလမ်း | အလုံ |
| ၆၉။ | စပရာမန်းနီးလမ်း | ရတနာလမ်း | စမ်းချောင်း |
| ၇၀။ | စိန့်ဗင်ဆင့်လမ်း | ဇောတိကလမ်း | ကမာရွတ် |
| ၇၁။ | စိန့်အန်ဆော်နီလမ်း | ဦးဖိုးကျားလမ်း | မင်္ဂလာတောင်ညွန့် |
| ၇၂။ | စိန့်မိုက်ကယ်လမ်းကျယ် | မဟာဓမ္မလောလမ်း | ကြည့်မြင်တိုင် |
| ၇၃။ | စိန့်မိုက်ကယ်(၁)လမ်း | ရေတွင်းကုန်း(၁)လမ်း | ကြည့်မြင်တိုင် |
| ၇၄။ | စိန့်မိုက်ကယ်(၂)လမ်း | ရေတွင်းကုန်း(၂)လမ်း | ကြည့်မြင်တိုင် |
| ၇၅။ | ရှုရတ်ဝါဒန်မြို့လမ်း | ပန်းမြိုလမ်း | စမ်းချောင်း |
| ၇၆။ | ဆော်လမွန်လမ်း | ဥယျာဉ်လမ်း | သင်္ဃန်းကျွန်း |
| ၇၇။ | စပါးရှားလမ်း | ဒိကလမ်း | ဒဂုံ |
| ၇၈။ | တင်းပယ်လ်လမ်း | ဝတ်ကျောင်းလမ်း | ဗိုလ်တထောင် |
| ၇၉။ | တင်းပယ်လ်လမ်း | ဆောဂလမ်း | သင်္ဃန်းကျွန်း |
| ၈၀။ | ကာပင်တိုင်လမ်း | ယုဇနလမ်း | သင်္ဃန်းကျွန်း |
| ၈၁။ | တာဝါးလိမ်လမ်း | ဗိုလ်ချုပ်ပြတိုက်လမ်း | ဗဟန်း |
| ၈၂။ | ဒယ်ဖရင်လမ်း | စန္ဒကူးလမ်း | ဗိုလ်တထောင် |
| ၈၃။ | ဒုဗလီလမ်း | မြေနီကုန်းဈေးလမ်း | စမ်းချောင်း |
| ၈၄။ | နော်မန်ကျောင်းလမ်း | နှိုင်းသာလမ်း | အလုံ |
| ၈၅။ | နီကိုလ်းလမ်း | ငုမိုးရိပ်လမ်း | မင်္ဂလာတောင်ညွန့် |
| ၈၆။ | နာသလမ်း | မြဝတီလမ်း | စမ်းချောင်း |
| ၈၇။ | ပိုင်းလမ်း | သိဒ္ဓိလမ်း | ကြည့်မြင်တိုင် |
| ၈၈။ | ပနဒီယာလမ်း | သော်ကလမ်း | သင်္ဃန်းကျွန်း |
| ၈၉။ | ဖရေဇာလမ်း | တော်ဝင်လမ်း | ဒဂုံ |
| ၉၀။ | ဗွိုင်လမ်း | ရန်ပိုင်လမ်း | အလုံ |
| ၉၁။ | ဖော့ဆိုက်လမ်း | ကင်းဝန်မင်းကြီးလမ်း | ဒဂုံ |
| ၉၂။ | ဘင်တန်လမ်း | သီတာလမ်း | အလုံ/ကြည့်မြင်တိုင် |
| ၉၃။ | ဘလုတ်လမ်း | ဇာဂဝင်လမ်း | ကြည့်မြင်တိုင် |
| ၉၄။ | ဘဒီလမ်း | ပဒုမ္မာလမ်း | ဒဂုံ |
| ၉၅။ | ဘာကာဒီးလ်လမ်း | နှင်းဆီကုန်းလမ်း | သင်္ဃန်းကျွန်း |
| ၉၆။ | ဘာတ်(စ်)လမ်း | မင်္ဂလာလမ်း | သင်္ဃန်းကျွန်း |
| ၉၇။ | မျှော်ရိုကာလမ်း | သဇာလမ်း | မင်္ဂလာတောင်ညွန့် |
| ၉၈။ | မေရှီးလမ်း | မေယုလမ်း | ဗိုလ်တထောင် |
| ၉၉။ | မောင်ဖုလဲဆင့်လမ်း | ပုလဲလမ်း | ဗဟန်း |
| ၁၀၀။ | မော်ဂင်ဝတ်လမ်း | မျှော်ရုံလမ်း | စမ်းချောင်း |

| အမှတ်စဉ် | လက်ရှိအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် | မြို့နယ် |
|---|---|---|---|
| ၁၀၁။ | မှဆော်ကြီးလမ်း | ဆောင်တော်မှူးလမ်း | စမ်းချောင်း |
| ၁၀၂။ | မာတင်အင်ဂျင်နီယာလမ်း | ခပေါင်းလမ်း | ကမာရွတ် |
| ၁၀၃။ | မဟာမက်ပဓာနလမ်း | ဓမ္မတာနာလမ်း | စမ်းချောင်း |
| ၁၀၄။ | မူလာအီးစမန်လမ်း | ပဒေသာလမ်း | စမ်းချောင်း |
| ၁၀၅။ | မဒရာစာလမ်း | ဗိုလ်မိုးလမ်း | စမ်းချောင်း |
| ၁၀၆။ | မဟာရာဂျာလမ်း | မဟာမြိုင်လမ်း | သင်္ဃန်းကျွန်း |
| ၁၀၇။ | ယူနီယံလမ်း | ပြည်ထောင်စုလမ်း | စမ်းချောင်း |
| ၁၀၈။ | ယာဗီလမ်း | သဗ္ဗဝတီလမ်း | မရမ်းကုန်း |
| ၁၀၉။ | ရှေ့လမ်း | ဓမ္မာလမ်း | စမ်းချောင်း |
| ၁၁၀။ | ရစ်ရှီလမ်း | သဓပြည့်လမ်း | စမ်းချောင်း |
| ၁၁၁။ | ရီမူရမ်လမ်း | ဆောင်မင်္ဂလာလမ်း | သင်္ဃန်းကျွန်း |
| ၁၁၂။ | ရမ်းမင်းလမ်း | ယုဇနလမ်း | သင်္ဃန်းကျွန်း |
| ၁၁၃။ | ရှီးယာအင်ဂျင်နီယာလမ်း | ဝက်ဘာလမ်း | ဗဟန်း |
| ၁၁၄။ | လိုက်လမ်း | မင်းကျောင်းလမ်း | ဒဂုံ |
| ၁၁၅။ | လော့မြိုလမ်း | ခွယ်တော်လမ်း | ဒဂုံ |
| ၁၁၆။ | လက်ချမ်းလမ်း | သုခလမ်း | စမ်းချောင်း |
| ၁၁၇။ | ဝိတိုရိယလမ်း | ရတနာလမ်း | သင်္ဃန်းကျွန်း |
| ၁၁၈။ | ဝီလျှံလမ်း | သီတာအေးလမ်း | သင်္ဃန်းကျွန်း |
| ၁၁၉။ | သွန်းမဆင်ပထမနိုင်သာလမ်း | ဗိုလ်တထောင် လမ်းသွယ်(၁) | ဗိုလ်တထောင် |
| ၁၂၀။ | သွန်းမဆင်ဒုတိယနိုင်သာလမ်း | ဗိုလ်တထောင် လမ်းသွယ်(၂) | ဗိုလ်တထောင် |
| ၁၂၁။ | သွန်းမဆင်တတိယနိုင်သာလမ်း | ဗိုလ်တထောင် လမ်းသွယ်(၃) | ဗိုလ်တထောင် |
| ၁၂၂။ | သွန်းမဆင်စတုတ္ထနိုင်သာလမ်း | ဗိုလ်တထောင် လမ်းသွယ်(၄) | ဗိုလ်တထောင် |
| ၁၂၃။ | ဟာကျီ(အေ)နှင့်(ဘီ)လမ်း | သရက်တော(၁)လမ်း | ကြည့်မြင်တိုင် |
| ၁၂၄။ | ဟာကျီ(၂)လမ်း | သရက်တော(၂)လမ်း | ကြည့်မြင်တိုင် |
| ၁၂၅။ | ဟာကျီ(၃)လမ်း | သရက်တော(၃)လမ်း | ကြည့်မြင်တိုင် |
| ၁၂၆။ | ဟာကျီ(၄)လမ်း | သရက်တော(၄)လမ်း | ကြည့်မြင်တိုင် |
| ၁၂၇။ | ဟာဒင်လမ်း | ဆောင်သုခလမ်း | သင်္ဃန်းကျွန်း |
| ၁၂၈။ | ဟာမစ်ရှင်လမ်း | ဟင်္သာတလမ်း | သင်္ဃန်းကျွန်း |
| ၁၂၉။ | ဟီးဖယ်ဝေါ်လမ်း | ဧရာမြိုင်လမ်း | ဗိုလ်တထောင် |
| ၁၃၀။ | အဒမ်(မ်)ဆင်လမ်း | ၅၄ လမ်း | ဗိုလ်တထောင် |
| ၁၃၁။ | အဆုံးဆောတာဘာလမ်း | ကြိုးစက်ရုံလမ်း | သင်္ဃန်းကျွန်း |
| ၁၃၂။ | အီဒင်လမ်း | ဗိုလ်တထောင်ဈေးလမ်း | ပုဇွန်တောင် |
| ၁၃၃။ | အဲရှိုးလိန်းလမ်း | နှောင်ရိုးလမ်း | မင်္ဂလာတောင်ညွန့် |
| ၁၃၄။ | အင်ဂလန်မင်လမ်း | သီရိမင်္ဂလာလမ်း | စမ်းချောင်း |

| အမှတ်စဉ် | လက်ရှိအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် | မြို့နယ် |
|---|---|---|---|
| ၁၃၅။ | အလဝါလမ်း | သော်တာလမ်း | စမ်းချောင်း |
| ၁၃၆။ | အားနိုးလ်လမ်း | ပြည့်တော်သာလမ်း | သင်္ဃန်းကျွန်း |
| ၁၃၇။ | ဆရာမော်ကြီးလမ်း | ဓမ္မာဒီလမ်း | အလုံ |
| ၁၃၈။ | ကောလမ်း | ကရဝိက်လမ်း | ပုဇွန်တောင် |
| ၁၃၉။ | ကိုတင်းလမ်း | သစ်စွယ်နန်းလမ်း | ကြည့်မြင်တိုင် |
| ၁၄၀။ | ဟိတ်လမ်း | ကြာညိုလမ်း | ပုဇွန်တောင် |
| ၁၄၁။ | ကိုဟင်းလမ်း | ရွက်ဝါလမ်း | မရမ်းကုန်း(ကြို့ကုန်း) |
| ၁၄၂။ | ချင်းချောင်း(၁)လမ်း | ဒေါနု(၁)လမ်း | ကြည့်မြင်တိုင် |
| ၁၄၃။ | ချင်းချောင်း(၂)လမ်း | ဒေါနု(၂)လမ်း | ကြည့်မြင်တိုင် |
| ၁၄၄။ | ချင်းချောင်း(၃)လမ်း | ဒေါနု(၃)လမ်း | ကြည့်မြင်တိုင် |
| ၁၄၅။ | ချင်းချောင်း(၄)လမ်း | ဒေါနု(၄)လမ်း | ကြည့်မြင်တိုင် |
| ၁၄၆။ | ချင်းချောင်း(၅)လမ်း | ဒေါနု(၅)လမ်း | ကြည့်မြင်တိုင် |
| ၁၄၇။ | ကျူလမ်း | နှင်းသာဖြူလမ်း | ပုဇွန်တောင် |
| ၁၄၈။ | ဂျိုးဇက်လမ်း | မြန်မာ့ဂုဏ်ဆောင်လမ်း | တာမွေ |
| ၁၄၉။ | ဂရန့်လမ်း | ကြာဖြူလမ်း | ဗိုလ်တထောင် |
| ၁၅၀။ | နစ်ကာလပ်ဆိပ်ခံနယူး | နှင်းပန်းလမ်း | ကမာရွတ် |
| ၁၅၁။ | နေကာရှန်းလမ်း | နေကြာလမ်း | ပုဇွန်တောင် |
| ၁၅၂။ | ပို့ကော်မရှင်နာလမ်း | ရေဝန်လမ်း | ပုဇွန်တောင် |
| ၁၅၃။ | ပိုင်းလမ်းဖြတ်လမ်း(၁) | သိမ္မီဖြတ်လမ်း(၁) | အလုံ |
| ၁၅၄။ | ပိုင်းလမ်းဖြတ်လမ်း(၂) | သိမ္မီဖြတ်လမ်း(၂) | အလုံ |
| ၁၅၅။ | ပိုင်းလမ်းဖြတ်လမ်း(၃) | သိမ္မီဖြတ်လမ်း(၃) | အလုံ |
| ၁၅၆။ | ပီတာလမ်း | ကြယ်ပြာလမ်း | ကမာရွတ် |
| ၁၅၇။ | ဖရိုက်ကလင်လမ်း | သာစင်လမ်း | အလုံ |
| ၁၅၈။ | ဆော့ဂါတန်းလမ်း | ဆောဂလမ်း | ကြည့်မြင်တိုင် |
| ၁၅၉။ | ဘက်ထရီလမ်း | ဝရုဏ်နီလမ်း | ဗိုလ်တထောင် |
| ၁၆၀။ | လမ်ဗီလမ်း | မီးပြလမ်း | ဗိုလ်တထောင် |
| ၁၆၁။ | ဟိဒ်လမ်း | စိန်ဖြယ်လမ်း | ပုဇွန်တောင် |
| ၁၆၂။ | အယ်လ်ဂျင်လမ်း | ဇကာရာနီလမ်း | ဗိုလ်တထောင် |
| ၁၆၃။ | အာတီယာလမ်း | သီရိမင်္ဂလာလမ်း | ကမာရွတ် |
| ၁၆၄။ | (က)ပတ်လိန်လမ်း | နတ်မောက်လမ်းသွယ်(၁) | ဗဟန်း |
| ၁၆၅။ | (ခ)ပတ်ဆိပ်ခံနယူး | နတ်မောက်လမ်းသွယ်(၂) | ဗဟန်း |


စနေနေ့မနက် ကျွန်တော်စာရေးနေစဉ် ကျွန်တော့်အိမ်ရှေ့မှာ ဆလွန်းကားတစ်စီး ရပ်လာသည်။ ကျွန်တော် လှမ်းကြည့်လိုက်သည်။ အိမ်ထောင်ပရိဘောဂများ တင်လာသည်ကိုမြင်ရ၍ ကျွန်တော့် ဆီလာသောကားက မဖြစ်နိုင်၊ ကိုယ့်ဟာကိုယ် ဆက်ရေးနေလိုက်သည်။

“အစ်ကိုရေ...အိမ်ရှေ့က အိမ်လေးမှာ အိမ်ငှားတွေရောက်လာပြီ...”

ကျွန်တော့်ဇနီးက ကျွန်တော့်ကိုသတင်းပေးရင်း အိမ်ပြတင်းမှ လှမ်းကြည့်နေသည်။

# လယ်ကွင်းသားစာချစ်

## မြောင်း နှင့် ဝိုင်း



"ညားပါစေ လင်မယားနဲ့တူတယ်။ နှစ်ယောက်တည်းရှယ်... အမျိုးသမီးက ချောချောလေး..."

မိန်းမပြစ်သူက မြင်ရသည်များကို သတင်းဆက်ပို့နေသည်။

"ဟော...ဆောင်းကောက်ကြီးလဲ ပါတယ်..."

ကျွန်တော် စိတ်ဝင်စားသောကိစ္စဖြစ်၍ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ အသက်ဆုံးဆယ်စနဲ့ အမျိုးသားတစ်ယောက် ဆောင်းကောက်ကြီးကိုပိုက်ပြီး အိမ်ကလေးဆီသို့ သွားနေသည်။ အမျိုးသားမှာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသူဖြစ်သည်။ ဆောင်းကောက်ကြီးက လှပါသည်။ မှန်စီရွှေချ။ ပန်းပွားကြီးများက နီရဲစွာတွဲလွဲကျလျှက်။

"လင်မယားနှစ်ယောက် လိုက်မကြည့်တယ်..." ဇနီးသည်ထံမှ ထွက်လာသော မှတ်ချက်ဖြစ်ပါသည်။

ညနေပိုင်း (၅)နာရီတွင် ကျွန်တော်တို့ ရပ်ကွက်ကလေး တိတ်ဆိတ်ငြိမ်သက်နေပြီ။ အများစုမှာ အလုပ်သမားများဖြစ်၍ စောစောအိပ်ကြသည်။ ကျွန်တော့်အတွက် စာရေးကောင်းသော အချိန်ဖြစ်၏။ ကျွန်တော့်ဇနီးမှာ အလယ်တန်းပြဆရာမ ဖြစ်သည်။ ထိုအချိန်တွင် ကလေးနှစ်ယောက် အိပ်ကြပြီမို့ ကျောင်းမှပါလာသော လေ့ကျင့်ခန်းစာအုပ်များကို ကျွန်တော်နှင့် ခပ်လှမ်းလှမ်းမှ စာပွဲဝိုင်းကလေးမှာထိုင်ပြီး စစ်ဆေးနေလေ့ရှိသည်။ အိမ်ရှေ့အိမ်လေးဆီမှ ဆောင်းသံထွက်ပေါ်လာသည်။ ကျွန်တော်လည်း ဆောင်းတီးသင်ထား၍ အကောင်းအသင့် တီးတတ်ပါသည်။ သို့သော် ယခုကြားရသောလက်သံမှာ ကျွန်တော့်ထက် အများကြီးပိုပြီးတော်ပါသည်။

ကျွန်တော်စာရေးခြင်းကိုရပ်၍ နားထွင့်နေမိသည်။ ရေယာမှန် ပတ်ဖြိုးကို အဆိုမပါ အတီးသက်သက်ကြားနေရသည်။ လက်ကွက်က အစီပီအကျဲ အကွက်ကျသည်။ အဟန့်အဝန့် ဟန်ပန်မင်းဆောင်း ကောင်းသည်။ လက်သံသာသည်။

"ဟော...အခုပြောင်းသွားတာက ခေတ်ပေါ်သီချင်း ချစ်ဆိပ်ရှည်.."

"ဟာ...သိပ်ကြိုက်တဲ့သီချင်း မြနှင်း"

သူသီချင်းတီးတွက် ပြောင်းသွားတိုင်း ကျွန်တော်ပြောင်းလဲလိုက်ပါ ခံစားနေမိသည်။

ကျွန်တော် စိတ်ဝင်စားသောကိစ္စဖြစ်၍ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။ အသက်ဆုံးဆယ်စနဲ့ အမျိုးသားတစ်ယောက် ဆောင်းကောက်ကြီးကိုပိုက်ပြီး အိမ်ကလေးဆီသို့ သွားနေသည်။

"ဟာ...ရပ်သွားပြီ..."

နားထောင်ကောင်းနေဆဲမို့ တီးနေစေချင်သေးသည်။

"သူတို့ အိပ်ကြတော့မှာနဲ့လား..."

နံရံပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။ (၁၀)နာရီ။ ဆောင်းသံပြန်ထွက်လာသည်။

"ဟော"

သာယာသော သီချင်းသံလေးနှင့်အတူ စည်းသံလွင်လွင်လေးပါ ကြားရသည်။ ဆိုသည်က အမျိုးသမီးအသံ။ သီချင်းက ကျွန်တော့်နှင့် ကျွန်တော့်ဇနီး သိပ်ကြိုက်သော ချစ်မိုးကြီးသီချင်း။ ဇနီးကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ သိပ်သဘောကျနေသည့် မျက်နှာ...။ ကျွန်တော်ငြိမ်ပြီသည်။ သူပြန်ငြိမ်ပြီသည်။ သူ့မျက်လုံးများ ကြည်ကြည်ရီရီလေးပင် ဖြစ်နေသည်။

မန္တလေးကဗျာဆိုလ် ကျောင်းသူကျောင်းသားဘဝက ညညဆိုလျှင် သစ္စာဆောင်ကို မယ်ဒလင်တစ်လုံးနှင့် ရောက်လာတတ်သော ကျွန်တော်တို့အဖြစ်ကို သတိရနေသလား...။ ကျွန်တော်က ဆက်တွေးမိခြင်းဖြစ်သည်။

"ညိုရောင်မှိုင်း × × × × မိုးတိမ်ယံကဆိုင်း ဆိုင်းဖွဲ့လေပြီ × × × × သက်ထား × × × × ဘယ်သောအခါများ ... နီးရပါမည် × × × ×

သီချင်းဆိုသူကလည်း ချိုကျူးစွာ အသံကောင်းသည်။ အဆိုတတ်သည်။ ကိုယ်တိုင်စည်းလိုက်၍ ဆိုနိုင်သူဖြစ်သည်။ ကျွန်တော့်ဇနီးက စာစစ်နေရာမှ ကျွန်တော့်ကိုလှမ်းကြည့်သည်။ သူ့မျက်လုံးများတွင် မကောင်းလိုက်ကူးလေး ဟူသော အရေးရှုမ်းနှင့်...

"ဒီအမျိုးသမီးက အဆိုတော်များလား"

ကျွန်တော် သံသယဖြစ်မိသည်။ အသေအချာ နားထောင်ကြည့်သည်။

× × ချစ်မေတ္တာ...သာစေကြောင်း... ဆုတောင်းပေးမယ်...ကြားရည်ရဲ့ပြီ... စကြဝဠာ...ကျွန်ုပ်ကြွေး × × × စိတ်မှာသာပင် ကြိုက်ခါပဲဖွဲ့မိသည် × × × × မတတ်သာ...ခင်ရွှာရွာနေခဲ့ပြီကော × × မှန်းလိုဖြင့် ဟုတ်ပါပဲ...အသည်းအတွင်းမှာ အတည်မြဲစွဲချုပ်ပါသည် × × × ×

အဆိုရော အတီးပါလိုက်ဖက်ညီစွာ ကောင်းသည်။ သည်လိုလူမျိုးတွေ အိမ်နီးချင်းအဖြစ် ရောက်လာတာ ဟန်ကျလေးတော့ဟု စိတ်ထဲမှာကျေနပ်မိသည်။ ကျွန်တော့်ဇနီးလည်း စာမစစ်တော့ နားထောင်နေသည်။ အိမ်မှာ ကက်ဆက်ရှိပါသည်။ သို့သော် တက်ဆက်ဖွင့်ပြီး နားထောင်ရသည်

နှင့် မတွေ့ပါ။ လူကိုယ်တိုင် ဆိုတီးနေကြသည်က ငြိမ်းစိတ်ဝင်စားစရာ၊ မိတ်မဆက်ရသေးသော်လည်း အတွဲညီသော ဤလင်မယားကို ချစ်ခင်ရင်းနှီးသွားပါပြီ။

ထာဝစဉ်အမြဲတမ်းသူတို့ညီ××× ယနေ့တိုင်...ခင်မင်စွဲလမ်းသည်×××× လေနွေ မြူနှင်းမှုံတွေကင်းလို့ရယ်...နှစ်ယောက်ချင်းလည်း သဟဇာတညီ ချစ်တင်းလိ နှောခဲ့သည်××××

သီချင်းတစ်ပုဒ်လုံး ဆုံးသည်အထိ ကျွန်တော်တို့လင်မယား စိတ်ဝင်စား နားထောင်နေမိကြသည်။

သီချင်းသံ ဆုံးသွားပြီ။ စောင်းသံပါ ရပ်သွားသည်။ ကျွန်တော်တို့လင်မယား ဆက်ပြီး နားစွင့်နေသော်လည်း ဘာသံမျှ ထွက်မလာတော့ပါ။ ခဏကြာတော့ မီးပါ ပိတ်သွားသည်။

"ဪ...သူတို့အိပ်ကြပြီကိုး..."

မီးရောင်မရှိသော တိတ်ဆိတ်ငြိမ်သက်နေသည့် အိမ်ကလေးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်မိသည်။

နောက်တစ်နေ့ညမှာလည်း ပထမညကအတိုင်းပင် ကိုးနာရီခွဲလောက်မှာ စောင်းသံကို ကြားရသည်။ အဆိုမပါ အတီးသက်သက်ဖြစ်သည်။

ပဏ္ဏပဘာ၊ စာဆိုစစ်သူ၊ နတ်သျှင်နောင်၊ ဆုထူးရှယ် စသောတေးသချင်းများဖြစ်သည်ကို သတိထားမိသည်။

"ဟော...အမျိုးသမီး၏ သီချင်းသံလေးထွက်လာပြီ..."

ကျွန်တော် နာရီကို လှမ်းကြည့်လိုက်သည်။ (၁၀)နာရီ။ ဆိုသောသီချင်းကလည်း "ချစ်မိုးကြီး"။ မနေ့ညကဆိုသောသီချင်း။ ကျွန်တော့်ဇနီးက စာစစ်နေရာမှ ကျွန်တော့်ကိုလှမ်းကြည့်သည်။ ကျွန်တော်လည်း သူ့ကိုလှမ်းကြည့်နှင့် ဆုံမိကြသည်။ သူက မင်နီတံကိုချပြီး နားထောင်နေသည်။ ကျွန်တော်လည်း စာရေးလက်စ ရပ်ပြီး နားထောင်နေလိုက်သည်။ နားထောင်၍ကောင်းသည်။ သီချင်းဆုံးသည်နှင့် မနေ့ညကလိုပင် အသံတိတ်သွားသည်။ ခဏကြာတော့ အိမ်ရှေ့အိမ်မှာ မီးအလင်းရောင်များ ပျောက်ကွယ်သွားကြသည်။



ကျွန်တော်တို့လင်မယားမှာ ညစဉ်ညတိုင်း ချစ်မိုးကြီးသီချင်းကို စာရေးရင်း နားထောင်သော အကျင့်ရနေပါပြီ၊ (၁၀)နာရီ ထိုးခါနီးလျှင် အလိုလိုပင် နာရီကို မျှော်ကြည့်မိတတ်ကြသည်။ (၁၀)နာရီထိုးသည်နှင့် တိတိကျကျပင် သီချင်းသံလေး ထွက်ပေါ်လာသည်။ ကျွန်တော့်ဇနီးနှင့် သီချင်းဆိုသော မိန်းကလေးမှာလည်း အိမ်နီးချင်းသဘောဖြင့် ရင်းနှီးနေကြပါပြီ။ မိန်းကလေးနာမည်က သင်းလွဲ့ရီ...

ရုပ်ကလေးလှသလို နာမည်လေးလည်း လှသည်။ ယောက်ျားဖြစ်သူမှာလည်း ကျွန်တော်နှင့် ခင်မင်ရင်းနှီးနေပါပြီ။ နာမည်က ကိုစိုးနိုင်။ စောင်းတော်ကြီးကိုပင် ရုံးပိတ်ရက်များမှာ နှစ်ခါလောက် ယူတီးပြီးပါပြီ။ သို့သော် ညနေကျလျှင်တော့ ပြန်ပို့ရသည်။ မပို့လျှင် မဖြစ်။ ည(၁၀)နာရီမှာ ချစ်မိုးကြီးသီချင်းသံကို မကြားရဘဲ နေလိမ့်မည်။ သုံးလလောက်ကြာတော့ ကျွန်တော့် ကလေးနှစ်ယောက်မှာ သင်းလွဲ့ရီ၏ အချစ်တော်လေးတွေဖြစ်နေပြီ။ သူ့ယောက်ျားက ယဉ်ကျေးမှုအနုပညာ ကျောင်းမှ စောင်းနည်းပြဆရာ၊ တစ်နေ့လုံး အလုပ်သွားပြီး ညနေမှပြန်လာသည်။ သင်းလွဲ့ရီက ကိုစိုးနိုင် အဆိုသင်ပေးထားသော တပည့်။ တစ်ခါတစ်ရံ မင်္ဂလာဆောင်ပွဲများ ပိတ်လျှင် နှစ်ယောက်အတူ ဆိုကြ၊ တီးကြ အနုပညာပြကြရသည်။ ဘာပွဲမှမရှိသည့် အခါ သင်းလွဲ့ရီ နေ့ခင်းပျင်းလျှင် ကျွန်တော့် ကလေးများကိုသာ အဖော်ပြုရသည်။

သူ့အိမ်ခေါ်ပြီး ချော့မြှူထားသည်။

သူတို့အိမ်မှာ တွင်းရေကို သုံးခြင်းဖြစ်၍ ရေဆွဲရသည်မို့ ဖြိုးမပေးပါနှင့် ပြောသော်လည်းမရ၊ နေ့ခင်းပိုင်းတွင် သင်းလုံချိုကို လာရောက်ကူညီတတ်သော မောင်မြင့်စိုးက ရေဆွဲပေးသည်။ ရေချိုးပြီးလျှင် သနပ်ခါး လိမ်းပေးသည်။ အိပ်ချိန်တန်လျှင် သိပ်ရ သေးသည်။ ကျွန်တော်တို့အတွက်တော့ ပိုက်ဆံမပေးရဘဲ စိတ်ချရသော ကလေး ထိန်းတစ်ယောက်ရ၍ ဟန်ကျနေပါသည်။

ယနေ့ ရုံးမှအိမ်ပြန်ရောက်တော့ ကျွန်တော့်ဇနီးမျက်နှာမကောင်း။ ငိုထား သည့်ပုံ။

"ဘာဖြစ်ပါလိမ့်"

ကျွန်တော် ရင်ထဲမှာထိတ်သွား သည်။ ကျွန်တော် အိမ်ပေါ်ရောက်ပြီးမှ နောက်ဘက်သို့ပေါ်သွားသည်။ လက်ထဲမှ အိတ်ကို စားပွဲပေါ်တင်ပစ်ပြီး ကျွန်တော် လိုက်သွားရသည်။

"အစ်ကို့...မချို သနားစရာကောင်း လိုက်တာ...အစ်ကိုရယ်..."

ပြောရင်းနှင့် သူ့မျက်လုံးမှာ မျက် ရည်များ ရစ်ဝဲလာကြပြီ။ မချိုဆိုသည်မှာ အိမ်ရှေ့အိမ်မှ သင်းလုံချိုကို ပြောခြင်းဖြစ် ကြောင်း ကျွန်တော်သိသည်။

"ဟာ...ဘာဖြစ်လို့လဲကွ"

ကျွန်တော် ဘာမှနားမလည်ပါ။

"ညနေကပဲ သူ့ယောက်ျားကိုစိုးနိုင်နဲ့ ရန်ဖြစ်ကြတယ်။ ကိုစိုးနိုင်က ရက်စက် လိုက်တာ သူ့လက်ကြီးနဲ့များ မိန်းမသားကို မညှာမတာ ဆောင့်တွန်းပစ်လိုက်လို့ လဲကျ ပြီး စားပွဲနဲ့ဆောင့်တာ ခေါင်းလဲပေါက် သွားတယ်"

"ဟာ...နေပါအုံး၊ ဘာလို့ အဲဒီ လောက်အထိ ဖြစ်ကြတာလဲ... ပြောပါ အုံး..."

"သဝန်တိုတာ..."

"ဟင်...ဘာသဝန်တိုစရာရှိလို့လဲ..."

"နေ့ခင်းမှာ မချိုကို လာကူညီတဲ့ မောင်မြင့်စိုးရှိတယ်လေ၊ မောင်မြင့်စိုးက ရိုးရိုးပါ။ အသက်ကလည်း နှစ်ဆယ့်နှစ်နှစ်၊ မချိုမောင်လေး အငယ်ဆုံးလောက် တောင် မရှိပါဘူး။ အဲဒါ မချိုကို အစ်မလို ခင်လို့ ရေဆွဲပေးတယ်၊ မီးဖိုထဲက ရည်ရိုင်း ချဖြည့်ပေးတယ်၊ ဈေးဝယ်နိုင်းရင်လည်း ဈေးအထိ ပြေးဝယ်ရတယ်..."

"အဲဒါတွေ ငါသိပါတယ်..."

နားထောင်ရသည်မှာ လို့ရင်း

ညနေကပဲ သူ့ယောက်ျားကိုစိုးနိုင်နဲ့ ရန်ဖြစ်ကြတယ်။ ကိုစိုးနိုင်က ရက်စက်လိုက်တာ သူ့လက်ကြီးနဲ့များ မိန်းမသားကို မညှာမတာ ဆောင့်တွန်းပစ်လိုက်လို့ လဲကျပြီး စားပွဲနဲ့ဆောင့်တာ ခေါင်းလဲပေါက်သွားတယ်...

မရောက်သေးပါ။

"အဲဒါ ကိုစိုးနိုင်က သဘောမကျ ဘူး။ မောင်မြင့်စိုးကို သူမရှိတဲ့အချိန်မှာ အိမ်မလာစေနဲ့လို့ ပြောတယ်..."

"ဟင်..."

ညားခါစ လင်မယားတို့ အချစ် သည်းသည်းနှင့်အမျှ သဝန်တိုတတ်ကြပုံကို ကျွန်တော်စဉ်းစားမိသည်။ အဲဒီတော့ မချို ကလည်း ရိုးရိုးသားသား ခင်တာဖြစ် ကြောင်း ပြန်ရှင်းပြတာပေါ့။ ကျွန်တော့် ဇနီးက ဆက်ပြောပါသည်။

"ကိုစိုးနိုင်က လက်မခံဘူး။ ဘယ် လိုပဲဖြစ်ဖြစ် အိမ်လာတာ မကြိုက်ဘူး၊ မလာဖို့ပြောရမယ်လို့ တောင်းဆိုတယ်..."

"မချိုက အဲဒီလိုတော့ မပြောချင်ဘူး လို့ ငြင်းရာကနေ၊ ကိုစိုးနိုင်က စိတ်ဆိုးပြီး စွပ်စွဲတဲ့စကားတွေ ပြောတယ်။ မချိုက လည်း ယောက်ျားဖြစ်ပြီး အူတိုတယ်၊ သဝန်ကြောင်တယ်ဆိုတာတွေ ပြန်ပြောတာ ပေါ့။ နောက်တော့ ပြောကြရင်း တစ် ယောက်နဲ့တစ်ယောက် သိက္ခာထိနိုက်တဲ့ စကားတွေပါပြီး တွန်းကြ ထိုးကြ ကိုက်ကြ လာတဲ့အထိဖြစ်တယ်၊ မချိုကလည်း တွေ့ရာနဲ့ ကောက်ပေါက်တော့ ပိုဆိုးကုန် တာပေါ့...နာတော့ ယောက်ျားဖြစ်တဲ့လူက ဘယ်နာမလဲ။ မချိုက နာတာပေါ့။ မျက်နှာ မှာ ဒဏ်ရာတွေ မြင်မကောင်းဘူး။ သနား ပါတယ်"

ကျွန်တော့်ဇနီးက မျက်ရည်လွယ် သည်။ ပြောရင်းနှင့် မျက်ရည်များ စီးကျ လာသည်။

"အခု...မချိုရော..."

"မြင့်တို့ အခန်းထဲမှာ"

"ဟင်...ဟုတ်လား..."

ကျွန်တော် အံ့ဩသွားသည်။

"လင်မယားဆိုတာ ခေါ်သဖြစ် တုန်းတော့ ဒီလိုပဲပေါ့ကွာ..."

"ဒီလိုပေါ့မဟုတ်တော့ဘူး အစ်ကို ရေ၊ အခုရပ်ကွက်ရုံးမှာ နှစ်ဦးသဘောတူ ကွာရှင်းလိုက်ကြပြီ..."

"ဟင်...ကွာလိုက်ကြတယ်..."

ကျွန်တော်စိတ်မကောင်းဖြစ်မိသည်။

"ကိုစိုးနိုင်က အစတော့ သဘောတူ ကွာပေးမယ်ဆိုပြီး ရုံးလိုက်သွားတယ်။ ရုံး ကျတော့ မကွာချင်ကြောင်းပြောပြီး မချိုကို တောင်းပန်တယ်တဲ့။ ဒါပေမဲ့ မချိုက မရ တော့ဘူး။ သူ့ရင်ထဲမှာ သိပ်နာသွားပြီလေ၊ ဟုတ်တာပဲ ယောက်ျားဖြစ်ပြီး မညှာမတာ ရက်စက်တာကိုး..."

ကျွန်တော့်ဇနီးက မိန်းမချင်းဘက်မှ နာနေသည်။

"အိမ်ထောင်တစ်ခု ပြိုပြီပေါ့ကွာ..."

"ဖြစ်ပြီးမှ မဖျက်ချက်ရင် သူ့ဘာလို့ ရက်စက်သေးလဲ..."

"ဒါဖြင့် ခုနောက်ဆုံးအခြေအနေ..."

"မချိုက မပေါင်းဘူး။ အတင်းကွာ ရှင်းတော့ ကိုစိုးနိုင်ကကွာပေးလိုက်တယ်..."

မဖြစ်သင့်ဟု ကျွန်တော့်ရင်ထဲမှာ နားလည်နေသည်။

"အဲဒါ ပြဿနာက မပြီးသေးဘူး"

ကျွန်တော့်ဇနီးက စကားဆက်နေဆဲ..

"ရပ်ကွက်ရုံးက နှစ်ဦးသဘောတူ ကွာရှင်းပေးပေမဲ့ ပစ္စည်းတော့ သူတို့ခွဲမပေးနိုင်ဘူးတဲ့၊ တရားမကြောင်းအရ မြို့နယ်တရားရုံးကို လျှောက်ရမယ်..."

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

"မချိုက ကိုစိုးနိုင်ကို သိပ်စိတ်နာနေပြီ။ သူနဲ့လည်း ဆက်မတွေ့ချင်တော့ဘူး။ ရပ်ကွက်လူကြီးတွေက ပစ္စည်းမခွဲပေးရင် သူ့ဒီအတိုင်းဆင်းသွားတော့မှာပဲ။ ဒါဆိုရင် သူ့ခမျာ လူလဲနာသေး၊ ပစ္စည်းကလည်း ဆုံးရှုံးသေး၊ နှစ်မျိုး နာတာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြန်သည်။

"ပစ္စည်းတွေကလည်း နှစ်ဖက်လုံးက ကြိုးစားရှာဖွေဆောင်းပြီး ပါလာတာတွေ ကိုယ့်ပစ္စည်းတော်ကိုယ်ရှာမဟုတ်တဲ့ အကြောင်း မချိုက ရပ်ကွက်ရုံးမှာပြီးပြော တယ်၊ အဲဒီတော့ ရပ်ကွက်လူကြီးတွေက အကြံတစ်ခုပေးတယ်။ နှစ်ဦးသဘောတူ ခုံသမာဓိလူကြီးတစ်ယောက်ထားပြီး အဲဒီ လူကြီးက ခွဲပေးရင်ရတယ်လို့ ပြောတယ်..."

ဒါဖြစ်နိုင်တာပဲဟု ကျွန်တော် စဉ်းစားနေမိသည်။

"အဲဒါ ရပ်ကွက်လူကြီးတွေပဲ အကြံပေးတယ်တဲ့၊ အဲဒီနားမှာ စာရေးဆရာ ဦးစောချစ်ရှိတာပဲ၊ မင်းတို့နှစ်ဦး သဘောတူရင် ဦးစောချစ်ကို ခုံသမာဓိထားပြီး ခွဲလိုက်ကြပေါ့လို့ ပြောတယ်တဲ့..."

"ဟာ...အစ်ပွါယ်မရှိတာကွာ၊ ထမင်းရည်ပူ လာလျှာလွှဲ၊ ငါနဲ့ဘာဆိုင်လဲ..."

ထိုအလုပ်မျိုးကို ကျွန်တော် မလုပ်ချင်ပါ။

"လုပ်ပေးလိုက်ပါ အစ်ကိုရယ်၊ မချို သနားပါတယ်၊ အစ်ကိုခွဲပေးရင် ကိုစိုးနိုင်ကလည်း သဘောတူပါတယ်တဲ့..."

ကျွန်တော်က အပြတ်ငြင်းသည်။

> **မချိုက ကိုစိုးနိုင်ကို သိပ်စိတ်နာနေပြီ။ သူနဲ့လည်း ဆက်မတွေ့ချင်တော့ဘူး။ ရပ်ကွက်လူကြီးတွေက ပစ္စည်းမခွဲပေးရင် သူ့ဒီအတိုင်းဆင်းသွားတော့မှာပဲ။ ဒါဆိုရင် သူ့ခမျာ လူလဲနာသေး ပစ္စည်းကလည်း ဆုံးရှုံးသေး နှစ်မျိုး နာတာပေါ့...**

"အစ်ကိုခွဲမပေးရင်တော့ မချို ဒီ အတိုင်း ဆင်းသွားရတော့မှာ၊ သူ့ခမျာ လူလည်းနာ၊ ပစ္စည်းလည်းဆုံး သနားပါတယ်..."

ကျွန်တော့် ဇနီးကိုကြည့်ပြီး ဘုန်းကြီးအမှုတော့ ရှာလာပတ်နေပြီ...ဟု နားလည်လိုက်ပါသည်။

"မချိုရေ...ဒီဘက်ကို ဆင်းလာခဲ့ပါ..."

ကျွန်တော့်ဇနီးက ကျွန်တော့်တို့ အိမ်ဝန်းဆီသို့ လှမ်းခေါ်လိုက်သည်။ မချို နောက်ဘက်သို့ ဆင်းလာသည်။

"တစ်ခုတော့ရှိတယ်နော်၊ ငါက တော့ ပစ္စည်းတွေကို ခွဲမပေးနိုင်ဘူး။ ကိုယ့် ဘာသာ နှစ်ဦးသဘောတူခွဲကြ၊ အဲဒါကို ငါက ခုံသမာဓိအဖြစ်ထိုင်ပြီး ကြားကြပ်ပေးမယ်..."

"ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ ကျွန်မတို့ ဘာသာနှစ်ဦးသဘောတူခွဲမှာပါ။ အစ်ကိုကြီးက ထိုင်ပေးရုံပါ"

သင်းချိုက ငိုရှိုက်နေရာမှ အားတက်သရော ပြောပါသည်။

ကျွန်တော်သက်ပြင်း တစ်ချက်ချ လိုက်မိပါသည်။ မောင်စိုးနိုင်နှင့် သင်းချို့တို့အိမ်လေးမှ တစ်ခုတည်းသော ပက်လက် ကုလားထိုင်လေးမှာ ကျွန်တော်က ထိုင် သည်၊ ကျွန်တော့်ရှေ့မှ ကြမ်းပြင်ပေါ်မှာ သူတို့နှစ်ယောက်ထိုင်နေကြသည်။

"ကဲ...မောင်စိုးနိုင်ရော မချိုရော မင်းတို့ဘာသာ သဘောတူခွဲကြနော်၊ ငါက တော့ လူကြီးတစ်ယောက်အနေနဲ့ အသိ အမှတ် ပြုပေးတာမျိုးပဲ လုပ်ပါရစေ..."

"ဟုတ်ကဲ့ပါ အစ်ကိုကြီး..."

မချိုက သဘောတူသည်။ သူ့ မျက်နှာမှ အညိုအမည်း ဒဏ်ရာများကို မောင်စိုးနိုင် လှမ်းကြည့်နေသည်။

"ဟို...ပစ္စည်းမခွဲခင် ဆရာ့ရှေ့မှာ ချိုကို မောင်တောင်းပန်ပါရစေ၊ မောင် ဒေါသလျှောက် ဖြစ်သွားမိတာ တောင်းပန် ပါတယ်၊ ချိုနဲ့မကွာပါရစေနဲ့ မောင်မကွာ ချင်ဘူး..."

မောင်စိုးနိုင် တောင်းပန်နေသည်။

"အို...ခုမှ ဒါတွေလာပြောမနေနဲ့၊ ခုဟာက ပစ္စည်းခွဲဖို့လာတာ၊ ပစ္စည်းသာခွဲပါ"

"မောင် ထပ်ပြီးတောင်းပန်ပါရစေ ချိုရယ်..."

"အို...မုန်းတယ်...ကျွန်မရှင့်ကို မုန်း တယ်၊ ဒီမယ်ကြည့်...ရှင်ရက်စက်ထား တာ..."

မချို ပြောရင်းငိုသည်။ ပြောလည်း သွားကြလျှင် ကောင်းမည်ဟု ကျွန်တော်

စဉ်းစားနေမိသည်။ ပြေလည်သွားအောင် စေ့စပ်ပေးချင်သည်။

သို့သော်...

"ကြွပါတယ်ရှင်၊ ပစ္စည်းသာ အမြန်ခွဲပေးပါ..."

"မိုးချုပ်သွားရင် ကျွန်မတို့ ထပ်ပြန်ရဖို့ ခက်တယ်။ ကားကလည်း ငှားရခုံမယ်၊ အစ်ကိုကြီးကိုလည်း အားနာပါတယ်... ပစ္စည်းပို့ပါ..."

သင်းလဲ့ရီ ပြတ်သားစွာ တောင်းဆို နေပြီ။ သင်းလဲ့ရီ့ကိုကြည့်ပြီး မောင်စိုး နိုင်မျက်နှာ မသက်မသာဖြစ်နေသည်။ သက်ပြင်း တစ်ချက်ချလိုက်သည်။

"ကောင်းပါပြီလေ၊ မောင့်မှာ အပြစ် ရှိပါတယ်၊ ရီ့ ကျေနပ်အောင် လုပ်ပေးပါ မယ်..."

မောင်စိုးနိုင်က သူ့ဘေးနားက ပုံ ထားသော အိမ်ထောင်ပစ္စည်းများကို ခွဲပေး သည်၊ ပထမဆုံး ခေါင်းအုံးနှစ်လုံးကို ကျွန် တော့်ရှေ့မှာ နှစ်ပုံခွဲပုံသည်။ ခေါင်းအုံးလုံး ပေါ်မှာ အသည်းပုံလေးများတွင် ငှက် ကလေးနှစ်ကောင်ပုံ ပန်းထိုးထားသည်။ မင်္ဂလာယူထားသည့် မင်္ဂလာဦးခေါင်းအုံး နှစ်လုံး ဖြစ်လိမ့်မည်။ ယှဉ်လျက်ရှိနေသင့် သော ခေါင်းအုံးနှစ်လုံး မှတော့ တစ်လုံးစီ ကွဲသွားကြပြီ၊ ပုံလှ မောင်စိုးနိုင်က သင်းလဲ့ ရီကို လှမ်းကြည့်သည်။ မင်းကြိုက်ရာ ကောက်ဆိုသော သဘော၊ သင်းလဲ့ရီက သူ့ဘက်မှ ခေါင်းအုံးကို ကောက်ယူလိုက် သည်။ ပြီးတော့ ဆင်တူစောင်နှစ်ထည်၊ သင်းလဲ့ရီက သူ့ဘက်မှစောင်ကို ကောက် ယူလိုက်သည်။

လက်ဖက်ရည် အစုံလေးမှာ လည်း အောက်ခံပန်းကန်နှစ်ချပ်စီ ပန်းကန် နှစ်လုံးစီကွဲ၍ လေးလုံးတစ်စုံ ပျက်သွား လေပြီ။ မရီက သူ့ဘက်မှ ပန်းကန်ပြား နှစ်ချပ်နှင့် ပန်းကန်လုံးနှစ်လုံးကို ကောက် ယူလိုက်သည်။ ကျွန်တော်ထိုင်၍ ကြည့်မြင် နေရသည်က စိတ်မချမ်းသာစရာ၊ သင်းလဲ့ ရီဘေးမှာ တစ်ပုံ၊ မောင်စိုးနိုင်ဘေးမှာ တစ်ပုံ၊ ပစ္စည်းနှစ်ပုံ ကွဲသွားပြီ။



လှပလေးကထဲမှာ အသစ်ပေါ်လာ သော အိမ်ထောင်လေးတစ်ခုသည် လေယံ ဝင် ဖင်မမည်းခင် ကွဲကြလေပြီ။ အမျိုးတူ အရွယ်တူ ပစ္စည်းများကုန်ပြီနောက် မောင် စိုးနိုင်က မှန်နှစ်ချပ်ကို တစ်ချပ်စီ ခွဲသို့ သည်။ မှန်နှစ်ချပ်၏ အရွယ်က ကွာလွန်း သည်။ တစ်ချပ်က ဝတ္ထုစာအုပ်အရွယ်ရှိ မှန်ကလေး၊ နောက်တစ်ချက်က အလျား သုံးပေ၊ အနံနှစ်ပေရှိသော နံရံကပ်မှန်ကြီး၊ မောင်စိုးနိုင် ပုံပေးလိုက်ပုံက မင်းကြိုက်ရာ ယူဆိုသော သဘော၊ မရီ ဘာကိုယူမည် နည်း၊ ကျွန်တော်စိတ်ဝင်စားမိသည်။ မရီ က မှန်အကြီးကိုကောက်ယူ၍ သူ့ဘက်အပုံ မှာ ထားလိုက်သည်။ မောင်စိုးနိုင်က ကျန် သော မှန်အသေးကိုကောက်ယူလိုက်သည်။

နောက်တစ်ခုကလည်း အရွယ်မတူ ပြန်၊ နာရီအမျိုးအစားချင်းတော့ တူသည်၊ တစ်ခုက နံရံကပ် သံနံ့နာရီ၊ နောက်တစ်ခု က စားပွဲတင်နာရီအသေး၊ မရီက နာရီ အကြီးကို ကောက်သည်။ မောင်စိုးနိုင်က နာရီအသေးကို ယူလိုက်သည်။

ဆက်ပြီးခွဲရသည်များမှာ အမျိုး အစား အရွယ်တူများ မဟုတ်ကြတော့ပါ။ တစ်ဖက်နှင့် တစ်ဖက်တသားသည်များသာ ဖြစ်ကြသည်။ မရီက သာသည်ကိုရွေးယူ သည်။

"အေးလေ...သူက မိန်းကလေး၊ ပြီး တော့ သူက နာထားရတဲ့လူ၊ သဘာဝ အတိုင်းဆိုရင်လည်း လောဘသားတွေပဲ၊ သာတာကိုယူတာ သဘာဝကျပါတယ်..."

ကျွန်တော် ထိုင်ကြည့်ရင်း တွေးနေ မိသည်။ ပစ္စည်းအားလုံးခွဲပြီးကြပြီး မောင် စိုးနိုင်က နောက်ဆုံးပစ္စည်းနှစ်ခု ယူလာ သည်။ နှစ်ပုံ ပုံလိုက်သည်။ တစ်ပုံက လှပ သော မှန်စီရွှေချ တောင်းကောက်ကြီး ပန်း ပွားလေးများ နီရဲလျက်၊ နောက်တစ်ပုံက

ကြိုးနီတပ်ထားသော စည်းကလေး။

"ငြိမ်း...စိတ်မကောင်းစရာ"

ကျွန်တော့်ရင်ထဲမှာ ဆို့နင့်သော ဝေဒနာတစ်ခုကို ခံစားရသည်။ မချို ဘာကို တောက်မည်ဆိုသည်ကလည်း စိတ်ဝင်စား စရာ။ ကျန်သည့် ပစ္စည်းများမှာ မချို ဘာကိုပဲယူယူ ပြဿနာ မဟုတ်ပါ။

ယခုယှဉ်ချထားသည့် ပစ္စည်းနှစ်ခု က အရွယ်အစားချင်း ကွာလွန်းအားကြီး သလို တန်ဖိုးချင်းလည်း ကွာလွန်းသည်။

ဖောင်းက မောင်စိုးနိုင် တီးဝင်သော တူရိယာ။ စည်းက မချိုတီးခတ်သော တူရိ ယာ။

"မချို ဘာကိုယူမှာပါလိမ့်"

နှံ့သမားခံရင်မှာ လှုပ်ရှားနေပါ သည်။

မချိုကို လှမ်းကြည့်နေသော မောင် စိုးနိုင်၏ မျက်လုံးအိမ်များမှာ ပြည့်လျှံလာ သော မျက်ရည်များနှင့်။

မချို၏ ပါးပြင်နှစ်ဖက်ပေါ်မှာ မျက်ရည်စီးကြောင်းနှစ်ခု စီးဆင်းလာကြ သည်။

မချို စည်းကလေးကို ကောက်ယူ လိုက်သည်။ မချို၏ ပါးပေါ်မှ မျက်ရည်စီး ကြောင်းလေးနှစ်ခုမှာ စမ်းချောင်းလေးများ ဖြစ်သွားကြသည်။

မောင်စိုးနိုင်၏ ပါးပေါ်မှာလည်း မျက်ရည်များစီးနေကြပါပြီ။

"ငြိမ်း...လွမ်းစရာ"

မချိုက ကျွန်တော့်ကို ကန်တော့ သည်။

"ကျေး...ကျေးဇူးတင်ပါတယ် အစ်ကိုကြီး..."

ရှိုက်သံကြားမှ ကျေးဇူးစကား။ မချိုနှင့်အတူ မောင်စိုးနိုင်ပါ ကန်တော့ သည်။

"ငြိမ်း...ဘယ်လိုဆုပေးရပါ..."

**သူ့ပါးပေါ်မှာ မျက်ရည်များစီးဆင်းလျက်။**
**ကျွန်တော်ကိုယ်တိုင် လွမ်းဆွတ်ခြင်း**
**ကြေကွဲစွာ ခံစားနေရသည်။**
**စိတ်ကို ထိန်းချုပ်ထားသည့်ကြားမှ**
**မျက်လုံးအိမ်တွင် မျက်ရည်များက**
**ရစ်ဝဲလျက်...**

ကျွန်တော့်အတွက် ဆုမပေးတတ်နေ သည်။ ပုံမှန်အတိုင်းဆိုလျှင် ညကြိုးကဲ့သို့ ကန်တော့လာသော လင်မယားကို အို အောင် မင်းအောင် ပေါင်းကြရပါစေ...ဟု ပေးရမည်။ ခုတော့ သူတို့က ကွဲရေး၊ ခွဲရေး လုပ်ပြီးကြပြီ။ ကျွန်တော် ဆုပေးတတ်၍ တိတ်တိတ်ကလေးသာ စိတ်မကောင်း ဖြစ် နေရသည်။ မောင်စိုးနိုင်က သင်းလုံချိုကို လှမ်းကြည့်လိုက်သည်။

"ချိုကို မောင်နောက်ဆုံး တောင်းပန် ပါရစေ... မောင်ဒီလိုမျိုး မဖြစ်စေရဘူးလို့ ဆရာ့ရှေ့မှာ ကတိပေးပါတယ်"

မောင်စိုးနိုင်၏ အသံမှာ ခြောက် သွေ့စွာ တုန်ခါနေသည်။ သင်းလုံချို ခေါင်း ပြန်မတော်သွားသည်။

"မှမ ဒါတွေလာပြောမနေနဲ့..."

မျက်နှာလည်း ပြန်တင်းသွား သည်။ မြန်လိုက်သည့် အပြောင်းလဲ။ ရုတ် တရက်ပင် သူ့ပစ္စည်းများကို အိပ်ရာခင်း စောင်မှာ ထည့်ထုပ်သည်။ အချို့ကို ခြင်း များ၊ အိတ်များမှာ ထည့်သည်။ ပစ္စည်း သိပ်မများပါ။ လူတစ်ယောက် တနင့်တပိုး သယ်နိုင်ရုံသာ ရှိသည်။ မချိုက ပစ္စည်းများ အားလုံးကို မနိုင်မနင်းသယ်ပြီး အိမ်ပေါ်မှ ဆင်းသွားသည်။

ည(၉)နာရီမှာ ကျွန်တော် စာရေး စားပွဲထိုင်သည်။ ကျွန်တော့် ဇနီးကလည်း ကလေးများသိပ်ပြီး၍ ကျောင်းသားများ၏ လေ့ကျင့်ခန်း စာအုပ်များကို စ စစ်နေပြီ။

"အစ်ကို ရေ...မချိုထွက်သွားပြီး ကတည်းက ကိုစိုးနိုင်လည်း ထွက်သွား တယ်။ ခုထိ ပြန်မလာသေးဘူး"

ကျွန်တော် နာရီကိုလှမ်းကြည့်လိုက် သည်။ ကိုးနာရီခွဲနေပြီ။ ဓါတ်ငိုင်း သည် အချိန်ဆိုလျှင် အဆိုမပေါ။ အတီးသက် သက် ဖောင်းသံကို ကြားနေရပြီ။

သူလည်း စိတ်မကောင်းဖြစ်ပြီး ထွက်သွားတာနေမှာပေါ့ကွာ။ ညနေက မောင်စိုးနိုင်၏ပုံကို မြင်ယောင်နေမိသည်။ ကျွန်တော့်မိန်းမ စာဆက်စစ်သည်။ ကျွန် တော် စာဆက်ရေးသည်။

"အစ်ကိုရေ...အိမ်ရှေ့အိမ်က တံခါး ဖွင့်သံကြားတယ်..."

ကျွန်တော်လည်း ကြားပါသည်။

ကျွန်တော် ခေါင်းညိတ်ပြသည်။ သေချာသည်။ မီးဖွင့်၍ အိမ်ရှေ့အိမ်လေး မီးလင်းသွားပြီ။ ကျွန်တော် နာရီကိုလှမ်း ကြည့်လိုက်သည်။ (၁၀)နာရီ ထိုးတော့ မည်။ ဖောင်းသံထွက်လာသည်နှင့် နာရီကို ကြည့်လိုက်တော့ ဆယ်နာရီတိတိ။ ဖောင်း သံချည့် အဆိုမပါ။ အတီးသက်သက် ဖြစ် သည်။ သို့သော် တီးနေသည်က ချစ်မိုး ကြီး။ သီဆိုသံလည်းမပါ၊ စည်းသံ လွင် လွင်လေးလည်း မပါ။ ကြားနေရသည်က လွမ်းစရာ။ ကျွန်တော့်ဇနီးကို လှမ်းကြည့် လိုက်သည်။ သူ ကျွန်တော့်ကို လှမ်းကြည့် သည်။

သူ့ပါးပေါ်မှာ မျက်ရည်များစီးဆင်း လျက်။ ကျွန်တော်ကိုယ်တိုင် လွမ်းဆွတ် ခြင်း ကြေကွဲစွာ ခံစားနေရသည်။ စိတ်ကို ထိန်းချုပ်ထားသည့်ကြားမှ မျက်လုံးအိမ် တွင် မျက်ရည်များက ရစ်ဝဲလျက်။

နောက်တစ်နေ့မှာလည်း မနက် စောစော မောင်စိုးနိုင် အိမ်မှထွက်သည်။

တစ်နေ့လုံး ပြန်မလာ၊ ဘယ်ကို သွား၍ ဘယ်မှာ စားမှန်းမသိ။ ညဆယ်နာရီ ထိုးခါနီးလျှင် ပြန်ရောက်လာသည်။ ဆယ်နာရီ ထိုးသည်နှင့် စောင်းသံလေး ထွက်ပေါ်လာသည်။

ချစ်မိုးကြီး

တခြား ဘာသီချင်းမျှ မတီးပါ။

ကျွန်တော်တို့လင်မယားမှာ ညဆယ်နာရီထိုးလျှင် ချစ်မိုးကြီးကို အဆိုမပါ၊ အတီးသက်သက် နားထောင်ပြီး လွမ်းဆွတ်ခြင်း ဝေဒနာကို ခံစားကြရသည်မှာ တစ်လပြည့်သွားပြီ။

"ခြော်...သူတို့လင်မယား ပြန်ပေါင်းပြီး အတီးနှင့်အတူ အဆိုလေးပါ ထွက်ပေါ်လာလျှင် ဘယ်လောက်ကောင်းလိုက်မလဲ..."

ကျွန်တော် မျှော်လင့်မိသည်။

တစ်လချို့ ကျော်သွားပြီ၊ ညတွင် ထုံးစံအတိုင်း ဆယ်နာရီထိုးခါနီးမှာ ကိုစိုးနိုင် ပြန်လာသည်။ ဆယ်နာရီတိတိမှာ စောင်းသံကြားရသည်။ ယနေ့ည ကျွန်တော့်ဇနီး စာစစ်ထွက်လာခြင်းမရှိပါ။ ကလေးသိပ်ရင်း ကလေးများနှင့်အတူ အိပ်ပျော်သွားဟန် တူပါသည်။ ထိုသို့လည်း မကြာခဏ အိပ်သွားတတ်ပါသည်။ အိမ်ရှေ့အိမ်မှ တံခါးဖွင့်သံကြားရသည်။ နာရီကြည့်ရန်မလိုပါ၊ ကျွန်တော် သိပါသည်။ ဆယ်နာရီ ထိုးတော့မည်။ မောင်စိုးနိုင် ပြန်ရောက်လာပြီး စောင်းသံကြားရတော့မည်။ ဆယ်နာရီ ထိုးပြီ။

"ဟင်...ဘယ်လိုလဲဟ"

ကျွန်တော် အံ့ဩစိတ်နှင့် နားစိုက်မိသည်။ စောင်းသံနှင့်အတူ စည်းဝါးသံလေး ကြားနေရသည်။ တီးနေသည်က ချစ်မိုးကြီးသီချင်း၏ အစအဆို တီးကွက်။

"ပေါ..."

တီးကွက်ဆုံးတော့ သီချင်းသံပါ ထွက်လာသည်။ ကြားနေကျအသံကို ကောင်းစွာမှတ်မိနေပါသည်။ သင်းလဲ့မြိုင်၏ အသံ။ သေချာသည်။ ကျွန်တော် သိပ်ကို ဝမ်းသာသွားသည်။ လက်ထဲမှ ဘောလ်ပင်ကို ရှေ့လက်စစာရွက်ပေါ် ပစ်တင်လိုက်သည်။ ကျွန်တော့်ဇနီးကို နှိုးရမည်။ သူ့ကိုပါ နားထောင်ခိုင်းရမည်။

သူ သိပ်ဝမ်းသာလိမ့်မည်။ သို့သော် ကျွန်တော်နှိုးရန်မလိုပါ၊ ကျွန်တော့်ဇနီး အခန်းထဲမှ ထွက်လာနေပြီ။ သူလည်း ကြားပြီးသိပြီ ဖြစ်နေသည်။ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော် ခေါင်းညိတ်ပြသည်။ နှစ်ယောက်စလုံး ဝမ်းသာပြုံးများနှင့်...။

ကျွန်တော့်ဇနီးက အိမ်အဝင်မှ ဖိနပ်ချွတ်နေရာလေးသို့ ဆင်းသွားသည်။ ကျွန်တော်သိသည်။ ထိုနေရာတွင် သံဆန်ခါကွက်လေးများကြားမှ လှမ်းကြည့်လျှင် အိမ်ရှေ့အိမ်ကို တည့်တည့်မြင်ရသည်။ အိမ်ရှေ့အိမ်မှ အဝင်တံခါးကိုသာ ဖွင့်ထားလျှင် အိမ်ထဲမှ လူများကိုပင် မြင်နိုင်သည်။

ကျွန်တော်ပါ ဖိနပ်ချွတ်သို့ ဆင်းလိုက်သည်။ ဇနီး၏ဘေးမှာရပ်၍ သံဆန်ခါကွက်လေးမှ အိမ်ရှေ့အိမ်ကို လှမ်းကြည့်



လိုက်သည်။ အိမ်ဝင်တံခါးပိတ်ထား၍ လူများကိုမမြင်ရ။ အတွင်းမှာ မီးရောင်လင်းနေသော အိမ်ကလေး။ သီချင်းသံက ထွက်ပေါ်နေဆဲ။ ဒုတိယအခေါက်ပြန်ဆိုခြင်း ဖြစ်သည်။

× × × ×သည္ဟာမျှလည်း... လှမ်ခြ တိတ်တောင် အိပ်လို့မရပေါင်... ရောင်ခြည် ထွန်းအောင်...လင်းချိန်တန်ခဲ့ပြီ× × × × အရိပ်ကို အရောင်ထင်သည်× × × × လှချင်းတွေ့မှ ပြောစမ်းပါရစေ... မေ့လို့မရနိုင်ပါသည်။ ဖျောက်လို့မရနိုင်ပါသည် × × × × မျက်စိထဲမှာ ဝဲကာပေါ်လာပြီ၊ ကြာလေလေ မမေ့နိုင်တော့သည် × × × ယနေ့တိုင်ပဲ ချွဲမိသည်× × × × အသည်းထဲက မေ့ဘွာရည်× × × ×သူ့ကို ရည်ညွှန်းသွန်းခဲ့ပြီ× × × ×

ကျွန်တော့်ဇနီးမျှော ရပ်ထဲမှာ ကြည်နူးခြင်း ဝေဒနာကို လှိုက်လှဲစွာ ခံစားရဟန်တူပါ၏။ အိမ်ကလေးကို ကြည့်နေရာမှ ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။

ကျွန်တော်တို့နှစ်ယောက်လုံး ကြည်နူးစွာ ပြုံးမိကြသည်။

သို့သော် ကျွန်တော့်မျက်လုံးတွင် မျက်ရည်များနှင့်...။ ကျွန်တော့် ဇနီးက တော့ ထိန်းမထားနိုင်သော မျက်ရည်များ ပါးပေါ်မှာ စီးဆင်းလျက်...

ဝမ်းသာကြည်နူး၍ ကျသောမျက်ရည်များ ဖြစ်ပါသည်။

သဏ္ဍာဘာဂီ မည္သာတာသည်× × × ဘယ်တော့မှ မမှန်းရက်နိုင်တော့သည်× × × × ရှန်ဘာယာမသီ ဝေးစေကြောင်း...× × × ×ခါခါသာရည် ဆုတောင်းလိုက်ပါသည်။ တောင်းတဲ့ဆုနဲ့ ပြည့်စုံပါရစေ...။

သာယာသောအဆိုသံ၊ တီးသံလေးသည် တိတ်ဆိတ်သောညမှာ လှပစွာ ပျံ့ထွက်ပေါ်နေပါ၏။

လယ်တွင်းသားစောချစ်



# မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်း ဇနီးမောင်နှံ

## (ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe နှင့် Madame Akie Abe)

**သံအမတ်ကြီး ဦးလှမြင့်(ငြိမ်း)**

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်း၌ သတင်းမကောင်းကြားခဲ့ရပါသည်။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe သေနတ်နှင့် အပစ်ခံရခြင်းပါ။ ဂျပန်နိုင်ငံ နာရာမြို့၌ သူ၏ LDP ပါတီအထက်လွှတ်တော်အမတ်လောင်းအတွက် ကူညီမဲဆွယ်ပေးနေစဉ် လက်လုပ် သေနတ်နှင့် အပစ်ခံရခြင်းပါ။ သတင်းကြားကြားခြင်း လက်နက်ကိုင်ဆောင်မှု စည်းကမ်းအလွန်တင်းကျပ်လှပြီး ဤကဲ့သို့ဖြစ်စဉ်မျိုး ဖြစ်လေ့ဖြစ်ထမရှိသော ဂျပန်နိုင်ငံ၌ ဖြစ်ခဲ့သဖြင့် အထူးတုန်လှုပ်ချောက်ချား ကြေကွဲဝမ်းနည်းခဲ့ရပါသည်။ အသက်ရှင်သန်ပါစေဟု ဆုတောင်းခဲ့ပါသော်လည်း မပြည့်ဝခဲ့ပါ။ ထိုနေ့ညနေပိုင်း၌ပင် ကွယ်လွန်သွားခဲ့ရရှာပါသည်။ ကျွန်တော်တို့အနေနှင့် သူ ကွယ်လွန်မှုအပေါ် နှမြောတသ ဝမ်းနည်းကြေကွဲရပါလျှင် သူတို့နိုင်ငံသူ နိုင်ငံသားများအတွက်ကတော့ ပြောဆိုဖွယ်ရာ မကုန်နိုင်တော့ပါ။



သူသည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။ သူတစ်ဦးတည်းဆိုလျှင်တော့ မဟုတ်ပါ။ သူ့ဇနီး Madame Akie Abe သည်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။

❖ ❖ ❖ ❖ ❖

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (လွန်ခဲ့သော ၁၇ နှစ်က)နေ့၌ ကျွန်တော်သည် ဘရားဇီးလ်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်

ခဲ့ရပါသည်။ ထိုစဉ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်မှာ မစ္စတာ ကိုအီဇုမိပါ။ သူက အမေရိကန်ရုပ်ရှင်မင်းသား ရစ်ချတ်ဂီးရီးဆံပင် ပုံစံနှင့် ဟန်ပန်ဆင်သည်။ သို့သော် သူ့မျက်နှာက မဲ့ယမ်းပြုံးနှင့် အနေကတည်သည်။ အပြုံးနိုင်ငံကလာသော ကျွန်တော်တို့အတွက်က စိမ်းလွန်းလှသည်ဟု ခံစားမိပါသည်။

သူနှင့် ထိုစဉ်က အမေရိကသမ္မတ ဘုရှ်တို့ အလွန်းသင့်ပုံရပါသည်။ စည့်ခံပွဲမှာ အတူတွဲပြီး ဒန့်စ်ကကြသည်အထိ ခင်မင်ရင်းနှီးကြသည့် ဆက်ဆံရေးမျိုးရှိကြပါသည်။

သူ့လက်ထက်တွင် ကုလသမဂ္ဂ၌ ကျွန်တော်တို့နိုင်ငံအား Resolution တင်ရာ၌ မူလက ကြားနေခဲ့သော ဂျပန်သည် ဒီတစ်ခါတော့ နိုးပါကွယ် ဖြစ်လာခဲ့သည်။

ဒီအခါ ဘယ်လိုလုပ် ကျွန်တော်တို့နှစ်နိုင်ငံအကြားဆက်ဆံရေးက အဆင်ပြေနိုင်ပါမလဲ။

ဒီတော့ ဂျပန်ရောက် ကျွန်တော်တို့ သံတမန်များအဖို့ မလွယ်ပါလေ။

❖ ❖ ❖ ❖ ❖

ကျွန်တော်တို့နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံရေးသမိုင်းကြောင်းက ရှည်လျားလွန်းလှပါသည်။လက်လှမ်းမီသလောက် ပြောရပါလျှင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင်တို့ ဟိုင်းနန်ကျွန်းစခန်းမှာ ဂျပန်ဘုရင့်တပ်မတော်က စစ်ပညာသင်ကြားပေးမှုနှင့် အစတည်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်ကို ပူးပေါင်းတိုက်ခိုက်ရန် ဘန်ကောက်၌ ဘီအိုင်အေတပ်မတော်ကို စတင်တည်ထောင်ခဲ့သည်။ ဂျပန်နှင့်အတူ အင်္ဂလိပ်ကို အင်ဖာအထိ တိုက်ထုတ်နိုင်ခဲ့သည်။ အရည်မီလွတ်လပ်ရေးနှင့် ဂျပန်တို့သုံးနှစ်တာ အုပ်ချုပ်ခဲ့ရပါသည်။ ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော် ဖြစ်တည်လာခဲ့သည်။

ထို့နောက်၌ ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်များသို့ မြန်မာနိုင်ငံမှ လူငယ်များ တက်ရောက်ပြီး စစ်ပညာများသင်ကြားပေးခဲ့ပါသည်။ ကာကွယ်ရေးဦးစီးချုပ် (လေ)ဟောင်း ဗိုလ်မှူးချုပ်သောင်းဒန်သည် ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ထိုအတူ ရှေ့က တိုင်းမှူးနှင့် စက်မှုဝန်ကြီးဟောင်း ဗိုလ်မှူးချုပ်တင့်ဆွေသည်လည်း ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ကျွန်တော်သိသည့် ဂျပန်ဘုရင့်တပ်မတော်စစ်တက္ကသိုလ်ဆင်းများပါ။ ကျန်ပုဂ္ဂိုလ်ကြီးများလည်း ရှိနေကြပါသေးသည်။

ဂျပန်စစ်ပညာနှင့် လေ့ကျင့်ပေးခဲ့မှု ကျွန်တော်တို့ တပ်မတော်၌ မည်မျှကျန်ရှိနေသေးသည်ကို မသိပါသော်လည်း သူတို့ ဂျပန်တွေအမွေပေးခဲ့သည့် ဟန်းကောခေါ် ထမင်းချိုင့်ကတော့ အသုံးတည့်လွန်းလှပါသည်။ ဂျပန်လိုထမင်းချိုင့်ကို ဟန်းကောဟု ခေါ်ပါသည်။ ကျွန်တော်တို့တပ်ထဲရောက်သည့်အချိန်ထိ ဟန်းကောဟု ခေါ်နေဆဲသုံးနေဆဲပါ။ ထိုဟန်းကောများသည် လည်း ဂျပန်နိုင်ငံ နိုင်းမွေးမှ မှာယူတင်သွင်းခဲ့သော Made In Japan စစ်စစ်



ကြီးတွေပါရှား။ ထိုဟန်းကောနှင့် ရှေ့တန်း၌ ထမင်းဟင်းချက်ရသည်။ ချောင်း၌ ရေခပ်ချိုးနိုင်သည်။ ထိုကဲ့သို့ ကိစ္စများသောအ က ရှေ့တန်းကိုသွားထုတ်ပေးရာ၌ ရိုက်ကွယ်ရာတွင်အသုံးတည့်လှသည်။ ဟန်းကော အပေါ်မှ လက်နှစ်ဆစ်ကွာလျှင် ဆန်တစ်ပြည်၊ လက်သုံးဆစ်ကွာလျှင် ဆီတစ်ပိဿာ ဟု စီကြုံကြီးများနှင့် စစ်ပြီးမင်းများအကြား သဘောတူညီကြသည်။ ဂျင်းတဲ့သီမင်း အကိုရိုမန့်ပါ။

ဟီးရိုရှီးမားနှင့် နာဂါဆာကီမြို့အား အမေရိကန်တို့ အဏုမြူဗုံးနှစ်လုံး ကျဲချပေါ်၌ ပထမဆုံးအကြိမ်ခံရပြီးနောက် ဂျပန်ကို လက်နက်ချအညံ့ခံခဲ့ကြရပါသည်။ ထိုအတူ မြန်မာပြည်ရောက် ဂျပန်စစ်သားများသည်လည်း သုံ့ပန်းအဖြစ် အဖမ်းခံရ အညံ့ခံခဲ့ကြရပါသည်။ အချို့က လွတ်ရာလွတ်ကြောင်း တတ်နိုင်သမျှ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုအခါ စိတ်သဘောနှလုံးသား ဖြူစင်ကြသော ကျွန်တော်တို့မြန်မာနိုင်ငံသားများသည် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခံခဲ့ရပါသော်လည်း ထိုသို့သော ဂျပန်စစ်သားများကို မိမိတို့ကိုယ်တိုင် ချို့တဲ့ချို့ငဲ့သည့်ကြားမှ အစားအစာ ကျွေးသည်။ ရေချိုးဆေးဝါးနှင့် ကုသပေးသည်။ အသက်အန္တရာယ်ကြားမှ တတ်နိုင်သရွေ့ အဖမ်းမခံရအောင် ပုန်းရှောင်ပေးပါသည်။ ကျွန်တော်တို့လူမျိုးများသည် စိတ်ထားဖြူစင်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ ခွင့်လွှတ်လွယ်ခြင်း အရည်အချင်းများတို့နှင့် ပြည့်စုံကြသည့် လူမျိုးတွေပါလား။

ဂျပန်များကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အဓိပတိဟောင်းကြီး ဒေါက်တာဘမော်အား ဂျပန်နိုင်ငံသို့ ခေါ်ဆောင်သွားပါသည်။ နီဂတာပြည်နယ် Yakusho Temple ၌ ဝှက်ထားပေးပါ

သည်။ စောင့်ရှောက်ပေးထားပါသည်။ နောက်မှ မဟာမိတ်တို့ထံ အညံ့ခံလိုက်ရပါသည်။ ထိုဘုရားကျောင်း၌ ဒေါက်တာဘမော် အထိမ်းအမှတ်ပြတိုက် ပြုလုပ်ထားရှိပါသည်။

စစ်ကြီးပြီးသောအခါ ဂျပန်နိုင်ငံသည် အဏုမြူဗုံးဒဏ်ကြောင့်လည်းကောင်း၊ တစ်နိုင်ငံလုံးအနှံ့အပြား ဗုံးဒဏ်၊ မီးကြီးလောင်ကျွမ်းဒဏ်တို့ကြောင့်လည်းကောင်း တစ်နိုင်ငံလုံး စီစီညက်ညက် ကြေပျက်စီးဆုံးရှုံးခဲ့ရပါသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းဒေသအများအပြားမှာ အကြီးအကျယ် အထိနာခဲ့ရပါသည်။ ၎င်းအပြင် ကမ္ဘာစစ်ပွဲကြီးကို ပါဝင်ဆင်နွဲရေး သုံးစွဲကုန်ကျစရိတ်ကြောင့်လည်း လက်တလော သူတို့ဆင်းရဲသွားခဲ့ရပါသည်။ အိုရှင်း ဇာတ်ကားထဲက လို ထမင်းလုံး အိုနီဂီရိကို နှစ်ခြမ်းခွဲ၍ လူနှစ်ယောက်စားရတဲ့ဘဝ ရောက်ခဲ့ရသည်။ ထိုစဉ် ကျွန်တော်တို့နိုင်ငံမှ ဆန်တန်ချိန် နှစ်သိန်းလော ဘယ်မျှတော့ အတိအကျမသိသေးသော်လည်း ဂျပန်နိုင်ငံအား လှူဒါန်းသည်ဟု တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားဖူးထားပါသည်။ (မှတ်တမ်းမှတ်ရာများကိုလည်း ရှာဖွေပြုစုသင့်ပါသည်။)

ထို့အပြင် စစ်ရှုံးနိုင်ငံတို့၏ ထုံးစံအတိုင်း မြန်မာနိုင်ငံကိုလည်း စစ်လျော်ကြေးပေးရပါသည်။ ကျွန်တော်တို့၏ စစ်လျော်ကြေးကော်မရှင်ဥက္ကဋ္ဌက ဂျပန်တို့ကို စာနာနားလည်မှုနှင့် လျှော့လျှော့ပေါ့ပေါ့၊ သူတို့ပေးနိုင်သမျှကိုယူခဲ့သဖြင့် အပြင်းအထန် ဝေဖန်ခံခဲ့ရကြောင်း ကြားဖူးပါသည်။

ထိုစစ်လျော်ကြေးငွေနှင့် တည်ဆောက်ခဲ့သော လောပိတရေအားလျှပ်စစ်က ယနေ့အထိတိုင် သုံးစွဲနေရဆဲပါ။ ဟီးနိုး၊ မာဇဒါ၊ တိုယိုတာကားတို့ တပ်ဆင်ထုတ်လုပ်လာနိုင်ခဲ့သည်။ နေရှင်နယ်ထမင်းပေါင်းအိုး၊ မီးပူအိုး၊ နေရှင်နယ် မော်ဆူရှီတာ မီးချောင်းများ၊ ဓာတ်ခဲများ၊ မီးခလုတ်၊ ထုတ်လုပ်မှုတို့လည်းပေါ်ပါသည်။ ထိုခေတ် ထိုအခါက ကျွန်တော်တို့ အားပါးတရသုံးစွဲခဲ့ရတဲ့ အသုံးအဆောင်ပစ္စည်းတွေပါ။

တစ်ခါက မော်ဆူရှီတာ ဥက္ကဋ္ဌကြီးက မြန်မာနိုင်ငံကို လာလည်ပါသည်။ သူတည်းခိုတဲ့ ဟိုတယ်မှာရှိတဲ့ သူတို့ရဲ့ နေရှင်နယ်မီးပလတ်က နှစ်ပေါင်း(၂၀)ကျော်ပေမယ့် တစ်—တောက်နှင့်အသုံးပြုနိုင်ဆဲဆိုတော့ တော်တော်ပဲ အံ့ဩဝမ်းမြောက်ဖြစ်သွားပုံ



ရပါသည်။ စာအုပ်စာရွက်တွေ တစ်ပုံတစ်ပင်ကြီးနှင့် လက်ဝင်လှသော်လည်း ကျွန်တော် ဂျပန်ရောက်ချိန်အထိ သူတို့ရဲ့ နေရှင်နယ်မီးလုံးကို နှစ်ခြိုက်စွာ အသုံးပြုခဲ့တဲ့ ကျွန်တော့်နိုင်ငံကို တင်သွင်းနေဆဲပါ။

ဂျပန်နိုင်ငံသည် စစ်ကြီးပြီးဆုံးသွားသော်လည်း စစ်နှင့်ပတ်သက်သော ဒုက္ခဝေဒနာများက သက်ဆိုင်သူများအကြား ရှိနေဆဲပါ။ စစ်ကြီးအတွင်း အာရှတစ်ခွင်၌ သူတို့ဂျပန်စစ်သားများအကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရာနေရာဒေသ အနှံ့အပြားသို့ နည်းမျိုးစုံနှင့်မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြရပါသည်။ သူတို့ [illegible] ကွယ်လွန်သူများ၏ အရိုးပြာအုတ်ဂူများ၌ တစ်နှစ်တစ်ကြိမ် သွားရောက်ဆုတောင်းပေးမှသာ ကောင်းမွန်သော ဘုံဘဝသို့ ရောက်ကြသည်ဟု ယုံကြည်ထားပါသည်။ ထို့ကြောင့် အာရှတစ်ခွင် ဒေသအနှံ့အပြား၌ မြှုပ်နှံထားသော ဂျပန်စစ်သည်များ၏ မိသားစုဝင် ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းအတွက် အရိုးများကိုကောက်ယူပြီး ဂျပန်နိုင်ငံသို့ ယူဆောင်လာကာ မြှုပ်နှံသင်္ဂြိုဟ်ပြီး ဆုတောင်းပွဲများ ပြုလုပ်ပေးရသည် အရေးကြီးဆုံး ကိစ္စရပ်ဖြစ်လာသည်။ သက်ဆိုင်ရာ နိုင်ငံအစိုးရများနှင့် ညှိနှိုင်းဆက်သွယ်ပြီး ကွယ်လွန်သူ ဂျပန်စစ်သည်များ၏ အရိုးကောက်ယူရေးလုပ်ငန်းကို သက်ရှိအင်ရှား ဂျပန်စစ်ပြန်ကြီးများနှင့်ပတ်သက်သော ပုဂ္ဂိုလ်ကြီးများ ဦးဆောင် ဆောင်ရွက်ခဲ့ကြရပါသည်။

ထိုသို့သော မြန်မာနိုင်ငံမှ ကွယ်လွန် ဂျပန်စစ်သည်များ၏ အရိုးကောက်လုပ်ငန်းကို ဆောင်ရွက်ဖူးခဲ့သော စစ်ပြန်ကြီးတစ်ဦးဖြစ်သော မစ္စတာအီမာအီဇုမိ (အီမာအီ ဇုမိ အထိမ်းအမှတ် ပညာရည်ချွန်ဆု အဖွဲ့၊ ဥက္ကဋ္ဌ) မှ သူ့အတွေ့အကြုံကို ပြန်ပြောပြရှာပါသည်။

"ကျွန်တော်တို့ မြန်မာပြည်က မြို့ငယ်လေးရဲ့ ဘုန်းတော်ကြီးကျောင်းမှာ အရိုးကောက်ဖို့ တဲထိုးပြီး နေနေခဲ့ကြရတယ်။ ကျွန်တော်တို့မှာ မဝင်ရဲခဲ့ပါ။ မကြာခင် မြို့ထဲကလူတွေ ကျွန်တော်တို့ကို တွေ့သွားပြီး ဂျပန်အရိုးကောက်အဖွဲ့ ဆိုတာ သိသွားကြပါတယ်။ လှိုက်လှိုက်လှဲလှဲ အားတက်သရော လိုလိုချင်ချင် ကျွန်တော်တို့လုပ်ငန်းကို အကူအညီ ပေးကြတယ်၊ အချို့ဆားစရာ အသီးအနှံ ဟင်းသီးဟင်းရွက်တွေတောင် လက်ဆောင် ပေးကြပါတယ်။ ကျွန်တော်တို့ အလွန်ပဲ အံ့ဩဝမ်းသာမိရပါတယ်။ အခြားနိုင်ငံကို သွားကြတဲ့ အရိုးကောက်အဖွဲ့တွေကို ဒေသခံတွေက မလိုလားကြဘူး၊ မကြည်ဖြူကြဘူး၊

ရုန်းလိုကြတဲ့အထိ ဖြစ်ရပါတယ်။ ဒီမြန်မာမှာလည်း ကျွန်တော်တို့က ဆင်းရဲသူများ ဖြစ်မလားလို့ဆိုပြီး အစကတော့ စိုးရိမ်နေမိကြပါတယ်။ ဒီလိုစိတ်ထားဖြူစင်ပြီး ကူညီလိုစိတ်အပြည့်ရှိတဲ့ သည်းခံစိတ်၊ သနားကြင်နာ ဖေးမတတ်တဲ့ မြန်မာတွေရဲ့ စိတ်ဓာတ်တွေကို ကျွန်တော်တို့အံ့သြလေးစားမိခဲ့ရပါတယ်"။

သို့သော် ယခုအချိန်မှာတော့ ကျွန်တော်တို့ကို စာပေပညာသင်ကြားပေးခဲ့သော ဂျပန်များ၊ ကျွန်တော်တို့မြန်မာနိုင်ငံသားတွေက စစ်ရှုံး၍ စစ်သုံ့ပန်းဖြစ်လုနီးနီးမှာ ကူညီစောင့်ရှောက်ပေးခဲ့တဲ့ ဂျပန်များ၊ စစ်ကြီးပြီး၍ သူတို့ဒုက္ခရောက်ရှိန်မှာ ကျွန်တော်တို့ ဆန်ပေးပို့ ကူညီခဲ့တာကို သိတဲ့ ဂျပန်များ၊ စစ်လျော်ကြေးကို လျှော့လျှော့ပေါ့ပေါ့ရယူခဲ့မှုကို သိတဲ့ ဂျပန်များ၊ မြန်မာနိုင်ငံတစ်လွှားမှာ ကျယ်လွန်သေဆုံးခဲ့ကြရတဲ့ ဂျပန်စစ်သည်တွေရဲ့ အရိုးတွေကို ကြည်ကြည်ဖြူဖြူ ကူညီကောက်ယူခွင့် ပေးခဲ့တာကို သိခဲ့တဲ့ ဂျပန်များ ယခုအချိန်အခါ၌ လက်ချိုးရေ၍ရလောက်အောင်ပဲ ကျန်တော့သည်ဟု ထင်မိပါသည်။

ဒါက ကျွန်တော်တို့နိုင်ငံနှင့် သူတို့နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေး သမိုင်းကြောင်း ပုံရိပ်ကြမ်းကြမ်းကြီးပါ။

❖ ❖ ❖ ❖ ❖

ကျွန်တော်တို့ ဂျပန်ကို ရောက်ခဲ့သည့် ၂၀၀၅ ခုနှစ်၌ ကျွန်တော်တို့နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုသိသော နိုင်ငံရေးလောကနှင့် စီးပွားရေးလောကမှ ပုဂ္ဂိုလ်ကြီးအချို့ ကျန်ရှိနေသေးသည်ကို တွေ့ရပါသည်။ ထိုသို့သော မြန်မာနိုင်ငံအား အထူးသံယောဇဉ်ရှိနေဆဲ အသက် (၈၀)ကျော် ပုဂ္ဂိုလ်ကြီးများ အကူအညီနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ခိုင်မြဲရေးအတွက် သံတမန်တစ်ဦးအနေနှင့် အစွမ်းကုန်ကြိုးပမ်းခဲ့ရပါသည်။

ကျွန်တော့်အနေနှင့် ၁၇-၅-၂၀၀၆ ရက်နေ့ နေ့လယ်ပိုင်း၌ ဂျပန်နိုင်ငံ အာဏာရ ပါတီမှ ဝန်ကြီးအဖွဲ့ အစည်းအဝေးအတွင်းရေးမှူးချုပ် Mr.Shinzo Abe အား တိုကျိုမြို့ Hotel Okura တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံနိုင်ခဲ့ပါသည်။ Mr.Shinzo Abe သည် စက်တင်ဘာလတွင် ကိုအိဇုမိ နုတ်ထွက်ပြီးနောက် LDP ဥက္ကဋ္ဌ ရွေးချယ်ပွဲပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်သူဖြစ်ပြီး၊ လူထုစစ်တမ်းများအရ ပြိုင်ဘက်များအတွင်း ထိပ်ဆုံးမှ တစ်ပြေးနေသူတစ်ဦး



ဖြစ်ပါသည်။ Mr.Shinzo Abe နှင့်အတူ ၎င်း၏ ညီဖြစ်သူ အောက်လွှတ်တော်အမတ် Kishi Nobuo ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီး Shiozaki Yasuhisa နှင့် အောက်လွှတ်တော်အမတ် Nishi-mura Yasutoshi စုစုပေါင်း(၄)ဦး တက်ရောက်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်စေရန်နှင့် ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

ဒီပွဲမတိုင်မီက ကျွန်တော်တို့အနေနှင့် သူ့ဇနီးဖြစ်သူ Madame Akie Abe မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်လျှောက်ထားခဲ့ပါသည်။ သို့သော် ထိုဧည့်ခံပွဲ၌ သူ့ဇနီး မြန်မာနိုင်ငံသို့ သွားမည့်အကြောင်း တစ်ခွန်းတစ်စမှ မပြောရှာခဲ့ပါ။ Chief Cabinet Secretary ဆိုသည်မှာ ဂျပန်အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်ပြီးလျှင် အာဏာအရှိဆုံးပါ။ သူသည် နယူးလန်းဆန်း တက်ကြွသော်လည်းအပြည့်ပါရှိသည့် အမြော်အမြင်ရှိသူပိုင်ရှင်ပါ။ အမြော်အမြင်ရှိလူရွှင် စကားတွေပြောကြားရာတွင် ကြည်နူးဖွယ်သာ ဖြစ်ခဲ့ရတာအမှန်ပါ။

Mr.Shinzo Abe ၏ အဘိုးသည် စစ်ကြိုခေတ်၌ ဝန်ကြီးချုပ် နိုဘူဆူကေကိရှိ ဖြစ်ပါသည်။ အဖေဖြစ်သူမှာ နိုင်ငံခြားရေး ဝန်ကြီး ရှင်တာရောအာဘေး ဖြစ်ပါသည်။ သူ့အဖေ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံ ခရီးစဉ်၌ Mr.Shinzo Abe သည် ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က လမ်းစဉ်ပါတီခေတ် ဝန်ကြီးအချို့မှာ ဂျပန်စာတတ်သလို ဂျပန်စကားပြောလည်း ကျွမ်းကြပါသည်။ ဧည့်ခံပွဲ၌ ဂျပန်လိုစကားတွေ ကောင်းစွာ ပြောကြသည့်အပြင် ဂျပန်သီချင်းတွေကို အတူအနေ ဆိုပြလိုက်သောအခါ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရောအာဘေးသည် ကျွန်တော်တို့မြန်မာတွေအပေါ် အလွန်ပင် အသိမှတ်ပြုသွားပုံရပါသည်။ ထိုစဉ်က သူ့အဖေအနား၌ ရှိနေသော Mr.Shinzo Abe အားလည်း မြန်မာတို့၏ စိတ်ရင်းများက ကူးသွားစေခဲ့သည်မှာ မကျန်မလွဲပါ။

သူတို့ GMI NGO တည်ထောင်ရန် စိတ်ကူးကြစဉ်က Mr.Shinzo Abe က သူ့ဇနီး Madame Akie Abe အား မြန်မာနိုင်ငံကို အရင်သွားကြည့်ပါလားဟု အကြံပြုခဲ့သည်ကို ကြားသိရခြင်းက သက်သေခံပါသည်။

❖ ❖ ❖ ❖ ❖

Madame Akie Abe ၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်က ပုဂ္ဂိုလ်ရေးဆန်ပါသည်။ ရန်ကုန်ရှိ သူတို့ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော်

အနေနှင့် ပိုမိုလွတ်လပ်မှုရှိစေရန် MOFA သို့လည်း အကြောင်းမကြားခဲ့တော့ပါ။ ခရီးစဉ်ချောချောမောမောဖြစ်ရန်သာ ဆုတောင်းရပါသည်။

ပြန်လာမှပဲ အတူလိုက်ပါသွားသော GMI မှ ကိုစိန်ဇော်သန်း၏ ခရီးစဉ်အကြောင်း ပြောပြမှပဲ ရင်အေးရပါသည်။

"အမ်မကြီးက လွတ်လွတ်လပ်လပ် သွားချင်တာပါ၊ Formal ဆိုရင် ကြိုတင်မှန်းမြင်ပြင်ဆင်ထားကြလို့ အမှန်တကယ်ကို မသိနိုင်မှာလေ၊ အခုတော့ သူသွားချင်တဲ့နေရာ သူသွားတယ်၊ သူစားချင်တဲ့နေရာမှာ စားတယ်၊ သူကြည့်ချင်တာကို သွားကြည့်တယ်၊ သူတည်းခိုချင်တဲ့နေရာကို သွားတည်းတယ်၊ ဂျင်းဘောင်းဘီဝတ်ပြီး ကမ္ဘာလှည့်ခရီးသည်တစ်ဦးလို လွတ်လွတ်လပ်လပ်ကြီးကို သွားဖြစ်တာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရှုခင်းနဲ့စိတ်ရင်းကို ပကတိအတွင်းတွေ့မြင်ခွင့်၊ သိရှိခွင့်၊ နားလည်ခွင့်ရအောင်လုပ်ပေးခဲ့တယ်ပါ"

မှန်ပါသည်။ ကျွန်တော်တို့က လမ်းကြောင်းအတိုင်းပို့ပေးပြီး ပကတိအတိုင်း ပြသပေးမယ်လည်း၊ သူတို့က ယုံချင်မှယုံမှာကိုး။ ကျွန်တော်တို့ကလည်း သတင်းကြားတာနဲ့ မလိုလေးလိုလေး ကြိုတင်ပြင်ဆင်မှုအလွန်လုပ်တတ်တဲ့ လူမျိုးကိုး။ ဒီတော့ စိတ်ကြိုက်လွတ်လွတ်လပ်လပ်ထိတွေ့ခံစားသိမြင်စေပြီးမှ သူတို့ရဲ့ထင်မြင်သုံးသပ်ချက်ပေးမှုက ပိုပြီးလက်တွေ့ကျပါတယ်။ သဘာဝကျပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ကိုယ်ပိုင် အမျိုးသားရေးလွှမ်းပြင်စရိုက်လက္ခဏာဖြစ်သော ဖော်ရွေမှု၊ စေတနာရှိမှု၊ စိတ်ကောင်းရှိမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ပွင့်လင်းရိုးသားမှု၊ စိတ်ရှည်သည်းခံမှု၊ ကူညီရန်စိတ်ဆန္ဒပြင်းပြမှုတို့အား Madame Akie Abe သည် အလွန်တရာပင် သဘောကျအလေးထားခဲ့ပုံရပါသည်။ ထိုမြန်မာနိုင်ငံခရီးစဉ်မှ စတင်အကြောင်းပြု၍ Madame Akie Abe သည် အကြိမ်ကြိမ်များစွာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ သူမ၏ GMI NGO အဖွဲ့အစည်းသည် မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဆောက်အဦများ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၎င်းအပြင် သူမ မဟာဘွဲ့တက်ရောက်ရာ၌ ဘွဲ့အတွက် Thesis တင်ရာ၌ မြန်မာ့ဘုန်းတော်ကြီးသင်ပညာရေးစနစ်အကြောင်းကို ရေးသားပြုစုတင်သွင်းခဲ့သည်ဟု ကြားသိရဖူးပါသည်။

ပထမအကြိမ် ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် Mr.Shinzo Abe သည် ၂၆-၉-၂၀၀၆ မှ ၁၆-၉-၂၀၀၇ အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဝန်ကြီးချုပ်မှ အနားယူသော်လည်း လွှတ်တော်အမတ်ထိုင်ခုံ၌ သွားထိုင်ပြီး နိုင်ငံရေးသမားတစ်ယောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအတူ Madame Akie Abe သည်လည်း ကျွန်တော်တို့မြန်မာနိုင်ငံသံရုံး၌ ပြုလုပ်ကျင်းပသည့် အမျိုးသမီးပွဲများကိုလည်း အဆောက် သရော တက်ရောက်ချီးမြှင့်လေ့ရှိပါသည်။ ALFS အမျိုးသမီးအဖွဲ့အစည်းက ကျင်းပသည့် နိုင်ငံစုံအလှပြပွဲမျိုးပါ။ ၎င်းအပြင် ကျောင်းဆရာကြီး မစ္စတာ မတ်စုအီး၏ ဆိုကာဇာတ်ပြဲ၌ ပြုလုပ်ကျင်းပသည့် မြန်မာနှင့်ဆိုင်ရာပွဲတော်များ၊ မြန်မာနိုင်ငံသို့ မီးသတ်ကားများလှူဒါန်းပွဲများသို့လည်း မြန်မာနိုင်ငံအား ချစ်သည့်စိတ်နှင့် တက်ရောက်ပေးခဲ့သည်ကိုလည်းတွေ့ရပါသည်။ ဒေသခံဂျပန်တွေ ကျွန်တော်တို့တစ်တွေနှင့် စန်းသိုထမင်းဘူးမျိုးကို အတူတကွ စင်ခင်ရင်းနှီးစွာ စားသောက်တတ်သူတစ်ဦးပါ။ ကိန်းကြီး ခန့်ကြီး ဟန်ကြီး ပန်ကြီး လုပ်တာမျိုးမတွေ့ပါ။

ကျွန်တော်တို့နိုင်ငံ၌ နာဂစ်မုန်တိုင်းက ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နှင့် ၃ ရက်၌ သမိုင်း၌ မကြုံစဖူး သဘာဝဘေးအန္တရာယ်ဆိုးကြီးအဖြစ် ကျရောက်ခဲ့ရပါသည်။ လူပေါင်း (၇၇,၇၃၈)ဦး သေဆုံးကာ လူပေါင်း(၅၅,၉၁၇)ဦးပျောက်ဆုံးပြီး၊ လူပေါင်း(၁၉,၃၅၉)ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ထိုသဘာဝဘေးအန္တရာယ် နာဂစ်မုန်တိုင်းသင့်ဒေသ ကယ်ဆယ်ရေးကို အကြောင်းပြု၍ နိုင်ငံပေါင်းစုံမှ အကြောင်းအမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုးနှင့် ကူညီမည်ဟု တောင်းဆိုလာသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်တော်တို့က ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ နိုင်ငံခြားရေးဝန်ကြီးမှ ဒုဝန်ကြီးတို့အား မြန်မာနိုင်ငံသို့ သွားရောက်နိုင်ရန် ဗီဇာများ ထုတ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးပါသည်။

ဒီကြားထဲ မြန်မာနိုင်ငံကို သံယောဇဉ် ကြီးလှသော Madame Akie Abe သည် နာဂစ်ဖြစ်ပွားရာ ဒေသများသို့ သွားရောက်လှူဒါန်းလိုကြောင်း ပြောဆိုလာပါသည်။ ဒီအချိန်၌ သူမက အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဇနီးမဟုတ်တော့ပါ။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း၏ ဇနီးဖြစ်နေပါပြီ။ သို့သော် Mr.Shinzo Abe ဝန်ကြီးချုပ်အဖြစ်မှ နားသည်မှာ ရှစ်လခန့်ပဲရှိပါသေးသည်။ ထုံးစံအတိုင်း သူမက Personal သွားမည်ဖြစ်ပြီး ရန်ကုန်ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော်တို့က MOFA ကိုလည်း အကြောင်းမကြားတော့ပါ။ သူမ၏ စိတ်ရင်းစေတနာကို သိထားယုံကြည်ထားပြီး ဖြစ်ပါသည်။ သူမက ပုဂ္ဂိုလ်ရေးအမွှမ်းတင်လိုသူ၊ မည်သည်ကိုမျှ အကျိုးအမြတ်ထုတ်လိုသူ တစ်ဦး မဟုတ်ပါ။ ဒါကြောင့်လည်း မြန်မာ

နိုင်ငံသို့ သွားသည့်အခေါက်တိုင်း Low Profile နှင့်သွားခြင်းပါ။

ပြန်လာမှပဲ သူမရဲ့ ခရီးစဉ်အကြောင်းကို လိုက်ပါသွားသူများမှ တစ်ဆင့် မေးခဲ့ရပါသည်။ ထိုစဉ်က မုန်တိုင်းသင့်ထားတာ မှုန်မှုန်းမှုန်းနှင့် ထိုဒေသသို့ရောက်ရန် ခရီးလမ်းက ကြမ်းတမ်းလှပါသည်။ ကားတစ်တန်၊ ပွဲတော်စက်လှေတစ်တန်၊ ခြေလျင်တစ်တန် ခရီးကြမ်းကို ဖွန့်ဖွန့်စားစားသွားခဲ့ရပါသည်။ သို့သော် သူမ၏မှတ်ချက်စကားများကို တစ်ဆင့်ပြန်လည်ကြားရသည့်အခါ ကျွန်တော်တို့၏ မြန်မာစိတ်ရင်းအတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူခဲ့ရတာအမှန်ပါ။

"ကျွန်မ ရောက်သွားတဲ့အိမ်က လယ်ကွက်ထဲမှာပါ။ အဲဒီအိမ်မှာ ပတ်ဝန်းကျင်ကအိမ်တွေ ပျက်စီးပြီး ဒုက္ခရောက်နေကြတဲ့သူတွေ ရှိပြီးနေကြတာပါ။ ကျပ်ကျပ်တည်းတည်း မလုံမလဲနှင့်ပါ။ ဒါပေမယ့် ကျွန်မတို့အဖွဲ့ကို သူတို့မှာရှိတဲ့ ဆန်လေးတွေနဲ့ ထမင်းတွေချက်ကျွေးကြတယ်။ ငါးဟင်းတွေလည်းပါတယ်။ မြေထွက်ဟင်းသီးဟင်းရွက်တွေနဲ့ပါ။ ကျွန်မတို့အပြန်မှာ ပုစွန်ခြောက်လိုက်ကာမျိုးတွေ လက်ဆောင်အဖြစ်နဲ့ပေးသေးတယ်။ ကူညီဖို့သွားတဲ့သူတွေကို ဒုက္ခရောက်နေတဲ့သူတွေက ရှိတာလေးနဲ့ ထမင်းဟင်းချက်ကျွေးဧည့်ခံပြီး အပြန်မှာ လက်ဆောင်တောင်ပေးသေးတယ်ဆိုတာ ရှင်တို့မြန်မာနိုင်ငံပဲ ကမ္ဘာပေါ်မှာရှိတယ်ထင်ပါတယ်" တဲ့။

❖ ❖ ❖ ❖ ❖

ကျွန်တော်တို့အနေနှင့် Madame Akie Abe အား သူမ၏ GMI NGO ၏ လှူဒါန်းပွဲနှင့် ဧည့်ခံပွဲများ၌ ဆုံဖြစ်တာများပါသည်။ Mr.Shinzo Abe သည် တစ်ကြောပြန် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း၌ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပါသည်။ ထိုကာလများ၌ မြန်မာနိုင်ငံသို့ ဝန်ကြီးချုပ်၏ ဇနီးအနေနှင့် Madame Akie Abe လာရောက်ခဲ့ပါသော်လည်း အချို့ကိစ္စရပ်များမှအပ အတတ်နိုင်ဆုံး Low Profile ပဲ နေပါသည်။

ကျွန်တော့်အနေနှင့် ကတော့ Mr.Shinzo Abe နှင့် ၁၇–၅–၂၀၀၆ ရက်နေ့၌ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အနေနှင့် ပထမဆုံးတွေ့ဆုံခဲ့ရသည်မှအပ ဂျပန်နိုင်ငံ၌ ထပ်မတွေ့ရတော့ပါ။ ၂၀၁၀ ပြည့်နှစ် ကုန်ခါနီး၌လည်း ကျွန်တော် မြန်မာနိုင်ငံသို့ အငြိမ်းစားယူရန် ပြန်ရောက်ခဲ့ရပါသည်။

သို့သော် ရန်ကုန်၌မူ မှတ်မှတ်ရရ တစ်ကြိမ်တွေ့ဆုံဖြစ်ပါသည်။ သမ္မတကြီး ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါသည်။

ထိုစဉ်က ဝန်ကြီးချုပ် Mr.Shinzo Abe အား ရန်ကုန်လေဆိပ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ရသည့်အဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်တော်ပါခဲ့ပါသည်။ ကျွန်တော့်အား တွေ့ရသည်နှင့် အံ့ဩဝမ်းသာပြုံးရွှင်စွာဖြင့် နှုတ်ဆက်ပါသည်။

"တိုက်ရှိ(ဂျပန်လိုသံအမတ်ကြီး)၊ တိုက်ရှိပါလား"

ယခုထက်တိုင်ကြားယောင်နေဆဲပါ။

❖ ❖ ❖ ❖ ❖

ဝန်ကြီးချုပ် Mr.Shinzo Abe လက်ထက်၌ ကျွန်တော်တို့နိုင်ငံ၏ ဘီလီယံနှင့်ချီသော ကြွေးမြီတင်ရှိနေမှုများကို လျှော်ပေးမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အပံ့များ၊ Soft Loan များ စသည်တို့ မြောက်မြားစွာ ရရှိခဲ့ပါသည်။ အသေးစိတ် ဖော်ပြရေးသားရန် လတ်တလော အချိန်မပေးနိုင်သေးသည့် ကျွန်တော့်အား နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

အဓိကမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သမိုင်းကြောင်းရှည်လျားသော ချစ်ကြည်ရင်းနှီးမှုနှင့် နက်ရှိုင်းစွာရှိသည့် ဆက်ဆံရေးကို အတွင်းကျကျသိရှိကြသော ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှားကျန်ရှိသည့် အရေအတွက်က နည်းပါးလှပါသည်။ ထိုသို့သော နှစ်နိုင်ငံအကြား ဆက်ဆံရေးကို မျိုးဆက်အဆင့်ဆင့်အကြား လက်ကမ်းသယ်ဆောင်ပေးမည့် ပုဂ္ဂိုလ်ကြီးမျိုးများလည်း အလွန်လိုအပ်လှပါသည်။

ထိုသို့သော ပုဂ္ဂိုလ်များအနက် Mr.Shinzo Abe သည် အထင်ကရ ပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်ပါသည်။ အဘိုးဝန်ကြီးချုပ်ခေတ် မျိုးဆက်၊ အဖေနိုင်ငံခြားရေးဝန်ကြီးခေတ် မျိုးဆက်၊ သူတို့မျိုးဆက်များအကြား၌ ကျွန်တော်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ကွင်းဆက်များသဖွယ် ပေါင်းကူးတည်ဆောက်ခဲ့သူ တစ်ဦးဆိုလျှင်လည်း မမှားပါ။

ထို့ကြောင့် ထိုသို့သော ပုဂ္ဂိုလ်ကြီးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကွယ်လွန်သွားမှုအပေါ် ကျွန်တော်တို့အနေနှင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကြိုးပမ်းဆောင်ရွက်ခဲ့သော ဂျပန်–မြန်မာ ချစ်ကြည်ရေး အစဉ်ရှည်ခိုင်မြဲပါစေဟုလည်း ဆုမွန်ပြုရပါသည်။

ထို့အတူ သူတို့လေးစားတန်ဖိုးထား အသိအမှတ်ပြုခဲ့သည့် ကျွန်တော်တို့မြန်မာနိုင်ငံ၏ စစ်မှန်သော ကိုယ်ပိုင်အမျိုးသားသွင်ပြင် ယဉ်ကျေးမှုစရိုက်လက္ခဏာများအားလည်း ထာဝရထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟုလည်း ထပ်ဆင့်ဆုမွန်ပြုရပါသည်။

သံအမတ်ကြီး ဦးလှမြင့်(ငြိမ်း)

"ကိုမျိုးက ကျွန်မကို သိပ်ချစ်တာ"

မအေးမြက ပြောတတ်သည်။

"ကျွန်မအဖေက အမေ့ကို သိပ်ပြီး နှိပ်စက်တာပဲ၊ အရက်လဲသောက်၊ ဖဲလဲ ရိုက်၊ ဒီကြားထဲ အမေ့လုပ်စာစားနေပြီး အမေ့ကိုလဲ ရိုက်ချင် နှက်ချင်သေးတယ်၊ အဖေ့ကို ကျွန်မ နည်းနည်းမှမချစ်ဘူး၊ ကျွန်မကြီးလာရင် ယောက်ျားမယူဘူးလို့ ဆုံးဖြတ်ထားတာ၊ ယောက်ျားတွေရဲ့ မေတ္တာကို ကျွန်မ နည်းနည်းမှမယုံဘူး"



**နင့်ကိုမျိုးကရော ဆယ်နှစ်လုံးလုံး**
**နင့်ကို ငုတ်တုတ်ထိုင်ပြီး စောင့်နေတာပဲလား။**
**ဒီကြားထဲမှာ ဘယ်သူနဲ့မှ မချိတ်မိဘူးလား....**

ထိုအခါမျိုးတွင်တော့ ကျွန်မ ငြိုးမိပါသည်။ မယုံလျှင် ဘာ့ကြောင့်များ ယောကျ်ားယူထားသေးသတုံးဟုတွေးရင်း ငြိုးကြောင်းကို မအေးမြကလည်း သိပါသည်။

"ကိုမျိုးကိုလဲ ကျွန်မ မယုံချင်ပါဘူး အစ်မရယ်၊ ဒါပေမဲ့ ဘာလို့လဲ မသိဘူး ယုံသွားတယ်"

"ဘာကို ယုံတာလဲ ဟင်"

"သူက ကျွန်မကို တကယ်ချစ်တယ်၊ တကယ်ညှာတယ်၊ တစ်သက်လုံး မဖောက်မပြန် ကြင်ကြင်နာနာရှိလိမ့်မယ် ဆိုတာတွေကိုပေါ့ အစ်မရယ်"

မအေးမြက ရှက်ပြုံးလေးနှင့် ပြောသည်။ မအေးမြ၏ပင်ကိုအမူအရာသည် နိုးနိုးဖော်ဖော်နှင့် သွက်လက်ထက်မြက်သော်လည်း ထိုအခါမျိုးတွင်တော့ နည့်ပြီး ပျော့ပျောင်းသွားတတ်ပါသည်။

"သူ ကျွန်မကို ပကြိုက်တုန်းက ကျွန်မအသက် ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ၊ ကျွန်မက ခွေပေါက်ကာလီတွေများနေတော့ ကျွန်မအသက် နှစ်ဆယ့်ရှစ်နှစ်ကျမှ လက်ထပ်ဖြစ်တာ၊ ဒီခေတ်ကြီးထဲမှာ အစ်မရယ် ဘယ်ယောကျ်ားက ဒီလောက်ကြာအောင် စွဲကောင်းမှာလဲ"

"ဟုတ်ပါရဲ့၊ ချက်ခြင်း ချကြိုက် ခုလွဲတဲ့ ခေတ်မှာ ဆယ်နှစ်တောင် စွဲကောင်းကောင်းနဲ့ စောင့်တယ်ဆိုတာ တော်ရုံမေတ္တာမှ မဟုတ်တာ"

"ဒါကြောင့်မို့လို့လဲ ကျွန်မ ယုံမိတာပေါ့ အစ်မရယ်..."

ကျွန်မသည် မအေးမြကိုကြည့်ရင်း အတွင်းစိတ်မှ ကျိတ်ပြီးအားကျနေမိပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် အနည်းငယ်လည်း မနာလိုဖြစ်မိပါသည်။ ကျွန်မ၏ ချစ်သူသည် မအေးမြယောကျ်ားကို အောင်မြို့၏ သုံးပုံတစ်ပုံသာ စွဲကောင်းခဲ့လျှင် မည်မျှကောင်းလေမည်နည်းဟု ဝမ်းနည်းစိတ်နှင့်တွေးမိသည်။ ထိုသို့သာဆိုလျှင် ကျွန်မလည်း အခုလို တစ်ကိုယ်တည်း အထိုးကြီး ဖြစ်နေရလိမ့်မည် မဟုတ်ပါချေ။

"ငါ့လူကတော့ပေါ့ဟယ်– နင့်လို ဆယ်နှစ်မဟုတ်ပါဘူး၊ မိဘကို လုပ်ကျွေးချင်လို့ သုံးနှစ်လောက်စောင့်ပါဆိုတာ"

"မစောင့်ဘူးလားဟင်"

"မစောင့်လို့ ငါ့မှာ ဒီလိုဖြစ်နေတာပေါ့ဟ၊ တစ်နှစ်လောက်ပဲ စောင့်ရသေးတယ်၊ သူတို့ရွာက ကောင်မလေးတစ်ယောက်နဲ့ ဖျိတ်မိသွားပြီး ဖြန်းစားကြီး လက်ထပ်သွားတာပဲ"

"ဟာတော့..."

မအေးမြက ကျွန်မကို သနားသလို ကြည့်နေပါသည်။ မရှက်တမ်းဝန်ခံရလျှင် ကျွန်မကလည်း ကျွန်မကိုယ်ကျွန်မ သနားပါသည်။ ငါ့နယ် အေးအေးဆေးဆေးထိုင်ပြီး ရှုပေါင်စိ၊ ငွေတိုးစားနေတာ အလကားနေရင်း မိဘကျေးဇူးကို တုံ့ပြန်မလေး၊ ဘာလေးနဲ့ အချိန်ဆွဲမိတာယ်ဟု ကိုယ့်ကိုယ်
လ ည း
အပြစ်တင်မဆုံးအောင်ဖြစ်ခဲ့ရသည်။ သူ လက်ထပ်သွားစဉ်က စိန်နှင့် သိပရာပဲ ဘောက်ချင်သလိုလို၊ စစ်ကိုင်းချောင် ပြေးပြီး မယ်သီလရှင်ပဲ ဝတ်ချင်သလိုလိုနှင့် လူးပြီး လိမ့်နေအောင် ခံစားခဲ့ရပါသည်။ အခုတော့လည်း ဘာမျှမလုပ်ဖြစ်ခဲ့သည်ကိုပင် ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်နေရပါသေးသည်။ အချိန်ဟူသော ဆေးဆရာကြီးက ကျွန်မ၏ရင်ထဲမှအနာကို ကောင်းမွန်စွာကျက်ပြီး အနာဖေးတက်အောင် ကုစားပေးခဲ့ပြီး ဖြစ်ပါသည်။

"နင့်ကိုမျိုးကရော ဆယ်နှစ်လုံးလုံး နင့်ကို ငုတ်တုတ်ထိုင်ပြီး စောင့်နေတာပဲလား၊ ဒီကြားထဲမှာ ဘယ်သူနဲ့မှ မချိတ်မိဘူးလား"

"ဒါကတော့ အစ်မရယ်၊ ဟိုကောင်မလေး၊ ဒီကောင်မလေးနဲ့တော့ နည်းနည်းပါးပါး ရိုးတိုးရိပ်တိပ်ကလေးတွေတော့ ရှိတာပေါ့၊ ဒါပေမဲ့ သူချစ်တာက ကျွန်မ တစ်ယောက်တည်းကိုပါ"

"ကြည့်....."

"ဟုတ်တယ်၊ ကျွန်မကိုသာ မရရင် သူ့ဘဝပျက်စီးမှာ"

"ဘယ်သူက ပြောသလဲဟင်"

"ကိုမျိုးက ပြောတာပေါ့"

"ကြည့်....."

"သူ့အချစ်၊ သူ့မေတ္တာတွေက တစ်နေ့တခြား တိုးသထက်သာ တိုးလာမယ်၊ ဘယ်တော့မှ လျော့မသွားဘူး၊ ပျက်ပြယ် မသွားဘူးတဲ့ သိလား အစ်မရဲ့..."

"ဘယ်သူ့ မေတ္တာတွေလဲဟင်..."

"ကိုမျိုးရဲ့ မေတ္တာတွေလေ"

"ကြည့်...ကိုမျိုးက ပြောတာလား"

"အင်းပေါ့....အစ်မကလဲ"

မအေးမြက ကျွန်မကို 'အ'ရုံနောက်ဟူသောအကြည့်နှင့် ကြည့်ပါသည်။ သူတွေးသော လက်ဖက်သုပ်ကလေးက စား၍ ကောင်းနေသောကြောင့် ကျွန်မလည်း ငြိမ်နေလိုက်ပါသည်။ ဒီလို အပြောမျိုးလေးတွေကို ကျွန်မ၏ချစ်သူလည်း ပြောခဲ့ဖူးကြောင်းကို ဖြင့်ပြီးပြောပြမနေချင်တော့ပါ။

"ကိုမျိုးက သိပ်ပြီး လက်ရေးလှတာ"

"ဟုတ်လား"

"ကျွန်မတို့ ဆယ်တန်းဖြေတော့လေ၊ ကျွန်မအတွက် မှတ်စုတွေကို ဖိုင်ချိပြီး ကူးပေးတာ စာရေးစက္ကူအပြာရောင်နဲ့လေ၊ ရှင်းပြီး သန့်နေတာပဲ၊ အစ်မ ကြက်သွန်နကြော်လေး ထပ်ထည့်ဦးမယ်လေ"

"လက်ဖက်သုပ်ပါ ထည့်ပါအေ။ နင့်လက်ဖက်က ဆီစိမ်ပြီး နပ်ထားလို့ထင်ပါရဲ့၊ အိပြီးနပ်နေတာပဲ၊ စားလို့ကောင်းလိုက်တာ"

"ကိုမျိုးကြိုက်တတ်လို့လေ အစ်မရဲ့၊ ကြက်သွန်ဖြူ ရေတီသီးစိမ်းလေးတွေကို ပါးပါးလှီးပြီး ထည့်နယ်ထားတာ"

"ဟုတ်ပါရဲ့၊ မွှေးနေတာပဲ"

မအေးမြက လက်ဖက်သုပ်ခွက်ကို အကြော်ပါ ထပ်ပြီးထည့်ပါသည်။ စားကောင်းတိုင်းစားရလျှင် ညနေစာပါ လွတ်တော့မည်။

"ထမင်းကြမ်းလေးများ မရှိဘူးလားဟယ်၊ လက်ဖက်သုပ်နဲ့ ထမင်းကြမ်းဆိုတာ အင်မတန်လိုက်တာ"

"ရှိမယ်၊ အစ်မ ရှိမယ်"

မအေးမြက ကြောင်အိမ်ထဲမှ ထမင်းကြမ်းယူလာပေးသည်။

"ဒီလိုဆို ညနေစာထမင်း စောစောချက်မှ ကိုမျိုးကလဲ အစ်မလိုပဲ ထမင်းကြမ်း အင်မတန်ကြိုက်တယ်။ ထမင်းပူနေရင် မစားချင်ဘူးတဲ့။ သူ့အတွက် ထမင်းကြမ်း ကျွန်ချင်ကျွန် မကျွန်ရင် စောစောချက်ပေးရတယ်။ ဒါမှ သူစားရင် မအေးတောင်မှ နွေးရုံပဲရှိတယ်"

မအေးမြက နာရီကို လှမ်းကြည့်သည်။ မွန်းလွဲ နှစ်နာရီပင်ရှိသေးသော်လည်း ချက်ချင်းပင် ထပြီး ဆန်ဆေးသည်။ မီးသွေးမီးဖိုကို မီးမွှေးသည်။

"ထမင်းကိုသာ ပူရင်မကြိုက်တာ၊ ဟင်းကျတော့ပူမှ အစ်မရေ၊ အေးရင် မကြိုက်ပြန်ဘူး"

"ကိုမျိုးကလား"

"အင်းပေါ့၊ မီးသွေးမီးဖိုဆိုတာ ချက်ချင်း မွှေးလို့ရတာမဟုတ်ဘူး။ လျှပ်စစ်မီးဖိုလဲ မရှိတော့ သိပ်ခက်တာပဲ၊ တစ်ခါတလေဘာမှ တည်စရာမရှိတော့တဲ့ ဟင်းနွှေးရင် လွယ်အောင်လို့ မီးသွေးမီးခိုးကို မီးမငြိမ်းသေးဘဲ တရွေ့ရွေ့ မှုန်ပြီးထားရတယ်။ မီးသွေးသိပ်ကုန်တာ၊ မီးသွေးဈေးကလဲ အစ်မ သိတဲ့အတိုင်း"

"အောင်မယ်လေး မီးသွေးဖိုးကို မေတ္တာတန်ဖိုးနဲ့ မှေးပစ်လိုက်စမ်း"

ကျွန်မက ပြောတော့ မအေးမြက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"မေတ္တာက မေတ္တာ၊ မီးသွေးက မီးသွေး တခြားစီပဲ အစ်မရဲ့၊ မေ့လို့ မရဘူး"

မအေးမြရယ်လျှင် သွားတက်ကလေးပေါ်လာပြီး အပေါ်လေး ချစ်စရာကောင်းပါသည်။ အိမ်ထောင်သက် သုံးနှစ်ကျော်ပြီ ဖြစ်သော်လည်း ကလေးမရသေးသဖြင့် ကိုယ်ခန္ဓာအလှလည်း မလျော့ပါးသေးဘဲ ကျစ်ကျစ်လျစ်လျစ်နှင့် လှပနေဆဲပင် ဖြစ်ပါသည်။

"နင်တို့ ကလေးမယူသေးဘူးလား"

လက်ဖက်ကလည်း စားကောင်းကောင်းနှင့်မို့ ကျွန်မက အေးအေးဆေးဆေးရင်း စပ်စုမိပါသည်။

ညနေစာထမင်းကိုတော့ အေးအေးဆေးဆေးမှ ပြန်ချက်တော့မည်၊ အစေက လည်း စောစောမသွားတတ် ကျွန်မက လည်း မအေးမြ ကောင်းမှုနှင့် ဆာသင့် သာ တော့မည် မဟုတ်။ ဗိုက်ဆောင် ရွှေပေါင်သူများ လာလျှင်လည်း ကြည့်လှပ်လိမ့်မည်။ လိုလျှင် လှမ်းခေါ်လိမ့်မည်။

"မယူသေးတာမဟုတ်ဘူး အစ်မရဲ့ မရသေးတာ"

"ကလေးမရသေးရင် မကောင်းဘူး မအေးမြရဲ့၊ မြန်မြန်ရအောင်လုပ်"



**မရယ်ပါနဲ့ အစ်မရဲ့ တကယ်ပြောတာပါ၊ သူ့အရင်သေရင်လဲ ကျွန်မ လိုက်သေမှာပဲ၊ ကျွန်မအရင်သေရင်လဲ သူလိုက်သေမှာပဲ....**

"ဘာဖြစ်လို့လဲ"

"ဟာ...ဒါက အိမ်ထောင်ကျပြီးအောင် လုပ်တဲ့ ကြိုးလေးပဲဟာ၊ တော်ရုံတန်ရုံ စကားများတာလေးမယ့် ကလေးမရှိတဲ့ လင်မယားတွေဆို ကွဲကုန်ရော၊ ထောက်ထားစရာ သားသမီးမရှိကြဘူးမဟုတ်လား"

ဖိုရိုလောက်ဆိုင်ထားသော ထင်းရှူးစလေးများပေါ်သို့ မီးခြစ်ဆံကို ချလိုက်သည်။ ဟုန်းခနဲ တက်လာသော မီးတောက်ကလေးများကို တွေ့ရသည်။ မအေးမြက မီးသွေးခဲ ခပ်တန့်တန့်ကလေးများကို အပေါ်မှ အသာတင်လိုက်သည်။

"ကျွန်မတို့လင်မယားကတော့ ရှင်ကွဲ ကွဲစရာ အကြောင်းမရှိပါဘူး အစ်မရယ်"

မအေးမြက မီးတောက်ဝါဝါလေးကို ကြည့်ရင်း မိုင်မာစွာပြောသည်။

"ဟွန်း-လွဲပါစေ၊ ပယ်ပါစေ၊ သေကွဲကွဲရင်တောင်မှ အောက်မျှင်းငုက်တွေလို လိုက်သေပစ်မှာ"

"အံမယ်...အဟုတ်လား"

"မရယ်ပါနဲ့ အစ်မရဲ့ တကယ်ပြောတာပါ၊ သူ့အရင် သေရင်လဲ ကျွန်မ လိုက်သေမှာပဲ၊ ကျွန်မအရင် သေရင်လဲ သူလိုက်သေမှာပဲ"

"အောင်မယ်လေး-ရိုမီယိုနဲ့ ဂျူလီယက်သေလို့ ဝင်စားကြတာလားဟဲ့"

ဒီတစ်ခါတော့ လက်ဖက်မျက်နှာကိုပင် မထောက်နိုင်၊ ကျွန်မ ရယ်မိပါတော့သည်။ ကျွန်မ ရယ်တော့ မအေးမြ၏ မျက်နှာကလေး ရှုံ့တက်လာပါသည်။

"တကယ်ပြောတာပါ အစ်မရဲ့၊ ဟင်း...မယုံရင် စောင့်ကြည့်ပါလား"

"မကြည့်ပါရစေနဲ့ မအေးမြရယ်၊ နင်တို့လဲ ဘယ်သူမှမသေကြပါနဲ့ဦး"

မအေးမြက မချင့်မြစ်လာဟန်နှင့် ရေနွေးကြမ်းအိုးကို ဆောင့်၍ချလိုက်ပါသည်။ ထို့နောက် မသိမသာလေး မျက်စောင်းခဲကာ နှုတ်ခမ်းစူ၍ ပြောသည်။

"ဟင်း...ကျွန်မက တကယ်ကို တွေးလောက် သေပြလိုက်ချင်သေး"

◆ ◆ ◆ ◆ ◆

သေမယ်သေတော့လည်း မအေးမြသည် ဦးနောက်သွေးကြောပြတ်ကာ ကြွန်းတော့ကြီး သေသွားပါသည်။ သေမြင်းတရားသည် တောလောက်နှင့် မကျွန့်တတ်ကြောင်း၊ ထာဝရတရားကိုသာ လက်ကိုင်ထားကြောင်း မအေးမြ တွေးချိန်ပင် ရလိုက်ရဲ့လား မသိရပါ။

အိမ်ချင်းကပ်လျက်ဆိုတော့လည်း မအေးမြဆီ ကျွန်မ ချက်ချင်းရောက်သွားပါသည်။ ပူပူနွေးနွေး ပျော့ပျော့ပျောင်းပျောင်းပင် ရှိသေးသော သူ့ကိုကြည့်ရသည်မှာ သေပြီဟု ယုံနိုင်စရာပင်မရှိပါ။

"ကြည့်ကြပါဦးဗျာ၊ အိပ်နေတာများလား၊ မှေးနေတာများလား"

ကိုအောင်မျိုးက မအေးမြကို ဖွဲ့ဖက်ထားရင်း မရိုတင်ကဲ ပြောနေသည်။ ကျွန်မလည်း သူ့နှင့်အတူ မျက်ရည်ကြိုင်ကြိုင်ကျရင်း "ကျွန်မ အရင်သေရင် သူပါလိုက်ပြီးသေမှာ"ဟု ပြောခဲ့သော မအေးမြ၏ စကားကို သတိရပါသည်။

"လာ...ရွှေရွှေ လာစမ်း"

ကျွန်မက အိမ်ရှေ့မှ ရွှေရွှေကို လက်ကုတ်ကာခေါ်ခဲ့ပြီး မီးဖိုချောင်မှ ထား



**ယောက်ျားရင့်မကြီး တန်မဲ့နှင့် အော်ရှိုက်ငိုတော့ ကျွန်မမှာ မျက်ရည်ပင် မဆည်နိုင်တော့ပါ။ သေသူ မအေးမြထက် ကျန်ရစ်သူ ကိုအောင်မျိုးက ပိုပြီးသနားစရာကောင်းနေပါသည်။**

တွေ ကတ်ကြေးတွေကို လိုက်ပြီးသိမ်းနိုင်း ဝှက်နိုင်းရပါသည်။

"နေအုံး…နေအုံး။ သူတို့အိပ်ခန်းထဲက ကြွက်လျှောက်မှာလဲ ဘောလီယံ ပုလင်းတွေ ရှိတယ်။ ဝှက်ထားအုံးမှ။ အဲဒါလဲ အိပ်ဆေးလိုပဲ၊ အများကြီးသောက်ရင် သေတတ်တာပဲဟဲ့၊ ဟို…ကြောင်အိမ်အောက်က ကြွက်သတ်ဆေးထင်တယ်၊ အဲဒါလဲ ဝှက်ထားပါအုံး"

အသက်အန္တရာယ်ကိုပေးနိုင်သော ပစ္စည်းမှန်သမျှ ဆေးမှန်သမျှ သိမ်းရဆည်းရ ဝှက်ရနှင့် ကျွန်မတို့တစ်တွေမှာ မျက်ကလဲ ဆန်ပြာ ဖြစ်နေပါသည်။

"မြရယ်…မြရဲ့၊ မောင်ဘယ်လို နေခဲ့ရမလဲ၊ မောင်တစ်ယောက်တည်း မနေခဲ့ဘူး၊ မြနောက်ကို လိုက်ခဲ့မယ်သိလား"

ယောက်ျားရင့်မကြီး တန်မဲ့နှင့် အော်ရှိုက်ငိုတော့ ကျွန်မမှာ မျက်ရည်ပင် မဆည်နိုင်တော့ပါ။ သေသူ မအေးမြထက် ကျန်ရစ်သူ ကိုအောင်မျိုးက ပိုပြီးသနားစရာကောင်းနေပါသည်။

မအေးမြအခေါင်းကို မီးသင်္ဂြိုဟ်စက်ထဲသွင်းတော့ ကိုအောင်မျိုးက လွှတ်မပေးဘဲ အတင်းဆွဲထားသည်။ သူ့လက်ကို အတင်း ဖိုင်းဖြုတ်ကြတော့ မျက်ဖြူလန်ကာ လဲကျသွားသည်။ သူ့ကို ဝိုင်းပြီး ဖြေမ နှိုးကြ အသက်ရှူ ယပ်ခတ်ကြနှင့်မို့ မီးသင်္ဂြိုဟ်စက်ထဲ ရောက်သွားသော မအေးမြကိုပင် သတိမရနိုင်ကြပါ။

"ကိုမျိုး…ကိုမျိုး…သတိထားလေ၊ တရားနဲ့ဖြေပါ"

ကျွန်မသည် ကိုအောင်မျိုးကို ယပ်



ခတ်ရင်း ငိုသံနှင့် ဖျောင်းဖျမိသည်။

"သူ့ကို လွှတ်မထားနဲ့နော်၊ တစေ့ တစောင်းလေး အကဲခတ်နေအုံး"

ဆွေဆွေက ကျွန်မကိုသတိပေးပါသည်။ ဆွေဆွေ၏ ယောက်ျားကမူ ရယ်ချင်သည်ကို ထိန်းထားသောမျက်နှာထားနှင့် ပြုံးရုံပဲ ပြုံးသည်။

"တကယ်သေချင်ရင် ဓားတွေ အဆိပ်တွေ မလိုပါဘူးကွာ မီးပလပ်ပေါက်ထဲ လက်နှိုက်လိုက်ရင် တစ်ချက်တည်းပဲ" ဟုပြောတော့ ဆွေဆွေက သူ့ယောက်ျား၏ ခေါင်းတွင်းကြောကိုလိမ်ဆွဲသည်။

"လမ်းပြစကား မပြောနေနဲ့၊ တော်ကြာ သူတကယ်သတိရပြီး လုပ်သွားအုံးမယ်" ဟု ဆူသည်။

ညကျတော့ ကျွန်မက ဘောလီယံ ပုလင်းထဲတွင် ဆေးလေး နှစ်ပြားသာ ချန်ကာ ကိုအောင်မျိုးကို ပြန်ပေးလိုက်သည်။

နောက်နေ့မနက်ကျတော့ ဆေးပုလင်းကိုကြည့်မိသည်။ ဆေးမလျော့ပါ။ သူ့မှာ အိပ်မပျော်သည့်ကိုပင် အိပ်ဆေးသောက် မအိပ်ဘဲ ငုတ်တုတ်ထိုင်ပြီး မိုးလင်းသွားပုံရပါသည်။ မျက်ရည်အဝဲသားနှင့် ထိုင်ပြီးငေးနေသဖြင့် ကျွန်မက "တရားနဲ့ဖြေပေါ့ ကိုမျိုးရယ်" ဟု ပြောရပြန်သည်။

ကိုအောင်မျိုးသည် သက်ပြင်းကြီး ဟင်းခနဲချကာ ကျွန်မကို ငေးကြည့်နေပါသည်။ ထို့နောက် "မအေးမြရဲ့ ဓာတ်ပုံတွေကို ဖြုတ်ပြီးသိမ်းပေးထားစမ်းပါဗျာ၊ ကျွန်တော် မြင်နေရရင် မနေတတ်ဘူး၊ စိတ်မကောင်းလွန်းလို့" ဟု ခပ်တိုးတိုးပြောပါသည်။

ကိုကိုနှင့်လိုရင်းကိုသာ ပြောပါတော့မည်။

မအေးမြဆုံးပြီး ခြောက်လခန့် အကြာတွင် သတင်းစာထဲတွင် "နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း" ကြော်ငြာတစ်ခုကို တွေ့ကြရပါသည်။ "ကျွန်တော် မောင်အောင်မျိုးနှင့် ကျွန်မ မခင်ပြုံးကြည်တို့ ဖြစ်ကြပါသည်။

ကျွန်မ မအေးမြကို သတိရနေပါသည်။ "ကိုမျိုးကို ကျွန်မ မယုံချင်ပါဘူး အစ်မရယ်၊ ဒါပေမဲ့ ဘာလို့လဲ မသိဘူး၊ ကျွန်မ ယုံသွားတယ်" ဟု ရှက်ပြုံးလေးနှင့် ပြောခဲ့ပုံကို မြင်ယောင် ကြားယောင်နေပါသည်။

ကျွန်မလည်း နေ့ခင်းတိုင် အိမ်လာ လည်သူတို့ကို လက်ဖက်ပွဲနှင့် ဧည့်ခံရဦးမည်။

"ကျွန်မ သူ့ကိုမယုံချင်ပါဘူးရှင်၊ ဒါပေမဲ့ ဘာလို့လဲ မသိဘူး၊ ယုံသွားတယ်" လို့လည်း ပြောရဦးမည်။

ပြောစရာတစ်ခု ကျန်သွားပါသည်။ ကျွန်မ၏ အမည်မှာ "ခင်ပြုံးကြည်" ဖြစ်ပါသည်။

မစန္ဒာ



ကိုယ်လုပ်ရပ်တွေ…
ကောင်းခဲ့လေက ကောင်းမှုသုခ
ကိုယ်စံရလိမ့်။
ကိုယ်လုပ်ရပ်တွေ…
ဆိုးခဲ့လေက ဆိုးမှုဒုက္ခ
ကိုယ်ခံရလိမ့်။
ဘယ်သူမပြု
မိမိမှုတည်း
ပြုသမျှကံ ကိုယ်သာခံ။

ကောင်းသောအကြံ
ယှဉ်တိုက်မှန်လည်း
ဝေဖန်သုံးသပ် ကိုယ်ဆုံးဖြတ်ပါ။

ပေါ့လျော့သတိ
အမှားရှိက
မှားသည့်ဒုက္ခ ကိုယ်ခံရမည်။

ကိုယ်ပြုသည့်ကံ ကိုယ်သာခံ
လောကဓံတရား ကိုယ်သိထား
နိုးကြားသတိ - ရှိပါစေ။ ။



# စာဆိုဦးပုညသို့ ကန်တော့ပန်း

- "တရားသို့မလိုက် အမှားကြိုက်ကြလျှင်
  အမိုက်တကာ့ဖိုလိမ်း အဖျင်းတကာ့ ဖိုလ်ချုပ်
  လူယုတ်မာကြီးတွေ ဖြစ်ချိမ့်မည်"ဟု
  ဝတ္ထု"ယုန်မင်း" စာတ်စုခင်းလျက်
  ရှင်းလင်းညွှန်ပြ ဦးပုည။

- "အနာထပ်ဆင့်တော်သော၊ မောင်ပိတ်တော်သော
  ပီသာခါသော မယ်ခါသော
  နွားတနွားသိ တို့မသိဘူး
  ခနိဓနှ မြဲပလံစင်
  ကျောက်မျက်ရှင်တို့သည်
  ငါသခင်စက်တော်အောက်က
  မြှုမှုလောက်မှ ကြေမထိုက်
  တို့မကြိုက် တို့မလို"ဟု
  "သူဆိုမကြီး"ဝတ္ထု စာတ်ကြောင်းဖြတ်
  ကောင်းမှုညွှန်ပြ ဦးပုည။

- ညဉ့်ဖိပ်ထုကို မရဘူးမဆိုသာ
  အရာကောင်းလျှင် တစ်ချက်
  အခါကောင်းလျှင် တစ်သက်
  ကြေတစ်လက် ကြက်တစ်ခုန်
  သဉ္ဇိကောင်းတစ်ချက်ကြုံလျှင်
  ပုံသေမှုချ မောင်ကာကကဲ့သို့
  ကြွယ်ဝမည့်အမှန်"ဟု
  ရည်ညွှန်းပြဆို "ကာကဝဏ္ဏ"ဝတ္ထုကို
  သဖွိုင်ဆောင် ပုံဆောင်ရှင်းပြ ဦးပုည။

- "ဘုရားလိုက်ဆေါ်ငြိး ဆောင်း၍မာန်ငေသွး
  ပေါင်သည့်နေ့ကို အဝေးမြှင့်ရာ
  နွင့်မသာသကဲ့သို့"
  "အစွယ်ကိုလိုသူမိစ္ဆာ
  အသွားစေခိုင်းသူ မင်းကွေ့ရာစိ
  လေးပစ်သူ ဘုရားကျွန်တော်....
  "မှဆိုးတစ်ပိုင်း မိန်းမဦင်ကြီးကို
  ငါမှာတိုင်း ပြောလိုက်ပါလေ.....
  နယ်ကာမောကာ မျက်နှာငွေလ
  ရှင်ပပန္နင် ခင်မဝမ်းမြောက်ပါလေတော့"ဟု
  ကန်တော့ပန်ဆင် "ဆဒ္ဒန်ဆင်မင်း"ဝတ္ထု
  စာတ်ကြောင်းဖြတ် ကောင်းမှုညွှန်ပြ ဦးပုည။

- စာဆိုဦးပုည ညွှန်းဆိုပြသည့်
  ဓမ္မလေးပုဒ် ကျွန်တော်နှုတ်၍
  ခြေသုတ်ပုဆိုး မြေ့ယက်ကျိုးသို့
  ဝိကျိုးတုပ်ကာ ဦးနှိမ်ချလျက်
  မှန်းဆကြည်ညို တောင်းဆုဆိုသည်
  အိုနာသေဘေး ကင်းဆင်ဝေးသည့်
  ချမ်းအေးရိပ်မြို သုခကဲ့သို့
  ပုညသခင် စာဆိုရှင်သည်
  ဒိုဝင်ရောက်ရှိပါစေသောဝ်။ ။

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

# ချစ်သူများသို့မှာတမ်း

- ငါသေရင်
  ရေမချိုးပါနဲ့
  မွှန်နံ့ခံရတဲ့ လူ့ဘဝအနံ့အငွေ့တွေ
  ငြိမ်းစေမှာစိုး......။

- ငါသေရင်
  ရေဆိုးမနွဲ့ပါနဲ့
  အိုးထိန်းသည်တွေရဲ့ လက်ခတ်သံတွေ
  ဆိတ်သုဉ်းသွားမှာစိုး......။

- ငါသေရင်
  ပန်းအိုးမထိုးပါနဲ့
  ပန်းချီသူတွေရဲ့စိတ်တွေ
  နွမ်းလျမှာစိုး......။

- ငါသေရင်
  ယပ်တောင်မကမ်းပါနဲ့
  မြေမ ကြိုးမတုပ်ပါနဲ့
  ငါ့ဝိညာဉ်တွေ မလွတ်လပ်မှာစိုး......။

လင်းအောင်သက်(ရန်ကုန်တက္ကသိုလ်)




သန့်ဝင်းထွန်း ၊ ဆွဲ ၊

# စတုဂံပေါ်ကနှင်းသက်

“မင်းတို့လူဆိုးငါးယောက် တစ်ပတ်အတွင်း ငါ့ဆီလာခဲ့၊ အဲသည်ထက်ကျော်လျှင် ငါ့အဆိုးမဆိုနဲ့…” ရွာဦးကျောင်းဆရာတော် ဦးဝိယနန္ဒ၏ နောက်ဆုံးရာဇသံပင်ဖြစ်သည်။

ကျုပ်တို့ကလည်း ကျုပ်တို့ပင်ဖြစ်သည်။ မောင်သန်း၊ မောင်ဦး၊ မောင်ထွန်း၊ မောင်လတ်၊ မောင်ပေါ ဟု ရွာနီးချုပ်စပ်က ကင်ပွန်းတပ်ထားသည့်အမည်။

အမည်အရင်းများက မောင်မောင်သန်း၊ မောင်မြင့်ဦး၊ မောင်မင်းထွန်း၊ မောင်အောင်လတ်နှင့် မောင်ခင်ပေါ်၊ ဒါကို ရွာက အမျိုးအရင်းများက အရွားရှုတ်ချ အမည်နာမကို ပြောင်းပေါ်ခြင်းဖြစ်သည်။ ရွာနီးချုပ်စပ်ကလည်း ထိုအမည်ကိုသာ ခံတွင်းတွေ့ရှာ ခေါ်ဆိုကြသောကြောင့် အမည်တွင်နေသည် ဟု ပြောရလေမလား။



ဒါကို ကျွန်တော်တို့ ငါးယောက်ကလည်း သဘောကျလျက် ငြိမ်နေခြင်းဖြစ်သည်။

အမှန်တော့ အမည်ခေါ်ရသည်မှာ အမည်ရှည်လို့ဖြစ်နိုင်သည်။ ဒါကြောင့် အမှုအခွင့်တော်ခဲ့ ခေါ်သည်ဟုယူဆမြင်မိသည်။

"ဟဲ့…ရွာမြောက်ပိုင်းက မောင်ပေါ် တို့အုပ်စုလေ ဟိုတက်ရွာမှာ ကြက်တိုက် ရင်း ရန်ဖြစ်လို့တဲ့ သူကြီးဆီကို လာတိုင်တာ တွေ့တယ်"

"မပြောချင်ပါဘူးအေး မောင်ပေါ်တို့ ငါးယောက်မပါင်းပြီး အနောက်ကွင်းရွာမှာ ဖဲလိမ်ရိုက်တယ်ဆိုလား၊ အနောက်ကွင်း သားတွေနဲ့ရန်ဖြစ်ပြီး ခေါင်းရိုက်ခွဲလာလို့ ပုလိပ်တွေ ရွာကိုရောက်နေတယ်တဲ့၊ သူတို့ ငါးယောက်ကတော့ ဘယ်ကိုပြေးရှောင်နေမှန်းမသိ ဘူးဆိုလား၊ သူကြီးခေါင်းကိုက်နေတယ် တဲ့"

"မပြောချင်ပါဘူးဟွာ ဒီကောင် ငါး ကောင်ပေါင်းပြီး ကျွန်းထဲက ခနီပင်တွေ ခုတ်ပြီး ရောင်းစားနေပြန်ပြီ"

"ဟာ…အဲဒါ မောင်ဦးတို့အတိုင်း ခနီ မြေမဟုတ်လား၊ သူ့မြေက သူ့အပိုင်မြေကို ခနီဝင်ခုတ်တာဆို…"

"အေးလေ…အဘိုးဆီက အမွေ တောင်းတာတဲ့၊ မပေးလို့ ခနီငါးစကာကို ခုတ်ရောင်းတာ ဘာဖြစ်လဲဆိုပြီး မိုက်တဲ့လူ ကျွန်းထဲလိုက်ခဲ့ဆိုပဲ၊ တောက်… လူပါးဝတဲ့ ကောင်တွေ"

ဒါတွေတော့ ကျွန်တော်တို့၏ ဂုဏ် သတင်းကို ကြီးကြီးမားမားဖွဲ့နေကြသော အချိုးအစုံကြီးများပင်ဖြစ်သည်။ကျွန်တော်တို့ က သူတို့ပြောသလောက်မဆိုး၊ သူများ ပစ္စည်းလုခြင်း၊ လုခြင်း၊ တောင်းရမ်းခြင်း၊ ခေါ်ကားခြင်း အလျှည်းမရှိ၊ အမြင်မတော် လျှင် ဝင်ရောက်ရန်ဖြစ်ခြင်းတော့ရှိသည်။ ရွာကို ခေါ်ကားမော်ကားပြောလာလျှင် သည်းမခံတတ်။ ရွာက ကာလသားများကို ထိကပါးရိုက်ပါးလုပ်လာလျှင် လုံးဝ သည်း မခံ၊ တောင်ပိုင်းမြောက်ပိုင်းမခွဲခြား။

ခနီရည်သောက်သည်က ကာလ သားတို့အကြိုက် သောက်ခြင်းဖြစ်သည်။ ကြက်တိုက်သည်မှာ သမ္မာအာဇီဝအတိုင်း တိုက်ခြင်းဖြစ်သည်။ ကံညာဏ်နှင့် တိုက် ခြင်းမဟုတ်လေား ထိုနည်းလည်းကောင်း ဖဲကစားသည်ကလည်း ဉာဏ်ခြင်းယှဉ်ခြင်း ဖြစ်သည်။ လေးကောင်ကျင်၊ အနီတောင် စသည်တို့သည်လည်း ဉာဏ်ဖြင့်ကစား ခြင်းဖြစ်သည်။ မတရား ဘာမှ မလုပ်။

ဒါကို တလိန့်ကကျွန်းလုပ်လာသော ကြောင့် လက်ဦးမှုအရယူကာ လောင်းကြေး များ သိမ်းကြုံးယူလာခြင်း၊ ပွဲအမြဲကို သတ္တိ ရှိရှိ ပြောင်းလဲစေခြင်းဖြစ်သည်။ ဒါကို အုပ်စုလိုက်တိုက်ခိုက်ရန်ပြုလာသော အခါ ကျွန်တော်တို့ငါးယောက်သည်လည်း အစမမွေးသည့် မြေလက် နှုန်း ဒူးခေါင်း အကောင်းတိုင်ဖြစ်သည့်အတွက် တတ်သိ ပညာ မနေသာတို့သလို ညာဏ်စွမ်းတို့ဖြင့် အပြင်းအထန်နှစ်တိုက်ခိုက် အနိုင်ယူတတ် လေသည်။

ဒါကို ကျွန်တော်တို့ငါးယောက်ကို လူဆိုး စာရင်းသွင်းကြသည်မှာ သွင်းသူ၏အပြစ် သာဖြစ်သည်။ အကဲပို့သော ကျွန်တော်တို့ရွာ အကြောင်း နည်းနည်းပြောချင်သည်။ ကျွန် တို့ရွာက ပင်လယ်ကမ်းခြေသို့ တစ်နိုင်သာ သာဝေး၏။ ပင်လယ်ကမ်းခြေမှ ရွာသို့ လမ်းလျှောက်လှည်းစီးချိုလာလျှင်ရသလို လှေဖြင့်လာလည်းရသည်။

ရွာထဲသို့စီးဝင်သော ချောင်းက အသင့်ရှိသည်။ ချောင်းသည် သဘာဝကြီး နှစ်စီးရှောင်ရှောင်ရှိရှိ လှော်ဝင်နိုင်သည်။



ချောင်းတစ်ဖက်တစ်ချက်ကို ရွာ တည်ထားသောကြောင့် မြောက်ဘက်ကမ်းနှင့် တောင်ဘက်ကမ်းဟူ၍ ရွာနှစ်ခြမ်းကွဲနေသည်။ တောင်နှင့်မြောက်ကို ဆက်သွယ်ထားသော သစ်လုံးမြေစိုက်တံတားကြီးက ဘိုးဘေးလက်ထက်ထဲက ရှိခဲ့သော သစ်သားကြမ်းခင်းများက လက်မထ ရှိပြန်သည်။ တံတားကြီး၏ဘေးတစ်ဖက်နှင့် ဆင့်တို့သည် ကြီးမားသော ပျဉ်းကတိုးသစ်များကို ဆောက်ခံထား၍ မှုလီစုပ်ထားပြန်သည်။ တံတားကြီး၏အကျယ်က ပေ ၂၀ အထိ၊ တံတားအရှည်မှာ ပေ ၁၀၀ ကျော်ကျော်ရှိပြန်သည်။ တောင့်တင်းခိုင်မာသော တံတားပင်ဖြစ်သည်။

ယနေ့ စပါးတစ်ရာလောက် တင်နိုင်သော ထုတ်တုတ်(ဆောက်လက်ရှိ) ဖြတ်မောင်းသွားလည်း တံတားကြီးက တုတ်တုတ်မျှမလှုပ်။ တစ်နာရီ မိုင် ၃၀နှုန်းဖြင့် မောင်းသွားသည့် ဆိုင်ကယ်လောက်က အေးဆေး ညနေခင်းဆိုပါက တံတားပေါ်တွင် တောင်ပိုင်းသူ တောင်ပိုင်းသား၊ မြောက်ပိုင်းသူ မြောက်ပိုင်းသားတို့ သဘာဝလေညင်းခံရာ View Point ။ အိစလီကီစလီတို့လည်း သည်တံတားကြီးပေါ်က ဇာသည့်ဇာတ်လမ်းများ။

ကျုပ်တို့အဖွဲ့က အဲသည်ဟာတွေ စိတ်မဝင်စား။ စိတ်ဝင်စားသည်က ဘယ်မှာ ကြက်ပိုင်း၊ နွားပွဲ၊ အနီတောင် လေးကောင်ကျင်း၊ ခါကြီးတိုင်းရှိတာလောက်သာ စိတ်ဝင်စားသည်။ ဒါကြောင့်လည်း တံတားပေါ်တွင် ခနီးရည်သောက် လေညင်းခံရင်း နောက်တစ်နေ့ အလုပ်သစ်ကို ရှာဖွေတတ်ကြသည်။

တံတားပေါ်က ဇာသည့်ဇာတ်လမ်းများကြောင့် တောင်မြောက်နှစ်ခြမ်းကွဲနေသော ကျုပ်တို့ရွာတွင် လူဦးရေတိုးပွားလျက်ရှိသည်က ပြောစရာမလို။ တောင်

**အခုပဲကြည့်၊**
**မြောက်ပိုင်းသား ကျုပ်တို့ငါးယောက်ကို**
**သူကြီးထိပ်တုံးခတ်ထားတာကိုကြည့်၊**
**ကျုပ်တို့က ကိုယ့်ရွာကိုထိပါးလာလျှင်**
**မခံတတ်။ အနောက်ကွင်းသားများက**
**ရွာနှစ်ရွာနယ်စပ် ကန်ထုတ်လမ်းကို**
**အပိုင်စီးပြီး စားကျက်မြေများကို**
**လယ်ဝင်နိုက်သည်။**

သားနှင့် မြောက်သူ၊ မြောက်သားနှင့် တောင်သူ၊ ဖိတ်ချုပ်မိတ် ကိုယ့်အိတ်ထဲပိတ်ဆိုသလို မွေးပေါက်လာလျှင် မင်္ဂလာဆောင်များက လက်မလည်။

ပြောချင်သည်က ကျုပ်တို့ ဘိုးဘေးများကစခဲ့သော သည့်ဇာတ်လမ်း၏အကျိုးဆက်က တစ်ရွာလုံးအမျိုးတွေချည်းပင်ဖြစ်သည်။ ယခုလည်း ကျုပ်တို့ကို လူဆိုးငါးယောက်ဟု သတ်မှတ်ကြသောသူများသည် အမျိုးအရင်းကြီးများပင်ဖြစ်သည်။ ဒါကို စိုးပြင်းနေခြင်းပင်ဖြစ်သည်။

ထိုကိစ္စကြောင့် သူကြီးဖြစ်သူ ဘကြီးအရင်းခေါက်ခေါက်နှင့် နောင်ရိုက်ရှုရသည်ကအကြိမ်ကြိမ်။ ထိပ်တုံးထဲရောက်သည်က မရေတွက်နိုင်။

"သူကြီး...ကျုပ်တို့ ငါးယောက် ထိပ်တုံးကလွတ်တဲ့နေ့ သူကြီးအိမ် ပြာပုံဖြစ်သာမှတ်"

"တုတ်တယ်သူကြီး၊ ခင်ဗျားမပြေရှင်းပေးနိုင်လို့ ကျုပ်တို့ဖြေရှင်းပေးတာ သူကြီးက ကျုပ်တို့ကိုထိပ်တုံးခတ်တယ်၊ ဟား....ဟား....ဟား နောင်တမရနဲ့နော် သူကြီး"

ကျုပ်နှင့် မောင်ထွန်းက သူကြီး ဘကြီးအရင်းခေါက်ခေါက်ကို ကြိမ်းဝါးလိုက်ကြသည်။

"မင်းတို့ကိုမနိုင်ရင် ဒီရွာမှာ သူကြီးမလုပ်တူးကွ။ မေတ်အဆက်ဆက် အုပ်ချုပ်လာတာ မင်းတို့ကျမှ ငါသူကြီးသိက္ခာ အကျမခံဘူး"

"တွေ့ကြသေးတာပေါ့သူကြီးရယ်"

"တိတ်စမ်း...အတွန့် ဆက်တက်ရင် မြို့က ဂတ်ကိုပို့မယ်"

အဲသည်လို သူကြီးအမိန့်က ကျုပ်တို့အတွက်တော့ ရိုးနေပြီဖြစ်သည်။ အခုလည်းကြည့်-

ရွာတောင်ပိုင်းကအိမ်ခြံများသည် မြောက်ပိုင်းက သူ့လောက်မများ၊ တောင်ပိုင်းတွင်က ရွာအဝင်လမ်း၊ စာသင်ကျောင်း၊ စားကုန်သောက်ကုန် စတိုးဆိုင်ရှိသည်။ ပြီးတော့ ဆန်စက်ကြီးက တောင်ပိုင်းတွင်ဖြစ်သည်။ မစည်ကားသည်လည်း မပြောလောနှင့် မြောက်ပိုင်းမှာက ဘုန်းတော်ကြီးကျောင်းနှင့် သုသာန်သာရှိသည်။ ဘာအရေးလုပ်လုပ် တောင်ပိုင်းသားက အုပ်စိုးပြီးသား။ တောင်ပိုင်းသားများ လူပါးရှောက်ကပြောမကုန်။

အခုပဲကြည့်၊ မြောက်ပိုင်းသား ကျုပ်တို့ငါးယောက်ကို သူကြီးထိပ်တုံးခတ်ထားတာကိုကြည့်။ ကျုပ်တို့က ကိုယ့်ရွာကိုထိပါးလာလျှင် မခံတတ်။ အနောက်ကွင်းသားများက ရွာနှစ်ရွာနယ်စပ် ကန်ထုတ်လမ်းကို အပိုင်စီးပြီး စားကျက်မြေများကို လယ်ဝင်နိုက်သည်။ ကျုပ်တို့က မတရားဘူးဟု ဆိုသည်ကို အနောက်ကွင်းသားများက အုပ်နှင့်ကျင်းဖြင့် ကျီးကန်းပိုင်းအသေသို့ အသည်။

ဘကြီးစစ်စစ်သူကြီးက ဥပဒေအတိုင်း အရေးယူမည်ဟုဆိုလာသည်။ ဒါကို ရွာသားတချို့နှင့် ကျုပ်တို့ကလက်မခံ။ အနောက်ကွင်းနှင့် မြောက်ပိုင်းက တဆက်တည်းရှိသည်။ နှစ်ရွာပိုင်နယ်စပ်၊ နှစ်ရွာလုံး

က ကျွဲ နွားများ စားသောက်နေသည့် စားကျက်မြေ။ ဒါကို အနောက်ကွင်းသား များက ပေါ်ဝင်နိုက်သည်။

သူကြီး ဘုန်းကြီးဝတ်ဟုဆိုသည်က ကျုပ်တို့။

ဒါမျိုးကိုလက်မခံသောကြောင့် နိုက်ပြီးသားစပါးများကို ကျုပ်တို့ ငါး ယောက်က အမြင်ကပ်ကပ်ဖြင့် အဆုံးသတ် ပေးလိုက်သည်။ အနောက်ကွင်းသားများ ကလည်းမနေ။ တုတ်ဓားများဖြင့် တိုက်ခိုက် လာသည်။

သနားသည်ဟုဆိုရမလား။ ကျုပ် တို့ ငါးယောက်ဦးစီးပြီး မြောက်ပိုင်း သားများက တန်ပြန်တိုက်စစ်ဆင်လိုက် သည်။ ပွဲအပြေက လူဆိုးငါးယောက် ကြောင့်ဟု အပြစ်တွက်ပြီး ထိပ်တုံးခတ်ခံ ရခြင်းဖြစ်သည်။

မကျေနပ်၊ လုံးဝမကျေနပ် ။

အခုလည်း တောင်ပိုင်းရွာအဝင် တွင် နတ်ကွန်းရှိသည်။ ဘိုးတောဘီဘင် ကတည်းက ကိုးကွယ်ခဲ့သည့်နတ်ကွန်း။ သည်နတ်ကွန်းကို တစ်နှစ်တစ်ကြိမ် နတ်ပွဲ လုပ်သည်။ တောင်ပိုင်း မြောက်ပိုင်း တစ်ရွာ လုံးအပြင် တောတောင်ယံညာမှ ရွာများလည်း နတ်ပွဲသို့လာကြသည်။ ရွာနတ်ပွဲက ပွဲတော် တမျှ စည်ကားသည်။ ရွာဘုရားပွဲပါ ဆက် လက် ကျင်းပသောကြောင့် ဈေးသည် ဈေး ဝယ်များဖြင့် စည်ကားနေသည်။

ဖက်သည်ကြီးက ဘိုးတောဘီဘင်တို့ နတ်ကွန်းသည် နတ်ထိန်း(နတ်ကတော်) က တောင်ပိုင်းသူ အဖိုးလေးအမျိုးအရင်း ကြီးဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်က အဖိုးလေး၏မိခင် နတ် ကတော်ကြီး ဆုံးပါးသွားသည်။ နတ်ကွန်း ကိုထိန်းသိမ်းစောင့်ရှောက်ရန် အဖိုးလေးက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် တောင်ပိုင်းသားအများစုထောက်ခံချက်ဖြင့် နတ်ထိန်းဖြစ်ရန်ဖြစ်သည်။ မြောက်ပိုင်းသား များက နတ်ကွန်းကို ထိန်းသိမ်းချင်သော် လည်း အမှုင့်အရေးကတောင်ပိုင်းက သာ နေသည်။ ထားတော့။

နှစ်စဉ် နတ်ပွဲဖြစ်သည်။ နတ်ပွဲဖြစ် တိုင်း တောင်ပိုင်းသားတို့ကအရေးသာစမြဲ။ အနယ်နယ်အရပ်ရပ်မှ လာရောက်ပွဲပေးကြ သော ကန်တော့ပွဲ အုန်းပွဲများက မနည်း မနော။ ထိုကန်တော့ပွဲတွင် အရေးပိုင်မင်း ကိုယ်တိုင် လာရောက်အပေးပေး ချီးမြှင့်သော ကန်တော့ပွဲက မျက်နှာပန်းအလှဆုံးဖြစ် သည်။ လှလည်းလှချင်စရာ။ ရွှေငှက်ပျော သီး အညီဖြုံလုံးများက ဝင်းကစ်ကစ်၊ အုန်းသီး က ရွှေချထား၏။ နိုင်ငံခြားမှလာသော အမွှေးတိုင်၊ ဖယောင်းတိုင်တို့က အထူး အဆန်း။ သွားရည်ကျချင်စရာက ဒေါင်းရုပ် ပိုက်ဆံတစ်ရာတန်က ၁၀ ရွက် (ယနေ့ ခေတ်ဆိုပါက တစ်ရာသည် ငွေတစ်သိန်း နှင့် ညီမျှနိုင်သည်)။

နတ်ပွဲသည် ကြိတ်ကြိတ်တိုး စည် ကားခဲ့၏။ မစည်ကားဘဲမနေနိုင်၊ အရေးပိုင် မင်းကိုယ်တိုင် လာရောက်သည့်ပွဲ မဟုတ်ပါ လား။ အရေးပိုင်လာမှတော့ အစောင့်ရှောက် ပုလိပ်များကလည်း အင်နှင့်အားဖြင့်ပါလာ သည်။

မကြာပါချေ။ အရေးပိုင်မင်း ပြန်ချေ ပြီ။ နတ်ပွဲက ဆက်လက်ကာနေတုန်း နတ် ကို ပူဇော်ပသနေတုန်းပင်ဖြစ်သည်။

မကြာခင် နတ်ကွန်းသို့ လာရောက် သော ပရိသတ်ထဲသို့ ရှုပ်ကြွမှုကို အဖိုးလေး နတ်ထိန်းကပြုလုပ်ပါတော့သည်။ ပရိသတ် ထဲတွင် တောင်ပိုင်းသားက တစ်ဖက်၊ မြောက်ပိုင်းသားကတစ်ဖက် အပြား ရွာနီး ချုပ်စပ်မှ ရွာသားများကတစ်ဖက် စည်ကား



သိုက်မြိုက်နေသည်။

"ဘိုးဘေးတို့ကို ရှိခိုးပါတယ်၊ ရွာရဲ့ အကျော်အမော်တွေသာမက ကိုလည်း ကြည့်ရှုစောင့်ရှောက်ပေးပါ၊ ဘိုးဘေးတို့ရဲ့ မြေးမြစ် အနွယ်အပွားတွေကိုလည်း အမှားရှိလျှင် ခွင့်လွှတ်ပေးပြီး ကောင်းမြတ်သော လာတ်လာဘများရဲ့ အကျော်အမော်များကိုလည်း ပေးသနားတော်မူပါ၊ လယ်ယာကိုင်းကျွန်းများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများကိုလည်း ကြည့်ရှုစောင့်ရှောက် ကူညီပေးတော်မူပါဘုရား"

နတ်ထိန်းအဘိုးလေးက ကန်တော့ပွဲများကို တစ်ပွဲချင်းကောက်မပြီး ပရိသတ်ထဲသို့ ငှက်ပျောသီး၊ အုန်းသီး၊ ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ကြဲလေသတည်း။

"မောင်ဦး…မင်းက လူအုပ်ကိုရှုပေးထား"

"မောင်လတ်…မင်းက လက်ဆင့်ကမ်း သယ်နိုင်အောင်ပြင်ထားတော့"

"ငါနဲ့ မောင်ထွန်းက ပွဲဝင်လုမယ်"

"မောင်ပေါ… သူကြီးကို သတိထားအုံးနော်"

"သူကြီးကိုထိန်းထားဖို့ မောင်ဦးကို တာဝန်ပေးထားတယ်။ လိုက်လာရင် ညီသကျည်းကိုရိုက်ဖို့ မှာထားပြီးသား"

မကြာပါ။

နတ်ကွန်းမှ ပွဲတော်တော်များများကို အဘိုးလေးနတ်ကတော်က ရှုနှိုကြဲနေပါသည်။ ဖွေးဖွေးလှုပ်နေသော ပရိသတ်မှာ နတ်ကွန်းမှရှုနှိုကြဲသော ငှက်ပျော၊ အုန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်း စသည်တို့သည် အိမ်တွင်ဆောင်ထားပါက စီးပွားတိုးတက် အန္တရာယ်ကင်းကြောင်း အယူရှိကာ လုကောက်နေကြလေသည်။

ကျုပ်တို့မှာ နတ်ကတော်၏ လှုပ်ရှားမှုကို မျှော်ကြည့်ရှုပြီး…

"မောင်ထွန်းရေ၊ စမယ်ဟေ့"

"ဟဲ့–ဟဲ့ နင်တို့က ငါနတ်ကွန်းထဲကို ပိုင်စိုးပိုင်နင်း ဟွန်း…ဝေသသွားချင်လား"

"အဘိုးလေး အရင်သွားချင်လား မယ်စမ်း…"

"ဟဲ့ ပေါ…ငါ့ကိုများ၊ ဟွန်း…ရုပ်စမ်း"

တာပ်ပြောပြော အရေးပိုင်မင်း၏ ကန်တော့ပွဲက ကျုပ်တို့လက်ထဲမှာ ရောက်နေပြီဖြစ်သည်။ လူအုပ်ကို ရှုထားသော ကြောင့် မောင်ထွန်းက လက်ဆင့်ကမ်း သယ်ပေးသည်။ မောင်သိန်းနှင့် မောင်ဦးက ထပ်ဆင့်ပေး ပြေးပြန်သည်။ အဘိုးလေး နတ်ကတော်၏ အသံစူးစူးကြောင့် သူကြီး

**လူအုပ်အတွင်းပြေးလာသော သူကြီးကို ကောင်းကောင်းမြင်ရ၏။ ဒါကြောင့်လည်း ကျုပ်တို့ ကြိုတင်ကတ်တိုက်ထား သည့်အတိုင်း ထိပ်တုံးခတ်သောသူကြီးကို မောင်ဦးက ညီသကျည်းကို တုတ်ပိုင်းဖြင့် ပစ်လိုက်လေသတည်း။**

နှင့်အဖွဲ့ ကြားသိသွားပြီး နတ်ပွဲရှိရာသို့ ပြေးလာလေသည်။ သို့သော် လူအုပ်ကို မကျော်နိုင်။

မောင်ဦးမှာအရပ်ရှည်သောကြောင့် လူအုပ်အတွင်းပြေးလာသော သူကြီးကို ကောင်းကောင်းမြင်ရ၏။ ဒါကြောင့်လည်း ကျုပ်တို့ ကြိုတင်ဖတ်တိုက်ထားသည့်အတိုင်း ထိပ်တုံးမပေါ်သောသူကြီးကို မောင်ဦးက ညီသကျည်းကို တုတ်ပိုင်းဖြင့် ပစ်လိုက်လေသတည်း။

"အမလေး သေပါပြီ၊ မြေ…မြွေ ထောက်ကိုက်ပြီ ကျိုးပြီလားမသိဘူး၊ ဟင်… ငါ့ရိုးမတား ငါးကောင် မိရင်တော့ကျွာ"

သူကြီးအဖွဲ့မှာ သူကြီးလဲကျသွားသောကြောင့် သူကြီးကို ပြန်ထူရင်း ရှုပျက်ပြီး ကျန်ခဲ့လေသည်။

ကျုပ်တို့ငါးယောက်မှာတော့ ကန်တော့ပွဲအတွင်းမှ ကောင်းမှုငှက်ပျောသီး၊ အုန်းသီး၊ ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို အဘိုးလေးအားရှုနှိုကြဲပေးလိုက်ပြီး အရေးပိုင်မင်း ကပ်လှူထားသည့် တစ်ရာ တန် ပေါင်းဆယ်ရွက်ကို ကျစ်ကျစ်ပါ အောင် ဆုပ်ကိုင်ပြီး တာရိုးပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အနောက်တွင်တော့ နတ်ဝတ်စုံ အပြည့်ကို ဆင်မြန်းထားသော အဘိုးလေးမှာ ဖုန်တလူးလူးကြားမှ ပြေးလိုက်လာပြီး ခါး ထောက်လျက်–

"ငါ့ကိုစော်ကားတယ် နင်တို့ကို မြွေပွေး အကောင်တစ်ရာကိုက်မယ်၊ ငါ့ကို ဘာနတ်လဲ၊ ဟွန်း…ငါလုပ်လိုက်ရ"

"လုပ်လိုက်စမ်းပါ အဘိုးလေးရဲ့၊ ခင်ဗျားတို့ နတ်ပွဲဖြစ်တိုင်း မြောက်ပိုင်းကို ပန်း၊ ဖယောင်းတိုင်လေးပဲပစ်ထည့်ကာ တစ်သက်လုံးမဟုတ်လား၊ တောင်ပိုင်းကြတော့ ပေါင်းပေါင်းတွေကော နယ်သားတွေကော ပစ်ထည့်တာ ကျုပ်တို့မသိဘူးထင်နေလား၊"

"လာစမ်းပါ မြွေမျိုးနတ်ရဲ့ မြွေပွေး မကိုက်ခင် မြွေမျိုးနတ်ကို ပညာပေးချင်နေတာ သတ္တိရှိရင်လိုက်ခဲ့…"

ကျုပ်တို့မှာ အဘိုးလေး နတ်ကတော်နှင့် တာရိုးပေါ်တွင် သူတပြန် ကိုယ်တပြန် ရှုံလင့်တောင်းနေသည်။ အနောက်တွင်တော့ ထောက်ကျိုး ထောက်ကျိုးဖြင့် နှစ်လုံးပြူးသေနတ်ကိုင်ထားသော သူကြီးမှာ ဟန်မရှု တပြုပြုဖြင့် ကျန်ခဲ့လေသတည်း။

• • • • •

"မောင်ပေါ…တို့တွေ ဘယ်လိုလုပ်ကြမလဲ"

"ဒီလက်ရေးကတော့ ဆရာတော်လက်ရေးကျွ၊ မမှားနိုင်ဘူး"

"အေးပါကွာ၊ ငါစဉ်းစားပါဦးမယ် မောင်ထွန်းနဲ့ မောင်ဦးရာ"

"တောင်ပိုင်းသားတွေ လူပါးဝလွန်းလို့ ငါတို့လုပ်တာ ဆရာတော်ဘုရား၊ သိမှာပါ"

"မောင်သိန်းရဲ့... ငါတို့မြောက်ပိုင်းသားတွေခံစားရတာ ကြာပြီလေကွာ၊ အခုဆော့ မှတ်ပြီလား ပွန်း..."

"ဒီကိစ္စက သူကြီးကိုယ်တိုင် ဆရာတော်ကို တိုင်တာဖြစ်မယ်၊ တောက်... သူကြီးနော် အမျိုးအရင်းကြီး ဖြစ်နေလို့ ပွင်း....၊

ကျုပ်တို့ရွာ ပေါ်သို့ရောက်သည်မှာ ၁၀ ရက်ရှိပြီဖြစ်သည်။ ရွာပွဲ၊ ကြက်ပွဲ၊ ဖဲပွဲ အစုံပွဲကို ရှော်ရော်ကြီး နွှဲပြီးပြီဖြစ်သည်။ အရေးပိုင်မင်းကောင်းမှုကြောင့် ခန်းညားမှု နိုင်ငံခြားအရက်ရှိရှိလည်း သောက်လိုက်ရသည်။ တရုတ်အစားအစာ၊ ကုလားအစားအစာများလည်း တဝကြီးစားခဲ့ပြီးပြီ။ ကောင်းလိုက်သည့်ဖြစ်ခြင်း။

ထိုကိစ္စဖြင့် ကျုပ်တို့ကိုထောက်ခံသည့် မြောက်ပိုင်းအဖွဲ့နှင့် ရှုတ်ချသည့် တောင်ပိုင်းအဖွဲ့ ရွာတံတားကြီးအလယ် ကောင်တွင် အကြီးအကျယ် ရှောင်ချိန်ရသည်ဟု သတင်းရလေသတည်း။

သာဓု..သာဓု..သာဓုပါ အရေးပိုင်မင်းနဲ့ အဓိုးလေးရေဟုကြွေးကြော်လိုက်ပြန်သည်။

"မောင်ပေါ် မင်းစဉ်းစားသုံးကွ၊ ဆရာတော်ဘုရားက ငါ့အဆိုးမဆိုနဲ့လို့ ရေးထားတာနော်၊ ဂတိကိုဝှိုင်ရင်ခက်မယ်"

"သူကြီးလောက်ဆိုရင် ငါတို့ ခေါင်းထဲမထည့်ပါဘူး၊ အခုက ဆရာတော်ရဲ့ ရာဇသံအမိန့်"

* * * * *

"မှောက်စမ်း.... ဟုံကောင် ငါးယောက်"

"တင့်ပါ့ ဘုရား...."

"တပည့်တော်တို့ ရှင်းပြခွင့်လေး"

"ဘိတ်စမ်း ငါ ကိုတာမှမရှင်းပြနဲ့၊ ရှင်းရမှာက ဒီမှာကွ...."

"ရွှမ်း..ရွှမ်း..ရွှမ်း..ရွှမ်း..ရွှမ်း.."

"သေပါပြီ ဘုရား"

"ကြောက်ပါပြီ ဘုရား"

"အဟင့် အဟင့် ဟင့်"

ကျုပ်တို့ငါးယောက် ခါးကောသွားလေသည်။

ဆရာတော်မှာ ငါးယောက်လုံးကို ဆိုင်းဝိုင်းထဲမှဆိုင်းတီးသလို လှည့်ပတ်တီးလိုက်ပြီး မောသွားပေါ့နိုင်ရွှေလေသောအခါ ကျောင်းအောက်တွင် တုတ်ဘုတ်ရှုမလှပ်သော လူအုပ်ကြီးထဲသို့—

"တောင်ပိုင်း မြောက်ပိုင်း ခွဲချင်သေးသွန်ရှိလားဟေ့"

မရိုးသတ်မှာ ခေါင်းငုံ့လျက် အပ်ကျသံပင်မကြားရပေ။

"ငါပြောတာ မကြားဘူးလား၊ ပြောကြလေကွာ"

"မခွဲတော့ပါဘူးဘုရား...."

တစ်ညီတစ်ညွတ်တည်း အသံက အဆက်အစပ်သို့တိုင် ပျံ့နှံ့သွားပါသည်။

ထိုအသံက ကျွန်တော်တို့ငါးယောက်အတွက် ကြက်သီးထရျင်စရာ။

"အေး....နောက်များ တစ်ရွာထဲသားတွေ ငြင်းခုန်မြိုးတာ ငါမကြားချင်ဘူး၊ ကြားလိုက်ကတော့ အားလုံးသေပြီပြင်၊ ဟုံကောင် ငါးယောက် ထပ်မှောက်စမ်း"

"ရွှမ်း..ရွှမ်း..ရွှမ်း..ရွှမ်း..ရွှမ်း.."

"ကြောက်....ကြောက်ပါပြီဘုရား"

**သန်းဝင်းထွန်း(ရွာ)**





# ရန်ကုန်မြို့တော်ခန်းမနှင့် ရေစက်ဆုံရပ်များ

[illegible]

ဓာတ်ပုံ-ဆောင်းနိုင်ဝင်း(မြို့တော်သတင်း)

ရန်ကုန်မြို့တော် ဂုဏ်ကျက်သရေကိုဆောင်သော မြို့တော်အလယ်ခေါင်မှနေရာကား ရန်ကုန်မြို့တော်ခန်းမ၊ ယင်းနှင့် မျက်နှာချင်းဆိုင်မှ မြန်မာတို့၏ ဦးစွန်း၊ မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖော်ပြကြွေးကြော်နေသော မြန်မာ့လွတ်လပ်ရေးကျောက်တိုင်ကြီး မားမားမတ်မတ်၊ ခန့်ခန့်ညားညားရှိရာ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမကြီး၏ ခန့်ညားမှုနှင့်ရောစပ်ကာ မြို့တော်၏ အသရေကို ဆောင်နေပေသည်။ မြန်မာနိုင်ငံတော်သည် ဘာသာရေး လွတ်လပ်ခွင့် ပြည့်ဝစွာပေးထားပြီး ဗုဒ္ဓဘာသာဝင်က လူများစုဖြစ်သည့်အတိုင်း ဗုဒ္ဓဘာသာ သာသနာတော်ကို ဗိသေသထားသော ဘာသာအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပင် ဖော်ပြပြဋ္ဌာန်းထားကာ နိုင်ငံတွင်းဖြိုရှိနေသည့် ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာကဲ့သို့သော ကမ္ဘာ့အထင်ကရ ဘာသာကြီးလေးခုစလုံး၏ ဘာသာဝင်များလည်း ရှိသည်။ တိုင်းရင်းသားတို့၏ အစဉ်အလာရှိရာ ကိုးကွယ်မှုဖြစ်သော နတ်ကိုးကွယ်မှုကိုလည်း မြန်မာနိုင်ငံတွင်း၌ လွတ်လပ်စွာကိုးကွယ်ခွင့် ပြုထားပေးသည်။







ကမ္ဘာ့ဘာသာကြီးလေးရပ်၏ သာသနိက အဆောက်အဦများသည် မြို့တော်ခန်းမကြီး၏ ဝဲဘက်၊ ယာဘက်တို့တွင် ထင်သာမြင်သာတွေ့မြင်နိုင်သေးသည်။ မြို့တော်ခန်းမအနီး ကားလမ်းတစ်ခုသာခြားသော အနောက်ဘက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဆူးလေစေတီတော်သည် ရွှေသင်္ကန်းရောင်တဝင်းဝင်း၊ တလက်လက်ဖြင့် ကြည်ညိုဖွယ်တည်ရှိသည်။ ဆူးလေစေတီတော်၏ အနောက်ဘက်ကားလမ်း တစ်လမ်းသာခြားပြီး အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုရာ ဗလီကြီး ခန့်ခန့်ထည်ထည် တည်ရှိသည်။ မြို့တော်ခန်းမ၏ အရှေ့ဘက် ၃၆ လမ်းကို ကျောပေးကာ ယန်းဆိုတန်းကို မျက်နှာပြုထားသည့် ဟိန္ဒူဘာသာ ဘုရားကျောင်းသည် ထည်ထည်ဝါဝါရှိနေပေသည်။ မြို့တော်ခန်းမ၏အရှေ့ (တောင်ဘက်ယွန်းယွန်း)မဟာဗန္ဓုလပန်းခြံ ထောင့်တွင် ခရစ်ယာန်ဘာသာဝင်တို့၏ ဧမာနွေလ ဘုရားရှိခိုးကျောင်းသည်လည်း ဝင့်ထည်စွာတည်ရှိနေပေသည်။ အခြားကမ္ဘာ့မြို့တော်များတွင် ထိုကဲ့သို့ ကမ္ဘာကျော်ထင်ရှားသော ဘာသာကြီးလေးခု၏ ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ယခုကဲ့သို့ တစ်နေရာတည်းတွင် စုစည်းရှိသော မြင်ကွင်းမတွေ့နိုင်ပေ။

ဗိတိုရိယဘုရင်မကြီးအထိမ်းအမှတ် ပန်းခြံ၊ ဘုရင်မပန်းခြံဟု ကိုလိုနီခေတ်က တွင်ခဲ့ပြီး၊ လွတ်လပ်သော မြန်မာနိုင်ငံတွင်မှ ထိုပန်းခြံသည် မဟာဗန္ဓုလပန်းခြံဟု တွင်လာခဲ့သည်။ ပန်းခြံ၏ အရှေ့ဘက်မှလမ်းကိုလည်း ယခင်က ဘားလမ်းဟုတွင်ခဲ့ရာမှ မဟာဗန္ဓုလပန်းခြံလမ်းဟု တွင်ခဲ့ပေသည်။ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံကြားမှ လမ်းမကြီးကို ယခင်က ဒါလဟိုဇီလမ်းဟု အင်္ဂလိပ်တို့မှည့်ခေါ်ခဲ့ရာမှ ယခု မဟာဗန္ဓုလလမ်းဟု သမုတ်ခဲ့ပေသည်။ မဟာဗန္ဓုလပန်းခြံတွင် မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ လူထုလှုပ်ရှားမှုသမိုင်းဖြစ်စဉ်တလည်း များလှပေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် အင်္ဂလိပ်ယူနီယံဂျက်အလံကို တိုင်ထိပ်မှလျှော့ချပြီး လွတ်လပ်သော မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်ထူခဲ့သည်။ အင်္ဂလိပ်ဘုရင်ခံလည်း တိုင်ထိပ်မှလျှော့ချခဲ့သည့် ယူနီယံဂျက်အလံတော်ကိုရယူကာ ဘားမင်းဂန်သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့



သည်။ လွတ်လပ်သောမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကျင့်သုံးမည့် ပထမဆုံးသော မြန်မာနိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်၊ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုတို့သည် ပါလီမန်လွှတ်တော် ပထမအစည်းအဝေးတွင် အချုပ်အခြာအာဏာဆိုင်ရာ မိန့်ခွန်းများပြောကြားအပြီး ဝန်ကြီးချုပ်သခင်နုသည် မဟာဗန္ဓုလလယ်ပြင်အတွင်းသို့ ရောက်ရှိလာခဲ့သည်။ ဝန်ကြီးချုပ်သည် မဟာဗန္ဓုလ ပန်းခြံအလယ်(ဗဟိုချက်)နေရာတွင် လွတ်လပ်ရေးကျောက်တိုင်ကြီး နိုက်ထု(တည်ဆောက်)ရန် ပန္နက်ချခဲ့သည်။ လူထုပရိသတ်ကလည်း စုစုဝေးဝေး စည်စည်ကားကားဖြင့် လွတ်လပ်ရေးကျောက်တိုင် ပန္နက်ရိုက် အခမ်းအနားသို့ ဝန်းရံတက်ရောက်ကြလေသည်။ ဝန်ကြီးချုပ် သခင်နုက လူထုပရိသတ်ကြီးနှင့်အတူ မြန်မာတို့၏ လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက်ကို ရွတ်ဆိုကြရာ မြေမြို့သိမ့်သိမ့်တုန်ခဲ့လေသည်။



### မြန်မာတို့၏ အဓိဋ္ဌာန်(၉)ချက်

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရှုမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သွေမသိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့၏ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမယိမ်းစောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံသားတို့၏ မှန်မြတ်သော အခွင့်အရေးကို ခံယူကျင့်သုံး၍ လွတ်လပ်သော နိုင်ငံတော်၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမယိမ်းထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့်ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲသို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံသားဟူသမျှကို ကြီးငယ်နီးဝေး မခြား တစ်သားတည်းဖြစ်၍ နည်းများနိမ့်မြင့် မရှိစေရေး ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အားမတရားပြုခြင်းကိုလည်းမခံ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည်ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံနှင့် ငါတို့၏ လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့ သားမြေးနောင်လာအဆက်ဆက်တို့ အပေါ်၌ တည်စေမည်။

ပြည်သူလူထုကြီး၏ အဓိဋ္ဌာန်ပြုစံကိုးချက်ကို မြို့တော်ခန်းမကြီးနှင့် ဟိုက်ကုတ်(တရားလွှတ်တော်)နာရီစင်အဆောက်အဦကြီးသာမက ပတ်ဝန်းကျင်တစ်ခုလုံး၌ ပွဲတင်ထပ်မျှ ကြားလိုက်ကြရသကဲ့သို့ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရောက်ရှိသွားခဲ့လေသည်။ နောင်နှစ်များတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်က မဟာဗန္ဓုလလမ်းတော်လျှောက် ချီတက်လာသည့် တပ်မတော်စစ်ကြောင်းများ၊ လူထုစစ်ကြောင်းများ၏ အခမ်းအနားပြုခြင်းကို ဗိုလ်ရှုမဏ္ဍပ်ပေါ်မှ ခံယူခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင်မှ ရန်ကုန်မြို့ ပြည်လမ်းနှင့် ဝင်ဒါမီယာလမ်း(ယခု ရှင်စောပုလမ်း)ထောင့် ပြည်သူ့လွှတ်တော်ဝင်းအတွင်း (ယခု ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးဝင်းအတွင်း) ဗိုလ်ရှုမဏ္ဍပ်တည်ဆောက်ကာ သမ္မတအဆက်ဆက် ဗိုလ်ရှုခဲ့သည်။ (ယခု နေပြည်တော်တွင်ဗိုလ်ရှုခံသည်။)

ပြည်သူလူထုကြီး၏အဓိဋ္ဌာန်ပြု
စံကိုးချက်ကို မြို့တော်ခန်းမကြီးနှင့်
ဟိုက်ကုတ်(တရားလွှတ်တော်)
နာရီစင်အဆောက်အဦကြီးသာမက
ပတ်ဝန်းကျင်တစ်ခုလုံး၌ ပွဲတင်ထပ်မျှ
ကြားလိုက်ကြရသကဲ့သို့...



မြို့တော်ခန်းမကြီး၏ အပေါ်ထပ် ဆင်ဝင်ပေါ်မှ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း ပြောကြားခဲ့ခြင်းကို မှတ်မှတ်ရရရှိနေခဲ့သည်။ (မြို့တော်ဝန်ဦးကိုလေးလက်ထက်က ရှယ်ရှင်ဒါရိုက်တာ ကိုတင်ဦး(သကြန်မိုး)၊ ဒါရိုက်တာ ကိုထွန်းလွှိုင်၊ ဇာတ်ညွှန်းရေးဆရာ ကိုငြိမ်းမင်း၊ မင်းသား ကိုသုခေါင်တို့ ကျွန်တော့်ထံသို့ လာရောက်ကာ မြို့တော်ခန်းမ ဆင်ဝင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောသည့်မှစ၍ ရန်ကုန်မြို့တော်မှ ထိုလွတ်လပ်ရေးကြိုးပမ်းမှု ကာလဖြစ်စဉ်များကို ရုပ်ရှင်ရိုက်ရန် မြို့တော်ဝန်နှင့် ဆွေးနွေးပြီးသဖြင့် ဇာတ်လမ်းဇာတ်ကွက်အတွက် သိသမျှဖြစ်ရပ်မှန်များ ပြောပြကူညီပါရန် မေတ္တာရပ်ခံပြောကြားလာသည်။ သို့သော်ဖြစ်လာသည့်အကြောင်း မညီညွတ်၍ ထိုဇာတ်ကား မရိုက်ဖြစ်သည်ဟု သိရသည်။

မြို့တော်ဝန် ဦးကိုလေးလက်ထက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာဝင်းအတွင်းမှ သင်တန်းခန်းမတွင် မြို့တော်ဝန်က ရန်ကုန်စည်ပင်သာယာမှ အရာရှိများ၊ လျှပ်စစ်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အရာရှိများအတွက် သင်တန်းဖွင့်ခဲ့ရာ သင်တန်းပေါင်း အစီတင်၊ သုံးဆယ်ခန့်တွင် ပြည်ထောင်စု စိတ်ဓာတ်၊ အမျိုးသားနိုင်ငံရေးနှင့် ပြည်သူ့ဆောင်ထားလေးချက်တို့ကို သင်တန်းတိုင်းတွင် သုံးနာရီကြာ ဟောကြားပို့ချခဲ့ရသည်။

ရန်ကုန်မြို့တော်ခန်းမ အပေါ်ထပ် ဆင်ဝင်ပေါ်မှ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကို အကြောင်းပြု၍ ရန်ကုန်မြို့တော်ခန်းမကို ကျွန်တော် စတင်စိတ်ဝင်စားခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်ကျော် ရန်ကုန်မြို့သို့ ကျွန်တော် ဆင်းလာကာ ကျောင်းဆရာလုပ်နေစဉ် မြို့တော်ခန်းမ၌ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ စကားရည်လုပွဲများ ကျင်းပသဖြင့် ကျွန်တော် မြို့တော်ခန်းမသို့ရောက်ခဲ့သည်။ အမျိုးသမီးက မြတ်သည်၊ အမျိုးသားက မြတ်သည်ဟု အမျိုးသမီး စာရေးဆရာမကြီးများနှင့် အမျိုးသားစာရေးဆရာကြီးများ၏ မြို့တော်ခန်းမ စကားရည်လုပွဲကား ပွဲစည်ခဲ့သည်။ တစ်ဖက်တွင် ဟာသစာရေးဆရာ အကျော်အမော် ဆရာအဝ၊ တစ်ဖက်တွင် စိန့်မေရီကျောင်းအုပ်ကြီး၊ နိုင်ငံကျော်စာရေးဆရာမကြီး၊ အဆိုအမြွက်များမှာ ပရိသတ်တို့ ပတ်ထုတ်ယူရလောက်အောင် သဘောကျပွဲကျ ရယ်မောနှစ်မြှုပ်ကြသည်။ ၁၉၅၀ ပြည့်လွန်နှစ်များ (၁၉၅၃ ခုနှစ်ဟု မှတ်မိပါသည်)တွင် ဆရာကြီး



သခင်ကိုယ်တော်မှိုင်းကို အမှူးပြုသော ငြိမ်းချမ်းရေးရက်သတ္တပတ်ပွဲတော်ကြီးကို မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် ကြည့်မြင်တိုင်တွင်နေသဖြင့် တေးဂီတသမားများဖြစ်သည့် ဂီတာတင်အုန်း၊ ခင်သိန်းဆွေ၊ ဗိုးဆိုချစ် ခင်မောင်ညွန့်တို့နှင့် တွဲမိနေချိန် ဂီတာတင်အုန်းက ငြိမ်းချမ်းရေးပွဲတော်တွင် သီချင်းရေးဝင်ပြိုင်ရာ ကျွန်တော်က စည်းဝါးကိုက်ပြီး ဝင်တူခဲ့သည်။ ငြိမ်းချမ်းရေးသရုပ်ဖော်ပြိုင်ပွဲတွင် ဇလင်ဝါးတန်လျှောကြီးဖြင့် ဝင်ပြိုင်ရာ၌ ကျွန်တော်သည် ထိုဇလင်ဝါးတန်လျှောကို ဂီတာတင်အုန်း ဆိုင်းချက်ကို သရုပ်ဖော်လျှော်ခေါ်ပြသခဲ့ရသည်။ မြို့တော်ခန်းမတွင် ကိုယ်တိုင်ပါဝင်ခဲ့မှုဖြစ်သည်။

ငြိမ်းချမ်းရေးသရုပ်ဖော်ပြိုင်ပွဲတွင်
ဇလင်ဝါးတန်လျှောကြီးဖြင့်ဝင်ပြိုင်ရာ၌
ကျွန်တော်သည်ထိုဇလင်ဝါးတန်လျှောကိုဂီတာတင်အုန်းဆိုင်းချက်ကို
သရုပ်ဖော်လျှော်ခေါ်ပြသခဲ့ရသည်။
မြို့တော်ခန်းမတွင် ကိုယ်တိုင်ပါဝင်ခဲ့မှုဖြစ်သည်။

၁၉၅၇ ခုနှစ်၊ ဇွန် ၇ ရက်နေ့တွင် ကျွန်တော်သည် သတင်းစာလောကသို့ ခြေစုံပစ်ဝင်ခဲ့သည်။ ပထမဦးစွာ ပြည်တော်ဖိုး သတင်းစာတိုက်တွင် သတင်းထောက်ဖြစ်လာခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့တော်ခန်းမ မြောက်ဘက်(မြေညီထပ်) မဟာဗန္ဓုလပန်းခြံလမ်းဘက်မှ အရှေ့ပိုင်းထောင့်ခန်းရှိ မြန်မာနိုင်ငံ သတင်းထောက်များအသင်းရုံးခန်းသို့ နေ့စဉ်ရောက်ရသည်။ တစ်နှစ်ကျော် ထိုမြို့တော်ခန်းမရှိ သတင်းထောက်အသင်းတိုက်တွင် နေ့စဉ်ထိုင်ကာ သတင်းစာရှင်းလင်းပွဲများမှ သတင်းယူရန် ပါလာကြသော အကြိုပေးချက်များမှ သတင်းရ၏။ အင်္ဂါနေ့တိုင်း ဝင်ဒါမီယာဝန်ကြီးချုပ် ဦးနု သတင်းစာရှင်းလင်းပွဲသို့တက်ရန် ပန်းဆိုးတန်း ပြန်ကြားရေးဌာနကြားရေးဝန်ရုံးမှ (သတင်းစာဆက်သွယ်ရေးအရာရှိ) ဦးဘသိန်း လာခေါ်သည့်ကားဖြင့် လိုက်ပါခဲ့ရသည်။ ထို့နောက် ခေတ်သစ္စာ၊ အိုးဝေ၊ အမျိုးသား၊ ဗိုလ်တထောင်သတင်းစာတိုက်များတွင် အယ်ဒီတာဖြစ်လာသည့်ချိန် သတင်းထောက်အသင်းရှိရာ မြို့တော်ခန်းမသို့ ကြိမ်ဖန်များစွာ ရောက်ရှိခဲ့သည်။ မိမိလုပ်ကိုင်ရာ သတင်းစာတိုက်မှ သတင်းထောက်များအား သွားတွေ့ဆုံပြီး သတင်းအစအန News Source များ ပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလက စာပေအဖွဲ့များကို စည်းရုံးကာ၊ တော်လှန်ရေးကောင်စီအစိုးရ၏ ကူညီမှုဖြင့် အမျိုးသားစာပေညီလာခံကြီး ကမ္ဘာအေးကုန်းမြေတွင် ကျင်းပရန် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးဆောင်စီစဉ်သည်။ ကျွန်တော်သည် ညီလာခံအမှုဆောင်များအဖွဲ့ဝင်ဖြစ်သကဲ့သို့ ညီလာခံသတင်းပြန်ကြားရေးကော်မတီတွင်လည်း ဆရာဦးထင်ဖတ်(မောင်ထင်)က ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ သတင်းထောက်အဆောင်သို့ ဆရာဦးသိန်းဖေမြင့်၊ ဒဂုန်တာရာ၊ ဆရာအောင်လင်း၊ စိန်ဝင်းမောင်ရိုး၊ ဆရာ ဦးထင်ဖတ်တို့နှင့်အတူ ညီလာခံသတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ရသည်။



၁၉၆၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စာပေအဖွဲ့အစည်းများ ၂၅ ဖွဲ့မျှ ကွဲပြားနေ၍ တစ်စုတည်းသော စာပေစာနယ်ဇင်းအဖွဲ့ချုပ်ကြီးအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီကြီးကို ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှာ ဆရာမင်းသုဝဏ်၊ အတွင်းရေးမှူးမှာ တက္ကသိုလ်ထင်ကြီးဖြစ်သည်။ ကော်မတီဝင်အဖြစ် ကျွန်တော်ပါခဲ့သည်။ စာပေလုပ်သားအဖွဲ့ကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းများရေးဆွဲပြီး ရန်ကုန်မြို့တော်ခန်းမ အပေါ်

ထပ်မံနှုန်းတွင် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့က ကျင်းပခဲ့ရာ ဆရာမင်းသုဝဏ်က သဘာပတိကြီး၊ ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ဆရာတက္ကသိုလ်ထပ်ကြီးက ရန်ကုန်တက္ကသိုလ်မှ စာပေလုပ်သားအဖွဲ့ဝင်များကို အဖွဲ့ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ ဖတ်ကြားရှင်းလင်းသည်။

ဗိုလ်ချုပ်ကြီးစန်းယု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း(၁၉၇၄)ခုနှစ်တွင် ရေးဆွဲပြီး ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်မှ ၃၁ ရက်အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူမည် ဖြစ်ရာ ဆရာမင်းသုဝဏ် ဦးဆောင်ကာ စာပေစာနယ်ဇင်းကော်မတီ၊ ရုပ်ရှင်၊ သဘင်၊ ပန်းချီ၊ ပန်းပုအဖွဲ့ချုပ်မှ ပါဝင်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆောင်ဖြင့်ရေး စုပေါင်းခရီးထွက်လှုံ့ဆော်ရေး အဖွဲ့ငယ် ၃၇ ဖွဲ့ ဖွဲ့စည်းပြီး မြို့နယ်တိုင်းသို့ဆင်းကာ အဆို၊ အက၊ အဟော၊ အပြောများဖြင့် လှုံ့ဆော်ရန် ပြင်ဆင်ကြသည်။ အနုပညာရှင်ပေါင်း နှံ့ လှုံ့ဆော်သည့်အကြောင်းများကို သတင်းစာရှင်းလင်းပွဲကြီးတစ်ခု ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က မြို့တော်ခန်းမ အပေါ်ထပ်တွင်ကျင်းပရာ ရုပ်ရှင်မှ ဒါရိုက်တာ ဦးညိုမှုက သဘာပတိ၊ ကျွန်တော် (စာပေလုပ်သား)က အခမ်းအနားမှူးလုပ်ခဲ့ရသည်။ ဤသို့ဖြင့် မြို့တော်ခန်းမသို့ ကျွန်တော် ကြိမ်ဖန်များစွာရောက်ခဲ့ရသည်။

ထို့မျှနှင့် မပြီးသေးပါ။ ၁၉၇၀ ပြည့်လွန်နှစ်ကျော်တွင် သက်ကြီးဝါကြီး စာရေးဆရာ သတင်းစာဆရာကြီးများကို ဝါဆိုလပြည့်နေ့ အခါသမယတွင် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ရာ နှစ်စဉ် ကျွန်တော်က ပုဇွန်တောင်မြို့နယ်မှ ကန်တော့ခံကြရသည့် ဒဂုန်ဦးလှဘော၊ ပျဉ်းမနား ဦးသန်းမောင်၊ ဦးဘထွန်း(ဘီအေ)၊ ဆရာကြီး မှန်းဆာဘာ၊ ဆရာမြို့မအုန်း၊ ဆရာ သခင်တို့အား မြို့တော်ခန်းမသို့ အကြိုအပို့တာဝန်ယူခဲ့ရ၍ မြို့တော်ခန်းမသို့ ရောက်ခဲ့ရသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းကလည်း ဝါဆိုလပြည့်နေ့ သက်ကြီးစာပေပညာရှင်ကြီးများ (အသက် ၈၀ နှင့်အထက်)တို့အား မြို့တော်ခန်းမတွင် ပူဇော်ကန်တော့ခဲ့ရာ ၂၀၀၆-၂၀၀၇-၂၀၀၈-၂၀၀၉ တို့တွင် တက်ရောက်ကန်တော့ခဲ့ရသည်။ ထို့မှ တစ်ဖန် ၂၀၁၀ ပြည့်နှစ်တွင် အသက် ၈၀ ပြည့်လာသော ကျွန်တော် ကန်တော့ခံ စာရင်းတွင် ပါဝင်ခဲ့သည်။ နှစ်စဉ် ကန်တော့ခံရသည့် စာရေးဆရာအဖြစ် ၁၀ ကြိမ် (၁၀)နှစ်၊ သတင်းစာဆရာအဖြစ် ငါးကြိမ် (၅)နှစ် ကန်တော့ခံခဲ့ရသည်။ မြို့တော်ခန်းမသည် ကျွန်တော်နှင့် မစေ့ကင်းမကျန်နိုင်သော ဈေး။

နှစ်စဉ် တန်ခူး(ဧပြီ)လ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်များတွင်လည်း မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန် သင်္ကြန် ကဏ္ဍပ်တွင် ပွဲကြည့်ပရိသတ်ပြည်သူများ အကြားမှ ကျွန်တော်လည်း ပါဝင်နေခဲ့ပါသည်။ မြို့တော်ခန်းမ အပေါ်ဆုံးထပ် ဆွေးနွေးဘုရားဆောင်ကြီးအခြမ်းတွင် အမျိုးသား စာကြည့်တိုက် ဖွင့်လှစ်စဉ်ကာလ ကျွန်တော်ရေးသားပြုစုနေသော ဘက်စုံ သတင်းစာပညာစာအုပ်တွင်ရေးရန် မင်းတုန်းမင်းကြီး၏ ရတနာပုံသတင်းစာတိုက်ရှိ ဥပဒေမူရင်းကိုကူးယူရန် ရောက်ခဲ့ရဖူးသည်ကိုလည်း မမေ့ပါခင်ဗျား။ ။

တက္ကသိုလ်မြတ်သူ





# ဓာတ်သဘောမျှသာ

သက်မှု


စာရေးသူသည် လူ့ခန္ဓာကိုယ်တွင် ဓာတ်ကြီးလေးပါးသာရှိကြောင်း ဗုဒ္ဓတရားတော်မှာ ဖတ်ရှု၍ သိမှတ်ခဲ့သလို အက်တမ်၊ အနုမြူတွေ့ရှိလည်း ယင်းဓာတ်လေးပါးသာရှိကြောင်း သိခဲ့ရ၏။


၎င်းဓာတ်လေးပါးသည် ပထဝီ (မြေ)၊ တေဇော(မီး)၊ အာပေါ(ရေ)၊ ဝါယော (လေ)တို့ဖြစ်ကြောင်း ဗုဒ္ဓဘာသာတွေအပြင် လူ့အတော်များများလည်း ကနေ့အချိန်၌ သိနေကြပေပြီ။

စာရေးသူအနေဖြင့် ကျယ်ပြန့်သော အဘိဓမ္မာတရားကို ရှင်းလင်းစွာ နားမလည်သောလင့်ကစား သိပ္ပံအယူအဆတို့က ထောက်ခံထားသော အချက်များကို ဖတ်မိသမျှထဲမှ ကူးယူဖော်ပြခြင်းသာဖြစ်သည်။ အမှန်တိုင်းဝန်ခံရလျှင် မြတ်စွာဘုရားရှင်၏ အနန္တသဘောကို ထင်ရှားစေလို၍လည်းဖြစ်၏။

တရားမေးမှုကို အားထုတ်သော ယောဂီတွေအတွက် ဆင်ခြင်ညာဏ်ပြူစရာ(သို့) နှလုံးသွင်းမှု ပို၍တည့်မတ်နိုင်ပေမည်ဟု ယူဆမိတာလည်းပါ၏။

ရုပ်နာမ်တို့သည် မမြဲ၊ ဖောက်လွဲ ဖောက်ပြန်တတ်သည့် အနိစ္စလက္ခဏာ သွယ်သဘောသဘောဆောင်နေခြင်းကို ရှုပိုင်းဆိုင်ရာ အမြင်ဖြင့် တင်ပြခြင်းသာဖြစ်သည်။ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွားအတွက် (ဝါ) သံသရာအတွက်ရည်ရွယ်၍ ဟောဖော်ညွှန်ကြားခဲ့မှုကြောင့် စာရေးသူ ယခုတင်ပြသော အကြောင်းအရာတို့သည် ယောဂီတို့အတွက် နှမ်းတစ်စေ့မျှ အကျိုးဖြစ်ခဲ့လျှင် ရေးရကျိုးနပ်ပြီဟု ယူဆမိပေသည်။





**ခန္ဓာကိုယ်ကို ရေ၊ ကာဗွန် (Carbon)၊ လက်တစ်ဆုပ်စာရှိသည့် ဓာတုဖြပ်စင်တွေနှင့် ဖွဲ့စည်းထားပေသည်။ လူ့ခန္ဓာကိုယ်ကို ဇလုံတစ်ခုထဲ ဓာတုဖြပ်စင် ၁၃ ခုထည့်ပြီး တည်ဆောက်၍ရသည်ဆိုစေ။ စာဖတ်သူ မအံ့ဩပါနှင့်။**

စာရေးသူတို့ လူ့ခန္ဓာကိုယ်တွင် သိပ္ပံနည်းအရ ဓာတ်(၁၃)ပါးသာရှိကြောင်း စာရေးဆရာ ဖျော်လင့်ချက်(ဆေး-၂)၏ သင်သိထားသင့်သော သင့်ခန္ဓာကိုယ် အကြောင်း ရွှေခြောက်ချက်စာအုပ် ဖတ်မိမှသိရ၏။

နိုင်ငံခြားတွင်ပါသော စာညွှန်းတစ်ခုတွင် 'ဒီစာအုပ်ဟာ ခန္ဓာဇီဝကမ္မဗေဒ (Anatomy and physiology) ကို ရှေ့နောက်တင်ပြထားတော့ ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်အပေါ်အထင် ဆေးပညာနဲ့ နီးစပ်ဆက်ဆိုင်တဲ့ တက္ကသိုလ်တွေအားလုံးမှာ သင်ရိုးညွှန်းတမ်းအနေနဲ့ ပါဝင်ပြီးသားပဲ ဖြစ်ပါတယ်'ဟူ၏။

ယင်းကြောင့် ယခုတင်ပြသော အကြောင်းအရာများသည် စာရေးဆရာက စကားပြောဖြင့် ရေးသားတင်ပြခြင်းကို စာရေးသူက စကားပြေဖြင့် စာဖတ်သူတွေအား တင်ပြလိုပေသည်။

အကြောင်းမှ စာရေးသူက ကူးယူ ဖော်ပြခြင်းဖြစ်၍ ဆောင်းပါးထဲ၌ စကားပြေ၊ စကားပြော ရောနှောနေက စာဖတ်သူများ ဖတ်မကောင်းဖြစ်မှာစိုးသောကြောင့် တစ်ခါတည်း စကားပြေဖြင့် ဖော်ပြခြင်း ဖြစ်ပေသည်။ သို့မှသာလည်း ဖတ်ရတာ စာမထောက်တော့ဘဲ ချောမွေ့ပြေပြစ်သွားပေမည်။

ကနဦးအနေဖြင့် တင်ပြရလျှင် စာရေးသူတို့ ခန္ဓာကိုယ်ကို ရေ၊ ကာဗွန် (Carbon)၊ လက်တစ်ဆုပ်စာရှိသည့် ဓာတုဖြပ်စင်တွေနှင့် ဖွဲ့စည်းထားပေသည်။ လူ့ခန္ဓာကိုယ်ကို ဇလုံတစ်ခုထဲ ဓာတုဖြပ်စင် ၁၃ ခုထည့်ပြီး တည်ဆောက်၍ရသည်ဆိုစေ။ စာဖတ်သူ မအံ့ဩပါနှင့်။ မှန်ပေ၏။ ကြမ်းပိုးကလေး၏ လေလည်ပါးအထိ ဤဖြပ်စင် ၁၃ ခုအထက် မပိုဟုသိရ၏။

**၁။ ၆၅ ရာခိုင်နှုန်း အောက်ဆီဂျင်**
(65% Oxygen)

ခန္ဓာကိုယ်၏ သုံးပုံနှစ်ပုံကို အောက်ဆီဂျင်နှင့် ဖွဲ့စည်းထားပြီး ရေအဖြစ်နှင့် တည်ရှိနေ၏။ အသက်ရှူသွင်းလိုက်သော လေထဲမှာလည်း အောက်ဆီဂျင်ပါဝင်၏။

**၂။ ၁၈ ရာခိုင်နှုန်း ကာဗွန်**
(18% Carbon)

ငါးပုံတစ်ပုံခန့်ကို ကာဗွန်ဖြင့်ဖွဲ့လုပ်ထား၏။ ကျောက်မီးသွေး၊ စိန်၊ ခဲတံ စသည်တို့သည် ကာဗွန်တွေနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကာဗွန်အက်တမ် (Carbon Atoms) တွေသည် သံကွင်း ဆက်တွေကဲ့သို့ ဖရိန်လိုက်၊ ဖရိန်လိုက် ရှိနေကြပြီး ခန္ဓာကိုယ်မော်လီကျူးတွေကို ကျောရိုးခံ တည်ဆောက်ပေးထားသည်။


**၃။ ၁၀ ရာခိုင်နှုန်း ဟိုက်ဒရိုဂျင်**
(10% Hydrogen)

စကြဝဠာ၌ ဟိုက်ဒရိုဂျင်ဖြပ်စင်သည် အပေါများဆုံးဖြစ်၏။ အသေးငယ်ဆုံး အက်တမ်သည်ဖြစ်၏။ ဟိုက်ဒရိုဂျင်သည် နံရံတွေကို ဖြတ်သန်းနိုင်စွမ်းရှိ၏။ ရေပေါ်မှာပေါ်၏။ လေထက်ပေါ့၏။

ဤသို့ကြောင့် ပွဲဈေး၊ ဈေးနေ၊ ပျော်ပွဲရွှင်ပွဲတွေမှာ တွေ့နေရသော မိုးပျံပူဖောင်းတွေသည် ဟိုက်ဒရိုဂျင်ဖြပ်စင် ထည့်သွင်းထားသောကြောင့် လေပေါ်တက်ခြင်းဖြစ်သည်။

**၄။ ၃ ရာခိုင်နှုန်း နိုက်ထရိုဂျင်**
(3% Nitrogen)

အပင်နှင့် မြေသြဇာတွေသည် နိုက်ထရိုဂျင်ဖြစ်၏။ ဆိတ်တစ်လုံးထဲမှာပါသော နိုက်ထရိုဂျင်သည် လူ့ခန္ဓာကိုယ်မှာရှိသော နိုက်ထရိုဂျင်နှင့် ပမာဏအနီးစပ်ဆုံး တူညီ၏။ ကြွက်သားတွေမှာ အဓိကဖွဲ့စည်းထားသော ဖြပ်စင်သည် နိုက်ထရိုဂျင်ဖြစ်၏။



လေထဲမှာ ပေါ်များစွာရှိနေသောအရာသည် နိုက်ထရိုဂျင်ဖြစ်သည်။

**၅။ ၁ ရာခိုင်နှုန်း ဖော့စ်ဖရပ်**

**(1% Phosphorus)**

မီးခြစ်ဆံမီးညှိရန် ထိပ်မှာခံထားသော ပန်းရောင်အမှုန်လေးတွေသည် မီးစုန်းဓာတ်ဖြစ်၏။ မီးလောင်စေသည့် အစိတ်အပိုင်းဖြစ်သည်။ ခန္ဓာကိုယ်တွင် သွားနှင့်အရိုးတွေ သန်မာနေအောင် ဤဖြပ်စင်က အားဖြည့်တည်ဆောက်ထား၏။

ဆဲလ်တွေ၏ နံရံဖြစ်အောင်လည်း တည်ဆောက်ပုံဖိုပေးထား၏။ စွမ်းအင်တွေသယ်ပို့ရာတွင်ကူညီပေး၏။

**၆။ ၀.၃၅ ရာခိုင်နှုန်း ပိုတက်စီယမ် (0.35% Potassium)**

ဓာတုအရည်တွေ ခန္ဓာကိုယ်ထဲမှာ ဟန်ချက်ညီနေအောင် ထိန်းညှိပေး၏။ ငှက်ပျောသီးသည် ပိုတက်စီယမ်များစွာပါဝင်လေသည်။

**၇။ ၀.၁၅ ရာခိုင်နှုန်း ကလိုရင်း**

**(0.15% Chlorine)**

အစိမ်းရောင်ဓာတ်ငွေ့ ဖြစ်၏။ သေစေနိုင်သည့် ဓာတ်ငွေ့ဖြစ်ပေသည်။ အစွန်းရောက် ဆေးတွေ၌ အသုံးပြု၏။ ခန္ဓာကိုယ်ထဲတွင် ဆိုဒီယမ်နှင့်ပေါင်းပြီး ဆားအဖြစ် တည်ရှိနေသည်။

**၈။ ၀.၁၅ ရာခိုင်နှုန်း ဆိုဒီယမ်**

**(0.15% Sodium)**

ဆားထဲမှာပါသည့်ဓာတ်သည် ဆိုဒီယမ်ဖြစ်၏။ ပင်လယ်ရေ၏ ငန်နှုန်းအတိုင်း ခန္ဓာကိုယ်ထဲက အရည်တွေကို ဤဆား အငန်နှုန်းအတိုင်း ကူညီပေး၏။

**၉။ ၀.၀၅ ရာခိုင်နှုန်း မဂ္ဂနီဆီယမ်**


**(0.05% Magnesium)**

ဂလေဟဆော်ရာ၌ မီးပွင့်၏။ အဖြူရောင်မီးပွင့်တွေ ပွင့်၏။ ထိုအရာတွေသည် မဂ္ဂနီဆီယမ် အမှုန့်ဖြစ်လာ၍ဖြစ်သည်။ ခန္ဓာကိုယ်ထဲမှာ မဂ္ဂနီဆီယမ်သည် ကိုယ်ခံအားစနစ် ကောင်းမွန်ဖို့အတွက် အထောက်အပံ့ပြု၏။ အာရုံကြောတွေ အလုပ်လုပ်ဖို့ ကူညီ၏။ ကြွက်သားတွေကျုံ့ဖို့ ကူညီ၏။

**၁၀။ ၀.၂၅ ရာခိုင်နှုန်း ဆာလဖာ**

**(0.25% Sulphur)**

အသားဓာတ် (Protein) တွေ တည်ဆောက်ဖို့ စည်းရာ၌ မပါမဖြစ်သော



ဖြစ်စဉ်ဖြစ်သည်။ သွေးခဲဆေးဖို့လည်း ကူညီ၏။ ကြက်ဥပုပ်နံ့ ချေးခြင်းပုပ်နံ့တို့သည် ထိုဆာလဖာဓာတ်ငွေ့၏ အနံ့များဖြစ်ပေသည်။

**၁၁။ ၁.၆ ရာခိုင်နှုန်း ကယ်လ်ဆီယမ်**

**(1.6% Calcium)**

ပင်လယ်ရေ၊ ပင်လယ်ကကောင်းစသည်တို့၏ အခွံတွေသည် ကယ်လ်ဆီယမ် အဓိကပါဝင်သည်။ ဓာတ်တိုဓာတ်၊ ကြွပ်ဆတ်ဆတ်ဖြစ်စေဖြစ်၏။ အရိုး၊ သွား စသည်တို့ တည်ဆောက်ရာ၌ ပါဝင်၏။ နှလုံးခုန်နေဖို့ ကြွက်သားတွေ အလုပ်လုပ်နိုင်ဖို့ ကယ်လ်ဆီယမ်ဓာတ် လိုအပ်ပေသည်။

**၁၂။ ၀.၀၀၈ ရာခိုင်နှုန်း သံဓာတ်**

**(0.008% Iron)**

သံဓာတ်သည် အပြင်၌ သံချောင်း အနေဖြင့် တည်ရှိ၏။ ခန္ဓာကိုယ်ထဲတွင် နီရဲနေ၏။ သွေးသည် သံဓာတ်ကြောင့် နီရဲနေခြင်းဖြစ်သည်။ သွေးချည်းဆိုလျှင် မနီပေ။ သံဓာတ်သည် အောက်ဆီဂျင်နှင့်ပေါင်းလျှင် နီ၏။ ယင်းကြောင့် သွေးသည် ရဲရဲနီ နီခြင်းဖြစ်ပေသည်။

သံချောင်း၊ သံတွေ ခရမ်းထိ၍ သံချေးတက်လျှင်လည်း နီနေသည်ကိုတွေ့ရပေလိမ့်မည်။

**၁၃။ ၀.၀၀၀၀၄ ရာခိုင်နှုန်း အိုင်အိုဒင်း**

**(0.00004% Iodine)**

အလွန်နည်းပါးသော ဓာတ်သာ ရှိ၏။ သို့တစေ သည်ဓာတ် မရှိလျှင်တောင် သေစေနိုင်ပေသည်။ အိုင်အိုဒင်း ပါသည့်ဆားကို စားသုံးခြင်းဖြင့် လည်ပင်းကြီးရောဂါကို ကာကွယ်နိုင်ပေသည်။

ဖြည့်စုံသည့် ခန္ဓာကစ်ခု ဖြစ်ဖို့ အခြားဖြပ်စင် တချို့တလေလည်း လိုအပ်ပေသည်။

ကော့ပါး(Copper)၊ ဇင့်(Zinc)၊ မဂ္ဂနိစ်(Manganese)၊ ကိုဘော့ (Cobalt)၊ လစ်သီယမ်(Lithium)၊ စထရွန်တီယမ်(Strontium)၊ အလူမီနီယမ် (Aluminium)၊ ဆီလီကွန်(Silicon)၊ ခဲဓာတ် (Lead)နှင့် အာဆင်းနစ်(Arsenic)စသည်တို့သည်လည်း မပြောပလောက်သည့် (မရှိမဖြစ်၊ မပါမဖြစ်) ဓာတ်သားတွေ ပါဝင်နေကြ

**ကျောက်တုံးတစ်တုံးကဲ့သို့ မာကျောပြီး အသက်မဲ့သည့် ဆဲလ်တွေဟုထင်ရ၏။**
**အမှန်တွင် အရိုးဆဲလ်တွေသည် သက်ရှိဆဲလ်တွေ ဖြစ်ပေသည်။**
**ဆဲလ်တွေသည် ကယ်လ်ဆီယမ်၊ ဖော့စ်ဖိတ် စသည်တို့နှင့် ဝန်းရံထားကြပြီး...**

ပေသည်။ ယူရေနီယံဓာတ် (Uranium) သည် ပုံမှန်လူတစ်ယောက်၌ ၉၀ မိုက်ခရိုဂရမ် (Micrograms) ပါဝင်ပေသည်။

**ဆဲလ် (Cells)**

အထက်မှာ ဖော်ပြခဲ့သည့် ဒြပ်စင်အဓိက ၁၃ မျိုးအပြင် အခြေခံအစိတ်အပိုင်းဖြစ်သည့် (Cells) တွေ လိုအပ်ပါသေးသည်။ အတုံးအတုံးလေးတွေ လက်ချင်းယှက်ထားသောကဲ့သို့ သေသပ်စွာပဲ့ စည်းထားပေသည်။ ဆဲလ် (Cells) အဓိက ၄မျိုးရှိ၏။ ယင်းမှာ–

**၁။ အဆီဆဲလ် (Fat Cells)**


ပူစီဖောင်းလေးတွေလိုပင် အဆီလေးတွေ စုနေပေသည်။ ၎င်းတို့သည် အလိုလိုနေရင်း မပွားများတတ်ပေ။ သို့သော် အဆီတွေများလာလျှင် ပူဖောင်းကြီးဖောင်းသလို ဤဆဲလ်လေးတွေသည် ဖောင်းကားလာပါတော့သည်။

**၂။ သွေးဆဲလ် (Blood Cells)**

ခန္ဓာကိုယ်ဆဲလ်တွေအားလုံး၏ ထက်ဝက်ခန့်သည် သွေးဆဲလ်တွေဖြစ်ပေသည်။ သွေးဆဲလ်တွေသည် ခန္ဓာကိုယ် အနှံ့ အောက်ဆီဂျင်သယ်ပို့ပေး၏။ သို့နှင့် အသက်ကိုဆက်လက်ရှင်သန်စေသည်။

တစ်စက္ကန့် တစ်စက္ကန့်တိုင်း၌ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၊ သင့်၏ ခန္ဓာကိုယ်တို့မှ သွေးဆဲလ်အရေအတွက် နှစ်သန်း တိုးတိုးလာနေပေသည်။ တစ်ချိန်တည်းမှာပဲ သွေးဆဲလ်အဟောင်းတွေလည်း ပျက်စီးဆုံးရှုံးနေပေသည်။

**၃။ အာရုံကြောဆဲလ် (Nerve Cells)**



အာရုံကြောတွေသည် ခန္ဓာကိုယ်၌ ဝါယာကြိုးတွေလိုဖြစ်၏။ လျှပ်စစ်လှိုင်းတွေကို ဝါယာကြိုးတွေ သယ်ပို့ပေးသလို၊ ခန္ဓာကိုယ်၏ အတွေ့အထိ၊ အပူအအေး အငန်အစပ်၊ အနာအကျင် စသည်တို့ကို အာရုံကြောတွေက သယ်ပို့ပေး၏။ သန်းတစ်သိန်းလောက်ရှိသည့် အာရုံကြောဆဲလ်တွေ ဦးနှောက်ထဲမှာရှိ၏။

**၄။ အရိုးဆဲလ် (Bone Cells)**

ကျောက်တုံးတစ်တုံးကဲ့သို့ မာကျောပြီး အသက်မဲ့သည့် ဆဲလ်တွေဟုထင်ရ၏။ အမှန်တွင် အရိုးဆဲလ်တွေသည် သက်ရှိဆဲလ်တွေ ဖြစ်ပေသည်။ ဆဲလ်တွေသည် ကယ်လ်ဆီယမ်၊ ဖော့စ်ဖိတ် စသည်တို့နှင့် ဝန်းရံထားကြပြီး အရိုးကို မာကျောကျစ်လျစ်အောင် ပြုလုပ်ပေးထားခြင်းဖြစ်သည်။

၎င်းတို့သည် အဓိကဆဲလ်လေးမျိုး ဖြစ်၏။ တခြားဆဲလ်တွေလည်း ရှိပါသေးသည်။ ယင်းတို့မှာ–

**မျက်လုံးဆဲလ်**

မျက်လုံးနောက်မှာရှိသော ဆဲလ်တွေသည် အလင်းကို အာရုံခံပေးပြီး မျက်စိကို မြင်စေ၏။

**မျိုးပွားဆဲလ်**

သုက်ကောင်ဟုခေါ်၏။ အမျိုးသားတွေထဲမှာပဲရှိပြီး အမျိုးသမီးဆီက မျိုးဥနှင့်ပေါင်းစပ်ပြီး သန္ဓေသားကို ဖြစ်ပေါ်စေပေသည်။ (ကလေးဖြစ်လာစေသည်။)

**အရေပြားဆဲလ်**

အထပ်အထပ်တွေနှင့် ဤဆဲလ်တွေသည် အရေပြားဆဲလ်တွေ ဖြစ်ပေသည်။ ပြင်ပကမ္ဘာက ရက်စက်ကြမ်းကြုတ်သည့် ပိုးမွှားတွေ၊ ဘက်တီးရီးယားတွေ၊ ဓမြာတုစေ ထုတွေ၏ ရန်ကာနေ အရေပြားက ခန္ဓာ



Brown fat cell    Beige fat cell    White fat cell

**သင့်ကို မြေမြှုပ်လျှင် သင့်ခန္ဓာကိုယ်၏ အရိုးကလွဲပြီး ကျန်သည့်အရာအားလုံးကို ဘက်တီးရီးယားတွေနှင့် ပိုးကောင်တွေက စားပစ်ကြပေမည်။ စားလိုက်သည့် အများစုက ကာဗွန်ဒိုင်အောက်ဆိုဒ်ဖြစ်သွားပြီး ကျန်တာတွေသည်....**

ကိုယ်ကို ကာကွယ်ပေးရသည်။

**သွေးဖြူဥဆဲလ်**

သွေးဖြူဥဖြစ်၏။ လှုပ်ရှားနေသော တပ်သားလည်းဖြစ်သည်။ ပြင်ပက ရောက်လာသော ရောဂါပိုးမွှားတွေကို တိုက်ထုတ်ပေး၏။ သုတ်သင်ဖယ်ရှားပေး၏။

**ဂေါ်ဘလက်ဆဲလ်**

နှာခေါင်းနှင့် အူနံရံတစ်လျှောက်မှာ ရှိနေကြ၏။ အချွဲအချွဲကဲ့သို့ ချောမွေ့ပြောင်းသော ဆဲလ်ဖြစ်သည်။

ယောဂီများ အထက်ပါအကြောင်းအရာတို့ကိုဖတ်ပြီး စဉ်းစားကြည့်လျှင် ငါ သဘော(သို့) အတ္တသဘောကို မတွေ့သည်မှာ ထင်ရှားလှ၏။ တစ်ခါန် Facebook တွင် ဖတ်ရသော ရူပဗေဒပညာရှင်တစ်ယောက်၏ ခန္ဓာကိုယ်အား သုံးသပ်ချက်နှင့် ဖြင် ပုံကို တင်ပြလိုပေသည်။ (Quara မှ Dave Consiglio ၏ "What Happens to Our Atoms When We Die" ဆိုသော မေးခွန်းအတွက် အဖြေကိုဆီလျော်အောင် ပြန်ဆိုထားခြင်းဟု သိရ)

Facebook တွင် ဖတ်ရသည်မှာလည်း ကဗျာဖြင့် ရေးသားထားခြင်း သဖြင့် ရှေ့နောက်စဉ်ဆက် ဖတ်၍ကောင်းစေရန် စကားပြေဖြင့် ဆက်လက်ရေးသား ဖော်ပြလိုက်ရပေသည်။

သင်သည် ထွေးထွေးလေးပဲ ရှိနေမှာဖြစ်၏။ သင်၏ခန္ဓာကိုယ်ထဲက အက်တမ်အများစုသည် ထာဝရတည်ရှိနေမှာ ဖြစ်သည်။ သင်သေသွားသည့်အခါ ဘာတွေဆက်ဖြစ်မလဲ စော်ကြည့်ကြပါစို့။

သင်သေသွားသောအခါ ဖြစ်နိုင်ချေသည် နှစ်ချက်ရှိသည်။ ပထမချက်က သင့်ကို မြေမြှုပ်မည်။ နောက်တစ်ချက်က မီးသဂြိုဟ်မည်။ ကျန်သည့်အရာတွေသည် ခွဲခြမ်းစိတ်ဖြာ နည်းလမ်းများစွာ ရှိလင့်ကစား အခြေခံရသည်ဟု ဆိုရပေမည်။

သင့်ကို မြေမြှုပ်လျှင် သင့်ခန္ဓာကိုယ်၏ အရိုးကလွဲပြီး ကျန်သည့်အရာအားလုံးကို ဘက်တီးရီးယားတွေနှင့် ပိုးကောင်တွေက စားပစ်ကြပေမည်။ စားလိုက်သည့် အများစုက ကာဗွန်ဒိုင်အောက်ဆိုဒ်ဖြစ်သွားပြီး ကျန်တာတွေသည် ထိုထိုသတ္တဝါတွေ၏ ခန္ဓာကိုယ်တွေ သို့မဟုတ် သူတို့ ကလေးတွေ၏ ခန္ဓာကိုယ်တွေ ဆက်ဖြစ်ပါလိမ့်မည်။


အကယ်၍ သင့်ကို မီးသဂြိုဟ်လျှင်တော့ သင့်ခန္ဓာကိုယ်က အောက်ဆီဂျင်နှင့် ဓာတ်ပြုလောင်ကျွမ်းပြီး အများအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ရေ၊ နိုက်ထရိုဂျင်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်တွေ ဖြစ်သွားပေမည်။

မည်သို့ပင်ဖြစ်စေကာမူ ရေရှည်ကျလျှင် ဤဓာတုပစ္စည်းတွေသည် ကမ္ဘာကြီး၏ ဇီဝစက်ဝန်းထဲသို့ ရောက်သွားမှာအမှန်ပင်။ သင်သည် အခြားသတ္တဝါတွေအတွက် အစာဖြစ်သွားပါလိမ့်မည်။


သင်၏ အရိုးတွေပင် ဤလမ်းကိုပဲ လိုက်ရမှာဖြစ်သည်။ အရိုးတွေကတော့ ပိုပြီးကြာကြာခံနိုင်၏။ အရိုးတွေထဲက ကယ်လ်စီယမ်၏ ဓာတုဖွဲ့စည်းမှုတွေသည် တဖြည်းဖြည်းနှင့် အပင်တွေဆီ ရောက်သွားပေလိမ့်မည်။

တစ်ချိန်ချိန်၌ ယင်းအပင်တွေကို တိရစ္ဆာန်က စားပေလိမ့်မည်။ ထိုတိရစ္ဆာန်တွေ သေသည့်အခါမှာလည်း သူတို့ကို ကျန်သည့်အပင်တွေနှင့် သတ္တဝါတွေက ထပ်စားပေလိမ့်မည်။

ဤသို့နှင့် ဇီဝစက်ဝန်းသည် မရပ်မနား လည်ပတ်နေပေသည်။ နှစ်ပေါင်း



## သတ္တဝါတို့သည် မမြဲခြင်းသဘောကို အဝိဇ္ဇာ အမှောင်ဖုံးနေသဖြင့် ငါ၊ သူတစ်ပါးရှိသည် ထင်နေပုံကို ဤအချက်တွေက သက်သေခံ၍ မမြဲခြင်းသဘော ဓာတ်သဘောမျှသာ...




များစွာ ကြာသောအခါ၌ ကနေ့ သင့်ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသည့် အက်တမ်တွေထဲက အင်မတန်သေးငယ်သော ဝမ်းထသည် သင်ကဖေ့ ဆင်းသက်လာသည့် နောင်မျိုးဆက်တွေ၏ မနက်စာထဲ၌ ပါနေနိုင်ပေသည်။

ယင်းကြောင့် သင်က အသက်မရှိတော့ပေမယ့် စီဝဇက်ဝန်းထဲမှာ ဆက်လက်ရှင်သန်နေမှာကတော့ အမှန်ပင်။ ချွင်းချက်အနေဖြင့် ရေဒီယိုသတ္တိကြွဖြစ်စဉ်တွေရှိ၏။ ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲ၌ ထိုသို့သော ဖြစ်စဉ်အနည်းစုပဲရှိ၏။ သို့သော် သူတို့သည် ရေဒီယိုသတ္တိကြွမှုကြောင့် အခြားဖြစ်စဉ်တွေအဖြစ်ကို ပြောင်းလဲသွားပေမည်။

ထိုသို့ ပြောင်းလဲပြီးမှ စီဝဇက်ဝန်းထဲကို ဝင်ရောက်မှာဖြစ်၏။ ဥပမာ– ရေဒီယိုသတ္တိကြွ ပိုတက်ဆီယမ်သည် ကယ်လ်ဆီယမ်အဖြစ် ပြောင်းပေးလိမ့်မည်။ အင်မတန်နည်းပါးသည့် ထိုရီယမ်နှင့် ယူရေနီယမ်တွေက ခဲဖြစ်သွားပေလိမ့်မည်။

ဤသို့ ရေဒီယိုသတ္တိကြွဖြစ်ရာကနေ ပြောင်းလဲဖြစ်ပေါ်လာသော ဖြစ်စဉ်အများစုသည် ကမ္ဘာပေါ်မှာပဲ ဆက်ရှိနေပေလိမ့်မည်။



တစ်ဖန် ဤကဲ့သို့ပြောင်းလဲရာမှ နောက်ဆုံးအဆင့်၌ ဟီလီယမ်အက်တမ်တွေ ဖြစ်လာပေမည်။ ကမ္ဘာကြီး၏ ဆွဲငင်အားသည် အင်မတန်ပေါ့ပါးသည့် ဟီလီယမ်ကို ထိန်းထားနိုင်လောက်အောင် အားမကောင်းပေ။ သို့ဖြစ်ရာ တစ်ချိန်က သင်ဖြစ်ခဲ့ဖူးသည့် ဟီလီယမ်အက်တမ်တွေသည် အာကာသထဲကို လွင့်မျောသွားပေလိမ့်မည်။

ထိုအထဲမှ တချို့တလေကို နေနှင့် ကြာသပဒေးဂြိုဟ်၊ ဂျူပီတာက ဆွဲငင်ဖမ်းယူထားပေလိမ့်မည်။ အနည်းစုကတော့ နေစကြာဝဠာကနေ လွတ်မြောက်ပြီး အခြားကြယ်တွေဆီကို မျောသွားပေလိမ့်မည်။

သင်သေသွားသည့်အခါ သင်၏ အက်တမ်တွေသည် အင်မတန်စိတ်လှုပ်ရှားစရာကောင်းသည့် ဘဝခရီးကို ဆက်လက်တွေ့ကြုံနေကြပေလိမ့်မည်ဟူ၏။

အထက်ဖော်ပြပါ အကြောင်းအရာများသည် တရားသဘောဖြင့် ဆင်ခြင်ကြည့်ပါက မြတ်စွာဘုရားရှင်ဟောသော အနတ္တသဘောကို ပိုမိုထင်ရှားစွာ မြင်လာနိုင်မည်ဟု ယုံကြည်မိပေသည်။ သို့ဖြင့် သတ္တဝါတို့သည် မမြဲခြင်းသဘောကို အဝိဇ္ဇာ အမှောင်ဖုံးနေသဖြင့် ငါ၊ သူတစ်ပါး ရှိသည် ထင်နေပုံကို ဤအချက်တွေက သက်သေခံ၍ မမြဲခြင်းသဘော ဓာတ်သဘောမျှသာ ဖြစ်တည်နေပုံကို မီးမောင်းထိုးပြလျက်နေ၏။

ဤအရာသည် ရုပ်ပိုင်းဆိုင်ရာ အမြင်ဖြစ်၏။ ရုပ်နာမ်တို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ ဖြစ်ပျက်နေခြင်းကို ယောဂီတို့အနေဖြင့် သိမှုနှင့်ယှဉ်ထိုး၍ ပိုမိုရှုမြင်တတ်လာခဲ့လျှင် စာရေးသူအနေဖြင့် ရေးရကျိုးနပ်ပြီဟု ယူဆမိရင်း.....။

**နတ် မဟာဝိတာ ကယိရာ**

**သက်ပွ**


အထင်နှင့် အမြင်သည် မြောက်ယဉ်ရွှန်းတန်းနှင့် တောင်ယဉ်ရွှန်းလို ခြားပါသည်ဟု တချို့ကပြောသည်။ တချို့ကတော့ နံရံတစ်ချပ်သာခြားပါသည်ဟု ဆိုသည်။ နံရံဆိုရာ၌ နှင်းမြူလွှာလို ပါးလွှာသော နံရံ၊ အုတ်တံတိုင်းလို ထူထဲသော နံရံ၊ ဘယ်နံရံဖြစ်မှာလဲဆိုသော အဖြေကို ဆွေးနွေးကြ ရင်း.....ရွှေ့လာတာ ယဉ်ရွှန်းတန်းနှစ်ခုလို ဝေးကွာတာ လည်း ဖြစ်နိုင်သည်ဟု မိမိကိုယ် တွေ့ဖြင့် မှတ်ချက်ပြုသည်။

• • • • •

ဝတ္ထုတို

# ဘေးမြစ်သွာ

ပွင့်ချက်စွဲ လေရိုင်း



စိန်ပန်းပွင့်နီနီရဲရဲတွေ ကြွေလွင့်၍ အမိုးပတ်လမ်း ရွှေမင်းမည်းမည်းပေါ်မှ အနီအနက်အကွက်ဖော်ထားသလို ပန်းချီကားတစ်ချပ် ဖြစ်နေသည်။ စိမ်းစိုသော ရေတမာပင်များနှင့် ရွက်သစ်ဝေလာသော ပိတောက်ကိုင်းနွဲ့နွဲ့တွေကလည်း ထိုပန်းချီကားကို ဖြည့်စွက်သည်။ ပန်းချီကားမှာ မမြင်ရသော လေရိုင်းတွေက စိန်ပန်းပွင့်တို့ကို ဆွဲဖွာလွင့်ကြွေစေ၍ ပိတောက်ကိုင်း၊ ရေတမာပင်ကိုင်းများကို ယိမ်းနွဲ့စေသည်။

စိတ်အတွေးတွေကလည်း မိုးနှင့်အတူစွေ၍ လေနှင့်အတူ ပြေးနေသည်။

"ဓွတ္တလားဟင်...ဓွတ္တလို့ ထင်လို့ဗျာ"

အနည်းငယ် စိုသွားပြီဖြစ်ပြီး မိုးဖွဲမှုန်လေးကျသော ကြိုပြန့်နေသဖြင့် အဖွဲ့ယူ ဖောင်မယ်လေးတွေ ဟိုမှာသည်မှာ ဓာတ်ပုံရိုက်ဖို့ ဆင်းအသွားမှာ လူတစ်ယောက်က ရှေ့မှာလာရပ်ပေါ်လိုက်သဖြင့် ခြေလှမ်းတန့်သွားမိသည်။

မြေတောက်ဖြူဖြူညာနံ့သနံ့ကို ကျော်ပါအနက်ရောင်ဖိနပ်လေးက ပေါ်လွင်စေပြီး ပိုးတွဲရွှေရောင်ပုဆိုး၊ တိုက်ပုံအဖြူကြားကြိုင် အလှန်သင်ရှိသားနားသော ပုဂ္ဂိုလ်ကို ယောင်အမ်းအမ်းငေးကြည့်နေမိသည်။ အသားလတ်လတ်၊ ထူထဲသော မျက်ခုံးနှင့် မျက်တောင်ထူထူကို ရွှေရောင်ကိုင်းမျက်မှန်အောက်မှာ မြင်ရသည်။ နှုတ်ခမ်းသားမှ မွှဲကလေးက ထင်ထင်ရှားရှား။ ပိုးပိုးဝါးဝါးမှ တဖြည်းဖြည်းထင်းလာသည်။

မိုးသားကြည်စင်သော မျက်လုံးအကြည်၊ အေးချမ်းနွေးထွေးရွှမ်းယ် အပြုံးတွေက လွန်ခဲ့သော နှစ်လေးဆယ်လောက်က အတိုင်းပါပဲ၊ လုံးဝမပြောင်းလဲ။

"ဟို...ကိုမင်းထိုက်...ဟုတ်တယ်နော်"

အားရပါးရ ပြုံးရယ်လိုက်သော



အခါ ပါးအစင်းကြောင်းများက ပိုသိသာစေသည်။

"ကျွန်တော်က ဓွတ္တကို မြင်မြင်ချင်း မှတ်မိတယ်၊ မှုက မိုးတွေရွာနေတုန်း ငေးနေတဲ့မျက်လုံးအကြည့်တွေကိုလေ"

နှစ်ယောက်သား မှင်လင်းစွာရယ်မိလိုက်သည်။ တစ်ချိန်က ရင်းနှီးခင်မင်ခဲ့ကြသည်လေ။

"ကျွန်တော့်တူရဲ့ သမီးကြီး ဘွဲ့ယူတာလေ၊ ကျွန်တော့်တူက နယ်မှာအလုပ်တွေများနေတာနဲ့ ကျွန်တော်ပဲလိုက်ခဲ့ရတာ၊ ဒီသမီးလေးလည်း ကျွန်တော်ပဲ ကျောင်းထားပေးတာ၊ ကျွန်တော့်အိမ်မှာပဲ နေတယ်လေ"

> ❝ ဒီနယ်မြေရောက်လာတော့
> သူတို့ကို သတိရနေမိတာ အမှန်ပါပဲ။
> တစ်ယောက်သော ချစ်သူငယ်ချင်း
> "ဇောသီရိနွယ်"ကိုလည်း တမ်းတမိသည်။
> ကိုယ့်အထင်အမြင်
> မှတ်ချက်များကြောင့်ပါ။
> ကိုယ့်အပြစ်ပါဟု
> စိတ်မှအခါခါ တောင်းပန်မိသည်။

အတွေးပန်းရဲ့ အစေ့အသက်တွေက အပြင်ထွက်လာသလို၊ ဒီနယ်မြေရောက်လာတော့ သူတို့ကို သတိရနေမိတာ အမှန်ပါပဲ။ တစ်ယောက်သော ချစ်သူငယ်ချင်း 'ဇောသီရိနွယ်'ကိုလည်း တမ်းတမိသည်။ ကိုယ့်အထင်အမြင် မှတ်ချက်များကြောင့်ပါ။ ကိုယ့်အပြစ်ပါဟု စိတ်မှ အခါခါ တောင်းပန်မိသည်။ ကိုမင်းထိုက်၏ အဓိပ္ပာယ် မပီပိုင်ပါ၊ မေးသားမည့်ရှုကြောင့် သိရှိအတွက် ပန်းချီကားလှလှ မဖြစ်နိုင်ဟု ထင်ခဲ့မိသည်လေ။

"ကျွန်တော် ပင်စင်ယူပြီလေ။ ကျွန်တော်ချစ်တဲ့ တက္ကသိုလ်မှာ ကျွန်တော်ဖြစ်ချင်တာလည်း ဖြစ်ခဲ့ပြီ"

"ဟုတ်ကဲ့...ကိုမင်းထိုက်က စာကြိုးစားတဲ့သူပဲ၊ ကိုမင်းထိုက်လို စာတော်တဲ့သူက တက္ကသိုလ်မှာ ပါမောက္ခအထိဖြစ်ခဲ့တာ ဝမ်းသာမိပါတယ်"

ပြောမိသည့် စကားလုံးတွေနောက်မှာ နောင်တသံလေးကို ဖြုပ်နှံထားမိသည်။

"ဒီအခြေအနေဖြစ်လာတာ အဲဒီစာပေါ့ ကိုမင်းထိုက်ရယ်၊ မထင်မိလို့ပါ" ဟု ရင်ထဲမှလည်း တောင်းပန်မိသည်။ သူကတော့ မသိ။

တစ်ဝက်တစ်ပျက် ကြွေကျက်နေသော အပြုံးရင့်ရင့်တွေသည် နှစ်များစွာက နုနယ်သန့်စင်သော အပြုံးနုနုလေးကို ပြန်ဖော်ဆောင်သည်။

"အဲဒီအပြုံးလေး ငါချစ်တယ်ကွာ၊ တကယ့် ကလေးလေးလိုပဲ"

ဒီအပြုံးလေးကြောင့် အဓိပတိလမ်း တစ်နေရာမှာ အကဲကွဲကြောင်းလေးတွေ ဖြစ်သွားစေသည်။ စကားပန်းပွင့်တွေ ကြွေသက်တူနိုင်သည်။

"ငါတွေ့ဖူးတဲ့ အပြုံးတွေ၊ အရယ်တွေမှာ ဒီလောက်ပွင့်လင်းရိုးသားသန့်စင်တဲ့ ပြုံးရယ်တာမျိုး တစ်ခါမှမရှိဖူးဘူး"

သူမအသည်းကို ရေသဖန်းပင်ပေါ်မှာ ချိတ်ထားခဲ့တာတယ်ဟု အမြဲကြွေးဝါးလေ့ရှိသော၊ ရွှေဘတို့ အကျော့မှ 'ကွင်း'လို့ သတ်မှတ်ခံရသည့် ဇောသီရိနွယ်က ထူးခြားဆန်းကြယ်စွာ ပြောသည့်အကြောင်းကို ကင်းနစ်ရှိန်တင်ရမည်လားမသိ။ သီရိ၏ စံချိန်က အပြင်းစားပေါ့။ တော်ရုံလူ ယှဉ်မဝင်နိုင်သော ပန်းတိုင်ပိုင်ရှင်ပါ။

သူငယ်ချင်းတွေကြားမှာလဲ လျှင်မြန်ဖျတ်လတ်ဆုံး၊ မျက်နှာထားတင်းတင်း၊ ရှိမ့်မှူးမှူး၊ အလှအပတွေ ညှတ်နေအောင်ပြင်၊ ခေါင်းမော့နေတတ်သော...မင်းမျိုးမင်းနွယ်...'ဇောသီရိနွယ်'ပါ။ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်ချအောင် ပြောမိလေသလား မသိ... မသိ။ ပတ်ဝန်းကျင်တစ်ခုလုံး တုန်ခါသွားတော့သည်။ သူငယ်ချင်းတွေက တအံ့တဩ ငေးမောမိန်းမောကာ စကားပင် ပြန်မပြောနိုင်။

မာနတံတိုင်း ထူလွန်းသော သီရိပဲပါ။ ပြည့်စုံလွန်းသောဘဝကို ပိုင်ဆိုင်ထားသူမို့ပါ။

◆ ◆ ◆ ◆ ◆

တက္ကသိုလ်စာသင်ရက်အစမှာ နှင်းငွေ့ကျဲပါးစွာ လွှင့်ပြောနေသော်လည်း နံနက်ခင်း နေခြည်နုမှာ အေးစိမ့်သော အငွေ့က ရင်ခုန်စေ၏။

ဒီလိုနေ့မှာတော့ ရင်မခုန်မိသူမရှိ၊ ဝင်းကောင်းကင်လေ ကြည်ကြည်ရွှန်းရွှန်းတော်၍ မြက်ခင်း ကမူလေးစိမ်းမြမြပေါ်မှာ ကြွေလှမ်းလေးတွေက တုန်တုန်ရီရီ၊ အနည်းငယ်မြောက်ကြွနေသလိုပင်။

ရွှေဘတို့မျက်ဖော မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့ကို ကျောင်းစတက်သည့်နေ့ကတည်းက မျော်ကြွေထား၍ မျှော်လင့်နေခဲ့ကြသည်လေ။ ပါမောက္ခက ကြိုဆိုစကား ပြောပါတော့ မြွေ့အပြီးမှာ ပြီးခဲ့တဲ့ စာသင်နှစ်များမှ ပထမဆုရသူများကို ဆုချီးမြှင့်၍ ကျောင်းသားတစ်ဦးချင်း ဆုတက်ယူသည့် အစီအစဉ်မှာ တစ်ရှိန်လုံးငေးမောကြည့်နေသော ဇောသီရိနွယ်က ရုတ်တရက် သူငယ်ချင်းတွေကို လှမ်းပုတ်သည်။



သူမအကြည့်က ဆုယူပြီးဆင်းလာသောသူကို စူးစူးစိုက်စိုက်။

"အဲဒီကောင်လေး...ငါသဘောကျသွားပြီ"

ရုပ်အကျီကြို ခပ်ပွပွနွမ်းနွမ်း၊ ချည်ထည်ပုဆိုးတိုတိုကို မသေမသပ်ဝတ်ထားသည်။ ကောက်ကိုင်းမျက်မှန်မည်းမည်းဖြင့် ရုပ်ရေလုံး ကျော့ပိုးဝတိုင်။ အသားက လတ်ချင်သော်လည်း ကဂိုကနိုင်စံကြောင့် ညိုနေသလိုထင်ရသည်။

"ပထမနှစ်မှ ပထမဆုရသူ ကိုမင်းထိုက်တဲ့"

"တော်လိုက်တာ၊ ဘာသာစုံဂုဏ်ထူး ဖြစ်တဲ့၊ နေနိုင်တစ်ထွက်ဘာပေါ်နေ့ပါ၊ ကြားတယ်မဟုတ်လား၊ မကြာသာသွားတော"

သီရိတစ်ယောက်တည်း ပြောနေ၍ အားလုံးက တအံ့တဩဖြစ်နေသည်။ နောက် အားကစားဆုရွှန်းဆုမှာလည်း မြဲနှုန်းပစ်မှာ အပြေးပြိုင်ပွဲလည်း သူပဲ ပထမဆု တက်ယူပြန်သည်။ အလွှန်အဆီပြွနှင့် နေတတ်သော သီရိမှာ ဂဏှာမငြိမ်ဖြစ်နေ၍ ရွှေဘက ဆွဲဆိတ်နေရသည်။ ခါတိုင်း သူမကပဲ ဆိတ်နေကျလေ။

"ငါသဘောကျလို့ပါဟာ"

လို့ မသိမကျွဲပြောတော့ သူမ နောက်နေတာထင်၍ ရယ်မိသည်။ သီရိနှင့် လုံးဝဘက်မညီသော ပုံစံဖြစ်၍ အားလုံးက သူမစကားကို ရယ်မောရှိသာနေကြသည်။

တေးဂီတ အကများနှင့် ဖျော်ဖြေပြီး နောက်ဆုံးအစီအစဉ်အဖြစ် ဘောသာကိက တေရွဲကန်လှူးတော့မှာ ပြင်ဆင်ထားသော ကော်ဖီနှင့် မုန့်များကို ကိုယ်တိုင်လူ တူဧး စနစ်ဖြင့် သွားစားကြရသည်။

"ရွှေဘရေ...သီရိရော၊ သီရိ ဘယ်ရောက်သွားလဲ"

လှဲလှဲနှင့် ရွှေသက်တို့က ပျာယာ

ခတ်နေကြစဉ် ထိပ်ဆုံးစားပွဲမှာ ကိုမင်း ထိုက်နှင့်အတူ ရယ်မောနေသော သီရိပုံစံ ကို အမှတ်မထင်လှမ်းတွေ့လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ဒီ သီရိတစ် ယောက်ဟာလေ"

နောက်တော့ သူမဟုတ်သလို ခတ္တာ တို့ဆီ ပြန်ရောက်လာပြီး ခပ်တည်တည် ကော်ဖီယူသောက်နေသည်။

"နင် ဘာသွားလုပ်တာလဲ သီရိ"

လှံလှံက မကျေမနပ်ဖြင့် မေါက် တော့မှ ရယ်ကျဲကျဲ လျှာတစ်လစ်ဖြင့်–

"သွားပြီး မိုးကျူးလိုက်တာလေ၊ တကယ့်ကို သန့်စင်တာပဲ၊ ဘာဟာန်ပန်မှ မရှိဘူး"

ခတ္တာ ရင်မောမိသည်။ ကိုမင်း ထိုက်က သီရိအတွက် တစ်မျိုးတစ်ဘာသာ ဆန်းသစ်နေလို့လား။ မသိ…ပေါ့။

◆ ◆ ◆ ◆ ◆

အဓိပတိနေပြည်ကြီး မျက်နှာစာလေ့ ကားမှာ ခတ္တာတို့ အတန်းအားတိုင်း ထိုင် နေကျဖြစ်သည်။ တစ်ခါတစ်ခါ စာရှုဆွေး နွေးကြသောနေရာလည်းဖြစ်ပါသည်။ ပျော် စရာကောင်းများ ကြုံကြုံသောနေရာလည်း ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုကို ငြင်းခုန်ကြသော နေရာလည်းဖြစ်ပါသည်။ ထိုနေရာလေးသို့ ယောင်လာလေဖြင့် ရောက် လာတက်သောသူက ကိုမင်းထိုက်ပါ။

"သီရိ သွားစရဲတဲ့ စာတ်လမ်း…သီရိ ပဲ ကမေတော့"

လှံလှံက ကိုမင်းထိုက်ကို အသိအ မှတ် မပြုချင်။ သီရိနှင့် မတော်သောအကျိ ဟု အစဉ်အမြဲဝေဖန်နေခဲ့သည်။ သီရိက လည်း သိရိပင်။

"ဟဲ့…သီရိ၊ နင်က ငါတို့အိမ်သာ ဝင်ရင်တောင် အနံ့မခံနိုင်လို့ တစ်နေ့လုံး အိမ်သာမတက်ဘဲ၊ အမယ်ဗီအား (Ladies Common Room) မှာ ထိုင်ကျန်ရစ်ခဲ့ တာလေ၊ မလှမရှောင်သာ မနေနိုင်လို့ တက် ရင်တောင် တအောအော တအန်အန်နဲ့ဟာ၊ အဲဒီ မင်းထိုက်ရဲ့ ဖြစ်ပုံလေသား၊ သူက အကျီ တစ်ထည် ဘယ်နှရက်ဝတ်လဲမသိဘူး၊ ချွေးနံ့ထွက်နေတာ"

"အေးလေ…နင့်လောက် ချေးများ တဲ့ဟာက ဘယ်လိုဖြစ်တာလဲ"

ခတ္တာကိုသူငယ်ချင်းတွေ ချစ်သူမွေး ရှိဟာက ဘယ်လိုဖြစ်တာလဲ"

ခတ္တာကိုသူငယ်ချင်းတွေ ချစ်သူမွေး နှီးဆိုလျှင် အားလုံးဝိုင်းကြည့်ပေးဖို့ ကတိ ထားခဲ့ဖူးသည်။

"လူတစ်ယောက်ရဲ့အကျင့် သိက္ခာ တွေဟာ ဟန်ဆောင်နေတာလား ငိုင်အောက် ခတ်ပေးကြမယ်နော်"

"သီရိကတော့ တကိုယ်ရေသန့်ရှင်း မှုကိုလည်း ဦးစားပေးရမယ်၊ သီရိက အသန့်ကြိုက်တော့လေ"

လှံလှံကို သဘောကျစွာ တဝိဝိလာ နေသော ကိုဝေလွင်ကို သီရိက ခေါင်းမှ ခြေဆုံး အကဲခတ်၍–

"သွားတွေမှာ သွားချေးတွေနဲ့ ခြေ သည်းတွေလည်း မညှပ်ဘူး။ ညစ်ပက်နေ တယ်။ ခေါင်းကဆံပင်တွေလည်း ညင်းသိုး သိုးနဲ့"ဟု အပြတ်ဝေဖန်ခဲ့သည်။ နတော့



ဝင်လာလည်းပြီလား။

"ကိုမင်းထိုက်က လူပုညံမသန့်ပေ မဲ့ စိတ်လေးက အရမ်းသန့်စင်ရှိသောတော၊ စာလည်းတော်တယ်၊ စိတ်ကောင်းလည်းရှိ တယ်"

သီရိက ရယ်ကျဲကျဲလေးလုပ်၍ ပြောသည်။

"နင်ဟာ…နင့်နှာမှာ သူရွေးသား တွေ လူချောတွေ ပိုင်းနေတာ၊ ကိုမင်းထိုက် လို လူမျိုးကိုမှ သဘောကျသတဲ့လား၊ နင့် လို အတတ်ဗီရှောမောလှပ သန့်ပြန့်နေတဲ့ သူရွေးသမီးနဲ့ဆို မိုးနဲ့မြေပါဟာ"

"ဟုတ်တယ် သီရိ၊ မင်းထိုက်က အရမ်းလည်း ဆင်းရဲတာ၊ ငါသာဆို ဟို ဆေးကျောင်းက ကိုစင်အောင်သက်ကို ရွေး မှာ"

သူငယ်ချင်းတွေစကားကို ငြိမ်သက် တွေဝေစွာ နားထောင်နေပြီး အတန်ကြာ နှုတ်ဆိတ်နေတုန်း ခတ္တာက သာသာဆိုး ထိုးလေး ထပ်တွန်းလိုက်သည်။

"စုနေ ကျောင်းသားပေါ်မဝေသေး တာရယ်၊ ပင်ကိုပိုင်ဆိုင်မှု၊ ကြွယ်ဝမှုတွေ မရှိလို့သာ နင် မိုးသားတယ်ထင်နေတာပါ၊ သူ့ကို ချွေးမိရင် နင့်မိကတွေနဲ့ အတိုက်အခံ လုပ်ရမှာ ရင်မောစရာကြီး။ မီးဆိုတာ မလောင်ခင်ကတားမှ သီရိရယ်၊ စုနေ ကို မင်းထိုက်က နင့်ကို အတိအလင်း ချစ်ရေး ဆိုသေးတာ မဟုတ်တော့ နောက်ဆုတ်လို့ ရနိုင်သေးတယ်၊ စဉ်းစားပါ သီရိရယ်၊ နင် တို့ ဘယ်လိုမှဖြစ်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်တယ် သီရိ၊ နင် စိတ်ကူး ယဉ်နေတာ၊ လက်တွေ့ဘဝမှာ နင်တို့က ရှုပ်ပြိုင်ပါ။ အသွင်မတူကြတဲ့ ဘဝတွေ ပါ။ ဆုံစည်းဖို့ မလွယ်ပါဘူး"

"နင်တို့ကလည်းဟာ လူတစ် ယောက် ဆင်းရဲတာနဲ့ သူဌေးသမီးနဲ့ မဆုံ ညည်းရဘူးတဲ့လား၊ သီရိတို့ ကိုမင်းထိုက်

တို့တွေက ငယ်သေးတယ်လေ၊ နောင် ဘာ ဖြစ်မယ် ပြောနိုင်လား"

မောင်သက်ကတော့ သီရိကို ကြင်နာစွာ ဖေးမ၏။ တစ်ကျောင်းတည်းအောင် လာကြသူတွေမို့ ပို၍ချစ်ခင်ကြသည်။

"အေးလေ...ငယ်သေးတော့ သီရိ က စိတ်ကူးယဉ်နေလို့ ပြောတာ၊ ငါဖတ်ဖူး တဲ့စာထဲမှာ ဘဝဆိုတာ စိတ်ကူးယဉ်ပြီး ရေးခြယ်လို့မရဘူးတဲ့။ သီရိ စိတ်ဆင်းရဲရ မှာမို့ ငါတားနေတာ"

"သီရိဘက်က သဘောတူမှုလည်း မဟုတ်ဘူး ဟိုဘက်ကို လိုက်နေလည်း... သီရိလို ရွှေပေါ်မြတင်ဘဝကနေ ဆင်းနေ လို့ အဆင်မပြေနိုင်ဘူး"

"နေပါဦးဟာ...ငါတို့က ချစ်သူ ဖြစ်သေးတာမဟုတ်ပါဘူး၊ သဘောကျရုံ တင်ပါဟ"

သီရိစိတ်အရောင်တွေ မှိုင်းညို့နေ မှန်း သိသာပါသည်။ ကိုမင်းထိုက်ကို သီရိ တော်တော်စိတ်ဝင်စားသဘောကျလွန်းနေ တာကို မွေ့သိနေ အကဲခတ်မိနေသည်။

သီရိ တွေဝေဝေးမောနေဆဲ။ သူမ အတွေးရိပ်မှာ တဝေ့ဝေ့ပေါ်နေသော ကိုမင်း ထိုက် သဏ္ဌာန်လေးကို သနားကရုဏာဖြင့် ချစ်ခင်စွဲလန်းနေမိလေသလား။ မသိ... မသိ။

● ● ● ● ●

ရောင်ဝင်နေသော လေရူးနှင့်အတူ ရွက် ကြွေခြောက်လေးတွေကို ခြေဖြင့်ကန် ကျောက်လျှောက်ရင်း...ဝိဇ္ဇာခန်းမရှေ့က တစ်ရုပ်စကားပင်နိုင်အောက် ခုံတန်းလျား လေးမှာ သူမထိုင်ချလိုက်သည်။ ဝဲကြွလာ သော စကားပန်းဖြူဖြူလေးကို မြေမှာမကျမီ လှမ်းဖမ်းဆုပ်လိုက်ပြီး သူမ၏ စုရှည်သော ဆံကြိုးထဲ ထိုးထည့်ပန်ဆင်သည်။

ကြိုးသိုင်းဒေါက်မြင့်ဖိနပ်လေးဖြင့်

> ငယ်သေးတော့ သီရိက
> စိတ်ကူးယဉ်နေလို့ပြောတာ။
> ငါဖတ်ဖူးတဲ့စာထဲမှာ
> ဘဝဆိုတာ စိတ်ကူးယဉ်ပြီး
> ရေးခြယ်လို့မရဘူးတဲ့။
> သီရိ စိတ်ဆင်းရဲရမှာမို့ ငါတားနေတာ

လှပကြော့ရွစွာ လျှောက်လှမ်းလာသော သီရိ က သစ်ရွက်တွေကို ခြေဖြင့် ဖော်လျှောက် ပြီဆိုကတည်းက သူမစိတ်တွေ မှိုင်းမှုန်ရှုပ် ထွေးနေမှန်းသိသည်။

အင်္ဂလိပ်စာအတန်းကို မွေ့နှင့် သီရိတို့နှစ်ယောက်သာ ဝိဇ္ဇာခန်းမှာ တက် ကြရ၏၊ လဲ့လဲ့နှင့် မောင်သက်က မန္တလေး ဆောင်မှာ တက်ကြရသဖြင့် ဒီခုံတန်းလေး မှာ စောင့်နေကြရခြင်း

နှစ်ယောက်တည်းဆိုတော့ မွေ့ က သီရိမျက်နှာရိပ်လေး ငေးမော်ကြည့်ရင်း ကိုမင်းထိုက်ကိုလည်း သတိရသွားသည်။

"သီရိရယ်...ငါ့ကိုပြောပြစမ်းပါ၊ ကို မင်းထိုက်ကို နင်ဘာလို့ သဘောကျတာလဲ၊ ချောလို့လား"

သီရိက ခြေပြင်မှာ ကြွေမှုနေသော ရွက်ကြွေတွေကို ငေးစိုက်ကြည့်ရင်း ခြေကြီး



တစ်ခုလုံးကို ငါးမြိုတော့မည့်ဟန်။

"အေး...အဲလိုမေးတော့ ငါပြော မယ်၊ ငါ့ဘဝမှာ မာန်မာနတက်နေတဲ့ မျက်လုံးတောက်တောက်တွေ၊ အလိုဆန္ဒ ကြီးတဲ့ မျက်လုံးပင်းပင်းတွေပဲ မြင်နေရတာ၊ ငါက ကိုမင်းထိုက်ကို အဲလိုလူတွေနဲ့ ခြား နားတဲ့ မျက်လုံးညို့ မှိုင်းမှိုင်းလေးရှိလို့ သဘောကျတာ၊ သူ့မျက်ဝန်းရိပ်မှာ ရိုးသား မှုတွေ၊ အားငယ်မှုတွေ ထင်ဟပ်နေတာ၊ အေးချမ်းတယ်ဟာ"

"နင် သူ့ကို ချစ်သွားပြီလား၊ သူက ရော နင့်ကိုချစ်နေပြီတဲ့လား"

စကားပွင့်လေးတစ်ပွင့်က မွေ့တို့ နှစ်ယောက် ထိုင်ပင်နေသည့်ကြားကို ခြွေ ကျလာတော့...ဒီတစ်ခါ မွေ့က လှမ်းယူ လိုက်သည်။ သူမက တွေးတွေးဆဆ စဉ်း စားနေသလို ထင်ရ၏။

"သူက ဟန်ဆောင်နိုင်ကင်းတော့ သူ့မျက်ဝန်းထဲမှာ ငါ့ကို အရမ်းချစ်နေသလို ထင်ရတယ်။ ငါကပဲ အဲလိုထင်တာလား မသိဘူးဟာ။ ငါဘာပြောပြော ငေးကြည့် နေတာ အရမ်းချစ်ဖို့ကောင်းတယ်၊ အကြည့်လေးတွေက ကြည်လင်သန့်စင်နေ တယ်၊ ပြီးတော့ တစ်မှိတ်မှိတ်ကြည့်လေ သူ့ ပင်ကိုရုပ်က ယောကျ်ားလေးတစ်ယောက် ပီပီသသချောတယ်ဟာ"

"အဲ့ဒါဆို နင်သူ့ကိုချစ်နေပြီလား"

"မသိပါဘူးဟာ၊ ငါသူ့အကြောင်း တွေးမိရင် အိပ်မပျော်ဘူး"

"နင်နဲ့ သူနဲ့က အသွင်မတူတာရော သိထားတယ် မဟုတ်လား"

လှုပ်နေသော မျက်တောင်တော့ လေးများကို မြင်နေရသည်။ စိတ်လှုပ်ရှား နေပုံရသည်။ နှုတ်ခမ်းဖူးဖူးလေးကို အသာဖိ ပိတ်ထားသည်။

"ငါနဲ့သူက တစ်ယောက်မှာရှိတဲ့ အရည်အချင်းတွေ နောက်တစ်ယောက်မှာ

ရှိနေကြလို့ သဘောကျနေကြတာများလား"

ဝေမဝဝါးဝါး တွေးနေတုန်းမှာပင် ခဗ္ဗာက မနေ့က သိရီမေမေ ပြောခဲ့သော စကားကို ကြားယောင်နေမိသည်။

"သမီးသူငယ်ချင်းကို နည်းနည်း ထိန်းပေါ်အုံး ခဗ္ဗာရယ်၊ သူ ကျောင်းက စာ တော်ပြီး ဆင်းရဲတဲ့ကောင်လေးတစ် ယောက်အကြောင်း ဖောဖောပြောနေ တယ်။ အန်တီတို့က ရှေ့နှစ်မှာ အင်္ဂလန်ကို ပြောင်းရမှာ။ သူ ဟိုမှာပဲ ကျောင်းတက်ရ မှာ။ ပြီးတော့ အဲဒီမှာ အန်တီတို့နဲ့ အမျိုး မကင်းတဲ့ ဆရာဝန်လေးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ပြောထားဆိုထား ရှိပြီးသား လေ"

လေပွေတချက် ဝှေ့သွားသဖြင့် သိရီ ခေါင်းမှ စကားပန်းလေးပြုတ်ကျသွားသည်။

"သိရီရယ်..နင်က ငါတို့လို မဟုတ် ဘူး၊ အရမ်းချမ်းသာပြီး အဆင့်မြင့်တဲ့ မိသားစုကလေ။ ဘဝဆိုတာ စိတ်ကူးယဉ် ပြီး တည်ဆောက်လို့မရဘူး။ ငါ့အမြင်မှာ နင်နဲ့ ကိုမင်းထိုက် ဘယ်လိုမှမဖြစ်နိုင်ဘူး။ ပြီးတော့ နင်က အင်္ဂလန်ကိုပြောင်းရမှာဆို၊ နင်နဲ့ သဘောတူထားတဲ့လူလည်း ရှိနေတာ ဆို၊ နင် ကိုမင်းထိုက်ကို ဒီထက်ရှေ့ကိုလာ အောင် မလုပ်ပါနဲ့တော့။ သူ့ဆွေးကျန်ရစ်မှာ ကို နင်ထည့်တွက်လေ။ သူ့မှာ စတိုင်ပင် နဲ့ ကျောင်းတက်ရတာလေ။ နင်ဒီမှာကျန်ခဲ့ လို့ မရမယ့်တူတူ မဖြစ်နိုင်တာကို မတိုးပါ နဲ့လို့ ငါပြောချင်တယ် သိရီရယ်"

သိရီဘာကို ထိစွက်ဖက်မိလေပြီ။ ခဗ္ဗာ ထင်မြင်တွေးဆမှုတွေကို ပွင့်လင်း စွာချပြမိခဲ့သည်။

သိရီလည်း ထိုနေ့မှစ၍ တစတစ သူမဘာကို သူမ ထိန်းသိမ်းသွားသည်။ ကိုမင်းထိုက်ကိုလည်း ရှောင်နေ တော့သည်။ ပညာသင်ထောက်ပံ့ကြေးဖြင့် ကျောင်းတက်ရသော ကိုမင်းထိုက်၏ ပညာရေးကိုလည်း မထိခိုက်အောင် ခဗ္ဗာ တို့တွေက မသိမသာ ဖာထေးပေးကြရ သည်။ သိရီ ယူကေထွက်သွားတာကို လည်း ပေါ့ပေါ့ပါးပါးပဲ ပြောပြခဲ့သည်။

◆ ◆ ◆ ◆ ◆

နှစ်တွေကြာခဲ့ပါပြီ။ ကျောင်းထဲမှာ ဆုံတွေ့ကြတိုင်း ရယ်မြူးပြုံး၍ နှုတ်ဆက်ရုံ ဖြင့် မသိမသာရှောင်ကြရသည်။ သူလည်း မေ့နိုင်အောင်လေ။ ကိုမင်းထိုက် ဘွဲ့ရပြီး ကျောင်းမှာ ဆက်၍နည်းပြလုပ်နေသော်



လည်း ခဗ္ဗာတို့နှင့် တစ်ခါတစ်ခါပဲ တွေ့ တော့သည်။

ပြန်ရိုက်နေသော မိုးမှုန်တွေကြားမှာ လင်းထွက်နေသော အငြိမ်းစားပါမောက္ခ ဒေါက်တာမင်းထိုက်ကို အားနာစွာ ငေး ကြည့်မိသည်။

သူငယ်ချင်းပေါ်မှာ စေတနာရှိခဲ့တွေ ကဲ၍ မိမိထင်မြင်မှုတွေကို လွှမ်းမိုးပေးခဲ့မိ တာ မှားများမှားခဲ့လေသလားဆိုသည့် အတွေးကို ထိုနေ့က တွေးနေမိသည်။

မတူခြားနားသော မျဉ်းပြိုင်တွေ မဆုံစည်းနိုင်ဟု ယူဆတွေးခေါ်ခဲ့ရာက ချပြ ခဲ့မိသည့်အချိန်အခါကာလက သူ့အမြင် အနေနှင့်သူတော့ မှန်သည်ဟုပဲ ယူဆနိုင် ပါသည်။

"ခဗ္ဗာက အရင်လိုပဲ အတွေးသ မားနော်၊ ဘယ်အရာမဆို စဉ်းစားတွေးခေါ် မှုအား သိပ်ကောင်းတယ်။ ဒါကြောင့် စာရေး ဆရာမကြီး ဖြစ်နေတာပေါ့"

ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြင့် မိုး မှုန်ပေါကြား ပုန်းလိုက်ချင်သည်။ အပြစ် ရှိသလို အပြစ်ခံစားနေမိတာ သူတို့သိပါ့ မလား။

"သိရီတစ်ယောက်တော့ သားတွေ၊ သမီးတွေနဲ့ မိုးပြေပြေရှိနေမှာပါနော်။ ကျွန် တော်ကတော့ နုထိ တူ၊ တူမတွေပဲ အား ကိုးနေရတာ"

မိုးစက်တွေကို ယောင်ရမ်းတွန်းဖယ် နေမိသည်။ ရင်ထဲမှာ နာကျင်မှုတစ်နာ တစ်ခု သိသာစွာခံစားမိသည်။ လေတွေ တိုက်နေသော်လည်း မအေးနိုင်။ တရွေ့ရွေ့ ထွက်ခွာသွားသော ကိုမင်းထိုက်၏ အထီး ကျန် ခြေလှမ်းများကို ငေးကြည့်ရင်း သူ့ရင် ထဲမှ ခွဲလမ်းမှုတစ်စုံတစ်ရာကို မြင်နေမိ သည်။

သူတို့မျှော်မှန်းသလို သိရီ၏ အိမ် ထောင်ရေးကား ပန်းခင်းလမ်း မဟုတ်ခဲ့။ သိရီခင်ပွန်းက သိရီနှင့် သားသမီးမရ၍ နောက်အိမ်ထောင် ထူထောင်သွားသဖြင့် စိတ်ထောင်းကိုယ်ကြေစွာ သိရီက မြန်မာ ပြည် ပြန်ရောက်နေပြီဆိုတဲ့အကြောင်းလေး ကို ဖွင့်မပြောဖြစ်ခဲ့။ သိရီကလည်း လုံးဝ မသိစေချင်။ ဖွင့်ပြောခဲ့လို့လည်း ဒီအသက် ဒီအရွယ် ဒီအချိန်အခါမှာ ပြန်လည်ဆုံစည်း ဖို့လည်း မဖြစ်နိုင်၊ ပြင်ဆင်ဖို့လည်း မသင့် တော်။

အဆင့်နှင့်အမြင်တွေက ကမ္ဘာတစ် ဖက်ခြမ်းစီလို ထားကွာခဲ့သည်လေ။ ခုနမှာ တော့ အနိမ့်အမြင့်ပင် ပြောင်းပြန်ဖြစ်နေ သည်။

ဘဝကယ်တော့ သူတို့ချစ်ပန်းချီကား မှာ ခဗ္ဗာက မမြင်ရတဲ့ လေချိုင်းတွေများ လား။ ။

တက္ကသိုလ်အေးမြစန္ဒာ

# CITY CARTOON



# CITY CARTOON



# မြို့ပြစီမံကိန်းနှင့် ဖွံ့ဖြိုးရေးရှင်ပြမိန့်

ဒေါ်ခင်တင်ကြည်(မြို့ပြစီမံကိန်းဌာန)





ကျွန်မသည် ရန်ကုန်စက်မှုတက္ကသိုလ်မှာ ပညာသင်ကြားစဉ်ကာလ ဗိသုကာပညာနှင့် မြို့ရွာတည်ဆောက်မှု စီမံရေးနှင့် ဒီဇိုင်းဘွဲ့လွန်ဒီပလိုမာ (Settlement of Planning and Design) ကို သင်ကြားခဲ့ရသော်လည်း လက်တွေ့ဘဝလုပ်ငန်းခွင်ကို ရောက်တဲ့အခါ အဆောက်အအုံများဆောက်လုပ်ခွင့် စီမံခန့်ခွဲမှု တာဝန်ယူရတာဖြစ်လို့ ဆက်တိုက်မလေ့လာဖြစ်ဘဲ ၂၀၁၀ပြည့်နှစ် နောက်ပိုင်းမှာတော့ အဆောက်အအုံများနှင့်ဆက်စပ်ပြီး မြို့ပြစီမံကိန်းမှာ အရေးပါလှတဲ့ ဇုန်သတ်မှတ်ချက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လိုစိတ် ဆန္ဒပြင်းပြခဲ့ပါတယ်။ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကပင် ၂၀၁၂ခုနှစ်မှစတင်၍ မြို့ပြစီမံကိန်းဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ မြို့ပြစီမံကိန်းဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့တယ်။

**မြို့ပြစီမံကိန်းဆိုသည်မှာ** – မြို့ပြများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် မြေအသုံးချမှု၊ ဇုန်သတ်မှတ်မှု၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စသည်တို့ကို ပေါင်းစပ်ထည့်သွင်း၍ မြို့ပြရဲ့တွင်ခြင်း၊ မြို့သစ် တည်ဆောက်ခြင်း၊ မြို့ပြပြန်လည်ဆန်းသစ်ခြင်းစသည့် ကာလတို၊ ကာလရှည် မျှော်မှန်းရေးဆွဲသည့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းကို ဆိုပါသည်။

**မြို့ပြစီမံကိန်း ဘာကြောင့်လိုအပ်သလဲ** – သဘာဝပတ်ဝန်းကျင်အား ရေရှည်ကာကွယ်မှုပေးနိုင်မည့် ရေရှည်တည်တံ့သော မြို့တော်များ တည်ဆောက်ရေး အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး ပြည်သူများ၏ နေထိုင်ဘဝအဆင်ပြေချောမွေ့၍ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လုပ်ကိုင်သွားလာနိုင်ဖို့အတွက် ရေတို၊ ရေရှည် ချမှတ်ထားသည့် မြို့ပြစီမံကိန်းများ လိုအပ်တယ်။

## အသေးစိတ်မြို့ပြစီမံကိန်း

အသေးစိတ်မြို့ပြစီမံကိန်းဆိုတာကတော့ မြို့နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲမည့်နယ်မြေ၏ လူဦးရေသိပ်သည်းမှု၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးမှုနှင့် မြေအသုံးချမှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ဖော်ပြထားသော စီမံကိန်းကို ဆိုသည်။

## ဇုန်ဆိုသည်မှာ

အသေးစိတ်မြို့ပြစီမံကိန်းများ ခွင့်ပြုဖို့အတွက် ဇုန်သတ်မှတ်ချက်များဟာ အလွန်အရေးကြီးပြီး အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိတယ်။ ဇုန်ဆိုတာကတော့ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေဖို့ အပြင် အန္တရာယ်အမျိုးမျိုး ဘေးဒဏ်ရှိမှု လျော့ချနိုင်ရန်နှင့် မြေအသုံးချမှုကို ထိန်းချုပ်ကွပ်ကဲနိုင်ရန်ရည်ရွယ်၍ မြေအသုံးချမှုအလိုက် သတ်မှတ်ထားသည့် နယ်မြေများကို ဆိုလိုပါတယ်။ (ဥပမာအားဖြင့်- လူနေဇုန်၊ စီးပွားဇုန်၊ စက်မှုဇုန် စသည်ဖြင့်——)

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ဆိုသည်မှာ မြို့ပြနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဆိုလိုသည်။ ဥပဒေအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ၊ မူဝါဒများ၊ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်အတူ မြေအသုံးပြုမှု၊ ဖွံ့ဖြိုးရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပါဝင်သည်။

## ရန်ကုန်မြို့၏ ဖွံ့ဖြိုးမှုဇရိယာခွဲခြားခြင်း

ရန်ကုန်မြို့၏ဖွံ့ဖြိုးမှုဇရိယာကို အခြေခံအားဖြင့် (၃)မျိုး ခွဲခြားသတ်မှတ်နိုင်သည်။

**၁။ မြို့ပြဖြစ်ထွန်းပြီးဇရိယာ**
(Urbanization Area, UA)

Urbanization Area သည် အခြေခံအဆောက်အအုံလုံလောက်စွာတည်ရှိပြီး မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်နိုင်သောဇရိယာဖြစ်သည်။ အဆောက်အအုံအသုံးပြုမှုများကို သတ်မှတ်ထားသော ဇုန်အလိုက် လမ်းညွှန်ထိန်းကျောင်း၍ စီမံခွင့်ပြုသွားမည်ဖြစ်ပြီး၊ မြို့ပြဖြစ်ထွန်းပြီး ဇရိယာအတွင်းရှိ Development Control Area အချို့နေရာများတွင် ဖွံ့ဖြိုးမှုများကို ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်သည်။


**အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရမည့် .....**

**၂။ လမ်းညွှန်ချက်ဖြင့် မြို့ပြဖြစ်ထွန်းမည့်ဇရိယာ**
(Guided Urbanization Area, GUA)

Guided Urbanization Area သည် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသည့် ဇရိယာဖြစ်သည့်အပြင် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရမည့် ဇရိယာဖြစ်သည်။ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ဖွံ့ဖြိုးရေးခွင့်ပြုမိန့် (Development Permit) လိုအပ်မည် ဖြစ်သည်။

**၃။ ထိန်းသိမ်းစောင့်ရှောက်ရန်ဇရိယာ**
(Conservation Area, CA)

Conservation Area သည် မြို့ပြများ တစ်ဆက်တည်းပျံ့နှံ့တည်ရှိခြင်းအား ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် သတ်



မှတ်ထားသော ဧရိယာဖြစ်သည်။ ၎င်း ဧရိယာအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် အခြားအများပြည်သူ့ဆက်စပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထည့်သွင်း စဉ်းစားပြီးမှ ဖွံ့ဖြိုးရေးခွင့်ပြုမိန့် (Development Permit)ကို စိစစ်ခွင့်ပြုသွားမည် ဖြစ်သည်။

### ဖွံ့ဖြိုးရေးခွင့်ပြုမိန့်လိုအပ်ပါကခြင်း

ပြီးခဲ့တဲ့နှစ် မြို့တော်မဂ္ဂဇင်း (City Magazine) မှာ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲမှုစီမံကိန်းနှင့် ပတ်သက်ပြီး JICA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ စီမံကိန်း အကြောင်း ရေးသားဖော်ပြခဲ့တယ်။ ဒီ စီမံကိန်းကနေ ဖွံ့ဖြိုးရေးခွင့်ပြုမိန့်လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ထား ရှိခဲ့တယ်။ UA ထဲမှာ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်မယ်ဆိုရင် သတ်မှတ်ထားတဲ့ ဧရိယာတစ်ခုမှာ ဖွံ့ဖြိုးရေးခွင့်ပြုမိန့် လိုအပ် မှာဖြစ်တယ်။

(ဥပမာအားဖြင့် UA ထဲမှာ Project Area ၁၀ ဧက၊ ကြမ်းခင်းဧရိယာ ၄၀၀,၀၀၀ စတုရန်းပေ၊ UA (DCA) မှာ Project Area ၅ ဧက၊ ကြမ်းခင်းဧရိယာ ၂၀၀,၀၀၀ စတုရန်းပေဆောက်လုပ်မယ်ဆိုရင် ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်လိုအပ်ပါတယ်။)

GUA/CA ထဲမှာ အဆောက်အအုံ ဆောက်လုပ်မယ်ဆိုရင် မည်သည့်အရွယ် အစားမဆို ဖွံ့ဖြိုးရေးခွင့်ပြုမိန့် လိုအပ်မှာ ဖြစ်တယ်။

### ဖွံ့ဖြိုးရေးစီမံကိန်းများတွင် အများပြည်သူအတွက် ဆိုးကျိုးရှောင်ခြင်း

ဖွံ့ဖြိုးရေးခွင့်ပြုမိန့်ကိုပေး၍ စဉ်းစား ဆောင်ရွက်တဲ့အခါ ဖွံ့ဖြိုးမှုကြောင့် Negative Impact ရှည်ဆက်သက်ရောက်တတ်တဲ့ Positive Impact များလည်း ရှိလာစေ ရန်အတွက် စီမံကိန်းဧရိယာ၏ ၅ ရာခိုင်နှုန်း ကို အများပြည်သူလိုအပ်နေသည့် Open Space အဖြစ်ထားရှိသည်လည်းကောင်း၊ Bus Stop/ Taxi Stand/ စက်ဘီးလမ်း စသည်တို့ကို မျှဝေဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ စိတ်ကျေနပ်မှု စိတ်ချမ်းမြေ့ ပျော်ရွှင်မှုများကိုပါ ရရှိကြမည်ဖြစ်ပါသည်။

### ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အခြေခံအဆောက်အအုံ(လမ်း)နှင့်ပတ်သက်၍ သတ်မှတ်ခြင်း

ဖွံ့ဖြိုးရေးစီမံကိန်းများသည် အဓိက လမ်းမကြီးများဖြစ်သည့် ပထမအဆင့် လမ်းများ ဒုတိယအဆင့်လမ်းများနှင့် ကပ် လျက်ရှိနေရမည်ဖြစ်သည်၊ အဆိုပါ စီမံ ကိန်း၏ အဓိကအတွင်း လမ်းအကျယ် ပေ ၃၀ ဖြစ်ပြီး ပုံမှန်အတွင်းလမ်းများကို အနည်းဆုံး ပေ ၂၀ ထားရှိဆောင်ရွက် ရမည်၊ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် နေရာ၏ ဆက်သွယ်သွားလာရေး အဓိက ကျမှုအပေါ်မူတည်၍ Traffic Impact Accessment (TIA) ဆန်းစစ်မှုလိုအပ် မည်ဖြစ်သည်။

### ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် FAR, BCR, Height

FAR (Floor Area Ratio) ဆို သည်မှာ အဆောက်အဦဆောက်လုပ်သည့် ကြမ်းခင်းဧရိယာ စုစုပေါင်းနှင့် မြေကွက် ဧရိယာအချိုးဖြစ်ပြီး ၎င်းမှအဆောက်အအုံ ဆောက်လုပ်နိုင်မှု စုစုပေါင်း ကြမ်းခင်း ဧရိယာကို ခန့်မှန်းတွက်ချက်နိုင်ပါသည်။

BCR (Building Coverage Ratio) ဆိုသည်မှာ အဆောက်အဦ ဖုံး လွှမ်းမှုဧရိယာနှင့် မြေကွက်ဧရိယာအချိုးဖြစ် ပြီး၊ ၎င်းမှ အဆောက်အဦဖုံးလွှမ်းမှုဧရိယာ ကို ခန့်မှန်းတွက်ချက်နိုင်ပါသည်။

အမြင့်ပေဆိုသည်မှာ ပျမ်းမျှ မြေ မျက်နှာပြင်မှ အပေါ်ဆုံးအမိုး ယက်မထိပ် အထိ အတိုင်းအတာကို ခေါ်ဆိုပါသည်၊ အမိုးပေါ်ရှိ အဆောင်တန်ဆာများဖြစ်သည့် ဓာတ်လှေကား စက်ခန်းများ၊ လှေကားအမိုး များ၊ ရေလှောင်ကန်များ၊ အင်တာနာများ ၏ အမြင့်ပေများအား ၆ မီတာ (၁၉.၆)ပေ ခွင့်ပြုမည်ဖြစ်ပါသည်။

ဤကဲ့သို့ သတ်မှတ်ချက်စည်းမျဉ်း စည်းကမ်းများကို အသေးစိတ်သိရှိခြင်း အားဖြင့် ဖွံ့ဖြိုးမှုဆောင်ရွက်မည့် ရင်းနှီးမြှုပ် နှံသူများအနေဖြင့်လည်းကောင်း၊ စီမံကိန်း ရေးဆွဲမည့် ဗိသုကာအင်ဂျင်နီယာများ အနေဖြင့်လည်းကောင်း၊ မိမိတို့အကောင် အထည်ဖော်မည့် လုပ်ငန်းအတွက် အသေး စိတ် မှန်းဆတွက်ချက်နိုင်မည်ဖြစ်ပါသည်။

ဖော်ပြထားသည့် FAR, BCR, Height များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်သည့် စာအုပ်နှင့် ဖွံ့ဖြိုးရေးခွင့်ပြုမိန့် ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် YCDC Website




(www.ycdcgov.mm) တွင် ဖတ်ရှုနိုင်ပါသည်။

FAR 200% သတ်မှတ်ချက်ပေါ် မူတည်ပြီး အဆောက်အအုံဆောက်လုပ်နိုင်မှုကို ဖော်ပြပါပုံတွင် တွေ့မြင်နိုင်ပါသည်။

တွင် အခြေခံအဆောက်အအုံ (Infra-structure) များ ပါဝင်သည့် မြို့ပြဖွံ့ဖြိုး တည်ဆောက်မှုပုံစံကို ကနဦးကတည်းက (ဦးစွာ) သတ်မှတ်ရေးဆွဲထားခြင်းသာ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ထိရောက်မှုကိုဖြစ်စေသည်။ လမ်းများသည် မြို့တစ်မြို့၏ အဓိကအရေးပါသော အစိတ်အပိုင်းဖြစ်သည်။ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများတွင် အများပြည်သူ၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ထည့်သွင်းစဉ်းစားရမည်။ လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းတို့သည်လည်း အများသုံး သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်ကို အထောက်အကူပြုသည်။ ခရီးသွားပြည်သူများအနေဖြင့် Travel Time-တစ်နေ့ တစ်နာရီကိုသာ ဒဏ်ခံနိုင်သည်။ ကျော်လွန်သွားလျှင် မြို့ပြလုပ်ငန်းဆောင်တာများတွင် အဆင်မပြေမှုများ ဖြစ်လာတတ်သည်။

**Illustration 0.1 Density configurations on one hectare**




*Source: Javier Mozas, Aurora Fernández Per (2006), Density: New Collective Housing*

စိမ်းလန်းမြေသည် သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်းရာတွင် ကောင်းကျိုးပြုသည်။ အများပြည်သူ အပန်းဖြေအနားယူနိုင်စေသည့် စိမ်းလန်းမြေများကို မြို့ပြစီမံကိန်းပုံစံများတွင် ထည့်သွင်းရေးဆွဲရန်အတွက် ဇုန်သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသည်မှာ လူတစ်ဦးချင်းစီအတွက် အနည်းဆုံးစိမ်းလန်းမြေဧရိယာ ၉ စတုရန်းမီတာ(၁၀၀ စတုရန်းပေခန့်) ရှိရမည်ဖြစ်ပြီး၊ ဒေသခံပြည်သူများအနေဖြင့် (၁၅) မိနစ်ခန့် လမ်းလျှောက်လိုက်လျှင် စိမ်းလန်းမြေ ဧရိယာတစ်ခုဆီသို့ ရောက်ရှိသင့်ကြောင်း အကြံပြုထားသည်။

အများသုံးသယ်ယူပို့ဆောင်ရေး

## မှန်ကန်ဆီလျော်သည့်နည်းစနစ်များ

မြို့ပြစီမံကိန်းဌာနအနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ စနစ်တကျထားရှိရန် လိုအပ်သကဲ့သို့ ရေတို ရေရှည်စီမံကိန်းများ စနစ်တကျချမှတ်ထားရန် အလွန်အရေးကြီးပါသည်။

စီမံကိန်းများ ရှုမှတ်ဆောင်ရွက်ရာ

**မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများတွင် အများပြည်သူ၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ထည့်သွင်းစဉ်းစားရမည်။ လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းတို့သည်လည်း အများသုံး သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်ကို အထောက်အကူပြုသည်။**

**စိမ်းလန်းစိုပြေသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်းရာတွင် အကျိုးပြုသည်၊ အများပြည်သူ အပန်းဖြေအနားယူနိုင်စေသည့် စိမ်းလန်းစိုပြေမှုများကို....**

စနစ်ကို ပြည်သူအများအသုံးပြုလာနိုင်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အများသုံးဟင်းလင်းပြင်နေရာ(Open Space)၊ စီးပွားရေးအဆောက်အဦ၊ ဈေးဝယ်စင်တာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်များကို သိပ်သည်းကျစ်လစ်သည့် မြို့ပြဖွံ့ဖြိုးမှုပုံစံအဖြစ် ထားရှိပေးပါက ဒေသဆိုင်ရာပြည်သူများကို အကျိုးပြုမည်ဖြစ်သည်။

လမ်းချဲ့ထွင်ခြင်းထက် စနစ်ကျသော လမ်းဆုံလမ်းခွများထားရှိခြင်းနှင့် စည်းကမ်းလိုက်နာခြင်းက ပိုမိုအကျိုးရှိစေသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှလည်း ယခုအခါ လမ်းဆုံပုံစံများကို ပိုမိုကောင်းမွန်သည့်ပုံစံဖြင့် ပြင်ဆင်ပြောင်းလဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ မြို့ပြဖြစ်ထွန်းမှု လျင်မြန်စွာပြောင်းလဲလာချိန်တွင် မြို့ပြ ဖွဲ့စည်းမှု၊ မြို့မြေအသုံးပြုမှု၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများ ဇုန်သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အတူ ဖွံ့ဖြိုးရေးခွင့်ပြုမိန့် စည်းမျဉ်းစည်းကမ်းများကိုပါ သတ်မှတ်ရန် လိုအပ်ပါသည်။



စည်းမျဉ်းစည်းကမ်းများအနေနှင့် မူကြမ်းအဆင့်သာ ရှိနေသေးသော်လည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ဖွံ့ဖြိုးရေးစီမံကိန်းများမှာလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်လာကြသည်ကိုလည်း တွေ့မြင်ရပါသည်။

အဆိုပါဖွံ့ဖြိုးရေးစီမံကိန်းများသည် ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သက်ဆိုင်ရာဌာနများ အားလုံးအနေဖြင့် အဆက်ဆက်မှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

မြို့ပြစီမံကိန်းဌာနအနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်လေ့လာခြင်း၊ ဖွံ့ဖြိုးမှုစီမံကိန်းများတည်ရှိရာနေရာများအပေါ်မူတည်၍ ဇုန်သတ်မှတ်မြေပုံများကို ၄နှစ် (သို့မဟုတ်) ၅နှစ်တစ်ကြိမ် မွမ်းမံပြင်ဆင်ခြင်းတို့ကို တစ်တောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။



ဒေါ်တင်တင်ကြည်
(မြို့ပြစီမံကိန်းဌာန)

Ref: မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေမူကြမ်း (ဆောက်လုပ်ရေးဝန်ကြီးဌာန)
Urban Planning for City Leaders (UN Habitat)
Yangon Urban Development Management Project

# CITY CARTOON



# CITY CARTOON





# အမေ
(သို့မဟုတ်)
## "မီးပြတိုက်လိုလူ"


အမေ
ဝမ်းနဲ့လွယ်ပြီး မထမ်းခဲ့ရပေမဲ့
နှလုံးလမ်းမှာ အမြဲပန်းတွေနဲ့
ပန်းထမ်းကာ မွေးခဲ့သူ။

အမေ
တစ်အိမ်လုံးရဲ့
စား၊ ဝတ်၊ နေ၊ ရေး ဆိုတဲ့ အရေးသုံးပါးကို
ငုတ်တိုင်တစ်ချောင်းလို
ချုပ်ကိုင်ကာ ပြောင်းလဲစေခဲ့သူ။

အမေ
တစ်အိမ်လုံး အလင်းရစေဖို့
ရွှေ၊ ငွေ၊ ဆီ အရင်းတည်ကာ
ဉာဏ်ပညာ မီးစာထွန်းလို့
မီးမွှားရှားရင်း၊ အလင်းဝေငှသူ။

အမေ
အားလုံးရဲ့ လျှောက်လှမ်းဖြူးဖြောင့်စေဖို့
ကျောက်ဆူးလို ရေမချ
ကျွင်းသားရလို့ မည်းမိုက်နေရင်တောင်
ပန်းတိုင်ကို အရောက်ပို့
အားလုံးဆီ အလင်းပြနေတဲ့
မီးပြတိုက်လိုလူ။ ♦

ဉာဏ်ရည်ထက်




ဒေါက်တာကြိုင်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

ဆီးချို သွေးချိုရောဂါသည် အဖြစ်များလာပါသည်။ လူကြီးများတွင်သာမက ကလေးများလည်း ခံစားနေကြပါသည်။ မျိုးရိုးလည်း လိုက်တတ်သကဲ့သို့ လူ့ဘဝနေထိုင်မှုပုံစံပြောင်းလဲခြင်းကြောင့်လည်း ဖြစ်တတ်ပါသည်။ ဆီးချို သွေးချိုရောဂါကို ကြိုတင်သိရှိပြီး ထိရောက်စွာကုသစေချင်ပါသည်။ ဂရုမစိုက်ဘဲနေပါက ဆီးချို သွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားရပြီး သေဆုံးနိုင်ပါသည်။ ထို့ကြောင့် ဆီးချိုသွေးချိုရောဂါအကြောင်းကိုသိရှိပြီး တတ်ကျွမ်းနားလည်သူများနှင့်ကုသပါက လူ့ဘဝသက်တမ်းကြာရှည်စွာနေထိုင်နိုင်မည်ဖြစ်ပါသည်။

### (၁) ဆီးချို သွေးချို ရောဂါဆိုသည်မှာ

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ သွေးထဲတွင် အချိုဓာတ်ရှိသင့်သည့် အတိုင်းအတာထက်ပိုပြီး ရှိနေသော ရောဂါအစုအဝေးကို ခေါ်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ သွေးတွင်းအချိုဓာတ်များနေခြင်းမှာ ခန္ဓာကိုယ်အတွင်း သွေးချိုဓာတ်ကိုထိန်းညှိပေးသော အင်ဆူလင်ဟော်မုန်းဓာတ် လုံလုံလောက်လောက် မထုတ်ပေးနိုင်၍သော်လည်းကောင်း အင်ဆူလင်ထွက်သော်ငြားလည်း အင်ဆူလင်ဟော်မုန်း၏ အာနိသင်ကို

ဆန့်ကျင်သောအကြောင်းများရှိခြင်းကြောင့်သော်လည်းကောင်း၊ သွေးတွင်းအချိုဓာတ်များကို ရှိသင့်သောအတိုင်းအတာအတွင်း ထိန်းထားနိုင်ခြင်းမရှိသောကြောင့် ဆီးချို သွေးချိုရောဂါ ဖြစ်လာရခြင်းဖြစ်ပါသည်။


## (၂) ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအတွက် ရှိသင့်သည့် သွေးတွင်းအချိုဓာတ်

မနက်စာမစားမီ (Fastimg) အချိန်တွင် ၈၀ မှ ၁၃၀ မီလီဂရမ်၊ နေ့လယ်စာ သို့မဟုတ် ညနေစာမစားမီအချိန်တွင် ၁၃၀ မီလီဂရမ်အောက်၊ နေ့လယ်စာ သို့မဟုတ် ညနေစာစားပြီး ၂ နာရီအချိန်တွင် ၁၈၀ မီလီဂရမ်အောက်ရှိပြီး (၃)လအတွင်း သွေးတွင်းအချိုဓာတ် HbA1C သည် (၇) ရာခိုင်နှုန်းအောက်ရှိရပါမည်။

## (၃) ဆီးချို သွေးချိုရောဂါကြောင့်ဖြစ်သော နောက်ဆက်တွဲ ဆိုးကျိုးများ

ဆီးချို သွေးချိုရောဂါကြောင့်ဖြစ်သော နောက်ဆက်တွဲဆိုးကျိုးများမှာ မျက်စိအမြင်လွှာပျက်စီးသောရောဂါ ၊ အာရုံကြောထိခိုက်သောရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးစေသော ရောဂါ၊ အနာကျက်ရန်ခက်ခဲခြင်းနှင့် ရောဂါပိုးများ ဝင်ရောက်နိုင်ခြင်းတို့ဖြစ်ပါသည်။

Diabetes Complications






## (၄) ဆီးချို သွေးချိုရောဂါကိုကုသခြင်း

ဆီးချို သွေးချိုရောဂါကို အစားအသောက်ထိန်းညှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ သောက်ဆေးများသောက်ခြင်း၊ လိုအပ်ပါက အင်ဆူလင်ထိုးဆေး ထိုးခြင်းစသည့် ကုသခြင်းများဖြင့်ကုသနိုင်ပါသည်။

## (၅) အစားအသောက်ထိန်းညှိခြင်း

ဆီးချို သွေးချိုရောဂါဖြစ်လာပါက အစားအသောက်ကို ထိန်းညှိပြီးစားသောက်ရပါမည်။ နေ့စဉ်လိုအပ်သော အာဟာရဓာတ်ကို အချိုးညီမျှစွာပါဝင်အောင် စားပေးရပါမည်။ သို့မှသာ ကိုယ်အလေးချိန်နှင့် သွေးတွင်းအချိုဓာတ်ကို ထိန်းညှိပေးသည့်အပြင် သွေးပေါင်ချိန်နှင့် သွေးထဲတွင်ရှိသည့် အဆီဓာတ်များကိုလည်း လျှော့ချပေးနိုင်ပါသည်။

အချိုလွန်ကဲသော အစားအစာများကိုလည်း လုံးဝရှောင်ရပါမည်။ သကြား၊ ကြံသကာ၊ ထန်းလျက်၊ ပျားရည်နှင့် ဂလူးကို့(စ်) ပါသော အစားအစာများဖြစ်ပါသည်။ သကြားလုံး၊ ချောကလက်၊ ဂျယ်လီ၊ ယိုအမျိုးမျိုး၊ ကော်ဖီမစ်၊ တီးမစ်၊ ကောလစ်၊ အိုဗာတင်း၊ မိုင်လိုအားဖြည့်အချိုရည်များနှင့် အချိုရည်အမျိုးမျိုး၊ အရက်နှင့် ဘီယာအမျိုးမျိုးကို ရှောင်ကြဉ်ရပါမည်။

စားသင့်စားနိုင်သော အစားအစာများမှာ ဆန်၊ ကောက်ညှင်း၊ ဂျုံ၊ ပြောင်း၊ အာလူးနှင့် သာကူ ပြုလုပ်သော အစားအစာများဖြစ်ပါသည်။ ဥပမာအားဖြင့် ထမင်းကောက်ညှင်းပေါင်း၊ ထမနဲ၊ ဆန်ကြာဆံ၊ ခေါက်ဆွဲပေါင်မုန့်၊ အာလူးကြော်နှင့် ပြောင်းဖူးပြုတ်တို့ဖြစ်ပါသည်။ ထမင်းလျှော့စားရ၍ မတင်းတိမ်ပါက ပဲပြား၊ တို့ဟူး စသည်တို့ကို အစားထိုးစားသောက်နိုင်ပါသည်။ ကော်ဖီ၊ လက်ဖက်ရည်သောက်လိုပါက ကော်ဖီမှုန့်ကို သကြားတု သို့မဟုတ် ဆက်ကရင်၊ နွားနို့တို့နှင့် ဖျော်၍သောက်နိုင်ပါသည်။



ပုံမှန်စားသင့်သည့် အစားအစာများမှာ ငါး၊ ပုစွန်၊ အဆီထုတ်ပြီး အသားအမျိုးမျိုး၊ ပဲအမျိုးမျိုး(ကုလားပဲ၊ ပဲနီလေး၊ ပဲတီစိမ်း)၊ ပဲပြား၊ တို့ဟူး၊ နွားနို့နှင့် ကြက်ဥတို့ဖြစ်ပါသည်။ ဓါတ်တိုင်းကျ စားလိုသလောက်စားနိုင်သော အစားအစာများမှာ ဟင်းရွက်အမျိုးမျိုး (ဥပမာ—ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ပဲသီးတောင့်) ချဉ်သောအသီးများ(ဥပမာ—ခရမ်းချဉ်သီး၊ ရှောက်သီး)နှင့် ခါးသော အသီးများ (ဥပမာ—ကြက်ဟင်းခါးသီး)တို့ ဖြစ်ပါသည်။

> **သွေးတွင်းအချိုဓာတ်လွန်နေကြောင်း သိရှိနိုင်သောလက္ခဏာများမှာ ဆီးခဏခဏသွားခြင်း၊ ရေအလွန်အမင်းဆာလောင်ခြင်း၊ အမြင်အာရုံများဝေဝါးနေခြင်းနှင့် မောပန်းနွမ်းနယ်နေခြင်းတို့ဖြစ်ပါသည်။**

အစားအစာများကို စားရမည့်အချိန်၌ ပုံမှန်စားသုံးရပါမည်။ အစားရှောင်ခြင်း၊ အစားအစာမစားဘဲနေခြင်းများ မပြုလုပ်သင့်ပါ။ လွန်ကဲစွာစားခြင်းကိုရှောင်ရပါမည်။ ကိုယ်အလေးချိန် မတိုးလာအောင် ထိန်းညှိစားသောက်ရပါမည်။ ဆေးလိပ်သောက်တတ်သည်ဆိုလျှင် ချက်ချင်းဖြတ်ရပါမည်။

## (၆) ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ခြင်း

ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းသည် ဆီးချို သွေးချို ရောဂါကို ထိန်းချုပ်ပေးနိုင်သည့် အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းအားဖြင့် သွေးထဲတွင်ရှိသော အချိုဓာတ်ပမာဏကို ထိန်းညှိပေးခြင်း၊ အင်ဆူလင် အာနိသင်ကောင်းမွန်စွာရရှိစေခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါ ဖြစ်ပွားနှုန်းများကို လျော့ကျစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ မိမိနှစ်သက်သော၊ မိမိနှင့် ကိုက်ညီသော ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို ပြုလုပ်ရပါမည်။ ရောက်ခြင်း၊ ခပ်သွက်သွက်လမ်းလျှောက်ခြင်းနှင့် အိမ်အလုပ်များ ပြုလုပ်ခြင်း စသည့်တို့ကိုပြုလုပ်နိုင်ပါသည်။ လေ့ကျင့်ခန်း တစ်ကြိမ် ပြုလုပ်ချိန်မှာ ပျမ်းမျှအားဖြင့် မိနစ်(၃၀)ခန့်ဖြင့် တစ်ပတ်လျှင် အနည်းဆုံး(၅)ကြိမ်ခန့် ပြုလုပ်သင့်ပါသည်။ အင်ဆူလင်ကို ယခုမှ စထိုးသောလူနာများအနေဖြင့် သွေးချိုကျဆင်းခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကုသပေးသော ဆရာဝန်မှ အကြံဉာဏ်တောင်းခံပြီး လေ့ကျင့်ခန်းများကို ပုံမှန်ဖြည်းဖြည်းချင်း စတင်ပြုလုပ်ရပါမည်။

## (၇) သွေးတွင်းအချိုဓာတ် အတက်လွန်ခြင်း (Hyperglycemia)

သွေးတွင်းအချိုဓာတ် အတက်လွန်စေတတ်သော အကြောင်းရင်းများမှာ ကိုယ်ခန္ဓာအလေးချိန်တိုးလာခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ သွေးတွင်းအချိုဓာတ် တက်စေနိုင်သော အစားအစာများကို အဆမတန်စားမိခြင်း၊ ပုံမှန်ထက်လျော့နည်းသော ကိုယ်လက်လေ့ကျင့်ခန်းကိုသာလုပ်မိခြင်းနှင့် ထိုးသင့်သောအင်ဆူလင်ပမာဏထက် နည်းသောပမာဏကို ထိုးမိခြင်းတို့ဖြစ်ပါသည်။ သွေးတွင်းအချိုဓာတ်လွန်ခြင်းကို သတိမပြုမိပါက ကိုးမားရနိုင်ပါသည်။ သွေးတွင်းအချိုဓာတ်လွန်နေကြောင်း သိရှိနိုင်သောလက္ခဏာများမှာ ဆီးခဏခဏသွားခြင်း၊ ရေအလွန်အမင်းဆာလောင်ခြင်း၊ အမြင်အာရုံများဝေဝါးနေခြင်းနှင့် မောပန်းနွမ်းနယ်နေခြင်းတို့ဖြစ်ပါသည်။ လက္ခဏာများသည် နာရီအတော်ကြာအောင် ခံစားရနိုင်ပါသည်။

သွေးတွင်းအချိုဓာတ်အတက်လွန်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောအရေးပေါ်အခြေအနေများမှာ အန်နေခြင်း၊ မည်သည့်အစာကိုမျှ မျိုချ၍မရဖြစ်နေခြင်း၊ ဗိုက်အောင့်နေခြင်း၊ အသက်ရှူမဝခြင်း၊ မောခြင်းနှင့် ဖျားနာခြင်းတို့ဖြစ်ပါသည်။ ပြသနေသော ဆရာဝန် သို့မဟုတ် ကျန်းမာရေးဌာနသို့ ချက်ချင်းသွားပြရန် လိုအပ်ပါသည်။



အကယ်၍ သွေးတွင်းအချိုဓာတ်တက်လာပါက အကြောက်မလွန်၊ စိုးရိမ်သောကမရောက်ဘဲ စိတ်ကိုငြိမ်ငြိမ်ထားရပါမည်။ သောက်နေကျဆေးကို ပုံမှန်သောက်ရပါမည်။ အင်ဆူလင်ထိုးခြင်းပြုလုပ်ပါက ပုံမှန်ထိုးရပါမည်၊ ထိုးရန်မမေ့သင့်ပါ။ ရက်အနည်းငယ်ကြာသည့်တိုင်အောင် သွေးတွင်းအချိုဓာတ်ပမာဏ လုံးဝပြန်မကျဘဲ တက်မြဲတိုင်းတက်နေပါက ဆီးချို သွေးချိုရောဂါ အထူးကုဆရာဝန်ကြီးနှင့် ပြန်လည်ပြသရပါမည်။

## (၈) သွေးတွင်းအချိုဓာတ် အကျလွန်ခြင်း (Hypoglycemia)

သွေးတွင်းအချိုဓာတ်အကျလွန်စေသော အကြောင်းအရင်းများမှာ အင်ဆူလင်အများကြီးထိုးမိခြင်း၊ ပုံမှန်ထက်နည်းသော သို့မဟုတ် လွန်စွာနည်းသောအစားအစာကိုသာ စားမိခြင်း၊ ပုံမှန်ထက်ပို၍ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အရက်သောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်းနှင့် ဖျားနာခြင်း၊ ဆေးကိုအရေပြားအောက် အဆီပြင်ထဲသို့ မထိုးမိဘဲ ကြွက်သားထဲသို့ထိုးမိခြင်း စသည်တို့ဖြစ်ပါသည်။

သွေးတွင်းအချိုဓာတ်ကျနေပါက အာရုံမရှိသကဲ့သို့ဖြစ်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ဗိုက်အရမ်းဆာလောင်ခြင်း၊ ချွေးစေးများအထွက်လွန်ခြင်း၊ ရင်တုန်ခြင်း၊ ခေါင်းမူးခြင်းနှင့် ခေါင်းကိုက်ခြင်းများ ဖြစ်တတ်ပါသည်။ သွေးတွင်း အချိုဓာတ်ကျနေပါက ခံစားရသည့်လက္ခဏာများသည် လူနာတစ်ဦးနှင့်တစ်ဦး အနည်းငယ်စီ ကွဲပြားခြားနားနိုင်ပါသည်။

သွေးတွင်းအချိုဓာတ်အကျလွန်ခြင်းသည် မိနစ်ပိုင်းအတွင်း၌ အန္တရာယ်ပေးတတ်သောကြောင့် ကြိုတင်သတိထားမိရန် လိုအပ်ပါသည်။ သကြားဓာတ်ပါသော သကြားလုံးများ၊ ဂလူးကို့(စ်) ဆေးပြားများနှင့် ဖျော်ရည်များကို အမြန်ဆုံးသောက်ခြင်း၊ စားခြင်းများ ပြုလုပ်ပေးရပါမည်။ စားရမည့်အစားအစာများကို စားပေးရပါမည်။ သွေးတွင်းအချိုဓာတ် အလွန်အမင်းကျဆင်းသည့်အခါ ဖြစ်တတ်သော ရောဂါလက္ခဏာများနှင့် ပြုစုကုသနည်းများကို မိသားစုဝင်များနှင့် မိတ်ဆွေများ သိရှိထားရပါမည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ပို့ဆောင်ကုသရပါမည်။

## (၉) မျက်စိကို စမ်းသပ်စစ်ဆေးခြင်း:

အချိန်ကာလကြာရှည်စွာ သွေးတွင်းအချိုဓာတ် မြင့်တက်နေခြင်းကြောင့် မျက်ကြည်လွှာနှင့် အမြင်အာရုံတွင် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပါသည်။ မျက်လုံးအား တစ်နှစ်တစ်ခါ ပုံမှန်စစ်ဆေးမှုခံယူရပါမည်။ မျက်ကြည်လွှာ စစ်ဆေးခြင်းအားဖြင့် ဆီးချိုသွေးချိုရောဂါရှိသူများသည် မျက်ကြည်လွှာ ပျက်စီးမှုရောဂါ၏ အစောပိုင်းလက္ခဏာများကို ကြိုတင်သိရှိနိုင်ပါသည်။ လိုအပ်ပါက စောစီးစွာကုသမှုခံယူခြင်းဖြင့် အမြင်အာရုံဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ပါသည်။

ဒေါက်တာချမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)







# မြို့တော်တစ်ခု၊ သန့်ရှင်းစေလို

မြတ်မိုး(ရွှေ)

(တစ်)

နှစ်အတန်ကြာခဲ့သော်လည်း ထိုမြင်ကွင်းမှာ ကျွန်တော့်အာရုံထဲတွင် အစဉ်စွဲထင်လျက်ရှိသည်။ အကြောင်းတိုက်ဆိုင်လာတိုင်း ရုပ်ရှင်ပြသလို မြင်ကွင်းတွေ ပြန်၍ပေါ်လာကာ၊ မြို့တော်ဝန်ကြီးဦးကိုလေး မှာကြားသည့်စကားများကိုလည်း ပြန်လည်ကြားယောင်လာမိသည်။

(နှစ်)

ကြည့်မြင်တိုင် သီရိမင်္ဂလာ ကုန်စိမ်းဈေးကြီး ဖွင့်ကာစဥ်ကဖြစ်သည်။

ကျွန်တော်သည် သမီးငယ်ကို ရန်ကုန်မြို့တွင်း ကျောင်းသို့ပို့ရန် နံနက် ၆ နာရီခွဲခန့်တွင် လိုင်းမှ ကားဖြင့်ထွက်လာခဲ့သည်။ ကျွန်တော်တို့ကားကလေးမှာ ထိုနေ့နံနက် သီရိမင်္ဂလာဈေးကြီးရှေ့အရောက်တွင် ရှေ့၌ ကုန်စိမ်းသည်တွေအပြည့်နှင့် သီရိမင်္ဂလာ–သာကေတခရီးသည်တင်၊ ရိုနီးကျား ယာဉ်တစ်စီးကို လှမ်းမြင်နေရသည်။




ထိုစဥ် ယာဉ်၏နောက်ဆုံးတွင် ထိုင်၍ လိုက်ပါနေသော ကုန်စိမ်းသမတစ်ဦး၏ လုပ်ရပ်ကြောင့် စိတ်ထဲမှာ အတော်ကသိကအောက် ဖြစ်သွားသည်။ "အသိဉာဏ် နည်းလိုက်တာ" ဟုလည်း နှုတ်ဖျားက လွှတ်ခနဲ ထွက်သွားသည်။

ကျွန်တော်မြင်သလို၊ ကျွန်တော့် သမီးငယ်ကလည်း မြင်နေသည်။

"ဖေဖေ…တော်တော်စည်းကမ်းမဲ့တယ်နော်" တဲ့။

ကုန်စိမ်းကားမှာ နံနက်စောစော ကားရှင်းချိန်လည်းဖြစ်၍ အတော်မြန်မြန် မောင်းနေသည်။



ကျွန်တော်တို့လည်း သူ့ကို ကျော်မတက်ဘဲ သူ့နောက်က မောင်းလိုက်သွားသည်။

ထိုကုန်စိမ်းသည်ကတော့ ပလောကတစ်ခွင်လုံးကို ဈေးလှော်နေဟန်တူသည်။ ပတ်ဝန်းကျင်ကိုလည်း လုံးဝဂရုမစိုက်၊ သူ့အလုပ်နှင့်သာ အာရုံစူးစိုက်ထားသည်။

သူ့ရှေ့တွင်ရှိနေသည့် ခြင်းကျာကြီးထဲက၊ ချဉ်ပေါင်စည်းတွေ၊ ပျဉ်းတော်သိမ် အရွက်စည်းတွေကို တစ်စည်းပြီးတစ်စည်း ထုတ်ယူကာ အရွက်တွေကို နွှာလိုက်၊ အရိုးတွေကိုရှင်းပြီး အရွက်တွေ၊



အရိုးတွေကို တစ်လမ်းလုံး ကားနောက်သို့ ပစ်ချလိုက်လုပ်သွားသည်။ သျှကြည့်ရတာ အသျှ ဂရု မစိုက်သလိုပါပဲ။

သူပစ်ချလိုက်သည့် ကုန်စိမ်းအရိုး အစွက် အမှိုက်များမှာ၊ တလူလူလွင့်ကာ လမ်းမကြီးပေါ်တွင် ဆေလနှင့်အတူ ဝဲပုံ့ကျန် ရစ်သည်။

တစ်ခါတစ်ရံ ကျွန်တော်တို့ကားနှာ ရှေ့မှန်ဆီသို့ပင် လွင့်စဉ်လာသည်။

သူ့ရှေ့က မြောင်းတောင်းအကြီးကြီး ထဲတွင် ကုန်စိမ်းတွေက အပြည့်ရှိနေပုံပေါ် သည်။ စနိုးဆုံး သဘောတမရောက်ချင်း လမ်းတစ်လျှောက်လုံး ပစ်ချသွားမှာ သေ ချာသည်။

ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ဒေါပုံ၊ သာ ကေတ။

မြို့နယ်တိုင်းက စည်ပင်သာယာ သန့်ရှင်းရေးဝန်ထမ်းများ၊ စိတ်ကြိုက်သာ သိမ်းကြပေရော့၊ ထိုရေးသည် ပစ်ချနေ တုန်း အမှိုက်သိမ်းဝန်ထမ်းတွေ မျက်မြင် တွေ့လိုက်ရလျှင် ဘာပြောကြမည်မသိ၊ လှမ်းအော်ပြီး သတိပေးချင်ပေးကြမည်၊ ဒေါသထွက်ပြီး ဆဲဆိုကြိမ်းမောင်းချင် ကြိမ်း မောင်းကြမည်။ တစ်ခုခုဖြစ်မှာတော့ သေချာသည်။ မမြင်လိုက်တာပဲ ကောင်းပါ သေးရဲ့။

ဒါပေသိ၊ ထိုမြင်ကွင်းကြောင့် မြို့ တော်ဝန်ကြီး၏ စကားသံ နားထဲတွင် ကြား ယောင်လာခဲ့ခြင်းဖြစ်သည်။



**"လူတစ်ထောင် စည်းကမ်းရှိရှိ အမှိုက်စွန့်ပစ်လျှင် အမှိုက်သိမ်းဝန်ထမ်း တစ်ဦးနှင့် လုံလောက်သည်"**

**"လူတစ်ယောက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်လျှင် အမှိုက်သိမ်းဝန်ထမ်း အင်အား ၁၀၀၀ ဖြင့် သိမ်းဆည်း၍မရနိုင်"**

လွန်ခဲ့သည့် နှစ် ၃၀ ခန့် မြို့တော် သတင်းစာ စတင်ထုတ်ဝေစဉ် ကျွန်တော် တို့ ဦးဆောင်ခဲ့စဉ်(မြို့တော်သတင်း)တွင် မြို့တော်ဝန်ကြီး၏ ခေါင်းစဉ်တွင် လိုက်ပါ၍ သတင်းရေးယူစဉ်က၊ မကြာခဏကြားသိခဲ့ရ သည့် စကားတစ်ခွန်းဖြစ်၍ ကောင်းကောင်း ကြီး မှတ်မိနေခြင်းဖြစ်သည်။

ယခုလက်တွေ့ မြင်ကွင်းကို မြို့ တော်ဝန်ကြီး၏ စကားနှင့် ဟိုင်းတာကြည့် လျှင် အလွန်မှန်ကန်ကြောင်း တွေ့ရမည် ဖြစ်သည်။

စည်းကမ်းမဲ့ ကုန်စိမ်းသည်တစ်ဦး ကြောင့် ထိုနံနက်ခင်း စောစောတွင်း၊ မြို့ နယ် ကိုးမြို့နယ်ရှိ သန့်ရှင်းရေးဝန်ထမ်းများ အလုပ်ရှုပ်သွားချေပြီ။ သူ့ကြောင့် ဝန်ထမ်း

တွေ အချိန်ကုန်၊ လူပန်းဖြစ်ကာ မြို့တော်ကြီး သာယာသန့်ရှင်းရေးအတွက် ဆောင်ရွက်ကြပေဦးတော့။

(သုံး)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် ရန်ကုန်မြို့တော်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၏ သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်သည်။



ဖော်ပြပါ ကုန်စိမ်းသည်ကဲ့သို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူတစ်ဦးကြောင့် မြို့တော်ကြီး၏ မြေထု၊ ရေထု၊ လေထု ညစ်ညမ်းမှုတွေနေ့စဉ်ပေါ်ပေါက်လာနေရသည်။

မြို့တော်သူ၊ မြို့တော်သားများ ကျန်းမာသန့်ရှင်းရေးအတွက် အဆိုပါ "ထု"သုံးထု သန့်ရှင်းစေရန် ခေတ်မီတိုင်းတာသည့် စက်ပစ္စည်းကိရိယာများဖြင့် နေ့စဉ် တိုင်းတာကာ သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိစေရန် အစဉ်ကာကွယ် ဆောင်ရွက်ပေးနေရသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့တော်ကြီးများသည် စက်မှုဇုန်များ၊ စီးပွားရေး လုပ်ငန်းများနှင့် လူနေရပ်ကွက်များက စွန့်ပစ်၍ စီးဆင်းလာသည့် ရေဆိုး၊ ရေညစ်များကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြရသည်။ ထို့ကြောင့် ရေနေသတ္တဝါများ၊ သေကျေပျက်စီးမှု မဖြစ်ပေါ်စေရန် ကာကွယ်ပြုပြင်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရသည်။

စက်ရုံများက စွန့်ပစ်လိုက်သည့် ရေညစ် ရေဆိုးနှင့် အညစ်အကြေးများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စွန့်ပစ်ကြရမည်။ မြေထုညစ်ညမ်းမှုကို ကာကွယ်ရာတွင် အမှိုက်စွန့်ပစ်ခြင်းကို အဓိကထိန်းသိမ်း ကာကွယ်ခြင်းဖြစ်သည်။

စည်းကမ်းမဲ့ စွန့်ပစ်လိုက်သည့် အမှိုက်များသည် လမ်းဘေးရေမြောင်းများ ကတ္တရာလမ်းများ မြစ်များအတွင်း ရောက်ရှိသွားရာမှ ရေမြောင်းပိတ်၊ မြောင်းပိတ် ဖြစ်ကာ လမ်းများပေါ်သို့ပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာရသည်။

ယနေ့အခါ နေ့စဉ်တိုးပွားလာနေသော မြို့ပြလူဦးရေနှင့်အတူ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု များပြားလာပါက မြို့တော် စည်ပင်ဝန်ထမ်းများ ဝန်နှင့်အားမမျှဘဲ မြို့တော်ကြီး၏ သန့်ရှင်းမှုအဆင့် နိမ့်ကျသွားနိုင်သည်။

လက်ရှိ ရန်ကုန်မြို့တော်နေ့ (မြို့သစ်များပါ)လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်ကို အမှိုက်သယ်ယာဉ်ကြီး ယာဉ်ငယ် အစီး ၇၀၀ ခန့်၊ အောက်ခြေဝန်ထမ်း၊ အမှိုက်လှည်း၊ အမှိုက်သိမ်း၊ ကားတင်၊ ကားမောင်း၊ အမှိုက်ပုံ စသည်မှ သုသာန်လုပ်ငန်းအထိ ဝန်ထမ်းအင်အား ၄၈၀၀ ခန့် (သန့်ရှင်းရေးဝန်ထမ်းတစ်ဦးသည် ပြည်သူ ၁၇၀၀ ခန့်ကို ဝန်ဆောင်မှုပေးနေရသည့် သဘော)ဖြင့် မနိုင်ဝန် ထမ်းဆောင်နေကြရသည်။



သို့သော် ပကာတိအခြေအနေကို အရှိအတိုင်း တာဝန်ယူကြရသည်ဖြစ်ရာ ပြည်သူတိုင်းက မြို့တော်သူ၊ မြို့တော်သား များ ပီသစွာ၊ တာဝန်သိသိ စည်းကမ်းရှိရှိ ပါဝင်ဆောင်ရွက်ကြမှသာလျှင်......။

မြတ်နိုး(လှိုင်)

# CITY CARTOON




# အတုခိုးဆွဲရာမှ တမဂရေသော ပန်းချီဆရာဖြစ်သွားသူ တွမ်ကီတင်း

ဘနှင်း(မြန်မာပြန်)

ပန်းချီကားအတုရေးဆွဲမှုတွင် ထူးချွန်သော တွမ်ကီတင်းသည် ပန်းချီကျော်ကြီးများ၏ လက်ရာ ပန်းချီကားများကို အတုရေးဆွဲခြင်းဖြင့် သူ့ကို အထင်သေးသော ပန်းချီလောကကို လှုပ်ကိုင်ယမ်းခဲ့၏။ ၁၉၇၆ ခု သူ့အသက် ၆၂ နှစ်တွင် ပန်းချီကားအတုရေးဆွဲမှုဖြင့် အိုးလ်ဘေလီတွင် အမှုဆိုင်ခဲ့ရ၏။ သို့သော် သူ့ကျန်းမာရေးဆိုးဝါးလာသဖြင့် အမှုများကို ပိတ်လိုက်ရသည်။

ကီတင်းမှာ ဆေးသုတ်မှ မီးထိုးသမား ပေါင်းဖြစ်သည်။ မှတ်ဆိတ်မွေး ထူလာချစ်နှင့်ဖြစ်သည်။ သူ၏ ပန်းချီကားအတုများကို



ကော့ခနေးတွင် Sexton Blakes ဆက်တန်သလိတ်ဟု ကဗျာဆန်ဆန်ခေါ်ကြသည်။

ပထမတွင် သူ့အပေါ် အမြတ်ထုတ်လွန်းသော ပန်းချီကားကုန်သည်များကို စိတ်နာပြီး ပန်းချီကားအတုများ ရေးခြင်းဖြစ်သည်။

သူ လူငယ်ဘဝက ဇနီးနှင့် ကလေးနှစ်ယောက်နှင့်အတူ စွတ်စိုထိုင်းမှိုင်းသော အိမ်တစ်လုံးတွင် နေခဲ့ရ၏။ အခြား ပန်းချီကားများကို ပြန်ရေးအဖြစ် ပန်းချီကားတစ်ချပ်အတွက် ငါးပေါင်သာရ၏။ သူ ရေးသော ပန်းချီကားကို ပြခန်းတွင် ပေါင် ၅၀၀ ဖြင့် ရောင်းမှန်းသိသောအခါ အလွန်ဒေါသထွက်ခဲ့၏။

"ဒီလူတွေဟာ ပန်းချီအကြောင်း ဘာမှ နားမလည်ဘူး။ အမြတ်ထုတ်ဖို့ပဲ သိကြတယ်" သူက ဒေါသတကြီးပြောခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် အိမ်ထောင်နှင့် ကွဲသဖြင့် ဓလော့တလန်သို့ ထွက်သွားခဲ့၏။ နံရံပန်းချီများ ရေးရန်ဖြစ်သည်။ ထို အချိန်မှစ၍ အခြားပန်းချီဆရာများ၏ ပန်းချီကားများကို ပြန်ရေးဆွဲပြီး လေလံတင်ပွဲတွင် ရောင်းချခဲ့၏။

၁၉၆၀ ပြည့်နှစ်တွင် လန်ဒန်သို့ပြန်လာခဲ့၏။ မာဘိုရိုဟောက်စ်တွင် ပန်းချီဆွဲရန်ဖြစ်သည်။ ၁၉၅၃ ခု၊ ဆေးရိုဘုရင်မကြီး နတ်ရွာစံသည့်နောက်ပိုင်းတွင် ထိုအိမ်တွင် ပန်းချီကားများ မရှိခဲ့ပေ။

တစ်နေ့တွင် လက်ရှိတွင်ရှိ ရေးခဲ့သော ဘီလူးရုပ်တစ်ရုပ်ကို ပြန်ရေးနေချိန်တွင် **အဲလစ်ဇဘက်ဘုရင်မကြီးနှင့်** ဆုံခဲ့၏။

သူ့စာအုပ် "The Fake's Progress" တွင် ကိတင်းက ဤသို့ဖော်ပြခဲ့၏။ ဘုရင်မကြီးဟာ ကော့ကားတာတက်လာပြီး တခဲ့တသဲကြည့်နေတယ်။ ကျွန်တော်ကို လှည့်ကြည့်တယ်။ သူမ မျက်နှာပေါ်မှာ သူမဟာ ဒီလူကာကို ကလေးဘဝကစပြီး အကြိမ်ရာပေါင်းများစွာ အတက်အဆင်း လုပ်ခဲ့တယ်။ ဒီလောက်လှတဲ့ ပန်းချီတွေ နံရံပေါ်မှာ ရှိမှန်းမသိဘူးလို့ ဖော်ပြနေ



မာဘိုရိုဟောက်စ်တွင်
အလုပ်လုပ်ရသည်။
ငွေကြေးကျပ်တည်းသော
ကိတင်းအတွက် အဆင်မပြေလှပေ။
ထို့ကြောင့်
အခြားပန်းချီဆရာများ၏
ပန်းချီကားများကို
ပြန်ကူးဆွဲ၍
လေလံပွဲများတွင် ရောင်းချခဲ့ရ၏။

တယ်။ "ဒီပုံတွေဟာ အဓကာတည်းက ရှိခဲ့ပါတယ် မဒမ်" ကျွန်တော်ပြောပြပါတယ်။ "တစ်ဘက်နံရံရဲ့ ဆေးနက်တွေအောက်မှာလဲ နောက်ထပ်ပန်းချီကားတွေ အများကြီး ရှိပါသေးတယ်"

ဘုရင်မကြီးဟာ ကျွန်တော် နံရံကို ဆေးရည်နဲ့ ဆေးကြောနေချိန်မှာ စောင့်ကြည့်နေခဲ့တယ်။

မာဘိုရိုဟောက်စ်တွင် အလုပ်လုပ်ရသည်။ ငွေကြေးကျပ်တည်းသော ကိတင်းအတွက် အဆင်မပြေလှပေ။ ထို့ကြောင့် အခြားပန်းချီဆရာများ၏ ပန်းချီကားများကို ပြန်ကူးဆွဲ၍ လေလံပွဲများတွင် ရောင်းမှန်ခဲ့ရ၏။

၁၉၆၃ ခုနှစ်တွင် ၁၉ ရာစုနှစ် ပန်းချီဆရာ ဆင်မြူရယ်ပါးလ်မားအကြောင်း ရေးထားသည့် စာအုပ်ကို ဖတ်ရသဖြင့် သဘောကျသွား၏။ ပန်းချီပြခန်းများသို့ လှည့်လည်ပြီး ပါးလ်များ၏ ပန်းချီကားများကို ရှာခဲ့၏။ ပြန်ဆွဲရန်ဖြစ်သည်။ တက်တီတွင် ပန်းချီကားတစ်ချပ်ကို တွေ့ခဲ့၏။ သူ တစ်ကိုယ်လုံး ဓာတ်လိုက်သလို ခံစားရသည်ဟု

သူက ပြောပြ၏။

ကိတင်းသည် စနစ်ကျသူဖြစ်၏။ ပန်းချီဆွဲမည့် ရှုခင်းဘက်ကို သေသေချာချာရွေးချယ်၏။ ပါးလ်မား၏ ဝိညာဉ်က သူ့လက်ကို ဆွဲခေါ်သွားသည်ဟု သူပြော၏။

"အဲဒီလိုဖြစ်လာသောအခါ ပန်းချီဆွဲနေးထဲမှာ ထိုင်စောင့်နေခဲ့ရတယ်"ဟု သူက ပြော၏။ ကျွန်တော်ဟာ သက်ရှိ သိုးတစ်ကောင်ကို ပန်းချီမဆွဲခဲ့ဘူး။ ကျွန်တော် ဒါပေမဲ့ ပါးလ်မားရဲ့ သိုးတွေဟာ စာရွက်ပေါ်မှာ ပေါ်လာတယ်။ ဤသို့ဖြင့် ပါးလ်မား၏ Valley of Vision Watched over by the God Shepherd in the shadow of Shoreham church ပန်းချီကားကို ပြန်ရေးဆွဲခဲ့၏။

၁၉၆၃ ခုနှစ်တွင် ကိတင်းနှင့် လုပ်သော ဂျိန်းကယ်လီကို တွေ့ဆုံကြ၏။ သူမသည် ကျွန်ုပ်ဇင့်ကျောင်းသူဖြစ်ပြီး စာမေးပွဲပြေရန် ကြိုးစားနေရှိန်ဖြစ်၏။ ဘိုဟီမီယန် ကော်ဖီဆိုင်များတွင် သူမနှင့် သူ့ငယ်ချင်းများသည် ပန်းချီဆရာ၏ နံဘေးတွင် ဝိုင်းထိုင်ပြီး စကားပြောကြ၏။ ပန်းချီဆရာကို ဂုရုကြီးဟု ခေါ်ပြောင်ကြ၏။

ကယ်လီ၏ ယောကျ်ားလေးမိတ်ဆွေ ကားတိုက်သေဆုံးသည့်နောက်ပိုင်းတွင် ပန်းချီဆရာနှင့် ကယ်လီတို့ ချစ်သူများဖြစ်လာခဲ့၏။ ဂျိန်း (၁၇)နှစ်နှင့် ကိတင်း (၄၆)နှစ်တို့ လက်ထပ်လိုက်ကြ၏။ သူတို့သည် ဆပ်ဆက်နယ် ဝင်တာစ်ဖီးလ်သို့ ပြောင်းရွှေ့နေထိုင်ကြ၏။ ဂျိန်းက ပန်းချီကားများလိုက်ဝယ်ပြီး ကိတင်းက တူအောင် ရေးဆွဲလေသည်။

၁၉၇၉ ခုနှစ်တွင် သူဆွဲသော ပါးလ်မား၏ ပန်းချီကား Sepham Barm ကို Old Bailey တွင် ကိတင်းပြခဲ့၏။ ထိုကားကို ပေါင် ၉၄၀၀ ဖြင့် ရောင်းချခဲ့၏။ သူက



ဂျူရီအဖွဲ့အား "ဒီလုပ်ရပ်အတွက် ကျွန်တော် ရှက်မိပါတယ်"ဟု ပြော၏။ ထိုပန်းချီကားအား မည်ကဲ့သို့ ရေးခဲ့သည်ကို သူ မမှတ်မိပေ။ ခေတ်ပေါ်ပန်းချီဆေးများဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်၏။ ထိုပန်းချီကားကို ရေးဆွဲပြီးက သူတစ်ကိုယ်လုံး လေထင်ကျွမ်းပြီး အဝေးသို့ လွင့်ပါးနေသည်ဟု ထင်ရကြောင်း သူပြောပြ၏။

ပေါင် ၂၅၅၀ ဖြင့် ရောင်းရသော
အခြားပန်းချီကားတစ်ကားကိုကြည့်ပြီး
သူ စိတ်ဓာတ်ကျသွား၏။
"ဒီပန်းချီကားကို
တစ်နာရီခွဲ ရေးဆွဲခဲ့ရတယ်။
တော်တော်ပျင်းစရာကောင်းပါတယ်။

ပေါင် ၂၅၅၀ ဖြင့် ရောင်းရသော အခြားပန်းချီကားတစ်ကားကိုကြည့်ပြီး သူ စိတ်ဓာတ်ကျသွား၏။ "ဒီပန်းချီကားကို တစ်နာရီခွဲ ရေးဆွဲခဲ့ရတယ်။ တော်တော်ပျင်းစရာကောင်းပါတယ်။ ပါးလ်မားရဲ့ ပန်းချီကားကို ကူးဆွဲထားတာ သက်သက်ပါ။ သူ့ရဲ့ အနုပညာချောက် မပါပါဘူး"

ထိုပန်းချီကားမှာ ပထမတွင် ၃၅ ပေါင်ဖြင့် ရောင်းရ၏။ နောင်အခါတွင် လန်ဒန်ပန်းချီပြခန်းမှတစ်ဆင့် ဘာကိုဟိုင်းပြတိုက်အတွက် ၂၅၅၀ ပေါင်ဖြင့် ဝယ်သွားခဲ့၏။

Sepham Barn ပန်းချီကားကို ရောင်းပြီးနောက် ကိတင်းနှင့် ဂျိန်းတို့သည် Tenexife သို့ ပြောင်းခဲ့ကြ၏။ ဂျိန်းသည် ကနေဒီယန်လူမျိုးတစ်ဦးနှင့် တွေ့ဆုံချစ်ကြိုက်ပြီး လက်ထပ်လိုက်၏။ ဤသို့ဖြင့် ကိတင်းနှင့် ဂျိန်းတို့၏ ၉ နှစ်တာ ပေါင်းသင်းသည့် ကာလပြီးဆုံးသွား၏။ နောက် ၉နှစ်အကြာတွင် ဆိုးလ်ဘာလီတွင် သူတို့ ထပ်တွေ့ကြ၏။ ကိတင်းရေးခဲ့သည့် ပန်းချီကားများနှင့်ပတ်သက်ပြီး သက်သေ

လာခဲ့ခြင်းဖြစ်၏။ ပန်းချီကားကျွမ်းကျင်သူ တစ်ယောက်က တိုင်းမဂ္ဂဇင်းတွင် Sepham Barn သည် အစစ်အမှန်မဟုတ်ကြောင်း ထုတ်ဖော်ရေးလိုက်သဖြင့် ထိုရှက်စရာကောင်းသောကိစ္စ ပေါ်လာခြင်းဖြစ်၏။

ကီတင်း၏ အကြမ်းခန့်မှန်းချက်အရ ပန်းချီပြခန်းများနှင့် ပန်းချီကားစုဆောင်းသူများ၏ နံရံများပေါ်တွင် သူ အတုရေးဆွဲသော ပန်းချီကားပေါင်း ၂၀၀၀ ထက် မနည်းရှိလေသည်။ မည်သူမျှ မည် သည့် ပန်းချီကားသည် အစစ်ဖြစ်သည်၊ မည်သည့် ပန်းချီကားက အတုဖြစ်သည်ကို မသိပေ။ အမှုအားလုံးပြီးသွားပြီးနောက် ကီတင်းသည် သူထပ်ရေးသော ပန်းချီကားများကို မည်သည့်ရှုမြင်ဖြင့် ရေးဆွဲမည်ကို မခန့်မှန်းနိုင်ခဲ့ပေ။

သူ၏ မကောင်းသော ကျော်စောသတင်းကြောင့် ကီတင်း၏ ပန်းချီကားများ တန်ဖိုးတက်လာ၏။ "ချက်ချင်းမှာပဲ လူတိုင်းဟာ ကီတင်းရဲ့ ပန်းချီကားတစ်ချပ် ပိုင်ဆိုင်ချင်လာတယ်" ပန်းချီပြခန်းပိုင်ရှင် တစ်ယောက်က ပြောသည်မှာ "တစ်လအတွင်းမှာ စျေးနှုန်းဆတက်သွားတယ်။ သူ့ပန်းချီကားတွေဟာ ကမ္ဘာအနှံ့ ရောက်သွားတယ်"ဟူ၏။

> ကျုပ် မီလျံနာတွေ အများကြီးတွေ
> အများကြီးတွေ့ခဲ့ပြီးပြီ
> သူတို့အားလုံးဟာ
> မပျော်ရွှင်ကြပါဘူး။
> ကျုပ် ပန်းချီပဲဆွဲချင်ပါတယ်။
> အတတ်နိုင်ဆုံး
> မမှန်ကန်တဲ့အလုပ်တွေကို
> မလုပ်တော့ပါဘူး။



ကီတင်းသည် လန်ဒန်ပန်းချီပြခန်း တစ်ခုမှ ကန်ထရိုက်ရခဲ့၏။ တန်ဖိုးမှာ ပေါင် ၂၅,၀၀၀ ဖြစ်သည်။ အခြားကမ်းလှမ်းချက်မှာ ပန်းချီကားတစ်ချပ်ချင်းအပေါ်တွင် ကော်မရှင် ပေါင် ၃၀,၀၀၀ ရမည်ဖြစ်သည်။ ထိုကမ်းလှမ်းချက် နှစ်ခုလုံးကို သူ လက်မခံခဲ့ပေ။

"ကျုပ်ဟာ ချမ်းသာဖို့အတွက် အနိုင်းနိုင်းဆုံးအိမ်မက်တွေနဲ့ အလုပ်လုပ်ခဲ့ပြီးပြီ" သူကပြောပြသည်။

"ကျုပ် မီလျံနာတွေ အများကြီး တွေ အများကြီးတွေ့ခဲ့ပြီးပြီ သူတို့အားလုံး ဟာ မပျော်ရွှင်ကြပါဘူး။ ကျုပ် ပန်းချီပဲ ဆွဲချင်ပါတယ်။ အတတ်နိုင်ဆုံး မမှန်ကန် တဲ့ အလုပ်တွေကို မလုပ်တော့ပါဘူး။ ပန်းချီရေးတတ်တာဟာ ဘုရားသခင်ရဲ့ လက်ဆောင်ပါ။ ကျုပ်ရဲ့အစွမ်းမဟုတ်ပါ ဘူး။ ပန်းချီဆွဲနေရရင် ကျုပ်ပျော်ရွှင်တယ်"


သူ ကျော်ကြားမှု အထွတ်အထိပ် ရောက်ချိန်တွင် တယ်လီဗီးရှင်း ကုမ္ပဏီ တစ်ခုက သူ့ဘဝကို ဇာတ်လမ်းရိုက်၍ ထုတ် လွှင့်ခဲ့၏။ **ဒါရိုက်တာ ရက်ကတ်ဘာလွန်း စတီနီး** က သူ့ကို ကောင်းကောင်းသိ၏။ သူ့အကြောင်းကို ဤသို့ပြောပြ၏။

"သူဟာ သိမ်မွေ့စေ့စပ်ချက်ပြင်းထန်တဲ့ လူတစ်ယောက်ဖြစ်တယ်။ ပန်းချီဆွဲရင်း ငို တယ်။ တစ်ကိုယ်လုံး တုန်နေတယ်။ ပန်းချီ ဆရာဟာ ကောင်းကင်ဘုံက ဆင်းလာပြီး သူ့လက်တွေ ဦးဆောင်သွားတယ်လို့ ပြော တယ်။ သူဟာ ကျွန်တော်တွေ့ဖူးသမျှ လူ တွေထဲမှာ သဘောကျစရာအကောင်းဆုံး ပါ"

ဘနင်း(မြန်မာပြန်)

The World's Greatest Crooks and Conmen by Nigel Blundel မှ The Faker Famous for his "Sexton Blakes" ကို မြန်မာပြန်သည်။

City MAGAZINE



# အယ်ချိန်းမဲ့

နီမင်းခေါင်ကျော်ဖိုး

လဆန်းရောက် လတစ်ခြမ်းပုံကလေး ပင် အိပ်တန်းတက်သွားပြီ။ အိပ်တန်း မတက်နိုင်သေးတာက မိသန်းတို့အမေ အရိုးလေးတွေပဲ။

အရိုးလေးတုတ်မှာ ရေနွေးကြမ်းသောက်လိုက်၊ ပြောင်းဖူးဖက် ဆေးလိပ်ကြီးဖွာလိုက်၊ ပြောင်းဖူးဖက်ဆေးပေါ့လိပ်တွေ ထိုင်လိပ်လိုက်၊ ရေနွေးသောက်လိုက်၊ ကွမ်းလွှင် ထတည်လိုက်၊ အမေပါ့သွားလိုက်ဖြင့် အခုထိ အိပ်တန်းမတက်နိုင်သေးပေ။

"ဟာကွာ...အဖွားကြီးကလည်း အခုထိ မအိပ်သေးဘူး၊ ဘာလုပ်နေမှန်းကို မသိဘူးစောစော အိပ်ပါတော့လား"

ဖျောက်စီးမဲကိုင်မိထားသလို ဂဏာမငြိမ်ဖြစ်နေသော ဒွေးမောင်ကိုကြည့်ပြီး "အင်း...ဒီကောင့်ကွကွာကလည်း မသေးပေါ့လား" ဟု မုန့်အောင်ချစ်တွေးမိသည်။ ညနေက မုန့်အောင်ချစ် မြက်ရိတ်ပြီးပြန် ရောက်စမှာပင် ဒွေးမောင်ရောက်လာသည်။ ရုပ်က အမှုရုပ်နှင့်။ ခပ်စောစောကလည်း တစ်ခေါက်လာသွားသေးသည်ဟု ဆိုလေသည်။

"ပြဿနာတော့ အကြီးကြီးတက်နေပြီကွာ၊ မင်းကူမှ ရတော့မယ်"

"နေပါဦး၊ ဘာဖြစ်လို့လဲ၊ ငါနားလည်အောင်လည်း အစဉ်ဆုံး ပြောပြပါအုံးဟ"

"ဟိုတစ်နေ့က ငါနဲ့မိသန်း ချိန်းတွေ့နေတာကို သူ့အမျိုးတစ်ယောက် မြင်သွားတာတာ စတာလဲ၊ အဲဒါ ငါ့အိမ်ကရော မိသန်းတို့ဘက်ကရော သဘောမတူဘူးတဲ့ကွာ"

"ငါ မပြောဘူးလား၊ မိသန်းအဖေနဲ့ မင်းတို့အဖေက စီးပွားပြိုင်ဘက်တွေ၊ မိသန်းကို မချစ်ပါနဲ့လို့၊ ကဲ–အခုတော့ ဘာလုပ်ကြမလဲ"

"မိုးပြေးမှာပေါ့ကွ။ ဒီည ငါနဲ့ မိသန်း ခိုးပြေးဖို့ ချိန်းထားတယ်ကွ၊ အဲဒါ မင်းလိုက်ခဲ့ပေးအုံး"

"ဟ...မင်းတို့ဟာက ရှုပ်ချင်ကြီး ပါလား"

ဒွေးမောင်တို့က ဖြစ်လိုက်မှဖြင့် အသည်းအသန်၊ မိသန်းကိုကြိုက်တုန်းကလည်း အသည်းအသန်၊ မိသန်းအချစ်ကိုမှ မရရင် အခုချက်ချင်း သေတော့မည့်ပုံ ဖြစ်နေ၍ မုန့်အောင်ချစ်ကပင် အောင်သွယ်တော်လုပ်ပေးခဲ့ရသည်။ အခုလည်းကြည့်–

"ဒီည မိသန်းကိုသွားနိုးရင် မင်း အဖော်လိုက်ခဲ့ပေးနော် သူငယ်ချင်း"

"အဲဒါမှခုကွယ်၊ အဖေစရိုးသွားလို့ ငါ ဒီညလယ်ထဲမှာသွားစောင့်အိပ်ရမယ်ကွ၊ ခင်လျှမ်းတို့ ခေါ်ကြီးတို့ကို ခေါ်သွားလိုက်ကွာ ဟုတ်လား"

"ဟာ...မခေါ်ချင်ပါဘူး၊ မင်းပဲလိုက်ခဲ့စမ်းပါ၊ မင်းကလဲ အသက်ရှိလို့ခေါ်ပါတယ်ဆိုမှ ရှောကိုင်နေတယ်။ လိုက်ခဲ့စမ်းပါ၊ မင်းကို နောက်နေ့ကျရင် အရက်အဝတိုက်မယ်ကွာ၊ ဟုတ်ပြီလား"

"ခုကျပါပဲကွာ၊ လယ်ထဲသွားအိပ်ရပါမယ်ဆိုမှ၊ ကဲပါကွာ...သားပါတော့ လိုက်ခဲ့မယ်၊ ဟုတ်ပြီလား"

ငြင်းနေလည်း ရမည်မဟုတ်သဖြင့် မုန့်အောင်ချစ် လက်ခံလိုက်ရသည်။ မုန့်အောင်ချစ်ဆိုသည့် လူကလည်း သူတစ်ပါး အချစ်ရေးကိစ္စအဆင်ပြေဖို့ဆိုရင် နှစ်ခါ မပြောရ။ သူ့ဝါသနာပေကိုး။ ထို့ကြောင့် မိသန်းတို့ခြံထောင့်က သစ်ပင်အောက်သို့ ညကိုးနာရီ မထိုးခင်ကတည်းက သူတို့ ရောက်နေခဲ့ကြသည်။ အမှန်တော့ မိသန်းနှင့် ဒွေးမောင်ချိန်းထားတာက ညဆယ်နာရီမှဖြစ်သည်။ သို့သော် စိတ်လောနေသော ဒွေးမောင်က မိုးမချုပ်သေး မုန့်အောင်ချစ်တို့ လယ်တဲကိုရောက်လာသည်။ ပြီးတော့ သွားချင်စောဖြင့် ဖင်တကြွကြွ၊ လည်တဆန့်ဆန့်။

အခုလည်းကြည့် အမှောင်ရိပ်ကျသည့် သစ်ပင်အောက်မှာ ထိုင်လိုက်၊ ထလိုက်ဖြင့် တစ်ချက်တလေးမျှ မငြိမ်။ မိသန်းတို့အိမ်မှာသာ ခွေးရိုင်လျှင် သူကဗျာမငြိမ် တစ်နှင့်ပင် လှုပ်တကြွကြွပြီ။

"အသန်းကလည်း အခုထိမထွက်လာသေးဘူး၊ အိပ်များပျော်နေသလား မသိပါဘူးကွာ"

"မင်းကလည်း အချိန်တုတ်မှ မအိပ်သေးတာ ဆင်းမလာလို့ ရမလားကွ။ ဟော ရောက်ကာတောင်၊ မင်းတို့ ခိုးပြေးမှာကို အဖွားကြီးများရိပ်မိနေလို့ ထိုင်စောင့်နေတာလား မသိဘူးနော်"

"ခုကျပါပဲကွာ၊ အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

"အဖွားကြီးအိပ်တဲ့အထိ ထိုင်စောင့်ကြရုံပဲ ရှိတော့တာပေါ့ကွာ"

ပြောပြီး မုန့်အောင်ချစ်က သစ်ပင်ရင်းကိုမှီကာ ပုဆိုးခြုံပြီးအိပ်တော့၏။ ဒွေးမောင်ကတော့ သက်ပြင်းတချချ၊ ထိုင်လိုက်၊ ထလိုက်၊ လည်တဆန့်ဆန့်ဖြင့် မိသန်းတို့အိမ်ကို မျှော်ကြည့်နေသည်။

သန်းခေါင်ကြက်ပင် တွန်လေပြီ၊ အိမ်ပေါ်ကိုလှမ်းကြည့်တော့ ဆီ

ဒွေးမောင်တို့က ဖြစ်လိုက်မှဖြင့် အသည်းအသန်၊ မိသန်းကိုကြိုက်တုန်းကလည်း အသည်းအသန်၊ မိသန်းအချစ်ကိုမှ မရရင် အခုချက်ချင်း သေတော့မည့်ပုံဖြစ်နေ၍ မုန့်အောင်ချစ်ကပင် အောင်သွယ်တော်လုပ်ပေးခဲ့ရသည်။ အခုလည်းကြည့်–

လာ ဘဏ္ဍာရီမီးချောင်းအစရောင်က လင်းနေ ဆဲ။ သို့သော် အနီးလေးတုတ်၏ လှပ်ရှားမှု အရိပ်အယောင်တွေတော့ မမြင်ရ။ မီးထွန်း လျက် အနီးလေးတုတ် အိပ်ပျော်သွားတော့ များလေသလား။

ဟော— မီးမှိတ်သွားပြီ။

"ဟောကောင် မီးမှိတ်သွားပြီကွ။ အသန်းဆင်းလာတော့မယ် သိလား"

ငွေမောင်က ရင်ခုန်နေသော ဖမ်း သာသံကြီးဖြင့်ပြော၏။ သို့သော် အချိန် အတော်ကြာကြာ စောင့်ကြည့်ပြီးသည်ထိ မိသန်း ဆင်းလာတာမတွေ့ရ။ အိမ်ပေါ်ကို နှာစွင့်ကြည့်ကြသည်။ မိသန်းအစစ ပျောက်သံမှအပ ဘာသံမှ မကြားရ။

"အသန်း အိပ်ပျော်နေတာလား မသိဘူးနော်။ ဘယ်လိုလုပ်ကြမလဲ မှန်း အောင်ချစ်"

"ကြာတယ်ကွာ၊ မိသန်းအိပ်တဲ့ အခန်းကို ခဲနဲ့ပေါက်ပြီး နှိုးကွာ"

ငွေမောင်က အုတ်ခဲကျိုးလေး ကောက်ပြီး မိသန်းအိပ်ခန်းဆီ လှမ်းပစ် လိုက်၏။ လက်ဆမှားပြီး ခဲနှင့် ပျဉ်ပြားထိ သံက ပေါင်ခနဲ။ တိတ်ဆိတ်နေသည့်ညမို့ အသံက လိုတာထက်ပိုကျယ်သွား၍ မှန်း အောင်ချစ် ဘုရားတမိသွားသည်။ ငွေ မောင်ကိုလည်း လေသံဖြင့်ဆဲပစ်လိုက် သည်။

"ဟောကောင် မင်းလုပ်တာနဲ့ အကုန် နိုးတော့မှာပဲ။ ကဲ.ဟောကောင် ကြာတယ်၊ ပစ်မနေနဲ့တော့၊ အိမ်ပေါ်တက်ပြီးတော့သာ နိုးတော့"

"ဟာ.. ငါ မနိုးရဲပါဘူး။ ကြောက် တယ်ကွ"

"ကြောက်၊ ကိုယ်ယုန်မိန်းမတောင် တက်မနိုးရဲဘူး၊ အံ့ပါ့ကွာ၊ မင်းနဲ့ငါ နေရာ ချင်းသာ လဲလိုက်ချင်တယ် သိလား"

"အဲဒါဆိုလဲ မင်းပဲ ငါ့ကိုယ်စား



အိမ်ပေါ်တက်နိုးပေးကွာနော်။ နော် သူငယ် ချင်း"

ကိုယ့်အတက်နဲ့ကိုယ် ထိလေပြီ။ ဟိုကောင့်မျက်နှာကြည့်တော့လည်း ပိုလ်ပို ကားကြိတ်စံထားရသည့်ရုပ်ဖြစ်နေပြီ။

"အေး..ငါနိုးပေးလို့ရရင် မင်းရည်း စားကို ငါတစ်ညပေါင်းပြီးမှ မင်းဆီပို့ပေး မယ်"

မှန်းအောင်ချစ်က စိတ်တိုပြီး အရွဲ့ တိုက်စကားဆိုလိုက်သော်မဲ့ ငွေမောင်က စိတ် မဆိုး။ မဆိုးသည့်အပြင် အားကိုးတကြီး ဖြင့်ပင် တိုးရှုံ့အပူကပ်လာပြန်သည်။

"ကူညီပါကွာနော်၊ ငါတို့ရှစ်သူတွေ ဖြစ်အောင် မင်းပဲကူညီပေးခဲ့တာပဲ။ အခု လည်း ငါတို့ပေါင်းလို့ရအောင် မင်းကူညီမှ ရမှာကွ။ ဒါကြောင့်လည်း ဟိုကောင်တွေကို မခေါ်ဘဲ မင်းကိုအားကိုးလို့ ခေါ်လာတာ။ ကူညီပါကွာနော် သူငယ်ချင်း။ လူနဲ့တေရင် ငါသေမှာကွ သိလား"

ပြောနေရင်းက ငွေမောင် ဝမ်းနည်း သံတွေပါလာသည်။ မှန်းအောင်ချစ်စိတ်ကို လျှော့လိုက်သည်။ အခုမှတော့ မထူးတော့ ပြီ၊ ကိုယ်ပေးရသည့်ကတိ ကိုယ်ပဲခံ ကပြရ တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ အိမ် ပေါ် တက်နိုးသည့်အခါ ငွေမောင်က အိမ် ပေါ်နှင့် ဘေးအိမ်အခြေအနေ စောင့်ကြည့် ထားရန်၊ အကယ်၍ မိသန်းကိုတက်နိုးရင်း လူမိသွားပြီး လူစုကွဲသွားပါက ရွာဦးစေတီ မှာ ဆုံကြမည့်အကြောင်းမှာပြီးနောက် မှန်းအောင်ချစ် မိသန်းတို့အိမ်ပေါ် တက်ရန် ပြင်သည်။

သို့သော် အိမ်ရှေ့တံခါးမကြီးက အတွင်းမှကျက်ထိုးထားရ၍ တက်မရ။အိမ် နောက်ဖေး ခရောက်ပြင်မှ တက်ရန်ကြိုးစားရ တော့သည်။ မိသန်းတို့အိမ်မှာ ပျဉ်ထောင် ပျဉ်ကာ သွပ်မိုးအိမ်ဖြစ်သော်လည်း အိမ်

မြင့်မဟုတ်၊ ထို့ကြောင့် နောက်ဖေးရေကပြင်က သုံးမပေလောက်သာမြင့်သည်။ ရေကပြင်ပေါ် ခိုတက်ပြီး အပေါ်ကိုရောက်သွားမှ ပကာသွဉ်စွေခင်းထားသော ရေကပြင်က စေ့ညီစွာတက်ပြီး ဖျော့နေမှန်း သိလိုက်ရသည်။ ခေါ်ကျုံကျုံခင်းထားသည့် သစ်သားတွေက ဟောင်းပြီး သံချက်တွေ ကျွတ်သည့်နေရာက ကျွံနေသည်၊ အပေါက်မကျွံအောင် ခမ်းခမ်းပြီးနင်းသွားရတာနှင့်ပင် ချွေးစေးတွေပြန်ချင်နေပြီ။

ဟူး...တော်ပါသေးရဲ့။

ရေကပြင်ကို အောင်မြင်စွာဖြတ်ကျော်ပြီးမှ မှုန်းအောင်ချစ် သက်ပြင်းချနိုင်တော့သည်၊ အိမ်နောက်ဖေးတံခါးကတော့ ပြဿနာမရှိ။ သူတို့ရွာမှာအိမ်အများစုက အိမ်နောက်ဖေးတံခါးကို အဖြစ်သာ လုပ်ထားကြသည်၊ တံခါးကို အသံမထွက်အောင် အသာလေးတွန်းဖွင့်ပြီး မီးဖိုချောင်ထဲသို့ ဝင်လိုက်သည်။ အိမ်ထဲမှာ မှောင်မည်းနေ၏။ လက်တစ်ဖက်က မီးဖိုခန်းနှင့် အိမ်မကြီးကိုကန့်ထားသော ပျဉ်နံရံကိုကိုင်၊ ခြေကိုရှေ့ကာ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်သည်။ ပန်းကန်စင်နှင့်မတိုက်မိအောင်လည်း မျက်လုံးကို အတင်းပြူးပြူးကြည့်ရသည်။ အိမ်မကြီးပေါ်တက်သည့် အဆင့်နားကို ရောက်ပြီ။

“ဂလုံ...ဂလွမ်း...”

ဟာ...သွားပြီ။ အမေ့ရဲ့ ကြောင်စာခွက်ကိုမှ ခလုတ်တိုက်မိရသည်ဟု။

“ဟဲ့...ဘယ်သူလဲ၊ မိသန်းလား၊ ကိုထွန်းလား...ဘယ်သူလဲ”

အမှားကြီးနိုးသွားပြီ။ မှုန်းအောင်ချစ်မှာ ကိုယ့်မျက်ခြေအောက် ကိုယ်ပြန်ကျိန်ဆဲရင်း နံရံကိုမှီပြီး အသာလေးငြိမ်နေလိုက်ရသည်။ အသက်ပင် ပြင်းပြင်းမရှူရဲ။

“ချွေးထင်တယ်အမေ။ ခုတလော ချွေးသူခိုးတစ်ကောင် သောင်းကျန်းနေတယ်၊ အဲဒီချွေးပဲဖြစ်မှာ”



မှုန်းအောင်ချစ်မျက်နှာကြီး ရှုံ့မဲ့သွားသည်။ “မသာမ မိသန်း”ဟုလည်း အသံမဲ့ ဆဲပစ်လိုက်၏။

“အေး အိပ်...အိပ်၊ သမီးပဲ ထကြည့်လိုက်မယ်”

“အေး...အေး၊ နောက်ဖေးတံခါးကို သေချာပိတ်ခဲ့နော်၊ ကြားလား”

“ဟုတ်..”

မိသန်း မီးဖိုချောင်သို့ လျှောက်လာသည်။ မှုန်းအောင်ချစ်အရိပ်ကိုတွေ့တော့ လေသံဖြင့်မေး၏။

“ကိုမောင်လား ဟင်”

“ကိုမောင်မဟုတ်ဘူး၊ ကိုအောင်.. ကိုအောင်၊ နင့်လင်က အောက်မှာစောင့်နေတယ်”

မှုန်းအောင်ချစ် စိတ်တိုတိုနှင့် ဘုတောပစ်လိုက်သည်။ မိသန်းက ခစ်ခနဲ ကြိတ်ရယ်ပြီး တောစောင့်ဟုပြောပြီး အိမ်ထဲ ပြန်ဝင်သွားသည်။ ပြန်ဝင်ရင်းက သူ့အမေကို သံတော်ဦးလှမ်းတင်၏။

“ဟုတ်တယ်အမေရေ၊ ချွေးမှ ချွေးသူခိုးအစစ်၊ ချွေးတောင်မှုတ်ပြတ်နေတဲ့ ချွေးစုတ်။ သမီးကိုလည်းမြင်ရော ပြေးလိုက်တာမှ အမြီးကို တန်းနေတာပဲ”

မှုန်းအောင်ချစ်မျက်နှာကြီး ပိုပြီးရှုံ့မဲ့သွားသည်။ မိသန်းကိုလည်း စိတ်ထဲရှိသမျှ ကျိန်ဆဲပစ်လိုက်သည်။ ခဏနေတော့ အထုပ်ဆွဲလျက် မိသန်းပြန်ရောက်လာသည်။ ခြေသံပင် မကြားလိုက်ရ။

“လာ...လာ သွားမယ် သွားမယ်”

မိသန်းကဦးဆောင်ပြီး တံခါးမကြီးဆီသွားသည်။ နှစ်ယောက်ဖြစ်၍ ခြေသံမလုံတော့။ အမေ့ရဲ့ ခုနကတိုက်မိပြီး လွင့်သွားသော ကြောင်စာပန်းကန်ကို မှုန်းအောင်ချစ် ထပ်ပြီးတိုက်မိပြန်သည်။

“ဂလွမ်...”

“ဟဲ့...ဟဲ့ အသံတွေကြားရပြန်ပြီ၊ ဟဲ့ မိသန်း...မိသန်း ထစမ်း၊ သူခိုးကပ်တာနဲ့ တူတယ်”

အမိုးလေးတုတ်အသံနှင့်အတူ မီးက ဖျပ်ကနဲလင်းလာသည်။ မိသန်းမပြေးပြီ တံခါးကျက်ကို ချသည်။ စိတ်လောနေသဖြင့် ကျက်ကချမရ။ မှုန်းအောင်ချစ် အချိန်ဆွဲမနေတော့ဘဲ မိသန်းလက်ကိုဆွဲကာ နောက်ဖေးဘက်ပြေးထွက်ခဲ့သည်။ ခြေသံတွေ ဝုန်းဒိုင်းကျဲသွား၏။

“ကိုထွန်း...ကိုထွန်း၊ ထ...ထ သူခိုး ကပ်နေတယ်။ ဟာ...အမေရဲ့ ဒီကာလ [illegible]၊ ကိုထွန်း.....”

အမိုးတုတ် စိတ်မရှည်တော့ဘဲ ခင်ပွန်းဖြစ်သူတင်ပါးကို ရိုက်ထည့်လိုက်သည်။ ဦးထွန်းအောင် လန့်နိုးသွားသည်။

“ဟင်...ဘာလဲဟင်၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ”

“သူခိုးလား မသိဘူးရှင့်”

“ဘာ...သူခိုးဟုတ်လား၊ သူခိုးဗျို့...သူခိုး...သူခိုး”

ဦးထွန်းအောင်၏အော်ဟစ်မှုတွေသံဖြင့်

ကမူးရှူးထိုး ထအော်ပါတော့သည်။ သူ့ သူနိုးအော်သံက ညကိုပွဲတင်ထပ်သွားသည်။

"ဟား...သွားပြီ၊ လား...လား အမြန် ရေကူးပြင်က ဖုန်းရှုမယ်"

မိသန်းလက်ကိုဆွဲပြီး ရေကူးပြင်ကို ပြေး၏။ မိသန်းမှာ ခြေညှိတက်နင်းမိပြီး လဲကျတော့မလိုဖြစ်သွားရာ မုန်းအောင်ချစ်က အမြန်ဖမ်းဆွဲထိန်းလိုက်ရ၏။ ထိုမှာ ဆွေးနေသော သစ်သားချောင်းက နှစ်ယောက်အားကိုမနိုင်ဘဲ ဝုန်းခနဲပြိုကျသွားသည်။

"သူနိုးရှိုး...သူနိုး...သူနိုး"

"သူနိုးတဲ့ ဟေ့...သူနိုး...သူနိုးတဲ့၊ မိအောင်ဖမ်း၊ မလွှတ်စေနဲ့"

သူနိုးဆိုသည့် အော်သံနှင့်အတူ တုတ်ဆွဲ၊ ဓားဆွဲဖြင့် အိမ်တွေထဲမှလူတွေ ပြေးထွက်လာကြသည်။ အချို့က အိပ်ချင်မူးတူးဟန်တွေ မပျောက်သေး။

"လာ...လာ မိသန်း၊ ဒီဘက်ကို မြန်မြန်လာစမ်းပါဟာ နင်ကလဲ"

မုန်းအောင်ချစ်မှာ မိသန်းအဝတ်အစားထည့်အိတ်ကို ကောက်လွယ်၊ မိသန်းလက်ကိုအတင်းဆွဲပြီး ခြံထဲမှပြေးထွက်ခဲ့သည်။ ရွာလမ်းမအရောက်မှာပင် ဓာတ်မီးရောင် တဝင်းဝင်းနှင့် လူတွေပြေးထွက်လာတာကို မြင်လိုက်ရသည်။

"သူနိုးတဲ့ဟေ့ မလွှတ်စေနဲ့၊ ဝိုင်းထား...ဝိုင်းထားကြ မလွှတ်စေနဲ့၊ မိလိုကတော့ အသေသာ ဆော်လိုက်ဟေ့"

ကာလသားခေါင်း ကိုခင်ထွန်းက ဟောင်ရှာရှာသံကြီးနှင့် ရှေ့ဆုံးမှပြေးလာသည်။ သို့သော် ကိုခင်ထွန်းမှာ ညနေက သောက်ထားသော အရက်ရှိန်မပြေသေးတာရော၊ အိပ်ချင်မူးတူးဖြစ်နေတာကြောင့်ပါ မျက်လုံးတွေက ကောင်းကောင်းမမြင်၊ လူက နည်းနည်းယိုင်ထိုးနေသည်။ လက်ထဲမှာတော့ ဓားရှည်တစ်ချောင်းကိုင်လာသည်။

မုန်းအောင်ချစ်တို့မှာ အချိုကြီးမောင်တို့ခြံဘောင်က စလယ်ပင်နှံချုံထဲ ပြေးဝင်ပုန်းလိုက်ရသည်။

"သူနိုး တွေ့လားဟေ့...ဘယ်မှာလဲ၊ ဘယ်ဘက်ကို ပြေးသွားတာလဲ"

"မတွေ့ဘူး၊ ပြေးသံလည်း မကြားပါဘူး၊ သူနိုးရော ဟုတ်လို့လားဟ"

"တောက်...တွေ့လို့ကတော့ အသေသာဆော်ကြဟေ့၊ မလွှတ်စေနဲ့"

"ဟား...ဟေ့...ဟေ့ ခွတ်မလုပ်ကြနဲ့ ခြေလှမ်းလက်လှမ်းတွေဖြစ်ကုန်မယ်၊ အချုံး မလုပ်ကြနဲ့"

အော်သံပြေးသံတွေနှင့်အတူပြီး မုန်းအောင်ချစ် ကျောချမ်းသွားသည်။ လူတွေက တကယ်လုပ်ကြမည့်ပုံတွေ တုတ်တရမ်းရမ်း၊ ဓားတရွယ်ရွယ်နှင့်လေ။ မိသန်းမှာ ကြောက်ပြီး မုန်းအောင်ချစ်ကို အတင်းဖက်ထား၏။ ကြောက်လွန်း၍ ခွေကိုယ်လေးပင် တဆတ်ဆတ်တုန်နေရှာသည်။

သူနိုးဖမ်းမည့်သူတွေမှာ သူနိုးမတွေ့၍ ပိုပြီးဒေါကန်ကာ အရှင်းရှင်းကျမ်းမေးသံတွေ ဆူညံနေကြသည်။ အသံကြားဖြင့် လှမ်းမေးလိုက်သော ကိုခင်ထွန်းအသံကို ကြားလိုက်ရသည်။

"ဗျို့ အရီးလေးတုတ်၊ သူနိုးက ဘယ်ဘက်ကိုပြေးသွားတာလဲ၊ ဘာတွေပါသွားသေးလဲဗျ"

"အောင်မလေး အရပ်ကတို့ရဲ့၊ သူနိုးက ကျုပ်သမီးမိသန်းကို ခိုးသွားတာတော့၊ မိသန်းကို ခိုးသွားတာ"

"ဟာ....."

အရီးလေးတုတ်အော်သံအဆုံးမှာ အားလုံး ဟာခနဲဖြစ်သွားကြသည်။

"ဟာဗျာ...အဟုတ်မှတ်လို့ဗျာ။ အိပ်နေရာကပင်ထွက်လာတယ်။ ကဲ...ဟေ့၊ သူနိုးအစစ်မဟုတ်ဘူးဟေ့၊ သူ့သမီးကို လာခိုးတဲ့ သူနိုးအတုတဲ့ဟ၊ ကဲ...ကဲ ပြန်ကြတော့"

ရွာလူကြီး ဦးချစ်စကားအဆုံးမှာ ရွာသားတွေ ကိုယ့်အိမ်ကိုယ်ပြန်သွားကြသည်။ အချို့က ပြန်ရင်း အရီးလေးတုတ်ကို လှမ်းစသွားကြသည်၊ ထိုထဲမှာ ကိုခင်ထွန်းလည်းပါ၏။

"ဗျို့...အရီးလေးတုတ်၊ ပြန်အပ်တဲ့နေ့ကြရင်တော့ ကြက်ဖူးနော်။ ကျုပ်တို့ ကာလသားတွေအတွက် ထုံးစံအတိုင်း အရက်တစ်ဖာ၊ စီးကရက်က တစ်တောင့်နော်။ ကာလသားကြေးကလည်း ထုံးစံပဲ၊ ကြိုမပြောသားတာ"

"အရေးထဲ ကာလနာခေါင်းက တမျက်။ အေး...နင့်နှမ လင်နောက်လိုက်မှ ပေါင်းယူပေ့ မသာ ကာလနာခေါင်းရဲ့"

အရီးလေးတုတ် ဒေါကန်ကန်ဖြင့် တုပ်တော့ ကိုခင်ထွန်း တဟားဟားရယ်ပြီး ထွက်သွားသည်။

ကုလားကြီးတို့ ထွန်းထွန်းဦးတို့ကလည်း အရီးလေးတုတ်၏အဆဲကို ခံယူလို၍ လှမ်းစသွားကြသေးသည်။ အရီးလေးတုတ်၏ မအေနှမကိုင်တုပ်ဆဲသံတွေ၊ အဆဲမံရုံကိုပင်သဘောကျပြီး ရယ်သံတွေက

မုန်းအောင်ချစ်မှာ မိသန်းအဝတ်အစားထည့်အိတ်ကို ကောက်လွယ်၊
မိသန်းလက်ကိုအတင်းဆွဲပြီး ခြံထဲမှပြေးထွက်ခဲ့သည်။
ရွာလမ်းမအရောက်မှာပင် . . .

တော်တော်နှင့် မစဲပေ။

စောကြောတော့ တဖြည်းဖြည်းလူစု ကွဲသွားပြီး ကိုယ့်အိမ်ကိုယ်ပြန်သွားကြသည်။ အနားတွင် လူတွေမရှိတော့မှ မှန်းအောင်ချစ်မှာ ဟူးခနဲ သက်ပြင်းမှုကြီးကို ချနိုင်တော့သည်။

◆ ◆ ◆ ◆ ◆

"ဟူး" ခနဲ သက်ပြင်းချလို့မှ အလုကျ မယ်ရှိသေး၊ နောက်ထပ်သက်ပြင်းတွေ တစေတစေချပြန်သည်။ သက်ပြင်း ချရုံ တင်မဟုတ်၊ လူလည်း ခေါင်းကြီးသွားသည်။ ချိန်းဆိုထားသည့် ရှာဦးစောင်းသို့ ငွေးမောင်ရောက်မလာပေ။

မှန်းမျှားနေသလားဟု ရှာတော့လည်း မတွေ့၊ ခေါ်သံတွေလည်း ပြန်ထွေးသံ မကြားရ။ ငွေးမောင်

ရောက်လာမလား၊ ရောက်လာမလားဟု မျှော်ရင်းက လည်ပင်းသာ ရှည်သွားသည်၊ ငွေးမောင်က ရောက်မလာပေ။

စောင့်ရင်းမျှော်ရင်း အချိန်ကြာလာသောအခါ မိသန်းက မျက်ရည်လေး တစမ်းစမ်းဖြစ်လာ၏။

"ငါတော့ သတ်သေချင်တော့တာပဲဟာ၊ ကိုမောင်က အခုထိ ရောက်မလာသေးဘူး၊ ငါနိုးရာ လိုက်ပြေးတာ အမေတို့ တင် မကဘူး၊ တစ်ရွာလုံး အကုန်သိကုန်ကြပြီဟာ၊ ဘယ်လိုလုပ်မလဲ ငမှန်း"

"နင့်အကောင် ရောက်လာတဲ့အထိ ထိုင်စောင့်နေဖို့ရှိတော့တာပေါ့ဟာ၊ နင်ကလဲ စိတ်ရှည်စမ်းပါဟာ၊ ဒီကောင် လာမှာပါဟ"

"ဘယ်အထိစောင့်ရမှာလဲဟ၊ မိုးလင်းတော့မယ် နင့်အကောင် သစ္စာဖောက်ပြီနဲ့တူတယ်"

"မဟုတ်ပါဘူးဟာ၊ နင့်ကိုချစ်လို့ လာခိုးတာလေဟာ။ သူ့ခိုးဆော်သံကြားပြီး ကြောက်လို့ သူ့အိမ်ပြန်ပြေးသွားတာလားမှ မသိတာ။ ငါ့အထင်တော့ နင်ကလည်း ဆင်းမလာတော့ မွဲမှာကိုကြိုက်ပြီး ပြန်အိပ်နေ သလား မသိဘူးဟ"

"ပြန်အိပ်စရာလား၊ ဘာပဲဖြစ်ဖြစ် နင့်ကိုတော့လာရှာပြီး အကျိုးအကြောင်း မေးသင့်တာပေါ့လို့"

နတော့ သတ္တိမရှိတဲ့အကောင်၊ အလကားကောင်၊ အဲဒါ နင့်ကြောင့်၊ နင် အောင်သွယ်ပေးလို့ ဒီကောင်နဲ့ ငြိစာဖြစ်ရတာ"

"ဟာ…ဘာမှမဆိုင်ဘူး၊ နင်ကြိုက်မှ ဖြစ်တဲ့ဟာ၊ နင့်ကိုက… တော်ဟာ ငါမပြောလိုက်ချင်ဘူး"

"မသိဘူးဟာ မသိဘူး၊ မိုးလင်းလို့မှ နင့်အကောင် မရောက်လာရင် ငါ နင့်နောက်ကို ဒိုးရာလိုက်မှာပဲ"

"ဘာ……"

မှန်းအောင်ချစ်ခေါင်းကြီးသွား၏။ ငိုက်မျဉ်းနေသောမျက်လုံးတွေလည်း ပြူးကျယ်သွား၏။

"ဟာ…နင်နဲ့ငါ ဘာဆိုင်လို့လဲ မယူပါဘူး၊ မယူဘူး…မယူဘူး"

"မရဘူး၊ သူမလာရင် နင် ငါ့ကို ယူရမယ် ခါပဲ"

> မသိဘူးဟာ၊ မသိဘူး၊ မိုးလင်းလို့မှ
> နင့်အကောင် မရောက်လာရင် ငါ နင့်နောက်ကို ဒိုးရာလိုက်မှာပဲ··

ပြောရင်း မိသန်းက မှန်းအောင်ချစ် လက်မောင်းကို ဖမ်းဆွဲ၏။ မှန်းအောင်ချစ် လန့်ပြီး ထရုန်းလိုက်သည်။ နှုတ်ကလည်း "မယူဘူး…မယူဘူး" ဟု တလုံးတစေ့ ပြောမိသည်။ မိသန်း ထရုန်းလိုက်ပြီး မျက်နှာ တည်ဖြင့် မေးသည်။

"နင် ငါ့ကို တကယ်မယူဘူးလား ငမှန်း"

"ဘာလို့ ယူရမှာလဲ၊ နင်နဲ့ငါ ဘာဆိုင်လို့လဲ၊ မယူဘူး…မယူဘူး"

"နင် တကယ်ပြောတာလား"

"တကယ်ပေါ့ဘူး ဆယ်ကယ်တ ဆယ်ကယ်၊ ကဲ…နားလည်ပြီလား"

"အဲဒါဆို ငါရောက်နေထဲဆင်းပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေပစ်လိုက်မှာနော်၊ ငါတို့မိန်းကလေးတွေက အသက်နဲ့လူလုပ် တာ မဟုတ်ဘူး၊ အရှက်နဲ့လူလုပ်တာဟဲ့ သိလား"

"နင်တို့ဟာနင်တို့ ဘာနဲ့ပဲလုပ်လုပ် ငါတော့ မယူနိုင်ဘူး"

"အဲဒါဆိုလည်း ပြီးရော၊ နင်တို့ ယောကျ်ားတွေက တစ်တို့သမားတွေချည်းပဲ"

ပြောပြီး မိသန်းငိုပါတော့သည်။ မှန်းအောင်ချစ်လည်း စိတ်ညစ်ညစ်နှင့် ထိုင် ချပစ်လိုက်သည်။ စိတ်ထဲကလည်း ငွေး မောင်ကို အားပေါ်းတရကျိန်ဆဲနေမိသည်။

"တောက်…ဒီကောင်ကျွာ ဒီမှာ သေ သေချာချာ ချိန်းထားပါလျက် ဘယ်မှာ ကာလနာ သွားတိုက်သေနေလဲ မသိဘူး၊ တော်တော်ဒုက္ခပေးတဲ့အကောင်"

မှန်းအောင်ချစ် တစ်ကိုယ်တည်း ကြိတ်ဆဲနေရင်းမှ မိုးလင်းသွားမှာ စိုးရိမ်နေ မိသည်။ ဘယ်လိုလုပ်ရမလဲ၊ မိသန်းကိုထား ပြီး အိမ်ကိုပြေးရမလား၊ ထိုသို့လုပ်ပြန်ရင်လည်း ပြဿနာက မီးနိုးကြွက်လျှောက် ဆိုးတော့မည်မဟုတ်၊ နောက်ဆုံးတော့

သက်ပြင်းကိုသာ ပူးနေမှုတ်ထုတ်မိသည်။

ဈေးဆောင်ရောက်မလာခင်ဖြင့် မုန်းအောင်ချစ်ခေါင်း ဆင်နှင်းဆံရမည့်ကိန်း ဆိုက်လေပြီ။

မိသန်းငိုသံ မကြားရ၍ လှည့်ကြည့်လိုက်တော့မတွေ့။ ဟိုဟိုဒီဒီ လိုက်ကြည့်တော့ ရွာထိပ်က ရေကန်ပေါင်ပေါ် တက်သွားသောမိသန်းကို ကြယ်ရောင်အောက်မှာ လှမ်းတွေ့လိုက်ရသည်။ မုန်းအောင်ချစ် မျက်လုံးပြူးသွား၏။

"ဟာ...ဒီသောနှာမလေးက ဘာကယ် လုပ်တာဟ။ ခုမှပါပဲ သူလင်ထားမှုပြီး သေတာက အရေးမကြီးဘူး။ ငါပါ အမှုပတ်တော့မှာပဲ၊ ဘာကယ့်ချမြီတွေပဲကွာ"

မုန်းအောင်ချစ်ထိုင်ရာမှထပြီး မိသန်းဆီ အမြန်ပြေးပြန်သည်။ သူ ကန်ပေါင်ပေါ်ရောက်သွားချိန်မှာ မိသန်းက ရေစပ်နားကိုရောက်နေပြီ။

"ဟိတ်...မိသန်း...မိသန်း။ ရပ်...ရပ် မလုပ်နဲ့ မလုပ်နဲ့"

ပြေးဆင်းသွားပြီး ပြောလည်းပြော၊ လက်ကိုလည်း အတင်းဝမ်းဆွဲထားလိုက်ရသည်။

"ဖယ်...လာမဆွဲနဲ့ လွှတ်...လွှတ်"

သူ့ဆွဲမှ မိသန်းကအတင်းရုန်းပြီး ရေကန်ထဲပိုဆင်းပြေးနေသည်။ မုန်းအောင်ချစ်မှာ မိသန်းကိုအတင်းဆွဲပြီး ကန်းပေါ် ရောက်အောင် မနည်းဆွဲခေါ်ခဲ့ရသည်။ မိသန်းက အတင်းရုန်းကန်နေဆဲ။

"ငါ့ဟာငါ သေသေကြေကြေ ဘာဖြစ်ဖြစ် နင်နဲ့မဆိုင်ဘူး၊ လွှတ်စမ်း...မုန်း"

"မလုပ်ကောင်းတာတော့ မလုပ်စမ်းပါနဲ့ မိသန်းရေ၊ ကိုယ့်ကိုကိုယ်ကိုယ်သတ်သေ တယ်ဆိုတာ ကောင်းတယ်များ မှတ်နေလားဟ။ အခန်းငါးရာ ငါးကမ္ဘာလုံး ကိုယ့်ကိုယ်ကိုယ်သတ်သေနေရတာတဲ့၊ နင် လည်း ကြားဖူးမှာပါ၊ မမိုက်စမ်းပါနဲ့ဟာ



နော်"

"မသိဘူးဟာ မသိဘူး၊ ငါရှက်ပြီး တော့ မနေနိုင်ဘူး၊ ငါ သေပါရစေဟာ၊ သေပါရစေ"

"မဟုတ်တာဟာ နင်ကလဲ၊ ဒီမှာ နင့်ကိစ္စက သတ်သေရလောက်အောင် မဖြစ်သေးပါဘူးဟ။ နင် ဘာမှပူနဲ့ ငါ တစ်ယောက်လုံးရှိတယ်၊ နင့်ကိစ္စအဆင်ပြေအောင် ငါလုပ်ပေးမယ်ဟုတ်လား"

မိသန်းမျက်နှာ ဝင်းနေလက်သွား၏။ ထို့နောက် မျက်ရည်တွေကို တမန်းကတန်းသုတ်ပြီး ဝမ်းသာသံကြီးဖြင့် မေးလိုက်သည်။

"အဲဒါဆို နင်...နင်က ငါ့ကိုယူမယ်ပေါ့ ဟုတ်လား"

"အန်....."

မုန်းအောင်ချစ် ဘာပြန်ပြောရမှန်း မသိ နှုတ်ပိတ်သွား၏။ မိသန်းက စိတ်လောစွာထပ်မေး၏။

"ပြောလေဟာ နင် ငါ့ကိုယူမယ်ပေါ့ ဟုတ်လား"

"ဟာ...မယူပါဘူး၊ ဘယ်သူက ယူမယ်ပြောလို့လဲ"

"မသာ...အဲဒါဆို ငါ့ကို ဘာလို့လိုက်ဆွဲလဲ"

"အဲဒါက ဟိုလေ...ဟိုဟာ...ဟာ"

"ဘာတွေဟိုဟို့...ဟာဟာဟာ လုပ်နေတာလဲ၊ ပြောလေ"

"အဲဒါက ဟီး...ဟီး ရေကန်ကြီး ညစ်ပတ်မှာစိုးလို့"

"သေချင်းဆိုး မသာကောင်"

မုန်းအောင်ချစ် ဘာပြောရမှန်းမသိ ဘဲ ကပေါက်တိကချော စကားလုံးတွေ ထွက်ကျသွားသည်။

မိသန်းက "မသာကောင်...သေချင်းဆိုး" ဆိုပြီး မုန်းအောင်ချစ်ကျောကုန်းကို တဘုန်းဘုန်းထုသည်။ လရိုက်၍ ဝေသာအခါ ငိုပြန်၏။ ထို့နောက် ရေကန်ထဲဆင်းပြီး သတ်သေရန် ကြိုးစားပြန်ပါသည်။

သည်။ တစ်ခါတော့ မှန်းအောင်ချစ် လိုက် မဆွဲမိတော့။ ပါးစပ်ကသာ လှမ်းပြောလိုက်သည်။

"ဟော့...မိသန်း၊ နင်ပြောတော့ နင်တို့ မိန်းမတွေက အရှက်နဲ့လူလုပ်တာဆို"

"ဟုတ်တယ်လေ၊ အမှန်အကန်ပဲ"

မိသန်းက ရေစပ်ကိုသွားရင်းမှ လှည့်ပြောသည်။ အမြဲအမဲနေက မုန်က လောက် မဆိုးတော့ဘူးဟု မှန်းအောင်ချစ် စိတ်ထဲမှ သိလိုက်သည်။

"ငါက ဘာမှမဖြစ်ပါဘူးဟာ၊ နင် ဖြစ်မှာကို ငါမြင်ယောင်မိသွားလို့ပါ၊ ဒီလို ဟာ နင်တို့ မိန်းမတွေ ရေနစ်သေရင် ပက်လက်ကြီးသေတာတဲ့ဟ။ နင်ပုပ်ပွပြီး ရေပေါ်ပြန်ပေါ်လာရင် နင့်အဝတ်အစားတွေက ကျွတ်ချင်ကျွတ်နေမှာဟ။ နင်မြင်ကြည့်စမ်း၊ အဝတ်အစားမရှိတဲ့ ပက်လက်ကြီးပေါ်နေတဲ့ နင့်ခန္ဓာကိုယ်ကြီးကို၊ ဘယ်လောက် ရှက်စရာကောင်းလိုက်မလဲလို့ ငါးတွေက လည်း ဟိုထိုးသည်ဖွဲ့နဲ့ အမယ်လေး... အသည်းယားစရာကြီးဟာ"

"မသာကောင် ချေးဆို၊ ငမှန်း အစုတ်ပလုပ်"

မိသန်း ကျိန်ဆဲကိုင်တုပ်ရင်း မှန်းအောင်ချစ်ကို တဘုန်းဘုန်းပြေးထုပြန်သည်။ မှန်းအောင်ချစ် အနာခံပြီး ရယ်ပစ်လိုက်တော့ မိသန်းသည်း ရှက်ကိုရှက်ကန်းလိုက်ရယ်သည်။ သို့သော် အဆဲကလေးနှင့်။

ထိုအခိုက် ကြက်တွန်သံတွေနှင့် အတူ အုန်းမောင်းခေါက်သံ ကြားလိုက်ရသည်။ နှစ်ယောက်လုံး အရယ်ရပ်နာတွေ တည်လျက် ငိုင်သွားကြသည်။

"လေးနာရီထောင်ထိုးပြီ၊ ဘယ်လို လုပ်ကြမလဲ၊ ငါတော့ သေမျှင်တော့တာပဲ ဟာ"

ပြောရင်း မိသန်းကြိတ်ငိုပြန်သည်။



မှန်းအောင်ချစ်လည်း ဘာလုပ်ရမှန်းမသိတော့။ မကြာခင် အရုဏ်တက်ပြီး မိုးလင်းတော့မည်။ ထိုအခါ မိသန်းအရှုပ်ထုပ်မကို သူ ပိုက်ဘောသိတော့မည်။ မိသန်းကိုတော့ သူ မယူနိုင်ပါ။ မိသန်းကိုမှမဟုတ် ဘယ်မိန်းကလေးကိုမှယူရန် သူစဉ်းစားမရသေး။ သူ့မှာ ရည်းစားရှိနေလျှင်ပင် လက်ထပ်ရန် စိတ်ကူးရှိဦးမည်မဟုတ်။

"ငါ ဘာလုပ်ရမလဲ" ဟု သူ အပြေးအလွှား စဉ်းစားရသည်။ ချက်ကနဲ အကြံ တစ်ခု ရလိုက်သည်။ ကောင်းလိုက်သည့် အကြံ။

"ဟဲ့...မိသန်း၊ ငါတို့ထိုင်စောင့်နေလို့ မရတော့ဘူး၊ ဒီလို လုပ်မယ်ဟာ"

"ဘာလုပ်မှာလဲ၊ နင် ငါ့ကိုသနားပြီး ယူတော့မယ်ပေါ့ ဟုတ်လား"

"ဟာ...မဟုတ်ပါဘူး။ ဒီလိုဟာ ငါ ရွာထဲသွားပြီး ဟိုကောင့်ကိုသွားနှိုးမယ်။ ဒီကောင် ပြန်အိပ်နေတာ နေမှာပါ"

"အဲဒါဆို ငါလည်းလိုက်မယ်"

"ဟာ...နင်လိုက်လို့ မဖြစ်ဘူးလေ ဟာ။ ဒီအချိန်က စောတက်တဲ့လူတွေ၊ ယာထဲဆင်းတဲ့သူတွေရှိတယ်။ နင်နဲ့ငါ အတူသွားလို့ ဘယ်ဖြစ်မလဲဟ၊ အကုန်ရှုပ် ကုန်မှာပေါ့။ ငါပဲ သွားမယ်"

"နင် ငါ့ကို မလိမ်တာပတ်လုပ်ခဲ့တော့ မကြိမ်နဲ့နော်၊ နင့်ကို ငါမယုံဘူးငမှန်း"

"မလုပ်ပါဘူးဟာ နင်ကလဲ။ ငါ့ကို ယုံစမ်းပါ"

"အဲဒါဆို နင် ငါ့ကို ကတိတစ်ခု ပေး၊ အဲဒီကတိရမှ နင်သွားရမယ် ဒါပဲ"

"ပြော...ဘာကတိလဲ"

"နင့်အကောင် သဘောတူရင်ကြောင်ပြီး ငါ့ကိုသစ္စာဖောက်ရင် နင် ငါ့ကိုယူရမယ်၊ အဲဒီကတိပေးလား"

မှန်းအောင်ချစ် အပြေးအလွှား စဉ်းစားရပြီ။ ဘဝကဆုပ်လည်းစူး စားလည်းရူးရတော့မည့်ကိန်း။ ဖြစ်ချင်ရာဖြစ်၊ နောင်ခါလာ နောင်ခါချေးပဲဟုဆုံးဖြတ်ပြီး "ပေးတယ်ဟာ...ပေးတယ်" ဟု ကတိပေးလိုက်သည်။ မိသန်းကတော့ သိပ်ယုံပုံမရ ထို့ကြောင့်...

"နင် တကယ်ကတိပေးတာနော်"

"တကယ်ဟာ တကယ်၊ အချိန် တစ်ရာလောက်တဲ့ရှိတဲ့ မြွေဆွေးကြီး ကိုက် ဟာ၊ ကဲ...တော့နပြီလား"

"အေး...အဲဒါဆို သွား၊ ငါ ဒီကပဲ စောင့်နေမယ်၊ နင်ပါပြန်မလာလို့ကတော့ နှစ်ယောက်လုံးကို ငါသတ်မှာသိလား"

သူ့ဟာသူ သတ်ချင်ရာသတ်၊ အခု တော့ သည်ဒုက္ခက လွတ်ရင်တော်ပြီဆိုပြီး မှန်းအောင်ချစ် ပစ်သောအဆာရေ ခြေလှမ်းစ လိုက်သည်။ သို့သော် ခြေလှမ်းမှ သုံးလှမ်း မရောက်သေး။

"ငမှန်း ခဏနေအုံး မသွားနဲ့အုံး"

"ဘာဖြစ်ပြန်ပြီလဲ မိသန်းရာ၊ နင် လုပ်တာနဲ့ မိုးလင်းတော့မှာပဲ"

"လင်းလင်းပေါ့၊ ငမှန်း...နင့် ပုဆိုး ချွတ်"

ဟာ...။ မှန်းအောင်ချစ် ဘုရားတ သွားဆော်။ မိသန်း ဘာအကြံနဲ့ဆိုတော့ ပေါ်ပြန် ပြီလဲ မသိ။

"ဟဲ့...ပုဆိုးချွတ်လို့ပြောနေတယ်

လေ။ အခု ချွတ်…ချွတ်"

"မိသန်း…မိသန်း၊ နင်…နင် မကြို စည်းကောင်းတာတွေ မကြိုက်နဲ့နော်၊ ငါ လက် မခံဘူး၊ ငါလှူဖို့ရည် အလှူကိုမခံနိုင်ဘူးနော်။ နင် မပါတ်တာတ်ကရ မလုပ်နဲ့"

မိသန်းမျက်နှာ ရဲခနဲဖြစ်သွား၏။

"သေလိုက်ပါလားမသာ။ နင့်ကို မယုံလို့ ပုဆိုးချွတ်ခိုင်းသလားတဲ့။ နင်ပြန် မလာဘူးဆိုရင် နင့်ပုဆိုးသက်သေနဲ့ နင့် အိမ်ကို ငါလိုက်လာမှာ၊ ကဲ…သိပြီလား"

ဒုတိယမှ ဘုရားတမိပြန်၏။ တကယ်မလွယ်သည့် မိသန်းပါလား။

"အဲဒါတော့ မဖြစ်ဘူးဟာ၊ ငါမှာ အတွင်းခံ မပါဘူး"

"ပါပါ မပါပါ ငါမသိဘူး၊ ချွတ်ဆို ချွတ်ချွတ်၊ ပုဆိုးမထားခဲ့ဘူးဆိုရင် နင်လည်း မသွားနဲ့ ဒါပဲ"

မုန်းအောင်ချစ်စိတ်ညစ်ပြီး ခေါင်းကို တချင်းချင်းကုတ်ပစ်လိုက်သည်။ စမှတော့ ပေါက်သည့်နေ့ မထူးတော့ပြီဆိုပြီး ပုဆိုး ချွတ်ချလိုက်သည်။

"ဟွဲ့…ဟဲ့ မသာ၊ နင် ဘာလုပ်တာ လဲ"

မိသန်းက အရှက်သည်းစွာ ထ အော်ပြီး မျက်နှာလွှဲသွား၏။

"ဟာ…နင်ပဲ ပုဆိုးချွတ်ဆို"

"အဲဒါဆိုလည်း ဟိုဘက်လှည့် ချွတ်ပါလားလို့ ဘာမှန်းလဲ မသိဘူး၊ တကယ်ပဲ"

မုန်းအောင်ချစ်က "နင်ပဲ အမျိုးမျိုး တတ်နိုင်တယ်"ဟု ဆိုကာ ပုဆိုးလှမ်းပေး လိုက်သည်။ တော်ပါသေး၏၊ အားကစား ဘောင်းဘီတိုလေး ဝတ်လာမိလို့၊ မဟုတ် လျှင်တော့ ကော်ဖွယ်အတိုး အရှက်ရယ် ကုန် ရမည့်ကိန်းပါလား။

"ကဲ…ကဲ ငါသွားမယ်၊ နင် ဒီကပဲ စောင့်နေနော် ကြားလား"



ပြောပြီးသည်နှင့် မုန်းအောင်ချစ် အပြေးထွက်လိုက်သည်။ နောင်အခါမှ ဖြစ်ချင် ရာဖြစ်စေတော့၊ အခုတော့ မိသန်းလက်က လွတ်သွားဖို့ စိတ်ထဲနည်းနည်းပေါ့သွား သည်။ သို့သော် ပြေးရင်းကြားပြီး စိတ်ထဲ မသက်သာဖြင့် နောက်ကိုလှည့်ကြည့်လိုက် တော့ မျက်လုံးပြူးသွား၏။ ဘုရားလည်း တမိသွားသည်။ မိသန်းက သူ့ကိုမယုံ သဖြင့် ပုဆိုးကိုကိုင်ကာ နောက်မှ ပြေး လိုက်လာနေသည်လေ။

"ဟေ့…မုန်း ငါ့ကိုစောင့်အုံး၊ ငါပါ လိုက်မယ်ဟဲ့ နေအုံးလို့"

"ဟာ…ဒီဟာမနဲ့တော့ ဒုက္ခပဲ၊ အိုး ပြေးတာပဲ ကောင်းပါတယ်"

မုန်းအောင်ချစ်သည်တွေးရင်း ပြေး နှုန်းကို နှစ်ဆမြှင့်လိုက်သည်။

"အွန်…"

မုန်းအောင်ချစ်မှာ တစ်စုံတစ် ယောက်နှင့်တိုက်မိပြီး လဲကျသွားသည်။ လဲကျသွားရာမှ ကမန်းကတန်းမော့ကြည့် လိုက်တော့ တစ်ဘက်ရွာသို့ ဆွမ်းစားကြွ သည့် ဆရာတော်ဖြစ်နေသည်။

"ဟာ…ဆရာတော် ကန်တော့ ကန် တော့ပါဘုရား၊ ကန်တော့…ကန်တော့"

ပြောရင်း ပုဆိုးမပါ ဦးချ ကန်တော့လိုက်သည်။ ကန်တော့သာ ကန် တော့လိုက်ရသည်၊ နောက်ကိုလည်း စိတ် မချရပေ။ မိသန်းကို ကြောက်ရသည်လေ။

"ဟေ့ကောင် မုန်းအောင်ချစ် ဘာ ဖြစ်လာတာလဲ"

ဆရာတော်နောက်မှ ဘုန်းကြီး ကျောင်းသား ကိုကောင်းက လှမ်းမေး၏။ ကိုကောင်းအမေးကိုလည်း မဖြေနိုင်အား။ ပြေးလိုက်လာသော မိသန်းလက်မှလွတ်ရန် မုန်းအောင်ချစ် ထပြေးပြန်သည်။

"ဟဲ့…မုန်း ငါ့ကိုစောင့်အုံးလေ၊ မုန်း…မုန်း"

ပြေးလာသော မိသန်းလည်း ဆရာ တော်ကိုအတွေ့မှာ ကိုယ်ရှိန်သတ်သွား၏။ ကိုယ်ပေါ်လေးရှိကာ လက်အုပ်ကလေးချီပြီး မတ်တတ်မှ ကန်တော့ဟန်ပြုသည်။ ထို့ နောက် မုန်းအောင်ချစ်နောက်ကို အပြေး လိုက်သွားသည်။

ဘောင်းဘီတိုလေးဖြင့် ရှေ့မှပြေး သွားသော မုန်းအောင်ချစ်နှင့် နောက်မှ ပုဆိုး ကိုရမ်းခါရင်း ပြေးလိုက်သွားသော မိသန်း တို့ကို နားမလည်ဟန်ဖြင့် ကြည့်ရင်း ကိုကောင်းကျန်နေခဲ့သည်။ မုန်းအောင် ချစ်မှာလည်း မိသန်းလက်မှလွတ်အောင် ရှောင်ပြေးရင်းမှ ထွန်တုံးကြီးထမ်းပြီး လယ် ထဲသွားမည့် ဦးသက်ကိုဝင်တိုက်မိ၏။ ဘောတောက်မည့်လှည်းကို ဝင်တိုးမိမလိုဖြစ် ပြီး နွားတွေလန့်ကုန်၏။ ဦးသက်နှင့် လှည်း သမားက စိတ်တိုပြီး မအေနမနှင့် ကိုင်တုပ် ဆဲကြတာ မိုးကိုမွှန်နေရော့ပေါ့။

"လုပ်ချင်အုံးဟဲ့ ဘောင်းသွယ်တော်၊ နိုးပေးချင်အုံးဟာ မိန်း…"

မုန်းအောင်ချစ် ပြေးရင်း ပြေးလည်း ပြေး၊ ကိုယ့်နဖူးကို ကိုယ်ပြန်ရိုက်လိုက် သည်။ ထို့နောက် ပြေးအားကို ပိုမြှင့် လိုက်လေသည်။

**နီသင်အောင်ကျော်မိုး**

# နီရွှေစောင်း /ရွှေစောင်းဦး/

## ပြောလို့မှ လည်း မဝနိုင်တော့ပါ





လေမှုတ်လို့
ကြွေပြုတ်သွားတဲ့
သစ်ရွက်အိုလေးတစ်ရွက်ရယ်။

ခဲပစ်လို့
ဝဲဖြစ်ရတဲ့
ဂယက်ငယ်လေးတစ်ခုရယ်။

ပွဲဖျက်လို့
ကွဲအက်သွားတဲ့
နှလုံးသားတစ်စုံရယ်။

ခံရသူအသီးသီးမှာ
ဘယ်သူပိုပြီး သာပါသလဲ။
ဆုံးပါးခြင်းအတူတူ
ဘယ်သူပိုပြီး နာပါသလဲ။

ခင်ရေ…
မကြည့်တတ်ရင်တော့
ကြည့်တတ်ရင် ဘာမနာမှု
ကြက်တစ်တွန်၊ ဒေါင်းတစ်ငေး
ယုန်တစ်ပြေး ခွေးတစ်ဟောင်
မကြားလိုက်တဲ့ ဒီတောဒီတောင်ခရီးမှာ
မြကျွန်ဖျက်စီး၊ အချက်ဆီးမလိုက်ရပြီမို့
ဘာဘာညာညာတွေနဲ့ တခွဲ့မနေတော့ပါ။
ပြောလို့မှာ တခွဲ့မနေတော့ပါ။ ။



# နွယ်ဝါဝတ်မှုန်စီး ဦးယံဝါဝတ်မှုန်း

မြေနှင့်သာ၊ မြိုင်၊

"လာမှ လာပါ့မလား၊ ဆောက်မှုနေတာ"

"ဆရာလေးတို့ဆီမှာ ညအိပ်ညဉ့်နေရလားလို့ လေးရှားမေးပါတယ်၊ ရန်ကုန်နဲ့ မဝေးလေမဲ့ နှစ်ကြာမှ ခုလိုတွေ့ရဖို့ဖြစ်လာတာမို့ ဒီမှာ ညအိပ်ပြီး မနက်မှပြန်မယ် ဆောက်မှုတော့၊ ရန်ကုန်ကထွက်တာ နည်းနည်းနောက်ကျသွားတယ် ဆရာလေး"

ကျောင်းဝင်းထဲဝင်လာစဉ်က ဤရွှေလာကီ ကျယ်ဝန်းသော ဝိဟာရဖြစ်လိမ့်မည်မထင်။ စစ်ကိုင်းတောင်ရိုးတွင် နှစ်များစွာ နေခဲ့ပြီး ယခု ဤကျောင်းသို့ ပြောင်းလာခဲ့သော၊ အလုပ်ရှင်တွင် လုပ်ဆောင်ကိုင်ဖက် သူငယ်ချင်းအမျိုးသမီးက လာနိုင်မလားဟု ဆက်သွယ်လာခြင်းမှ ဤခရီးကို အစပြုခဲ့သည် ဆိုနိုင်ပါသည်။

ကျောင်းတော်ကြီး၌ ဆရာတော်တရားကြီးနှင့် စာသင်သားသံဃာများ ရှိကြလေလိမ့်မည်။ အခင်လက်မှာပင် ဆရာလေး တည်းခိုမည့် ကျောင်းသို့ လမ်းညွှန်ထားသော လမ်းချိုးအတိုင်း လျှောက်လာခဲ့၍ ဤသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရခြင်းဖြစ်သည်။

"ဦးဇော်တို့တည်းမယ့် ဧည့်ဂေဟာက သီးခြားရှိပါတယ်။ တရားစခန်းမှူးနဲ့ဆိုရင်တော့ တရားစခန်းဝင်သူများနေ့ရှိ စီစဉ်ထားတဲ့နေရာပါ။ အခုလို ကြားရိုန်းဆိုတော့ တိုက်အုပ်ဆရာတော်ဆီက ဆရာလေး ခွင့်ပြုချက်ရပြီးပါပြီ ဦးဇော်"

"ညစာစားဖို့ ရန်ကုန်က ထမင်းကြော်တွေပါလာတယ်။ ဒီမှာ ဝန်ပေါ့နိုင်အောင်လို့ပါ၊ မနက်လည်း စောစောထပြီး ပြန်မယ် ဆရာလေး၊ အစားအသောက် မစီမံနဲ့တော့၊ ဆရာလေးနဲ့ မနက်ပိုင်းတွေ့နိုင်မှ မလား"

"မနက်အရုဏ်ဆွမ်းမတိုင်မီ ကျောင်းပေါက်ဝထိ လိုက်ပို့ပေးမှာပါ၊ ဒီက ဆရာကြီးဘုရားကလည်း ခွင့်ပြုထားပါတယ်"

"တော်တော် အလုပ်ရှုပ်သွားရလို့ အားနာပါတယ် ဆရာလေး"

"ခြော်...မိတ်ဆက်ပေးရအုံးမယ်။ ဒီ တူမလေးက ဆရာလေးရဲ့ အစ်ကိုအကြီးဆုံးက မွေးတာ၊ သူလည်း ရောက်တာ မကြာသေးဘူး၊ သူက ဒီမှာ သီလရှင်များ ဝတ်ဖြစ်မလားဆိုပြီး အစ်ကိုကြီးစီစဉ်ပေးလို့ ဆရာလေးလဲ ဒီကိုရောက်လာရတာပါ။ ကိုရွှေ ဝိဇ္ဇာတွေမပြီးခင် စကားမပြည်ပြောချင်တာရယ်၊ ဦးဇော်တို့ မိသားစုအကြောင်းတွေရယ် ဆုံချင်တာနဲ့ အကြောင်းကြားလိုက်ရတာ"

"ကောင်းပါတယ် ဆရာလေး"

"ကျောင်းဝင်း ဝင်လာလာချင်း ညာဘက်က အဆောက်အဦက ရုံးခန်းလေ ဦးဇော်၊ အလှူပါနက်ရှ၊ ကျောင်းနဲ့သက်ဆိုင်တဲ့ ပြင်ပကိစ္စတွေ အဲဒီမှာပဲ လုပ်ကြကိုင်ကြရတာ၊ ခန်းမထဲမှာလည်း ထိုင်စရာ နေရာထိုင်ခင်း၊ စားပွဲခုံတွေနဲ့ ဧည့်သည် လေးငါးဆယ်ယောက် ထိုင်ဆံ့လောက်လို့ရပါတယ်။ ဆရာလေးတို့ အဲဒီကို သွားကြရအောင်"

"အခုတော့ ဆရာလေးတို့အတွက် ဘာဖြစ်ဖြစ် အလှူငွေထည့်ဖို့လည်းရှိတယ်"

"ကျောင်းကိုသာလှူပါ၊ ပေါင်းစည်တော့ ဦးဇော်ကြိုက်တာစွမ်းပေါ့၊ ပြောပြီး လှူလို့ရပါတယ်"

○ ○ ○ ○ ○

"တူမလေးပါလာတော့ စကားဝိုင်း ပိုပြီးစိုပြည်တာပေါ့ ဆရာလေး"

"တူမလေးအမည်က ညိုညိုပါ ဦးဇော်"

"အေး...ညိုညိုရေ ဦးကိုလည်း ဆွေမျိုးသားချင်းလိုပဲ သဘောထားပြီး ဆက်ဆံလို့ရပါတယ်၊ ဒီဟာလေးက ဦး လိပ်စာနဲ့ ဖုန်းနံပါတ်ကတ်ပြားလေးပါ၊ ညိုညို ယူထားပေါ့"

ရုံးခန်း၏ ထောင့်ကျနေ့စားပွဲ၌ နေရာလပ်နေသောကြောင့် စားပွဲတွင် မျက်နှာချင်းဆိုင်၍ ထိုင်ကာ စကားပြော၍ ရသည်။ ဆရာလေးတို့ကျောင်းသို့ သယ်သွားခဲ့သော အထုပ်များနှင့် ခရီးဆောင်အိတ်ငယ်ကိုလည်း စားပွဲပေါ်၌ တင်ထားလိုက်သည်။

ဆရာလေး၏ သီလရှင် ကိုယ်ရုံ အရောင်က အညိုရောင်ဖြစ်သည်။ ဤကျောင်းတော်ကြီးက အညိုရောင်သင်္ကန်း၊ အညိုရောင်ကိုယ်ဝတ်များ သုံးစွဲရသည်။ ဦးပြည်းမှာ အခန်းတလဲလဲ ရိတ်ထားမှုကြောင့် စိမ်းပြာရောင်နေသည်။ နဖူးက ဝင်းစိုသောအသားအရေမှာ အညိုဘက်လုနေသည်။ စက်ကိုင်းမျက်မှန်မှာ ရွှေသီဥက့်ကြောင့်လည်း ဤသို့ဖြစ်သွားနိုင်ပါသည်။ အမှန်ဆိုရလျှင် ဆရာလေးနှင့် ပြောစရာစကားဟူ၍ အကျိုးအကြောင်းများစွာမရှိပါ။ ယုတ်စွာအဆုံး တိုက်ကြီးမြို့နယ် ဥတို နိုက်ပျိုးမွေးမြူရေးစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော (၇)နှစ်ခန့်တွင် တိုက်ကြီးမြို့ပေါ်ရှိ သူတာဝန်ကျရာဌာနသို့ တစ်ပတ်လျှင် တစ်ကြိမ် အနည်းဆုံးတွေ့ဆုံဖြစ်ကြသော ဖြတ်သန်းမှုမျှသာ ဖြစ်ပါသည်။ တစ်ခုရှိသည်က ထိုစဉ်က သူ၏ မျက်လုံး ကို မင်းအောင်မှာ ကျွန်တော်နှင့် စာတိုက် ငယ်ပေါင်းသူငယ်ချင်း၊ ကျောင်းနေဖက်၊ သူနှင့် တစ်ဌာနတည်း အလုပ်လုပ်ကြစဉ်ကလည်းကောင်း၊ ကိုမင်းအောင် မလေးရှားနိုင်ငံသို့ အလုပ်သွားလုပ်စဉ်ကလည်းကောင်း၊ သူ တိုက်ကြီးမှာ တာဝန်ထမ်းဆောင်နေစဉ် အချိန်တွင်ဖြစ်ခဲ့သော အချိန်များအကြောင်း ပြောမည်ဆိုလျှင် ပြောစရာများ အနည်းအများရှိလာမည်ဖြစ်ပါသည်။

ဆရာလေးကို ယခုကဲ့သို့ သိမ်သိမ်မွေ့မွေ့၊ ချိုချိုသာသာပြောဆိုနေမှုများကို မြင်ရက မျှော်လင့်ထားခြင်းမရှိ။ သူငယ်ချင်း မင်းအောင်၏ ချစ်သူဟူ၍သာဆိုသည်။ သူ နေပုံ၊ ပြောပုံ၊ နှုတ်အမူအရာမှစ၍ ယောကျ်ားဆန်သူဖြစ်သည်။ စကားကိုလည်း တိုတိုနှင့်ပြတ်ပြတ် ပြောတတ်သည်။ တစ်နေရာရာသွားဖို့ ကြိုလာရင်လည်း ငုတ်ခနဲ ထိုင်ရာမှထ၍ လိုက်လာတတ်သူမျိုးဖြစ်သည်။

ကျွန်တော်တို့ စကားပြောနေသော စားပွဲသို့ နေကာမျက်မှန်အကောင်းစားတပ်

**ဆရာလေးကို ယခုကဲ့သို့**
**သိမ်သိမ်မွေ့မွေ့ ချိုချိုသာသာ**
**ပြောဆိုနေမှုများကို**
**မြင်ရက မျှော်လင့်ထားခြင်းမရှိ။**
**သူငယ်ချင်း မင်းအောင်၏**
**ချစ်သူဟူ၍သာဆိုသည်။**
**သူနေပုံ၊ ပြောပုံ၊ နှုတ်အမူအရာမှစ၍**
**ယောကျ်ားဆန်သူဖြစ်သည်။**



ထားသွေး၊ စပ်ဝဝအနှီးသား၊ ဆောင်းအိပ်ရှည်၊ လက်ရှည်အင်္ကျီဖြင့် စားပွဲနားရပ်လာသည်။ မော့ကြည့်မိတော့မှ–

"ဟာ…အစ်ကိုဝင်းရွှေပါလား၊ ဝေနေတာဗျာ၊ မမှတ်မိဘူး"

"မောင်ဖေဇော်ရော၊ မင်းကိုတော့ မွေးမှီသွားလည်း ငါမှတ်မိပါတယ်"

"အေးကွာ…ဒေါ်ဦးကြီးရင်း လှူချင်စိတ်ပေါက်လို့ ကျောင်းကိုလာပြီးသပ္ပုတာ၊ အခေတ်ပဲကွ၊ ကုဋီတစ်လုံးလှူဖို့ပြီတာနဲ့ ငါလှူချင်တဲ့ပမာဏနဲ့ကိုက်လို့ လှူခဲ့တယ်၊ မင်းမလဲ မတွေ့တာကြာလှပေါ့၊ တွေ့တော့လည်း ဒီမှာတွေ့ရ၊ ငါဖြင့် ဆက်စပ်ကြည့်လို့ မရပါဘူးကွာ"

"အေးဗျာ…ဒီက ဆရာလေးတို့ တွဲတိုးနဲ့ လာတွေ့တာ၊"

"မောင်ဖေဇော်…မင်းရော၊ ဆရာလေးတို့ တွဲတိုးရော ငါနဲ့ ပဲ့မူးလိုက်ခဲ့ပါလား၊ အဖော် ဘယ်သူမှမပါဘူး၊ မနက်ဖြန်ကျ ပဲ့မူးဘုရားဖူးလိုက်ဦးမယ်၊ မောင်ချော့ ချော့မျှော်ရင် တယ်ကွာ၊ ဆရာလေးတို့လည်း အဆင်ပြေနိုင်မယ်ဆိုရင် ကြွအားပေးပါလား"

အဖြေအနေ၊ အခွင့်အခါတို့သည် ဤကဲ့သို့ကြုံလာရှိသည်မှာ မဆန်းပါ။ သို့သော် အစ်ကိုဝင်းရွှေကဲ့သို့ ငွေကြေးအဆင်ပြေသူ၊ ဖော်ရွေသူပုဂ္ဂိုလ်က သူ၏ စီးပွားရေးလုပ်ငန်းများစွာရှိသည့်ကြားမှ ယခုကဲ့သို့ ချက်ချင်း ဘုရားဖူးထွက်ကြခြင်းကိုမူ ဆန်းသည် ဆိုနိုင်ပါသည်။

"အစ်ကိုဝင်းရွှေ၊ ခင်ဗျား အဆင်ပြေသို့လား၊ ဒီလောက် အလုပ်ရှုပ်တဲ့ပုဂ္ဂိုလ်လေဗျာ၊ စိတ်ရင်းဖြစ်ဖို့ရော ဆရာဘယ်လိုလဲ၊ ဖြစ်လို့လား"

"အေးပါ…ငါတွေးပြီးသားပါ၊ မနက်ဖြန် ဘုရားဖူးပြီးတာနဲ့ နေ့ခင်းပိုင်းလောက်မှာ အိမ်က ပျိုတွေကို ပြန်ပို့နိုင်ပါမယ်၊ မင်းကိုလည်း ရန်ကုန်အရောက်ပို့ပေးမှာပေါ့၊ ပျိုတွေကိုလည်း ရန်ကုန်မှာ လုပ်စရာ တစ်ခါတည်းနိုင်းလိုက်မှာပေါ့ကွာ၊ မင်းကလဲ"

"ကဲ…ဆရာလေး၊ ဒီမှာနဲ့တရင် စိတ်ပြေလက်ပျောက် ဧရိုးတစ်ထောက်ဆိုသလို၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမယ့် ကိစ္စပဲဗျ၊ ဆရာကြီးဘုရားကိုကို လျှောက်ကြည့်လို့ရမလား၊ ကျွန်တော်တော့ အဆင်ပြေတယ်"

"ညီညီကော ဘယ်လိုလဲ"

"ဒေါ်လေးအဆင်ပြေရင် ကောင်းတာပေါ့၊ ညီကတော့ ပဲ့မူးကို ရောက်ဖူးမှ မဲ့ ဘုရားဖူးမှုဘူးလေ"

"ကဲပါ…တွေမရယ်၊ ဆရာလေး ကြိုးစားကြည့်ပါမယ်"

○ ○ ○ ○ ○

အစ်ကိုဝင်းရွှေတို့တိုက်မှာ ညီညီနဲ့ အတူ ညစာစားပြီး အပေါ်ထပ်တစ်ထပ်လုံး မင်းတို့နေကြဆိုပြီး အိမ်အပေါ်ထပ်ကို တက်လာကြပါသည်။ အစ်ကိုဝင်းရွှေတို့က မူ ဘေးကပ်လျက် တိုက်အိမ်ကြီးမှာနေကြခြင်းဖြစ်ပြီး ဤနှစ်ထပ်တိုက်ကလေးကမူ အဧည့်ရောက်နေသော သားတော်ခံသားစုလာသောအခါ နေရန်အဆောက်အအုံဖြစ်ဟု သိရပြန်သည်။ အပေါ်ထပ်ရောက်သောအခါ အိမ်ရှေ့ဝရန်တာ တံခါးမကြီး ဖွင့်ထားသော နည်းနိုးတွင် ဆရာလေးတစ်ပါး တည်း အေးအေးထိုင်နေသည့်အတိုင်း အဝေးမျှော်ရှေ့ရှုကာ ထိုင်နေလေသည်။

"ဆရာလေး၊ အအေးတော့ ညဘက် သောက်တယ်မဟုတ်လား" ဟု နွတ်ခွန်းဆက်စကားဖြင့်မေးရင်း ထွက်နေသော မျက်နှာချင်းဆိုင်နေရာတွင် ထိုင်လိုက်သည်။ ညီညီကမူ ဆရာလေးအောက်ရှိ ထိုင်ခုံတွင် သွားရောက်ထိုင်သည်။

"အေးသေးလို့ တောစောင့်ပြီးမှ သောက်မလို့ပါ"

"ဝရန်တာထွက်တဲ့ တံခါးကြီးက လေးရွက်ခေါက်တံခါးဆိုတော့ နှလုံးဖွင့်ထားတော့ လင်းလင်းချင်းချင်းနဲ့ ညရဲ့ အရသာကို အပြည့်ရတာပေါ့ဗျာ"

"ဦးဇော်ကတော့ အရင်တုန်းက အတိုင်းပဲ ဘာမဆိုပြောရင် ဖွဲ့ဖွဲ့နွဲ့နွဲ့ပဲ"

"ဒါနဲ့…စကားမစပ်၊ ဆရာလေးက အရင်က ကျွန်တော်တို့ခေါ်ရင် ကိုဇော်လို့ပဲ

ဒေါ်တာ မဟုတ်လား"

"အသက်တွေလည်းရ၊ ဘဝတွေလည်း ခြားဆိုတော့၊ ဒေါ်သင့်တဲ့အတိုင်း 'ဦးဇော်'လိုက်တာပါ"

"ဟုတ်တယ်နော်၊ ကျွန်တော်လည်း 'ဆရာလေး'လို့ပဲ ခေါ်ဖြစ်တော့တယ်"

"အဲဒါ အမှန်အတိုင်းခေါ်တာပါရှင်"

"ရှည်တော့ အခြားလေးမျှော်ဝရှုတွေ နောက်ရှေ့ပြီး လေတပြုးပြုးနဲ့ စကားစမြည် ပြောကြတာပေါ့၊ မဟုတ်ဘူးလား"

"သဘာဝကြီးက ဆန်းတယ်နော်၊ ကျောင်းမှာဆိုရင် ညအချိန်ကုန်လွယ်ပြီး ရလို့ အေးအေးဆေးဆေး မဖြစ်လောက်ဘူး"

"ညီညီလည်း ဦးလေးမိတ်ဆွေဖြစ်နေကတည်းက ကြိတ်ပြီးဝမ်းသာနေတာ၊ ကျောင်းမှာဆိုရင် ရလို့ အနားမှာထိုင်ပြီး နားထောင်ဖြစ်မှာမဟုတ်ဘူး"

"ညီညီနဲ့ ဦးလေးလည်း စကားပြောချင်ပါတယ်၊ ဆရာလေးက မိတ်ဆက်တုန်းက သီလရှင်ဝတ်မလို့ ရောက်နေတယ်ဆိုသလားလို့ပါ"

"ဟုတ်တယ် ဦး၊ ညီက အိမ်ထောင်ကွဲလာတာပါ၊ ဒေါ်လေးက ဦးကိုပြောချင်ရင် ပြောပြလို့ရတာလို့ ပွင့်ပွင့်လင်းလင်း ပြောတာပါ"

"သားသမီးတွေ ရလား၊ ရှိလား"

"အဲဒါကလည်း ညီ ထွက်လာရခြင်း အကြောင်းတစ်ခုပါပဲ၊ ကလေးမရှိသေးပါဘူး၊ ညီကလည်း ကလေးမယူချင်၊ သူကလည်း ယူချင်နဲ့ ဖြစ်တဲ့ပြဿနာ တစ်ခုလည်း ဆိုလို့ရတယ် ဦးလေး"

"ညီညီတို့ မိဘတွေကကော ဘာပြောကြသေးလဲ"

"သူတို့က အသက်တွေကြီးကုန်ပြီ၊ ညီညီက မေမေ အသက်လေးဆယ်ကျော်



မှ လူဖြစ်လာတာ၊ မွေးချင်းထဲမှာ အငယ်ဆုံး၊ မေမေ သွေးဆုံးချိန်မှာ သွေးမဆုံးဘဲ ညီ့ကိုယ်ဝန်လွယ်ရတာလို့ ပြောတာ"

"သူတို့က ညီညီ့သဘောပေါ့၊ ဟုတ်လား"

"ညီ့ သီလရှင်ဝတ်ချင်တယ်ဆိုတော့ ဒီအခေါ်ကိုပါ စစ်ကိုင်းကမှာပြီး စီစဉ်ပေးတာလေ"

"ချစ်လိုက်ကြတာနော်၊ အချစ်ခံရတဲ့လူတွေက သူများတွေထက် ကံကောင်းကြတယ်တဲ့၊ ညီညီက သက်သေပဲထင်ပါရဲ့"

"ဦးလေးကလည်း စွတ်ပြောမနေနဲ့နော်၊ ညီက စိတ်ဓာတ်ကျနေတာ"

"စိတ်ဓာတ်ကျနေချိန်မှာ ဘာမှ မဆုံးဖြတ်သင့်ဘူးလို့ ညီညီ့အဒေါ် ဆရာလေးက မပြောဘူးလား"

"ဒေါ်လေးက ပြောတာတော့ မှားတာ၊ မှန်တာက ကံပဲတဲ့၊ စိတ်ဆုံးဖြတ်ပြီးပြီဆိုရင် ဆက်လုပ်တဲ့၊ နောင်တမရအောင်နေရမယ်တဲ့၊ နောင်တရချက်ကိုဆိုရင် ပြန်ပြင်နိုင်သေးတဲ့အချိန်မှာ သေချာစဉ်းစားပြီးပြီး ဆုံးဖြတ်ပါတဲ့လေ"

"ကောင်းသားပဲ ညီညီ၊ စဉ်းစားတဲ့အခါ သေချာတဲ့အချက်အလက်တွေစုဆောင်းပြီးမှ အချက်အလက်တွေက ဘယ်လိုအဖြေပေးသလဲ မေးခွန်းထုတ်နိုင်ရင်တော့ ဆုံးဖြတ်ချက်ချနိုင်မှာပါ"

"အဲဒါကြောင့်ထင်တယ်၊ ဒေါ်လေးက ဦးလေးဆီ ဆက်သွယ်ပြီး ညီညီ့ကို အဓိကထား တွေ့စေချင်၊ ပြောစေချင်တာ ထင်တယ်"

"ဟုတ်လား ဆရာလေး"

"ဟုတ်ပါတယ်၊ ဦးဇော်က အရင်လိုပဲ ခေါင်းအေးအေးစဉ်းစားတတ်တဲ့ အမြဲအနေကိုမျှော်လင့်ပြီး အထူးအားဖြင့် ညီညီ့ကို အကြံပြုစေချင်လို့ပါ"

"ဒီဆိုသွားမှာ မကြောက်ဘူးလား ဆရာလေး"

ဆရာလေးက ခေါင်းယမ်းသည်။ ညီညီက ပြုံးကြည့်နေသည်။ နတ်ဆို သုံးသပ်ရပုံမှာ ဖန်းလုပ်သူက သားသမီးမလိုချင်၊ ယောက်ျားလုပ်သူက လိုချင်။ ဒီပြဿနာသည် ချစ်သူနှစ်ဦး၏ ကိစ္စမဟုတ်။ လင်နှင့်မယားကြားက အထူးကိစ္စအဖြစ် ပေါ်ပေါက်လာသောအရာ။ ညီညီကို လေ့လာသော် မိဘ၊ သားချင်းများက ဥစ္စာပစ္စည်း ပြည့်စုံသည်။ သားသမီးယူသော် ကန့်ကွက်ကြမည့်သူများ မဟုတ်ကြ။

"ကောင်းပါပြီ ညီညီ၊ ဦးကို အကျဉ်းနဲ့ပြီး ပြောစေချင်တာက သီလရှင်ဝတ်ဖို့ ဘယ်လိုတွန်းအားတွေက ညီညီကို ဆုံးဖြတ်စေသလဲဆိုတာကိုပါ"

"သမီးတို့ အိမ်ထောင်ကျတာ ၄ နှစ်ရှိသွားပြီ ဦး၊ သူကလည်း ကြိုးစားပါတယ်၊ သူ့ရာထူးနဲ့ သူ့အလုပ်ကတော့ ရိုးရိုးသားသား လုပ်တဲ့သူပါ၊ လစာထက်တော့ ပိုမထွက်ဘူးပေါ့ ဦးရာ၊ ညီလည်း အလုပ်လုပ်ပါတယ်၊ သူနဲ့မယူခင်ကတော့ ရုံးအလုပ်ပေါ့၊ ယူပြီး တစ်နှစ်မပြည့်ခင်မှာပဲ အဖေတို့ မေမေတို့ စီးပွားရေးကိုကူလုပ်ရင်း၊ သမီးကို သတ်သတ်မှတ်မှတ် လစာလည်းပေး၊ ဆီ၊ ဆန်၊ ငါးခြောက်လည်း ပြည့်စုံအောင် ပေးတာပေါ့ ဦးရာ၊ သူက အလုပ်ကြိုးစားသလို သူ့မိဘတွေရဲ့ အားကိုးရာသားလည်းဖြစ်

တယ်၊ ဒါကြောင့် စားဝတ်နေရေး အဆင်မပြေတော့ သူ့မိဘကိုလည်း ပြန်ကြည့်တာပေါ့၊ သမီးကလည်း ကျေကျေနပ်နပ် မပြောပါဘူး၊ ပြဿနာက ကလေးယူကြရအောင်လို့ ပြောလာတဲ့နေ့မှာ စတာပါ"

"အကြောင်းက...."

"ညီလည်း မိဘကို တစ်သက်လုံး အားမကိုးချင်ဘူး ဦး၊ သူကလည်း သူ့မိဘ သားချင်းအပေါ် စောင်းတာတွေကို မကာနဲ့ ကျက်ချင်ဘူး၊ လူတစ်ယောက်တိုးလာရင် စုရိုနိုက်ာလလနဲ့ယှဉ်ပြီး ကုန်ကျစရိတ်ကို မစဉ်းစားလို့မရဘူးလေ၊ သူက ဒါကို လက်မခံဘူး၊ သူကြီးစားမယ်၊ မိဘတစ်ယောက်ဖြစ်ချင်ပြီ၊ ဖြစ်လာတဲ့ကိစ္စတွေကို ရင်ဆိုင်သွားမယ်လို့ မျက်စိမှိတ်ပြောနေပေမဲ့ လက်တွေ့ကျကျ နေထိုင်ရမယ့် ငွေကြေးကိစ္စကိုကျ ရှင်းအောင်မပြောနိုင်ဘူး၊ သူ့အပြစ်လည်း မဟုတ်ပါဘူး၊ မြင်သာနေတဲ့ကိစ္စပဲ ဦးလေး"

"အဲဒီတော့...."

"မပျော်တော့ဘူး ဦး၊ ညီ စိတ်ညစ်လာရတယ်၊ လွယ်တာကို ခက်အောင်လုပ်နေတဲ့ကိစ္စ"

"ညီညီက အခု အသက်"

"၃၈ နှစ်ပါဦး"

"အေးပေါ့လေ၊ ကလေးယူမယ်ဆိုရင်တောင် နည်းနည်းနောက်ကျနေပြီ၊ ယူမယ်ဆိုလည်း ရနိုင်မှာပါ၊ ဒါနဲ့ စကားမစပ် ညီညီတို့က ဘယ်လိုနေကြသလဲ"

"ညီ့ မိဘတွေရဲ့ ခြံဝင်းထဲမှာ တိုက်မဆောက်ခင်ကနေတဲ့ သစ်သားအိမ်သေးသေးနဲ့ပါ၊ ညီတို့နှစ်ယောက်တည်း ခွဲနေကြတာ"

"ညီညီက ဉာဏ်ကောင်းပါတယ်၊ ညီ အိမ်သားလည်း ခင်ညွှန့်တော့ မဟုတ်လောက်ဘူး၊ အဆောက်အအားတော့ ကောင်းလား"

"ကောင်းတယ်၊ လူလိမ္မာသားလို့ အရိုးမှန်းခံရတဲ့သူပါ၊ အလုပ်လောကကြီးပြီး ရှေ့ရေးကို သိပ်မတွေးတတ်ဘူး၊ ညီ့ကို အထူးသဖြင့် တွေးတွေးဆဆပြောပြတယ်မရှိဘူး ဦး"

"ညီညီ အခု တိုက်တာတော့ မဟုတ်ပါဘူးနော်"

ညီညီက မဖြေဘဲ ဆရာလေးဘက်ကို လှည့်ကြည့်သည်။ ဆရာလေးက ခပ်ပြုံးပြုံးအမူအရာနှင့် ကျွန်တော့်အားကြည့်၍ ဝင်ပြောသည်။

"ဦးဖော်က ဆရာလေးနဲ့ တိုမင်း

**ဆေးပင်စင်ယူရင်တောင် ရနိုင်တာကို အလုပ်ထွက်ပြီး သီလရှင်ဝတ်သွားတာလေ ဆရာလေး နှုတ်ကလည်း ပြောသေးတယ်၊ ဒီလောက်ရှုပ်နေတဲ့လောကကြီး သူ့ထက်ပိုရှုပ်ရမယ်တဲ့လေ...**

မောင်နှံကိစ္စကို ခေါင်းထဲရောက်လာတာတယ်ရဲ့ တူတယ်နော်"

"ဆရာလေးပြောတာ မှတ်ထားမိတာ မမှားဘူးဆိုရင် မင်းမောင် ပြန်လာမယ်ဆိုတဲ့နှစ်မှာ မလာဘဲ နောက်သပ် တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်နေပြီး ငွေစုခဲ့မယ်ဆိုတာကို လက်မခံဘဲ၊ သူပြန်လာရင် 'စန္ဒာမြင့်'ဆိုတဲ့ အမျိုးသမီး မရှိတော့ဘူးရော၊ ကတိမတည်တာ နှစ်ကြိမ်ရှိပြီ၊ နှစ်နှစ်ရှိပြီး သည်းခံနေခဲ့တာ ထပ်ပြီး သည်းမခံတော့ဘူးဆိုပြီး ဆေးပင်စင်ယူရင်တောင် ရနိုင်တာကို အလုပ်ထွက်ပြီး သီလရှင်ဝတ်သွားတာလေ ဆရာလေး နှုတ်ကလည်းပြောသေးတယ်၊ ဒီလောက်ရှုပ်နေတဲ့လောကကြီး သူ့ထက်ပိုရှုပ်ရမယ်တဲ့လေ၊ သေသေချာချာပြောခဲ့တာပါ"

"ဟုတ်ပါတယ် ဦးဖော်၊ ဒါကြောင့် တွေမလေး ညီညီကို ဆရာလေး ဘာမှ မပြောချင်ဘူး၊ အကြံလည်း မပေးချင်ဘူး၊ အဲဒီတုန်းက ဦးဖော်ပြောတဲ့ ဉာဏ် အကြောင်း ဆရာလေး သတိရတယ်၊ ဦးဖော်ပြောခဲ့တာ မှန်သင့်သလောက်လည်း မှန်ခဲ့တယ်၊ ပြန်မပြင်ချင်တဲ့ ဆရာလေးစိတ်ကြောင့် မုလို မိုင်မိုင်မြိုမြို မြတ်စွာဘုရား အရိပ်ကို ခိုဖြစ်နေတာပါ"

"ပြောပြပါဦး၊ ညီလည်း နားထောင်ချင်ပါတယ်"

"ဦးလည်း သိပ်သိလို့မဟုတ်ပါဘူး၊ ဖတ်ထား မှတ်ထားမိတာလေးတွေနဲ့ ပြောရမယ့်ကိစ္စနဲ့ ကိုက်မယ်ထင်သလိုလေး ပြောဖြစ်တာပါ"

"ပြောပြပါ ဦး"

"ဦးက ညီညီကို ဘယ်လိုလုပ်သင့်တယ်ဆိုတာကို မပြောချင်ဘူး၊ ညီညီစိတ်က မှုန်ဝါးဝါးတွေးတောပြီး မိဉာဏ်ပညာနဲ့ ဆုံးဖြတ်စေချင်တယ်၊ ဒါမှလည်း တစ်သက်လုံး လိမ်ပြောသန့်နိုင်မယ်လို့ထင်တယ် ညီညီ"

"ဟုတ်ကဲ့ပါ ဦး"

"ညီညီက ဉာဏ်ကို ဘယ်လိုနားလည်ထားသလဲ၊ သူ့အဓိပ္ပါယ်ကို ဘယ်လိုနားလည်ထားခဲ့သလဲလို့ ဦးက မေးမြန်းမေးချင်တာ"

"အမှန်ပြောမယ် ဦး၊ အဲဒီ ဉာဏ်တို့၊ စိတ်တို့ ဖတ်တာသိတာနေရာမှာ ညီညီ အသိအားနည်းတယ်၊ ကိုယ့်မိသားစုလေးနဲ့ ဘယ်လိုပျော်ပျော်ရွှင်ရွှင် နေသွားမလဲပဲ စဉ်းစားဖြစ်တယ်"

"မှန်ပါတယ် ညီညီ၊ သမီးတို့အရွယ်နဲ့ နလို့အစေးအရာရာ ရှေ့တိုးပြီး လောက်ပြောင်းနေတဲ့အချိန်မှာ ဒီလိုပဲဖြစ်ကြမှာပါ၊ ဦးကလည်း ရှည်ရှည်ဝေးဝေးပြောစရာ မရှိပါဘူး၊ သိပ္ပံနည်းကျ သိထားသမျှ

လေးတွေ မှုရချင်တာပါ၊ ညီညီလည်း တစ်ခုခုရသွားစေချင်တယ်လေ"

"ဉာဏ်ကိုအနက်ဖွင့်တာက အများကြီးတဲ့၊ ပညာရှင်တွေအနက်ဖွင့်ကြတော့လည်း အားလုံးသဘောတူတဲ့ အနက်မရကြဘူးတဲ့၊ ဦးကတော့ ဉာဏ်ကိုအနက်ဖွင့်ထားတဲ့ အဆိုတစ်ခုကို စွဲစွဲမြဲမြဲ မှတ်ထားခဲ့တယ်၊ ဉာဏ်ဆိုတာ ရှုပ်ထွေးတဲ့ပန်းတိုင်တွေဆီ ရောက်နိုင် ရန်နိုင်တဲ့ စွမ်းရည်တဲ့၊ အင်္ဂလိပ်လိုတော့ ဉာဏ်ဆိုတဲ့ Intelligence ဆိုတာ ability to accomplish complex goals တဲ့ ညီညီ"

"ဟုတ်ကဲ့"

"ဒီအနက်ကောက်မှာ နားလည်ခြင်း၊ မိမိကိုယ်မိမိ သတိရှိခြင်း၊ ပြဿနာများ ဖြေရှင်းနိုင်ခြင်း၊ သင်ယူခြင်းဆိုတာတွေ ပါဝင်တယ်လို့ ဆိုတယ်။ အဲဒီဉာဏ်မျိုးနဲ့ မိမိရည်မှန်းချက်ပန်းတိုင်ရှိရာ မရောက်ရောက်အောင် သွားရတာမျိုးပဲ ညီညီ၊ အဲဒီတော့ ဖြစ်နေတဲ့ ပြဿနာကို သေချာနားလည်အောင်လုပ်ပါ၊ အိမ်ထောင်ပြုကြတယ်ဆိုတာ နှစ်ဦးသဘောတူ ပျော်စရာတွေ၊ စိတ်ညစ်စရာတွေကို ရင်ဆိုင်ပြီး မိသားစုတာဝန်ယူဖြစ်အောင် လုပ်ဖို့၊ ပျော်ရွှင်လို့ အိမ်ထောင်ပြုတာ၊ အခက်အခဲရှိတိုင်း ထွက်ပြေးဖို့မဟုတ်ဘူး၊ ကို သူများတွေ ဘယ်လိုရင်ဆိုင်ကြသလဲဆိုပြီးလဲ သင်ယူနိုင်ရမှာ ညီညီ"

"ဦးပြောတာ နားလည်သလိုလိုနဲ့ သိပ်သဘောမပေါက်ဘူး"

"တိုက်ရိုက်မေးစရာရှိတာက ညီညီတို့ဖြစ်နေတဲ့ကိစ္စက သားသမီးမယူချင်တာက အဓိကလား၊ ညီညီ့အမျိုးသားရဲ့ ဘဝရှေ့ရေးအပေါ် စုလိုနေထိုင်ပြုမူနေတဲ့ကိစ္စကို အဆင်မပြေတော့တာလားဆိုတာ သေချာကွဲအောင် စဉ်းစားကြည့်ဖို့ပါ၊ ပြဿနာက ဘာလဲ၊ ညီညီ စိတ်အခြေအနေလား၊



ညီညီ အိမ်သားရဲ့ စိတ်အခြေအနေလား၊ အဲဒါတွေ သေချာအောင် တစ်ယောက်နဲ့ တစ်ယောက် ရှင်းရှင်းလင်းလင်းဆွေးနွေးပြီးပြီလား၊ ညီညီ စုလို သီလရှင်ဝတ်မယ်ဆိုတော့လည်း ညီညီ့သဘောအတိုင်း နေနိုင်ခဲ့တာ ဘာကြောင့်လဲဆိုတာကော မေးပြီးပြီလား၊ အကျိုးနဲ့အကြောင်းနဲ့ စဉ်းစားနိုင်စွမ်းရှိသမျှ စဉ်းစားပြီးပြီလား၊ ရင်ထဲမှာ တကယ်နားလည်အောင် ကြိုးစားပြီးပြီလား၊ စီမံနိုင်သမျှ ချပြီးစဉ်းစားကြည့်ပြီးပြီလား၊ လင်နဲ့မယားဆိုတာ ဒီလောက်တော့ သူသိရမှာပေါ့လို့ ကောက်ယူလို့မဖြစ်ဘူး ညီညီ၊ သူသိလား၊ မသိဘူးလား သေချာပြီက သူ့ကို မေးကြည့်ဖို့ပါ ချန်ထားခဲ့လို့ မရနိုင်ဘူး၊ ရင်ထဲက၊ စိတ်ထဲက ရှိသမျှတွေ သူ့နဲ့ချသိရပြီးမှ ပြဿနာရဲ့အဖြေကို ရှင်းရှင်းလင်းလင်း တွေ့ကြရတာမျိုး ညီညီ"

"သဘောပေါက်သလိုလိုရှိပြီ ဦး၊ ညီ သီလရှင်ဝတ်မယ်ဆိုရင် ညီ့ရင်ထဲ သိလိုသမျှ ရှင်းရှင်းလင်းလင်းသိအောင် လုပ်ရမယ်၊ အမျိုးသားကိုလည်း သူနားလည်လောက်ပါတယ်လို့ ချန်မထားနဲ့၊ ရှင်းအောင်မေး၊ သူ့အတွေး၊ သူ့ကြံဆမှုကိုပါ သိပြီးမှ ဒီလိုပဲ ဆုံးဖြတ်မှုဖြစ်မယ်ဆိုတော့မှ ရှေ့ဆက်သွား ဒီလိုလား ဦး"

"ဦးပြောချင်တာက ညီညီ့ရင်ထဲ မှာ မေးခွန်းတွေ မကျန်စေချင်ဘူး၊ ညီညီ့ အိမ်သားရဲ့ သဘောထား ရှင်းရှင်းလင်းလင်းသိပြီးမှ ချေတန်တာချေ၊ ကြေတန်တာကြေ၊ ပြေတန်တာပြေလို့ မရတော့မှ ကိုယ်သွားမယ့်လမ်းကိုရွေးရင်တော့ ပိုကောင်းမယ်လို့ ဆိုလိုတာပါ"

"ဦးဖော် စုလိုရှင်းပြတာ ဆရာလေး တော့နူးတော်ပါတယ်၊ ဆရာလေး နားလည်တယ်၊ ညီညီလေးကို သူမရှင်းတာရှိရင် ဆရာလေး ရှင်းပြလို့ရသွားပါပြီ ဆရာလေး စိတ်ထဲရှိတာထက် ဦးဖော်ပြောပြတဲ့အချက်က ပိုပြီးလက်တွေ့ကျပါတယ်"

"ဆရာလေးလည်း မင်းမောင်အကြောင်း လုံးဝမမေ့ဘူးနော်"

"ဦးဖော်ကို ပြောဖူးတဲ့ နှံ့တယ်ဆိုတာက ကိုမင်းမောင်ကိုရည်း ပုံရတာမဟုတ်ပါဘူး ဦးဖော်၊ အဲဒီတုန်းက အလုပ်မှင်ပြဿနာတွေ၊ လူတွေရဲ့ မျက်စိတွေ၊ အကြည့်တွေအားလုံး ကာင်လွှတ်ရမယ်မြဲ အဖြစ် ရွေးချယ်လိုက်တာပါ၊ ရက်တရက်တော့ အရွဲ့တိုက်သလိုပါပဲ၊ နေကြည့်တော့လည်း နေဝင်တာမရပါဘူး ဦးဖော်၊ ဒါကြောင့် အတိတ်ကကိစ္စတွေ ဘာတစ်ခုမှ စိတ်ထဲမထားတော့တာနဲ့ မမေ့ဖြစ်တာပါ"

ဆရာလေး၏ အဖြေကို ကျွန်တော် သဘောပေါက်ပါသည်။ ယခု ဓမ္မစဉ်ကဲ့သို့ သဘာဝကြီးကို သဘောပေါက်ရန်လည်း ကြိုးစားရပါဦးမည်။ ပထမ ဆရာလေးတို့ ကျောင်းတွင် ညအိပ်ရန်လာခဲ့သည်။ အစ်ကိုဝင်းမွေ့နှင့်ဆုံတော့ မနက်ဖက် ပွဲရှေး ဘုရားဖူးရန် ဖြစ်လာသည်။ ယခုလည်း ပွဲရှေးရောက်နေသည်။ ငါ့လှော်ထိုး၊ ပွဲရှေး ရောက်ရောက်မဟုတ်တဲ့ ပွဲရှေးကိုရောက်နေသည်။ ဖြစ်ရန်ဆုံးဖြတ်ထားသော ကိစ္စများလည်း ပြောင်းလဲတတ်သော သဘာဝကို မြဲမြံနားလည်အောင် ကျွန်တော်ကြိုးစားရဦးမည်ဟူသောအသိက ကျွန်တော့်ဉာဏ်သို့ တစ်စစ်စစ်ထိုးကာ တိုးနေလေသည်။

မောင်ခင်သာ(မြင်း)





# မြေအောက်ရေဖွံ့ဖြိုးဖို့ နည်းစနစ်များပြောင်းကြစို့

အောင်မိုးဟိန်း(မြို့တော်သတင်း)

ရှေးယခင်က ဒဂုံဟုခေါ်ဆိုသော ငါးဖမ်းလုပ်ငန်းများဖြင့် လုပ်ကိုင်နေထိုင်ခဲ့သည့် ဒဂုံရွာကလေးသည် ယခုအခါတွင် သမိုင်းကြောင်းများဖြင့် ပြည့်နှက်နေသော ယနေ့ခေတ် ရန်ကုန်မြို့ကြီး ဖြစ်လာသည်ကို တွေ့မြင်ရမည် ဖြစ်ပေသည်။

ယနေ့ခေတ် ရန်ကုန်မြို့ကြီးဟူ၍ ဖြစ်တည်မှုရှိလာခြင်းသည် ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ထောင်သမုတ်ခဲ့သော ရန်ကုန်သည် ယခုဆိုလျှင် မြို့တည်သက်တမ်း နှစ်ပေါင်း ၂၆၇ နှစ်ပင် ကျော်လွန်ခဲ့ပြီးဖြစ်သည်။ နှစ်ပေါင်း ၂၀၀ ကျော်လာသော ရန်ကုန်ရာဇဝင်သည် သမိုင်းတင်ရန် လိုအပ်လာပြီဖြစ်သည်ဟု သတင်းစာဆရာများနှင့် မြို့ပြကျွမ်းကျင်ပညာရှင်များက ထောက်ပြမှုများရှိလာပြီဖြစ်သည်။




ယခင် အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် သစ်ရိပ်၊ ငါးရိပ်တောများ ထူထပ်သောကြားထဲ၌ သစ်လုံးများဖြင့် ကာရံထားသော မြို့လေးဖြစ်ပြီး ရေပတ်လည်ဝန်းရံထားသော ကျွန်းငယ်လေးသာ ဖြစ်သည်။ ထိုအချိန်က ရွှေတိဂုံစေတီတော်နှင့် ဆူးလေစေတီတော်တို့ကိုဖူးမြော်လိုပါက သစ်လုံးများဖြင့် ကာရံထားသော သစ်တပ်မြို့ပြင်သို့ထွက်၍ ဖူးရမည်ဖြစ်ပေသည်။

အတိတ်က ဖြစ်တည်လာသော ရန်ကုန်မြို့သည် အချိန်ကြာလာနှင့်အမျှ နိုင်ငံခြားသားအပေါင်းနှင့်တို့ ကုန်စည်ကူးသန်းရောင်းဝယ်ရာ အဓိကစီးပွားရေးဆိပ်ကမ်းမြို့လေးအဖြစ် လူသိများလာပေသည်။

ခရစ်နှစ် ၁၈၂၄–၁၈၂၆ ခုနှစ် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲဖြစ်ပွားပြီး ရန်ကုန်သည် အင်္ဂလိပ်လက်အောက်ကျ ရောက်ခဲ့ရပေသည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်– မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက် ကျရောက်သွားခဲ့ရသော ရန်ကုန်ကို အင်္ဂလိပ်တို့က ခေတ်မီမြို့တစ်မြို့အဖြစ်တည်ဆောက်ခဲ့သည်။ အလောင်းမင်းတရားကြီး တည်ဆောက်ခဲ့သော ရန်ကုန်ကို ဖြို၍ အင်္ဂလိပ်စစ်ဗိုလ် ဗိုလ်ဖရေဇာက မြို့သစ်တည်ပုံစံငယ်ကို ရေးဆွဲခဲ့သည်။

၁၈၅၃ ခုနှစ်မှစတင်၍ ရန်ကုန်မြို့ကွက်သစ်ပုံစံကို ပုံဖော်ပြီး လမ်းများ၊ လူနေအိမ်များ၊ ရုံးအဆောက်အအုံများ စသည်တို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်က

ရန်ကုန်မြို့ကွက်သစ်ကို ယခု အလုံမြို့နယ် အစပ် ရန်ကုန်အနောက်ဘက်မှ ရန်ကုန်အရှေ့ဘက် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းအထိ အစဉ်တည်၍ တည်ဆောက်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းတို့ကို ခြောက်လမ်းသွားလမ်းကြီးများအဖြစ် အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြသည်။

ထိုသို့ တည်ဆောက်မှုနှင့်အတူ လမ်းတစ်လျှောက် အမိုးကာမပါသော လျှို များ၊ မြောင်းများ၊ နန်းတော်မြို့နေရာများကို အဓာစ်မြေများ ပြန်ဖို့ခြင်း၊ လမ်းနှင့်အိမ်ရာ တည်ဆောက်ရာတွင် မလွတ်ကင်းသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ ကို ထိုအချိန်က စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်သည် နှစ်ကာလ ကြာ ညောင်းလာသည်နှင့်အမျှ ထူထပ်သော အစိမ်းရောင် သစ်တောသစ်ပင်များနေရာတွင် ကွန်ကရစ်အိမ်ရာများနှင့် ကွန်ကရစ်လမ်းများက တဖြည်းဖြည်းနေရာယူ ကျယ်ပြန့်လာမှုကြောင့် ယခင်က တည်ဆောက်ခဲ့သော ယနေ့ရန်ကုန်သည် ခေတ်မီမြို့ တစ်မြို့ပုံစံတော့ ဖြစ်ခဲ့သော်လည်း ယနေ့ကာလတွင် ကွန်ကရစ်များဖုံး အုပ်မှု လွန်ကဲစွာ ဖြစ်တည်လာမှု ကြောင့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များ သည် အစိမ်းရောင်ရှိသော သစ်တောသစ်ပင်များ လျော့နည်းပျောက်ကွယ် လာခဲ့မှုကို ယခင်က ဆက်လက် မထိန်းသိမ်းနိုင်ခဲ့သဖြင့် မျက်မှောက်ခေတ် ရန်ကုန်သည် ကွန်ကရစ် တောကြီးပမာ ဖြစ်တည်လာပြီး မြေပေါ်မြေအောက် ဂေဟစနစ်များ လည်း အထိုက်အလျောက် ထိခိုက်နေသည်ကို ပညာရှင်များက ထောက်ပြနေကြပြီဖြစ်သည်။


စာရေးသူသည် ရန်ကုန်မြို့ပြ၏ ဖြစ်စဉ်များကို တွေးရင်း တွေးလက်စ အတွေးများဖြင့် ငယ်စဉ်က ထိတွေ့ဆက်ဆံခဲ့မှုသော မြို့တော်စည်ပင် အင်ဂျင်နီယာ ဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ယခု မြို့တော်စည်ပင်၏ ကော်မတီဝင် ဒေါက်တာ ခော်ဝင်းအား သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ယင်းဖြစ် သန့်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြည်သူများထံ ပြန်လည်မျှဝေပေးနိုင်ရန် တို့ကို ရည်ရွယ်၍ သွားရောက်တွေ့ဆုံခဲ့ ခြင်းဖြစ်သည်။

ထိုအချိန်က ဒေါက်တာခော်ဝင်း သည် YCDC အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ထိုမှတစ်ဆင့် အင်ဂျင်နီ ယာဌာန(အဆောက်အအုံ) ဌာနမှူး– ယခု YCDC ၏ ကော်မတီဝင်တစ်ဦးဖြစ်လာ သည်။

ဒေါက်တာခော်ဝင်းကရှင်းပြရာတွင် ယနေ့ရန်ကုန် (၃၃) မြို့နယ် ဧရိယာ အကျယ်အဝန်းသည် ၇၉၀စတုရန်း ကီလို မီတာအထိ ရှိလာပြီဖြစ်သည်။ အဖြစ် အဆောက်အအုံများ၊ တည်ဆောက်ထားမှု များလည်း တစ်သန်းဝန်းကျင်ခန့် ရှိလာပြီ ဖြစ်သည်။ မြို့ပြအတွင်း လူနေထိုင်မှုသည် ၈ သန်းခန့် ရောက်ရှိလာသည့်အတွက် အနာဂတ် ၂၀၄၀ ခုနှစ်ရောက်ရှိချိန်တွင် ဆယ် သန်းအထိ ဖြစ်လာနိုင်သည်ကို မြို့ပြကျွမ်း ကျင်ပညာရှင်များ တွက်ချက်မှုအရဆိုလျှင် ရန်ကုန်မြို့ ရေရှည်ရပ်တည်နိုင်ရေးသည် မြို့ပြနေထိုင်သော လူဦးရေအများအပြား အရ သောက်သုံးရေလိုအပ်ချက်သည် အဓိက ဖြစ်လာနိုင်သည်။

မိုးတွင်းရွာသွန်းသော မိုးရေများ စွန့်ပစ်ရေများကို အလဟဿမဖြစ်ရလေ အောင် ရေလှောင်ကန်များတည်ဆောက်ပြီး သိမ်းဆည်း၍ ပြန်လည်သန့်စင်ကာ မြို့ပြ လိုအပ်ချက်နှင့်အညီ အသုံးပြုသွားရမည် ဖြစ်သည်။ထို့ပြင် မြို့ပြအတွင်းသစ်တော၊ သစ်ပင်နှင့် အစိမ်းရောင်နယ်မြေများ ပျောက်ကွယ်ဆုံးရှုံးမှုများကို ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရန် ယနေ့ အိန္ဒိယနိုင်ငံတွင် လက်ရှိအသုံးပြုနေသော (Artificial water Recharge) ကို မြေအောက်ရေထုအတွင်း လွှဲရှိ ရေရှိများ၊ မိုးရေများ ပြန်လည်ရရှိ အောင် ဆောင်ရွက်သွားမည့် အစီ




အစဉ်များကို ယခုမိုးရာသီတွင် တစ်ပြိုင်တည်း ဆောင်ရွက်သွား မည်ဟုဆိုပါသည်။

မြို့တစ်မြို့ ရွာတစ်ရွာတွင် လူဦးရေတိုးလာပါက သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ လည်း တွဲပါလာစမြဲဖြစ်သည်။ လူနှင့်အတူ စွန့်ပစ်အမှိုက်၊ အညစ် အကြေး၊ ရေဆိုးသနစသည်များ လည်း တိုးပွားလာပြီး (Human Waste)ခေါ်သည့်အချက်အလက် များကို သေချာစွာစနစ်တကျဖြင့်

ကိုင်တွယ်ဖြေရှင်းနိုင်မှသာ ရောဂါဘယများ ကင်းဝေးပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုများ လည်း ရရှိလာမည်ဖြစ်ကြောင်း ပညာရှင်၏ အမြင်ကို ရှင်းပြ၍ သိရသည်။

လူဦးရေ သန်းငါးဆယ်နီးပါးလာသည့် အခါ အမှိုက်များလည်း များပြားစွာ ထွက်ရှိလာပြီး အမှိုက်စွန့်ပစ်မှု စနစ်မကျလျှင် ချောင်းများ၊ မြောင်းများ၌ အမှိုက်များ ပိတ်ဆို့ခြင်း ရေစီးရေလာမကောင်းသည့် အတွက် မြို့ပြလမ်းများအပေါ်သို့ ရေများ ရောက်ရှိခြင်းကြောင့် ယာဉ်သွားလမ်း ကြောင်းများ ပိတ်ဆို့ခြင်း အကျိုးဆက်များ ကြုံတွေ့ရမည်ကို ကြိုတွေး၍ပြောသည်။

ယခင်က ရန်ကုန်မြို့သည် လမ်း များ ရေမြုပ်မှုကို နှစ်စဉ်ဖြစ်ပွားသည်မှာ အများသိလောက်စရာ ဖြစ်နေသည်ကို ရန်ကုန် မြို့တော်ဝန်နှင့် ကော်မတီရှိ တာဝန်ရှိသူ များလည်း သိရှိပြီးဖြစ်၍ ယခင်မှားယွင်း ခဲ့သည့်အခြေအနေ အားနည်းချက်များကို ယခုအစိုးရလက်ထက်တွင် ရှာဖွေဖော်ထုတ် ပြီး ကြီးမားသလောက် အရေးမထင်မဖြစ်စေ ရန်အတွက် ရန်ကုန်မြို့တော်ဝန်က မြို့ပြဖွံ့ ဖြိုးမှုအစီအစဉ်နှင့် အမှိုက်ကိစ္စ၊ အညစ်အကြေး ကိစ္စများကို သေချာစွာတွက်ချက်ပြီး နိုင် နင်းစွာ လုပ်ကိုင်ဆောင်ရွက်သွားရမည်ကို ကော်မတီနှင့် ဌာနဆိုင်ရာအစည်းအဝေးများတွင် မှာကြားခဲ့သည်။ ယင်းသို့ မှာကြား ဆွေး နွေးမှုကြောင့် စည်ပင်သာယာ တာဝန်ရှိသူ အားလုံးသည် လမ်းများပေါ်၌ ရေကြီးရေ လျှံမှုမဖြစ်စေရန် မြစ်ထွက်ပေါက်ရှိ ချောင်း များ၊ မြောင်းများတွင်ရှိသော ချုံနွယ်၊ သစ်ပင်များကို ရှင်းလင်းခြင်း၊ မြစ်ထွက် ပေါက်နေရာများအား ရေစီးရေလာကောင်း မွန်ရန် သဲ၊ နုန်းနှင့် အမှိုက်များ ရှင်းလင်း ခြင်း၊ မြစ်ထွက်ပေါက် မြောင်းဘေးနံရံများကို ပြန်လည်ပြုပြင်ချဲ့ထွင်ခြင်းများကို လူအား ငွေအား စက်ယန္တရားအင်အားများ



အသုံးပြုပြီး စဉ်ဆက်မပြတ် ဆောင်ရွက်မှု တို့အပြင် မြို့ပြလမ်းဘေး ရေမြောင်းများ အတွင်း စနစ်မကျ စည်းကမ်းမဲ့ စွန့်ပစ် အမှိုက်များကိုလည်း မြို့နယ်စည်ပင်သာ ယာဌာနခွဲများ၊ သန့်ရှင်းရေးဌာနခွဲများ၊ ပန်းဥယျာဉ်ဌာနခွဲများနှင့် တာဝန်ရှိသူများ သည် ပေးအပ်သောတာဝန်ကို မငြင်းဆန် ဘဲ အချိန်နှင့်တစ်ပြေးညီ နိုင်နင်းစွာ ဆောင် ရွက်နိုင်ရေးအတွက် မြို့တော်ဝန်၏ (Guide Line)အတိုင်း ချောင်းများ၊ မြောင်း များတွင် အမှိုက်မကျန်အောင် ရှင်းလင်း လုပ်ဆောင်ခဲ့ရာ ထူးခြားသော ဆောင်ရွက်မှု တစ်ခုကိုရရှိခဲ့ကြောင်း ယင်းကဆိုသည်။

ယနေ့ မြို့ပြလမ်းများပေါ် ရေများ




ဖုံးလွှမ်းနေသည့်ကိစ္စမှာ မရှိသလောက် နည်းပါးသွားသည်ကိုလည်း ပြည်သူများ သတိပြုမိမှာပါ။ အမှိုက်များမကျန်အောင် စနစ်တကျဆောင်ရွက်ခဲ့ရာ ယမန်နှစ် ၂၀၂၀ နှစ်ကုန်မှစ၍ ကောင်းမွန်သည့် လမ်းကြောင်း ပေါ်ရောက်ခဲ့၍ ယခုနှစ်မှာလည်း စဉ်ဆက် မပြတ် ဆောင်ရွက်နိုင်ရန် မြစ်ထွက်ပေါက် နေရာများ၌ ရေပေါ်သို့ဖက်ပင်များကို ပုံမှန်ရှင်းလင်းလျက်ရှိကြောင်းကို ဒေါက်တာ ခေတ်ဝင်းက ဂုဏ်ယူစွာရှင်းပြ၍ သိရသည်။

ထို့နောက် ဒီကနေ့ မြို့ပြလမ်းများ အပေါ် ရေကြီးရေလျှံဖြစ်ရသော အဓိက အကြောင်းအရင်းများမှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၊ လူနေထူထပ်မှုစည်းကမ်းမဲ့ အမှိုက်စွန့်ပစ် တိုးပွားလာမှု၊ အခြေခံ အဆောက်အအုံများ အဆမတန်ဖွံ့ဖြိုးလာ မှုနှင့် ရေစီးရေလာ ရေလမ်းကြောင်း ပြောင်း လဲလာမှုတို့ကြောင့် မြေနိမ့်ပိုင်းရှိလမ်းများ၊ လူနေရပ်ကွက်များသည် နှစ်စဉ်ကြုံတွေ့ နေရခြင်းများကို စောင့်ကြည့်လေ့လာပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ယင်းက ရှင်းပြသည်။

ထို့ပြင် ရန်ကုန်သည် ပင်လယ်နှင့် မိုင် ၂၀ သာ ကွာဝေးသည့်အတွက် မိုး

သည့်အချိန်မှာ ရှာသွန်းမိုးနှင့် ဒီရေတက်ချိန် တိုက်ဆိုင်သည့်အခါမှာ ကျဉ်းမြောင်းသော ရေမြောင်းငယ်များ၌ အမှိုက်များပိတ်ဆို့ပြီး ရေများ စီးဆင်းမှုအားနည်းလာခြင်း၊ ဒီရေတက်မှုကြောင့် မြစ်ထွက်ပေါက် ရေမြောင်းများလည်း ရေပြည့်ရေလျှံမှုများကို နှစ်စဉ်ကြုံတွေ့နေရကြောင်း ဖြစ်သည်။ ထို့ကြောင့် လက်ရှိကြုံတွေ့နေရသော အကျိုးဆက်များကို လျော့နည်းသက်သာအောင် ဆောင်ရွက်မည်ဆိုလျှင် ကျဉ်းမြောင်းသော ရေမြောင်းများ ပြန်လည်ပြုပြင်ခြင်း၊ နုံးအနည်ထိုင်မှု များပြားစွာဖြစ်လာခြင်းကြောင့် မြစ်ကြမ်းပြင်မြင့်တက်မှုကို လျှော့ချနိုင်ရန် မြစ်ကြောင်းထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။





မြို့ပြဖွံ့ဖြိုးလာသည်နှင့်အမျှ ရေများစိမ့်ဝင်နိုင်သောနေရာများ လျော့နည်းလာသွားသောကြောင့် အစိမ်းရောင်နေရာသစ်များကို ရှာဖွေဖော်ထုတ်ရမည့် စီမံကိန်းကို လက်ရှိမှာဆောင်ရွက်နေသလို ရေရှည်အတွက်လည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အစီအစဉ်များရှိကြောင်း ပညာရှင်က ဆိုပါသည်။

မိုးတွင်းကာလတွင် သဘာဝမိုးရေများနှင့် စွန့်ပစ်ရေများသည်လည်း ထော်ဝီ မြို့ပြရေမြောင်းများ၊ ချောင်းများ၊ မြစ်များမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအတွင်း စီးဆင်းနေခြင်းကို အချိန်မီမတားဆီး မပြုပြင်ဘဲ ယခုအခြေအနေအတိုင်း ဆက်လက်၍ မျက်ကွယ်ပြုထားမည်ဆိုပါလျှင် အင်္ဂလိပ် လက်ထက်က တည်ဆောက်ခဲ့သော မြို့တွင်း (၆)မြို့နယ်ရှိ မြေအောက်ရေကိုသုံးစွဲနေသော အဝီစိတွင်းများသည် သဘာဝ စိမ့်ရေများ ပြန်လည်မရရှိခြင်းကြောင့် ရေရှည်တွင် မြေအောက်ရေအောင်းလွှာရှိ ရေချိုများ လျော့နည်းပြီး ရေငန်များ ဝင်ရောက်လာမည်ကို စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း ရေဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာခေတ်ဝင်းက ရှင်းလင်းပြောသည်။

ဆက်လက်၍ သောက်သုံးရေနှင့် စပ်လျဉ်း၍ ပညာရှင်၏ အမြင်ကို မေးမြန်းရာတွင် မြို့ပြမြေအောက်ရေအောင်းလွှာ ရေချိုလျော့နည်းမှုမဖြစ်စေရန် ကာကွယ်ထိန်းသိမ်းခြင်းမှာ မြို့ပြအစိမ်းရောင်နယ်မြေများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ရေးအတွက် မဖြစ်မနေ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ရာ မြေအောက်ရေအောင်းလွှာ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အလားတူ ပုံစံလေးတစ်ခုကို တင်ပြခွင့်ပြုစေလိုပါသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စက်မှုနှင့် နည်းပညာ ကြွယ်ဝဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်၍ စက်သုံးဆီ ရေနံသုံးစွဲမှုမှာလည်း အခြားနိုင်ငံများထက် ပိုမိုမြင့်မားစွာ သုံးစွဲလျက်ရှိသည်။ လက်ရှိ စက်သုံးဆီ၊ ရေနံလိုအပ်ချက်များကို ပြည်ပနိုင်ငံများမှ မှာယူဖြည့်တင်းသုံးစွဲလျက်ရှိသော်လည်း နိုင်ငံအတွင်း နှစ်အလောက်ကြာ ရှာဖွေတွေ့ရှိထားသော မြေအောက်ရေနံများကို မလိုအပ်ဘဲ လွယ်လွယ်အသုံးမပြုသည့်အပြင် နိုင်ငံ၏ အရေးပေါ်အခြေအနေ စစ်မက်ကာလဖြစ်သည့်အချိန်တွင် သုံးစွဲနိုင်ရန် သိမ်းဆည်းထားသော ရေနံများကို နိုင်ငံ၏ စစ်မက်ကာလအတွက် သုံးနှစ်အထိသုံးစွဲနိုင်သဖြင့် ယခုအချိန်အထိ တစ်ကြိမ်တစ်ခါမျှ မတို့မထိဘဲ မြေကြီးမြှုပ်ထားရှိသည့်ရေနံကို တန်ဖိုးထားသိမ်းဆည်းထားသော ဖြစ်ရပ်များကို အားကျအတုယူသင့်သည်ဟု ဆိုသည်။

ယနေ့ရန်ကုန်တွင် အဝီစိတွင်းများမှ မြေအောက်ရှိ ရေချိုများကို အကန့်အသတ်



မရှိလွယ်လွယ်ကူကူနှင့် အပေါ်ယံသို့ ထုတ်ယူသုံးစွဲနေကြမည်ဆိုပါက ပြန်လည်ပြည့်ဖြိုးခြင်းနှင့် မြေအောက်သဘာဝစိမ့်ရေများ မရောက်ရှိသော အဝီစိတွင်းများသည် ရေရှည်တွင် ရေငန်များ ဝင်ရောက်လာမည်ကို စိုးရိမ်ကြောင်း ယင်းကဆိုသည်။





မြို့နယ်အသီးသီး၌ရှိသော အဝီစိတွင်းများကို ရေရှည်အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံတွင် ယနေ့ အောင်မြင်စွာ လက်တွေ့အသုံးပြုနေသော (Artificial Water Recharge) စနစ်မှာ မြေအောက်သဲကြောအတွင်းရှိ ရေရှိမှုများ သဘာဝစိမ့်ရေများနှင့် စွန့်ပစ်ရေများ ပြန်လည်ရရှိအောင် ဆောင်ရွက်ခြင်း လုပ်ငန်းဖြစ်သည်။ အဆိုပါစနစ်သည် ခက်ခဲစွာဆောင်ရွက်ရသော လုပ်ငန်းတစ်ခုမဟုတ်ပါ။ မိမိတို့ အိမ်များက စွန့်ပစ်သော ရေများ(မိလ္လာရေမပါ) မိုးရာသီတွင် ရွာသွန်းသော မိုးရေများကို မြို့ပြရေမြောင်းများအတွင်း မရောက်ရှိစေရန် သီးခြားပြုလုပ်ထားသော ရေစုကန်ငယ်ထဲသို့ တိုက်ရိုက်ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ရေစုကန်ငယ်တည်ဆောက်ခြင်းမှာ အချင်းပတ်လည် လက်မ ၃၀ နှင့် အမြင့် ၃ ပေရှိသော ပလတ်စတစ်ပုံးကို ဘေးပတ်လည် ရေများစိမ့်ထွက်နိုင်အောင် အပေါက်ငယ်များဖောက်ပြီး ပုံနှင့်အရွယ်အစားတူ မြေကျင်းကို နေအိမ်၏ သင့်တော်သည့် နေရာမြေကွက်လပ်၌တူးကာ ပလတ်စတစ်ပုံးကို မြေထဲတွင် မြှုပ်ထားရမည်ဖြစ်သည်။ စွန့်ပစ်ရေနှင့် သဘာဝမိုးရေများသည် အဆိုပါပြုလုပ်ထားသော ပလတ်စတစ်ပုံး အတွင်း ရေများရောက်ရှိရန် ပလတ်စတစ် ပိုက်နှင့် ဆက်သွယ်ပြုလုပ်ပေးရမည်ဖြစ်သည်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် ပြုလုပ်ထားသော ရေစုကန်မှ ရေများ သည် မြေအောက်သို့ စိမ့်ရေများအဖြစ် ပြန်လည်ရရှိခြင်းကြောင့် မိမိတို့နိုင်ငံရှိ အဝီစိတွင်းများသည် ရေရှည်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကို မြို့တော်စည်ပင်က လွန်ခဲ့သောတစ်နှစ်ခွဲက ဆိပ်ကြီးခနောင်တိုမြို့နယ်၌ သုတေသနပြုစမ်းသပ်ခဲ့ရာ အောင်မြင်သော အကျိုးများလည်း ရရှိထားပြီးဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံတွင် အိမ်အသစ်ဆောက်လုပ်သူများ၏ အိမ် ဒီဇိုင်းတွင်(Artificial Water Recharge) စနစ်မပါက အိမ်ဆောက်လုပ်ခွင့်မပြုဘဲ ဒေသအာဏာပိုင်များက ပြည်သူများကို ပူးပေါင်းပါဝင်စေပြီး ၎င်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စင်ကာပူနိုင်ငံသည် သဘာဝမိုးရေများနှင့် စွန့်ပစ်ရေအမျိုးမျိုးကို ရေစုကန်များအတွင်းစုဆောင်းပြီး ထိုရေများကို စင်ကြယ်စွာ ပြန်လည်သန့်စင်ပြီး သောက်သုံးရေအဖြစ်သုံးစွဲခဲ့ရာ ယခုအခါ ၆၆ ရာခိုင်နှုန်းအထိရှိလာပြီး ၂၀၃၀ ခုနှစ် ရောက်ရှိချိန်တွင် သဘာဝမိုးရေနှင့် စွန့်ပစ်ရေများကို ၉၀ ရာခိုင်နှုန်းအထိသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။




မြေအောက်ရေအောင်းလွှာ သဲကြောထဲမှ အဝီစိတွင်းရေများသည် သဘာဝမိုးရေများကြောင့် အပြန်အလှန်ဖေးမစနစ်ဖြစ်ကာ အကျိုးပြုလျက်ရှိပြီး ပြည်သူများ အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်ကာ ရန်ကုန်မြို့ကြီး သောက်သုံးရေအတွက် ရေရှည်ရပ်တည်နိုင်ရန် မြေအောက်ရေကို ထိန်းသိမ်းကာကွယ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် အမှာပြုလိုက်ရပါသည်။

စောသိန်းဝင်း(မြို့တော်သတင်း)

# ပန်းဥယျာဉ်၏ ဗိသုကာ(သို့)
# ထာဝစဉ်စံထားအပ်သောပုဂ္ဂိုလ်









သမိုင်းကြောင်းတွေ
ကောင်းခဲ့လေတော့
မလျော့တဲ့တန်ခိုးတွေနဲ့
အနာဂတ်မျိုးတစ်ခင်း
စိတ်ရင်းနဲ့ပြုစုခဲ့တယ်
နောက်ပြန်လှည့်ကြည့်လေ
ပန်းတွေပွင့်ခဲ့တာ...
လမ်းတွေသင့်ခဲ့တာ
အခွင့်အခါနည်းပေမဲ့
မလျော့တဲ့ဇွဲတွေကြောင့်
ပွဲလယ်တင်ခဲ့တဲ့သမိုင်း
(အခုထိ)
တုနှိုင်းမမီရှိနေတယ်
အမျိုးသားနားမနေပေမဲ့
ရိုးသားတဲ့ဂုဏ်
ကြိုးစားတဲ့ဂုဏ်
ပညာအစုံဖြန့်ဝေ...
အနာဂတ်တွေလှပဖို့
မြို့ပြအစိတ်အပိုင်းလှပဖို့
(တပည့်တွေကိုလေ)
သင်ကြားပို့ချ...

ဟင်းစားလည်းရ
ကွန်ချက်လည်းပြတော့
ထာဝရ-ရင်ထဲမှာ
သည်ပညာတွေက
ဖော်ပြလာဖို့သဲ
ကျူးကာမဲ့တစ်ချို့ဆို
ညွှန်းဆိုဖြည့်စွက်
အနာဂတ်ရဲ့ရက်တစ်ရက်
အိပ်မက်တွေလှပ...
အပြုံးတွေ ချိုမြ
လိုတရလေးတွေပေးခဲ့တာ
ကျေးဇူးကမ္ဘာပါပဲ
ခုအခါ-နောက်အခါ
သံသရာမဆုံးသရွေ့
အကြင်နာအပြုံးတစ်မွှေ့နဲ့
ထာဝရမမေ့ပါကြောင်း
တပည့်အပေါင်းကိုယ်စား
နှလုံးသားဖြင့် ပြောကြားပါသည်။

တင်မိုး မိုးတင်(ပန်းဥယျာဉ်)

# ဆရာမ

## (သို့မဟုတ်) အဝေမှုခံနှလုံးသားတစ်ရုံ

ကိုချမ်း(ထီလာမြေ)



ကျွန်တော်တို့ငယ်စဉ်က အဖေဆိုသူကြီးကို ကြောက်စရာလူသားကြီးအဖြစ် မြင်တတ်ကြတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့ငယ်စဉ်က ကျောင်းပိတ်ရက်တွေမှာ တစ်နေကုန် တစ်နေ့ခန်း ထမင်းမေ့ ဟင်းမေ့ ကစားနေကြလျှင် အမေက "ဟဲ့….နင့်အဖေ ပြန်လာတော့မယ် မြန်မြန်နေနိုးကိုထောင်ကြ မဟုတ်ရင် နင့်အဖေက သတ်တော့မယ်"

ထိုအချိန်မျိုးတွင် ကျွန်တော်တို့လည်း ဘာရယ်မှန်းမသိ အမေ့ကို စိတ်ထဲမှာ ကွက်သွားတတ်ပါတယ်။ နောက်နေ့တွေမှာလည်း အမေ ရုံးကစောစောပြန်မလာပါစေနှင့် နောက်ကျမှပြန်လာပါစေလို့ ဆုတောင်းနေမိတတ်ပါတယ်။

အမှန်မှာတော့ အမေ့ကို မုန်းလို့မဟုတ်။ အမေ့ရဲ့ နင့်အမေက ဆူတော့မယ်၊ အရိုက်ခံရတော့မှာပဲ၊ နင်တို့ သတိထားနေကြ၊ နင်တို့အမေပြန်လာရင် တိုင်ပြောမယ် စသည်ဖြင့် စကားလုံးတော်တော်များများကို အမေတော်တော်များများက သုံးနှုန်းဖူးကြပါလိမ့်မည်။

ထိုကဲ့သို့ သုံးနှုန်းခါ ပြောဆိုပန်များလာတော့ ကျွန်တော်တို့လည်း အမေ့ကို မုန်းစရာလူကြီး၊ ကြောက်စရာလူကြီး၊ ကိုယ့်ဘာလုပ်လုပ် ကန့်ကွက်မည့်လူကြီး၊ အမေရှိရင် မလွတ်လပ်ဘူးလို့ ထင်လာကြပါတယ်။

ဒါကြောင့်မို့လည်း ငယ်စဉ်က ကျွန်တော်တို့လဲ သူငယ်ချင်းများနှင့် ကစားရန်အတွက် အမြဲတမ်းလိုလို အမေ့ရဲ့အလစ်ကို ချောင်းနေတတ်ပါတယ်။ အဖေက အမေကို ရုံးသွားဖို့ပြင်ဆင်ပေးနေတိုင်း ကျွန်တော်တို့ ဝမ်းသာနေတတ်ပါတယ်။ အမေ ရုံးသွားသည်နှင့် ကျွန်တော်တို့လဲ ကစားရန် သူငယ်ချင်းများထံသို့ ပြိုတက်ကြပါတော့တယ်။

အမေကတော့ ရုံးအိတ်ကလေးကို ဆွဲကာ ဒီနေ့တော့ ဘယ်လူကြီးလာမယ်၊ ဘာအလုပ်တွေ လုပ်ဖို့ကျန်သေးတယ်၊ သားတွေကို နေပူထဲကို မဆော့ခိုင်းနဲ့ စသည်တို့ကို အဖေအား မှာကြားပြီး ရုံးသို့ သွားတတ်ပါတယ်။

တစ်ခါတစ်လေ ရုံးပိတ်ရက်များတွင် ကျွန်တော်တို့နှင့် ဖေါ်လီပစ်တမ်း၊ သားရေကွင်းပစ်တမ်း ကစားနေချိန်တွင် "သားရေ...အဖေလည်းပါမယ်ကွ" ဟု ဝင်ကစားရင်း အဖေ ရောက်လာချိန်များတွင် သားတို့... အဖေနဲ့အမေကို ဘယ်သူ့ကို ပိုချစ်လဲကွလို့ ပြုံး၍မေးတတ်ပါတယ်။

ထိုသို့ မေးလိုက်တိုင်း ကျွန်တော်တို့မှာ ဇာတ်တိုက်ထားသလို ကစားနေရင်းမှပင် အမေ့ကို ပိုချစ်တယ်လို့ ပြောတတ်ကြပါတယ်။

ထိုကဲ့သို့ အမေ့ကို ပိုချစ်တယ်လို့ ပြောလိုက်တိုင်း အဖေမျက်နှာမှာ မသိမသာ ပျက်သွားရင်း အဖေဆိုတာလဲ မင်းတို့ကို ချစ်တတ်ပါတယ်ကွာ။ ချစ်လို့လဲ မင်းတို့ကို မွေးလာတာပေါ့လို့ ပြောနေတတ်ပါတယ်။

အဲဒီအချိန်မှာတော့ အမေ့မျက်နှာက အောင်ပွဲရစေသူကြီးတစ်ဦးလို ပြုံးနေရင်း အဖေကိုလဲ "ကဲ--ဘယ်နှယ်ရှိစ၊ ရှင့်ကလေးတွေက ကျွန်မကိုပိုချစ်တယ်လေ" ဟု ပြောနေသယောင်ပင်။

အမှန်မှာတော့ သားရယ်၊ သမီးရယ် ဆိုတာ အဖေနှင့် အမေတို့က ပေါင်းဖက်လို့ ဖြစ်လာကြရတာပါ။ အမေကလဲ ဝမ်းနဲ့လွယ်ခဲ့ရသလို၊ အဖေပါ ဝမ်းနဲ့လွယ်ထားသော မိမိရင်သွေးလေးများ လူလောကသို့ အဆင်ပြေစွာ ရောက်ရှိလာဖို့အရေး အဖေများကလည်း ပင်ပန်းကြီးစွာ ရှာဖွေရင်း မိသားစုတာဝန်တွေကို ချွေးနဲ့တည်ဆောက်

အမေ့ကို ပိုချစ်တယ်လို့ ပြောလိုက်တိုင်း
အဖေမျက်နှာမှာ မသိမသာ ပျက်သွားရင်း
အဖေဆိုတာလဲ မင်းတို့ကို ချစ်တတ်ပါတယ်ကွာ။
ချစ်လို့လဲ မင်းတို့ကို မွေးလာတာပေါ့လို့ ပြောနေတတ်ပါတယ်။



ရတာပါ။ အမေ့ရဲ့ နို့ဖိုးရှိသလို၊ အဖေ့ရဲ့ ချွေးဖိုးလဲ ရှိပါတယ်။

သို့ပေမဲ့ ကျွန်တော်တို့ဖတ်ဖူးသော စာတော်တော်များများတွင်လည်း အမေ့ကျေးဇူးတရား အကြောင်းတွေကိုသာ အကျယ်တဝင့်ရေးသားထားကြသည်တို့သာ များပြီး အဖေ့အကြောင်းရေးသားထားသည့် စာအုပ်များမှာ ရှိပေမဲ့ နည်းမည်ထင်ပါတယ်။

ထို့ကြောင့် အဖေများမှာ အမှန်နှလုံးသားများ ဖြစ်လာကြပါတယ်။ ကျေးဇူးကြီးမားသော မေတ္တာရှင်များ ယှဉ်လိုက်လျှင်ပင် အဖေများက အလိုလို ဒုတိယနေရာသို့ ရောက်သွားတတ်ပါတယ်။ ကျွန်တော့်ရဲ့ (ကိုယ်ပိုင်အယူအဆကတော့)—

အမေမေရော အမေပါ ကျေးဇူးရှိတာ ချင်းအတူတူလို့ ထင်မြင်မိပါတယ်။ အမေ ကို နေတစ်စင်းလို့ တင်စားလျှင်တော့ အမေ ကတော့ လတစ်စင်းပါ။

နောက်ပိုင်း ကျွန်တော် အိမ်ထောင် ကျပြီး သားလေးတစ်ဦး ရလာချိန်တွင် အမေ မရှိရှာတော့။ အမေရှိလျှင် သူ့မြေး တွေကို ချစ်လိုက်မည့်ဖြစ်ခြင်း၊ ဆောင်မေး စရာပင် မလိုပေ။

ကျွန်တော့်သားကြီးမှာ မွေးကတည်း က ထူးပြီး တစ်ဖန်ကျော်ကျော်တွင် လက်ချ ခါနီးတိုင်း ဖျားကတတ်ပါတယ်။ မိန်းမဖြစ် သူက "ကိုရှမ်းရေယ် သားလေးက လက်နှိပ်ခါ နီးတိုင်း ဖျားနေတာ မေညီးလိုလို့လားမသိ ဘူး၊ အဆောင်မပြုရင်တော့ ရွှေကိုရှူစလေးနဲ့ ချည်ကြိုးလေးလုပ်ပေးလိုက်ရင် ကောင်းမယ် နော်"လို့ ပြောလာပါတယ်။

"အေးပါကွာ၊ အဆောင်မပြုရင်တော့ လုပ်ပေးတာပေါ့"လို့သာ ကျွန်တော် ပြန် ပြောမိပါတယ်။ သားလေးအတွက် လုပ် ပေးရန် ရွှေကအဆောင်မပြုသေးဘူးလေ။

တစ်နေ့ ဇနီးနဲ့သားလေးကို ကား ဂိတ်လိုက်ပို့ရင်း ကျွန်တော် ဆိုင်ကယ်နဲ့ ရုံး ကိုထွက်လာတော့ စိတ်ထဲတွင် ဟာတာတာ ကြီးဖြစ်၊ ရင်ထဲမှာလည်း လေးလံနေပါ တည်။

သားတို့ကို တနင်္လာနေ့ဆိုရင် ယောက္ခမအိမ်ကိုပို့ထားပြီး သောကြာနေ့ ညနေ အိမ်ကိုပြန်လာကြ၊ ရုံးမှင်ရက်ဆိုရင် ဘတ်စ်ကားဂိတ် လိုက်ပို့ရသည်မှာ ထုံးစံ လိုဖြစ်နေပါတယ်။

အရင်ရက်တွေနဲ့မတူ ဒီနေ့ကျမှ စိတ်ထဲတွင် မိသားစုကို လွမ်းသလိုလို၊ ဆွေးမိသလိုလို ဟာတာတာကြီးနဲ့ ရုံးသို့ လာခဲ့ရတယ်။

ရုံးရောက်သည်နှင့် ဆရာသမားက "မနက်စောစော မင်းရောက်လာတာနဲ့ အတော်ပဲ၊ ပြန်တမ်းတွေ၊ ဓာတ်ပုံမှတ်တမ်း တွေ၊ မြေပုံကြမ်းတွေ ဒီနေ့အချိန်မီ ရုံးချုပ် ကို ပို့ရမယ်ကွ၊ ကူညီပါအုံးကွာ"လို့ ဆိုတော့ အလုပ်ထဲတွင် ရှာနစ်ဝင်မိသွားတယ်။ ရုံး တွင် မိတ္တူစက်လည်းမရှိသဖြင့် အပြင်ဆိုင် များကိုသာ အားထားရပါတယ်။

မိတ္တူတွေကူးပြီးပြီ၊ ဓာတ်ပုံတွေ ကူး ပြီးတာနဲ့ ရုံးကို အချိန်မီပြန်လာပြီး ရုံးချုပ် ကို ဆက်သွားရမည်ကိုတော့ ကျွန်တော့် စိတ်ထဲတွင် လေးနေမိပါတော့တယ်။

ဆိုင်ကယ်ကို သတိထားမောင်းနေ ရင်းက လမ်းသွယ်အတွင်းမှာ ကားတစ်စီး အလောတကြီးထွက်လာပါတော့တယ်။ အရှိန်သိပ်မပြင်းဘူးဆိုပေမဲ့ ကျွန်တော့် ဆိုင်ကယ်နဲ့ပွတ်မိပြီး ဆိုင်ကယ်ရော၊ လူပါ လမ်းပေါ်သို့ တရွတ်တိုက်ပါသွားသည်မှာ အတော်ဝေးဝေးသို့ ရောက်သွားပါတယ်။

ဆောင်းတွင်းမို့ ဆိုင်ကယ်စီးရင် လေကာအနေနဲ့ အင်္ကျီသုံးထပ် ဝတ်ထား သော်လည်း တရွတ်တိုက်ပါသွားသည့် အရှိန်ကြောင့် ပေါက်ပြဲစုတ်ပြတ်ကုန်ပါ တယ်။ တစ်ကိုယ်လုံးမှာလည်း နာကျင်မှု အရှိန်ကြောင့် တုန်ရီလို့နေပါတယ်။

**အမေများမှာ အမေ့ခံနလုံးသားများ ဖြစ်လာကြပါတယ်။**
**ကျေးဇူးကြီးမားသော မေတ္တာရှင်များ ယှဉ်လိုက်လျှင်ပင်**
**အမေများက အလိုလို ဒုတိယနေရာသို့ ရောက်သွားတတ်ပါတယ်။**
**ကျွန်တော့်ရဲ့ (ကိုယ်ပိုင်အယူအဆကတော့)-**
**အမေကို နေတစ်စင်းလို့ တင်စားလျှင်တော့ အမေကတော့ လတစ်စင်းပါ။**



ထိုအချိန်တွင် ကားပေါ်မှ သက်ကြီးပိုင်း လင်မယားနှစ်ဦးဆင်းလာပြီး ကျွန်တော့်ကို တောင်းပန်ရင်း ရုံးသို့လိုက်ပို့ပေးပါတယ်။

ထိခိုက်မိသွားတဲ့ ဆိုင်ကယ်ကို ပြန်ကျော်ပေးမယ်လုပ်တော့ ကျွန်တော်က မျက်စီးသွားသည့် တန်ဖိုးရဲ့တစ်ဝက်သာ လက်ခံခဲ့ပါတယ်။ (ကျွန်တော်လဲ တာဝန်မကင်းလို့ ယူဆမိလို့ပါ)

ထိုနေ့ လုပ်ရမယ့်အလုပ်များကို ခဏရပ်ရနေသည့်ကြားမှပင် ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါတယ်။ မနက်ပိုင်းတွင် အိပ်ပြီး မသိသာပေမဲ့ ရုံးဆင်းချိန်ရောက်တော့ တစ်ကိုယ်လုံးနာကျင်နေပြီး ပခုံးနှင့် လက်ဖျံများမှာ ရောင်ကိုင်းလို့လာပါတော့တယ်။ သူငယ်ချင်းတစ်ဦးက အိမ်ကိုလိုက်ပို့ပြီး တစ်ယောက်တည်းနေရသူမို့ ထမင်းဟင်းများ ချက်ပြုတ်ပေးလိုက်ပါသေးတယ်။

ထိုည ဆေးခန်းပြရန်ဝင်ပြီး ပိုက်ဆံကုန်မည်စိုး၍ နောက်ထပ်မပြတော့ပါ။ မိသားစုကိုလည်း ထိုရက်ပိုင်း စိတ်ပူမည်စိုး၍ မဆက်သွယ်တော့ပါ။

ဒီလိုနဲ့ ဆိုင်ကယ်ပြင်ဆင်စရိတ်ပေးထားသည့်ငွေမှာ ကျွန်တော့်လက်ထဲတွင် ကျန်နေသေးပါတယ်။ ညအိပ်တော့ ခန္ဓာကိုယ်ကို တစ်ဖက်နှင့်တစ်ဖက် ပြောင်းအိပ်မှ အဆောင်ပင်အားယူရပါတယ်။

တစ်ယောက်တည်းဆိုတော့ အိပ်မပျော်နိုင်ဘဲ ဟိုတွေး ဒီတွေးနဲ့မို့ လကုန်ခါနီးတိုင်း ဆေးခန်းအမြဲပြနေရတဲ့ သားလေးအတွက်(သားလေး ဗမည်းလိပ်နေလို့ ဖူးထနေတာလား မသိတော့နော်ဗျသော) အိုး ကားကို ကြားယောင်ရင်း ကျွန်တော့် ဒဏ်ရာကို ဂရုမစိုက်အားတော့။ ထိုကုသမည့်ငွေကိုပင် သားအတွက် ချွေးကိုချွေးလေး လုပ်ပေးလို့ရနိုင်တယ်လို့တွေးရင်း အိပ်ပျော်သွားပါတော့တယ်။

တိုက်ဆိုင်လို့ပါလား။ သားသားလေးအတွက် အနှာနှင့်ဆေး တည့်သွားလို့လား တော့မသိပါ။ အခု သားကြီးအတွက် မေညီး(ဆုံကြီးလေး) လုပ်ပေးလိုက်ပြီး ကတည်းက လူမျိုးပေါက် စတင်ဖြစ်တော့

**သားနဲ့သမီးတို့ အမေဆိုတာ ကိုလူကြမ်းကြီးရယ်လို့ မထင်မှတ်ကြပါနဲ့ကွာ။**
**တကယ်တော့ အမေတိုင်းဟာ ဘဝကိုကြမ်းတမ်းစွာ ဖြတ်သန်းကြရသူတွေမို့**
**အမေလိုတော့ အပြောအဆို နူးညံ့ချင်မှ နူးညံ့မယ်။**
**မင်းတို့ကို ရိုက်မိရင်တောင်မှ အိပ်နေချိန် ခိုးနမ်းပြီး...**



မည်။ ရောဂါကြီးကြီးမားမားနှင့် ဆေးရုံဆေးခန်းသို့ မသွားရတော့ပါ။

ဒါကြောင့်မို့သာ သားနဲ့သမီးတို့ အမေဆိုတာ ကိုလူကြမ်းကြီးရယ်လို့ မထင်မှတ်ကြပါနဲ့ကွာ။ တကယ်တော့ အမေတိုင်းဟာ ဘဝကိုကြမ်းတမ်းစွာ ဖြတ်သန်းကြရသူတွေမို့ အမေလိုတော့ အပြောအဆို နူးညံ့ချင်မှ နူးညံ့မယ်။ မင်းတို့ကို ရိုက်မိရင်တောင်မှ အိပ်နေချိန် ခိုးနမ်းပြီး စိတ်မကောင်း ဖြစ်နေရတဲ့သူတွေပါကွာ။ တကယ်တမ်းတော့ အမေဆိုတဲ့ လူကြမ်းကြီးတွေဟာ သားတို့ သမီးတို့အတွက် "ကြွေလဲမွေး၊ ဝေလဲမွေးပါကွာ"

**ကိုရှမ်း(ထီလာမြေ)**



ဒေါက်တာကောင်းစံ

# ကင်ဆာရောဂါဆိုင်ရာ သိသင့်သောအချက်များ

ကင်ဆာရောဂါသည့်အဖြစ်များလာပါသည်။ ကင်ဆာရောဂါကို ကြိုတင်ပြီးစောစီးစွာသိရှိရန်လိုအပ်ပါသည်။ သို့မှသာ ကင်ဆာရောဂါကို ထိရောက်စွာကုသနိုင်ပါမည်။ ကင်ဆာရောဂါ၏အန္တရာယ်မှ လွတ်မြောက်နိုင်ပါမည်။ အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ပါမည်။ ထို့ကြောင့် ကင်ဆာရောဂါဆိုင်ရာ သိသင့်သောအချက်များကို လေ့လာသင့်ပါသည်။

## (၁) ပုံမှန်ဆေးစစ်ခြင်း

အသက် (၅၀)ကျော်သူများသည် မိမိတွင် ကင်ဆာရောဂါရှိ၊ မရှိ ပုံမှန်စစ်ဆေးရပါမည်။ ရင်သားကင်ဆာ ရှိ၊ မရှိ အမျိုးသမီးများသည် မိမိကိုယ်တိုင်စစ်ဆေးနိုင်ပါသည်။ ကင်ဆာရောဂါလက္ခဏာများ စတင်ခံစားရပါကလည်း တတ်ကျွမ်းနားလည်သော ဆရာဝန်





များနှင့်တိုင်ပင်၍ စစ်ဆေးနိုင်ပါသည်။ ကင်ဆာရောဂါ ရှိ၊ မရှိ သွေးဖောက်စစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ အာလ်ထရာ ဆောင်းရိုက်ခြင်း၊ ကွန်ပျူတာဖြင့်ရောဂါရှာဖွေခြင်း၊ အလုံးအကျိတ် များရှိပါက ခွဲထုတ်ပြီး အသားစကိုဓာတ်ခွဲစစ်ဆေးခြင်း၊ ဆီးစစ် ဆေးခြင်းနှင့် ဝမ်းစစ်ဆေးခြင်းပြုလုပ်၍ စစ်ဆေးနိုင်ပါသည်။

## (၂) ကောင်းစွာအိပ်စက်ခြင်း

ကောင်းစွာ၊ နှစ်ခြိုက်စွာအိပ်ခြင်းသည် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်ကြောင်း လေ့လာမှုများအရ သိရှိရပါသည်။ အိပ် မပျော်၍ ကိုယ်ခန္ဓာအနားမရဖြစ်ခြင်းသည် ကိုယ်တွင်းရှိ ဟော်မုန်း များကို မငြိမ်မသက်ဖြစ်စေပြီး ကင်ဆာရောဂါဆေးနာကို ပိုပြီးရစေ နိုင်ပါသည်။ ကော်တီဆောလ်(Cortisol) ခေါ် ဟော်မုန်းတစ်မျိုး သည် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်ပေးပါသည်။ကင်ဆာရောဂါ ပိုးများကို ချေမှုန်းနိုင်စွမ်းသည့် သဘာဝဆဲလ်များကို ထုတ်လုပ် ပေးပါသည်။ ၎င်းသည် နာရီအတန်ကြာ အိပ်ပျော်ပြီးနောက် အလင်းတက်ချိန်မနက်တွင် အထွတ်အထိပ်သို့ ရောက်ရှိပြီး တစ်နေ့တာ လုံး ငုပ်လျှိုးသွားတတ်ပါသည်။ နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသည် ကိုယ်ခန္ဓာရှိဟော်မုန်းများ၏ လုပ်ငန်းစဉ်ကို နှောင့်ယှက်မှုမရှိခြင်း ကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးပါသည်။

## (၃) ကလေးများတွင် မိုဘိုင်းဖုန်းအသုံးပြုခြင်းကို ရှောင်ကြဉ်ခြင်း

သိပ္ပံပညာရှင်များသည် ကလေးများ အထူးသဖြင့် အသက် (၁၆)နှစ်အောက်ရှိသူများအား မိုဘိုင်းဖုန်း ပုံမှန်အသုံးပြုခြင်းကို ရှောင်ရှားရန်သတိပေးထားပါသည်။ ကုမ္ပဏီများကလည်း ၎င်း အသက်အရွယ်ရှိသူများအား ဦးတည်ကြော်ငြာခြင်းကိုလည်း မပြု လုပ်သင့်ကြောင်း ဆွေးနွေးကြပါသည်။

ကလေးများအတွက် များစွာအန္တရာယ်ရှိပါသည်။ အဘယ် ကြောင့်ဆိုသော် ၎င်းတို့၏ဦးခေါင်းခွံသည် ပိုပါးပြီး ခေါင်းက လည်း သေးငယ်ဆဲဖြစ်ပါသည်။ ၎င်းတို့၏ နာဗ်ကြော (အာရုံ ကြော)များမှာလည်း ဖွံ့ဖြိုးဆဲဖြစ်၍ အလွန်နုနယ်ပါသည်။ မိုဘိုင်း ဖုန်း အသုံးပြုခြင်းကြောင့် ရောင်ခြည်ဓာတ်ခံစားကြရပြီး ကင်ဆာ ဖြစ်နိုင်ပါသည်။ မှတ်ဉာဏ်ပျောက်ဆုံးခြင်းနှင့် ဦးနှောက်ရှုပ်ထွေး







ခံစားရနိုင်ပါသည်။ ထို့ကြောင့် ကလေးများ၏ မိဘများအနေဖြင့် မိမိကလေးငယ်များအား မိုဘိုင်းဖုန်းအသုံးပြုခြင်း ထိန်းချုပ်သင့်ပါသည်။

## (၄) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်း

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ဦးနှောက်ကိုကြည်လင်စေပြီး ဖန်တီးနိုင်စွမ်းအားကို မြှင့်တင်ပေးပါသည်။ ၎င်းစွမ်းအားဖြစ်သည့် စိတ်ပိုင်းဆိုင်ရာအလုပ်သည် အသက်ရှည်မှုကို တစ်လှည့်တစ်ပြန် အကျိုးပြုပါသည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် နှလုံးတိုက်ခိုက်ခံရမှုအန္တရာယ်မှ သိသာစွာလျော့နည်းနိုင်သကဲ့သို့ ကင်ဆာရောဂါဖြစ်ပွားမှုကိုလည်း လျော့ချနိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းသည် ကင်ဆာရောဂါဖြစ်နိုင်သည့်အန္တရာယ် ပိုမိုများပြားကြောင်း စစ်ဆေးမှုအားလုံးတွင် ဖော်ပြထားပါသည်။ ကိုယ်လက်လှုပ်ရှားမှုကို မြင့်မားစွာပြုလုပ်ခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုကို (၅၀)ရာခိုင်နှုန်း လျော့ချနိုင်သည်ဟု သိရှိရပါသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကင်ဆာရောဂါသာမက၊ နှလုံးရောဂါနှင့် ဆီးချိုသွေးချိုရောဂါများကိုလည်း ကာကွယ်နိုင်ပါသည်။



## (၅) အဆီများသည့် ငါးစားခြင်း

ငါးလုံးဝမစားသုံးသူများသည် ပုံမှန်စားသုံးသူများထက် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ နှစ်ဆမှ သုံးဆပိုများသည်ဟု လေ့လာမှုများအရ သိရှိရပါသည်။ (Omega-3) ဟုခေါ်သည့် အဆီအက်ဆစ် (Fatty Acid) များပေါသ ငါးများသည် ကင်ဆာရောဂါ ကာကွယ်ရာတွင် ထိရောက်မှုရှိပါသည်။ ငါးသလောက် ပင်လယ်ငါးသလောက်နှင့် ငါးကွန်းရှပ်ကဲ့သို့ အဆီများသည့် ငါးများကို စားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဖြစ်မှုကို သိသာစွာလျော့ချနိုင်ပါသည်။ အဆီအက်ဆစ်သည် ဆီးကျိတ်ကင်ဆာဆဲလ်များကို ချေဖျက်နိုင်စွမ်းရှိပါသည်။

## (၆) ပိုက်ဆံလျှော်ပင် အစေ့စားခြင်း (Flax-Seed)

ပိုက်ဆံလျှော်ပင်အစေ့သည် (Omega-3) ဟုခေါ်သည့်



အဆီအက်ဆစ်များပေါကြွယ်ဝပြီး အမျှင်ဓာတ်နှင့် လစ်ဂ်နန် (Lignans) ခေါ် ဓာတ်ပေါင်းများစွာ ပါရှိပါသည်။ ၎င်းတို့သည် ကင်ဆာနှင့် နှလုံးရောဂါကို ကာကွယ်ရာတွင် အဓိကကျပါသည်။ ပိုက်ဆံလျှော်ပင်အစေ့စားသည့် အမျိုးသားများသည် ဆီးကျိတ်ကင်ဆာဖြစ်စေသည့် ပဋိပစ္စည်း(Antigen) အနေအထား





မလွှပါကြောင်းတွေ့ရှိရပါသည်။ ၎င်းပဋိပစ္စည်းသည် ဆီးကျိတ်မှ ထွက်လာသည့်ဆဲလ်ဖြစ်ပြီး ဆီးကျိတ်ကင်ဆာဖြစ်၊ မဖြစ် ၎င်းကို စမ်းသပ်ကြည့်ရှုရပါသည်။ ၎င်းအဆနေအထားမြင့်မားပါက ဆီးကျိတ်ကင်ဆာဖြစ်ရန် အလားအလာရှိများပါသည်။

## (၇) ပဲလက်မစားခြင်း

(Broad Bean)ဟေါ် အစေ့ကြီးမျိုးဖြစ်သည့် ပဲလက်မ သည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဒုတိယအများဆုံးစားလေ့ရှိသောပဲမျိုးဖြစ်သည့်



အူတွင် ကင်ဆာဖြစ်မှုကိုကာကွယ်နိုင်သည်ဟု သိရှိရပါသည်။ ပဲလက်မတွင်ပါရှိသော ရုပ်သတ္တိက အူတွင်ဖြစ်ပွားသည့် ကင်ဆာ ရောဂါကို ရပ်တန့်စေပါသည်။ ပဲလက်မတွင်တွေ့ရှိရသော (Lectins) သည် ကင်ဆာဆဲလ်များကို ခွဲခြားနိုင်စွမ်းရှိကာ ကင်ဆာ၏လုပ်ငန်းစဉ်များအား ရပ်တန့်စေခြင်း သို့မဟုတ် တိုက်ဖျက်နိုင်ခြင်းရှိပါသည်။ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များပြားစွာစားသုံးခြင်းသည် အူအပါအဝင် ကင်ဆာအမျိုးမျိုး ကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ပဲလက်မစားခြင်းကို ပြုလုပ်သင့်ပါသည်။

## (၈) ခရမ်းချဉ်သီးကို စားသုံးခြင်း

ကင်ဆာရောဂါကို တိုက်ဖျက်နိုင်စွမ်းရှိသည့် ခရမ်းချဉ်သီး၏ သဘာဝတန်ဖိုးကို တိုးမြှင့်ရန်ရည်ရွယ်သည့် အစီအမံတစ်ခုကို စီစဉ်ပြင်ဆင်ထားသည့်အစားအစာအဖြစ် ဦးစားပေးထုတ်ပေးခဲ့ပါသည်။ ခရမ်းချဉ်သီးအား ကြာရှည်အထားခံရန်နှင့် ပြင်းထန်သော ရာသီဥတုတွင် ပေါက်ရောက်ရှင်သန်နိုင်စေရန် ပြုလုပ်ထားပါသည်။ သီးနှံပိုးမွှားများနှင့် ပေါင်းပင်မြက်ပင်များအန္တရာယ်မှ ကာကွယ်နိုင်စွမ်းရှိအောင် စီစဉ်ပြင်ဆင်ထားသော ခရမ်းချဉ်သီးအပင်များကို အမေရိကန်နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ အာလူး၊ ငှက်ပျောသီးနှင့်ကန်စွန်းဥများသည်လည်း ကင်ဆာရောဂါကို ကာကွယ်ရန် စီစဉ်ပြင်ဆင်ထားပါသည်။

## (၉) ပီဇာမုန့်စားခြင်း

ပီဇာမုန့်များတွင် ၎င်း၏ ခရမ်းချဉ်သီး၊ မှို၊ ဟင်းသီးဟင်းရွက် အမျိုးနှင့် အသားဖြစ်စေ ငါးဖြစ်စေ အနည်းငယ်ပါသည့် အီတလီ မုန့်တစ်မျိုးဖြစ်ပါသည်။ ပီဇာမုန့်စားခြင်းသည် ကင်ဆာအမျိုး အစားအချို့ဖြစ်ပွားခြင်းမှ လျော့ပါးနိုင်သည်ဟု အီတလီပညာရှင် များကပြောကြားပါသည်။ အီတလီတွင် ပီဇာမုန့်ကို ပုံမှန်စားသုံး



**အစားအစာများကို အမြင်ကောင်းစေရန်အတွက် ခွင့်မပြုဆိုးဆေးများကို အသုံးပြုကြပါသည်။ ထို့ကြောင့် ကင်ဆာရောဂါများဖြစ်စေနိုင်ပါသည်။ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါများနှင့်......**



သူများသည် လည်ချောင်းကင်ဆာဖြစ်ပွားမှုနှင့် အူမကြီးကင်ဆာဖြစ်ပွားမှုများ လျော့ပါးကြောင်းကို သုတေသနလေ့လာမှုအရ သိရှိရပါသည်။ ခရမ်းချဉ်သီးအချဉ်ရည်သည် အချို့သော ကင်ဆာအကျိတ်အဖုဖြစ်ခြင်းမှ ကာကွယ်နိုင်ကြောင်းသိရှိရပါသည်။


## (၁၀) ဆေးလိပ်သောက်ခြင်းနှင့် ညစ်ညမ်းသောလေ ရှူရှိုက်ခြင်း

ဓာတ်ငွေ့ကို အချိန်ကြာမြင့်စွာ ရှူရှိုက်၍ကားမောင်းခြင်း၊ ကာဗမိုနိုဓာတ်ငွေ့နှင့် မီးခိုးချောင်းမှထွက်သည့် မီးခိုးငွေ့များသည် အဆုတ်ကင်ဆာဖြစ်စေနိုင်ပါသည်။ အချိန်ပြည့်ကားမောင်းသူများတွင် အဆုတ်ကင်ဆာပို၍ဖြစ်နိုင်ပါသည်။ အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်ခြင်းကြောင့် ပို၍ဖြစ်တတ်ပါသည်။

## (၁၁) သဘာဝမဟုတ်သည့် အရောင်များပါရှိသည့် အစားအစာများ စားသုံးခြင်း

သဘာဝမဟုတ်သည့်အရောင်များပါရှိသည့် အစားအစာများကို ရောင်းချနေကြပါသည်။ တစ်နည်းအားဖြင့် ခွင့်မပြု ဆိုးဆေးများကို အသုံးပြုခြင်းကြောင့် ကျန်းမာရေးကို များစွာ ထိခိုက်နိုင်ပါသည်။ အစားအစာများကို အမြင်ကောင်းစေရန် အတွက် ခွင့်မပြုဆိုးဆေးများကိုအသုံးပြုကြပါသည်။ ထို့ကြောင့် ကင်ဆာရောဂါများဖြစ်စေနိုင်ပါသည်။ ဦးနှောက်နှင့် အာရုံကြော ဆိုင်ရာရောဂါများ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့် ကျောက် ကပ်ဆိုင်ရာရောဂါများနှင့် မျိုးရိုးဗီဇဆိုင်ရာရောဂါများလည်း ဖြစ် တတ်ပါသည်။







## (၁၂) အစားအသောက်များတွင် ဇော်မလင်ထည့်၍ သုံးစွဲခြင်း

ဇော်မလင်ကို ပဲပြား၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ပင်လယ်စာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များတွင် အသုံးပြုလျက်ရှိပါသည်။ ဇော်မလင်ပါဝင်သော အစားအသောက်များကို ပမာဏများစွာစားသုံးမိပါက ပြင်းထန်စွာ ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့အပြင် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ ရေရှည်တွင် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာစသည့် ကင်ဆာအမျိုးမျိုးဖြစ်ပွားနိုင်ပါသည်။



## (၁၃) အဝလွန်ကဲခြင်း

အဝလွန်ကဲခြင်း သို့မဟုတ် ကိုယ်အလေးချိန်များခြင်းကြောင့် ကျန်းမာရေးကို များစွာထိခိုက်နိုင်ပါသည်။ အဝလွန်ကဲသူများသည် နှလုံးတိုက်ခိုက်ခံရခြင်း၊ လေသင်တုန်းဖြတ်ခြင်း၊ အမျိုးမျိုးသော ကင်ဆာဖြစ်ခြင်းနှင့် ဆီးချိုရောဂါကဲ့သို့သော မသေသည့်တိုင် မသန်စွမ်းသည့်ဘဝမျိုးနှင့် ပိုမိုတွေ့ကြုံခံစားရနိုင်ပါသည်။



## (၁၄) အကြံပြုချက်

ကင်ဆာရောဂါလက္ခဏာများပေါ်ပေါက်ပြီးနောက် အချိန်ဆွဲပြီး တတ်ကျွမ်းနားလည်သူနှင့် ထိရောက်စွာမကုသပါက သေဆုံးရှုံးမှုအရေးကြီးသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။ ကင်ဆာဝေဒနာရှင်များအနေဖြင့် စောစီးစွာကုသမှု ခံယူခြင်းပြုလုပ်ပါက ကြီးမားသောအကျိုးကျေးဇူးများရရှိပါသည်။ ကင်ဆာရောဂါကြောင့် အသက်ရှင်နှုန်းသည် ကုသမှုခံယူရန် ကြန့်ကြာမှု ရှိ၊ မရှိ အပေါ်တွင်မူတည်ပါသည်။ ကင်ဆာများနှင့်စပ်လျဉ်း၍ ကြိုတင်စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရပါမည်။ စမ်းသပ်စစ်ဆေးမှုနှင့် ကုသမှုခံယူခြင်းတို့ နှောင့်နှေးခြင်း ကြာမည်ဆိုပါက ကင်ဆာဆဲလ်များ ပျံ့နှံ့သွားမည်ဖြစ်ရာ ကုသရခက်ခဲပြီး အသက်ရှင်နှုန်းလည်း နည်းပါးသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါလက္ခဏာကိုတွေ့သည်နှင့် အမြန်ဆုံးကုသသင့်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာဇေကာင်းခံ

(တစ်)

ကိုဗစ်(၁၉)ရောဂါကြောင့် (Home Stay) နေရတဲ့ ကာလတုန်းက ဈေးထဲသွား၊ ဈေးဝယ်ဖို့ အတော်သတိထားရတာ မှတ်မိကြမှာပါ။ အဲဒီအချိန်မှာ ရပ်ကွက်ထဲ ဈေးလာရောင်းသူတွေ မှိုလိုပေါက်နေတယ်။ မိုးလင်းမိုးချုပ် လက်ကိုင်စပီကာသံတွေက နားမခံသာလောက်အောင် ဆူလို့ညံလို့၊ တချို့ဈေးသည်တွေကို အုပ်ချုပ်ရေးပိုင်းက တားမြစ်ရတဲ့အထိပါပဲ။

ဈေးနှုန်းကတော့ သူတို့ကြိုက်သလိုပြောပြီး ရောင်းကြတယ်။ ဈေးနှုန်းက သိသိသာသာ မသက်သာပေမယ့်၊ အိမ်ပြင်မထွက်ရဲတဲ့ အိမ်ရှင်မတွေကတော့ မချစ်သော်လည်း အောင့်ကာနမ်းရတာပေါ့လေ။



# မြို့တော်စည်ပင်ဈေးကားအစီအစဉ်

ကိုပေါက်(ဟာမျှတ်)



အဲဒီကာလကတည်းကစပြီး ယနေ့အထိ ရွေ့လျားဈေးသည်တွေ ဝင်လာမြဲ တသသပါပဲ။ ကိုဗစ်ရောဂါလှိုင်းကို ထိန်းချုပ်နိုင်တဲ့အချိန်မှာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအစဉ်နဲ့ ဈေးကားတွေဟာ သတ်မှတ်ရက်တွေမှာ ရောက်လာတော့ အိမ်ရှင်မတွေက ကြိုဆိုကြတယ်။ ဘာကြောင့် ကြိုဆိုတာလဲဆိုတော့ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥနဲ့ ဆန်၊ ဆီပါမကျန်၊ သင့်တင့်မျှတတဲ့ ဈေးနဲ့ အိမ်တိုင်ယာရောက် လာရောက်တာကိုး။





ရပ်ကွက်ထဲမှာ ဈေးလာရောင်းပေးတာမို့ အိမ်ရှင်မတွေ ဈေးကို ဆိုက်ကားနဲ့သွားစရာမလို၊ မီးဖိုချောင်အတွက် လိုအပ်တဲ့ ပစ္စည်း သုံးလေးရက်စာ ဝယ်ကြတယ်။ တချို့ပစ္စည်းတွေဆိုရင် ဈေးထဲမှာထက် ဈေးနှုန်းသက်သာတယ်၊ ဈေးချင်းတူရင်တောင်၊ အလေးချိန်ခွင်မှန်တယ်၊ ကြီးကြပ်တဲ့သူပါလာလို့ အဆင်မပြေရင်သည်း တိုင်လို့ရတယ်။

စည်ပင်ဈေးကားဟာ၊ လက်ကား ဖြန့်ဖြူးတဲ့ သားငါးကိုယ်စားလှယ်တွေ၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းတို့နဲ့ ပူးပေါင်းပြီး၊ ထုတ်လုပ်သူနဲ့ စားသုံးသူ တိုက်ရိုက်ထိတွေ့ပေးတာမို့ ဈေးနှုန်းက ပြင်ပဈေးကွက်မှာထက် တချို့ပစ္စည်းတွေ ဈေးသက်သာတာပေါ့။ ကြက်ဥတို့ ဆန်တို့ ဆီတို့ရောင်းတဲ့နေ့ဆိုရင်၊ တန်းစီပြီးဝယ်တဲ့သူတွေက တစ်မျှော်တစ်ခေါ်။ တစ်ခါတလေ ရောင်းတဲ့အနားရောက်မှ ကုန်ပါပြီခင်ဗျာလို့ ပြောသံကြားရင်၊ စိတ်ပျက်လက်ပျက်မဲ့သောနဲ့ ပြန်သွားရသူတွေလည်း ရှိတာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် စည်ပင်ဈေးကားလာချိန်ကိုတော့ မျှော်ကြတာအမှန်ပဲ။

(နှစ်)

ကြိုတုန်း စာရေးသူငယ်ငယ်က စားသုံးသူတွေ ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူစားသုံးနိုင်ဖို့ ဆောင်ရွက်ခဲ့ကြတဲ့ နည်းလမ်းလေးတွေ တင်ပြရဦးမယ်။ ၁၉၅၀ ပြည့်နှစ်လောက်က၊ ရန်ကုန်ကနေ မန္တလေးအထိ အကုန်အဆန်သွားတဲ့ နှစ်ထပ်သင်္ဘောကြီးတွေ ရှိတယ်။ နာမည်တွေမှတ်မိသလောက် ဈေးပြရရင် မင်းကြီး၊ မင်းလေး၊ မင်းလက်ဆိုတဲ့ ဈေးနှစ်ထပ်သင်္ဘောကြီးတွေ၊ အောက်နှစ်ထပ်မှာ ဈေးတွဲဆိုတာပါသေးတယ်။ ကုန်သည်တွေက အောက်အရပ်ကထွက်ကုန်ကို အညာပို့၊ အထက်အညာကထွက်တဲ့ကုန်ကို အောက်ပြည်အောက်ရွာကို ပို့ကြသလို၊ လက်လီရောင်းတဲ့ ဈေးသည်တွေလည်း ဈေးတွဲမှာ အစုံ၊ အဆန်းအပြည့်ပါတယ်။

အဲဒီသင်္ဘောကြီးတွေ မြို့တစ်မြို့ကို ရောက်ပြီဆိုရင်၊ သူ့ရဲ့ဥသြသံက တစ်မြို့လုံးက ကြားရတယ်။ ဈေးဝယ်မယ့်သူတွေ သင်္ဘောဆိပ်ကို အပြေးအလွှားရောက်လာကြပြီး အညာက အောက်ပြည်ကိုစုန်လာတဲ့ အခေါက်ဆိုရင် ငရုတ်၊ ကြက်သွန်၊ အာလူး မကျည်းသီးကအစ သနပ်ခါးတုံးအထိ၊ ပါလာတယ်။ တစ်ဆင့်ပြန်ရောင်းမယ့်သူတွေက ဝယ်ကြသလို၊ အိမ်ထောင်စုတစ်စုချင်းစီကလည်း လိုသလောက်ဝယ်ကြတယ်။ အညာကုန်တွေကို ဈေးသက်သက်သာသာနဲ့ လွယ်လွယ်ကူကူဝယ်လို့ရတာပေါ့။ ပစ္စည်းဝယ်လာသူတွေက၊ ဘယ်ပစ္စည်းက ဘယ်လိုဈေးသက်သာတယ်ဆိုတဲ့ သတင်းက မြို့ထဲမှာ ချက်ချင်းပြန့်သွားတော့။

ထို့နည်းလည်းကောင်းပါပဲ၊ အောက်ပြည်ကထွက်တဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆန် စတဲ့ပစ္စည်းတွေကို၊ အဆန် သင်္ဘောကြီးတွေနဲ့ လာရောင်းတော့ အညာသူ၊ အညာသားတွေ ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရတယ်။ အဆန်ဆို ရန်ကုန်ကနေ မန္တလေးကို ၁၀ ရက်၊ အစုန်ဆို (ငါး) ရက်လောက် အချိန်ကြာတယ်။

ဒီသင်္ဘောကြီးတွေရဲ့ ထူးခြားချက်က တန်ခိုးကြီးဘုရားရှိတဲ့မြို့ ဆိုရင်၊ ဘုရားဖူးဖို့ လုံလောက်တဲ့အချိန် ပေးတယ်။ ရောက်တဲ့မြို့မှာ ဈေးဝယ်ပြီး သင်္ဘောပေါ်မှာ စီးသွားမိဖို့ ချက်စားလို့ရပြီး၊ သင်္ဘောဆောင်းနေတုန်း ထမင်းပူပူ ဟင်းပူပူနဲ့စားရတာ အလွန်ငြိမ့်တယ်။

သင်္ဘောအပေါ်ထပ်ဦးခန်းမှာ ပထမတန်း အခန်းတွေရှိတယ်။ ဒုတိယတန်းကတော့ သင်္ဘောသုံးပိုင်းမှာပါ၊ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်အပြည့်။ သင်္ဘောပေါ်မှာ စားသောက်ဆိုင်ပါလို့ စားချင်တာကို အခန်းစောင့်ကတစ်ဆင့် မှာစားလို့ရတယ်။

အဲဒီခေတ်က ဒီနေ့လို လမ်းပန်း

> **စည်ပင်ဈေးကားဟာ လက်ကားဖြန့်ဖြူးတဲ့ သားငါးကိုယ်စားလှယ်တွေ၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းတို့နဲ့ ပူးပေါင်းပြီး၊ ထုတ်လုပ်သူနဲ့ စားသုံးသူ တိုက်ရိုက်ထိတွေ့ပေးတာမို့ ....**

ဆက်သွယ်ရေးကလည်း မကောင်း၊ သွားပုံ သွားကနဲ ရန်ကလည်း ကြောက်ရဆိုတော့၊ ခရီးသွားအတော်များများဟာ ရေလမ်းကို သာ အားကိုးအားထားပြုပြီး သွားကြတာ များတယ်။

ဒီနေရာမှာ အဓိကထားပြီး ပြောချင်တာက၊ အညာဆန်သင်္ဘောကြီးနဲ့ ဧရာဝတီ မြစ်ရိုးတစ်လျှောက် ဈေးရောင်းတဲ့ကိစ္စပါ။ သင်္ဘောပေါ်မှာ ဈေးဆိုင်ငှားခကလည်း သိပ်မကြီး၊ ပစ္စည်းထွက်တဲ့ဒေသက ရောင်း ကုန်တွေကို ရောင်းတာဆိုတော့ စားသုံးသူ တွေ ဈေးသက်သက်သာသာနဲ့ ဝယ်ခွင့်ရ တာပေါ့။

မီးရထားသွားနေကလည်း အလားတူ ရန်ကုန်ကနေ မန္တလေးကို ရထားစီးထွက် ဖူးပါတယ်၊ ရန်ကုန်က ကုမ္ပဏီကြီးတွေ၊ စက်ရုံပိုင်ရှင်တွေက၊ တွဲတစ်တွဲချင်းအလိုက် ဈေးဆိုင်ခန်းတွေဖွင့်ဆင်ပြီး ဈေးရောင်း ထွက်ကြတယ်။ ကိုယ်တိုင်ထုတ်ပစ္စည်းတွေ ကို ကြော်ငြာတဲ့အနေနဲ့ အထူးနှုန်းနဲ့ရောင်း တာ။ တစ်ချို့ ဈေးတွဲတွေမှာ မီးရောင်စုံထွန်း ပြီး ဖျော်ဖြေရေးအစီအစဉ်တွေတောင် ပါသေးတယ်။ ကြော်ငြာတဲ့သူတွေကလည်း အပြောကောင်း။ ပစ္စည်းဈေးကလည်း သက်သာ၊ တန်ဖိုးကြီးတဲ့ပစ္စည်းဝယ်ရင် အပိုလက်ဆောင်တောင် ပေးသေးတယ်။



ရထားဆိုက်တဲ့ဘူတာကတော့ ဈေးပွဲတော် လေးတစ်ခု ဖြစ်သွားတာပဲ။

(သုံး)

ကိုစစ်လွင်းမင်းခင်က၊ ရန်ကုန်မြို့ မှာ အခွန်လွတ်ဈေးတွေ နေရာတော်တော် များများမှာ မြို့တော်စည်ပင်က ဖွင့်ပေး တယ်။ အလေးချိန်ခွင်မှန်ပြီး အထူးသက် သာတဲ့ဈေးနဲ့ အသားငါးကစပြီး ဆန်၊ ဆီ၊ လူသုံးကုန်ပစ္စည်းပေါင်းမကျန် စုံနေအောင် ရောင်းတယ်။ ဈေးရောင်းသူက ဆိုင်ခွန်ပေး စရာမလိုတဲ့ ကင်းလွတ်ခွင့်ပေးထားလို့ ဈေး နှုန်းကို သာမန်ဈေးမှာထက် လျှော့ရောင်း နိုင်တယ်။ နံနက်စောစောသွားရင်၊ ရေလုပ်ငန်းကဆိုင်မှာ ငါးလယ်ငါးမျိုးစုံ ဝယ်လို့ရတယ်။ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဆိုင်တွေကနေ ဈေး နှုန်း ချိုသာစွာနဲ့ ဝယ်လို့ရတယ်။ တစ်ခါ တလေ တန်းစီရတယ်။ နေမြင့်သွားရင် တော့ ဝယ်သူကများလို့ ပစ္စည်းပြတ်သွား တတ်တယ်။ ဈေးနှုန်းလည်း သက်သာ၊ ပစ္စည်းကလည်းမှန်၊ အလေးချိန်ခွင်က လည်း တိကျလို့ အိမ်ရှင်မတွေ၊ တော်တော် လေးနှစ်ခြိုက်ကြတယ်၊ နောက်တစ်ဘက်က လာရောင်းတဲ့ ဟင်းသီးဟင်းရွက် အသီး အနှံ၊ ဘုရားပန်းတွေက လတ်မှလတ်ပါ။ အခုထိ ဒီဈေးတွေရှိသေးတယ်၊ ဒါပေမယ့် သာမန်ဈေးတွေလိုပဲ ကြိုက်ဈေးပေါ်ရောင်း နေကြပြီဆိုတော့ ဖွင့်စနဲ့တော့ ကွာတာပေါ့။

ဒီဆောင်းပါးရဲ့ အဓိကလိုရင်း အချက်က ထုတ်လုပ်သူနဲ့ စားသုံးသူကြား မှာ ကြားခံသူမပါ၊ အရောင်းအဝယ်ဖန်တီး ပေးနိုင်ရင် အိမ်ရှင်မတွေ ဈေးနှုန်းသက် သက်သာသာနဲ့ ဝယ်ခွင့်ရကြတာပေါ့။

> **ရန်ကုန်မြို့မှာ အခွန်လွတ်ဈေးတွေ နေရာတော်တော်များများမှာ စည်ပင်က ဖွင့်ပေးတယ်။ အလေးချိန်ခွင်မှန်ပြီး အထူးသက်သာတဲ့ဈေးနဲ့ အသားငါးကစပြီး...**



**ဘယ်လိုပဲဖြစ်ဖြစ် ယနေ့ကာလမှာ စည်ပင်ဈေးကားဟာ ပြည်သူတွေကို အတိုင်းအတာတစ်ခုအထိ အကျိုးပြုတာအမှန်ပါပဲ။ ဖြစ်နိုင်ရင် ဟိုတုန်းကဖွင့်ခဲ့တဲ့ အခွန်လွတ်ဈေးတွေပါ ပြန်ဖွင့်နိုင်ရင် ပိုပြီးပြည့်စုံလေမလားလို့....**

အခုလို စားဝတ်နေရေး ကျပ်တည်းနေချိန်၊ ဝင်ငွေ ထွက်ငွေ မမျှမတဖြစ်နေချိန်မှာ၊ စားသုံးသူတွေ ဈေးသက်သက်သာသာနဲ့ ဝယ်နိုင်တဲ့ အစီအစဉ်တွေ ဖန်တီးပေးနိုင်ရင် အကောင်းဆုံးပါပဲ။

(မေး)

ဈေးနှုန်းတွေ အဆမတန်တက်နေတယ်ဆိုတဲ့အသံက၊ မိုးထိအောင် ညံနေတယ်။ ကိုဗစ်ကူးစက်ရောဂါလှိုင်း ဝင်လာကတည်းက စဖြစ်လာတာပါ။ ဈေးနှုန်းတက်ရတဲ့အကြောင်းတွေထဲမှာ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးတွေတက်လို့သယ်ယူပို့ဆောင်စရိတ်မြင့်တဲ့အကြောင်းလည်း၊ အဓိကအချက်တစ်ခုမှာ ပါနေပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများမှာ လောင်စာဆီပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ကိုယ့်နိုင်ငံတစ်ခုတည်းတော့ မဟုတ်ပါဘူး။ နိုင်ငံတော်ပိုင်းကလည်း ပို့ကုန်၊ သွင်းကုန်ငွေစာရင်းရှင်းတမ်းမှာ၊ လိုငွေတတ်နိုင်သမျှနည်းဖို့ သွင်းကုန်ကို ထိန်းထားတဲ့သဘောရှိမှာပါ။

မသုံးမဖြစ် ပစ္စည်းတွေကို မှာယူတင်သွင်းနိုင်ဖို့ လိုအပ်တဲ့ ဒေါ်လာငွေကို နိုင်ငံတော်က သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းချတာတို့၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ သာဓပါး ထုတ်လုပ်မှုနှုန်းမြင့်မားအောင်၊ အတိုးနှုန်းသက်သာစွာနဲ့ ငွေထုတ်ချေးနေတာလည်း ကြားနေရပါတယ်။

တစ်ချို့လုပ်ငန်းတွေက ရေရှည်အကျိုးကို မျှော်ကိုးလုပ်ရတာမို့ မျက်ချင်း

လက်ငင်း အကျိုးသက်ရောက်မှု ရှောင်မရပါမယ်။ နိုင်ငံရဲ့ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်လို့ ရောင်းကုန်ကို နိုင်ငံတော်ပိုင်းက ဈေးနှုန်းသတ်မှတ်လို့ မရပါဘူး။ ဈေးနှုန်းဟာ ရောင်းလို့အား ဝယ်လို့အားပေါ်မှာ အခြေခံပြီးနေမှာပါပဲ။

လောလောဆယ် ပြဿနာက၊ စားသုံးကုန်ပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ လွယ်လွယ်ကူကူဝယ်ယူရရှိဖို့၊ စားသုံးသူတွေရဲ့ ဆန္ဒပါ။ ဘယ်လိုပဲဖြစ်ဖြစ် ယနေ့ကာလမှာ စည်ပင်ဈေးကားဟာ ပြည်သူတွေကို၊ အတိုင်းအတာတစ်ခုအထိ အကျိုးပြုတာအမှန်ပါပဲ။ ဖြစ်နိုင်ရင် ဟိုတုန်းကဖွင့်ခဲ့တဲ့ အခွန်လွတ်ဈေးတွေပါ၊ ပြန်ဖွင့်နိုင်ရင် ပိုပြီးပြည့်စုံလေမလားလို့ စားသုံးသူများကိုယ်စား အကြံပြုတင်ပြလိုက်ပါရစေ။ ။

ကိုပေါက်(ကမာရွတ်)









Dr. BA YIN
President, [illegible]

# မြန်မာ့ပထမဆုံး စည်ပင်သာယာဥက္ကဋ္ဌ

မြူနီစပယ်ဆိုသည်မှာ အင်္ဂလိပ်ဝေါဟာရ Municipal ကို တိုက်ရိုက်မြန်မာမှု ပြုထားခြင်းဖြစ်ပြီး မြန်မာဝေါဟာရအဘိဓာန်ကတော့ "ဆိုင်ရာဒေသ၏ စည်ပင်သာယာမှုကို တာဝန်ယူဆောင်ရွက်ရသော အုပ်ချုပ်ရေးအဖွဲ့"လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ ဒီနေ့ စည်ပင်သာယာအဖွဲ့တွေဟာ အရင်တုန်းက မြူနီစပယ်အဖွဲ့တွေ ဖြစ်ပြီး ဒီနေ့ "စည်ပင်ရဲ့"တွေဟာ အရင်က "မြူနီစပယ်ရဲ့"တွေအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ခေတ်တုန်းက မြန်မာနိုင်ငံရဲ့ စည်ပင်သာယာရေးတွေကို "မြူနီစပယ်"အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်။ မြူနီစပါယ် ထိပ်တန်းရာထူးကိုတော့ မြန်မာလူမျိုးတွေကို ခန့်အပ်ထားခြင်းမပြုဘဲ အင်္ဂလိပ်လူမျိုး နိုင်ငံခြားသားတွေကသာ ရယူခဲ့ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ အညစ်အကြေး အနံ့အသက် အမှိုက်သရိုက်တွေကိုတော့ မြူနီစပယ်အဖွဲ့ကပဲ သန့်ရှင်း သပ်ရပ်လှပပြီး အနံ့ဆိုးကင်းအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ မြူနီစပယ် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေး ကျန်းမာရေး၊ ပညာရေးကိုလည်း နိုင်ငံတော်က ဝန်ထမ်းအိမ်ရာတွေဆောက်ပြီး ထောက်ပံ့တယ်။ ကူညီတယ်။

မြန်မာနိုင်ငံအနှံ့အပြား မြူနီစပယ်အဖွဲ့တွေ ဖွဲ့စည်းထားပေမဲ့ ရန်ကုန်မြူနီစပယ်ကတော့ အလုပ်အများဆုံး အဖွဲ့အစည်းဖြစ်



ပါတယ်၊ ဒီအဖွဲ့ရဲ့ အစရေးပါအရာရောက်တဲ့ ထိပ်တန်းနံပါတ်တစ် ဥက္ကဋ္ဌရာထူးကိုတော့ အင်္ဂလိပ်လူမျိုး အစေ့ပြိုင်က တာဝန်ယူဆောင်ရွက်ပါတယ်။

မြူနီစပယ်အဖွဲ့ရဲ့အမည်ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲလိုက်တဲ့အခါမှာတော့ ရွေးကောက်ပွဲပြုလုပ်ပြီး ဥက္ကဋ္ဌတာဝန်ကို ဆက်ခံစေပါတယ်။ ပထမဆုံး ရွေးကောက်ခံရတဲ့ ရန်ကုန်စည်ပင်သာယာ(မြူနီစပယ်)ဥက္ကဋ္ဌကတော့ "မစ္စတာ ဂျင်ဝါလား"ဖြစ်ပါတယ်။ မစ္စတာ ဂျင်ဝါလား အငြိမ်းယူသွားတဲ့အခါတော့ သူ့နေရာကို ဒေါက်တာဘမောရေးက ဆက်ခံခဲ့ပါတယ်။ ဒါတွေကတော့ အင်္ဂလိပ်ခေတ် မြူနီစပယ်ဥက္ကဋ္ဌရာထူးကို နိုင်ငံခြားသားတွေ ဆက်ခံတဲ့ အကြောင်း တစ်စိတ်တစ်ဒေသပါ။

၁၉၂၄ မှာ ပြုလုပ်တဲ့ မြူနီစပယ်ရွေးကောက်ပွဲမှာ ဂုဏ်သရေရှိပုဂ္ဂိုလ်များ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ မြန်မာလူမျိုး ဆရာဝန်ကြီး ဒေါက်တာဦးဘရင်ကို ရွေးကောက်တင်မြှောက်လိုက်ပါတယ်။ ရွေးကောက်တင်မြှောက်ခံရသူကတော့ ခလရပ်ကွက်ကဖြစ်ပါတယ်။ ဆရာဝန်ကြီး ဒေါက်တာဦးဘရင်ဟာ ဂုဏ်သရေရှိမြန်မာ အမျိုးသားဖြစ်ပြီး ကြီးလေးတဲ့ နိုင်ငံ့တာဝန်တွေကို ထမ်းရွက်ခဲ့သူလည်း ဖြစ်ပါတယ်။ လူချစ်လူခင်ပေါများပြီး လူအများရဲ့ အားကိုးအားထားပြုခံရတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ ဆရာဝန်ကြီး ဒေါက်တာဦးဘရင်ဟာ မြန်မာလူမျိုးတွေထဲမှာ ပထမဆုံးရွေးကောက်ခံရတဲ့ မြူနီစပယ်ဥက္ကဋ္ဌဖြစ်ပါတယ်။ ဆရာဝန်ကြီး ဒေါက်တာဦးဘရင် မြူနီစပယ်ရဲ့ အမြင့်ဆုံးရာထူးရတော့ မြန်မာလူမျိုးတွေဟာ ဂုဏ်ယူစွာနဲ့ ပျော်ပွဲရွှင်ပွဲပြုလုပ်ခဲ့ကြတယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။

အထူးသဖြင့် ခလမြို့နယ်သူ၊ မြို့နယ်သားတွေဟာ ခလမြို့နယ်အနှံ့မှာ ဦးဘရင် ဂုဏ်ပြုပွဲနဲ့ ပျော်ပွဲရွှင်ပွဲတွေ ပြုလုပ်ခဲ့ကြတယ်။ ခေတ်အဆက်ဆက် အင်္ဂလိပ်တွေသာ ကြီးစိုးခဲ့တဲ့ မြူနီစပယ် ဥက္ကဋ္ဌရာထူးဟာ ဂုဏ်သရေရှိဆရာဝန်ကြီး ဒေါက်တာဦးဘရင်ဆီကို ထိုက်ထိုက်တန်တန် ရောက်လာတော့မှာ ဖြစ်တယ်။ ဆရာဝန်ကြီး ဦးဘရင် ရွေးကောက်ပွဲမှာအနိုင်ရလို့ ခလမြို့သူ မြို့သားတွေသာမက မြန်မာတစ်မျိုးသားလုံး ပျော်ကြတယ်။ ပွဲစားကြီး ဆာဘိုးသာတို့၊ ယူနီယံကလပ်တို့၊ အမျိုးသားအသင်းတို့၊ ဝံသာနုအသင်းတို့အပြင် ဝိုင်အမ်ဘီအေအသင်းကြီးတွေကလည်း ဆရာဝန်ကြီး ဦးဘရင် ဂုဏ်ပြုပွဲအခမ်းအနားတွေကျင်းပပြီး ဩဘာစာတွေပေးပြီး ချီးမြှင့်ကြတယ်။

ဆရာဝန်ကြီး ဦးဘရင်ဟာ ခေတ်ပညာတတ် မြန်မာကြီးတစ်ယောက်ဖြစ်တဲ့အပြင် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ တိုင်းကျိုး၊ ပြည်ကျိုး၊ အမျိုးသားအကျိုးအတွက် ရှေ့တန်းက ဆောင်ရွက်ခဲ့သူဖြစ်လို့ ထိုက်တန်တဲ့နေရာတွေလည်း ဦးဘရင်ရခဲ့ပါတယ်။ စည်ပင်သာယာဥက္ကဋ္ဌရာထူး ဝင်ရောက်ယှဉ်ပြိုင်စဉ်မှာ ရန်ကုန်မြို့ အမျိုးသားရေးအတွက် ပြတ်ပြတ်သားသား ဆောင်ရွက်နေတဲ့ YMBA မှာ ဥက္ကဋ္ဌတာဝန်ယူထားဆဲပါ။ ဒါ့အပြင် တိုင်းရင်းသားပညာရေးအဖွဲ့ကြီးမှာလည်း ပါဝင်ဆောင်ရွက်ဆဲပါ။ ဆရာဝန်ကြီး ဦးဘရင်ဟာ သူ့ကို မြူနီစပယ်လူကြီးအနေနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ခလရပ်ကွက်အတွက် အကျိုးစီးပွားဖြစ်စေအောင် ဦးဆောင်လုပ်ဆောင်ခြင်း၊ နည်းပေးလမ်းပြလုပ်ခြင်းတွေကို ဆောင်ရွက်ခဲ့သူဖြစ်လို့ ယခု မြူနီစပယ် ဥက္ကဋ္ဌရာထူးနဲ့ ထိုက်တန်တဲ့



စည်ပင်သာယာမှုကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။ ဒီလိုယုံကြည်လေးစားလောက်အောင်လည်း ဆရာဝန်ကြီးဒေါက်တာဦးဘရင်ရဲ့ အတိတ်သမိုင်း ဆောင်ရွက်ချက်တွေက ပြောင်ပြောင်မြောက်မြောက် ရှိခဲ့ပါတယ်။ ဂုဏ်သိက္ခာလည်း ကြီးခဲ့ပါတယ်။

ဆရာကြီး ဒေါက်တာဦးဘရင်က သူ့ကိုဂုဏ်ပြုခဲ့တဲ့ ယမန်နှစ်ကလပ်ဒန်နီမှာ အမှာစကားပြောကြားရာမှာ—

"ယခု မြူနီစပယ် လူကြီးတို့သည် မြို့သူ၊ မြို့သားတို့၏ တာဝန်ခံလူကြီးများဖြစ်ကြ၍ မိမိတို့၏ အလုပ်ဝတ္တရားတို့ကို တာဝန်ခံ၍ ဆောင်ရွက်ရသည့်အကြောင်း၊ အစိုးရအရာရှိတို့ကို မြူနီစပယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့်အခါ ဥက္ကဋ္ဌအခွင့်အာဏာများကို တဖြည်းဖြည်း နုတ်သိမ်းခဲ့ရာ ယခုရွေးကောက်သည့် ဥက္ကဋ္ဌနေရာ ဆက်ခံသည့်အခါ အခွင့်အာဏာ အနည်းငယ်မျှသာ မရှိသည့်အကြောင်း၊ ယခု ဥက္ကဋ္ဌမျိုးမှာ တာဝန်ခံ၍ ဆောင်ရွက်ရသူမျိုးဖြစ်၍ တာဝန်ဝတ္တရားအတိုင်း ကျေပွန်အောင် ဆောင်ရွက်နိုင်စေရန် အခွင့်အာဏာရှိဖို့လိုကြောင်း၊ အလုပ်တာဝန်များကို ခွဲခြားဝေဖန်၍ ကက်ဘိနက်လွှတ်တော်အတိုင်း စီမံဆောင်ရွက်မည့်အကြောင်း၊ အရည်အချင်းနှင့်ပြည့်စုံသူ ဆိုင်ရာဥက္ကဋ္ဌ ၅ ဦးက မိမိအား ကူညီရိုင်းပင်းလျက်ရှိသည့်အကြောင်း၊ တစ်ဦးနှင့်တစ်ဦး ယုံမှားသံသယပျောက်၍ အရှည်ညီညွတ်သွားမည့်အကြောင်း၊ မြူနီစပယ် လူကြီးတို့အဖြေအနေမှာ မြို့သူမြို့သားတို့အား အမှီပြုနေကြောင်း၊ မြို့သူမြို့သားတို့က မြူနီစပယ်အဖွဲ့ကို အကူအညီပြုသင့်ကြောင်း"တို့ကို ထည့်သွင်းပြောကြားသွားခဲ့တာတွေဟာ မှတ်သားစရာ ကောင်းလှပါတယ်။

မြန်မာလူမျိုး ပထမဆုံး မြူနီစပယ်ဥက္ကဋ္ဌ ဆရာဝန်ကြီး ဒေါက်တာဦးဘရင် **(M.B.C.H.B.Edin)** ဟာ ပြည်သူ့ကျန်းမာရေးနဲ့ ပညာရေးဝန်ကြီးဌာနကြီး တာဝန်အသီးသီး ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့သားကောင်းကြီးတစ်ဦးပါ။ အတုယူစရာ အပြုအပြင်ရှိတဲ့ စံပြလူသားကြီးပါ။

ဆရာဝန်ကြီး ဒေါက်တာဦးဘရင်ကို ၁၈၈၄၊ ဖေဖော်ဝါရီ ၁၈ ရက်မှာ ရန်ကုန်မြို့မှာပဲ မွေးဖွားခဲ့ပါတယ်။ ဦးဘရင်ရဲ့ ဖခင်ဟာ မွန်ဘုရင်မျိုးဆက်လို့ လေ့လာသိရှိရပါတယ်။

ရန်ကုန် အထက်ပတန်ကောလိပ်၊ ရန်ကုန်ကောလိပ်၊ ကာလကတ္တားတက္ကသိုလ်နဲ့ အီဒင်ဘာရာတက္ကသိုလ်တွေမှာ အဆင့်မြင့်ပညာတွေကို သင်ကြားတတ်မြောက်ခဲ့သူဖြစ်ပါတယ်။ ဆရာဝန်ကြီး ဦးဘရင်ဟာ သားဖွားနှင့် ကလေးများဆိုင်ရာ ရောဂါဗေဒ ဘာသာရပ်တွေကို အထူးပြုလေ့လာခဲ့သူဖြစ်ပါတယ်။

ပထမကမ္ဘာစစ်ကြီးအတွင်းမှာ ဗြိတိသျှတပ်မတော်မှာ မြောက်မှစ်တိုင် အမှုထမ်းခဲ့ပါတယ်။ ပထမကမ္ဘာစစ်ပြီးတော့ မြန်မာနိုင်ငံကို အစောဆုံးပြန်ခဲ့သူဖြစ်ပါတယ်။ **YMBA** အသင်းကို ဦးဘဖေတို့နဲ့အတူ စတင်တည်ထောင်ခဲ့တဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဒါတင်မက အမျိုးသားကောလိပ်ကျောင်းအုပ်ကြီး တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ဆရာဝန်ကြီး ဒေါက်တာဦးဘရင်ဟာ တက္ကသိုလ်တက်စဉ်ကာလတွေမှာလည်း ဆုတံဆိပ်တွေ အမြောက်အမြားရရှိခဲ့သူလည်း ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ မြန်မာနိုင်ငံ စည်ပင်သာယာဝဖို့ မြူနီစပယ်ဥက္ကဋ္ဌကို ရွေးချယ်ရာမှာ ဆရာဝန်ကြီးဦးဘရင်ကို ရွေးချယ်ခဲ့တာဟာ သမိုင်းတွင်တဲ့ ရွေးချယ်မှုဖြစ်ခဲ့ပါတယ်။ ဒီသမိုင်းဟာ မှန်ကန်တဲ့သမိုင်းလည်း ဖြစ်ပါတယ်။

**နေလသဲ့ရွှယ်ထွန်း**





# ဝေးမြင့်ကြည်

# ရောက်ဖို့စောင်းမှ

တို့မြို့တော် စည်ပင်ဖို့ရန်ဖြင့်
တို့မြို့သား ညီညာဖြင့်ရပေမပေါ့
စိတ်အားမာန်၊ ဖွံ့ကိုမြင့်လို့
မြို့တော်စည်ပင် သာယာရေးကို
ရှုမြင်မျှော်၊ ဉာဏ်ဝီရိယစိုက်ပါလို့
တူယှဉ်ပြိုင်အားထုတ်စိုက်ကြမယ်
မှန်းချက်ရောက် ဆောင်ပြီ

တို့မြို့တော် သာယာတင့်ရန်ဖြင့်
တို့ညီညာ ဆင့်ကြပေမပေါ့
စိတ်ပန်းတယ် မထင်မိပါလို့
တို့မြို့တော်သာယာရေးကို
ကြိုးထုတ်ကာ ဝိုင်းဝန်းကြမယ်
စွမ်းဆောင်အားခဲ

တို့မြို့တော် စည်ပင်မြင့်ရန်ဖြင့်
တို့မြို့မှာ၊ ညီညီညာ ရှိရပေမပေါ့
ကျင့်ဝတ်ကို၊ တို့တတွေ လိုက်နာပါလို့
ဆင်ခြင်မျှော် ခါခါတွေးခါဖြင့်
ယခုပင် အားမာန်တိုးမယ်၊ ရောက်ဖို့ဆောင်ပြီ ။



စာပေ၊အနုပညာရှင်ဟူသမျှသည် ပြည်သူလူထုအတွင်းမှ မွေးဖွားလာခဲ့ကြသူများဖြစ်ရာ ပြည်သူလူထု၏ ဘဝဖြတ်သန်းမှုများသည် အနုပညာရှင်များ၏ ဘဝဖြတ်သန်းမှုများပင်ဖြစ်သည်။ သို့သော်လည်း မိမိတို့ လူလားမြောက်သည့် ခေတ်ကာလ၊ ရှင်သန် ကြီးပြင်းရသည့် ပြက္ခဒိန်နှစ်များနှင့် မျက်နှာမူရာ ရုပ်ဝန်းအပေါ်တွင်မူတည်၍ ဖြတ်သန်းမှုချင်း ကွာခြားနိုင်သည်။ ထို့အတူ ခံစားမှုချင်းလည်း ကွဲပြားနိုင်သည်။ ခံစားမှုချင်း မတူညီမှုကြောင့် မိမိတို့ ဖန်တီးလိုက်သော အနုပညာရုပ်၏ တန်ဖိုးအနက်အရှိုင်း၊ အလေးအပေါ့သည်လည်း ကွဲပြားခြားနားကြကုန်သည်။



ပဒေသရာဇ်ခေတ်၊ ဓနရှင်ခေတ်အတွင်း ရှင်သန်ကြီးပြင်းကြသူချင်းအတူတူ အနုပညာရှင်တစ်ဦးက ရာဇပလ္လင်ထီးနန်းမှ ဘုရင်မင်းမြတ်ကိုချီးပသော "ဘုန်းတော်ဘွဲ့"များ ရေးသားဆက်သွင်းနေချိန်တွင် အခြားတစ်ဦးက ကျေးလက်ဆင်းရဲသား

# ဆရာရွှေညာမောင် နှင့် ခေတ်ဆန်းချိန်သီချင်း

မော်ဝန်းကြည်မြတ်






လူတန်းစားဘဝ သရုပ်မှန်ကို ထင်ဟပ်သော တျာချင်းကာချာများ ရေးဖွဲ့လာသည်။

အလားတူဖြစ်ရပ်များသည် ခေတ်အဆက်ဆက် သမိုင်းကြေးမုံပြင်တွင်လည်း အရိပ်ထင်ခဲ့သည်။ ကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်မှသည် ယနေ့တိုင် ရုပ်တည်ချက်မတူညီသော၊ ရှုထောင့်အမြင်ချင်းမတူညီသော အနုပညာရုပ်များသည် အနုပညာရုပ်ဝန်းထဲတွင် ရှိနေဆဲဖြစ်သည်။

မည်သို့ပင်ဖြစ်စေ......

ပြည်သူလူထု၏ဘဝကို ခံစားရေးဖွဲ့သည့် အနုပညာရုပ်များသည် သမိုင်းတွင် ကမ္ပည်းမော်ကွန်းတင်ခြင်း ခံရစမြဲပင်ဖြစ်သည်။ သမိုင်းခေတ် တစ်ခေတ်အတွင်း ရှင်သန်ကြီးပြင်းလာသည့် ဘဝတူချင်းပင် ဖြစ်လင့်ကစား အယူအဆချင်း၊ ယုံကြည်ချက်ချင်း၊ ရှုထောင့်အမြင်ချင်း ကွဲပြားခြားနားမှုများရှိနေခြင်းသည် အနုပညာဖန်တီးသူနှင့်သာ လုံးဝသက်ဆိုင်ပေသည်။

❖ ❖ ❖ ❖ ❖ ❖





မြန်မာတစ်မျိုးသားလုံး သူကျွန်ဘဝသို့ ရောက်ရှိနေချိန်တွင် ရုပ်ဝန်းအသီးသီးမှ အနုပညာရှင်ကြီးများသည် မိမိတို့ကျွမ်းကျင်ရာ အနုပညာ၊ အတတ်ပညာများဖြင့် အမျိုးသားလွတ်လပ်ရေးအတွက် ရေးသားဖွဲ့ဆို သီဆိုလှုံ့ဆော်ခဲ့ကြသည်။

မိမိတို့ချက်နေရာ ကိုလိုနီခေတ်ဘဝပုံရိပ်များကို နက်ရှိုင်းစွာခံစား၍ အမျိုးသားလွတ်လပ်ရေးဆိုင်ရာ လှုံ့ဆော်တေးများ ရေးဖွဲ့ဖန်တီးကြသူများတွင် စာရေးဆရာ၊ ဂီတစာဆို၊ တေးသံရှင်၊ သရုပ်ဆောင်၊ ရုပ်ရှင်ဒါရိုက်တာ ဆရာဦးချင်းစိန်ခေါ် ဆရာရွှေညာမောင်လည်း အပါအဝင်ဖြစ်သည်။

ခရစ် ၁၉၁၀ ပြည့်နှစ်တွင် ညောင်ဦးမြို့၌ အမိန့်တော်ရ ရှေ့နေ 'ဦးဘိုကြွင်း၊ ဒေါ်စောမြင့်'တို့က မွေးဖွားသော ဆရာဦးချင်းစိန်သည် အနုပညာလောကသို့ ဝင်ရောက်သည့်အခါ ဇာတိ 'ညောင်ဦး' ကို ဂုဏ်ပြုသည့်အနေဖြင့် ကလောင်အမည်ကို 'ရွှေညာမောင်' ဟု စံယူခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂခေါင်းဆောင်များ၊ တို့ဗမာအစည်းအရုံးဝင်များနှင့် ရင်းနှီးကျွမ်းဝင်ရာမှ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေးတပ်ဦးဖြစ်သော 'တို့ဗမာအစည်းအရုံး' သို့ ဝင်ရောက်ပြီး 'သခင်ချင်းစိန်' ဖြစ်လာခဲ့သည်။ 'သခင်ဘသောင်း'နှင့် 'ဗိုင်အမ်ဘီ ဆရာတင်'တို့၏ 'တို့ဗမာ'သီချင်း ကနဦးသီဆိုသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် အေဝမ်းရုပ်ရှင်ကုမ္ပဏီနှင့် ဆက်သွယ်မိရာမှ ဇာတ်ဝင်သီချင်းများ ရေးသားခဲ့သည်။ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သည်။ နောက်ဆုံးတွင် အောင်မြင်သော ရုပ်ရှင်ဒါရိုက်တာနှင့် ရုပ်ရှင်ထုတ်လုပ်သူအဖြစ်ပါ ပိုင်ဆိုင်ခဲ့ရသည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)သို့ ဝင်ရောက်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်ဆင်နွှဲခဲ့သော ဆရာရွှေညာမောင်သည် တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးပီသစွာ လွတ်လပ်ရေးတိုက်ပွဲဝင် ဇာတိမာန် တေးသီချင်းပေါင်းများစွာ ရေးဖွဲ့ခဲ့ရာ၊ ယင်းသီချင်းများထဲတွင် 'ခေတ်ဆန်းမျိုးနှ်'သီချင်းကို ၁၉၃၉ ခုနှစ်တွင် ရေးဖွဲ့ပြီး အေဝမ်း(သဘင်ဝန်) ဓာတ်ပြားအဖြစ် ကိုယ်တိုင်သီဆိုခဲ့သည်။

ခေတ်ဆန်းမျိုးနှ် သီချင်းအစတွင် ဆရာရွှေညာမောင်က–

'ရွှေထီး ရွှေနန်း ရွှေကြငှန်းခံသည်၊ ဘမဟာသန အောင်ညာနီ၊ ရှစ်ဆူပျူနှန် လွှမ်းမြိုးရိုးလို့၊ ပြော်–ရှေးရှေးက မြန်မာတို့ နေပြည်၊ တို့ဘုရင်တွေ စိုးမိုးအုပ်ချုပ်သည်(ဝေဝေစီစီ၊ ရွှေဥ အလီ

ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်ဆင်နွှဲခဲ့သော ဆရာရွှေညာမောင်သည်
တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးပီသစွာ လွတ်လပ်ရေးတိုက်ပွဲဝင် ဇာတိမာန်
တေးသီချင်းပေါင်း များစွာ ရေးဖွဲ့ခဲ့ရာ၊ ယင်းသီချင်းများထဲတွင် "ခေတ်ဆန်းမျိုးနှ်"သီချင်းကို
၁၉၃၉ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပြီး အေဝမ်း(သဘင်ဝန်) ဓာတ်ပြားအဖြစ် ကိုယ်တိုင်သီဆိုခဲ့သည်။

လီ၊ ဝေဝေစီစီ၊ သာကီအာနည်၊ မင်းလုပ်ခဲ့တဲ့ နေပြည်၊ ရွှေဘုံရွှေနန်းကား၊ ရွှေဟင်္သာသံများကို မကြားရတော့သည်၊ ငါးဆယ့်သုံးနှစ်ကျော်မျှ ကြာခဲ့လေပြီ၊

ဟု ရေးဖွဲ့ထားသည်။

'မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြပုံ မြင့်မြတ်သော သာကီနွယ်ဝင်များဖြစ်ကြပုံ၊ ထီးသုဉ်း နန်းသုဉ်း ကြငှန်းသုဉ်း 'သုဉ်း သုံးဝ'နှင့် ကြုံရပြီးနောက်ပိုင်းတွင် ရွှေဟင်္သာသံများ ဆိတ်သုဉ်းခဲ့သည်မှာ နှစ်ပေါင်း ငါးဆယ့်သုံးနှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်ပုံ'တို့ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။ (ဇရစ် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှအစိုးရ၏ ထံသို့ သွတ်သွင်းခြင်းခံခဲ့ရသည်ဖြစ်ရာ၊ ဆရာ ရွှေညာမောင် ရေးဖွဲ့သီဆို စတင်ပြသသွင်းခဲ့သော ၁၉၃၉ ခုနှစ်သည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝသို့ကျရောက်သော ၅၃ နှစ်ပြည့်မြောက်သည့် ကာလဖြစ်သည်။ ထို့ကြောင့် ဆရာရွှေညာမောင်က 'ရွှေဟင်္သာသံများကို မကြားရတော့သည်၊ ငါးဆယ့်သုံးနှစ်ကျော်မျှ ကြာခဲ့လေပြီ'ဟု ရေးဖွဲ့ထားခြင်းဖြစ်သည်။ စာကားချပ်)


ခေတ်ဆန်းချိန်
ဆို - ရွှေညာမောင်

သီချင်း ဒုတိယပိုဒ်တွင်....

'သို့ပေမယ်လို့ ကာလိနွာသညာရှိတို့ သိုက် တဘောင်တေးတွေ ညွှန်းခဲ့သည်၊ နဂါးမြွေကို အားတွေလွှမ်းလိမ့်မည်၊ ကျားတော့ရင်ကို သားသမင် ပိုင်းရိုမှိမည်၊ ကြောင်တစ်သုတ်ကို ကြွက်အုပ်နှိမ်လို့ရှိ'

ဟူ၍ စာပေတွင်ထင်ရှားသော ကောသလမင်းအိပ်မက် 'တစ်ဆယ့်ခြောက်ချက်'ထဲမှ 'မြွေနဂါးနှင့်အား'၊ 'ကျားနှင့်သမင်'၊ 'ကြောင်နှင့်ကြွက်'တို့ကို ဖော်ပြထားပြီး သံပြိုင်အပိုဒ်တွင်....

'တို့ဗမာပြည်၊ စာတတ်စနိုးမှာ ပွင့်လန်းလာခဲ့ပြီ၊ တုန်းဆော အာ သမ္မာလျှမ်းမည်၊ အဆိုတော်နှင့်အညီ၊ ဓမ္မနိုင်သည်၊ ခေတ်ဆန်းချိန် ရောက်လုနီးပါပြီ'

ဟု သမ္ဗုဒ္ဓိဘဝမှ လွတ်မြောက်ရေးအိပ်မက်ကို ရှည်ကြီး အဓောင်အထည်ပေါ်လာတော့မည့် အကြောင်း နိမိတ်ဖတ်ထားပြီး ဆက်လက်၍...

'ကုမ္ပဏီ အပျိုစင်များမှာ မျိုးချစ်စိတ်တွေ ထက်သန်လာကြပြီ၊ ဝတ်ကြ ဆင်ကြပါသည် (တို့ဗမာ ဖျင်ပင်နီ)၊ အမော်အကြွား အတုအပ တစ်ခုမှ မရှိကြပါသည်၊ ယခုမှ သတိရလေတော့သည် (အမျိုးသားတွေ နိုးကြားလာပြီ၊ ကြိုးစားရကြသည်၊ ကူညီညာ ပိုင်းကာ(တို့တိုင်း တို့ပြည်)၊ သာယာစေရှိအတည်)၊ အနှစ်မှာဝင်ကာ ကမ္ဘာမြေအတွင်း ဗမာတွေ စာရင်းဝင်ဖြစ်စေမည်၊ တိုင်းပြည်အကျိုးမနှောင်း နိုးဆော်လိုက်ပါသည်'

အသည်ဖြင့် 'မြန်မာပြည်သူများသည် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်လာကြကာ အတုအယောင် မက်မောကြသော ကမ္ဘာကိုအမျိုးသမီးလေးများပင်လျှင် ပြည်တွင်းဖြစ် ဖျင်အကျီများကို အမျိုးသားရေးအမြင်ဖြင့် ဖျင်လုပ်ဝတ်ဆင်နေကြကြောင်း၊ မြန်မာတို့၏ စာတတ်စနိုးပေါ် မြင့်တက်နေရှိနိုင်လည်းဖြစ်၍ မိမိတို့အပေါ် ဖိနှိပ်အုပ်ချုပ်နေသော နယ်ချဲ့ဝါဒီများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးရသည်အထိ တွန်းလှန်တိုက်ပွဲဝင်ကြဖို့ အချိန်သင့်ပြီဖြစ်ကြောင်း'အလေးအနက်လှုံ့ဆော်ထားခြင်းဖြစ်သည်။



ဤသီချင်းတွင် 'မြွေနဂါး'၊ 'ကျား'၊ 'ကြောင်'တို့ကို ကိုလိုနီ နယ်ချဲ့သမားအဖြစ်လည်းကောင်း၊ 'ဖား'၊ 'သမင်'နှင့် 'ကြွက်'တို့ကို အမိနိုင်ငံ မြန်မာပြည်သူများအဖြစ်လည်းကောင်း တင်စား ပြဆိုထားရာမှ မကြာမီတွင် မြန်မာတို့၏ ဘုန်းသမ္ဘာအရ 'နဂါးမြွေ'ကို 'ဖား'တွေလွှမ်းမည်၊ 'ကျား'ဘုရင်ကို 'သားသမင်'ပိုင်းလိမ့်မည်၊ 'ကြောင်'တစ်သုတ်ကို 'ကြွက်ချုပ်'က နှိမ်နင်းလိမ့်မည်ဟူ၍ အပြောင်းအလဲကြီးမားစွာ ယုံကြည်ချက်ခိုင်ခိုင်မာမာဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။

ခေတ်ဆန်းမျိုးနှံသီချင်း ဓာတ်ပြားသွင်းသော ၁၉၃၈ ခုနှစ်တွင် ကျောင်းသားခေါင်းဆောင် "ဗိုလ်အောင်ကျော်" ကျဆုံးပြီး၊ မြန်မာပြည်သူတို့၏ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါက်ကွဲပြီး၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ အထွတ်အထိပ်သို့ ရောက်ရှိနေချိန် ကာလဖြစ်ရာ ဆရာရွှေညာမောင်သည် အခြေအနေနှင့် အချိန်အခါကို အခွင့်ကောင်းယူ၍ ခေတ်ဆန်းမျိုးနှံသီချင်းကို စွမ်းအားပြင်းသော ဗုံးတစ်လုံးအဖြစ် အချိန်ကိုက် ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါင်းအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးဦးတည်ချက်များ၊ လမ်းညွှန်ချက်များနှင့် မြေပေါ်မြေအောက် လှုပ်ရှားမှုများသည် ပြည်သူလူထုအကြားတွင် နည်းမျိုးစုံဖြင့် ပဲ့တင်ထပ်ခဲ့သည် ဖြစ်ရာ 'ခေတ်ဆန်းမျိုးနှံ'သည် အဆိုပါ ပဲ့တင်သံခေါင်းများစွာထဲမှ ပဲ့တင်သံတစ်ခု ဖြစ်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဓာတ်ပြားထွက်လာသော 'ခေတ်ဆန်းမျိုးနှံ'သည် ၁၉၄၈ ခုနှစ်တွင် ပြည်သူလက်ဝယ်သို့

**ခေတ်ဆန်းမျိုးနှံသီချင်း ဓာတ်ပြားသွင်းသော**

**၁၉၃၈ ခုနှစ်တွင် ကျောင်းသားခေါင်းဆောင်**

**"ဗိုလ်အောင်ကျော်" ကျဆုံးပြီး၊ မြန်မာပြည်သူတို့၏**

**၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါက်ကွဲပြီး....**

ရောက်ရှိပိုင်ဆိုင်ခဲ့သော 'မြန်မာ့လွတ်လပ်ရေး'အတွက် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲခေါ်သံတစ်ရပ် ဖြစ်ခဲ့သည်။ နိုင်ငံရေးနိမိတ်တော် ချက်တစ်ခုဆိုလျှင်လည်း အကြွင်းမဲ့မှန်ကန်ခဲ့သည်ပင်။

❖ ❖ ❖ ❖ ❖ ❖

စာကြွင်း – သခင်ချင်းစိန်(ခေါ်)ဆရာရွှေညာမောင်သည် အသက်(၇၅)နှစ်အရွယ်၊ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနေအိမ်၌ ကွယ်လွန်ခဲ့ရှာသည်။

မော်ဝန်းကြည်မြတ်

စာကိုး-
(၁) ဂီတပဒေသာမဂ္ဂဇင်း အမှတ်(၂၈)၊ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီ။
(၂) တက္ကသိုလ်ဇင်မောင်ဇော်၏ 'မှောင်အတိဘိက မပျောက်သော ပုံရိပ်လွှာများ'စာအုပ်၊ ၂၀၁၂ ခုနှစ်။
(၃) စိန်သွေး၏ 'ခေတ်ဟောင်းတေးနှင့်အောက်မေ့ဖွယ်'စာအုပ်၊ ၂၀၁၃ ခုနှစ်။





# စံပယ်တစ်ပွင့် မှတ်တမ်း

မြဝါညို

ချစ်ရတဲ့ ကိုရေ..။

ဒီညမှာပေါ့၊ နှင်းစက်နှင်းပေါက်တွေဟာ ဖြိုးဖြိုး ဖြောက်ဖြောက်ကျနေလေရဲ့။ ကျွန်မတို့ရဲ့ တိုက်ခန်းဝရန်တာလေးမှာ ကိုစိုက်ခဲ့တဲ့ စံပယ်ပင်လေးတွေဟာ ဆောင်းလေအလွင့်မှာ နှင်းပွင့်ကလေးတွေကို ဖမ်းဆုပ်ဆော့ကစားနေသလားလို့ စဉ်းစားမိတယ်။ ဆယ့်ရှစ်ပေလောက်ပဲကျယ်တဲ့

ဝရန်တာလေးမှာ စံပယ်အိုးတွေပြည့်လို့။ စံပယ်တွေကလွဲပြီး ဘာပန်းမှစိုက်မထားတဲ့ ပန်းအိုးတွေကို စင်လှလှလေးတွေနဲ့ အနိမ့်အမြင့်လေးတွေခန့်တီးထားတဲ့ ကိုလက်ရာ စံပယ်ပန်းခင်းလေးကြားမှာ မြက်ခင်းတုလေးတွေ သပ်သပ်ရပ်ရပ်ကပ်ထားတဲ့ လျှောက်လမ်းကလေးရှိတယ်။

"ဝရန်တာက နေရာကျဉ်းလို့သာ မြက်ခင်းအတုသုံးရတာ။ အတုတွေကို ကို မကြိုက်ဘူးချစ်ရယ်။ မြက်ခင်းအစစ်လေး စိုက်နိုင်တဲ့ မြေလေးတစ်ကွက်လောက် ပိုင်ချင်တယ်"

ကို မကြာခဏ ညည်းတွားတတ်တဲ့ စကားတစ်ခွန်းကိုကြားတိုင်း ကို တောင့်တသလို မြေကွက်ကျယ်ကျယ်လေးနဲ့ မြက်ခင်းကလေးရယ် စံပယ်ခင်းကလေးရယ်၊ ပြီးတော့ အခုလက်ရှိ ကျွန်မတို့နေတဲ့ မီနီကွန်ဒိုတိုက်ခန်းလောက် သင်ရုပ်အဆင်မပြေတဲ့ အိမ်လေးတစ်လုံးရယ်ကို ကလေးဘဝက ကြည့်ဖူးတဲ့ရုပ်ရှင်တွေထဲမှာ မော်ဆရာ ဖန်ဆင်းသလို ကြိမ်လုံးတစ်ချက်ဝှေ့ရုံနဲ့ အရာအားလုံးပြီးပြည့်စုံသွားအောင် ဖန်ဆင်းပေးနိုင်တဲ့ တန်ခိုးရှင်ဖြစ်ချင်မိပါရဲ့ ။

နှင်းဆက်တွေကြားမှာ စံပယ်တွေပွင့်နေမလားလို့ ထကြည့်မယ်စိတ်ကူးပြီး ခုတင်ပေါ်ကဆင်းတော့ ဘယ်ခြေထောက်တစ်ဖက်က ရေခဲတုံးလိုအေးစက်နေတယ်။ ထိတာမသိတဲ့ခြေထောက်ကို ခုတင်ပေါ်က ချဖို့ရယ်၊ ခုတင်ဘေးက wheelchair ပေါ်ကိုတက်ဖို့ရယ် အကြာကြီး အချိန်ယူရဦးမှာ ပါလားလို့ တွေးလိုက်မိတော့ စိတ်ကူးထဲက စံပယ်ရနံ့လေးတွေပျောက်သွားတယ်။

သက်ပြင်းတစ်ချက်အရှိုက်မှာ နှင်းဆက်အောက်က စံပယ်ပွင့်ဖြူဖြူလေးတွေရဲ့ ပုံရိပ်ပါ ပျောက်သွားတယ်။ အိပ်ရာပေါ်ကို ပြန်လှဲလိုက်ပြီး အေးစက်နေတဲ့ခြေထောက် ကို စောင်ထူထူအောက်ရောက်အောင် ညာခြေထောက်နဲ့ တွန်းရွှေ့လိုက်ရတယ်။ ရွှေ့ မလာမှန်းသိပေမယ့် ရွှေ့လာလိမ့်မလားလို့ မျှော်လင့်ရင်းနဲ့ပေါ့ ကိုရယ်၊ ကိုမရှိတဲ့ ကာလမှာ ရှည်လျားလွန်းလှတဲ့ညတွေကို ဒီလိုပဲ ဖြတ်သန်းနေရတာပါပဲ။ အိပ်ပျော်အောင် ကြိုးစားတယ်။ မျှော်လင့်အိပ်ပျော်သွားတော့ ကျွန်မအိပ်မက်ထဲမှာ စံပယ်တွေဟာ မွှေးလို့ မွှေးလို့။

❖ ❖ ❖

"ပန်းစံပယ်
နှန်းလယ်မပေါ်ခိုက်တာရို့
အလိုက်တော်တန်သင့်ရုံပ
စိမ့်ကိုကုံး နန်းရပ
မန်းမြေမှာစံပယ်လှိုင်တော့
စံပန်းဗိုင်ယာယီရွှေ့တယ်
တောသွေးရွာသုံး"

အစားထိုးခံရခြင်းဆိုတဲ့ အဓိပ္ပါယ်ကို ကျွန်မခေါင်းထဲမှာ စွဲမြဲနေတဲ့ ကဗျာလေးတစ်ပုဒ်ကနေ စသိခဲ့တာပဲ။ အမျိုးစုံလှတဲ့ စံပယ်တွေမှာ အပွင့်ကြီးကြီးပွင့်တတ်တဲ့စံပယ်အိုးဖွတ်၊ အဖျားသွယ်လျ အပွင့်လှတဲ့ စံပယ်ကြက်ရိုး၊ ပြီးတော့ အမြဲတွေ့နေကျ ပန်းကုံးသီလေလောက်ရဲ့ အနေတော်အပွင့်ပွင့်တဲ့စံပယ်တွေ၊ နေ့တိုင်းမြင်နေကျ စံပယ်ပွင့်နေရာမှာ အစားထိုးခံရတာ ဘယ်လိုပန်းကလေးလဲလို့ စဉ်းစားမိတယ်။ သူနဲ့ မပီဆင်ဆင် သွေးလောက်လေးတဲ့ ပန်းလေးနေမှာလို့ မကြာခဏတွေးရင်း သတိရနေမိပါရဲ့။ ကို့ကို မေးကြည့်မိတော့ ကိုကရယ်တယ်။

> ဘာပန်းမှမကြိုက်တဲ့
> ကျွန်မအတွက်တော့
> ကျွန်မချစ်တဲ့ယောက်ျားတစ်ယောက်က
> စံပယ်ကိုရွေးသည်ဖြစ်ဖြစ်
> နှင်းဆီကို ရွေးသည်ဖြစ်ဖြစ်
> အတူလိုက်နှစ်သက်ဖို့
> အခက်အခဲသိပ်မရှိလှပါဘူး။

"ပေါက်ပေါက်ရှုရှု ချစ်ရယ်" တဲ့။ ပန်းတွေအများကြီးထဲမှာမှ စံပယ်ပန်းလေးတွေကို ကိုက ဘာလို့ရွေးချစ်တာလဲလို့ တွေးမိတဲ့အကြောင်း ဆက်မပြောတော့ပါဘူး။ ဘာပန်းမှမကြိုက်တဲ့ ကျွန်မအတွက်တော့ ကျွန်မချစ်တဲ့ယောက်ျားတစ်ယောက်က စံပယ်ကိုရွေးသည်ဖြစ်ဖြစ် နှင်းဆီကို ရွေးသည်ဖြစ်ဖြစ် အတူလိုက်နှစ်သက်ဖို့ အခက်အခဲသိပ်မရှိလှပါဘူး။

ကို တမြတ်တနိုးအရိုးကြည့် ပျိုးနေတဲ့ စံပယ်ပန်းပင်လေးတွေကို တစ်ခါတစ်ရံ သဝန်တိုမိတာကလွဲလို့ပေါ့။

ကိုနဲ့ကျွန်မ နှစ်ယောက်စလုံး မိဘတွေမရှိတော့ဘဲ ဆွေမျိုးနီးစပ်တွေရဲ့ စောင့်ရှောက်မှုအောက်မှာ ဘဝကို ရုန်းကန်ဖြတ်သန်းခဲ့ရတဲ့ ဘဝတူချင်းမို့ စိတ်ချင်းလည်း ပိုနီးစပ်တယ်။ နှစ်ယောက်စလုံး ကုမ္ပဏီဝန်ထမ်းတွေဖြစ်တာကြောင့် မြို့စွန်ကခြံတွေထက် မြို့ထဲက တိုက်ခန်းကသာ သွားရေးလာရေးအဆင်ပြေတာမို့ ချစ်သူဘဝကတည်းက တိုက်ခန်းတစ်ခန်းဝယ်ဖို့ ငွေစုထားရတယ်။ နှစ်ကုန်မှာရတဲ့ Bonus ငွေတွေလည်း ဒီဘဏ်စာအုပ်လေးထဲပဲ ထည့်ထားတယ်။ တတ်နိုင်သမျှ ခြိုးခြံချွေတာပြီးစုခဲ့ရတာ ငါးနှစ်လောက်အကြာမှာ တိုက်ခန်းကလေးဖြစ်လာခဲ့တယ်ဆိုပါတော့။ ကိုအလုပ်လုပ်တဲ့ ကုမ္ပဏီကရောင်းတဲ့ မီနီကွန်ဒိုဖြစ်နေလို့ ပထမဆုံးသွင်းငွေကို သူဌေးက သူ့ငွေနဲ့ စိုက်သွင်းပေးခဲ့တာပါ။ တိုက်ခန်းဝယ်ပြီးတဲ့အခါ သူဌေးရဲ့ကျေးဇူးရှိသွားပြီမို့ ကိုအလုပ်ချိန်တွေက ပိုတိုးလာတယ်။ တိုက်ခန်းသော့ တစ်ယောက်တစ်

ချောင်းစီးဖူထားပြီး အိမ်ထောင်ဦးမှာလုပ်မယ့် ပရိဘောဂလေးတွေ ကြည့်သလိုလားဖြည့်ရတယ်။ ဖုန်းနဲ့ပဲ စကားပြောဖြစ်တဲ့အချိန်တွေက များလာတယ်။ ကျွန်မတို့လက်ထပ်ဖို့ ရက်ရွှေ့နေတုန်း တိုက်ခန်းဝရန်တာလေးမှာ ကိုက စံပယ်ပင်လေးတွေစိုက်တယ်။ စံပယ်ပင်လေးတွေစိုက်နေရင်း ကိုက ကျွန်မဆီ Video Call ခေါ်ပြီး ပန်းပင်လေးတွေအကြောင်းပြောတဲ့အခါ အလုပ်များနေတဲ့ ကျွန်မက ဟိုဟိုလက်ပြဖြတ်ဆက်ရကလွဲလို့ ပန်းပင်လေးတွေကို သေချာကြည့်ဖို့တောင် အချိန်မသာခဲ့ဘူး။

ကျွန်မအလုပ်နားတဲ့ရက်မှာမှ တိုက်ခန်းလေးဆီသွားပြီး ကို့ရဲ့ စံပယ်ပွင့်လေးတွေနဲ့ စကားပြောရတယ်။ ကိုရယ် ကျွန်မရယ် စံပယ်ပွင့်လေးတွေရယ် အတူတူဆုံတဲ့ရက်က တစ်လမှာတစ်ရက်တောင် မရှိခဲ့ဘူး။

ကျွန်မတို့ လက်ထပ်ဖို့ရက် သတ်မှတ်ပြီးတဲ့အချိန်မှာ ကိုဗစ်ရောဂါ စတင်ပျံ့နှံ့လာတယ်။ ကိုက သူဌေးနဲ့ အနီးကပ်ရှိရတဲ့သူဆိုတော့ အနေအထိုင်အသွားအလာ ပိုပြီးဆင်ခြင်ရတယ်။ ကျွန်မအဆောင်ငှားနေတဲ့ရပ်ကွက်မှာ ကိုဗစ်လူနာတွေ များလာတော့ ကိုက ကျွန်မတို့လက်ထပ်ပြီးမှ နေဖို့ ဝယ်ထားတဲ့တိုက်ခန်းဆီ ကျွန်မအရင် ပြောင်းနေဖို့ပြောတယ်။

ကျွန်မ အခေါ်ခေါ်ပြောင်းပေမယ့် အဆောင်ဘောအိမ်ရှင်က မိသားစုဝင်တစ်ယောက် ကိုဗစ်ရောဂါကူးစက်ခံရပြီး ဆုံးသွားချိန်မှာတော့ ဘယ်လိုမှ ငြင်းမရတော့ဘူး။

"တိုက်ခန်းက ရွေသွင်းဖို့အများကြီး ကျန်သေးတာ။ ကိုအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမယ်။ အလုပ်တွေက ဘယ်လိုမှန်း မသိဘူးလေ ကိုရယ်"

"သေချာတာကတော့ ကုမ္ပဏီမှာ



လူတယ်နဲ့ယောက်လျော့လျော့ ကိုပါမှာ မပျောက်ဘူးချစ်။ ချစ်အတွက် ကိုက စိတ်ပူတာ"

ကို မှန်းထားသလိုပါပဲ။ ကုမ္ပဏီသစ် ထုတ်လုပ်မှုရပ်နားရတဲ့အခါ အဲဒီရှာနေရဲ့မန်နေဂျာဖြစ်တဲ့ ကျွန်မဟာ ထောက်ပံ့ကြေးရခိုင်နှုန်းအချို့ပေးပြီး ရပ်ဆိုင်းခံရတဲ့ စာရင်းထဲပါသွားပေါ်တယ်။ ကျွန်မမျက်ရည်ကျတော့ ကိုကနှစ်သိမ့်တယ်။

"ဘာမှတွေးမနေနဲ့။ အနားယူရတယ်လို့ပဲ သဘောထား။ ကို နားရက်တွေကျရင် ချစ်ဆီလာခဲ့ပါ့မယ်"

ဒါပေမဲ့ Video Call ပြောတဲ့အချိန် ကို့မျက်နှာကို မြင်ရတာကလွဲလို့ ကိုဟာ သူချစ်တဲ့ စံပယ်တွေဆီ တစ်ခေါက်မှရောက်မလာခဲ့ပါဘူး။

တစ်ယောက်တည်း နေရတဲ့ဘဝ အဆောင်နေဖူးတဲ့အလေ့အထနဲ့ နေသားကျနေလို့ အထီးကျန်ဆန်မှုဟာ မသိသာပေမဲ့ တစ်လပြီးတစ်လကြာလာတဲ့အခါ စံပယ်ရနံ့တွေမွှေးမြနေတဲ့ တိုက်ခန်းဟာ နာကျင်မှုတွေကြောင့် သွေးစိမ်းရှင်ရှင်ကျနေတဲ့ သွေးညှီနံ့တွေကို စံပယ်ပန်းရနံ့နဲ့ ဖုံးကွယ်ထားတဲ့နေရာတစ်ခုလို ကျွန်မစိတ်ထဲမှာ ခံစားလာရတယ်။ နေ့တိုင်းလိုလို ဘယ်သွားမယ် ဘာလုပ်မယ် စသဖြင့် ကို့ဆီကို Message လှမ်းပို့ပြီးပြောနေကျ ကျွန်မဟာ တစ်နေ့မှာတော့ ဘာမှမပြောဘဲ တိုက်ခန်းကထွက်လာခဲ့တယ်။ ကျွန်မ သူငယ်ချင်းတစ်ယောက်က Beauty Saloon ဖွင့်ထားတယ်။ ကိုနဲ့ တစ်ခါမှမဆုံဖူးတဲ့ သူငယ်ချင်းဆီ ကိုမသိအောင် ထွက်လာတဲ့ အချိန်မှာ တမင်ရွေးပြီးလာခဲ့တာ။ Beauty Saloon က လူရှင်းနေတယ်။ ကျွန်မက Taxi ပေါ်ကနေ လှမ်းကြည့်တုန်း ဆိုင်ထဲက စုံတွဲတစ်တွဲထွက်လာတယ်။ စုံတွဲလို့ ပြောရတာက အမျိုးသားရဲ့ခါးကို အမျိုးသမီးက တင်းကျပ်နေအောင်ဖက်ထားလို့ပါပဲ။ ခေါင်းလယ်လောက်ထိတိုတဲ့ ဆံပင်ကို ဝက်ထားလို့ ဖြူဖွေးသွယ်လျတဲ့ ဂေါင်တိုင်နဲ့ ပြေပြစ်လုံးတွေကို အထင်းသားမြင်ရတဲ့ အမျိုးသမီးရဲ့ဘေးက အမျိုးသားကို မြတ်ခနဲလှမ်းမြင်မှာ ကျွန်မမျက်လုံးထဲမှာ ကြယ်တွေလတွေ ကမ္ဘာမြေပေါ် ပြုတ်ကျလာတာကို မြင်လိုက်ရသလိုပဲ။ နှစ်ပေါင်းများစွာ ရင်ထဲမှာရှိနေတဲ့ ယောက်ျားတစ်ယောက်ကို မမှတ်မိလောက်အောင် မျက်နှာပေါ်မှာ ဖုံးကွယ်ထားတဲ့ Mask လေးတစ်ခုက ဘယ်လိုများ ဖွမ်းဆောင်နိုင်မှာတဲ့လဲ။ Taxi ပေါ်က မဆင်းသေးဘဲ ခေါင်းကိုအဝတ်စည်းပြီး သူတို့မမြင်အောင် ပုန်းနေရပေမယ့် ကျေနပ်ပျော်ရွှင်မှုကို ကိုယ်စားပြုတဲ့ အမျိုးသမီးရဲ့ ရယ်သံတွေဟာ နားထဲကိုချော်ရည်ပူတွေ စီးဆင်းကျလာသလိုပါပဲ။

သူတို့ကားထွက်သွားတော့မှ Taxi ပေါ်ကဆင်းပြီး ဆိုင်ထဲကိုဝင်လိုက်တယ်။ ဝမ်းသာအားရ လက်မောင်းကိုလှမ်းဆိုက်ပြီး နှုတ်ဆက်လိုက်တဲ့သူငယ်ချင်းကို အရှိသာဆုံး ပြုံးပြလိုက်တာက ပထမဆုံး အပြုံးတု ဖြစ်ပါလိမ့်မယ်။

"ဆိုင်မှာက ဝန်ထမ်းတွေ လျှော့ပြီး

ကိုယ်တိုင်လုပ်နေရတာ၊ ကာစတန်မာတွေလည်း လူရင်းတွေပဲလက်ခံတော့တာလေ"

"တို့ဆိုင်လာတုန်းက ထွက်သွားတာ ကာစတန်မာပဲလား"

"ဟုတ်တယ်လေ။ ကိုဗစ်ကြောင့် ခက်ခဲတဲ့သူတွေသာ ခက်ခံနေကြတာ။ အဆင်ပြေတဲ့သူတွေကတော့ပြေလို့ပဲ..."

ဆက်ပြောတဲ့သူငယ်ချင်းရဲ့ စကားလုံးတွေကလည်း ရောက်ရှည်မှုတွေပါပဲ။ အတုအယောင်ကိုမကြိုက်တဲ့ ကိုယ့်အတွက် ဒီအမျိုးသမီးရဲ့ ပေါ့ဗွာတရားဟာ စစ်မှန်နေလို့လားလို့ မေးစရာမလိုလောက်တဲ့ အနေအထားပါ။

"သူ့ယောကျ်ားက ကင်ဆာဖြစ်နေတာကြာပြီ။ ကိုဗစ်မစခင်လေးကမှ သူက LA က ပြန်ရောက်လာတာ ကိုဗစ်တဲ့အချိန် သူ့ယောကျ်ားဆုံးတာ၊ သူ့ယောကျ်ားဆုံးပြီး အုတ်ဂူတောင်မပြောက်သေးဘူး။ အနောက်ဘက်ရဲ့ တန်းတွဲတာ။ သူ့ယောကျ်ားရဲ့ လက်ထောက်လို့ပြောကြတယ်။ သူ့ယောကျ်ား ကျန်းမာရေးမကောင်းတော့ အိမ်မှာလာနေပေးရတာတဲ့။ ပညာတတ် ရုပ်ချောသတောကောင်းလေးသူက ဘယ်အလွတ်ပေးပါတော့မလဲ၊ ဆွဲထားလိုက်တာပေါ့ဟယ်"

"ဟိုကသူ့ကိုတကယ်ချစ်ပါ့မလား"

မြောက်ကပ်အက်ကွဲရှာထွက်ကျသွားတဲ့စကားသံကို သူငယ်ချင်းရဲ့ ခိုးခိုးခစ်ခစ်ရယ်သံက ဖုံးလွှမ်းသွားပါတယ်။

"သူလို မိန်းမမျိုးအတွက် အချစ်ဆိုတာ လိုပါ့မလားဟယ်။ တုံးလိုက်တဲ့ ငါ့သူငယ်ချင်း၊ သူတို့မှာ မိုက်ဆဲတွေ ထားစရာမရှိလို့ အာရုံငါးပါးအတွက်ပဲ ငွေကိုသုံးနေတာလေ၊ သူ့အတွက် လိုတာက..."



ရင်ဘတ်တွေပေါက်ကွဲထွက်တော့မလား ထင်ရပါရဲ့။ သူငယ်ချင်းစကားသံကို ဆက်နားမထောင်နိုင်တော့။

အကြောင်းတစ်ခုပြပြီး ပြန်လာရတဲ့လမ်းမှာ စိတ်ကဘယ်ဆီနေမှန်းမသိ။ ဘာဆက်လုပ်ရမှန်းလည်း မစဉ်းစားနိုင်၊ သိပ်မမြင့်လှတဲ့ လှေကားထစ်ပြေပြေကို လှမ်းတက်ဖို့အင်အားမရှိ။ ဒုတိယထပ်ဟာ တာဝတိံသာထက်မက မြင့်လွန်းနေလေသလား။ မောဟိုက်ပင်ပန်းမှုကြောင့် မျက်လုံးတွေ ပြာဝေလာတာ၊ အသက်ရှုကျပ်လွန်းလာတာမို့ Mask ကိုဆွဲဖြုတ်လိုက်ပါတယ်။ ခေါင်းအလှုပ်မှာ နင်းလိုက်တဲ့ခြေလှမ်းက ဟာနေ့ရှက်ကျက်တာယိုင်ခနဲ။ လှမ်းဆွဲလိုက်တဲ့လက်က လေဟာနယ်။ ရှည်နေတဲ့ ဆောင်သံတွေထဲမှာ ကျွန်မနှုတ်ဖျားက ထွက်တဲ့အသံဆိုလို့ သုံ့သုံ့မျှပင် မပါနိုင်တော့တဲ့အဖြစ်ကိုသာ နောက်ဆုံးမှတ်မိလိုက်တာပါပဲ။

"မောင့်မှာ ညီမတစ်ယောက်ရှိနေတာ တောတောကပြောရှာပေါ့။ အလုပ်စီစဉ်ပေးလို့ရတာပဲ။ ခြေထောက်က အရိုးနှစ်ချောင်းလုံး ထက်ပိုင်းကျိုးသွားတာဆိုတော့ ကောင်းသွားလို့လမ်းပြန်လျှောက်နိုင်ရင်တောင် ပုံမှန်ဖြစ်ဖို့မလွယ်တော့ဘူးတဲ့။ စတီးချိုးထည့်ရင် ကောင်းနိုင်မလား မေးကြည့်လိုက်လေ"

နိုးနေသော်ငြား အိပ်ပျော်ဟန်ဆောင်နေရတဲ့အခြေအနေ။

စကားတတိတ်ဆိတ်သွားမှ မျက်လုံးဖွင့်ကြည့်လိုက်ပါတယ်။ အနားမှာ ကိုကလွဲပြီး ဘယ်သူမှ ရှိမနေပါဘူး။

"ချစ်ရည်..."

ကျွန်မလက်ကို ဆုပ်ကိုင်ထားတဲ့ ကိုလက်တွေ အေးစက်နေတယ်။ ကိုမျက်ဝန်းတွေ နီရဲစွတ်နေတယ်။ တဆတ်ဆတ်တုန်နေတဲ့ ကိုနှုတ်ခမ်းတွေကို ကျွန်မ လက်

ညီးရဲ့ အသားဖွေးဖွေးလေးတို့ထိကြည့်မိတယ်။ ကိုက ကျွန်မလက်ကိုဆွဲယူပြီး သူ့နှုတ်ခမ်းတွေနဲ့ ဖိကပ်နမ်းရှိုက်လိုက်ပါတယ်။

"အိမ်မှာပဲနေလို့ ကိုပြောထားရဲ့ သားနဲ့ ကိုကိုမပြောဘဲ ဘယ်ကိုများ သွားရတာလဲချစ်ရယ်"

ကျွန်မပြုံးလိုက်ပါတယ်။ ကိုကြား သာရုံ ခပ်တိုးတိုးပြောလိုက်မိတယ်။

"Golden Princess Beauty Saloon ကိုပါ"

ကို့မျက်နှာ ကွက်ခနဲပျက်သွားတယ်။ ကို ဘာမှမပြောနိုင်သေးမယ့် ကျွန်မ ဆက်ပြောလိုက်တယ်။

"ကျွန်မခြေထောက်အတွက် ဘယ်သူ့ဆီကမှ ဘာအကူအညီကိုမှ ကျွန်မ မယူချင်တော့ဘူး။ တိုက်ခန်းကိုပြန်ရောင်းလိုက်ပါ၊ ခြေထောက်တစ်ဖက်နှိုပ်သွားလို့ လူစဉ်မမီတော့တဲ့သူတစ်ယောက်အတွက် အထပ်မြင့်တိုက်ခန်းတစ်ခုထက်စာရင် မြေပြင်ကသာ အဆင်အပြေဆုံးမဟုတ်လား"

ကိုက သက်ပြင်းရှိုက်တယ်။

"လေးလေးဆယ်တော့ ချစ် လုံမြို့နေ့တွေးဖို့လိုအပ်တယ်။ အထပ်မြင့် လေကားပေါ်က တိုက်ခန်းမှာ စောစော နေပါဦး။ ကို ခွေ့ချိုပြီးခေါ်သွားပေးပါမယ်။ လမ်းချိုပြီး အနားယူရမယ်။ လေ့ကျင့်ခန်းတွေ လုပ်ရမယ်။ ဝန်ထမ်းက မြက်ခင်းက အတူဆိုပေမယ့် ချစ်လမ်းလျှောက်ဖို့ အသင့်တော်ဆုံးနေရာပဲ။ ဒါပေမဲ့..."

အပြုံးရိပ်မရှိတဲ့ ကို့မျက်နှာပေါ်မှာ ဝေခွဲရခက်တဲ့ အရိပ်တစ်ခု။

"ကို ပျိုးထားတဲ့စံပယ်ပင်တွေက စံပယ်ဝန်းအစစ်တွေပွင့်ကြတာပါချစ်ရယ်။ ကိုမရှိတဲ့အချိန်မှာ ချစ်ရဲ့စိတ်ကို ကြည်လင်လန်းဆန်းအောင် ကိုကိုယ်စား စံပယ်ပွင့်လေးတွေက ခန်တီးပေးနိုင်ဖို့ ကို မျှော်လင့်မိတာပါ"

> **စံပယ်တွေကြားမှာ**
> **လမ်းလျှောက်မိတဲ့အခါတိုင်း**
> **အချစ်ဆိုတဲ့အရာဟာ**
> **အချို့အချို့သောသူတွေအတွက်**
> **လိုအပ်ချက်တစ်ခုတစ်ရာကိုပိုင်ဆိုင်ဖို့**
> **အသုံးချခံဖြစ်သင့်လား**
> **မဖြစ်သင့်ဘူးလား ကျွန်မ**
> **အမြဲတမ်းတွေးနေမိတုန်းပဲ။**

ကျွန်မ မျက်လုံးတွေပြန်ဖွင့်လိုက်မိတယ်။ ကို့ခြေသံဖွဖွကို ကြားရတယ်။ တဖြည်းဖြည်း ဝေးသွားတော့ အနားကနေ ထွက်သွားတဲ့ခြေသံမှန်းသိလိုက်ရပါတယ်။

❖ ❖ ❖

မနက်ခင်းရဲ့အလင်းရောင်အောက်မှာ အရာရာသက်ဝင်လှုပ်ရှားနေပေမယ့် တိုက်ခန်းလေးကတော့ တိတ်ဆိတ်နေတုန်းပါပဲ။ အပြောအနေအပြောင်းအလဲတွေ အမျိုးမျိုးကြားမှာ တစ်နှစ်တာကာလဟာ ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့တယ်။

တံခါးဝကဘဲလ်သံကြားလို့ လက်ကိုင်တုတ်ကိုအားပြုပြီး ထွက်လာခဲ့ပါတယ်။ ချောင်းကြည့်ပေါက်သေးသေးလေးကနေကြည့်ပြီး တံခါးဖွင့်ပေးလိုက်တယ်။

"မမ လမ်းလျှောက်နိုင်နေပြီပဲ။ ညက အရမ်းအေးတော့ သက်သာပါ့မလားလို့ စိတ်ပူနေတာ"

တစ်နှစ်လုံး ကျွန်မဝေယျာဝစ္စအတွက် အဆင်ပြေအောင် ကို စီစဉ်ပေးထားတဲ့ ကလေးမလေးက လှမ်းပြောတယ်။

လွှမ်းခဲ့တဲ့ ဆောင်းလေ၊ နှင်းတွေကျခါစက အေးစက်ဘိုကျဉ်နေတဲ့ ခြေထောက်တစ်ဖက်ဟာ အခုတော့ ထိမှုသိမှုတွေခံစားနိုင်တဲ့အဆင့်ကိုရောက်လာပြီး လမ်းကြာကြာ မလျှောက်နိုင်သေးပေမယ့် မတ်မတ်ရပ်နိုင်ပါပြီ။ စံပယ်တွေကြားမှာ လမ်းလျှောက်မိတဲ့အခါတိုင်း အချစ်ဆိုတဲ့အရာဟာ အချို့အချို့သောသူတွေအတွက် လိုအပ်ချက်တစ်ခုတစ်ရာကိုပိုင်ဆိုင်ဖို့ အသုံးချခံဖြစ်သင့်လား မဖြစ်သင့်ဘူးလား ကျွန်မ အမြဲတမ်း တွေးနေမိတုန်းပဲ။ စံပယ်ပွင့်လေးတွေရဲ့ ရွှေရင်ရွှေအစစ်အမှန်ကို မပိုင်ဆိုင်ရတဲ့ ကို့ စိတ်တွေဟာ ကြည်လင်နေပါ့မလား။ တစ်နှစ်တာကာလမှာ ကို့ကို တစ်ခါမှ မတွေ့ရတော့သလို ကို့အသံကိုလည်း မကြားရတော့ပါဘူး။ ဒါပေမဲ့ စံပယ်ပွင့်တွေကိုကြည့်မိတိုင်း ကို့ရိပ်ကို မြင်နေရတုန်းပဲ။ စံပယ်ပင်တွေကြားက ဖြတ်သန်းလာတဲ့ လေပြည်ထဲမှာ တိုးညင်သာတဲ့ ကို့ စကားသံတွေ နိုးထွယ်နေတုန်းပါပဲ။

အသက်ရှင်ရပ်တည်ဖို့အတွက် ချစ်တယ်ဆိုတဲ့ စကားလုံးကို အသုံးချရက်တဲ့ သူတစ်ယောက်လို့ ကိုကိုအပြစ်တင် ကဲ့ရဲ့မိတဲ့ ကျွန်မကိုယ်တိုင်ကရော 'ကို ကျွန်မကို ချစ်တယ်'ဆိုတဲ့ အသိတစ်ခုကိုသာ အမှန်တရားအဖြစ် ဆုပ်ကိုင်အသုံးချပြီး ကို့ဘေးနားမှာရှိနေတဲ့ အခြားအမျိုးသမီးတစ်ယောက်ကိုမေ့ထားခဲ့တာ၊ ယနေ့ထိ ကို ကျွန်မကိုချစ်တဲ့ အချစ်တွေကို လွှမ်းဆန်ဖယ်ရှားလို့ရပါလျက် မဖယ်ရှားဘဲ ဆက်လက် အသက်ရှင်ရပ်တည်နေခဲ့တာဟာ အမှန်တရားတစ်ခုပဲမဟုတ်လား။ ကိုဘေးနားက အမျိုးသမီးကရော။ သူ့အပေါ်မှာ ကို့ရဲ့ ချစ်ခြင်းမေတ္တာအစ်မှန်မှုရှိမရှိ ဆန်းစစ်လို့ရပါလျက် မသိကျိုးကျွံပြုပြီး သူလိုချင်တဲ့အရာကိုသာ ကို့ဆီက ရယူပိုင်ဆိုင်ဖို့ ကြိုးစားရင်း အသက်ရှင်ရပ်တည်နေခဲ့တာပါပဲ။ ကိုယ့်ဘက်အမြင်အားဖြင့်ဆို အားလုံးမှန်နေကြတာချည်းမဟုတ်လား။

လက်ရှိပိုင်ဆိုင်နေတဲ့အနေအထား၊ လက်ရှိရပ်တည်နေရတဲ့ဘဝကို စိတ်ချမ်းသာမှု ရှိနိုင်သမျှရှိအောင် ဖန်တီးတည်ဆောက်ကြဖို့ပဲ အဓိကလိုအပ်တယ်လို့ အခုအချိန်မှာတော့ ကျွန်မလက်ခံလိုက်နိုင်ပါပြီ။

❖ ❖ ❖

မြေခြံဆောက်အတော်ပြန်ကောင်းလာတဲ့အခါ ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခုလုပ်နိုင်အောင် ကြိုးစားရတယ်။ တိုက်ခန်းကို ပြန်ရောင်းပြီး တစ်ဝက်ကို ကိုအတွက် သိမ်းထားပေးလိုက်တယ်။ ပန်းအလှဆင်လုပ်ငန်းနဲ့ Gift Shop လေးတစ်ခု ဖွင့်လိုက်တယ်။ တနိုင်းသဘိုဖြိုလေးတစ်ခြံဟာ ပန်းအလှဆင်လုပ်ငန်းအတွက် လိုအပ်တဲ့ ပန်းလေးတွေမျိုးထားဖို့တော့ လုံလောက်အသုံးဝင်ပါတယ်။

မိုးဖွဲတွေကျနေတဲ့တစ်နေ့မှာ ကျွန်မ ခြံထဲရောက်နေတုန်း ဆိုင်ကစာရေးမလေးက ဖုန်းဆက်တယ်။

"ပန်းဆည်းလိုချင်လို့ဆိုပြီး ကာစ တန်မှာတစ်ယောက်ရောက်နေတယ် မမ။ ဆိုင်ကပန်းတွေမကြိုက်လို့ ခြံထဲက ပန်းအစစ်တွေကြည့်ချင်တယ်တဲ့။ ခြံထဲကို လွှတ်လိုက်ရမလား"

"လွှတ်လိုက်လေ...။ မမ ဒီမှာရှိတာပဲ။ ရွေးပေးလိုက်ပါ့မယ်" ဖြန့်ဆိုင်က သိပ်မဝေးတော့ စောစောတွင်းမှာ ရောက်လာတယ်။ ထီးနဲ့ကွယ်နေတော့ လူကိုမမြင်ရဘူး။

"ပန်းဆည်းက ဘယ်လောက်တန်လုပ်ပေးရမလဲ။ ခြံထဲမှာ သစ်ခွတွေရော နှင်းဆီတွေရော တခြားပန်းတွေလည်း ရှိတယ် လိုက်ကြည့်လို့ရပါတယ်"

ကျွန်မဘက်က စံပယ်ပွင့်လေးတွေပဲ ကြိုက်တာ



"ရှင်...."

ရင်ထဲမှာ စံပယ်တစ်ခင်း ပွင့်လာသလို အေးမြမွှေးပျံ့သွားတဲ့အနိုက်အတန့်၊ ကွယ်ထားတဲ့ထီးကို လှမ်းဖယ်လိုက်မိတယ်။ ဘဝမှာ နောက်ထပ်ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ထင်ခဲ့တဲ့ အပြုံးတစ်ပွင့်ကို ရင်မှန်လိုက်မောစွာ ငေးကြည့်နေမိတုန်း။

"ရှိုင်မိန်းမလေးရော၊ ခေါ်မလာဘူးလား"

ကျွန်မစကားကြောင့် ကိုက ရယ်တယ်။

---

**မိုးသည်းထဲမှာ**
**ထီးတစ်လက်ငှားပေးခဲ့သလို**
**ကူညီခဲ့ဖူးတဲ့ ကျေးဇူးတရားကြောင့်**
**ကို သူ့ကို ချစ်ခြင်းမေတ္တာရဲ့**
**တန်ဖိုးအကြောင်း**
**ရှင်းပြဖို့ကြိုးစားခဲ့ပါသေးတယ်။**
**သူ့အတွက် ချစ်ခြင်းမေတ္တာက**
**ကစားစရာဖြစ်နေတော့.....**

---

"ကျွန်တော့်မိန်းမက ကျွန်တော် စိုက်ထားတဲ့ စံပယ်ပန်းအိုးတွေယူပြီး အိမ်ပေါ်ကဆင်းသွားလို့ လိုက်ရှာနေတာပါဗျာ"

ကျွန်မ ကိုကို ကြည့်မိတယ်။ ရွှေးရွေးမှုနဲ့ ချစ်ခြင်းတရားတွေကို ရှာဖွေမိတာလည်း ဖြစ်နိုင်ပါရဲ့။


"ကိုတို့ တရားဝင် လက်မထပ်ဖြစ်ပါဘူး ချစ်။ ဘဝတစ်ခုကို တရားရုံးမှာ ရပ်တည်ဆောက်ချင်တဲ့ မိန်းမတစ်ယောက်အတွက် ကိုမေတ္တာတရားနဲ့ နေသာကျဖို့ မလွယ်ဘူးလေ။ မိုးသည်းထဲမှာ ထီးတစ်လက်ငှားပေးခဲ့သလို ကူညီခဲ့ဖူးတဲ့ ကျေးဇူးတရားကြောင့် ကို သူ့ကို ချစ်ခြင်းမေတ္တာရဲ့ တန်ဖိုးအကြောင်း ရှင်းပြဖို့ကြိုးစားခဲ့ပါသေးတယ်။ သူ့အတွက် ချစ်ခြင်းမေတ္တာက ကစားစရာဖြစ်နေတော့ ပြောင်းလဲခံရတာပဲအဖတ်တင်တယ်။ ထားပါတော့။ အခု အားလုံးပြီးသွားပါပြီ။ စံပယ်တွေကို မြင်တိုင်း ကိုသတိရနေတဲ့မိန်းကလေးဆီ အပြီးပြန်လာဖို့ ဆုံးဖြတ်ပြီးမှလာခဲ့တာပါ။ ချစ် ကိုကိုခွင့်လွှတ်နိုင်ရဲ့လား"

"မိုးသည်းထဲမှာ မသွားမဖြစ်တဲ့ခရီးအတွက် ထီးတစ်လက်ငှားဆောင်းပြီး သွားခဲ့ရတယ်လို့ ကိုက ပြောချင်တာလား၊ ကျွန်မက ကိုကို မိုးသည်းထဲမှာ ဒီအတိုင်း လျှောက်နိုင်းမယ်ဆိုရင် သိပ်ရက်စက်ရာကျမယ်ထင်တယ်။ မိုးတိတ်တဲ့အခါ ဒီထီးကို နေရာတကျ ပြန်ထားခဲ့ရင်ပြီးတာပါပဲ ကိုရယ်။ ခွင့်မလွှတ်နိုင်စရာမရှိပါဘူး"

စစ်မှန်တဲ့ ချစ်ခြင်းရဲ့သဘောမှာ ခွင့်လွှတ်ခြင်းက အမြဲရှိနေမှာပါပဲ။ ပန်းအစစ်တွေမှာသာ ရနံ့မွှေးကြတာကိုး။

ကို ချစ်တဲ့ စံပယ်ရနံ့မွှေးမွှေးကို စံပယ်တွေမျိုးပေးခဲ့တဲ့ကိုလည်း ထပ်တူ ထပ်မျှ ခံစားပျော်ရွှင်စေချင်ပါရဲ့။

မြဲဖြူးဆီမိ



အချစ်ဆိုသည်မှာ အံ့သြမှုများနဲ့ ဆန်းကြယ်သောအရာ........

အချစ်ဆိုသည်မှာ ကြည်နူးကြတဲ့အခိုက် လမင်းတစ်ရာ........

အချစ်ဆိုသည်မှာ အိပ်မက်များနဲ့ အရောင်ဦးအလှတရား........

City FM ကနေ ပြန့်လွှင့်လာတဲ့ 'ထူးအိမ်သင်'ရဲ့ 'အချစ်ဆိုသည်မှာ' သီချင်းသံလေးကြောင့် အချစ်အကြောင်း ဖျတ်ခနဲ တွေးလိုက်မိပါတယ်။ လူ့ဘဝဇာတ်ခုံအဖုံဖုံမှာ ဇာတ်ဆရာအလိုကျ ကပြနေရတဲ့ လူသားတွေထဲ အချစ်နဲ့ကင်းတဲ့သူ ဘယ်သူရှိပါမလဲရှင်။ လူထဲက လူတစ်ယောက်ဖြစ်တဲ့ ကျွန်မသည်လည်း အချစ်နဲ့မကင်းနိုင်ခဲ့ပါဘူး။

**ချစ်မိတဲ့ အချစ်ဦးကိုဆို လူတွေက အချစ်ပိုတာလား၊ မချစ်ဖူးလို့ပဲ ရှုနေအောင် ချစ်ကြတာလား မပြောတတ်ဘူး။ ခွဲနေအောင်ကို ချစ်တတ်ကြပါတယ်။ အချစ်ဦးနဲ့ သေတပန် သက်တစ်ဆုံး ပေါင်းကြရတယ်ဆိုတာက အတော်ရှားတယ်လို့လည်း . . .**

မင်ငယ်ငယ် ဆယ်ကျော်သက် အရွယ်က ထင်ခဲ့ဖူးတယ်။ 'အချစ်'ဆိုတာ ရေရှည်ခိုင်မြဲ အရာတစ်ခု၊ ချစ်မိပြီဆိုရင် သေတပန် သက်တစ်ဆုံး မခွဲမခွာ အမြဲ အတူတူ နေရကြလိမ့်မယ်လို့ပေါ့။ တကယ်လက်တွေ့မှာတော့ ထင်သလောက်နဲ့ မတူဘဲ တစ်ချစ်ပြီးတစ်ချစ် ပြောင်းချစ်နေရတော့တာပါပဲရှင်။

"ရည်းစားဦးကို မမြဲဦးရတောင် မမေ့ဘူး"လို့ ပြောကြတယ်။

ချစ်မိတဲ့ အချစ်ဦးကိုဆို လူတွေက အချစ်ပိုတာလား၊ မချစ်ဖူးလို့ပဲ ရှုနေအောင် ချစ်ကြတာလား မပြောတတ်ဘူး။ ခွဲနေအောင်ကို ချစ်တတ်ကြပါတယ်။ အချစ်ဦးနဲ့ သေတပန် သက်တစ်ဆုံး ပေါင်းကြရတယ်ဆိုတာက အတော်ရှားတယ်လို့လည်း ပြောကြတယ်။ ဘယ်လိုပဲဖြစ်ပါစေ၊ ချစ်ဦးသူနဲ့ လမ်းခွဲကြရတယ်ဆိုအုံးတော့၊ သူနဲ့ပတ်သက်တာဆိုရင် အသေးအမွှားလေးက အစ မှတ်မိနေတတ်တယ်။ အကြောင်းတိုက်ဆိုင်လာတိုင်းလည်း ပြန်သတိရနေမိတတ်ပါတယ်။

အကြောင်းကြောင်းတွေကြောင့် အချစ်ဦးနဲ့ လမ်းခွဲခဲ့ရရင် အချစ်သစ် ထပ်မရှာတော့ဘဲ အချစ်ကိုကြောက်ရွံ့စိတ်နာသွားသူတွေ ရှိတတ်သလို၊ မျက်စိလည်လမ်းမှားပြီး တေတော ယောင်ချစ်သူတွေ့သွား၊ ချစ်မိသွားသူတွေလည်း ရှိတတ်ပါတယ်။ တအားကြီး ခွဲလမ်းသွားတာမျိုး မဟုတ်ဘဲ ဘဝရဲ့အစိတ်အပိုင်းလေးလေးလေးတစ်ခုအနေနဲ့ ကျန်တယ်ဆိုရုံလေး ချစ်မိတာမျိုးပေါ့။ အချို့အကြောင်းကြီး ချစ်ခဲ့တာ မဟုတ်ပေမဲ့ လမ်းခွဲကြပြီးလည်း သတိရနေတတ်တယ်။ ဘာပြဿနာမှ ကြီးကြီးမားမားမရှိဘဲ လမ်းခွဲခဲ့ကြတာမျိုးဆိုရင် အဲဒါ အပြောမပျက်၊ မိတ်ဆွေကောင်းတွေလို အဆင်အမင်မပျက် နေသွားနိုင်ကြပါတယ်။

တစ်ခါတစ်ခါတော့ အဲဒီလို ယောယီ ခဏ ချစ်နေကြတုန်း၊ တွဲနေကြတုန်းမှာ



တကယ်ချစ်ရတဲ့ချစ်သူကို ထပ်တွေ့သွားတာမျိုးလည်း ရှိတတ်ပါတယ်။ အသက်အရွယ်အရ ရုပ်ရည်သာနဲ့မဟုတ်တဲ့ ဦးနှောက်နဲ့စဉ်းစားပြီး ရွေးချယ်ချစ်ရတာဆိုတော့ အချစ်ဦးလိုတော့ ရူးရူးမူးမူး ဘယ်ချစ်ပါတော့မလဲ။ သို့သော် တည်ငြိမ်ရင့်ကျက်လာတဲ့ အချစ်ကြောင့် အရင်ချစ်ခဲ့ဖူးသူတွေထက် ပိုပြီးတယ်မက်မိသလို သူက ကိုယ့်အတွက် တကယ်အရေးပါတယ်။ သူနဲ့သာဆို အရာအားလုံးကို ရင်ဆိုင်နိုင်တယ်လို့ တွေးမိပြီး "သူနဲ့ ဘယ်တော့မှမခွဲဘူး၊ နေဝင်ချိန်အထိ ချစ်သွားမယ်"လို့ စိတ်ကူးတတ်လာပါတယ်။

ဒါပေမဲ့လေ.....

ဘဝဆိုတာမျိုးက ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ဖြစ်လာတာမဟုတ်တဲ့အတွက် ကိုယ်က ဘယ်လောက်ချစ်ချစ်၊ လူကြီးတွေ သဘောမတူလို့ဖြစ်စေ၊ ဘေးပတ်ဝန်းကျင်ရဲ့ အမှောင့်ပယောဂကြောင့်ဖြစ်စေ၊ စနိုက်ကြောင်းရှင်ကြတဲ့ ချစ်သည်းရှင်တွေကြောင့် ဖြစ်စေ ထပ်ပြီးတော့ လမ်းခွဲရတတ်ပါတယ်။

အဲဒီမှာမှ တစ်ခါတစ်ခါ ပိုဆိုးတတ်တာက ကိုယ့်သဘောဆန္ဒမပါဘဲ ကိုယ့်ရဲ့ဆက်ချစ်သွားရမဲ့ ချစ်သူက ဘယ်သူပါလို့ သတ်မှတ်ရွေးချယ်ပေးခြင်းခံရတာပါ။ ရှင်းပြဖို့ အခွင့်အရေးမရှိသလို ငြင်းပယ်နိုင်တဲ့ စွမ်းအားမရှိတဲ့အခါ ကံစီမံရာလို့ ယူဆရင်း "မချစ်သော်လည်း ဆောင်ကာနမ်း" ရပါတော့တယ်။

ဘဝမှာ အကြိမ်ကြိမ်ချစ်ခဲ့ရလို့ ကိုယ့်မှာ အချစ်တွေမကျန်တော့ဘူးလို့ ထင်မိကြတယ်။ "သူ့ကိုနှစ်စဉ်လို့သာ လက်တွဲရတာပါ ငါတကယ်မချစ်ဘူး" ဆိုတဲ့ အတွေးကြောင့် စိတ်တွေက ဖောက်ပြန်လာတတ်တယ်။ ချစ်သူနဲ့ တွေ့ကွင်းရတဲ့ဂုဏ်၊ မချစ်မနှစ်သက်သူနဲ့ လက်တွဲရတဲ့ ဒုက္ခနှစ်ခုကို တစ်ပြိုင်နက်တည်း ခံစားရတဲ့ ဝေဒနာကို အတော်လေး သည်းခံကြရတယ်။ "ယောနိသော မနသိကာရ" သင့်တင့်စွာ နှလုံးသွင်းနိုင်အောင် ကြိုးစားရတာကလည်း ခက်ခဲလှပါတယ်။

ကိုယ်ချစ်နေအောင် ချစ်ခဲ့ရတဲ့ ချစ်သူကလည်း အချစ်သစ်တွေ့သွားပြီဆိုတော့ ပြန်တွဲလို့မှ မရနိုင်တဲ့အတူတူ ခွဲလမ်းမနေတော့ဘဲ ပေါက်တဲ့နဖူး မထူးတော့ပါဘူး ဆိုပြီး အနားမှာရှိတဲ့သူ၊ လူကြီးတွေစီစဉ်ပေးတဲ့ သူကိုပဲ ချစ်နိုင်အောင်ကြိုးစားရတော့တယ်။

ချစ်တာ မချစ်တာထက် ပစ်စရာလည်းမရှိဘူး၊ ပစ်ပစ်ခါခါ လုပ်စရာအကြောင်းလည်း မရှိဘူးဆိုတော့ မထူးဇာတ်ခင်းပြီး ချစ်နိုင်အောင်ကြိုးစားရတော့တာပေါ့ရှင်။

တကယ်တမ်း လက်တွဲကြည့်လိုက်တော့ လူကြီးတွေစီစဉ်ပေးသူလည်း မဆိုးရှာပါဘူး။ သူလည်း ကိုယ့်ကိုမချစ်ဘူးဆိုပေမဲ့ ပစ်ပစ်ခါခါတော့ သူ မရက်စက်ရှာပါဘူး။ ပြီးတော့ တစ်နေ့သောအခါ ကိုယ့်ကို အလေးထားပြီး နေရာပေးတတ်တာလေးပါ။ အဲဒီတစ်ခုတည်းနဲ့တင် သူနဲ့ သူ့ပတ်ဝန်းကျင်ကိုချစ်နိုင်အောင် ကြိုးစားဖို့ ဆုံးဖြတ်ချက်ချလိုက်တာမျိုးလည်း ရှိတတ်ပါတယ်။ ဒီအခါမှာတော့ သူ့အတွက် ကိုယ်ဘာလုပ်ပေးနိုင်မလဲ၊ ကိုယ် ဘာတွေဖြည့်ဆည်းပေးရင် သူ့ပတ်ဝန်းကျင် သာယာလှပလာမလဲဆိုတာတွေပါ တွေးမိလာပြီး စိတ်



**လမ်းခွဲခဲ့ရတဲ့ ချစ်သူ၊**
**ချစ်ခွင့်မရတော့တဲ့ ချစ်သူကို**
**တမ်းတနေမဲ့အစား**
**ချစ်ခြင်းကို ခွဲခဲ့သူတွေကို**
**စိတ်နာနေမဲ့အစား**
**လတ်တလော**
**ချစ်ခွင့်ရနေသူလေးကို**
**စိတ်ရင်းနဲ့**
**တကယ်ချစ်နိုင်အောင်**
**ကြိုးစားရင်း • • •**

ကူးတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားလာတတ်ကြပါတယ်။

လမ်းခွဲခဲ့ရတဲ့ ချစ်သူ၊ ချစ်ခွင့်မရတော့တဲ့ ချစ်သူကို တမ်းတနေမဲ့အစား၊ ချစ်ခြင်းကို ခွဲခဲ့သူတွေကို စိတ်နာနေမဲ့အစား လတ်တလော ချစ်ခွင့်ရနေသူလေးကို စိတ်ရင်းနဲ့ တကယ်ချစ်နိုင်အောင် ကြိုးစားရင်း ချစ်ခွင့်ရတဲ့အချိန်အထိ ချစ်နိုင်သမျှ ချစ်ပေးဖို့ ကြိုးစားလာတတ်ပါတယ်။

အစားထိုးလိုက်တာမျိုးမဟုတ်ဘဲ ရှင်သန်နေဆဲ အချစ်တွေနဲ့ သူ့အတွက် ဘာဖြည့်ဆည်းပေးနိုင်မလဲဆိုတာ အမြဲတွေးအားပြီး သူပျော်ဖို့လည်း အစွမ်းကုန်ကြိုးစားလာတတ်ပါတယ်။ စိတ်ရင်းအတိုင်း တကယ်ချစ်သွားဖို့ အနိုင်အမာ ဆုံးဖြတ်လိုက်တဲ့အတွက် အရင်ကထက်မလျော့တဲ့ အချစ်တွေနဲ့ ချစ်သွားနိုင်မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူးပေါ့ရှင်။

အဲဒီလို ချစ်နေရင်းကမှ "မဟုတ်ဘူး၊ နင် သူ့ကိုဆက်မချစ်နဲ့၊ သူနဲ့ လမ်းခွဲရမယ်"လို့ အတင်းအကျပ်ပြောလာတဲ့ တစ်နေ့ကျ ခံနိုင်ရည်ရှိအောင်လည်း ကြိုတင်ပြင်ဆင်ထားရအုံးမယ်။ အဲဒီလိုပဲ၊ အရွယ်လွန် အိုကြီး အိုမကျမှ နောက်ထပ် အချစ်သစ် ရှာဖွေကြရင်လည်း နူးညံ့တဲ့စိတ် အစဉ်နဲ့ ချစ်နိုင်အောင်ကြိုးစားကြရမှာပါ။ အချစ်နဲ့မကင်းနိုင်သမျှတော့ ချစ်နိုင်ဖို့ ကြိုးစားနေရမှာဆိုတာ ဘယ်သူမှ ငြင်းလို့မရနိုင်ပါဘူး။

အချစ်တွေကြောင့် လှပနေတဲ့ လောကကြီးထဲမှာ ကျင်လည်နေရတဲ့ လူသားတွေရဲ့ အချစ်တွေက ထာဝရရှင်သန်နေဖို့ လိုအပ်ပါတယ်။

ကျွန်မကတော့ အချစ်ဦးနဲ့တွေ့ခဲ့စဉ်က ပျော်ရွှင်ခဲ့ရသလို၊ ခုထက်ထိချစ်ခဲ့တဲ့ ယာယီချစ်သူလေးကိုလည်း အမှတ်ရနေဆဲပါပဲ။ ဘဝမှာ အချစ်ဆုံးလို့ ပြောလို့ရတဲ့

တကိုယ်ချစ်သူကတော့ ဘယ်လိုမှ မေ့မရတဲ့သူ ဖြစ်ခဲ့ပါသည်။ ချစ်လျက်နဲ့ ခွဲခွာခဲ့ရတာဖြစ်လို့ ယူကျုံးမရလည်း ဖြစ်မိပါတယ်။ သူတို့အားလုံးက သူ့အချိန်နဲ့သူ ကျွန်မရဲ့ အချစ်ဆုံးတွေ ဖြစ်ခဲ့တယ်။ သူများက မကောင်းပြောလာရင် မခံချင်လောက်အောင်ကို သည်းသည်းလှုပ်ချစ်ခဲ့တယ်။ သူတို့အတွက် ကျွန်မရဲ့အချစ်တွေနဲ့ အရွှမ်းကုန် စိတ်ရင်းအတိုင်းချစ်ပေးရင်း အတတ်နိုင်ဆုံး လှပတင့်တယ်စေခဲ့ပါတယ်။

ငယ်ထိန်းတစ်ယောက်ဖြစ်တဲ့ ကျွန်မ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုတဲ့ သစ်ပင်ကြီးရဲ့အရိပ်မှာခိုရင်း သူရဲ့ အကိုင်းအခက်တွေဖြစ်တဲ့ ဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်ရင်း တာဝန်ကျေအောင် ကြိုးစားခဲ့သလို အရိပ်နေနေ၊ အခက်ချိုးချိုး မဖြစ်အောင်၊ မှီရာခဲ့ဖူးတဲ့ ကျေးဇူးတရားကို မေ့မသွားအောင်လည်း အမြဲဆင်ခြင် နေထိုင်ခဲ့ပါတယ်။ ရောက်ရာဌာနမှာ တာဝန်ကျေအောင် ထမ်းဆောင်ခဲ့တဲ့ ကျွန်မရဲ့စိတ်ရင်းနဲ့ ကြိုးစားအားထုတ်မှုတွေကတော့ ကျွန်မရဲ့အချစ်တွေလို့ ပြောလို့ရပါတယ်။

ပုံဆောင်ခဲထမ်းဘဝက တာဝန်ကျခဲ့ဖူးတဲ့ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ကို ဖယ်လိုက်ရင် ကျွန်မရဲ့ ပထမဆုံးချစ်သူလို့ ပြောလို့ရတဲ့ ၁၈ နှစ်နီးပါး ချစ်ခဲ့ရတဲ့ "မြို့ပြစီမံကိန်းနဲ့ မြေစီမံခန့်ခွဲမှုဌာန"----

နှစ်လတာနီးပါး စတာလေးသာချစ်ခဲ့ရတဲ့ ယာယီချစ်သူဖြစ်တဲ့ "စီမံရေးရာဌာန"----

နှလုံးသားနဲ့သာမက ဦးနှောက်နဲ့ပါ ချစ်မိပြီး အချစ်ပိုခဲ့ရတဲ့ Urban လို့ အများသိကြတဲ့ "မြို့ပြစီမံကိန်းဌာန"---- (သူနဲ့လက်တွဲခဲ့တာက ဆယ်နှစ်ခွန်းခွန်း)

သူတို့ သူတို့တွေကို ချစ်ခဲ့ဖူးသလို

**တကယ်လို့များ**
**အကြောင်းကြောင်းတွေကြောင့်**
**သူနဲ့ခွဲပြီး**
**နောက်ထပ်တစ်ယောက်ကို**
**ပြောင်းချစ်ပါလို့**
**ဆိုလာရင်လည်း**
**ထပ်ချစ်နိုင်ဖို့**
**ကျွန်မကြိုးစားအုံးမှာပါ။**
**မျက်နှာများတဲ့သူရယ်လို့**
**အပြစ်မဆိုကြဘဲ . . .**



အခုနေမှာ လက်တလောတွဲလျက်နေမှာ ကျွန်မချစ်ရမဲ့သူက "ဟော်တယ်ယာဉ်ရေး စီမံခန့်ခွဲရေးနဲ့ ထိန်းသိမ်းရေးဌာန"

ဘယ်လောက်ကြာကြာ ချစ်ခွင့်ရမှာလဲ။ ကျွန်မအတွက် နောက်ဆုံးအချစ်ဖြစ်မှာလားဆိုတာ အခုမှ သေချာတပ်အပ် မပြောနိုင်ပေမဲ့ ကျွန်မ သူ့ကို အစွမ်းကုန် ချစ်သွားမှာပါ။ အရင်ချစ်သူတွေကိုပေးခဲ့တဲ့ အချစ်တွေထက် မလျော့အောင်ချစ်မှာပါ။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနဲ့ သူ့အတွက် ပိုကောင်းမယ်ထင်တဲ့အရာတွေ ဖန်တီးပေးနိုင်ဖို့ ကြိုးစားမှာပါ။

တကယ်လို့များ အကြောင်းကြောင်းတွေကြောင့် သူနဲ့ခွဲပြီး နောက်ထပ်တစ်ယောက်ကို ပြောင်းချစ်ပါလို့ ဆိုလာရင်လည်း ထပ်ချစ်နိုင်ဖို့ ကျွန်မကြိုးစားအုံးမှာပါ။ မျက်နှာများတဲ့သူရယ်လို့ အပြစ်မဆိုကြဘဲ ကျွန်မရဲ့အချစ်တွေကို နားလည်ပေးနိုင်ကြမယ်လို့ မျှော်လင့်မိပါတယ်။

တကယ်တော့ "အချစ်ဟာ အဖြေရှာမရတဲ့ ပုစ္ဆာ"လို့ ပြောကြပေမဲ့ ကျွန်မအမြင်မှာတော့ ကိုယ်ကချစ်နေဖို့သာ အဓိကပါ။ ကိုယ့်ရဲ့အချစ်တွေ အမြဲရှင်သန်နေဖို့သာ လိုတာပါ။

ရှင်သန်ဆဲ ကျွန်မရဲ့အချစ်တွေနဲ့ ကျွန်မ ချစ်ခွင့်ရနေသူကို ချစ်ခွင့်ပေးသလောက် ချစ်နေနိုင်ဖို့ ဆက်ချစ်နိုင်ဖို့ ကျွန်မ ကြိုးစားနေသလို အားလုံးလည်း ချစ်နိုင်အောင် ကြိုးစားနိုင်ကြပါစေရှင်။

ကျွန်မတို့အားလုံးရဲ့ ရှင်သန်ဆဲအချစ်တွေနဲ့ ကျွန်မတို့ အရိပ်ခိုရာ ပတ်ဝန်းကျင်အတွက် အရာရာတိုင်းကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးနိုင်ဖို့ ကြိုးစားကြပါစို့လားရှင်။

**ရှင်သန်ဆဲအချစ်များဖြင့်**
**မရွှေဦးမီး**



# သတိပြုရမည့် ဇီဝအဆိပ်အန္တရာယ်

ဒေါက်တာမင်းလှိုင်

ဇီဝအဆိပ်အမျိုးစုသည် လူ၏ ခန္ဓာကိုယ်ထဲသို့ အစားအသောက်များမှ တစ်ဆင့် ဝင်ရောက်သွားပါက အစာအဆိပ်သင့်ရောဂါ ဖြစ်စေနိုင်ပါသည်။ ဇီဝလက်နက်တစ်မျိုးအဖြစ် ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်နိုင်ပါသည်။ မိသားစုအတွင်းဖြစ်စေ၊ ပတ်ဝန်းကျင်၌ဖြစ်စေ အစာအဆိပ်သင့်မှုတစ်ခုခု ဖြစ်ပေါ်လာပါက အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါသည်။ ထို့အတူ ဇီဝအဆိပ်နှင့် ပိုးမွှားများကို အသုံးချပြီး လူအများ ထိခိုက်အန္တရာယ်ဖြစ်စေရန် တစ်ဦးတစ်ဦးက ပြုလုပ်နိုင်သည်ကို သိရှိထားရန် လိုအပ်ပါသည်။ ဇီဝအဆိပ်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးနိုင်၍ သတိပြုရမည် ဖြစ်ပါသည်။

**(၁)ဇီဝအဆိပ် (Biological Toxin)ဆိုသည်မှာ**

ဇီဝအဆိပ်ဆိုသည်မှာ သက်ရှိများနှင့်ပတ်သက်သည့်အဆိပ်ကို ရည်ညွှန်းဆိုလိုခြင်းဖြစ်ပါသည်။ သက်ရှိများနှင့်ပတ်သက်သော အဆိပ်များတွင် သတ္တဝါအဆိပ်နှင့် အပင်အဆိပ်ဟူ၍ နှစ်မျိုးရှိပါသည်။ သတ္တဝါနှင့် အပင်နှစ်မျိုးလုံးတွင် သာမန်မျက်စိဖြင့် မမြင်ရသော ဘက်တီးရီးယား၊ မှိုရောင်စုံ၊ ကပ်ပါးကောင်နှင့် အယ်လ်ဂျေး (Algae) ရေညှိပင်များပါဝင်ပါသည်။ ထို့အပြင် မြေထဲ ရေထဲနှင့် လေထုအတွင်း အသက်ရှင်နေထိုင်လျက်ရှိသော တိရစ္ဆာန်များအားလုံးနှင့် အပင်ငယ် အပင်ကြီး၊ အကောင်ကြီးများလည်း ပါဝင်ပါသည်။




**(၂)အစာအဆိပ်ဖြစ်စေသော ပိုးမွှားနှင့် အဆိပ်များ**

အစာအဆိပ်ဖြစ်စေသောပိုးမွှားများ စတက် ဖိုင်လိုကော့ကပ်စ်အော်ရီးယပ်စ် (Staphylococcus aureus)၊ ဘက်စီးလပ်စ်စီရီယပ်စ် (Bacillus cereus)၊ ကလော့စ်ထရီဒီယမ် ဘိုကျူလီနမ် (Clotridium botulinum) ကလော့စ်ထရီဒီယမ် ပါဖရင်ဂျင်စ် (Clotridium pertringens) နှင့် အက်ရှ်ရီရှီးယားကိုလိုင် (Escherichia coli)တို့ ဖြစ်ပါသည်။





အစာအဆိပ်ဖြစ်စေသော အဆိပ်များမှာ ဟစ်စတမင်း (Histamine)၊ တီတူး မိုင်ကိုတောက်စင် (T-2 mycotoxin)၊ အေမန်နီတင် (Amanitin)၊ အယ်လ်ဖလာတောက်စင် (Aflatoxin) နှင့် ဒီဂျန်ကိုလစ် အက်ဆစ် (Djankolic acid) တို့ ဖြစ်ပါသည်။

**(၃) စတက်ဖိုင်လိုကော့ကပ်စ် အောရီးရပ်စ်**


စတက်ဖိုင်လိုကော့ကပ်စ် အောရီးရပ်စ် ရောဂါပိုးကို လက်တွင်ပြည်တည်နာရှိနေသော အစားအသောက် ကိုင်တွယ်သူထံမှ ဝယ်ယူရရှိသော အစားအသောက်တွင် တွေ့ရှိနိုင်ပါသည်။ အရေပြားနှင့် အချွဲအမြှေးပါး (နှာခေါင်းအတွင်း) တွင် များသောအားဖြင့် တွေ့ရပါသည်။ ၎င်းပိုးမှ ထွက်ရှိသော စတက်ဖိုင်လိုကိုကယ်လ်အန်တီရိုတောက်စင်ဘီ (Staphylococcal Enterotoxin B) သည် ပွက်ပွက်ဆူအောင် ပြုတ်ပြုတ်မှုကိုခံနိုင်ရည်ရှိပါသည်။ ၎င်းအဆိပ်ပါနေသော အစာသည် မူရင်းသဘာဝအတိုင်း အရောင်၊ အနံ့၊ အရသာ မပျက်မပျွင်းရှိနေတတ်ပါသည်။

စတက်ဖိုင်လိုကော့ကပ်စ် အောရီးရပ်စ် ရောဂါပိုးပါသော အစားအသောက်များကို စားသုံးသောသူများသည် အပြင်းအထန် ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်းစသည့် အစာအိမ်လမ်းကြောင်း အဆိပ်သင့်မှုကို ခံစားရပါသည်။ ပို၍ပြင်းထန်ပါက နမိုနီးယား ဘက်တီးရီးယား သွေးဆိပ်တက်ခြင်း၊ အရိုးရောင်ရမ်းခြင်းနှင့် အူရောင်ခြင်း (Enterocolitis) များ ခံစားရနိုင်ပါသည်။

ကာကွယ်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ အစားအသောက်ကို ဝယ်ယူစားသုံးပါက ၎င်းကို ပြင်ဆင်ကိုင်တွယ်သူ၏ ကိုယ်ခန္ဓာပေါ်၌ (အထူးသဖြင့် လက်များတွင်) ပြည်တည်နာများရှိမရှိ သတိထားပြီးမှ ဝယ်ယူစားသုံးသင့်ပါသည်။

**(၄) ဘာစီးလပ်စ် စီရီယပ်စ်**

ဘာစီးလပ်စ်စီရီယပ်စ်ရောဂါပိုးကို ဈေးကွက်တွင်ရောင်းချနေသည့် အများပြည်သူစားသုံးသော နို့နှင့် နို့ထွက်ပစ္စည်း အချို့တွင် တွေ့ရှိရပါသည်။ ၎င်းပိုးသည် အဆိပ်သင့်မှုဝေဒနာ ခံစားရစေတတ်သော Toxin (အဆိပ်) ကို ထုတ်ပေးနိုင်ပါသည်။




အဆိပ်ပါသော အစားအသောက်များကို စားသုံးသူတိုင်းတွင် အပြင်းအထန် ဗိုက်နာခြင်း၊ အန်ခြင်း၊ ဝမ်းပျက်ခြင်းစသည့် အစာအိမ်လမ်းကြောင်း အဆိပ်သင့်မှု လက္ခဏာများကို ဖြစ်ပေါ်စေပါသည်။ ကာကွယ်ရန်နည်းလမ်းမှာ စနစ်တကျ ပြီး



သန့်စင်ပြီး သိုလှောင်သိမ်းဆည်းထားသော နို့နှင့် နို့ထွက်ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူစားသုံးသင့်ပါသည်။

တက်စီးလပ်စ်စီးစီးယပ်စ် အဆိပ်သင့်မှုကို ထမင်းကြော်များ၌ အဓိကတွေ့ရပါသည်။ ထမင်းကြော်ကို အပူပေးပြီး ပြန်နွေးခြင်းသည် အဆိပ်ပါဝေရာဂါပိုး၊ ပေါက်ပွားမှုကို အားပေးသဖြင့် စားသောက်ဆိုင်များအနေဖြင့် သတိထားသင့်သောအချက်ဖြစ်ပါသည်။

**(၅) ကလော့စ်ထရီဒီယမ် ဘိုကျူလီနမ်**

ကလော့စ်ထရီဒီယမ် ဘိုကျူလီနမ်ပိုးကို ငါးခြောက်အချို့တွင် တွေ့ရှိရပါသည်။ ၎င်းတို့၏ အဆိပ်ပါရှိသော အစားအသောက်ကို စားသောက်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ကြွက်သားများ၏ လုပ်ငန်းများရပ်ဆိုင်းကာ လူ၏အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ပါသည်။

ကာကွယ်ရန်အကောင်းဆုံးနည်းလမ်းမှာ ရောင်းချ ပြင်ဆင်၊ သိမ်းဆည်း၊ ချက်ပြုတ်ရာတွင် အထူးသန့်ရှင်းမှု ရှိစေရန် လိုအပ်ပါသည်။ ၎င်းပိုးသည် လေမရှိသောနေရာတွင် အဓိကပေါက်ပွားသည် ဖြစ်၍ စည်သွပ်ဗူးများထဲတွင် ပါရှိနိုင်ပါသည်။ စည်သွပ်ဗူးများကို ဖွင့်မဖောက်မစားသုံးမီ ၎င်းဗူးသည် ပုံမှန်အနေအထားမှန်မမှန် စစ်ဆေးရန်လိုအပ်ပါသည်။ စည်သွပ်ဗူးသည် အပေါ်အောက် သို့မဟုတ် ဘေးနံရံများ ပြင်ညီမဟုတ်ဘဲ ဖောင်းပွနေပါက ၎င်းရောဂါ ပိုးပေါက်ပွားမှု ရှိနေနိုင်သဖြင့် ၎င်းဗူးမျိုးကိုစားသုံးခြင်း၊ ဝယ်ယူခြင်းမှ ရှောင်ကြဉ်ရပါမည်။ ၎င်း ဗူးမျိုးကို ဂရုစိုက်၍ ဖျက်ဆီးပစ်ရန် အထူးလိုအပ်ပါသည်။

**(၆) ကလော့စ်ထရီဒီယမ် ပါဖရင်းဂျင်းစ်**

ကလော့စ်ထရီဒီယမ် ပါဖရင်းဂျင်းစ် ရောဂါပိုးကို အများစားသုံးလေ့ရှိသော လက်လုပ်ရည်များတွင် တွေ့ရှိရပါသည်။ ၎င်းပိုးသည် အစာအဆိပ်ဖြစ်စေနိုင်သဖြင့် သတိထားရပါမည်။ ကာကွယ်ရန်နည်းလမ်းမှာ လက်လုပ်ရည်များကို ဝယ်ယူသုံးဆောင်လိုပါက မစားမီ ရေနွေးပွက်ပွက်ဆူနှင့် သေးကြော်ခြင်းဖြင့် ၎င်းပိုးကို ဖယ်ရှားနိုင်ပါသည်။

**(၇) အဘင်နီရှိုရှိုးဟောစ်တိုက်ဒ်ဒ် (အီးကိုလိုင်)**

အီးကိုလိုင်ပိုးနှင့် ၎င်းမှထွက်သော အဆိပ်ကို လမ်းဘေးစျေးဆိုင်များတွင် ရောင်းချသည့် ဝက်၊ ကြက်၊ ဆိတ် အသားကင်များတွင် တွေ့ရှိရပါသည်။


အီးကိုလိုင်ပိုးနှင့် ၎င်းမှထွက်ရှိသော အဆိပ်သည် ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်းစသည့် လက္ခဏာများ ခံစားရသော အစာအိမ်လမ်းကြောင်း အဆိပ်သင့်မှုကို ဖြစ်စေပါသည်။ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ အသားကင်များကို ရောင်းချရန်ပြင်ဆင်သည့်နေရာ၏ သန့်ရှင်းမှုကို အထူးဂရုပြုဆောင်ရွက်ရပါမည်။ အစားအသောက်ကို ကိုင်တွယ်သူ၏ တစ်ကိုယ်ရည်သန့်ရှင်းမှုကို အလေးထား မြှင့်တင်ရမည်ဖြစ်ပါသည်။

**(၈) ဟစ်တာမင်း(Histamine)**

ဟစ်တာမင်းအဆိပ်ကို လူစားသုံးမှုများသော ငါးပေါင်းအမျိုးမျိုးတွင် တွေ့








ရှိနိုင်ပါသည်။ ဟစ်တမင်းဓာတ်သည် လတ်ဆတ်မှုမရှိသော ငါးများ၌ ပေါ်ထွက်လာကာတတ်ပါသည်။ ငါးကို ဈေးမှဝယ်ယူလာပြီးနောက် ချက်ချင်းမချက်ပြုတ်ဘဲ အခန်းအပူချိန်၌ အချိန်ကြာမြင့်စွာ ထားပါက ၎င်းငါး၌ပါရှိတတ်သော ဘက်တီးရီးယားပိုးများမှထွက်သည့် (Histidine decarboxylase enzyme)သည် ငါး၏ အသားထဲတွင် ရှိနှင့်ပြီးဖြစ်သော (Histidine) ဓာတ်ကို (Histamine) အဆိပ်ဓာတ်အဖြစ် ပြောင်းလဲပစ်လိုက်ပါသည်။ ၎င်း (Histamine) ဓာတ်ပါသော ငါးကိုစားမိသောအခါ အစာအဆိပ်သင့်မှုကိုဖြစ်စေပါသည်။ ကာကွယ်ရန်နည်းလမ်းမှာ ငါးကိုဝယ်ယူလာပြီးချက်ချင်းချက်ပြုတ်ရန်နှင့် အခန်းအပူချိန်၌ ကြာရှည်စွာ မထားရန်ဖြစ်ပါသည်။

**(၉) ဗော်တုးမိုင်ကိုတောက်စင်**

ဖန်းဂပ်စ် (Fungus) မှိုတစ်မျိုးဖြစ်သည့် ဗော်တုးမိုင်ကိုတောက်စင်ကို လူတို့စားသုံးသော မြေပဲအမျိုးမျိုး (မြေပဲကြော်၊ မြေပဲလှော်၊ အခွံပါမြေပဲစိမ်း၊ အခွံမပါမြေပဲစိမ်း၊ မြေပဲပြုတ်၊ မြေပဲဆီ၊ မြေပဲချဉ်ဖတ်၊ မြေပဲထောပတ်) တွင် ရှာဖွေရာ၌ မြေပဲလှော်၊ အခွံမပါမြေပဲစိမ်း၊ မြေပဲချဉ်ဖတ်နှင့် မြေပဲကြော်အချို့တွင် တွေ့ရှိရပါသည်။ ဗော်တုးမိုင်ကိုတောက်စင်သည် လူတွင် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုဖြစ်စေပါသည်။

တိရစ္ဆာန်များတွင် မျိုးပွားစွမ်း ကျစေခြင်း၊ ကြီးထွားမှုနှေးကွေးစေခြင်းကို ဖြစ်ပေါ်စေပါသည်။ မြေပဲကို ခြောက်သွေ့သန့်ရှင်းသောနေရာများတွင် စနစ်တကျထားရှိ သိုလှောင်ခြင်းဖြင့် မှို (Fungus) ပေါက်ပွားမှုကို တားဆီးနိုင်ပြီး အဆိပ်သင့်မှုကို ကာကွယ်ဟန့်တားနိုင်ပါသည်။

**(၁၀) အေမနိတင်း(Amanitin)**

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် မှိုအဆိပ်သင့်မှုဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။ လူကိုသေစေနိုင်သော အေမနိတင်းအဆိပ်ကို မှိုဖြည့်နယ်တွင် တွေ့ရှိရပါသည်။ မှိုကြောင့် အသက်ဆုံးရှုံးခြင်းသို့မဟုတ် အဆိပ်သင့်မှု ဝေဒနာခံစားရခြင်းမဖြစ်စေရန် အကောင်းဆုံးနည်းလမ်းမှာ မိမိစားနေကျ မှိုအမျိုးအစားမဟုတ်လျှင် မိမိမသိသော မမြင်ဘူးသော အရောင်အသွေးဖြစ်နေလျှင် လုံးဝမစားရန်ဖြစ်ပါသည်။

**(၁၁) အယ်ဖလာတောက်စင်ဘီဝမ်း (Aflatoxin B1)**

အယ်ဖလာတောက်စင်ဘီဝမ်းကို ရှောက်သီးမှုန့်များ၌ တွေ့ရှိရပါသည်။ အယ်ဖလာတောက်စင်ဘီဝမ်းသည် စနစ်တကျသိုလှောင်သိမ်းဆည်းမှုအားနည်းသည့် စားသောက်ကုန် ပစ္စည်းများတွင် ပေါက်ဖွားလေ့ရှိသော မှို (Fungus) တစ်မျိုးဖြစ်သည့် အက်စ်ပါးဂျီလပ်စ်စပီးစီး (Aspergillus Species) များမှတစ်ဆင့်ဖြစ်လာပါသည်။ အယ်ဖလာတောက်စင်ဘီဝမ်းသည် စားသောက်ကုန်၌ပါဝင်နေသော်လည်း ၎င်းအစားအစာသည် အရောင်၊ အနံ့ အရသာ ပြောင်းလဲသွားခြင်းမရှိပါ။ (Aspergillus)














သည် သာမန်မျက်စိနှင့် မမြင်နိုင်သည့် အတွက် စားသောက်ကုန်များ၌ ပါရှိနေမှုကို အလွယ်တကူမသိနိုင်ပါ။ သို့ဖြစ်ပါ၍ မိမိကိုယ်ကိုယ်ကာကွယ်ရန်အတွက် သန့်ရှင်းလတ်ဆတ်သည်ဟု ယုံကြည်စိတ်ချရမည့်ဈေးဆိုင်မှသာ ဝယ်ယူသုံးစွဲကြရပါမည်။

**(၁၂) ဒီဂျန်ကိုလစ်အက်ဆစ်(Djankolic acid)**

ဒီဂျန်ကိုလစ်အက်ဆစ်ကို လူ၏ ကျောက်ကပ်ကိုထိခိုက်စေနိုင်သော တညင်းသီး၌ ပါရှိပါသည်။ တညင်းသီးကို ပုံစံအမျိုးမျိုးပြုလုပ်၍ စားသုံးခြင်းဖြင့် (Djankolic acid) ပါဝင်မှုပမာဏ အနည်းငယ်လျော့သွားပါသည်။ သို့ရာတွင် တညင်းသီးကို အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်ရပါမည်။ အဆိုပါဓာတ်သည် အစာအိမ်ထဲသို့ရောက်ရှိသည့်အခါတွင် အပ်ချောင်းပုံ အနည်ကျသွားပါသည်။ ၎င်းအနည်ကို သွေးကြောများမှ စုပ်ယူပြီးနောက် သွေးလှည့်အဖွဲ့မှတစ်ဆင့် ကျောက်ကပ်သို့ရောက်ရှိကာ ကျောက်ကပ်ပြွန်ငယ်အချို့အား ပိတ်ဆို့စေပြီး ရေရှည်တွင် ကျောက်တည်မှုဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် တညင်းသီးကို အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်ရပါမည်။

**(၁၃) ဇီဝလက်နက်အဖြစ်အသုံးပြုသော အဆိပ်နှင့် ရောဂါပိုးမွှားများ**

လူအများကို ထိခိုက်အန္တရာယ်ဖြစ်စေရန်အတွက် ဇီဝလက်နက်အဖြစ် အသုံးပြုသောအဆိပ်နှင့် ရောဂါပိုးမွှားများကို သိရှိထားရန်လိုအပ်ပါသည်။ အစာအဆိပ်ဖြစ်စေသော (Staprylococcal Enterotoxin B)၊ အစာအဆိပ်သင့်မှုမှတစ်ဆင့် အသက်ရှုရပ်သေဆုံးသည့်အထိ ဖြစ်စေသော (Botulinum Toxin)၊ ကာလဝမ်းရောဂါဖြစ်စေသော Vibrio (cholaeae Q-139)၊ အရေပြားနှင့် အဆုတ်တွင် ရောဂါအပြင်းအထန်ဖြစ်စေသော(Anthrax Spore)၊ ပလိပ်ရောဂါဖြစ်စေသော (Yersenia pestis)၊ ကျောက်ရောဂါဖြစ်စေသော (Small pox virus) နှင့် ကြက်ဆူဆီ ထုတ်ယူသော ကြက်ဆူပင် (Ricinus communis) ၏ အစေ့မှရသော (Ricin Toxin) တို့ ဖြစ်ပါသည်။

အကြမ်းဖက်သမားတစ်ဦးဦးသည် ဇီဝအဆိပ် သို့မဟုတ် ပိုးမွှားများကို သုံးစွဲပြီး အကြမ်းဖက်မှုကို ဖန်တီးနိုင်ပါသည်။ အကြမ်းဖက်မှုဖြစ်ပါက ဖြစ်သောနေရာသို့ ဆောလျင်စွာသွားရောက်ရပါမည်။ ဖြစ်စဉ်တွင် ထိခိုက်ခံသူများကိုကူညီရန် (First Responder Team) ကို စနစ်တကျဖွဲ့စည်းပြီး တစ်နာရီအတွင်း ရောက်နိုင်အောင် လေ့ကျင့်ထားရပါမည်။ ဖြစ်စဉ်တွင်



ထိခိုက်ခံစားသူများကို စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများကို (၂၄)နာရီ အသင့်ထားရှိရပါမည်။ ၎င်းဖြစ်စဉ်ပေါ်ပေါက်သည့်နေရာကို ပိုးမွှားသန့်စင်ပေးနိုင်ရန်အတွက် လိုအပ်သည့် ဓာတုပစ္စည်းများကို စုဆောင်းထားရှိရပါမည်။ အရေးပေါ်ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ပါဝင်ပတ်သက်သော ရောဂါပိုးသို့မဟုတ် အဆိပ်ကို ချက်ချင်းသိနိုင်ရန် အတွက်စမ်းသပ်ရာ၌ လိုအပ်သည့် (Rapid Test Kits) များကို အဆင်သင့် စုဆောင်းထားရန်လိုအပ်ပါသည်။



**(၁၄) ဇီဝအဆိပ်အန္တရာယ်ကို ကာကွယ်ခြင်း**

ဇီဝအဆိပ်အန္တရာယ်ကို ကြိုတင်ကာကွယ်ရပါမည်။ အစားအသောက်များကို မိမိဘာသာ ချက်ပြုတ်စားသောက်မည်ဆိုပါက လတ်ဆတ်သည့် သားငါး၊ ဟင်းသီးဟင်းရွက်များကို ရွေးချယ်ဝယ်ယူရပါမည်။ သားငါး၊ အသီးအရွက်များကို ချက်ပြုတ်ရန်ပြင်ဆင်သည့် အခန်းနေရာ၊ ဓား၊ စဉ့်တီတုံး၊ ဒယ်၊ အိုး၊ ပန်းကန်များကို အထူးသန့်ရှင်းစွာထားရန်လိုအပ်ပါသည်။ ၎င်းတို့ကို ကြွက်၊ ပိုးဟပ်၊ ယင်ကောင်၊ ကြောင်၊ ခွေး၊ အိမ်မြှောင်၊ ပုရွက်ဆိတ်စသည့် ပိုးမွှားတိရစ္ဆာန်များ မဝင်ရောက်နိုင်ရန်လည်း ကာကွယ်ထားရပါမည်။

ချက်ပြုတ်ပြီးအစားအသောက်များကိုလည်း ကြာရှည်သိမ်းဆည်းမထားဘဲ အမြန်ဆုံးစားသောက်ရပါမည်။ အကယ်၍ မဖြစ်မနေ သိမ်းဆည်းရမည်ဆိုပါက အအုံးအကာများဖြင့် လုံလုံခြုံခြုံထားရပါမည်။ အစားအသောက်များကို အခန်းအပူချိန်၌ထားပါက ပိုးမွှားပေါက်ပွားရန် အကောင်းဆုံး အနေအထားဖြစ်သည့်အတွက် တတ်နိုင်ပါက ရေခဲသေတ္တာထဲ၌ အေးစွာသိမ်းဆည်းထားခြင်းသည် ပိုးမွှားပေါက်ပွားနိုင်ခြေကို နည်းစေပါသည်။ အစားအသောက်များကို တည်ခင်းရန်အတွက် ကိုင်တွယ်ပြင်ဆင်သူသည်လည်း အစားအသောက် ချက်ပြုတ်သူကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်းရေး အထူးကောင်းမွန်ရန်လိုအပ်ပါသည်။ ကိုယ်တိုင်ချက်ပြုတ်ခြင်းမဟုတ်ဘဲ ပြင်ပမှဝယ်ယူစားသောက်မည်ဆိုလျှင် အစေအရောင်းရှိသောနေရာနှင့် ၎င်းပတ်ဝန်းကျင်၊ ရောင်းချနေသူ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဖုံးအုပ်ထားရှိမှု စသည်များကို လေ့လာပြီးမှ ဝယ်ယူစားသောက်ရပါမည်။

**(၁၅) အကြံပြုချက်**

ဇီဝအန္တရာယ်ကို လျှော့ကျအောင်ပြုရန် လိုအပ်ပါသည်။ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ဝယ်ယူစားသောက်ရပါမည်။ ထုပ်ပိုးရောင်းချသော အစားအသောက်ကုန်ပစ္စည်းများ၏ ထုတ်လုပ်သောရက်စွဲ၊ ကုန်ဆုံးသောရက်စွဲကို ကြည့်၍ ဝယ်ယူရပါမည်။ ရက်လွန်အစားအသောက်ကုန်ပစ္စည်းများကို ဝယ်ယူစားသောက်ခြင်းမပြုလုပ်ရပါ။ အစားအသောက် ပြင်ဆင်၊ ချက်ပြုတ်၊ ရောင်းချသူများသည် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ရပါမည်။ ဇီဝအဆိပ်များသည် သတ္တဝါများနှင့် အပင်များတွင် ပါရှိတတ်၍ သတိထားရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာမင်းသူရိန်




# CITY CARTOON




ဆောင်းရောက်ပြန်ပြီ မြဒါလီရေ၊ မင်းကို သိပ်သတိရနေတယ်။ အိမ်မှာလည်း ကိုယ်တစ်ယောက်တည်းပေါ့၊ မင်းမမသက်ကလည်း ဆောင်းချမ်းသောတရားပွဲအစွဲနဲ့ ဗုဒ္ဓဂါယာကို သုံးခေါက်မြောက်ပါသွားပြန်ပြီ၊ မင်းတူမ သုံးယောက်ကလည်း အိမ်မှာမရှိကြတော့ဘူး။ အကြီးကော အိမ်ထောင်ကျပြီး အိမ်ခွဲသွားပြီ၊ အငယ်နှစ်ယောက်ကလည်း နိုင်ငံခြားထွက်သွားလေရဲ့။ အခုလို အထီးကျန်ဆန်တဲ့

# တမ်းတမိသည် မြဒါလီ

## ရွှန်းငဝေ





အခါနိုးမှာ အလွန်အလိုက်သိတတ်တဲ့မင်းကို လွမ်းမိပါတယ် မြခါလီရယ်။ မင်းက ကိုယ့်ကို အရိပ်တကြည့်ကြည့်နဲ့ နေခဲ့တာကလား။ အစစ လိုလေသေးမရှိ ဂရုစိုက်ခဲ့တာတွေကို ကိုယ် အမြဲသတိရနေပါတယ်။

ဒီလိုဆောင်းကာလမှာ သတိအရဆုံးက ဘာလဲသိလား။ မင်းနဲ့ကိုယ် ပြည်ဘက်ကို ခရီးထွက်ခဲ့ကြတာလေ။ ဒီကိစ္စကလည်း မမျှော်လင့်ဘဲဖြစ်လိုက်ရတဲ့ကိစ္စ၊ ဒါလေးကို အစအဆုံး ကိုယ်ပြန်ပြီးတွေးရင်း မင်းကို လွမ်းပါရစေ မြခါလီရေ၊ အဲဒီခရီးစဉ် မမျှော်လင့်ဘဲ ထွက်ဖြစ်ခဲ့တာက...

□ □ □ □ □

"ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသူ၊ ကျောင်းသားများအသင်းက ဒီနေ့ လေ့လာရေးရောက်ပါမယ်ခင်ဗျာ"

"ဪ... ဟုတ်ပြီလေ။ လိုတာပြင်ထားပါ။ ဘာလုပ်ပေးရအုံးမှာတုံးလဲ"

"စခန်းအကြောင်း ရှင်းလင်းပြီး စခန်းကြီးကို တစ်ပတ်ပြပေးရုံပါပဲခင်ဗျ"

"ကောင်းပြီလေ။ ရှင်းတာတော့ ကျွန်တော်ရှင်းပါမယ်။ လိုက်ပြတာကတော့ ဦးချစ်ရွှေပဲ ဦးဆောင်ပြီး လိုက်ပြလိုက်ပါ"

ကိုယ်တာဝန်ယူထားတဲ့ စီမံကိန်းဝင် ရိုက်မွေးစခန်းကြီးကို ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေ လေ့လာရေးလာမှာမို့ ရုံးအဖွဲ့မှူး ဦးမြင့်ဦးက လာသတင်းပို့တယ်။ အထူးကိစ္စရပ်အနေနဲ့ ကိုယ်က ရန်ကုန်ရဲ့ မြောက်ဘက်မိုင် ၆၀ အကွာမှာရှိတဲ့ ကိုယ်တို့ရွာနားရဲ့ ရိုက်မွေးစခန်းကြီးကို တာဝန်ယူထားရတယ်။ တစ်ပတ်မှာ နှစ်ရက် သုံးရက် သွားသွားနေရတာ မင်းလည်း သိပါတယ် မြဒါလီ။

ဒီနေ့ လာမယ့်အဖွဲ့က ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသူ ကျောင်းသားများအသင်းတဲ့။ ဒီအရင်ကလည်း စီးပွားရေးတက္ကသိုလ်တို့ စက်မှုတက္ကသိုလ်တို့ ဆေးတက္ကသိုလ်တို့ကလည်း လာသွားကြပါသေးတယ်။ နိုင်ငံခြားအဖွဲ့တွေလည်း လာကြတယ်။ တရုတ်၊ ဂျပန်၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း စတဲ့ အာရှနိုင်ငံများက လေ့လာရေးအဖွဲ့တွေအပြင် အရှေ့ဥရောပက ဥရောပသားတွေလည်း လာကြတယ်။ ကိုယ်တာဝန်ယူရတဲ့ စခန်းကြီးက သာမန် ရိုက်မွေးစခန်းမဟုတ်ဘူး။ Resort လို့ ခေါ်တဲ့ အနားယူအပန်းဖြေစခန်းလေ။ Hotel ရှိတယ်။ ဂေါက်ကွင်းရှိတယ်။ အင်းတွေ ကန်တွေရှိတယ်။ ပေ ၁၀၀ လောက် မြင့်တဲ့ မျှော်စင်ကြီးရှိတယ်။ ရိုက်မွေးသုတေသနဗိမာန်ကြီးရှိတယ်။ ဆန်စက်၊ ဆီစက်၊ မီးသွေးတောင့်စက် စတဲ့စက်ရုံတွေလည်း ရှိတယ်။ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား စတဲ့ မွေးမြူရေးခြံတွေလည်း ရှိတယ်။ ငါးကန်ကြီးတွေလည်းရှိတယ်။ စတုရန်းမိုင် ၁၀၀ လောက်ရှိတယ်။ လေ့လာစရာ အများကြီးပါ။

အဲဒီနေ့က မြန်မာစာ ကျောင်းသူ ကျောင်းသားတွေ ပေါ်ပေါ်ပေါက်ပေါက် ရောက်လာကြတယ်။ ဘတ်စ်ကားကြီးငါးစီးနဲ့ လူ ၅၀၀ လောက်ဆံ့တဲ့ ရှင်းလင်းဆောင် ရွှေပါထွန်း ခန်းမမှာ ကိုယ်က စခန်းတာဝန်ခံ အနေနဲ့ အားလုံးရှင်းပြရတယ်။ ပြီးတော့ လေ့လာရေးအဖွဲ့က စခန်းကြီးကို တစ်ပတ်ပတ်ကြည့်ပြီး နေ့ကို ၁၀ နာရီ သာသာမှာ ပြန်သွားကြလေရဲ့။ သူတို့အဖွဲ့တွေက ပြည်ဘက်ခရီး ဆက်ကြအုံးမယ်တဲ့။ ဥက္ကံ သကြားစက်ကိုလည်း ဝင်ကြည့်ကြအုံးမယ် ဆိုပဲ။

ကားတွေ ထွက်အသွားမှာ...

"ကိုကို"

"ဟယ်...ဒါလီ"

"ဘာလာလုပ်တာလဲ ဒါလီ"

"ကိုကိုကိုလွမ်းလို့ မြန်မာစာအသင်းနဲ့ လိုက်လာတာ"

"ဖြစ်ရလေ ဒါလီရယ်။ ကိုကို ပြန်လာမှာပေါ့"

မြန်မာစာယူခဲ့တဲ့မင်းက မြန်မာစာအသင်းရဲ့ Excursion နဲ့ ပါလာတာ ဘာမှမဆန်းပါဘူး။ ဆန်းတာကတော့ သူတို့နဲ့ ပြန်မလိုက်သွားဘဲ မင်း စခန်းမှာ ကျန်ခဲ့တာပါပဲ။ ဒီနေ့ဆို ကိုယ် ဒီစခန်းကို ရောက်တာ သုံးရက်ရှိပြီ။ မင်းနဲ့ကိုယ်နဲ့ မတွေ့ကြတာလည်း သုံးရက်ပေါ့။ ချစ်စ ခင်စ ကြင်နာစဆိုတော့ မင်းကိုယ့်ကို လွမ်းမယ်ဆိုတာ ယုံပါတယ် ဒါလီ။ ဘာကြောင့်လဲဆိုတော့ မင်း ပြောတာပဲလေ။ ယင်ဖိုတောင် မသန်းဘူးသေးတဲ့ မင်းဘဝမှာ ကိုယ်ဟာ အချစ်ဦးပါဆို။ မိန်းကလေးတွေက အချစ်ဦးကို ကောင်းကောင်းဆိုးဆိုး အစွဲလမ်းဆုံးတဲ့။

"ကိုကို ဒီနေ့ အိမ်ပြန်မှာနော်"

"အင်းလေ...ဒါလို့ ပြောခဲ့တာပဲ"

"ဒါဆို ကိုကိုအပြန် ဒါလီပြန်လိုက်ဖို့ အဆင်ပြေတာပေါ့"

"ဒါပေါ့"

ကိုယ်က မင်း ကိုယ့်ကို သတိရလို့ လိုက်လာတယ်ဆိုတာကို သဘောကျပြီး မင်းကို ရွှန်းရွှန်းစားစားကြည့်မိတယ်။ အချိုးအဆက်ကျနေလှတဲ့ မင်းဟာ တကယ်လှပါတယ် မြဒါလီ။ အသားအရေ နုညိုနုညိုညို ရှင်တာ တစ်ခုပဲ။ ဒါလည်း ကိုယ်က သဘောကျတယ်။ ကိုယ်က ညိုပြာညက်ကလေးတွေကို ကြိုက်တဲ့သူကိုး။

"ကဲ...နေ့လယ်စာစားပြီး ပြန်ကြတာပေါ့။ ကိစ္စတွေလည်း ပြီးပြီ"

"မောင်ဝင်းရေ ထမင်းပြင်ခိုင်းကွာ။ နှစ်ယောက်စာ"

သူ့ဆရာအကြောင်းသိပြီး အကောင်းပါးတဲ့ မောင်ဝင်းက အားလုံးအဆင်ပြေအောင် လုပ်ပေးပါတယ်။ မောင်ဝင်းက

ချစ်စ ခင်စ ကြင်နာစဆိုတော့ မင်းကိုယ့်ကို လွမ်းမယ်ဆိုတာ ယုံပါတယ် ဒါလီ။
ဘာကြောင့်လဲဆိုတော့ မင်းပြောတာပဲလေ။ ယင်ဖိုတောင် မသန်းဘူးသေးတဲ့
မင်းဘဝမှာ ကိုယ်ဟာ အချစ်ဦးပါဆို။ မိန်းကလေးတွေက
အချစ်ဦးကို ကောင်းကောင်းဆိုးဆိုး အစွဲလမ်းဆုံးတဲ့။

မင်းနဲ့လည်းခင်တယ်လေ။ မင်းရဲ့ Comrade ကြီးပဲ မဟုတ်လား။ အခုလည်း မင်းစခန်းမှာကျန်ခဲ့လို့ သူနဲ့တိုင်ပင်ပြီးမှ နေခဲ့တယ်ထင်ရဲ့။ ဒို့နှစ်ယောက်အကြောင်း ကို မောင်ဝင်းက တစ်စွန်းတစ်စ သိနေပြီး သားလေ။

မင်းနဲ့ထမင်းအတူစားပြီး ရန်ကုန် ပြန်ကြမယ်လုပ်မှ။

"ရုံးချုပ်က ကြေးနန်းဝင်လာပါ တယ်ခင်ဗျ"

ဦးမြင့်ဦးက လာသတင်းပို့တယ်။ ကြေးနန်းကိုလည်း ပြတယ်။

ပြည်ဘက်မှာရှိတဲ့ သကြားစက်တွေ ကို သွားလေ့လာဖို့ ဒီစခန်းကြီးမှာလည်း ကြံခင်းတွေနိုက်ပြီး သကြားစက်တည်ဖို့ စီမံ ချက်ရေးဆွဲတင်ပြဖို့ ကိစ္စပါပဲ။ နောက်တစ်ခု က မနက်ဖြန်မနက် ၉ နာရီဖွင့်မယ့် ပြည် သကြားစက်ဖွင့်ပွဲကိုလည်း ဌာနကိုယ်စား တက်ပေးဖို့လည်း ပါတယ်လေ။

"ကဲ…ဒါလီ…ပြည်ကို သွားရမယ် တဲ့။ ဘယ်လိုလုပ်ကြမလဲ"

ကိုယ်က မင်းမျက်နှာကို စူးစမ်းတဲ့ အကြည့်နဲ့ကြည့်ပြီး မေးမိတယ်။ မိန်း ကလေးတန်မဲ့ ရှေ့မျက်နှာနောက်ထားပြီး ကိုယ်ရှိတဲ့နေရာလိုက်လာတဲ့ မင်းကို နှင် မထုတ်ရက်ဘူးလေ။ အဲ…ပြည်ကို ခေါ် သွားရမှာကလည်း မင်းက လိုက်မှလိုက်ချင် ရဲ့လား။ လိုက်မှလိုက်ခဲ့ရဲ့လား။ ဒါလည်း ကိုယ်မပြောတတ်ဘူး။ ဒါပေမဲ့ ကိုယ်က မင်းကို ပြည်ခေါ်သွားဖို့ ဖြတ်သားစွာ ဆုံး ဖြတ်ထားပြီးသားပေါ့။ ဒါကြောင့်…

"ဒါလီ ကိုကိုနဲ့ ပြည်လိုက်ခဲ့ပေါ့။ ဟိုမှာ မင်းရဲ့မြန်မာစာအသင်းသားတွေနဲ့ ပြန်တွေ့ရတာပေါ့"

လို့ မျက်နှာညိုညိုလေးနဲ့ ဘာမှ မပြောနိုင်ဘဲ ငိုင်သွားတဲ့မင်းကို ပြောလိုက်ရ တော့တယ်။



ပြည်သွားရမှာဆိုတော့ လိုအပ်တဲ့ ရုံးကိစ္စတွေ ညှိရသေးတယ်။ ဦးချစ်ဆွေနဲ့ ဦးမြင့်ဦးတို့က လိုအပ်တာတွေ လုပ်ပေးကြ ရှာပါတယ်။ ကျွန်တော်တို့ လိုက်ခဲ့ဖို့ လို မလားလို့လဲ မေးရှာပါတယ်။ လောလော ဆယ် မလိုသေးပါဘူးလို့ပဲ ပြောလိုက်ရ တယ်။ သူတို့ပါလာတော့ မင်းအနေရခက် မှာစိုးတယ် မြဒါလီ။

ဒီစခန်းက ထွက်တော့ ညနေ သုံး နာရီလောက်ရှိပြီထင်ရဲ့။ ဦးချစ်ဆွေနဲ့ ဦးမြင့်ဦးကိုတော့ မင်းကို ပြရသေးတယ်။

"အိမ်မှာနေတဲ့ အငယ်ဆုံးညီမလေး။ မြန်မာစာအသင်းနဲ့ တွဲရထားတာ၊ မြန်မာစာ အဖွဲ့တွေနဲ့ ပါလာတာ။ အိမ်အတူပြန်ကြ ဖို့က မဖြစ်တော့ဘူး။ ပြည်ဘက်ကို ခေါ် သွားပြီး သူ့မြန်မာစာအဖွဲ့နဲ့ ပြန်ထည့် ပေးလိုက်တော့မယ်"

ညိုညိုမျှော့မျှော့ မင်းကို ဟိုလူနှစ် ယောက်က ပြုံးကြည့်ကြပြီး လူကြီးလူ ကောင်းများပီပီ သိသာယောက်မျှင်းစွာနဲ့ ခေါင်းညိတ်ပြကြတယ်။

ဒီလိုနဲ့ ဒီစခန်းက ထွက်ခဲ့ကြတယ်။ မင်းရယ်၊ ကိုယ်ရယ်၊ ကားမောင်းတာဝန်ယူ ထားတဲ့ မောင်ဝင်းရယ်။ အားလုံး သုံး ယောက်တည်း။ Excursion နဲ့ လှလှပပ ပြင်ဆင်လာတဲ့ မင်းဟာ ဒီနေ့ ခါတိုင်းထက် ပိုလှနေတယ်။ ရေမိုးရောင် ကော့ဂျက်အင်္ကျီ ပေါ်မှာ ရေမိုးရောင် ယုန်မွေးအင်္ကျီနဲ့၊ အောက်က လုံချည်ကတော့ ကိုရီရီ ရေမိုး ရောင်အမှုန်လေးတွေလေ။ အပေါ်နဲ့အောက် Colour Match ဖြစ်ပါတယ်။ စခန်းက ထွက်ပြီး မကြာခင်မှာပဲ မင်းက ကိုယ့်ကို လာမှီတယ်။ မြောက်ပြန်လေတိုးလို့ မင်း ဆံပင်တွေကလည်း လွင့်လို့၊ ကိုယ်လည်း မင်းပါးလေးကို တစ်လမ်းလုံး နမ်းမိတယ်။ ဆာဆာတတ်နမ်းကတော့ လူရှေ့သူရှေ့မို့ ဟန် ဆောင်နေရတာပေါ့။ အခုတော့ ကားပေါ် မှာ ကိုယ်နဲ့မင်း နှစ်ယောက်တည်းဆိုတော့ လွတ်လွတ်လပ်လပ်ပေါ့။ ဒါကြောင့် အားရ ပါးရနမ်းရတာ။

"သိပ်မနမ်းနဲ့ ကိုကို၊ ဒါလီ့ပါး သနပ်ခါးတွေ ပြယ်သွားအုံးမယ်"

မင်းက အလွန်တော့ရှုပ်တဲ့ လေသံနဲ့ ပြောတယ်။

"သနပ်ခါးပြယ်သွားတာကြာပြီပဲ ဥစ္စာ" လို့ ကိုယ်က အဓိပ္ပာယ်ပါပါပြောတော့ မင်းက ကိုယ့်ခေါင်းကိုဆွဲဆိတ်ပြီး "ဟင်း" ဆိုပြီး နှာခေါင်းရှုံ့ပြတယ်။

"အခု ခရီးစဉ်က ဘာခရီးစဉ်နဲ့တူ လဲ သိလား"

"ဟင့်အင်း"

"ဟန်းနီးမွန်း ခရီးစဉ်နဲ့ တူတယ် လေ"

"အိုး…ဟုတ်လည်းဟုတ်ပဲနဲ့၊ ရှက် စရာကြီး"

မင်းရှက်သွားမှန်းသိတာနဲ့ စကား လမ်းကြောင်း ပြောင်းရတော့တယ်။

"မေးရအုံးမယ်။ အိမ်မှာ ဘယ်သူ ကျန်ခဲ့လဲ…"

"မျိုးမျိုးကျန်ခဲ့တယ်လေ"

"ဘာမှာခဲ့လဲ။ ကိုယ့်ဆီသွားမယ့်အကြောင်း ပြောပြခဲ့သလား"

"ဒါလီ ဒီလောက်မေ့မပါဘူး ကိုကိုရယ်။ သူ့အဖေဆီ သွားမယ့်အကြောင်း သူ့သမီးကို ဘယ်ပြောမလဲ"

"ဒါဖြင့်..."

"မြန်မာစာအသင်းနဲ့ ပြည်တက် Excursion သွားမယ့်အကြောင်း၊ တစ်ညအိပ်ကြမယ့်အကြောင်း ကိုကိုကိုလည်း လှမ်းပြီး ဖွင့်တောင်းပြီးတဲ့အကြောင်း၊ ဘာညာသာရကာပေါ့ ကိုကိုရယ်"

"ပြည်...မြဲဒါလီက ဒီလိုတော့လည်း တတ်သားပဲ"

"တတ်ရမှာပေါ့။ ကိုကိုကို ချစ်တာကိုး"

မင်းက မျက်စောင်းလေးချိတ်ပြီး ပြောတော့ ကိုယ်လည်း ဝမ်းသာအားရနဲ့ မင်းကို အတင်းသိုင်းဖက်မိပြန်တယ်။ မင်းဆီက သနပ်ခါးနံ့နဲ့ ရယ်နယ်ရေမွှေးနံ့ကလည်း အခုချိန်ထိ သင်းနေတုန်း။

"သိပ်မကော်နဲ့ ကိုကို၊ ကိုကို့တာလည့်ကြီးရှိတယ်"

"သူ သိပါတယ်"

တကယ့်ဟန်းနီးမွန်းလိုပဲ၊ ဒို့နှစ်ယောက် လောကကြီးကို မေ့နေလိုက်ကြတာ၊ အချစ်ဆိုတာ အရာရာကို မေ့စေတယ် လေ။

"မောင်ဝင်းရေ... တက်ဆက်ဖွင့်ကွာ"

ဒို့ပြောတဲ့စကားတွေ ကြားမှာစိုးလို့ တာပည့်ကျော် မောင်ဝင်းကို တက်ဆက်ဖွင့်ခိုင်းလိုက်မိတယ်။

**"နှစ်ယောက်ထဲဆိုရင် x x x စကားလက်ဆုံဝင် x x x ပြောရုံနဲ့ပင် အရသာထူး x x x ရှုတယ်လို့ ဆိုချင်ဆို x x x ကျိန်စေချင် ကျိန်ပါမယ် x x x နှတ်ခွန်းစိမ် ဆက်သက် x x x တကယ် မကော်ပါတယ် x x x ဆန္ဒချင်တယ်ဆိုရင် x x x ကမ္ဘာအပြင်ထွက်လို့ x x x နှစ်ယောက်သား x x x မောက်ကားနိုင်လား မောင်ရယ် x x x နှလုံးသွေးအစစ်နဲ့ ချစ်တာတွေကို မောင်ရယ် မောင်နဲ့နှစ်ယောက်ထဲကျမှ x x x ပြောပြချင်ပါတယ် x x x မောင်ရယ် x x x နှစ်ယောက်ထဲဆိုရင်မောင်ရယ် x x x ဝေရက်တောင်ထိပ် နေချင်ရင်အခုသွား x x x ရှေ့ရှုတဲ့ သဲကန္တာရ ဆာဟာရ မနေချင်တယ် x x x နေမပြင်၊ ပြေပြင်ခဲ့တဲ့ x x x မြောက်ဝင်ရိုးစွန်းကိုပဲခေါ်ခေါ် x x x လျှော်ပါမယ် x x x သဲသဲမဲမဲစွဲနဲ့ နှစ်ယောက်ထဲ x x x နေချင်တယ် x x x"**

မျက်တောင်လေးချိတ်ပြီး ပြောတော့
ကိုယ်လည်း ဝမ်းသာအားရနဲ့
မင်းကို အတင်းသိုင်းဖက်မိပြန်တယ်။
မင်းဆီက သနပ်ခါးနံ့နဲ့
ရယ်နယ်ရေမွှေးနံ့ကလည်း
အခုချိန်ထိ သင်းနေတုန်း။



တာပည့်ကျော်ကြီးက အလိုက်သိတာလား၊ ဘာလားတော့ မသိဘူး ဆရာဖြိုးမငြိမ်းရဲ့ "နှစ်ယောက်ထဲ" သီချင်းကိုမှ ဖွင့်လိုက်တာ။

သီချင်းနားထောင်လို့ ကောင်းနေတုန်း ဖြန်းဆို ကားကထိုးရပ်သွားပါရော။

"ဘာဖြစ်သလဲ မောင်ဝင်းရေ"

မောင်ဝင်းက ကားပေါ်ကဆင်းပြီး အဖုံးဖွင့်ကြည့်တယ်"

"Heat တက်လို့ ပူပြီး ရေဆူရပ်သွားတာခင်ဗျ"

"ဆက်မောင်းလို့ရမလား"

"ရေထည့်ပြီး ဆက်မောင်းကြည့်ပါဆိုးမယ်"

ရေတိုင်ကီထဲရေဖြည့်ပြီး ဆက်မောင်းခဲ့ကြတယ်။ ဒါပေမဲ့ ကားက ခဏ ခဏ ရေဆူပြီး ထိုးထိုးရပ်ပါလေရော။ ထိုးရပ်လိုက်၊ ရေဖြည့်လိုက်နဲ့ အခုမှ ကြို့ဝင်တောက်ပဲ ရောက်သေးတယ်။

"မောင်ဝင်းရေ...ဘာဖြစ်တယ်ထင်လဲ"

"ဂတ်စကက်ပြတ်တာဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ဟာသွားတာဖြစ်မယ်ထင်တယ် ခင်ဗျ"

"အင်း...ဖြစ်နိုင်တယ်။ ဒို့ ဒီကား အင်ဂျင်ကိုင်တုန်းက ဂတ်စကက်လဲတာ ဆောင်ပေါက် အသေအချာ မကြည့်ဘူးထင်တယ်။ ဆောင်ပေါက်က ဘာတွေပြောသွားသေးလဲ"

"ဘာမှမပြောသွားဘူးခင်ဗျ"

ကားက ဝယ်ထားတာ သုံးလလောက်ရှိပြီး အခုလိုမျိုး မကြာခဏသွားနေရလို့ အင်ဂျင်ပြန်ကိုင်ထားတာ။ အင်ဂျင်က မီးခိုးလိုက်ချင်ချင်ဖြစ်နေတာကြာပြီ၊ အင်ဂျင်ပြန်ကိုင်ပြီး ပြန်တင်လိုက်တာ သုံးလေးရက်ပဲ ရှိသေးတယ်။ အရင်ယာဉ်မောင်း မောင်ပေါက်က နုတ်သွားလို့ မောင်ဝင်းက ခဏ

ဝင်မောင်းပေးရတာ။ မောင်ဝင်းက ကားသမား မဟုတ်ဘူး။ ဒါပေမဲ့ ရုံးကိစ္စတွေ၊ ကားမောင်းပေါ် ကျွမ်းကျင်လို့ ခေါ်လာရတာ။

"ကဲ..မောင်ဝင်း နိုးစီးဆက်လို့ ရပါဦးမလား"

"မသင့်တော့ဘူးခင်ဗျ။ ဒီည ဒီမှာ နားပြီး ကားပြင်မှရမယ်။ ဝစ်ကောက်ပြတ်ရင်လည်း လဲမယ်။ မနက်မှ ဆက်သွားတာ ကောင်းပါတယ်ခင်ဗျ"

"ကိုင်း...ဒါဆို မြို့ပြောက်ဘက် အထွက်က မြစ်ရော...မိုတယ်ကိုသွားကွာ။ ပိုင်ရှင်က ကိုယ့်မိတ်ဆွေ။ သူ့မိုတယ်နားမှာ ဝပ်ရှော့ကြီးလည်းရှိတယ်။ အရင်တစ်ခေါက် ပြည်သွားတုန်းက ဝင်နားဖူးတယ်"

မောင်ဝင်းက ကားကို ကြိုးစားပြီး မောင်းလိုက်လို့ မြစ်ရောကို ရောက်သွားပါတယ်။

လမ်းမှာ မင်းက မေးတယ်။

"ကိုကို အစုကားပျက်တော့ ဘာဆက်လုပ်မှာလဲဟင်"တဲ့။

"ဘာလုပ်ရမှာလဲ ဒါလီရဲ့။ သွားမှ မရတော့တာ။ ကားပြင်ရင်း နားရတော့မှာပေါ့"

"ပြည်မြို့ရောက်ရော ဆက်သွက်မှာလား"

"မထွက်တော့ဘူး။ မှောင်နေပြီ"

"ဟင်...ဒါဆို ဒါလီ ရန်ကုန်ပြန်ဖို့ ဘယ်လိုလုပ်မလဲ၊ ပြည်သွားတဲ့ သူငယ်ချင်းတွေနဲ့လည်း လွဲသွားပြီ"

"မပြန်နဲ့လေ၊ ကိုယ်နဲ့ ဒီမှာအိပ်ပေါ့"

"အို..ကိုကိုကလဲ"

မင်းက မျက်နှာလေးနီပြီး ပြောပါသေးရော။

"ဟုတ်တယ်လေ။ ဟန်းနီးမွန်း ထွက်လာတာဆိုတော့ ဟန်းနီးမွန်းနဲ့ တူအောင် လုပ်ရမှာပေါ့"

"အခန်းကောင်းကောင်း ငှားပေါ့မယ် ဒါလီရယ်။ စိတ်ချပါ။ လှိုလှိုမြိုမြိုနဲ့ ဖူ့ယာ ကောင်းကောင်းနဲ့ ဘယ်ကောင်မှ ချောင်းကြည့်လို့ မရပါဘူး"

"ဟင်း...ကိုကို မညစ်ပတ်နဲ့"

အဲဒီလိုပြောပြီး မင်းက ကိုယ့်ကျောကို ထုပြန်ပါရော။ မြစ်ရောရောက်တော့ ကိုမြင့်သန်းက...

"ဟာ...ကိုကိုဦး။ ညကြီးမင်းကြီး အလုပ်အဆန်းပါလား။ သူငယ်ချင်း တစ်ယောက်ထဲလား"

"Lady ပါတယ်ဗျ"

"ဟေ"

သူက မင်းကိုမြင်တော့ အံ့ဩနေတယ်။

ကိုယ်က သူ့ကို အကျိုးအကြောင်း တိုးတိုးတိတ်တိတ်ပြောပြရတယ်။

ကိုမြင့်သန်းက ပြုံးပြုံးကြီးလုပ်ပြီး-

"ဒါဆိုလည်း ကိုယ့်သူငယ်ချင်း အတွက် အကောင်းဆုံး နှစ်ယောက်အိပ် Suite Room ပေးမယ်ကွာ။ ကောင်းကောင်း နားပေတော့။ ငါ့ သူငယ်ချင်း တစ်ခေါက် ပလေလာတာ အပြတ်ပြုစုရမယ်"

ကိုမြင့်သန်းက အလွန်ပျော်တတ်တဲ့ Play Boy။

"သူငယ်ချင်း တိုးတိုးဗျာ။ ကောင်မလေးက ရှက်တတ်တယ်နော်"

"ဟုတ်မယ်ကွ။ ဒါပေမဲ့ အချောလေး အနိုင်စားပလေပါလား သူငယ်ချင်းရာ"

"ကဲ...ဒါ စကားတွေ။ ကောင်မလေးမှာ အဝတ်အစား အပိုမပါဘူး။ ခင်ဗျား Lady ဆီက တစ်စုံလောက် ခေတ္တငှားပြီးတော့ ကျွန်တော်တို့အတွက် Dinner ကို Room Service လုပ်ပေး။ ကျွန်တော့်အတွက် Soda, Ice Cube, Barbecue နဲ့ Whisky လုပ်ပေးဗျာ"

"ရစေရမယ်..ရစေရမယ်။ လုပ်ပေးရမှာပေါ့ဗျာ။ ကိုယ့်သူငယ်ချင်းကြီး တစ်ခေါက်တလေမှလာတာ။ လိုလေသေးမရှိပေါ့။ ဟိုဆေးပါ ထည့်ပေးလိုက်မယ်။ ဟား...ဟား...ဟား...ဟား"

ကိုမြင့်သန်းစေနိုင်ရဲ့ အကူအညီနဲ့ မိန်းကလေးတွေ အသုံးလိုတဲ့ ပစ္စည်းလေးတွေ အကုန်ရလို့ မင်းရေကောင်းကောင်းချိုးနိုင်တယ်။ အလှပြင်နိုင်တယ်။ အဲ..ကိုယ်သိပ်ကြိုက်တဲ့ သနပ်ခါးလေး ပါးကွက်လိုက်နိုင်တယ် မဟုတ်လား။

အခန်းက ကျယ်ပါတယ်။ ခုတင်ကလည်း နှစ်လုံး ခေါ်ဆောင်တွာ၊ တီဗွီရှိတယ် ကုလားထိုင် Settee အပြည့်အစုံရှိပါတယ်။ မင်း ဒီဘက်ခန်းမှာ ရေမိုးချိုး အလှပြင်နေတုန်း ကိုယ်က ကိုမြင့်သန်းတို့ အိမ်ခန်းပြေးပြီး ရေအမြန်ချိုးလိုက်တယ်။ ပြီးတော့ ကိုမြင့်သန်းပို့ပေးတဲ့ အစျော်ယမကာလေးတွေကို မြည်းစမ်းသုံးဆောင်တယ်။ ဒီနေ့က ပင်ပန်းတယ်။ စခန်းမှာ ဟောရ ကြော့ရ ရှုပ်ရ လင်းရတယ်။ ပြီးတော့ မင်းကလည်း ရောက်လာသေး။ အရေးထဲမှာ ရုံးရှုပ်က ပြည်ဘက်သွားလိုက်ပါဦးတဲ့။ ပြည်သွားတော့ မင်းပါလာလို့ ပျော်ရမယ့် အစေ့ကောင်း ဒီနိုးခေါင်းဖျက် ကားက ပျက်ရသတဲ့။ အဲဒါကလည်း ပေါ်ကောင်းကောင်း။

"ကိုကို"

"Yes"

"ဒါလီ ဘယ်မှာအိပ်ရမှာလဲ"

"ဒီမှာပဲလေ"

"ဟင်...ကိုကိုကလည်း ရှက်စရာကြီး"

"ကိုကို ဘာကယ်ပြောနေသာလား"

"ဘာကယ်ပေါ့။ မအိပ်ရဲဘူးလား။ မအိပ်ချင်ဘူးလား။ ရောက်တစ်ခန်း ငှားပေးမယ်လေ"

အလှပြင်ပြီးတဲ့ မင်းက ကိုယ့်ဘေး နားမှာ လာထိုင်ရင်းမေးလို့ ကိုယ်ကလည်း ဖြေရတော့တယ်။

"ဘယ်လိုလဲ ကလေးမေ။ ဟိုဘက် ခန်းသွားအိပ်မှာလား"

"မိုးရောလိုက်တုန်းက လိုက်လာပြီး တစ်ခန်းတည်း အတူအိပ်မယ်လုပ်မှ မပြေး မယ်မကြီးနဲ့"

"ဘယ်သူက မိုးရောလိုက်တာလဲ"

"မြပါလီလေ"

"ဘယ်သူနဲ့လဲ"

"ဦးကိုကိုဦးနဲ့လေ"

"ဒီညဟာ ဦးကိုကိုဦးနဲ့ မြပါလီတို့ ရဲ့ မင်္ဂလာဦးညပဲ"

"တော်ပြီ ကိုကို။ ရှက်စရာကြီးတွေ လျှောက်ပြောမနေနဲ့"

မင်းကရှက်သွားပြီး ကိုယ့်ဘေးမှာ လာထိုင်၊ ကိုယ့်ကျောကို ထု၊ ကိုယ့်ပေါင်ကို ဆွဲဆိတ်နဲ့၊ ကိုယ်ကလည်း ကျေနပ်ပြီး တခစ်ခစ်ရယ်လို့။

တကယ်လည်း အဲဒီညက ကိုယ်တို့ ရဲ့ အမှန်အကန် မင်္ဂလာဦးည ဖြစ်ခဲ့ပါ တယ်။

မင်းနဲ့ကိုယ်နဲ့ ခုတင်နှစ်လုံးမှာ တစ် ယောက်တစ်လုံးစီ အိပ်ခဲ့ကြတယ်လေ။ ဒါပေမဲ့ မအိပ်ခင်မှာတော့ အာဒမ်နဲ့ ဧဝလို ဧဒင်ဥယျာဉ်ကြီးထဲသွားပြီး ဘုရားသခင် ပညတ်ခဲ့တဲ့ အလွန်တရာချိုမြိန်တဲ့ မစား ကောင်းဘူးဆိုတဲ့ ပန်းသီးလှလှတွေကို စားမိကြတယ်လေ။

ကိုယ်က ဧဒင်ဥယျာဉ်ကြီးထဲကို မသွားခင်မှာ ပန်းသီးတွေကို မခူးဆွတ်ခင် မှာ ယမကာလေးခပ်သွေးသွေးနဲ့ ကိုမြင့်သန်း ရဲ့ နောက်ဆုံးသလို ဖြောင်းသလိုနဲ့ ပို့ပေးလိုက် တဲ့ ဆေးလုံးမကောင်းကွက်ပုံ ဆေးပြားပြားလေး တစ်လုံး သောက်ကြည့်လိုက်မိတယ်။ ဒီ ဆေးက တရှိန်ရှိန်နဲ့ လူကို မူးနေ့သွားပါစေ လား။ မူးရုံနွေးရုံကနေပြီး တဖြည်းဖြည်း သွေးပါဆူလာတယ် ထင်ပါရဲ့။

Room Service ညစာထမင်းစား ပြီး သွားပေမယ့် ကိုယ်ကတော့ ညစာမစား နိုင်တော့ပါဘူး။ Side Dish စားရင်း အမြည်းစားရင်းနဲ့ ဗိုက်ပြည့်သွားလို့ ခုနက နေ့လယ်စာ Lunch ကလည်း စားတာ နောက်ကျတယ်လေ။

စားသောက်ပြီးကြတော့ မင်းနဲ့ ကိုယ်ရဲ့ ကယုကယင် ချစ်တုံ့တင်ဖြစ်ကြ တယ်။

"ကိုကို"

"ဟင်"

"ဒါလီကိုချစ်လား"

"အချစ်ဆုံးပဲ"

**လက်ချင်းယှက်လိုက်၊ ပါးချင်းအပ်လိုက်နဲ့ ဒို့နှစ်ယောက် တော်တော်နဲ့မအိပ်ဖြစ်ကြ တော့ဘူးလေ။ မင်းပါးက သနပ်ခါးတွေ အကုန်ပြယ်ပါလေရော။**



မင်းက ကိုယ့်ကိုမှီရင်း မေးတယ်။ ကိုယ်ကလည်း ယမကာမူးမူး အချစ်မူးမူးနဲ့ ဖြေတယ်။

လက်ချင်းယှက်လိုက်၊ ပါးချင်းအပ် လိုက်နဲ့ ဒို့နှစ်ယောက် တော်တော်နဲ့ မအိပ် ဖြစ်ကြတော့ဘူးလေ။ မင်းပါးက သနပ်ခါး တွေ အကုန်ပြယ်ပါလေရော။

"ကိုကို့အသားတွေ ပူလှိုက်ပါလား။ ဘာဖြစ်လို့လဲဟင်"

"မင်းကိုချစ်တဲ့အချစ်တွေက ကိုယ့် ရင်ထဲမှာ အလောင်းဆူနေကြလို့ပဲ ဖြစ်မှာ ပေါ့"

"ကိုကိုက ပြောတတ်တယ်"

ပြောရင်းဆိုရင်း အသားတွေ ပူနွေး နေရာက သွေးပါဆူလာလို့ မင်းနဲ့ ကယု ကယင် ချစ်တုံ့တင်နေရာက ဧဒင်ဥယျာဉ် ကြီးထဲကို အရောက်သွားမိကြတယ်။ ဥယျာဉ်ကြီးထဲမှာ ရောင်စုံ လိပ်ပြာလေးတွေ လို ပျံဝဲပြီး အချစ်ရဲ့အရသာကို ခံစားမိကြ တယ်။ သန်းခေါင်ကျော်ပြီးမှ အိပ်ဖြစ်ကြ တယ် ထင်ရဲ့။

အဲဒီညက ကိုမြင့်သန်းဆေးက အစွမ်းပြတာလား၊ ကိုယ့်အချစ်တွေကပဲ မြင့်ထန်နေတာလားတော့ မသိဘူး။ မိုး လင်းတော့ မင်းကကိုယ့်ကို ပြောတယ်။

"ညက ကိုကို တအားဆိုးတယ်။ ကော်ရှင်လေးသာဆိုရင်တော့ ဒါလီ တစ်စ စီဖြစ်သွားပြီ။ အရှပ်မဟုတ်တဲ့ လူဖြစ်နေ လို့"

ကိုယ်က တကယ့်အဖြစ်ကောင်းခင်တဲ့ မျက်နှာမျိုးနဲ့ "ကိုယ်က ဘာလုပ်မိလို့လဲ" လို့မေးတော့ မင်းက...

"ဟင်း...ကိုကို ဘာလုပ်လဲ ကိုယ့် ဟာကိုယ် သိမှာပေါ့။ လူကို ဟိုဆွဲဒီဆွဲနဲ့ မမှတ်မိတော့ဘူးလား"

ကိုယ်က ခေါင်းယမ်းပြလိုက်ပြီး... "နှင်းလွှတ်ပါဒါလီရယ်" လို့ တောင်း

ပန်တော့...

"ရှင့်လွတ်ပါတယ်။ ဒါပေမဲ့ ပြည်ကိုတော့ မလိုက်တော့ဘူး။ တစ်ကိုယ်လုံး နုံးနေလို့ ဒီမှာနားပြီး ကိုကိုအပြန်ကိုစောင့်နေမယ်။ ကိုကို နေ့ချင်းပြန်မှာမဟုတ်လား"

"ဟုတ်တယ်"

"ဒီမှာနေခဲ့မယ်နော်"

"နေခဲ့လေ။ ကိုမြင့်သန်းကို လင်မယားကို ပြောပြီးမှာပြီး အပ်ထားပေးခဲ့မယ်"

"ဘယ်လိုပြောပြီး အပ်ခဲ့မှာလဲဟင်"

"ကျွပ်ရဲ့ပါ။ မိန်းမလေးကို ကောင်းကောင်းစောင့်ရှောက်ထားပေးပါလို့"

"ကိုကိုနော်"

မင်းက ကိုယ့်ကျောကို ပြေပြီးထုပြန်ရောလား။

ပြည်...ကိုကို ပြန်ပါလီရယ်။

❒ ❒ ❒ ❒ ❒

ပြည်ကတက်က ပြန်လာပြီးတဲ့နောက် မင်းဟာ ကိုယ့်နားကို ပိုကပ်လာတယ်။ ညနေဆို ဇီးလိမ်းပြင်ဆင်ပြီး သနပ်ခါးပါးကွက်ကျားလေးနဲ့ ကိုယ့်ကိုကြိုတယ်။ ညစာ ထမင်းစောင့်ကျွေးတယ်။ ကိုယ် အကျော်ယမကာသောက်ရင်လည်း ကြိုက်တတ်တဲ့ဟာလေးတွေ လုပ်ပေးတယ်။ အဲဒီလို လုပ်ပေးရင်း...

"ကိုကို ဘာအကြိုက်ဆုံးလဲဟင်" လို့ မေးတဲ့အခါ

"မင်းကိုလေ"

လို့ ကိုယ်က ပြန်ဖြေတော့...

"ဟင်း...အဲဒါမေးတာ မဟုတ်ဘူး။ Taste ကို ပြောတာ"

"အေးလေ... ကိုကိုကလည်း ကိုယ်ခံစားရတဲ့ Taste ကို ပြောတာလေ"

"တော်ပြီ...ကိုကိုနဲ့ စကားနိုင်မလုတော့ဘူး"

မင်းက မျက်စောင်းလေးထိုးပြီး

သမီးတွေ သိသွားရင် ဒီကိစ္စကမလွယ်ဘူးလေ။ ဒါကို မင်းရော ကိုယ်ပါ သိကြပါတယ်။ ဒါပေမဲ့ ဒါလိုရယ်။ သိတာနဲ့ လုပ်နိုင်တာ တခြားစီပဲ မဟုတ်လား။ မင်းနဲ့ကိုယ်ဟာ မီးကိုတိုးတဲ့ ပိုးဖလံတွေလို ဒီမီးကို ဆက်ပြီးတိုးခဲ့ကြတယ်လေ။

ပြောတော့ မင်းအမှုအရာကကြည့်ပြီး ရယ်ရသေးတယ်။ ဒါပေမဲ့ အိမ်မှာက သမီးကြီးလည်း ရှိ ကျန်တဲ့လူတွေလည်း ရှိနေတော့ မင်းနဲ့ကိုယ်ဟာ ထင်ထင်ရှားရှား ပွတ်သီးပွတ်သပ် သိပ်နေလို့မရဘူး။ ဒါတောင် သမီးကြီးက အခုတလော သူ့ကျောင်းကိစ္စတွေ ကားတစ်စီးနဲ့ အလုပ်ရှုပ်နေလို့ သူ့ပုထားတဲ့ အိမ်ကိုက ဗီးရွှာဆေးတက္ကသိုလ်ကျောင်း၊ ကျောင်းသားများအဆောင်မှာ အမှုဆောင်လုပ်နေတော့ အိမ်ကို အိပ်ချိန်လောက်မှ ပြန်ရောက်တာ။ သူက အကင်းပါးလွန်းလို့ သတိထားနေရတယ်။ သမီးတွေ သိသွားရင် ဒီကိစ္စကမလွယ်ဘူးလေ။ ဒါကို မင်းရော ကိုယ်ပါ သိကြပါတယ်။ ဒါပေမဲ့ ဒါလိုရယ်။ သိတာနဲ့ လုပ်နိုင်တာ တခြားစီပဲ မဟုတ်လား။ မင်းနဲ့ကိုယ်ဟာ မီးကိုတိုးတဲ့ ပိုးဖလံတွေလို ဒီမီးကို ဆက်ပြီးတိုးခဲ့ကြတယ်လေ။ သမီးကြီးက သူ့အသင်းအပင်းကိစ္စနဲ့ အလုပ်များနေဆဲမှာပဲ မင်းနဲ့ကိုယ်ကလည်း တခါနတစ်ခုနဲ့ ပဲခူးထွက်ဖြစ်ကြတယ်လေ။

ဌာနရဲ့ နိုင်ငံခြားဧည့်သည်တစ်ဖွဲ့ကို Siglit Seeing လုပ်ရင်း ဘုရားတွေဖူးရင်း ပဲခူးလိုက်ပို့ရတာ။ တန်ခိုးကြီးဘုရားတွေနဲ့ သမိုင်းဝင်နေရာတွေကို သွားကြပြီးတော့ ပဲခူးမှာ Lunch နေ့လယ်စာနဲ့ ဧည့်ခံရတယ်။ အမျိုးသမီးတစ်ချို့ပါလို့ မင်းကို ကိုယ့်ရဲ့ Assistant သဘောမျိုး အလုပ်ဖြစ်ပြီး ကိုယ်ကခေါ်ခဲ့တယ်။

မင်းက အညာသူ၊ ပဲခူးလည်း ဟုတ်တိပတ်တိ ရောက်ဖူးတာမဟုတ်ဘူး။ အဆောင်ပြေတဲ့အခါ ပဲခူးကို လိုက်ဖို့ ကိုယ့်ကိုပြောဖူးထားတယ်လေ။ အခုတစ်ခါတည်း အဆောင်ပြေသွားတာပေါ့။

ပဲခူးမှာ ဘုရားဖူးလိုက်ဖူးကြပြီး နိုင်ငံခြားသားတွေကို လေသျှောင်းနှာတော်ရာကြီးနားက Hotel မှာ နေ့လယ်စာနဲ့ ဧည့်ခံလိုက်တယ်။ မင်းက ကိုယ့်ရဲ့ Assistant အနေနဲ့ လိုတာအားလုံး လုပ်ပေးရတယ်။ သွက်သွက်လက်လက်နဲ့မို့ အဖွဲ့ခေါင်းဆောင် မစ္စတာဖြိုင်းက...

"Hey Ko Ko Oo, your assistant is very vivacious"

"ကိုကိုဦး မင်းလက်ထောက်ကလေးက သွက်သွက်လက်လက်လေးပါလားကွ"

လို့ မင်းကို ချီးကျူးသွားတယ်။ အဲဒီနေ့က မင်းက ပန်းရောင် မရွှေလေးပိုးချိတ်ထဘီနဲ့ ရှမ်းဟဲက ကိုယ်ဝယ်ပေးလာတဲ့ ပန်းရောင် ဖဲအင်္ကျီနဲ့ သိပ်ကိုလှနေတယ်။ ဆံပင်ကလည်း မြန်မာဆန်ဆန် ထုံးဖွဲ့လို့ပေါ့။ နှင်းဆီပန်းရောင်အပွင့်တွေလည်း ပန်ထားလို့လေ။ ဧည့်သည်အမျိုးသမီးတွေကလည်း မင်းရဲ့ မြန်မာဆန်ဆန်ထုံးဖွဲ့မှုကို သဘောကျကြတယ်။

အင်္ဂလိပ်စကားကျွမ်းတဲ့ ဧည့်သည်အမျိုးသမီးခေါင်းဆောင် အဘွားကြီးမလေးကလည်း မင်းကို "You are very pretty" လို့ပြောတော့ မင်းကိုယ်စား ကိုယ့်မှာ ဂုဏ်ယူရသေးတယ်။

ဧည့်သည်တွေ ပြန်သွားကြတော့ ဒို့နှစ်ယောက် Hotel မှာ ကျန်ခဲ့ကြတယ်။

စည်သည်တွေကိုတော့ ကိုယ့်လက်ထောက် အရာရှိကို ပြန်ပေါ်သွားနိုင်းလိုက်တယ်လေ။ သိပ်ကြီးကြီးကျယ်ကျယ် တာဝန်မရှိပါဘူး။ သူတို့ကို သူတို့တည်းခိုတဲ့ဟိုတယ် ပြန်ပို့ပေးရုံပါ။ ကိုယ်မပါလည်း ရပါတယ်။

"ကဲ တစ်ပွဲတော့ ပြီးသွားပြီ။ ဒါလီလည်း ပဲခူးဘုရားတွေ ဖူးပြီးသွားပြီ။ ဘုရားဖူးပြီးတော့ တစ်နေ့ကျန်သေးတယ်"

"ဘာလဲ ကိုကို"

"လိပ်ဥတူးဖို့လေ၊ ပဲခူးလာတာ ဘုရားဖူးရင်း လိပ်ဥလည်းတူးရင်းလာတာ"

"လိပ်ဥက ဘယ်သွားတူးမှာလဲ ကိုကို"

မင်းက အရိုးခံနဲ့ အပျော်မှတ်ပြီး မေးတယ်။

"ဒီမှာလေ ဒီလိပ်မလေးဆီက"

ကိုယ်က မင်းကို လက်ညှိုးထိုးပြီးပြတော့ မင်းက...

"ဟင်း...ကိုကိုလူလည်ကြီး"

ဆိုပြီး တစစ်စစ်နဲ့ ရယ်တော့တာပဲ။ စည်သည်တွေ ပြန်သွားကြတော့ အဲဒီ Hotel မှာ ဒို့ အခန်းတစ်ခန်းယူပြီး နားဖြစ်ကြတယ်လေ။ အိမ်မှာ လွတ်လွတ်လပ်လပ် မနေရတာ။ ဒီရောက်မှ လွတ်လွတ်လပ်လပ်နေရတာ။ ကိုယ်က မင်းကို စိတ်ရှိလက်ရှိ အားရပါးရ ချစ်ချင်တယ်လေ။ ကိုယ် က သိပ်ချစ်ချင်သူ။ မင်းကလည်း သိပ် အချစ်ခံချင်သူ။ ဒို့နှစ်ယောက်က လိုက် လည်းလိုက်ပါတယ်။

Hotel မှာ နားနားနေနေနေပြီးတော့ ပြန်ကြမယ်လုပ်တော့ မှောင်နေပြီ။ ဆောင်းတွင်းဆိုတော့ နေကလည်း စောစော ဝင်တယ်လေ။

"ကဲ...ပြန်ကြစို့လား ဒါလီ"

"ဟင့်အင်း"

ပြန်ဖို့ပြောတော့ မင်းက ကိုယ့်ရင်ခွင်ထဲမှာ။ ကိုယ့်ပါးကို လာကိုင်ပြီး ပွတ်

**မင်းနဲ့ကိုယ်ဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြပေမယ့် တကယ်တွေးရင် အတူနေဖို့ အိမ်ထောင်ပြုလိုက်ကြဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဘာအပြစ်မှမရှိတဲ့ မင်းရဲ့မမကို ကိုယ်လွယ်လွယ်ကူကူ မစွန့်ပစ်လိုက်နိုင်ဘူး။**

ပေးပြီး ဟင့်အင်းလို့ ငြင်းတယ်လေ။

"ဘာဖြစ်လို့လဲ"

"ကိုကိုနဲ့ အခုလို အတူတူနေချင်လို့ ဟိုပြည်ဘက်က ပြန်လာပြီးကတည်းက အိမ်မှာ လွတ်လွတ်လပ်လပ် တစ်ခါမှ မနေရဘူး ကိုကိုရယ်။ မျိုးကိုလည်း သတိထားရသေးတယ်။ မျိုးက Very Sharp ကိုကိုရဲ့"

"ဒါဆိုရင်"

"ဒီညဒီမှာအိပ်မယ်လေ၊ အဝတ်အစား အပိုဆောင်း ယူလာတယ် ကိုကိုရဲ့။ မျိုးလည်း ဒီနေ့ည အိမ်မှာမရှိဘူး။ သူတို့ ဆီကိုအသင်းနဲ့ ပုသိမ်လိုက်သွားတယ်။ မနေ့ကတည်းက ဒါလီ့ကို ပြောခဲ့တယ်"

"ဪ"

"ဘာပြောလဲ...ကိုကို ဒီည ဒီမှာ မအိပ်ရဲလို့လား"

"အိပ်ရဲပါတယ်ဗျာ။ မင်းနဲ့သာဆိုရင် ဧဝရက်တောင်ထိပ်ပဲ တက်ရတက်ရ မြောက်ဝင်ရိုးစွန်းကိုပဲ သွားရသွားရပါဗျာ"လို့ လိုက်လိုက်လှဲလှဲ ပြောလိုက်တော့ မင်း အလွန်ကျေနပ်သွားပြီ...

"အို ... ကိုကိုရယ်" လို့ ကိုယ့်ရင်ခွင်ထဲမှာ ခေါင်းလေးဝှက်လိုက်တယ်လေ။

"ကြည့်...မြဒါလီရယ်၊ မင်းဟာ ကလေးလိုပါပဲလား။ ကိုယ့်ကို သိပ်ချစ်လို့လည်း ဖြစ်မှာပါလေ။ အဲဒီညက မအိပ်ခင်မှာ မင်းနဲ့ကိုယ်ဟာ ညစာအတူစားရင်း စကားတွေ အတော်ပြောဖြစ်ကြတယ်။ ဒို့ မရေရာတဲ့ အနာဂတ်အကြောင်းလည်း ပါတာပေါ့။ မင်းနဲ့ကိုယ်ဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြပေမယ့် တကယ်တွေးရင် အတူနေဖို့ အိမ်ထောင်ပြုလိုက်ကြဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဘာ အပြစ်မှမရှိတဲ့ မင်းရဲ့မမကို ကိုယ်လွယ်လွယ်ကူကူ မစွန့်ပစ်လိုက်နိုင်ဘူး။ သက်တန့်ညှို့သိမ်မှုပြီး ဘုရားနဲ့ တရားနဲ့၊ သူဟာ သူ့ တစ်သက်လုံး အေးအေးချမ်းချမ်း ရိုးရိုးသားသားနေခဲ့တဲ့သူ။ ဒီလို ဇနီးသည်ကို နောက်ထပ်အိမ်ထောင်ပြုချင်တာနဲ့ ကွာရှင်းမယ်ဆိုရင် အနှစ်အစိတ်သုံးဆယ် လူ့ အလယ်မှာ တင့်တယ်ခဲ့တဲ့ ကိုယ်ဟာ လူ တကာရဲ့ ဝဲစွပ်စွဲမှုမှာ ပက်လက်မျောထုံးမယ်။ အဲဒါကိုလည်း ကိုယ်ရင်ဆိုင်ဖို့ သိပ် မလွယ်ဘူး။ မရင်ဆိုင်ရဲဘူး။ ဒီအတွေးတွေကိုတော့ မင်းကို မပြောပါဘူးလေ။ ပြောရင် မင်း စိတ်မကောင်း ဖြစ်သွားမှာပေါ့။

မင်းကတော့ ကလေးလိုမို့ ကိုယ့်ကို ချစ်တာကလွဲပြီး ကျန်တာ အဝေးအရာ စဉ်းစားသလုံ မရှိပါဘူး။ ဒါကြောင့်လည်း မင်းစိတ်မကောင်းမယ့်ဟာတွေ မပြောဘဲ မင်းရဲ့ ပညာရေးအကြောင်း၊ ပြန်သွားကြတဲ့ နိုင်ငံခြားသားတွေအကြောင်း၊ ပြည်ပနိုင်ငံ တွေသွားရင် အင်္ဂလိပ်စကားကောင်းကောင်း ပြောတတ်ဖို့နဲ့ အင်္ဂလိပ်စာ ရေးတတ် ဖတ်တတ်ဖို့လိုကြောင်းတွေကိုပဲ အဓိက ပြော ဖြစ်ကြပါတယ်။

ဒီနေ့ နိုင်ငံခြားသားတွေ စည့်ခံပွဲမှာ ပါလာတဲ့ အင်္ဂလိပ်စကားကောင်းကောင်း တတ်တဲ့ အဖွဲ့ခေါင်းဆောင် ထိုင်းမလေးက ကိုယ်နဲ့ တရုတ်နိုင်ငံ နန်ကင်းမှာ အလုပ်ရုံ ဆွေးနွေးပွဲ အတူတက်ခဲ့ဖူးတယ်။ သူက မင်း အင်္ဂလိပ်စကားပြောတတ်တာ ကောင်း

**မင်းကတော့ ကလေးလိုပဲ ကိုယ့်ကို ချစ်တာကလွဲပြီး ကျန်တာ အသေးအချာစဉ်းစားတာမျိုးမရှိပါဘူး။ ဒါကြောင့်လည်း မင်းစိတ်မကောင်းမယ့်ဟာတွေ မပြောဘဲ မင်းရဲ့ ပညာရေးအကြောင်း…**

ပါတယ်လို့ ကိုယ့်ကို ပြောသွားတဲ့အကြောင်း လည်း မင်းကို ပြောပြရသေးတယ်။

"နိုင်ငံခြားသွားမယ်ဆိုရင် အင်္ဂလိပ် စကားအပြင် တခြား Foreign Language တစ်မျိုး နှစ်မျိုးလောက် တတ်ဖို့လိုတာပေါ့နော် ကိုကို"

"ဟုတ်တာပေါ့။ ဒါ့ပြင်လည်း အင်္ဂလိပ်စကားကို ရေရေလည်လည် ပြော တတ်အောင် လုပ်ထားအုံး။ အထူးသဖြင့် Listening Practice နားထောင်တာ အလေ့အကျင့်ရအောင်လုပ်။ အင်္ဂလိပ် အစစ်ထက် အမေရိကန်တွေပြောတာ နား ထောင်ရတာ ပိုနားလည်ဖို့ခက်တယ်။ သူတို့ စကားပြောတာ ပိုမြန်တယ်"

"ကိုကိုရော သူတို့နဲ့ စကားပြောဖူး လား"

"ပြောဖူးပါတယ်"

"နားလည်ရဲ့လား"

"ကြိုးစားပြီးနားထောင်ရတာပေါ့။ တစ်ခါတလေတော့လည်း နားမလည်လိုက် တာတွေ ရှိပါတယ်"

"ကိုကို နိုင်ငံခြားမှာ အစည်းအဝေး တွေ ဘာတွေတက်ဖူးလား"

"တက်ဖူးပါတယ်"

"အင်္ဂလိပ်လိုပြောတာပဲလား"

"ဟုတ်တယ်"

"အဲဒီ ထိုင်းမလေးနဲ့တွေ့တဲ့ နှစ် ကင်းအလုပ်ရုံ ဆွေးနွေးပွဲမှာ ကိုယ်က Delegation Leader အာရှနိုင်ငံ ခုနစ် နိုင်ငံ တက်ကြတယ်။ အစည်းအဝေးမှာ စကားပြောခွင့်ပြုတာ၊ တရုတ်လိုရယ်၊ ဂျပန် လိုရယ်၊ အင်္ဂလိပ်လိုရယ် သုံးမျိုးပဲ ခွင့်ပြု တယ်။ တရုတ်ကြီး အိမ်ရှင်။ လာတဲ့ နိုင်ငံ တွေက မလေး၊ အင်ဒို၊ ကော်ဘူ၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နဲ့ ကိုကိုတို့ မြန်မာနိုင်ငံ ပေါ့"

"အဲဒီမှာ ရယ်စရာလေးတစ်ခု ကြုံ ရသေးတယ်"

"ပြောပါအုံး ကိုကိုရယ်"

"ကိုယ့်အဖွဲ့မှာ တရုတ်စာနဲ့ စကား တတ်တဲ့သူတစ်ယောက် လိုလိုမယ်မယ် ဆိုပြီး ဌာနကထည့်ပေးလိုက်တယ်။ ကိုယ့် Assistant ပေါ့ကွာ။ အဲဒီငနဲက ကျောင်း၊ နိုင်ငံခြားလည်း တစ်ခါမှ မရောက်ဖူးဘူး။ ကူမင်းမှာ တစ်ညဝင်အိပ်ပြီး ပြန်ထွက်တော့ Hotel မှာ သူ့ Europian Suit အသစ် ကြီး မေ့ကျန်ခဲ့တယ်။ အဲဒါ လေဆိပ်ရောက် မှသိလို့ မြန်မာကောင်စစ်ဝန်ရုံးကို အကူ အညီ တောင်းရတယ်။ တစ်ခါ ရှန်ဟဲမှာ လည်း တစ်ရက် နှစ်ရက်နားပြီး နန်ကင်း သွားကြတော့ ရှန်ဟဲက Hotel မှာ သူ ပေးထားတဲ့ ဌာနက အသုံးစရိတ်ကြိုထုတ် ပေးငွေ ဒေါ်လာတွေ ပျောက်ပြန်ပါရော။ ဘယ်လိုပျောက်မှန်းတော့ မသိဘူး။ အား လုံး ကုန်ပါလေရော။

တော်သေးတယ်။ ကိုယ့်မှာ လိုလို မယ်မယ် ကိုယ်ပိုင်ဒေါ်လာ တစ်ထောင် လောက်ပါလာလို့။ အဲဒီနန်ကင်းရောက် တော့ Passport ပျောက်ပြန်လေရောဗျာ။ တစ်ညလုံးရှာလိုက်ကြတာ ညနေခင်းပြန် တစ်ရက်ပြီးမှ ပြန်တွေ့တော့တယ်။ မနက် အစည်းအဝေးက ရှစ်နာရီတက်ရမှာ။ မနက်ကျတော့လည်း ကိုယ်တော်က တော် တော်နဲ့အိပ်ရာကမထဘူး။ အေးအေးဆေး ဆေး လုပ်နေတယ်။ ညက ဝမ်းပျက်ပြီး Toilet ခဏခဏ သွားနေရလို့ဆိုပြီး နှပ် နေတယ်။ အစည်းအဝေးမှာ သူက တရုတ် စကားပြန် လုပ်ရမှာဆိုတော့ သူမပါလို့ လည်း မရဘူးလေ။ ဒါနဲ့ အတင်းနှိုး၊ ရေအတင်းချိုးခိုင်းပြီး အစည်းအဝေးသွား တော့ မမီတော့ဘူး"

"ကိုယ့်ရှေ့က ကိုရီးယား၊ အင်ဒိုနီး ရှား၊ မလေးရှား ကိုယ်စားလှယ်တွေ စကား တောင် ပြောပြီးပြီ။ နိုင်ငံအလိုက် အလှည့် ကျ စကားပြောကြရတာကိုး။ ကိုယ့်ရှေ့မှာ ထိုင်းပဲကျန်တော့တယ်။ ကိုယ်လည်းရောက် ရော ထိုင်းမလေးက ပြောတယ်။ သူက အင်္ဂလိပ် Speaking တော်တော်ကောင်း တယ်။ American Tone နဲ့မယ်မယ် တော် တော်လေး ပီပီသသပြောနိုင်တယ်။ သူပြီး ရင် ကိုယ့်အလှည့်။ အဲဒီမှာ ကိုယ့် Assi- stant ငနဲက ဘာပြောတယ် ထင်သလဲ သိလား"

"ဘာပြောလို့လဲ ကိုကို"

"ဘာပြောသလဲဆို၊ ဆရာသမားတဲ့ ဆရာသမား အခု အစည်းအဝေးမှာ ဗမာလို ပြောမှာလားတဲ့။ အဲဒီဆရာသမား ဗမာလို ပြောတာကို ကျွန်တော်က တရုတ်လို ဘာသာပြန်ပေးရမှာလားတဲ့"

"အဲဒီတော့ ကိုကိုက ဘာပြန်ပြော လိုက်သလဲ"

"ခွတ်…ဘယ်က ဗမာလိုပြောရမှာ လဲ ကိုယ့်လူရ။ ကိုယ့်လူလည်း တရုတ်လို ဘာသာပြန်ဖို့မလိုဘူး။ ကျုပ်ဟာကျုပ်ပဲ ပြောမယ်ဆိုတော့ ဘာစကားနဲ့ ပြောမှာလဲ တဲ့ဗျာ"

"ကိုကို့တပည့်က အတော်ရယ်ရ တယ်နော်"

"ဟုတ်ပါ့ဗျာ"

"အဲဒီတော့ ကိုကိုက ဘာဆက်ပြောလဲ"

"ဘာပြောရမှာလဲ ဒါလီရယ်။ အင်္ဂလိပ်လိုပြောမှာကို အင်္ဂလိပ်လိုရှလို့ပြောလိုက်တယ်။ အဲဒီကျမှ ဂဇော့ ငကြောင်က ဆရာသမား ဖြစ်ပါလေတော့တဲ့ဗျာ။ လုပ်လိုက်သေးတယ်"

"ဖြစ်မဖြစ် ဖင်ထိုးစောင့်ကြည့်နေပါ ရှာလို့ပြောပြီး သူနဲ့ အတင်းကောက်ဖြတ်လိုက်ရတယ်။ မဖြတ်လို့လည်း မဖြစ်တော့ဘူး။ ထိုင်းမလေးက ပြီးသွားပြီ။ ကိုယ့်အလှည့်ကျပြီ"

"အဲဒါနဲ့ ကိုယ် ထပြောရတယ်။ ကိုယ်လည်း ဟန်နဲ့ ပန်နဲ့ ထပြီး ၁၅ မိနစ်၊ မိနစ် ၂၀ လောက် အင်္ဂလိပ်လို တောက်လျှောက်ပြောချလိုက်ပြီး နိဂုံးချုပ်ကို လက်သီးလက်မောင်းတန်း၊ ဆော်လိုက်တာ အစည်းအဝေးသဘာပတိနဲ့ တရုတ်ကြီးတွေက သဘောကျလို့ လက်ခုပ်တဖြောင်းဖြောင်း တီးကြတော့တာပဲ"

"အဲဒီတော့မှ တပည့်ကျော်က တအံ့တသြနဲ့ မေးနေရှာတယ် ဆရာသမား၊ ဆရာသမား အင်္ဂလိပ်လိုပြောတာ သိပ်ကောင်းတာပဲလို့ ပြောတော့တာပဲ။ ဘာမှနားလည်လို့ဟုတ်ဟန်မတူပါဘူး။ တခြားသူတွေအလှည့်မှာ လက်ခုပ်သိပ်မတီးဘဲ ကိုယ့်အလှည့်ကျမှ တရုတ်ကြီးတွေက လက်ခုပ်တဖြောင်းဖြောင်းတီးကြလို့ထင်ပါရဲ့"

"ကိုကိုက ဘာပြောလိုက်လို့လဲဟင်"

"ကိုကိုက Long Live China Myanmar Friendship and other Asian Countries တရုတ်မြန်မာ ချစ်ကြည်ရေးနဲ့ အခြား အာရှနိုင်ငံများအားလုံး ချစ်ကြည်ရေးများ အဓွန့်ရှည်ပါစေဆိုပြီး တရုတ်ဟိုကော်မတီ အစည်းအဝေးက လူကြီးတွေ...ကိုက်ဖမ်း၊ လက်သီးလက်မောင်းတန်းပြီး အမှာအမှာကောင်းကောင်းနဲ့ ဆော်လိုက်တာလေ။ အဲဒီမှာ တရုတ်ကြီးတွေက တအားသဘောကျပြီး လက်ခုပ်တီးတော့တာပဲ"

"အင်းရှင် တရုတ်ကြီးတွေက လက်ခုပ်တီးတော့ ကျန်တဲ့ဧည့်သည်တွေလည်း ဝိုင်းတီးကြရတာပေါ့"

"မြေဩ်...ကိုကိုက အလွတ်ပြောတာလားဟင်"

"မဟုတ်ဘူးကွ။ ညကတည်းက အစည်းအဝေး Agenda ကြည့်။ ကြိုတင်ဖြန့်ဝေထားတဲ့ Pamphlet တွေ ဖတ်ပြီး ကိုယ်ပြောမယ့်စကားကို ကိုယ့်ဟာကိုယ်ရေး ကိုယ့်ဟာကိုယ် ကြိုကျက်ထားတာ။ အင်္ဂလိပ်လို အပြောကျွင်ထားတာ။ အဲဒါကို ကိုယ့်တပည့် ဂဇော်ငကြောင်က မသိရှာဘူးဗျ"

"အဲဒီလို လုပ်ထားလို့ အစည်းအဝေးမှာ အထစ်အငေါ့မရှိ အလွတ်ပြောနိုင်တာပေါ့။ ဒါတောင် ရေးထားတဲ့စာကို တောမှာ ရှထားရသေးတယ်။ မေ့သွားရင် ကြည့်လို့ရအောင် TV သတင်းကြေညာတဲ့ သူတွေလိုပေါ့ ဒါလီရယ်"

"ကိုကိုက တော်တော်ကြိုးစားတာပဲနော်"

ကိုယ့်တာဝန်ပေးတော့လည်း ဖြစ်အောင်လုပ်ရတာပေါ့။ အင်္ဂလိပ်လို မကျွမ်းလို့ နိုင်ငံခြားအစည်းအဝေး သွားမတက်နိုင်ဘူးဆိုတာလည်း မဖြစ်အောင် အင်္ဂလိပ်စာကို အမြဲလိုလို ဖတ်မှတ်လေ့လာ နားထောင်လုပ်ရတယ် ဒါလီရယ်"

"ဒါဆို ဒါလီလည်း နိုင်ငံခြားထွက်မယ်ဆိုရင် အင်္ဂလိပ်စာ စကားလေ့လာဖို့ လိုတာပေါ့နော်"

"လိုတာပေါ့ ဒါလီရဲ့။ ဖတ်မှတ်ကျက် ပြော လုပ်ဖို့တော့လိုတယ်။ နိုင်ငံခြား မထွက်လည်း ဒီခေတ်မှာတော့လိုတာပဲ အချစ်ကလေးရယ်။ မင်းတော်တာ တတ်တာမြင်ရရင် ကိုယ် ဝမ်းသာတယ်ကွာ"

"တကယ်လား ကိုကို"

"အို့...တကယ်ပေါ့ ကလေးမရဲ့။ ပြန်သွားတဲ့ ဧည့်သည်တွေက မင်းကို ချီးကျူးကြတော့ ကိုယ်ဝမ်းသာပြီး တအား ဂုဏ်ယူတာ။ မင်းကိုခေါ်ခဲ့တာ မှန်သွားပြီ"

"မြေဩ်...ကိုကိုရယ်"

"မင်းကိုခေါ်လာတာ အခု ပိုတောင် မှန်သွားတယ်"

"ဘာဖြစ်လို့လဲ ကိုကို"

"ရန်ကုန်မပြန်ခြင်တဲ့ ဒီမှာ လွတ်လွတ်လပ်လပ်နဲ့ နေရလို့လေ။ ပြီးတော့..."

"ပြီးတော့ ဘာလဲဟင်"

ဒါကိုတော့ ကိုယ်က မင်းနားနား ကပ်ပြီး တိုးတိုးလေး နှစ်ကိုယ်ကြား ပြောလိုက်တယ်။

ကိုယ့်စကားလည်း ကြားရော မင်းက ရှက်ကိုးရှက်ကန်းမျက်နှာနဲ့...

"ဟင်...ပြောဆုံး ပြောဆုံး"

ဆိုပြီး ကိုယ့်ရင်ဘတ်ကို တဘုံးဘုံးထုပါလေရောကွာ။

ဒါပေမဲ့ အဲဒီညက မင်းနုတင်နွဲ့ဆိုင်တဲ့ ကိုယ့်ရင်ခွင်ထဲမှာ ကလေးလေးလို အိပ်ပျော်တယ်လေ။

□ □ □ □ □

နှစ်နှစ်လောက်ရဲ့ အချစ်ဒီရေက တိုးသည့်ထက် တိုးလာတယ်။ တစ်ယောက်နဲ့ တစ်ယောက် တစ်နေ့မမြင်ရရင် တစ်နေ့ မနေနိုင်တော့ဘူး ဖြစ်လာတယ်။

အချစ်ရယ်၊ ချောင်းဆိုးချင်တာရယ်က အောင့်ထားလို့ ဖုံးဖိထားလို့မရဘူးတဲ့။ အဲဒီလိုပဲ သက်တို့မိသားစု ဗုဒ္ဓဂါယာက ပြန်လာပြီး သိပ်မကြာဘူး ဒို့အကြောင်းတွေကို သမီးတွေသိသွားပြီ မင်းကို ဝိုင်းရန်လုပ်ကြတာ မဟုတ်လား။ ကိုယ့်သမီးတွေက

ကျိုးမျိုးတွေ၊ မရှိဘူး။ မင်းလည်း အဲဒီ ကျိုးမတွေသာဆို မစိန်ငံတာနဲ့ နာကြီးသက်သာအောင်၊ ဆောင်မြောင်တာ သက်သာအောင် UFL သွားတက်ရော မဟုတ်လား။ ပဲခူးမှာ ဆိပ်မှုံကြတဲ့ညက Foreign Language အကြောင်းပြောခဲ့ဖူးတော့ မင်း UFL တက်ချင်တာကိုပါဆေးဆိုပြီး ကိုယ်လည်း မသိကျိုးကျုံပြုမိခဲ့တယ်လေ။ တက်လို့ အောင်လို့ Diploma Certificate ရလည်း ကောင်းတာပါပဲ။

UFL တက်လိုက်ရတာ သုံးလေးလအကြာ မင်း လှလည်း လှရှုပ် ဆေးသမားမျိုးကျော်ကျော်နဲ့တွေ့သွားလို့ ဒီကောင်နောက် ပါသွားမယ်အခြေအနေမှာ မနေနိုင်တော့တဲ့ ကိုယ်က ဝင်တားရတော့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းက ကိုယ့်ကို ရန်မတော်စရုံး ပြန်ရန်တောင်တယ်။ မင်းက အရှုံး ကိုက်ပြီး ဒီကောင်နဲ့ ငိုတဲ့ပြတယ်။ နောက်ဆုံးတော့ မင်းဘဝပျက်သွားအောင် မင်းအစ်မ သက်ကို အကျိုးအကြောင်းပြောပြီး တားနိုင်းရတော့တယ်။ မင်းအစ်မက ဒို့အပြစ်တွေကို ဘာမှမနေရာရာ သိရှာတာမဟုတ်ဘူး။ ရိုးရိုးသားသားပဲ။ ကိုယ်တွန်းအားပေးလို့ သက်က မင်းကို ထိန်းချုပ်တာသိတော့ ဆူရမလားဆိုပြီး မင်းအစ်မကို မင်း မချေမင် ပြန်ပြောတယ်လေ။ ဒီမှာတင် စကားတွေများပြီး ကိုယ့်သမီးတွေက မင်းကို ဝိုင်းရန်လုပ်ကြပြန်တော့တာပေါ့။ နောက်တစ်နေ့မှာ မင်း ဒို့အိမ်က အဝတ်တစ်ထည် ကိုယ်တစ်စုနဲ့ အပြီးထွက်သွားတော့တာပဲ မဟုတ်လား။

ဒို့ဆီက ထွက်သွားပြီး ၂ နှစ်အကြာမှာ မင်း မဟာဝိဇ္ဇာတက်ဖို့ ရန်ကုန်ပြန်ဆင်းလာတယ်။ ကိုယ်နဲ့ ပြန်တွေ့တယ်။ မင်းရဲ့ အမျိုးသမီးဆောင်ကို ကိုယ် မကြာခဏလာပြီး လိုအပ်တာလေးတွေ လုပ်ပေးဖြစ်တယ်။ အဲဒီမှာလည်း ရေးဖြစ်ပေမင်း အောက်မေ့မယ့် မင်းနဲ့ကိုယ် နှစ်ယောက်ထဲ ကိုယ့်ကားနဲ့ Holiday တစ်ရက် ပဲခူးကို ထွက်ဖြစ်သေးတယ်နော်။ ပဲခူးအရောက် Hotel အရှင်အခန်းမှာပဲ ဒို့ဘာစ်ရက်နေဖြစ်ခဲ့သေးတယ်။ မင်း နည်းနည်းပိန်သွားတယ်နော်။ ပဲခူးမှာ ဒို့နှစ်ယောက် ဖွဲ့ခဲ့တဲ့ကာလတွေကို အတိုးချပြီး အားရပါးရနေခဲ့ကြတယ်။ တကယ်တော့ ကိုယ့်ကို မင်းမစွန့်လွှတ်နိုင်သလို ကိုယ်လည်း မင်းကို မစွန့်လွှတ်နိုင်ပါဘူး။ ဘယ်လိုမှ ခေါင်းစဉ်တပ်လို့မရနိုင်တဲ့ ဘဝမျိုးပါ။

ကိစ္စတွေပြီးတော့ အညာကို မင်းပြန်သွားခဲ့တယ်။ ကိုယ်လည်း မင်းကို လိုရမယ်ရ နိုင်ငံခြားသွားနိုင်အောင် လုပ်ပေးထားတယ်။ Passport ကအစ ရန်ကုန်ရောက်တုန်းမှာ လိုအပ်တာအကုန်ခဲ့ပြီး လုပ်ပေးလိုက်တာ။ အခြေအနေပေးရင် မင်းကို

ကျန်းမာရေးမကောင်းတော့
မင်းလည်း စိတ်ဓာတ်ပါ
ကျလာပုံရလာတယ်။ ဒါကြောင့်
မင်းတို့မြို့လေးကိုဖြတ်သွားတိုင်း
ကိုယ့်မှာ မင်းကိုအမြဲတွေ့ရတယ်။



အာရှတိုက်နိုင်ငံတွေသာ မဟုတ်ပါဘူး။ Europe ထိအောင် လွှတ်ပေးနိုင်ဖို့ ကိုယ် စီစဉ်ထားပါတယ်။

ပြီးတော့ ကိုယ့်ဥာနကိစ္စတွေနဲ့ မန္တလေးတက်တော့ မင်းနဲ့တွေ့ဖြစ်ကြတယ်။ မင်း ကျန်းမာရေးချူချာနေလို့ဆေးတွေလည်း ကိုယ် ပို့ပေးနေတယ်။ ဘာတဲ့ နှလုံးသွေးကြောကျဉ်းရောဂါတဲ့။ ဟုတ်လား။ ကျန်းမာရေးမကောင်းတော့ မင်းလည်း စိတ်ဓာတ်ပါ ကျလာပုံရလာတယ်။ ဒါကြောင့် မင်းတို့မြို့လေးကိုဖြတ်သွားတိုင်း ကိုယ့်မှာ မင်းကို အမြဲတွေ့ရတယ်။ အားပေးရတယ်၊ လိုတာ ပံ့ပိုးပေးခဲ့ရတယ်။ စိတ်ဓာတ်ရေးရာက အရေးပေါ့။ ပိန်သွားတဲ့ မင်းကိုလည်း ကိုယ်က ချစ်လျက်ပါပဲ။ မလှလို့ မလှတော့လို့ မချစ်တော့ဘူးထင်ပြီး မင်းက...

"အခုလို ပိန်သွားတော့ ဒါလီကို ချစ်သေးရဲ့လား ကိုကို" လို့ မေးတယ်လေ။

"မင်း ကမ္ဘာ့ဥာနံရုပ်ဖြစ်လည်း ချစ်မှာပဲ။ တဆွေးလေး ဖြစ်သွားလည်း ချစ်မှာပဲ။ ဝိညာဉ်အဖြစ်ရောက်သွားလည်း ချစ်မှာပဲ"

လို့ ကိုယ်ကပြောတော့...

"အို...ကိုကိုရယ်" ဆိုပြီး မင်း ငိုတယ်လေ။

စိတ်ဓာတ်ရေးရာအရ မင်း ဖျော့ရဲ့ ကျနေပုံရလို့ တစ်ခါတစ်ရံ မင်းတို့မြို့ကလေးမှာ ညအိပ်နေပြီး မင်းကို အားပေးခဲ့တယ်။ ငွေရေးကြေးရေးကအစ လိုတာ ကူညီခဲ့တယ်။ ကျန်းမာရေးကောင်းရင် နိုင်ငံခြားထွက်ဖို့လည်း တိုက်တွန်းဖြစ်တယ်။ မင်းရောဂါက အေးအေးနဲ့မှတည့်လို့ Europe တော့ သွားလို့မဖြစ်တော့ထင်တယ်လို့ မင်းက ပြောတယ်။ Europe မရလည်း Asia နိုင်ငံတွေ သွားပေါ့။ Singapore လည်း ကောင်းတာပါပဲ။ ဟိုမှာ မင်းရောဂါ ကုပေးမယ့် ဆေးရုံတွေလည်း ရှိတာပဲ။

ဒါပေမဲ့ ဦးအဖြစ်တွေဟာ ကြာရှည်ခံ့ဒိမရဘူးဆို ကိုယ်နဲ့မင်း၊ မင်းတို့မြို့လေးမှာ နှလို မကြာခဏ တွေ့ကြတာ မင်းအမေ သိသွားတယ်၊ မင်းကို ဆူတယ်၊ ရိုက်တယ်၊ ငိုတယ်။ နောက်တော့ ကတိတွေ တောင်းပြီး ကိုယ်နဲ့ အဆက်အသွယ်ဖြတ်ခိုင်းတယ်။ ဒါတွေကို မင်းကိုယ်တိုင်ကို စာရေးပြီးပြောတယ်။ ဖုန်းတော့ မဆက်တော့ပါဘူး။ စာထဲမှာ မင်းကိုခွင့်လွှတ်ဖို့ တောင်းပန်ထားတယ်။

ကိုယ်ကလည်း မင်းနဲ့ကိုယ်ဟာ တစ်နေ့နေ့မှာတော့ အခုလို ကွဲကြရမယ်ဆိုတာ သိပြီးသားပေါ့။ ဒါကြောင့် နိုင်ငံခြားလွှတ်ဖို့ လုပ်တာပေါ့။ ကွဲမယ့်ကွဲရင်တော့ ဝေးခြားမြေခြား တိုင်းတစ်ပါးမှာနေပြီး ကွဲကြရတာက ပိုကောင်းတယ်လေ။

ဒါပေမဲ့ ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်တာမဟုတ်ဘူး။ သူဖြစ်ချင်သလို ဖြစ်နေတာ မဟုတ်လား။ အခုဆို ခွဲခဲ့ကြရတာအတော်ကြာသွားပြီ။ မင်းတစ်ယောက် MA မဟာဘွဲ့အောင်ပြီး ကျောင်းဆရာမ ဝင်လုပ်နေတာရယ်၊ မင်းညီမလေးတွေ ဘွဲ့တွေဘာတွေရပြီ၊ မင်းလိုပဲ ဆရာမလေးတွေ ဖြစ်နေကြပြီဆိုတာရယ် ကိုယ် သိထားပါတယ်။ ကိုယ်ရဲ့ ဝေးသွားကြပြီတဲ့နောက် မင်းတို့ဘဝ အေးချမ်းနေပြီး၊ မင်းအမေရဲ့ ဆန္ဒလည်း ပြည့်သွားပြီ။ ဒီအချိန်မှာ ကိုယ်က ပြန်ဆက်သွယ်ရင် မင်းတို့ရဲ့ တည်ငြိမ်အေးချမ်းတဲ့ဘဝလေး ပျက်သွားမှာပေါ့။ ပြီးတာတွေ ပြီးခဲ့ပါပြီမြဲဂါလီရေ၊ ကိုယ်တို့ တစ်တွေလည်း အသက်တွေမှ မငယ်ကြတော့တာ။ မမိုက်သင့်ပေ၊ တို့တစ်တွေလို ငယ်ငယ်က ဆိုခဲ့တဲ့ ကဗျာလေးလို မမိုက်သင့်ကြတော့ဘူး။

ဒါပေမဲ့ တစ်ခါက မင်းဆုတောင်းသလိုပဲ ကိုယ်ကလည်း ဆုတောင်းလိုက်ရပါဦးမယ်။

"နောင်ဘဝဆိုတာ ရှိပါစေ မြဲဂါလီ။ တကယ်လို့ နောင်ဘဝဆိုတာများ ရှိခဲ့ရင် ကိုယ်ဟာ ဘဝပေါင်းများစွာ မင်းရဲ့ ခင်ပွန်းလင်ဖြစ်ရပါစေသား"

ဆိုတာပါပဲ။

မင်းအကြောင်းစဉ်းစားရင်း မင်းနဲ့ ပတ်သက်တဲ့ သီချင်းသံကို တစ်နေ့ရာက ကြားနေရတယ်၊ ဘာတဲ့...

"မြောက်ပြန်လေ၏ x x x နှုတ်ဆက်တေးကို x x x ကြားလိုက်မိမှပင် x x x ရင်မှာအကြင်နာx x x ညင်သာစွာပဲ x x x နိုးထလာပြန်ပြီ

မြို့တစ်မြို့တည်း x x x အတူနေ သူချင်းပင် x x x တွေ့ချင်မှ တွေ့တတ်လေသည့်အဖြစ်များ x x x ကြုံဖူးမည် ထင်ပါသည် x x x သည်သို့ဖြစ်ရင် x x x ရင်နာရမည် x x x နေ့ရက်မို့ x x x ကြွေရွက်တို့ x x xမြေသက်လို့နေပြီ x x x ရပ်တို့ကိုကမြေလွှား x x x မြူးတူး ပျော်ပါးတဲ့ x x x ဟိုယခင်ခွေသည် x x x ယခုတစ်ခန့် x x x ပြန်လည်လာလို x x x တစ်နှစ်လည်ပြီ x x x ပဲပြာရွှေကြံ့ x x x ခြောက် လေယူရာပြေးတဲ့ x x x အချစ်ပျောက်မလေး မြဲဂါလီ x x x ကိုယ့်အားမေ့ပြီ x x x ကိုယ့်မှာသာ x x x ကြင်နာခြင်းတစ်ဝက်နဲ့ x x x အမေ့ခက် အမုန်းခက် x x x ခန်းဆက် မေတ္တာ သံသရာရှည်x x x

အတိုးအတွာကို x x x မှီလိုက်ပါသည် x x x ဆုံးမစကားဆို နားမှာရှိသော x x x ကိုယ်ချစ်ရာရင် ဒုက္ခတွေ့မည် x x x အချစ်ဆိုတဲ့ ထိုလောက် x x x ကြင်နာခြင်းတစ်ဝက် x x x ရှုပ်ထွေးခြင်း တစ်ဝက်နဲ့ x x x ပင် စိတ်ပျက်လှပါပြီ x x x မေ့ပို့မြဲဂါလီ x x x မေ့ပို့မြဲဂါလီ x x x ကိုယ့်ဘဝထဲ x x x မဝင်လာဘဲ နေရင်ကောင်းမည် x x x ခုတော့ ကိုယ့်မှာသာ x x x အမေ့ခက် အမုန်းခက် x x x ခန်းဆက်မေတ္တာသံသရာရှည်x x"



မြဲဂါလီရေ သီချင်းက ဆုံးသွားပြီ။ ဒါပေမဲ့ မင်းအကြောင်းက စဉ်းစားမကောင်းတုန်းပါပဲ၊ ဦးဘိုတွေ ခွဲခဲ့ကြရတာ နှစ်နှစ်ထောင် ရှိသွားပြီထင်ပါရဲ့။ မင်းကို တစ်နေ့မမေ့ပါလား အချစ်ရယ်၊ ဆောင်ခြင်းမှ ဂုဏ်သိက္ခာ၊ ငွေကြေးရာထူးလုပ်ပိုင်ခွင့်နဲ့ ပတ်ဝန်းကျင် စတဲ့နှောင်ကြိုးတွေက ရုန်းထွက်ပြီး မင်းနဲ့ကိုမြေကမ္ဘာဆုံး လွတ်လွတ် လပ်လပ် သွားလိုက်ချင်ပါရဲ့။

ဒါပေမဲ့ မြဲဂါလီ မင်းရောကိုယ်ပါ ဒီလိုမလုပ်နိုင်ခဲ့ကြပါဘူး။ ဒီတော့ လူမသိ သူမသိ အချစ်မီးတွေ တငွေ့ငွေ့လည်း လောင်နေတာကို ခံကြရုံမှာပေါ့။ မင်းတော့ မသိဘူး၊ ကိုယ်ကတော့ အရွယ်ရပြီ သမီးကြီး အိမ်ထောင်ကျသွားတာတောင် မင်းနဲ့ ပတ်သက်တဲ့အကျော်က ရင်ထဲမှာ ရှိနေဆဲပါ မြဲဂါလီရေ။

"ဩော်...စောစောကတည်းက မင်းကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားလား မြဲဂါလီရယ်...ခုတော့...

သောင်းဝေဦး